
www.burmeseclassic.com



# မောင်ထာ

## ရှေ့နေကြီး ပယ်ရီမေဆင် နှင့် အစားထိုးမျက်နှာအမှု

ERLE STANLEY GARDNER
THE CASE OF THE
SUBS FACE

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်-
၁၄၇၆/၂၀၀၃(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၄၄၉/၂၀၀၃(၁၂)
ပုံနှိပ်ထုတ်ဝေခြင်း
ဖေဖော်ဝါရီ၊ ၂၀၀၄ (ဒု-ကြိမ်)
ထုတ်ဝေသူ
ဦးအောင်လှ(ပန်းအောင်စာပေ)
အမှတ် ၅(အေ)၊ မြဝတ်ရည်လမ်း၊
၁၃ ရပ်ကွက်၊ ကံဘဲ့၊ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးအောင်လှ(၀၅၃၅၃)
ပန်းအောင်အော့ဖ်ဆက်၊
အမှတ် ၁၁၃၆၊ ချင်းတွင်းလမ်း၊
(၆၃)ရပ်ကွက်၊ စက်မှုဇုံ(၂)၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
တင်မောင်မျိုး
အုပ်ရေ- ၁၀၀၀
တန်ဖိုး- ၁၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## ပန်အောင်စာအုပ်တိုက်မှထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၂၆။ | မောင်ပေါ်ထွန်း | ရန်ကုန်သား ကျားဘမ်းသူဌေးကြီး၏ ဇွန်စားခန်းများ<br>တမ္မနိုင်ပြု-၆၂၄/၂၀၀၂(၇) |
| ၂၇။ | မောင်ဝံသ | ရွှေနေကြီးပယ်ရီမေဆင်နှင့် ခွေးဖုံးသံအမှု (ဒုတိယအကြိမ်)<br>တမ္မနိုင်ပြု-၁၀၁၉/၂၀၀၂(၁၀) |
| ၂၈။ | ကာတွန်းဝိုင်း | တီထွင်ဖန်တီးကာတွန်းရေးဆွဲနည်း<br>တမ္မနိုင်ပြု-၁၃၀၂/၂၀၀၂(၁၂) |
| ၂၉။ | ကြစ်ကလေး | မမှားတဲ့ဗိတ်စာ(ဒုတိယအကြိမ်)<br>တမ္မနိုင်ပြု-၅၅၅/၂၀၀၃(၅) |
| ၃၀။ | ကိုပိုက် | ဗိညာဉ်ကလဲ့စား<br>တမ္မနိုင်ပြု-၇၈၂/၂၀၀၂(၆) |
| ၃၁။ | မောင်ချစ်(မန်းတက္ကသိုလ်) | နည်းနည်းပြောမယ်<br>တမ္မနိုင်ပြု-၈၅၀/၂၀၀၃(၆) |
| ၃၂။ | မင်းလူ | အမှားနှင့်မသတ်ဆိုင်သောသူ<br>တမ္မနိုင်ပြု-၁၂၅၈/၂၀၀၃(၉) |
| ၃၃။ | မောင်တိုယု | တကာယ့်ရှေ့နေ<br>တမ္မနိုင်ပြု-၁၁၇၄/၂၀၀၃(၁၁) |
| ၃၄။ | ကိုပိုက် | မီးလောင်ကုန်းရွာသူ<br>တမ္မနိုင်ပြု-၁၄၇၅/၂၀၀၃(၁၀) |

### ယခု

| | | |
|---|---|---|
| ၃၅။ | မောင်ဝံသ | ရွှေနေကြီးပယ်ရီမေဆင်နှင့် အစားထိုးမျက်နှာအမှု<br>တမ္မနိုင်ပြု-၁၄၇၆/၂၀၀၃(၁၀) |

### ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

| | | |
|---|---|---|
| ၃၆။ | ဝင်းပ | ဝိကာဆို<br>တမ္မနိုင်ပြု-၇၂၉/၂၀၀၃(၈) |
| ၃၇။ | မောင်ဝံသ | ရွှေနေကြီးပယ်ရီမေဆင်နှင့် နှစ်ခြမ်းကွဲတိမ်ကြီးအမှု<br>တမ္မနိုင်ပြု-၁၅၇၂/၂၀၀၃(၁၁) |

BURMESE CLASSIC .com

မှုခင်းစုံထောက်နှင့်ဥပဒေပညာပေး

# ရှေ့နေကြီး ပယ်ရီမေဆင် နှင့် အစားထိုး မျက်နှာအမှု

မောင်ဝံသ
(မြန်မာပြန်)

# THE CASE OF THE SUBSTITUTE FACE

by

ERLE STANLEY GARDNER

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

လော့စ်အိန်ဂျလိမြို့မှ ရွှေ့နေကြီးပယ်ရီမေဆင်နှင့် အတွင်းရေးမှူးမကလေး ဒယ်လာစထရိတို့သည် ဟာဝိုင်အီကျွန်းဘက်သို့ အပန်းဖြေခရီးထွက်ရာမှ အပျော်စီးသင်္ဘောကြီးတစ်စင်းဖြင့် ပြည်မသို့ ပြန်လာကြသည်။

ဟိုနိုလူလူဆိပ်ကမ်းမှ သင်္ဘောခွာချိန်တွင် ဟာဝိုင်အီကျွန်းသူများထံမှ သာယာလှသော နှုတ်ဆက် တေးသံများ လွင့်ပျံ့ ထွက်ပေါ်လာသည်။

သင်္ဘောကုန်းပတ် လက်ရန်းမှနေ၍ လှပသော ပင်လယ်ဝန်းကျင်ရှုခင်းများကို ကြည့်မောနေရာမှ ဒယ်လာစထရိက စတားစသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရယ် . . . ဒီလောက်သာယာတဲ့ နေရာကလေးကို ကျွန်မတော့ တစ်သက်မေ့မှာမဟုတ်တော့ဘူး၊ သိပ်အေးချမ်းတာပဲနော် . . . ."

"ဒယ်လာ ဒီမှာနေချင်သွားပြီလားကွယ်" ဟု မေဆင်က မေးလိုက်သည်။

"နေဖို့တော့မဟုတ်ဘူးပေါ့ဆရာရယ်၊ ဒါပေမယ့် မမေ့စရာတော့ အမှန်ပါပဲ"

"အေးကွယ် . . ပျော်စရာကောင်းတဲ့နေရာကလေးပေမယ့် ခုဆိုရင် ယဉ်ကျေးတယ်ဆိုတဲ့လူတွေက သဘာဝအလှကို စီးပွားရေးအမြတ်ထုတ်နေကြပြီ၊ သို့ပေမယ့် ချစ်စရာကောင်းတဲ့ လူတွေရယ်၊ သာယာတဲ့ရာသီဥတုရယ်ကိုတော့ စီးပွားရေးသမားတွေက မဖျက်ဆီးနိုင်သေးဘူးလေ၊ အင်း . . ဆရာတို့လည်း ဒီအေးရိပ်သာကလေးကိုခွာပြီး ဆူလှည်းလှတဲ့ မြို့ကြီးပြကြီးကို ပြန်ကြရဦးတော့မယ်၊ တယ်လီဖုန်းသံတညံညံ၊ မော်တော်ကားဟွန်းသံတဆူဆူ၊ ယာဉ်အချက်ပြမီးတွေ တဝင်းဝင်းနဲ့၊ ဒီကြားထဲ အမှုသည် ခပ်ရှုပ်ရှုပ်တွေတွေ့ရတတ်သေး၊ အေး . . ဒါပေမယ့် ကိုယ့်နေရာကိုယ် ပြန်သွားရဦးမှာပါလေ"

"ကျွန်မ စာနာပါတယ်ဆရာရယ်" ဟု ဒယ်လာက ကရုဏာသံဖြင့်ပြောလိုက်၏။

သင်္ဘောကြီးသည် စက်ရှိန်မြှင့်၍ ပင်လယ်ဝသို့ထွက်လာခဲ့သည်။ သန့်ရှင်းအေးမြလှသော ပင်လယ်လေသည် တသွင်သွင်





တိုက်ခတ်လျက်ရှိသည်။ မေဆင်နှင့် ဒယ်လာသည် လက်ရန်းဘောင်တွင် တံတောင်ဆစ်ထောက်၍ အောက်ထပ်သို့ ငုံ့ကြည့်ကြရာ အောက်ထပ်ကုန်းပတ်ပေါ်၌ ခရီးသည်များ စည်ကားနေသည်ကို တွေ့ရသည်။

မေဆင်က တစ်နေရာကိုလှမ်းကြည့်ရင်း . . . .

"ဟိုအတွဲဟာ မနေ့ညက တရုတ်အစားအစာ စားသောက်ခန်းမှာ ဆရာတို့တွေ့ခဲ့တဲ့အတွဲမဟုတ်လား"ဟု မေးလိုက်လေသည်။

ဒယ်လာက မေဆင်ပြရာသို့ လှမ်းကြည့်ပြီး . . . .

"ဟုတ်ပါတယ်ဆရာ၊ ဒီခရီးမှာ အဲဒီအမျိုးသမီးက ကျွန်မရတဲ့အခန်းကို သူက အရင်ရောက်နေတယ်လေ"

"ဘယ်သူတဲ့လဲ ဒယ်လာ"

"ဘဲလ်နယူးဘာရီတဲ့ ဆရာ၊ သူ့အဖေနဲ့ အမေက အခန်းနံပါတ် ၃၂၁ မှာ"

"အမျိုးသမီးရဲ့အတွဲကကော ဘယ်သူလဲ . . . သိလား"

"ရှိုင်းအမ်ဘိုင်းဟန်းဂါးဖို့တဲ့ ဆရာ၊ ဒါပေမယ့် အဲဒီလူက ဘဲလ်ရဲ့ ရည်းစားမဟုတ်ပါဘူးဆရာ"

"ဘယ့်နှယ် . . . မဟုတ်ရမှာလဲကွယ့်၊ မနေ့ညက သူတို့တွဲတပြီး တတွဲတွဲဖြစ်နေကြတာ ဆရာတွေ့သားပဲ"

"တွဲတိုင်း ရည်းစားဖြစ်ရမလား ဆရာရယ်၊ ဟော . . . ဟိုဘက်နားမှာ အရပ်ရှည်ရှည်၊ ဆံပင်ညိုညို၊ မျက်လုံးပြာပြာ၊ ရှပ်စကင်အဖြူဝတ်စုံနဲ့ အမျိုးသမီးကလေး တွေ့လားဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဟဝိုင်အီ နှုတ်ဆက်ပန်းကုံးကြီးတွေစွပ်ပြီး သူ့အဖေနဲ့အတူတူရပ်နေတာလေ"

"အေး . . . ဟုတ်ပြီ တွေ့ပြီ၊ သူက ဘယ်သူလဲ"

"အဲဒီအမျိုးသမီးကမှ ဟန်းဂါးဖို့ရဲ့ ရည်းစားလို့ကြားမိတာပဲ ဆရာ၊ သူ့နာမည်က ဆယ်လင်ဒါဒေးလ်တဲ့၊ သူ့အဖေက စီ၊ ဝိုက်မိုး ဒေးလ်၊ အတော်ကြီးချမ်းသာတဲ့ မိသားစုပဲ၊ 'အေ' အထပ်မှာ အထူးခန်း အကျယ်ကြီးယူထားတယ်"

"ဩော် . . . ဟုတ်လား၊ ကိုင်း . . . ဒယ်လာရေ၊ တို့ ပန်းကုံးတွေလည်း စွန့်ပစ်ဖို့ အချိန်တန်ပြီထင်တယ်"

"ကျွန်မတော့ သင်္ဘောကက်ပတိန်ရဲ့ ညစာစည်းခံပွဲမှာ ဆင်ဖို့ ပန်းကုံးတစ်ကုံး ချန်ထားဦးမယ်ဆရာ၊ အခန်းစားပွဲထိုးကို ပေးပြီး ရေခဲသေတ္တာထဲ ထည့်ထားခိုင်းရမယ်"

ထို့နောက် မေဆင်နှင့် ဒယ်လာသည် ကျွန်းသူများ၏ လက်ဆောင် ဖြစ်သော နှုတ်ဆက်ပန်းကုံးများကို ဖြုတ်၍ အမှောင်ထု ကြီးစိုးနေပြီဖြစ်သော ရေပြင်ဆီသို့ ပစ်ချလိုက်ကြသည်။

ထိုအခိုက် သူတို့အနီးသို့ မောင်နှံတစ်စုံ ရောက်ရှိလာရာ ဒယ်လာက မေဆင်ကိုပြောသည်။

"ဘဲလ်ရဲ့ အမေနဲ့ အဖေ ဆရာ၊ ဆရာနဲ့ မိတ်ဆက်ပေးချင်တယ်နဲ့တူတယ်"

မေဆင်က လှည့်ကြည့်လိုက်ရာ ပိန်ပိန်ပါးပါး၊ အသက် ၅၅ နှစ်အရွယ်၊ နဖူးကျယ်ကျယ်၊ မီးခိုးရောင်မျက်လုံးများနှင့် လူကြီး





တစ်ယောက်နှင့် ၎င်းအောက် အသက်အတန်ငယ်ပုံရသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ အမျိုးသမီးမှာ ကိုယ်ခန္ဓာ သွယ်လျလျ၊ ကျက်သရေရှိသော ပုံပန်းမျိုးဖြစ်သည်။ လမ်းလျှောက်ပုံမှာ အတော်ပင်လှပသည်။ သူမက ညိုမှောင်သော မျက်လုံးကြီးများဖြင့် မေဆင်ကို အကဲခတ်ကြည့်ပြီးနောက် ဒယ်လာဘက်သို့ လှည့်ကာ ခေါင်းညွှတ်လျက် ပြုံး၍နှုတ်ဆက်သည်။ ယောကျ်ားကြီးကမူ မေဆင်နှင့် ဒယ်လာကို တစ်လှည့်စီ ကြည့်၍သာနေသည်။

ဒယ်လာက မိတ်မဆက်ပေးရသေးမီ သူတို့နှစ်ဦး ဖြတ်လျှောက်သွားကြသည်။ အမျိုးသားကြီးက ပင်လယ်ပြင်အမှောင်ထုဆီသို့လှမ်းမျှော်ကြည့်သွားသည်။

"သူတို့နဲ့ ဒယ်လာ ဆုံဖူးလို့လား" ဟုမေဆင်က မေးလိုက်သည်။

ဒယ်လာက. . .

"ဟုတ်ကဲ့ဆရာ၊ သူတို့ရဲ့သမီးကို အခန်းဆီလိုက်ပို့ရင်း ကျွန်မနဲ့ ခဏတွေ့သွားတယ်"

မေဆင်က ထိုစုံတွဲဆီသို့ လှမ်းကြည့်နေပြီး အောက်ထပ် ကုန်းပတ်ကို မျှော်ကြည့်ကာ. . .

"ဆယ်လင်ဒါဒေးလ်ဆိုတဲ့ကလေးမတော့ သူ့နေရာကို သူ ဦးအောင် ယူထားရလိမ့်မယ်ထင်တယ်၊ မဦးရင်တော့ သူ့ အမျိုးသား သူများလက်ပါသွားနိုင်တယ်ကွယ့်၊ ဒါနဲ့ ဟို ဘဲလ်နယူး ဘာရီဆိုတဲ့ ကလေးမကို ဆရာအရင်က တစ်နေရာရာမှာ တွေ့ဖူးသလိုလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်လာက ရယ်ပြီး. . .

"မနေ့ညကလည်းဆရာ အဲသလို ပြောသေးတယ်လေ၊ ဆရာ ပြောတာနဲ့ ကျွန်မလည်းဘဲလ်ကို အရင်က မြင်ဖူးသလိုလိုလို့ စဉ်းစားမိတယ်၊ ဒါနဲ့ ဒီနေ့ည မေးကြည့်သေးတယ်"

"ဆရာ့ရုံးခန်းကို လာဖူးတဲ့အထဲကများလား၊ အဲ ဆရာ လိုက်တဲ့ အမှုတစ်ခုခုရဲ့ တရားခွင်မှာတွေ့ဖူးတာဖြစ်နိုင်တယ်"

"မဟုတ်ဘူးဆရာ၊ ဘဲလ်ဟာ တကယ်တော့ ကျွန်မတို့ တွေ့ဖူးနေတဲ့ တယောက်ယောက်နဲ့ ဆင်ဆင်တူနေတာပါပဲ၊ ဘယ်သူလဲဆိုတော့. . "

"အေး . . . ဟုတ်ပြီပော့၊ ရုပ်ရှင်မင်းသမီးဝင်နီနဲ့တူနေတာကိုး၊ ဟုတ်ပကွယ်"

ဒယ်လာက ခေါင်းညိတ်ပြသည်။

"ကျွန်မနဲ့တစ်ခန်းတည်းနေမှ ပိုသတိထားမိတယ်၊ ဘဲလ်နယူးဘာရီဟာ ရုပ်ရှင်မင်းသမီးဝင်နီဆံပင်ပုံစံအတိုင်း အလှပြင်ထားတာပဲ၊ ပြီးတော့ အမူအရာ အပြောအဆိုကအစ တမင်ကို ဝင်နီပုံစံအတိုင်းလုပ်နေပုံပဲ၊ ဟောလီးဝုဒ်ရုပ်ရှင်လောကကို အားကျနေပုံရတယ်ဆရာ"

"အင်းပေါ့ကွယ်၊ ဒါမဆန်းပါဘူး"

"ကိုင်း ဆရာ၊ စားပွဲထိုးတစ်ယောက်ဆီ ကျွန်မ ပန်းကုံးသိမ်းထားဖို့ သွားအပ်လိုက်ဦးမယ်၊ နက်ဖြန်မနက်မှ တွေ့ကြမယ် ဆရာ"





ဒယ်လာက နှုတ်ဆက်ပြီးထွက်သွားသည်၊ ကုန်းပတ်ပေါ်တွင် လူအတော်ပင် ကျဲသွားလေပြီ၊ ယခင်နေ့က ကျွန်းပေါ်တွင် သွားကြလာကြ၊ လည်ပတ်ကြဖြင့် ပင်ပန်းခဲ့ကြသော ခရီးသည်များမှာ စောစောစီးစီး ကိုယ့်အိပ်ခန်းကိုယ်ဝင်ကြလေပြီ။

မေဆင်က လေညင်းခံရင်းဆက်၍ ရပ်နေစဉ် အမျိုးသမီး အသံတသံကြားသဖြင့် လှည့်ကြည့်လိုက်သည်။

"ကျွန်မ . . . မစ္စက်နယူးဘာရီပါ မစ္စတာမေဆင်၊ ရှင့်အတွင်းရေးမှူးနဲ့ ကျွန်မ သမီးနဲ့ တစ်ခန်းတည်းကျပါတယ်၊ သမီးကို အခန်းလိုက်ပို့ရင်း ရှင့်အကြောင်းသိခဲ့ရပါတယ်၊ ခုနက ကျွန်မတို့ ကုန်းပတ်ပေါ် လမ်းလျှောက်ရင်း ရှင်တို့ ရပ်နေတာတွေ့လို့လာခဲ့တာပါ၊ ကျွန်မ . . . ကျွန်မ တိုင်ပင်စရာကလေး ရှိလို့ပါ"

"လုပ်ငန်းသဘော အမှုအပ်ချင်တာလား"ဟု မေဆင်က မေးသည်။

အမျိုးသမီးကခေါင်းညိတ်ပြသည်။

"ဘာအကြောင်းပါလိမ့်"

"ကျွန်မသမီး ဘဲလ်ကိစ္စပါ"

မေဆင်ကပြုံး၍ . . .

"ခင်ဗျားစိတ်ကူး လွဲနေပြီ ထင်တယ် မစ္စက်နယူးဘာရီ ကျွန်တော်က အထွေထွေအမှုလိုက်တဲ့ ဥပဒေ အကျိုးဆောင်မဟုတ်ပါဘူး၊ လူသတ်မှုတွေကိုပဲ အများဆုံးလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မငြင်းလိုက်ပါနဲ့ ရှင်ရယ်၊ ကျွန်မကို ရှင်ကူညီနိုင်မယ်လို့ ထင်မိပါတယ်၊ ရှင့်အဖို့အချိန်လည်း သိပ်မကုန်ပါဘူး၊ ကျွန်မသမီး အတွက်အင်မတန် အရေးကြီးနေလို့ပါ"

မဆေင်က မစ္စက်နယူးဘာရီ၏ အသံတွင် ထူးထူးခြားခြား စိတ်လှုပ်ရှားနေပုံကို သတိပြုမိ၍ ပြန်ပြောသည်။

"ဒါဖြင့်လည်း ပြောပြပါလေ၊ အနည်းဆုံးတော့ နားထောင် ကြည့်သေးတာပေါ့၊ အကြံဉာဏ်တချို့လည်း ပေးကောင်းပေး နိုင်မယ် ထင်ပါတယ်၊ ဘဲလ်က ဘာဖြစ်လို့လဲ"

"ဘာမှတော့မဖြစ်ပါဘူးရှင် . . .၊ ပြဿနာက ကျွန်မ ယောကျ်ားက စတာပါ"

"ဘဲလ်ရဲ့အဖေလား"

"သူက ဘဲလ်ရဲ့အဖေမဟုတ်ဘူးရှင့်၊ ဘဲလ်က ကျွန်မရဲ့ အရင်အိမ်ထောင်နဲ့ရတဲ့ သမီးပါ"

"ဒါပေမယ့် ကလေးမက နာမည်ကျတော့ နယူးဘာရီ နာမည်ပဲ ယူထားပါလား"

"တကယ်က ဒီနာမည်လည်း မဟုတ်ဘူးရှင့်"

"ဘယ်လို . . . ကျုပ်နားမလည်ဘူး"

"ဒီလိုရှင် . . . ကျွန်မယောကျ်ားနာမည် အမှန်က စီဝိတ် ကားလ်မိုးတဲ့၊ ပြီးခဲ့တဲ့ နှစ်လအထိ ကျွန်မနာမည်လည်း မစ္စက်မိုးပေါ့ ရှင်၊ တစ်နေ့တော့ ဆိုင်းမဆင့် ဗုံမဆင့် သူနာမည်ကို ကားလ်ဒဗလျူ နယူးဘာရီလို့ ပြောင်းလိုက်တယ်၊ 'ကုန်ပစ္စည်း သန့်စင်ရေးကုမ္ပဏီ'





မှာ စာရင်းကိုင် လုပ်နေရာကလည်း ရုတ်တရက် ထွက်လိုက်တယ်၊ ချက်ချင်းပဲ တခြားမြို့တစ်မြို့ကို ပြောင်း၊ နယူးဘာရီဆိုတဲ့ နာမည် သစ်ခံယူပြီး နေနေရာက ဟိုနိုလူလူမြို့ကို သွားတယ်၊ အဲဒီမှာ ကျွန်မတို့ ခြောက်ပတ်လောက်နေခဲ့ကြတယ်၊ ကျွန်မယောကျ်ားက သူ့ကို အယင်နာမည်လုံးဝမခေါ်ဖို့ ကျွန်မတို့ကို တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ထားတယ်ရှင့်"

မေဆင်၏ မျက်လုံးများ တောက်ပြောင်လာပြီး စိတ်ဝင်စား သော အမူအရာဖြင့် . . .

"သူ့အလုပ်က ရုတ်တရက် ထွက်ခဲ့တာလား"

"ရုတ်တရက် ထွက်ခဲ့တာပါ၊ ရုံးကထွက်လာကတည်းက တစ်ခေါက်မှ ပြန်မသွားတော့ဘူးရှင့်"

"အင်း . . . အတော်တော့ ဆန်းတာပဲ" ဟု မေဆင်က ပြောလိုက်သည်။

အမျိုးသမီးက မေဆင်ဆီသို့ တိုး၍ ကပ်လာပြီး မေဆင်၏ လက်ဆစ်ကို သူမ၏ လက်တစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ညှစ် လိုက်ကာ . . .။

"သမီးဘဲလ်ကတော့ ဘာမှသံသယမဖြစ်ဘူးရှင့်၊ သမီးကတော့ ခေတ်မိန်းကလေးဆိုတော့ ဘာဝမှာ ခပ်ပေါ့ပေါ့ပဲ နေတတ်တယ်"

"သမီးက ခင်ဗျားယောကျ်ားနဲ့အဆင်ပြေလား"

"သိပ်အဆင်ပြေပါတယ်၊ ကျွန်မယောကျ်ားကို ကျွန်မ အိတ်တောင် သမီးက နားလည်နေသေးတယ်လို့ ကျွန်မက ထင်မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကားလ်ကလည်း သမီးကို အတော်သံယောဇဉ်ကြီးရှာတယ်၊ သမီးလုပ်တာကိုင်တာကို ဘယ်တော့မှအပြစ်မတင်ခဲ့ဘူး၊ သမီး ဝတ်ချင်တာမဝတ်ရ၊ စားချင်တာမစားရ၊ ခရီးသွားချင်သလိုမသွားရမှာ သိပ်ပူတယ်"

"ခုတော့ ခင်ဗျားတို့ ပျော်ပျော်ပါးပါးခရီးထွက်နိုင်ကြသားပဲ"

"အဲဒါပြောချင်တာပေါ့ရှင်၊ လွန်ခဲ့တဲ့နှစ်လလောက်ကစပြီးမှ ကျွန်မတို့ ရှုတ်တရက်ချောင်လည်လာကြတာ"

"ခင်ဗျားယောကျ်ား နာမည်ပြောင်းလိုက်တဲ့အချိန်က စပြီးပေါ့ ဟုတ်စ"

"ဟုတ်ပါတယ်"

"ဘယ်လိုချောင်လည်တာလဲ"

"ကျွန်မ မသိဘူးရှင့်၊ ကားလ်မှာ ပိုက်ဆံအိတ်ကြီးတစ်ခုပါလာတာတွေ့တာပဲ၊ အိတ်ထဲကိုတော့ ကျွန်မ တစ်ခါမှမကြည့်ရဖူးပါဘူး၊ ဒါပေမယ့် ကားလ်ဟာ တစ်ခါတလေဘဏ်တိုက်သွားပြီး ဒေါ်လာတစ်ထောင်တန်ငွေစက္ကူလဲလာတတ်တာတွေ့ရတယ်"

အမျိုးသမီးက မေဆင်၏ လက်ဆစ်ကို ဆက်၍ကိုင်ညှစ်ထားသည်။ စိတ်လှုပ်ရှားမှုကြောင့် လက်မှာတုန်ယင်နေသည်။

"အဲဒီပိုက်ဆံတွေ ဘယ်ကရသလဲလို့ ခင်ဗျားမမေးကြည့်ဘူးလား"

"မေးပါတယ်"

"သူကဘာပြောလဲ"





"သူကပြောတော့ ကံစမ်းမဲပေါက်တာပဲ၊ ဒါပေမယ့် မဖြစ်နိုင်ဘူးလို့ ကျွန်မထင်တယ်၊ ကံစမ်းမဲအကြီးအကျယ်ပေါက်တဲ့ လူတွေစာရင်းကို သတင်းစာတွေက ထည့်ကြတာပဲ၊ အဲဒီအထဲ သူတစ်ခါမှမပါဖူးဘူး""တချို့ကျတော့လည်း ထီလက်မှတ်ကို နာမည်ဝှက်နဲ့ ဝယ်ထိုး ကြတာရှိတတ်တယ်"

"သူကလည်း သူထီပေါက်တာပါလို့ ပြောတာပဲ၊ ပြီးတော့ လက်ရှိ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေကို မကြိုက်ဘူးတဲ့၊ ဒါကြောင့် နာမည်သစ်ခံယူပြီး နေရာသစ်မှာ ဘဝသစ် တည်ဆောက်မယ်၊ လူမှန် နေရာမှန်နေသွားရမယ်၊ သမီးဘဲလ် အဖို့လည်း အထက်တန်းစား လူတွေနဲ့ပေါင်းသင်းစေရမယ်လို့ ပြောတယ်"

"သူထီပေါက်တယ်လို့ပြောတာကို ခင်ဗျားကတော့မယုံဘူးပေါ့"

"အဲဒီအချိန်တုန်းကတော့ယုံခဲ့ပါတယ်၊ ခု မကြာသေးခင်မှာပဲ သူ့အပေါ် သံသယဖြစ်လာတယ်၊ ဟိုနိုလူလူမှာရှိတုန်း လော့စ်အိန်ဂျလိကလူတွေပြောသံကြားခဲ့တယ်၊ ကုန်ပစ္စည်းသန့်စင်ရေး တုမ္ပဏီကစာရင်းတွေစစ်ဖို့ စာရင်းစစ်တွေငှားပြီးခိုင်းနေတယ်တဲ့ အဲဒီသတင်းကြားကြားချင်း ကျွန်မသိပ်စိတ်ပူသွားတယ်၊ သမီးဘဲလ် အတွက်ကလည်း . . ."

"ကောင်းပြီလေ၊ ဘဲလ်ကဘာဖြစ်လဲ"

"ဘဲလ်ကတော့ အခုလိုစည်းစိမ်ရှိရှိနေရတဲ့ဘဝမှာ သိပ်ပျော်နေတာပေါ့၊သမီးကအင်မတန်လည်းလူပေါင်းဆံ့တယ်၊ ခရီးသွား



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အခါအထက်တန်းစားလူတွေနဲ့လည်းခဏကလေးနဲ့အဆက်အသွယ်ရတတ်တယ်၊ အခုပဲကြည့်လေ၊ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းကဟဝိုင်အီကျွန်းမှာရှိနေကြတုန်း ရှိုင်းဟန်းဂါးဖို့နဲ့သိကျွမ်းခဲ့ကြတယ်၊ သူက သန်းကြွယ်သူဌေးကြီး ပီတာကိုးလ်မန်းဟန်းဂါးဖို့ရဲ့သားလေ၊ ပထမတော့ ဟန်းဂါးဖို့ဟာ မစ္စဒေးလ်ဆိုတဲ့မိန်းကလေးနဲ့ပဲ ဆက်တိုက်တွဲနေခဲ့တာ သမီးနဲ့တွေ့တော့မှ သမီးနဲ့ပဲ အချိန်ကုန်တာ များလာတော့တယ်"

"ဒီလိုဆိုတော့ မစ္စဒေးလ်က ဘယ့်နှယ့်နေသလဲ"

"မစ္စဒေးလ်ကတော့ ဘာမှမပြောပါဘူး၊ အဲဒီကလေးမကြည့်ရတာ အတော်ကလေးလည်ပုံလည်းရပါတယ်၊ သမီးဘဲလ်ကိုလည်း မစ္စဒေးလ်ကပါ စိတ်ဝင်စားပုံရတယ်၊ ရှင်လည်းသိမှာပေါ့တစ်ခါတလေ တချို့အမျိုးသမီးတွေဟာ ဒီလိုပဲရှင့်၊ ပြိုင်ဘက်အချင်းချင်း အလွမ်းသင့်နေကြတာတွေရှိတတ်တယ်"

"ဒါဖြင့် မစ္စဒေးလ်က ခင်ဗျားရဲ့သမီးကို ပြိုင်ဘက်လို့သဘောထားနေတယ်လို့ခင်ဗျားထင်သလား"

"ဟုတ်ကဲ့ ကျွန်မကတော့ အဲသလိုပဲထင်တာပဲ မစ္စတာမေဆင်"

"မစ္စဒေးလ်က ခင်ဗျားရဲ့သမီးကို နောက်ကြောင်းတွေ မမေးဘူးလား၊ ဘယ်မှာနေသလဲ၊ အဖေကဘာလုပ်သလဲ စသဖြင့်ပေါ့"

"ဟုတ်ကဲ့ မေးတယ်လို့ပြောပါတယ်၊ ဒါပေမယ့်အခုအထိတော့ ဘဲလ်ကလည်း အတော်ပါးနပ်ပါတယ်၊ သမီးက သူ့ကိုယ်သူစင်ဒရဲလားမကလေးတစ်ယောက်အဖြစ်ပဲပြောထားသတဲ့၊ ဒဏ္ဍာရီ





ထဲက အညတရဆင်းရဲသူမကလေး စင်ဒရဲလားလိုပေါ့လေ၊ သူ့ကိုယ်သူနှိမ်ချပြီးပြောထားပါတယ်"

"အဲဒါကြောင့်လည်း ဟန်းဂါးဖို့က ပိုစိတ်ဝင်စားလာတာနဲ့တူတယ်၊ တချိန်တည်းမှာ မစ္စဒေးလ်ကလဲ ပိုပြီးစပ်စုချင်လာလိမ့်မယ်၊ ဒီကိစ္စကို ခင်ဗျားယောကျ်ားကကော ဘယ်လိုသဘောထားသလဲ၊ ခုဆိုရင် သူလျှို့ဝှက်ထားချင်တဲ့နောက်ကြောင်းတို့ အလုပ်အကိုင်တို့ကို ခင်ဗျားသမီးကြောင့် စိတ်ဝင်စားစရာဖြစ်လာတာပဲ မဟုတ်လား"

"ကျွန်မယောကျ်ားကတော့ အပြင်လည်းသိပ်မထွက်ပါဘူး၊ သူ့အခန်းထဲမှာပဲသူနေတာပဲ"

"ကိုင်း ဒါဖြင့် လိုရင်းကိုပြောကြရအောင်၊ ခင်ဗျားယောကျ်ားဟာ ကုန်ပစ္စည်းသန့်စင်ရေးကုမ္ပဏီကငွေတွေကို အလွဲသုံးစားလုပ်ခဲ့တယ်လို့ ခင်ဗျားထင်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"သမီးကကော မသက်ာဖြစ်နေသလား"

"သူကတော့ မဖြစ်ပါဘူး"

"ဒါဖြင့် ခင်ဗျားယောကျ်ားပိုက်ဆံတွေ ဘယ်ကရတယ်လို့ သမီးကထင်သလဲ"

"သမီးကတော့ ကံစမ်းမဲတစ်ခုပေါက်ခဲ့တယ်လို့ ထင်နေတာပဲ၊ ဒါပေမယ့် အဲဒီကံစမ်းမဲဟာ တရားမဝင်လုပ်ငန်းတစ်ခုဖြစ်လို့လျှို့ဝှက်ထားရမယ်လို့ သမီးကနားလည်ထားတယ်၊ အဲဒါထက်တော့ ပိုပြီးစိတ်ဝင်စားချိန်လည်း မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခုအတိုင်းဆိုရင် မစ္စဒေးလ်ဟာ ခင်ဗျားတို့နောက်ကြောင်း တွေကို စုံစမ်းပြီး ဘဲလ်ဟာလူလိမ်တစ်ယောက်ရဲ့ သမီးဖြစ်တဲ့ အကြောင်း အပုပ်ချတာအထိ ဖြစ်လာနိုင်တယ်"

မေဆင်၏ စကားအဆုံးတွင် မစ္စကက်နယူးဘာရီသည် ငိုချ လိုက်သည်၊ မေဆင်က သူမ၏လက်မောင်းကို ကိုင်၍ဖျောင်းဖျ သည်။

"ငိုနေလို့ပြီးမှာမဟုတ်ဘူးလေ၊ ခုလောလောဆယ်တော့ သင်္ဘောပေါ်မှာ ရှိနေတုန်း ဘာမှ မဖြစ်နိုင်သေးပါဘူး၊ ပြည်မကို ရောက်တဲ့အထိ စိတ်အေးအေးထားပြီး စောင့်ပါဦး၊ ဒီအချိန်အတွင်း ခင်ဗျားသမီးအနေနဲ့လည်း ဟန်းဂါးဖို့နဲ့ ပိုပြီးနားလည်မှု ရနိုင်လာပါ တယ်"

"နားလည်မှုရဖို့တောင် အချိန်နောက်ကျသွားပြီထင်တယ် မစ္စတာမေဆင်"

"ဘာဖြစ်လို့လဲ"

"သမီးဘဲလ်ရဲ့ ဓာတ်ပုံအခိုးခံရတယ်ရှင့်"

မေဆင်က မျက်ခုံးကိုပင့်၍ ကြည့်လိုက်သည်၊ မစ္စကက်နယူး ဘာရီကဆက်ပြောသည်။

"ကျွန်မယောကျာ်းရဲ့ လက်ဆွဲသေတ္တာထဲက ကျွန်မသမီးရဲ့ ဓာတ်ပုံကို တစ်ယောက်ယောက်က ခိုးသွားတယ်၊ ဒီနေ့ညနေ ၃ နာရီနဲ့ ည ၁၀ နာရီကြားထဲမှာ ခိုးသွားတာပဲ"

"အဲဒီတော့ ဘာဖြစ်သလဲ၊ သမီးဓာတ်ပုံကို အခိုးခံရတော့ ဘာဖြစ်နိုင်တယ်ဆိုတာ ကျုပ်တော့ စဉ်းစားလို့မရဘူး"





"ဘာဖြစ်နိုင်ရမှာလဲရှင်၊ ကျွန်မတို့ သင်္ဘော ဟိုနိုလူလူက ထွက်ခင် သမီးရဲ့ဓာတ်ပုံကို ခိုးလိုက်တဲ့လူက ပြည်မကိုလေကြောင်း နဲ့အမြန်ပို့ပြီး နောက်ကြောင်းတွေ စုံစမ်းထောက်လှမ်းနိုင်တာပေါ့"

"ဒါပေမယ့် ခုလိုဓာတ်ပုံခိုးတာဟာ မစ္စဒေးလ်ဖြစ်လိမ့်မယ် လို့ ခင်ဗျားထင်သလား"

"ကျွန်မတော့မပြောတတ်တော့ဘူး၊အဲဒီမိန်းကလေးကြည့်ရတာ ပိုက်ဆံချမ်းသာသလောက် တစ်ကိုယ်ကောင်းဆန်ဆန် အကြံ ရက်စက်လိမ့်မယ်ထင်ရတာပဲ"

"မစ္စဒေးလ်ဟာ ကလေးသာသာပဲ ရှိသေးတယ်မဟုတ်လား"

"အသက် ၂၅ နှစ် ရှိပြီရှင့်၊ အတော်လည်း အတွေ့ အကြုံရင့် နေပုံရတယ်၊ ပိုလိုကစားတဲ့နေရာမှာလည်း တော်တယ်၊ ကိုယ်ပိုင် ရွက်လှေရှိတယ်၊ ဂေါက်သီးလည်းရိုက်တတ်တယ်၊ ဒီတော့ကာ သူ့အတွေ့အကြုံနဲ့ဆိုရင် အတော်စုံတယ်လို့ ဆိုရမှာပဲ"

"ဓာတ်ပုံ အခိုးခံရတဲ့ အကြောင်းပြည့်ပြည့်စုံစုံ ထပ်ပြော ပါဦး . . ."

"မနက်က စောစောစီးစီး ကျွန်မတို့ ပစ္စည်းတွေ ဘာတွေ သိမ်းဆည်းကြတယ်၊ ကျွန်မယောကျာ်းရဲ့ အဝတ်သေတ္တာကို ကျွန်မထည့်တယ်၊ ဘဲလ်က သူ့ဓာတ်ပုံကိုပေးထားတယ်၊ 'ဒယ်ဒီသို့ . . . အချစ်များစွာဖြင့် ဘဲလ်ထံမှ' လို့နောက်ကျောကစာရေးထား တယ်၊ ဒါနဲ့ ကျွန်မသမီးဟာ ရုပ်ရှင်မင်းသမီး ဝင်နီနဲ့အတော်ကလေး ဆင်တာကို သတိထားမိသလား မစ္စတာမေဆင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဟုတ်တယ်၊ အဲဒီအကြောင်းတောင် ကျွန်တော်တို့ ပြောမိကြသေးတယ်၊ ဘဲလ်ကလည်း ဝင်နီနဲ့ပိုပြီး တူအောင်တုပြီး ဆင်ပြင်တတ်တယ်ထင်တယ်"

"ဟုတ်ပါတယ်ရှင် . . . သူကလည်း အဲသလိုတူတာကို အတော်သဘောကျတယ်၊ အခုကျွန်မယောက်ျားကို ပေးတဲ့ခေါတ်ပုံဟာလည်း ရုပ်ရှင်မင်းသမီးဝင်နီရဲ့ ပုံစံကို ပုံတူယူပြီး ရိုက်ထားတဲ့ ဓာတ်ပုံပဲ၊ ဓာတ်ပုံကို သေတ္တာထဲ ကျွန်မကိုယ်တိုင် ညနေ ၃ နာရီလောက်မှာ ထည့်ခဲ့တယ်၊ ကျွန်မယောက်ျားကသေတ္တာကိုသော့ခတ်ထားတယ်၊ ဒီနေ့ည ၁၀ နာရီအထိ သေတ္တာကို လုံးဝပြန်မဖွင့်ဘူး သဘောမထွက်ခင် နာရီဝက်လောက်တော့ သဘောခန်းထဲ အထုပ်အပိုးတွေ နေရာချပြီးတော့မှ ကားလ်က သူ့အိတ်ထဲက သော့ထုတ်ပြီး သေတ္တာကိုဖွင့်တယ်"

"အဲဒီတော့ ဓာတ်ပုံပျောက်နေတာ တွေ့ရောလား"

"ဓာတ်ပုံဘောင်တော့ ကျန်ခဲ့တယ်၊ သမီးဘဲလ်ရဲ့ဓာတ်ပုံကို ဖြုတ်ယူသွားပြီး ရုပ်ရှင်မင်းသမီး ဝင်နီရဲ့ဓာတ်ပုံ အစားထိုးထည့်ထားတာတွေ့ရတယ်"

မစ္စက်နယူးဘာရီက သူမ၏ လက်ပွေ့အိတ်ကိုဖွင့်၍ စားပွဲတင်ထောက်မှန်ဘောင်ဖြင့် ဓာတ်ပုံတစ်ပုံကို ထုတ်ယူကာ မေဆင်ထံ ကမ်းပေးသည်။

မေဆင်က သဘောကုန်းပတ် မီးအလင်းရောင်ဖြင့် ဓာတ်ပုံကို ထောင်ကြည့်လိုက်ရာ "ရေးထားတဲ့စာကိုဖတ်ကြည့်ပါဦး" ဟု





မစ္စက်နယူးဘာရီက ပြောသည်၊ မေဆင်က ခပ်တိုးတိုးဖတ်ကြည့်သည်၊ "သစ္စာရှိစွာဖြင့် သင့်ဝင်နီ" ဟုရေးထားသည်ကို တွေ့ရသည်။

"ခင်ဗျားတို့ အထုပ်အပိုး မပြင်ခင်ကတည်းက ဓာတ်ပုံကို အစားထိုးတာလည်း ဖြစ်နိုင်တယ်" ဟု မေဆင်ကပြောသည်။

"မဟုတ်ဘူးရှင့်၊ ကျွန်မသေသေချာချာ မှတ်မိတယ်၊ သမီးဓာတ်ပုံကို သေတ္တာထဲ မထည့်ခင် ပြုံးပြုံးလေး အရိုက်ခံထားတဲ့ သူ့ ဓာတ်ပုံကို ကျွန်မသေသေချာချာ ကြည့်လိုက်သေးတယ်"

"ကောင်းပြီလေ၊ ဘာမှ ပြဿနာမပေါ်သေးဘဲ မိုးပြိုမှာ အခြောက်တိုက်ကြောက်နေစရာ မလိုပါဘူး၊ ခင်ဗျားစိတ်ထဲ တအုံအုံ တနွေးနွေး ဖြစ်နေတဲ့ကိစ္စကို ခင်ဗျားယောက်ျားနဲ့ အပြတ်ရှင်းလိုက်တာအကောင်းဆုံးပဲ။ တွေ့တွေ့ဆိုင်ဆိုင်မေးရင် အဖြေပေါ်သွားမှာပါ၊ ခင်ဗျားယောက်ျားဟာ တကယ်ပဲ ထိပေါက်ခဲ့တာလည်း ဖြစ်နိုင်ပါတယ်"

"ကျွန်မသူ့ကို မေးကြည့်ပြီးပါပြီရှင်၊ သူ ထိပေါက်ပြီး ပိုက်ဆံတွေ ရခဲ့တယ်ဆိုတာကလွဲလို့ ဘာမှမေးလို့ မရဘူး"

"ကုမ္ပဏီက ပိုက်ဆံတွေ အလွဲသုံးစား လုပ်ခဲ့တာများ ဖြစ်နေမလားလို့ ပွင့်ပွင့်လင်းလင်း မမေးကြည့်ဘူးလား"

"အဲသလို တည့်တည့်လင်းလင်းတော့ မမေးကြည့်ပါဘူး၊ ဒါပေမယ့် အဲသလို ကျွန်မတွေးမိနေတယ်ဆိုတဲ့ အကြောင်းတော့ အရိပ်အမြွက် ပြောခဲ့တယ်'

"ဒီတော့ သူက ဘာပြောသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စိတ်ရှုပ်ပေါက်ပြီး အတွေးခေါင်မနေနဲ့လို့ ပြောပါတယ်"

"သူပေါက်တဲ့ထိက ဘယ်လိုထိဆိုတာ ခင်ဗျားမသိဘူးလား"

"သူကပြောတော့ ကံစမ်းမဲပေါက်တာလို့ ပြောတာပဲ"

"အင်းလေ . . . ခင်ဗျားယောက်ျားနဲ့ နောက်ဆုံး တွေ့တွေ့ဆိုင်ဆိုင် ရှင်းလိုက်တာအကောင်းဆုံးပဲ၊ ထိပေါက်တယ်ဆိုတာ ဘာထိလဲ အပြတ်မေးပေါ့၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ သူ့ဇနီးပဲ၊ ဒီကိစ္စကို ခင်ဗျားသိခွင့်ရှိတာပဲ" ဟုမေဆင်က စိတ်မရှည်တော့ဟန်ဖြင့်ပြောလိုက်သည်။

မစ္စက်နယူးဘာရီက ခေါင်းကို ခါယမ်း၍ ပြန်ပြောသည်။

"ကားလ်ကို ဒီနည်းနဲ့ မေးလို့ရမှာမဟုတ်ဘူးရှင့်၊ သူကတော့ ဒီအတိုင်းဆက်ပြောနေမှာပဲ၊ သူ့နဲ့ ထပ်မေးတော့မယ်ဆိုရင် ကိုယ့်ဘက်က ခိုင်ခိုင်လုံလုံ သိထားပြီးမှမေးတာ အကောင်းဆုံးပဲ၊ ဒါကြောင့် သူပိုက်ဆံတွေ ဘယ်ကရခဲ့တယ်ဆိုတာ ကျွန်မသိချင်နေတာ၊ အဲဒီအတွက် ရှင်က ကျွန်မကို ကူညီဖို့တောင်းပန်ပါတယ်"

"ကျွန်တော့်ကို ဘာလုပ်စေချင်တာလဲ"

"ရှင့်ရုံးနဲ့ လှမ်းဆက်သွယ်ပြီး ကျွန်မယောက်ျား ပိုက်ဆံတွေ ဘယ်လိုရခဲ့တယ်ဆိုတာကို တိတ်တဆိတ် စုံစမ်းပေးဖို့ပါပဲ"

"တကယ်လို့ ကုမ္ပဏီကငွေတွေ အလွဲသုံးစားလုပ်ခဲ့တာ မှန်နေရင် ဘာလုပ်မလဲ"





"အဲလိုဆိုရင်တော့ ကျွန်မသမီး ပျော်ရွှင်နေတဲ့ ဘဝကို ထိခိုက်ရအောင် ဖြစ်နိုင်တဲ့နည်းလမ်းတွေနဲ့ ကာကွယ်ရမှာပေါ့"

"ဘယ်လိုနည်းလမ်းတွေလဲ"ဟု မေဆင်က မေးလိုက်ရာ မစ္စက်နယူးဘာရီက တစ်စုံတစ်ခု ပြန်ပြောမည့်ဟန် ပြင်ပြီးမှ မပြောတော့ပဲ ဆိတ်ဆိတ်နေလိုက်သည်၊ ခဏအကြာမှ ပြန်ပြောသည်။

"ခုတော့ ဘာလုပ်ရမယ်မသိသေးဘူးလေ၊ ရှင့်အကြံဉာဏ်ကိုလည်း ကျွန်မလိုချင်ပါတယ်"

မေဆင်က ကုန်းပတ်လက်ရန်းတွင် မှီနေရာမှ အောက်ထပ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်၊ ဘဲလ်နယူးဘာရီနှင့်ရှိုင်းဟန်းဂါးဒီတို့ ယှဉ်တွဲ၍ လျှောက်သွားကြသည်ကို လှမ်းမြင်ရသည်။

"ကောင်းပြီလေ၊ ကျုပ်တို့ ဘာလုပ်နိုင်မယ်ဆိုတာ စောင့်ကြည့်သေးတာပေါ့" ဟု မေဆင်က ကတိပြုကာ မစ္စက်နယူးဘာရီက အေးဇူးတင်စကားများ ပြောကြားနေသည်ကို တိုတိုဖြင့်ဖြတ်လိုက်ပြီး ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးစခန်းဆီသို့ လျှောက်လာခဲ့သည်၊ ကြိုးမဲ့ ကြေးနန်း၌ မေဆင်သည် လျှို့ဝှက် သင်္ကေတများကို အသုံးပြု၍ လော့စ်အိန်ဂျလိမြို့ရှိ ဒရိတ်စုံစမ်းထောက်လှမ်းရေး အေဂျင်စီမှ အကြီးအကဲဖြစ်သူ ပေါလ်ဒရိတ်သည် ပယ်ရီမေဆင် ထိုက်ပါဆောင်ရွက်သော အမှုတိုင်းလိုလိုတွင် အမှု၏အရေးပါသော ခြေရာထောက်နောက်ခံ အချက်အလက်များကို စုံစမ်းထောက်လှမ်း ဆောင်ရွက်ပေးရသူ ဖြစ်သည်၊ ပေါလ်ဒရိတ်၏ ရုံးခန်းမှာ လော့စ်အိန်ဂျလိမြို့လယ်ရှိ စုပေါင်းအဆောက်အအုံကြီး တစ်ခုတွင်



www.burmeseclassic.com

www.burmeseclassic.com



ပယ်ရိုမေဆင်၏ ရုံးခန်းနှင့် တစ်ထပ်တည်း မလှမ်းမကမ်း၌ တည်ရှိသည်။

မေဆင်က ပေါလ်ဒရိတ်ထံ ဝိုင်ယာလက်ကြေးနန်းရိုက်ရာတွင် ကုန်ပစ္စည်း သန့်စင်ရေး ကုမ္ပဏီတွင် စာရင်းကိုင်လုပ်ခဲ့သော စီဒဗလျူမိုးဆိုသူအကြောင်း စုံစမ်းပေးရန်၊ ပြီးခဲ့သော လေးလအတွင်း ဖွင့်ခဲ့သော ကံစမ်းထီအားလုံး၌ ထီပေါက်သူများ၏ စာရင်းကို စုံစမ်းပေးရန် ထီပေါက်သူ စာရင်းတွင် စီဒဗလျူမိုးနာမည်ဖြင့် သို့မဟုတ် အခြားနာမည်ဝှက်ဖြင့် ပေါက်ခဲ့သူရှိ မရှိ ထို့အပြင် ရုပ်ရှင်မင်းသမီး ဝင်နီ၌ ရုပ်ချင်းဆင်သော ညီအစ်မရှိ မရှိ စသည်တို့ကို စုံစမ်းပေးရန် မှာကြားလိုက်သည်။

* * *



## အခန်း (၂)

နောက်တစ်နေ့နံနက်ခင်းဖြစ်သည်၊ ပယ်ရိုမေဆင်သည် နံနက်ခင်းနေရောင်ခြည်နှင့် အေးမြလတ်ဆတ်သော လေတိုက်ခြင်း၏အရသာခံလျက် ကုန်းပတ်ပေါ်တွင် လမ်းလျှောက်နေသည်၊ ထိုစဉ် မိတ်ဆုံ ခန်းမကြီး၏တံခါး ပွင့်လာကာ ဒယ်လာစထရိထွက်လာသည်ကိုတွေ့ရသည်၊ မရှေးမနှောင်းမှာပင် တစ်ဖက်လမ်းချိုးမှ ဘဲလ်နယူးဘာရီ ထွက်လာသည်၊ လေတဟူးဟူးတိုက်နေသဖြင့် အမျိုးသမီး နှစ်ယောက်မှာ ၎င်းတို့၏ အဝတ်များကို လက်ဖြင့်ဆွဲ၍ ထားကြသည်၊ ဒယ်လာက မေဆင်ထံသို့ လျှောက်လာ၍ နှုတ်ဆက်ရာ မေဆင်က 'ဟိုဘက်အခြမ်းကို သွားကြမယ်၊ ဒီဘက်မှာ လေသိပ်တိုက်တယ်' ဟုပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်လာက ခေါင်းညိတ်ပြလိုက်ပြီး . . .

"ဘဲလ် ဒါကိုယ်တို့ဆရာပဲ၊ ဆရာ ဒါကျွန်မအခန်းဖော် ဘဲလ်နယူးဘာရီပါ၊ ကျွန်မတို့လည်း စောစောစီးစီး လမ်းလျှောက်ထွက်ကြတာ"ဟု မိတ်ဆက်ပေးသည်။

မဆောင်က အသိအမှတ်ပြုဟန်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး

"ကိုင်း . . . လာ ဟိုဘက်သွားကြမယ်" ဟုဆိုကာ မိန်းကလေးနှစ်ယောက်အား တစ်ဖက်ဆီတွဲ၍ တစ်ဖက်ကုန်းပတ်ဆီသို့ လျှောက်လာခဲ့သည်။ ဘဲလ်က လေတိုက်၍လွင့်နေသော ဆံပင်များကို ခါလျက် အနောက်သို့သိမ်းလိုက်ပြီး ရွှင်ပျစွာရယ်မောကာ . . .

"ဆရာကြီး မဆောင်အကြောင်းကို ကျွန်မအများကြီးကြားဖူးပါတယ်" ဟုပြောသည်။

မဆောင်က . . .

"ဆိုးသတင်းတွေ ဆိုရင်တော့ မင်းယုံကြည်နိုင်ပါတယ် ကောင်းသတင်းတွေဆိုရင်တော့ ချဲ့ကားတာပဲဖြစ်ပါလိမ့်မယ်" ဟု ပြန်ပြောလိုက်သည်။

ဘဲလ်က မဆောင်ကိုကြည့်၍ မြူးထူးစွာ ရယ်မောလျက်ရှိသည်။ သူမ၏ မျက်နှာကလေးမှာ နက်မှောင်သော မျက်လုံးအစုံ ပြည့်ဖောင်းသော နှုတ်ခမ်းများ၊ ဖြူစင်သော သွားလှလှကလေးများဖြင့် နံနက်ခင်းနေရောင်အောက်ဝယ် ကျက်သရေရှိနေသည်။ လည်ဟိုက် ပိုးဘလောက်စ်အကျီကလေးမှာ သူမ၏ ကျန်းမာစိုပြည်သော အလှအပကို ပြည့်တင်းစွာ ဖော်ပြလျက်ရှိသည်။





"မနေ့ညက ဆရာကြီးနဲ့ မေမေစကားပြောနေတာ တွေ့လိုက်ပါတယ်၊ မေမေက မိသားစု လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းတွေဆရာကြီးကို ပြောပြနေတယ်ထင်တယ်" ဟု မိန်းကလေးက ပြောသည်။

"လျှို့ဝှက်ဆန်းကြယ်၊ ဟုတ်စ" ဟု မဆောင်က ပြန်မေးလိုက်လေသည်။

"အမယ်လေး. . . ဆရာကြီးကလည်းမသိချင်ယောင်ဆောင်နေပြန်ပြီ" ဟု ဘဲလ်က ကလေးဆန်စွာပြန်ပြောသည်။ ဒယ်လာက မဆောင်ကို တစ်ချက်ကွက်ကြည့်လိုက်ပြီး ဘဲလ်ကိုပြောသည်။

"မိသားစုလျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းဆိုတာ ဘာပါလိမ့်ကွယ်၊ မမကို ပြောပြစမ်းပါဦး"

"ခါတ်ပုံပျောက်ဆုံးမှုကြီးပေါ့ မမရဲ့၊ မေမေက ကျွန်မလက်မှတ်ထိုးထားတဲ့ ကျွန်မရဲ့ ဓာတ်ပုံကို ဖေဖေ့သေတ္တာထဲထည့်တယ်၊ သေတ္တာကို သော့ပိတ်ထားတယ်၊ သူတို့ သေတ္တာပြန်ဖွင့်တဲ့အခါ ကျွန်မ ဓာတ်ပုံပျောက်နေပြီး ရုပ်ရှင်မင်းသမီးဝင်နီရဲ့ ဓာတ်ပုံရောက်နေတယ်၊ သိတယ်မဟုတ်လား၊ ဝင်နီက ကျွန်မရဲ့ နှစ်ကိုယ်ခွဲလေ၊ ကိုင်း . . . အဲဒီအကြောင်း မမတို့ဘာသိသလဲ"

ဒယ်လာက မဆောင်ကို တစ်ချက်ထပ်ကြည့်လိုက်ပြီး ပြန်ပြောလိုက်သည်။

"အဲဒီအကြောင်း မမဘာမှမသိထားပါဘူးကွယ်၊ ညီမရဲ့ မေမေက ဘယ်လိုထင်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . မေမေကတော့ ဒီကိစ္စကို လျှို့ဝှက်သည်းဖို လုပ်နေတာပဲ၊ မေမေပြောတာ နားထောင်ရရင်တော့ ထိတ်စရာ၊ လန့်စရာတောင် ဖြစ်သွားလိမ့်မယ်"

မေဆင်က ဝင်မေးသည်။

"ကလေးမကတော့ အဲဒီဓာတ်ပုံပျောက်တဲ့ ကိစ္စကိုအလေး အနက် သဘောမထားဘူးလား"

ဘဲလ်က မေးစေ့ကလေးကိုပင့်၍ တစ်ချက်ရယ်လိုက်ပြီး ပြန်ပြောသည်။

"ကျွန်မလား၊ ကျွန်မကတော့ ဘာကိုမှ အလေးအနက် မထားဘူး၊ ပျော်ပျော်နေသေခဲ မဟုတ်လားရှင်၊ လွတ်လွတ်လပ်လပ် နေမယ်၊ မေတ္တာတရားကို ရှာဖွေမယ်၊ စိတ်ညစ်စရာတွေကို တွေးမနေအားပါဘူး"

"ကလေးမရဲ့ ဖေဖေကကော ဒီကိစ္စကို ဘယ်လိုသဘော ထားသလဲ"

"ဖေဖေကလည်းသိပ်အလေးအနက်မထားပါဘူး၊ကျွန်မတို့ သင်္ဘောပေါ် မဆင်းခင် ဟိုတယ်မှာ ရှိနေတုန်း တစ်ယောက် ယောက်က နောက်ပြောင်လိုက်တာလို့ပဲ ထင်ပါတယ်၊ မေမေက တော့ သိပ်အတွေးခေါင်တတ်တယ်မဟုတ်လား၊ ဘောင်နဲ့တပ် ထားတဲ့ ကျွန်မရဲ့ ဓာတ်ပုံကလေးကို သူကိုယ်တိုင် သေတ္တာထဲ သေသေချာချာထည့်တာလို့ ကျိန်တွယ်ပြောနေတာပဲ၊ ဘာပဲဖြစ်ဖြစ် လေတစ်ယောက်ယောက်ကနောက်တာပဲနေမှာပါ၊ ဆရာကြီးလည်း





တွေ့တယ်မဟုတ်လား၊ ရုပ်ရှင်မင်းသမီး ဝင်နီနဲ့ ကျွန်မနဲ့က အတော် လေးလည်းတူတယ်လေ၊ ကျွန်မတို့ ခရီးစထွက်လာကတည်းက စားသောက်ဆိုင်တွေ၊ ညကလပ်တွေမှာဆို လူတွေက ကျွန်မကို စူးကြည့်နေကြတာပဲ၊ တစ်ချို့ကလည်း အချင်းချင်းလက်တို့ပြီး တီးတိုး တီးတိုး ပြောနေကြတယ်"

"ကလေးမကလည်း အဲဒါကို သဘောကျတယ် မဟုတ်လား" ဟု မေဆင်က ဖြတ်မေးသည်။

"သဘောကျတာပေါ့ ဆရာကြီးရယ်၊ ခုအတိုင်းဆို ဟောလီးဝုဒ် ရုပ်ရှင်နယ်ကိုတောင် ကျွန်မရောက်နိုင်တဲ့ အခွင့်အလမ်း ရှိနေတာပဲ၊ ဖေဖေကလည်း ဘာမှမပြောပါဘူး၊ တစ်ခုပဲရှိတယ်လေ၊ ကျွန်မအသက် ၂၃ နှစ်ပြည့်ပြီးတဲ့အထိ ဖေဖေတို့နဲ့ ကျွန်မနေရမယ်၊ ဆိုင်း . . . အဲဒါလည်း ခြောက်လလောက်ပဲ လိုတော့တယ်၊ အလို . . . ပြောမှားဆိုမှားနဲ့ ကျွန်မအသက် ၂၂ နှစ်ကျော်ခဲ့ပြီဆိုတာ ဖော်ပြမိလျက်သား ဖြစ်သွားပါလား" ဟု ဘဲလ်က ရွှန်းရွှန်းဝေအောင် ရယ်ပြောနေသည်။

မေဆင်က သဘောကျစွာ ပြုံးရယ်လျက် . . . .

"ဟိုနိုလူလူမှာ မင်းတော်တော်ပျော်ခဲ့ရဲ့လား"ဟု မေးလိုက် သည်။

"အို . . . ပျော်လိုက်တာမှ အရမ်းပဲ ဆရာကြီးရယ်၊ ပြန်တောင်မပြန်ချင်ဘူး၊ ဒီလောက်ပျော်စရာကောင်းတဲ့စိတ်လှုပ်ရှား စရာကောင်းတဲ့အတွေ့အကြုံမျိုးကို အိပ်မက်တောင်မမက်ခဲ့ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမင်းရဲ့ ပထမဆုံး ပင်လယ်ခရီးပဲလား"

"ဒီလောက်ဝေးဝေးလံလံ ပင်လယ်ခရီးထွက်တာက ဒါပထမဆုံးပါပဲ" ဟုဘဲလ်က ပြန်ပြောသည်။

ထိုစဉ် သင်္ဘောဝမ်းဘက်မှ တံခါးတစ်ခုပွင့်လာပြီး ဟန်းဂါးဖို့ ထွက်လာသည်။ အဖြူရောင်ဖလန်နယ်ဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ ဟန်းဂါးဖို့က တစ်စုံတစ်ဦးကို ရှာဖွေသလို ဝဲယာနှစ်ဖက်ကို ကြည့်ရှုရာမှ မေဆင်တို့ ရပ်စကားပြောနေသည်ကို တွေ့ရ၍ အပြုံးဖြင့် နှုတ်ဆက်ပြီး လျင်မြန်စွာ လျှောက်လာ၏။ ဘဲလ်က ဟန်းဂါးဖို့အား တရင်းတနှီးလက်ချင်းဖမ်းချိတ်လိုက်ပြီး မေဆင်နှင့် မိတ်ဆက်ပေးလိုက်သည်။

ဒယ်လာက . . . .

"အတော်ပဲ ညီမလေး၊ ညီမတို့နှစ်ယောက် လမ်းဆက်လျှောက်ကြပါလား၊ မမလည်း ဆရာနဲ့ ကိစ္စကလေးတွေရှိသေးတယ်၊ ညီမလည်း လျှို့ဝှက်ဆန်းကြယ်တွေ လိုက်ပြောမနေနဲ့ဦးနော်" ဟု ပြောလိုက်သည်။

ဘဲလ်က ဒယ်လာအား ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်၍ ဟန်းဂါးဖို့အား ခေါ်ညိတ်ပြကာ လေတဟူးဟူးတိုက်ခတ်နေသော ကုန်းပတ်ဘက်သို့ ထွက်ခွာသွားကြသည်။

ဤတွင် ဒယ်လာက မေဆင်အား မော့်ကြည့်လျက် . . .

"ကိုင်း . . . ဆရာရေကျွန်မကိုလည်း ပြောပြစမ်းပါဦး" ဟု ပြောလိုက်သည်။





"ဘာပြောရမှာလဲကွယ့်" ဟု မေဆင်က ခပ်တည်တည်ဖြင့် ပြန်မေးသည်။

ဒယ်လာက ရယ်၍ပြောသည်။

"လုပ်မနေစမ်းပါနဲ့ ဆရာရယ်၊ ဟိုမိသားစု လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းလေ၊ အစားထိုးရုပ်ပုံလွှာ အမှုလို့ဆိုကြပါစို့ ဆရာရယ်၊ အဲဒီအကြောင်း အားလုံးပြောပြစမ်းပါဦး"

"ခုနက ဆရာတို့ပြောခဲ့တာ ဇာတ်လမ်းအကုန်ပဲကွယ့်၊ ဓာတ်ပုံချင်းလဲသွားတဲ့ကိစ္စပဲ"

"ဘယ်သူက လဲသွားတာလည်းဆရာ၊ ဘာကြောင့်အဲဒီလို လုပ်ရတာလဲ"

"ဆရာလည်းမသိဘူးလေ၊ အခုအထိတော့ ခပ်ရှုပ်ရှုပ်ဝဲတွယ့်၊ လာကွယ်. . . အပေါ်ထပ်ကုန်းပတ်ကို သွားကြရအောင်"

ဟုဆိုကာ နှစ်ယောက်သား လှေကားမှ တက်သွားကြသည်၊ အပေါ်ထပ်တွင် ကျွမ်းဘားခန်းမနှင့် တင်းနစ်ကွင်းရှိသည်၊ ၎င်းနှစ်နေရာကို ဖြတ်သွားပြီးနောက် သင်္ဘောဆေးရုံအဖြစ်အသုံးပြုသော အခန်းများဆီသို့ရောက်သွားကြသည်၊ တစ်နေရာတွင် ရပ်နားကြပြီးနောက် မေဆင်က မနေ့ညက မစ္စက်နယူးဘာရီနှင့် စကားပြောခဲ့ကြသည်ကို ဒယ်လာအား ပြန်ပြောပြ၏။ မေဆင်ပြောအပြီးတွင် ဒယ်လာကမေးသည်။

"ဒါနဲ့ပဲဆရာက ပေါလ်ဒရိတ်ဆီကို ရေဒီယိုဂရမ်လှမ်းရိုက်လိုက်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က ခေါင်းညိတ်ပြသည်။

ဒယ်လာက ရယ်လျက်. . .။

"သိပ်ကောင်းတယ်ဆရာ၊ ဝမ်းသာလိုက်တာ၊ ဆရာခရီးထွက်နေတယ်ဆိုတော့ ကောင်းကောင်းအနားရပြီလို့ ပေါလ်က ထင်နေမှာ၊ ခုလို သမုဒ္ဒရာထဲကနေပြီး လှမ်းခိုင်းတာမျိုး ပေါလ်အဖို့ ပထမ ၂ မဆုံးအတွေ့အကြုံရတာဖြစ်မှာပဲ၊ ကဲ. .ဆရာ မနက်စောစာ မစားသေးဘူးလား"

မေဆင်က ခေါင်းညိတ်ပြပြီး

"ခဏနေရင်စားမယ်လေ၊ ဒါထက် ဟိုကလေးမကို ဒယ်လာဘယ်လိုထင်သလဲ"

"ဘယ်သူလဲ . . . ဆရာ"

"ဒယ်လာရဲ့အခန်းဖော်လေ"

"ဘဲလ်ကိုပြောတာလား၊ သူကတော့ တကယ့်ကို ခေတ်ရဲ့လုံမပျိုပါပဲဆရာရယ်၊ သူပြောသွားတဲ့အတိုင်း ပျော်ပျော်နေသေခဲဆိုတဲ့အစားထဲကပဲ၊ သူ့ကြည့်ရတာ ခုန်ပေါက်နေတဲ့ရော်ဘာဘောလုံးလေးတစ်လုံးလိုပါပဲ"

"ကလေးမက ဟန်းဂါးဖို့ဆိုတဲ့ သူငယ်အကြောင်း ဒယ်လာကိုပြောပြဖူးသလား"

"မပြောဘူးဆရာ၊ အဲဒီကိစ္စကိုတော့ ကောင်မလေးက အတော် အလေးအနက်ထားပုံရတယ်၊ ကဲ. . . လာပါဆရာရယ်၊ သွားစားကြရအောင်၊ ကျွန်မတော့ဆာလှပြီ"





မေဆင်နှင့်ဒယ်လာတို့ စားသောက်ခန်းသို့သွား၍ မနက်စောစာစားနေကြစဉ်ပေါလ်ဒရိတ်ထံမှ ရေဒီယိုဂရမ်ရောက်လာ၍ သင်္ဘောလုလင်တစ်ဦးက လာပေးသည်၊ ကြေးနန်းမှာ "ကုန်ပစ္စည်းသန့်စင်ရေးကုမ္ပဏီ၊ ငွေနှစ်သောင်းငါးထောင် စာရင်းကွာနေ၊ ပျောက်ဆုံးနေသော အမှုထမ်း မိုးဆိုသူအား အလွတ်စုံထောက်များဖြင့် တိတ်တဆိတ်ရှာဖွေနေဆဲ၊ အမှုဖွင့်ထားခြင်းမရှိသေး၊ စာရင်းစစ်များက တစ်စုံတစ်ယောက်ကို တိတိကျကျစွပ်စွဲနိုင်လောက်အောင် ဖော်ထုတ်နိုင်သေးပုံမရ" ဟူ၍ဖြစ်သည်။

မေဆင်၏ လက်ထဲမှ ကြေးနန်းစာရွက်ကို ဒယ်လာက လှမ်းယူလိုက်ပြီး . . .

"ပေါလ်တို့စုံစမ်းတာ အတော်မြန်သားပဲနော်ဆရာ" ဟု ပြောလိုက်သည်။

"ဘယ်မြန်မလဲ ဒယ်လာရဲ့၊ ပြည်မမှာက ဒီနေရာထက်ပိုပြီး အချိန်စောတယ်လေ၊ ပေါလ်ဟာ ဒါလောက်ကလေးသိဖို့အတွက် နှစ်နာရီ သုံးနာရီကြာအောင် အချိန်ယူခဲ့တာ" ဟု မေဆင်က ပြန်ပြောလိုက်သည်။

စားသောက်အပြီးတွင် မေဆင်နှင့် ဒယ်လာသည် ကုန်းပတ်ပေါ်တွင် လှည့်လည်၍ မေဆင်က ၎င်း၏ ကင်မရာကလေးဖြင့် ရောင်စုံဓာတ်ပုံများ ရိုက်နေကြသည်၊ ထိုအချိန်တွင် ပေါလ်တို့ထံမှ ဒုတိယကြေးနန်းရောက်လာသည်။

"ကဲစမ်းမွဲ သို့မဟုတ် ထီပေါက်သူများစာရင်းတွင် မိုး



www.burmeseclassic.com

www.burmeseclassic.com



နာမည် လုံးဝမပါ၊ ပြီးခဲ့သော လေးလအတွင်း ထိုပေါက်သူ စာရင်းအားလုံး စစ်ဆေးကြည့်ပြီး" ဟူ၍ဖြစ်သည်။

ထို့နောက် မေဆင်တို့ အနားယူနေကြစဉ် နေ့လယ်မွန်းတည့်ချိန်၌ ပေါလ်တို့ထံမှ တတိယရေဒီယိုဂရမ်ဝင်လာသည်။

"ရုပ်ရှင်မင်းသမီး ဝင်နီမှာ ညီအစ်မလုံးဝမရှိ၊ စိတ်ကူးယဉ်အချစ်ဇာတ်လမ်းတွေလုပ်မနေပါနဲ့ ပယ်ရီ၊ ကိုယ့်အလုပ်ကိုသာ ဂရုစိုက်ပါ၊ အိမ်ကိုပြန်ခဲ့ပါ၊ အားလုံးကို ခွင့်လွှတ်သည်" ဟူ၍ ပေါလ်ဒရိတ်က နောက်ရွှတ်ရွှတ်ရေးလိုက်သည်။ မေဆင်က ကြေးနန်းစာရွက်ကို ခေါက်လိုက်ပြီး . . .

"တော်တော်ရှုပ်တဲ့အကောင်၊ ဆရာကို သူ့လိုမျှား အောက်မေ့နေသလားမသိဘူး" ဟု ပြောလိုက်သည်။

ဒယ်လာက "မစ္စက်နယူးဘာရီ လာနေတယ်ဆရာ" ဟု ပြောသည်၊ အနီးသို့ရောက်လာသော မစ္စက်နယူးဘာရီအား မေဆင်ကနှုတ်ဆက်စကားဆိုပြီး "ခင်ဗျားအတွက် သတင်းတစ်ချို့ ပြောစရာရှိတယ်" ဟု ပြောလိုက်သည်။

"ကျွန်မကို အခုပြောနိုင်မလား" ဟု သူမက ဒယ်လာအား တစ်ချက်လှမ်းကြည့်ပြီး မေးသည်။

မေဆင်က "ကျွန်တော့်အတွင်းရေးမှူးရှေ့မှာ လျှို့ဝှက်ချက်တွေအားလုံး ပြောနိုင်ပါတယ်၊ ကျွန်တော် ခင်ဗျားကို လိုရင်းပြောနိုင်မလား"

"လိုရင်းသာ ပြောပါရှင်"





"ကောင်းပြီလေ၊ ဒီလိုဆိုလည်း ပြောရတာပေါ့၊ ခင်ဗျား [illegible]ဗျား အလုပ်လုပ်ခဲ့တဲ့ ကုမ္ပဏီမှာ ငွေဒေါ်လာနှစ်သောင်း [illegible]ောင် စာရင်းကွာနေတယ်၊ အလွှတ်စုံထောက်တွေငှားပြီး [illegible]ားယောက်ျားကို ရှာနေတယ်တဲ့၊ ခင်ဗျားယောက်ျားကလည်း [illegible]ဆီမှ မပေါက်ခဲ့ဘူးလို့ သိရတယ်"

မစ္စက်နယူးဘာရီက မေဆင်ထံမှ မျက်နှာလွှဲလိုက်ပြီး [illegible]ရှာ ပြင်ကျယ်ဘက်သို့ ငေးမောကြည့်နေသည်၊ ရုတ်ခြည်းပင် [illegible]န်းနွမ်းနယ်၍ အိုစာသွားဟန်ရှိသည်။

"ကျွန်မလည်း ဒီလိုပဲ မျှော်လင့်ထားတာပါပဲရှင်" ဟု [illegible] တိုးတိတ်စွာ ပြန်ပြောသည်။

မေဆင်က . . . .

"ကျုပ်ကတော့ . . . ခင်ဗျားယောက်ျားနဲ့ တွေ့တွေ့ဆိုင်ဆိုင် [illegible]ားပြောကြရင် ကောင်းလိမ့်မယ် ထင်တယ် မစ္စက်နယူးဘာရီ" [illegible] ပြောလိုက်သည်။

"ထူးမယ် မထင်ပါဘူးရှင်"

"တွေ့တွေ့ဆိုင်ဆိုင် ပြောကြတဲ့အခါ ကျုပ်ပါ ပါရင်တော့ [illegible]ထောက်အကူရကောင်းပါရဲ့"

"ဘာအတွက် အထောက်အကူလဲ"

"သူအမှန်အတိုင်းပြောလာအောင်ပေါ့"

"သူက အမှန်အတိုင်း ပြောလာတော့ကော ဘာထူးမှာတဲ့ [illegible]ရှင် . . ."



www.burmeseclassic.com

www.burmeseclassic.com



မေဆင်မှာ စက္ကန့်အတန်ကြာမျှ ငြိမ်သက်နေသည်၊ ပြီး သူကပြောသည်။

"တစ်ခုတော့ရှိတယ်နော် မစ္စက်နယူးဘာရီ၊ ဒီကိစ္စမှာ ခင်ဗျားရဲ့ ယောကျ်ားကို ကျုပ် ကိုယ်စားမပြုဘူးနော်"

"ကျွန်မကလည်း အဲသလို မခိုင်းပါဘူးရှင်"

"ကောင်းပြီ . . . ကျုပ်တို့ နားလည်မှုတစ်ခုယူထားကြ လိမ့်မယ်၊ ဒီကိစ္စမှာ ကျုပ်အကျိုးဆောင်ပေးတာဟာ ခင်ဗျား ယောကျ်ားကို ကိုယ်စားပြုခြင်းမဟုတ်၊ ခင်ဗျားရဲ့သမီး ဘဲလ်ရဲ့ ကာကွယ်ပေးဖို့ ကြိုးစားသွားမှာပဲ ဖြစ်တယ်" ဟု မေဆင်က ပြောလိုက်ရာ မစ္စက်နယူးဘာရီက မျက်နှာချင်းဆိုင် ပြန်လှည့်လိုက် သည်၊ သူမ၏ မျက်လုံးများတွင် မျှော်လင့်ချက်အရိပ်အယောင်များ ပေါ်လာသည်။

မေဆင်က ဆက်ပြောသည်။

"အခုဆိုရင် ခင်ဗျားယောကျ်ားဟာ ဒီသဘော်ပေါ်မှာ နယူးဘာရီဆိုတဲ့ နာမည်နဲ့ ခရီးသွားနေတယ်၊ ဒီသဘော်ပေါ်မှာ သူ့ကို နယူးဘာရီဆိုတဲ့ လူတစ်ယောက်အဖြစ်နဲ့ပဲ သိထားကြတယ် ကုမ္ပဏီက ငွေတွေကို အလွဲသုံးစားလုပ်ခဲ့တာက မိုးဆိုတဲ့လူအဖြစ် လုပ်ခဲ့တာပဲ၊ အဲဒီကုမ္ပဏီကလူတွေကလည်းအလွဲသုံးသွားတဲ့လူဟာ မိုးလို့ပဲ သိထားကြတယ်၊ ဒီအခြေအနေပေါ်မှာ ကျုပ်တို့က အခွင့် ကောင်းယူပြီး အသုံးချသွားရမှာပဲ၊ တကယ်လို့ ကျုပ်ဟာ ခင်ဗျား ယောကျ်ားရဲ့ ရှေ့နေအဖြစ် အကျိုးဆောင်ပေးရင် ကုမ္ပဏီရဲ့





ကြားဝင်စေ့စပ်ပေးဖို့ မဖြစ်နိုင်တော့ဘူး၊ ဒါပေမယ့် ခင်ဗျားရဲ့ သမီး ဘဲလ်ရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးဖို့အတွက် ခင်ဗျားရဲ့ ရှေ့နေ အဖြစ်ဆောင်ရွက်ပေးမယ်ဆိုရင် ကြားလူတစ်ယောက်အနေနဲ့ စေ့စပ်ပေးလို့ ဖြစ်နိုင်သေးတယ်၊ ခင်ဗျားယောကျ်ားမှာ ကျန်နေသေး တဲ့ ငွေတွေကို ကုမ္ပဏီကို ပြန်ပေးပြီး အတုံ့အလှည့်အနေနဲ့ ကုမ္ပဏီ က လျှော့လျှော့ပေါ့ပေါ့ အရေးယူဖို့ ကြိုးစားရမှာပဲ၊ ပြီးတော့ ခင်ဗျားနဲ့ သမီးကိုလည်း ဒီအမှုနဲ့ ပတ်သက်ပြီး တစ်စွန်းတစ်စမှ နာမည် မပါစေရအောင် ထိန်းသိမ်းပေးဖို့ ကုမ္ပဏီက သဘောတူ ရလိမ့်မယ်၊ ဒီအတိုင်းအပြန်အလှန်လိုက်လျောတာ ရှိမယ်ဆိုရင် ခင်ဗျား ယောကျ်ားဟာ အပြစ်ကိုဝန်ခံပြီး ငွေတွေပြန်ပေးမယ်လို့ ခင်ဗျား ထင်သလား"

"အိုရှင် . . . သမီးကလေး ဘဲလ်အတွက် အထောက် အကူဖြစ်မယ်ဆိုရင် ဘာမဆိုလုပ်မှာပါပဲ၊ ခုလို ငွေတွေကို သူယူခဲ့ တာဟာလည်း သမီးကလေးအတွက်ပါပဲ"

"ကောင်းပြီလေ၊ တစ်ခုတော့ သေသေချာချာ နားလည် ထားပါ၊ ကျုပ်ဟာ ခင်ဗျားယောကျ်ားကို ကိုယ်စားပြုခြင်းမဟုတ်၊ ခင်ဗျားတစ်ဦးတည်းကိုသာ ကိုယ်စားပြုသွားမှာဖြစ်တယ်၊ နားလည် ထယ်မဟုတ်လား"

မစ္စက်နယူးဘာရီက ခေါင်းညိတ်ပြသည်။

မေဆင်က ဆက်ပြောသည်။

"ဒီအမှုနဲ့ ပတ်သက်ပြီး ရေရေလည်လည် မဖြစ်မချင်း



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကအကျိုးဆောင်ပေးနေတယ်ဆိုတာ ခင်ဗျားယောကျ်ား သိတောင်မသိစေချင်ဘူး၊ ဒီအချိန်အတွင်းမှာ သူနဲ့လည်း စကား မပြောလိုသေးဘူး၊ သူကလဲ ကျုပ်နဲ့တွေ့ဖို့ မကြိုးစားစေချင်ဘူး ဟုတ်ပြီလား"

"ကောင်းပါပြီရှင်၊ ရှင်ပြောတဲ့အတိုင်း ဖြစ်စေရပါမယ်"

"ဒါထက် သူ့ဆီမှာ ပိုက်ဆံဘယ်လောက်ကျန်သေးတယ်လို့ ခင်ဗျားသိသလား"

"မသိပါဘူးရှင်၊ ပိုက်ဆံတွေ အားလုံးကို ပိုက်ဆံထည့်တဲ့ ခါးပိုက်အိတ်ကြီးတစ်ခုထဲမှာ ထည့်ပြီး သူ့ခါးမှာပတ်ထားတာပဲ"

"ကုမ္ပဏီက ယူခဲ့တာ ဒေါ်လာနှစ်သောင်းငါးထောင်ဆို တော့ ဒီကြားထဲ ဘယ်လောက်သုံးပြီးခဲ့ပြီလို့ ခင်ဗျားထင်သလဲ"

"ပြီးခဲ့တဲ့ နှစ်လအတွင်း ကျွန်မတို့ သုံးခဲ့တာ ဒေါ်လာ ငါးထောင်ကျော်လောက်ရှိ လိမ့်မယ်၊ သုံးလို့ ကုန်ခဲ့တာကိုတော့ ကျွန်မမှန်းလို့ရပါတယ်"

"ဟုတ်ပြီ၊ ခုအတိုင်းဆို ဒေါ်လာနှစ်သောင်းလောက် ပြန်ပေး နိုင်မယ်ဆိုပြီး အပေးအယူ လုပ်ရမှာပဲ"ဟု မေဆင်က ပြောပြီး ပြာလဲ့သော မိုးကုပ်စက်ဝိုင်းဆီသို့ မျှော်ကြည့်လျက် စဉ်းစားနေ သည်။

ထိုစဉ် မစ္စက်နယူးဘာရီက ပြောသည်။

"တစ်ခုရှိသေးတယ် မစ္စတာမေဆင်၊ ဒီသင်္ဘောပေါ်မှာ ကျွန်မယောကျ်ားကို အရင်က သိခဲ့ဖူးတဲ့ လူတစ်ယောက်ရှိနေတယ်"





"ဘယ်သူလဲ"

"ခရီးသည်ထဲမှာ လည်ပင်းရိုးကျိုးနေလို့ လည်စွပ်၊ ခေါင်းစွပ် ခွပ်ထားရတဲ့ လူတစ်ယောက်ကို သတိမထားမိဘူးလား"

"ဟင့်အင်း . . . မတွေ့မိသေးဘူး၊ သူက ဘာဖြစ်လို့လဲ"

"သူက အကြောင်းမဟုတ်ပါဘူး၊ ကျွန်မယောကျ်ားနဲ့ သိဖူး တယ်ဆိုတာ အဲဒီလူရဲ့ သူနာပြုဆရာမပါ၊ ဟော ပြောရင်းဆိုရင်း တို ခပ်လှမ်းလှမ်းမှာ သူတို့ကို တွေ့ရတယ်၊ အဲဒီသူနာပြုဆရာမ နာမည်က အီဗလင်းဝှစ်တင်းတဲ့၊ ကျွန်မယောကျ်ားနဲ့ ကျွန်မ လက်မထပ် ခဲ့သေးခင်ကတည်းက သူတို့ သိကျွမ်းဖူးကြတယ်၊ အီဗလင်းက သူ့ကိုကားလ်မိုး အနေနဲ့ သိခဲ့တာပဲ၊ အခု သင်္ဘော ပေါ်မှာ သူ့ကို တွေ့ရင် ကားလ်မိုးအဖြစ်ပဲ ခေါ်မှာပဲ"

မစ္စက်နယူးဘာရီပြောနေစဉ်မှာပင် ဘီးတပ်ကုလားထိုင် တွန်းလာသော သူနာပြုဆရာမတစ်ယောက် သူတို့နှင့် မလှမ်းမကမ်း သို့ ရောက်လာသည်၊ အမျိုးသမီးမှာ ငယ်ငယ်ရွယ်ရွယ်ဖြစ်ပြီး သန့်ရှင်းသပ်ရပ်သော သူနာပြုဝတ်စုံကို ဝတ်ဆင်ထား၍ ဆွဲဆောင်မှု အပြည့်ရှိသည်၊ ဘီးတပ်ကုလားထိုင်ထဲတွင် လည်စွပ်၊ ခေါင်းစွပ် ဝတ်ဆင်ထားသော လူတစ်ယောက်မှီထိုင်လျက် ပါရှိသည်၊ ထိုသူသည် ကြီးမားသော နေရောင်ကာ မျက်မှန်အနက်ကြီး တပ်ဆင်ထားသည်။

မစ္စက်နယူးဘာရီက ကရုဏာဖြစ်ဟန်ဖြင့်ခပ်တိုးတိုးပြော၏။

"အဲဒီလူက သနားစရာပါပဲရှင်၊ မော်တော်ကားမှောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းရိုးကျိုးသွားသတဲ့၊ အဲဒီလည်ပင်းစွပ်ကြီးကို နှစ်နှစ် သုံးနှစ်လောက်တပ်ထားရမယ်၊ ခေါင်းကိုလှုပ်လို့လည်းမရ၊ လှည့်လို့လည်းမရ၊ စကားတောင်ပြောလို့မရဘူးတဲ့၊ သူ့ကို တစ်ခုခု မေးချင်ရင် သူနာပြု ဆရာမက လက်ချင်းဆုပ်ပြီး မေးစရာရှိတာမေးရတယ်၊ ဟုတ်တယ် ဆိုရင် သူက လက်ကို တစ်ချက်ညှစ်တယ်၊ မဟုတ်ဘူးဆိုယင် နှစ်ချက်ညှစ်တယ်၊ သူ့ခမျာ ခြေထောက်ပါကျိုးသွားလို့ လမ်းလည်း မလျှောက်နိုင်ဘူး"

မစ္စက်နယ္ဘူးဘာရီပြောသည်ကို နားထောင်ရင်း မေဆင်က သူနာပြုဆရာမအား လှမ်းကြည့်နေသည်၊ သူမမှာ အသက် ၃၀ သာသာမျှရှိမည်ဖြစ်ပြီး ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်လျက် ရွှေရောင်ဆံပင်ကလေးနှင့် ဆွဲဆောင်မှုရှိသော အလှပိုင်ရှင်ဖြစ်သည်။ မေဆင်ကြည့်နေသည်ကို သတိထားမိ၍ သူမကလည်း စိတ်ဝင်စားဟန်ဖြင့် ပြန်ကြည့်နေပြီးနောက် သူမ၏ လူနာထံသို့ အာရုံပြန်ပြောင်းကာ ဘီးတပ်ကုလားထိုင်ကို ရပ်လိုက်သည်။

"ဒီနားမှာ သိပ်များနေပုသလား မစ္စတာကတ်မင်း၊ ကုန်းပတ် ဟိုဘက်အခြမ်းကို သွားချင်ပါသလား" ဟု မေးလိုက်၏။

ထို့နောက် သူမ၏ လက်တစ်ဖက်ကို လူနာ၏ခြုံစောင်အောက်သို့ ထိုးသွင်းလိုက်သည်၊ လူနာက သူမ၏လက်ကို တစ်ချက်ညှစ်လိုက်သည်ကို မေဆင်က တွေ့လိုက်သည်၊ ဆရာမကလေးက ကုလားထိုင်ကို နေကွယ်သော ကုန်းပတ်တစ်ခြမ်းဆီသို့ တွန်းသွားသည်။





မေဆင်က စကားပြန်ဆက်သည်။

"ဒီအမျိုးသမီးကို ခင်ဗျားယောကျ်ားက ဘယ်လိုလုပ်ရှောင်နေမလဲ"

"အဲဒါတော့ကျွန်မလည်းမသိဘူး၊အီဗလင်း သင်္ဘောခန်းထဲမှာ ရှိတုန်းပဲ၊ သူ ကုန်းပတ်ပေါ်တက်မှာပေါ့၊ တစ်ခုကံကောင်းတာက အမျိုးသမီးက သူ့လူနာနဲ့မခွာပဲ နေနေရတော့ ကားလ်အတွက် ရှောင်ရတာ လွယ်လိမ့်မယ်ထင်တယ်"

"ခင်ဗျားယောကျ်ားက အီဗလင်းဆီ သွားတွေ့ပြီး သူ့အခုနာမည်ပြောင်းထားတဲ့အကြောင်း ရှင်းပြလို့ မဖြစ်ဘူးလား၊ ပြီးတော့လဲ . . ."

"မဖြစ်ဘူးထင်တယ်၊ ကားလ်က ပြောဖူးတယ်၊ အဲဒီအမျိုးသမီးအတွက် လုပ်ငန်းတစ်ခု အရင်းအနှီးလိုနေလို့ တစ်ခါတုန်းက ငွေကြေးနည်းနည်းပါးပါး လှည့်ပေးခဲ့ရဖူးတယ်တဲ့၊ အဲဒီအလုပ်တလည်း ဟန်မကျခဲ့ဘူးလို့ ဆိုတယ်၊ ခုအချိန်မှာ ကျွန်မယောကျ်ားတငွေကြေး ဖောဖောသီသီ ဖြစ်နေတာ အမျိုးသမီး မတွေ့စေချင်ဘူးလို့ ပြောတာပဲ"

မေဆင်က ဒယ်လာဘက်သို့လှည့်၍ ညွှန်ကြားသည်။

"ဒယ်လာရေ၊ ဆရာ့ရုံးကို စကားဝှက်သင်္ကေတနဲ့ ကြေးနန်းရိုက်လိုက်ပါ။ ဆရာ့ရဲ့လက်ထောက်ရွှေနေဂျက်ဆင်ကို ကုန်ပစ္စည်းသန့်စင်ရေး ကုမ္ပဏီအနေနဲ့ ကားလ်မိုးဆီက ဒေါ်လာနှစ်သောင်းလောက် ပြန်ရရင် လျှော့လျှော့ပေါ့ပေါ့ ဘယ်လိုလိုက်လျောနိုင်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မေးခိုင်းပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့ လူတစ်ယောက်ဆီက မေးခိုင်းတယ်ဆိုတာပဲပြောပါစေ၊ အလွဲသုံးသွားတဲ့ စာရင်းကိုင် ကားလ်မိုးကို ကိုယ်စားပြုပြီးမေးတာမဟုတ်တဲ့အကြောင်း ကုမ္ပဏီက တိတိကျကျနားလည်ပါစေ၊ လောလောဆယ် သဘောထားသိချင်လို့ မေးတယ်ဆိုတာကိုပဲ ပြောဖို့ဂျက်ဆင်ကို အကြောင်းကြားပါ၊ အကြောင်းပြန်ချက် သိသိချင်းဆရာ့ဆီ သတင်းပို့ဖို့ပြောပါ"

မစ္စက်နယူးဘာရီက ကျေးဇူးတင်သော အထိမ်းအမှတ်ဖြင့် မေဆင်၏လက်ကိုဆုပ်ကိုင်ထားပြီးပြောသည်။

"ကျွန်မလည်းသွားတော့မယ်၊ အခုအချိန်မှာရှင်နဲ့ခဏခဏတွေ့နေတာ လူများများမမြင်တာပိုကောင်းတယ်၊ သမီးဘဲလ်ကလည်း ရှင်နဲ့ကျွန်မလုပ်ငန်းသဘောတိုင်ပင်နေတယ်လို့ သံသယမဖြစ်စေချင်ဘူး"

"တစ်ခုခုတိတိကျကျဖြစ်လာဖို့တော့နှစ်ရက်သုံးရက်လောက်ကြာဦးမှာပါ၊ ဒီကြားထဲတော့ စိတ်အေးအေးသာနေပါမစ္စက်နယူးဘာရီ" ဟု မေဆင်က ပြောလိုက်သည်။

ထို့နောက်မေဆင်လှည့်ထွက်ခဲ့ရာကုန်းပတ်တစ်နေရာတွင် ဟန်းဂါးဖို့နှင့်ဆယ်လင်ဒါဒေးလ်တို့ ပင်ပေါင်ကစားနေကြသည်ကို တွေ့လိုက်ရသည်။



## အခန်း (၃)

သင်္ဘောသည် ဆန်ဖရန်စစ္စကိုမြို့သို့ တနင်္ဂနွေနေ့ညတွင် ရောက်ရှိမည်ဖြစ်သည်။ တနင်္လာနေ့နံနက်စောစောတွင် ဆိပ်ကမ်းသို့ကပ်ရန် အစီအစဉ်ရှိသည်၊ စနေနေ့တွင် ပယ်ရီမေဆင်သည် ၎င်း၏ရုံးရှိ လက်ထောက်ရှေ့နေ ဂျက်ဆင်ထံမှ ကြေးနန်းတစ်စောင်ကို လက်ခံရရှိသည်။

"ကုန်ပစ္စည်းသန့်စင်ရေးကုမ္ပဏီ လော့စ်အိန်ဂျလိရုံးတာဝန်ခံ စာရင်းစစ်ချုပ် စီဒင်ကန်ရွန်နီက ဟိုနိုလူလူတွင် ယခုရောက်ရှိနေသော ကုမ္ပဏီဥက္ကဋ္ဌထံ ကြေးနန်းရိုက် အကြောင်းကြားရန် သဘောတူသည်၊ ရွန်နီ အနေအထားမှာ တင်းတင်းပြတ်ပြတ် လုပ်မည့်ပုံရှိသည်"



www.burmeseclassic.com

www.burmeseclassic.com



ကြေးနန်းစာကို မေဆင်ဖတ်အပြီးတွင် ဒယ်လာက . . .

"သူတို့ဘက်က တင်းတင်းမာမာရှိနေတယ်ဆိုတာအဆန်းပဲ နော် ဆရာ" ဟုပြောလိုက်သည်။

"ဆရာလည်းအဲဒါပြောမလို့ပဲ၊ကုမ္ပဏီတစ်ခုအနေနဲ့ဒေါ်လာ နှစ်သောင်းခွဲလောက်ကို အဆုံးရှုံးခံမယ်ဆိုတာ အဆန်းပဲကွယ့်"

"သူတို့အနေနဲ့ အလွဲသုံးသွားတဲ့လူကို လိုက်လျော်တယ် ဆိုတာ အစဉ်အလာ ဖြစ်သွားမှာစိုးလို့နဲ့တူပါတယ်ဆရာ"

မေဆင်က ရယ်၍ပြောသည်။

"မဟုတ်ပါနဲ့ဒယ်လာ၊ ကုမ္ပဏီတွေဟာ ငွေလိမ်သွားတဲ့လူကို ကြိုးရှည်ရှည်နဲ့ လှန်ပြီး အမိဖမ်းလေ့ရှိတတ်တယ်၊ လိမ်သွားတဲ့ ငွေကို ပြန်ပေးမယ်ဆိုရင် အမှုကို လျှော့ပစ်မယ် ဘာမယ်နဲ့ ကတိတွေပေးပြီး ပိုက်ဆံပြန်ရပြီးတဲ့အခါကျမှ ရဲလက်ကို အပ်လိုက်တာမျိုး လုပ်တတ်ကြတယ်၊ ပိုက်ဆံပြန်မရသေးခင် တစ်မျိုး ပိုက်ဆံ ပြန်ရပြီးရင်တစ်မျိုးပေါ့ကွယ်"

"ဒီလိုဆို ကားလ်မိုးကို သူ့ကုမ္ပဏီက ဒီလိုထောင်ချောက် ဆင်ဖို့ ဆရာက ဘာလို့အခွင့်အရေးပေးမှာလဲဆရာ"

"ဘာဖြစ်လို့လဲဆိုတော့ ဒီအမှုမှာ သူတို့ဘက်က ကတိပေး ပြီးရင် အဲဒီကတိကို တည် မတည် ဆရာက စောင့်ကြည့်ဦးမှာမို့လို့ပဲ"

"ဘယ်လိုလုပ်မှာလဲဆရာ"

"ဆရာ့မှာလည်း ဆရာ့အကွက်နဲ့ဆရာပေါ့ကွယ်"





"ဒါကြောင့်မို့ ကားလ်မိုးကို ဆရာကိုယ်စားမပြုချင်တာ မဟုတ်လားဆရာ"

"အဲဒီအကြောင်းလည်းပါတာပေါ့ကွယ်၊ တခြားအကြောင်း ကတော့ အပြစ်တကယ်ကျူးလွန်ထားတဲ့လူတွေကို ဆရာအကျိုး ဆောင်မပေးချင်ဘူး၊ လူတိုင်းဟာ တရားမျှတတဲ့စီရင်ဆုံးဖြတ်ချက် ကို ခံသင့်တယ်လို့ဆရာယူဆတယ်၊ ဒီတော့ကာ ကားလ်မိုးအနေနဲ့ ရှေ့နေတစ်ယောက်ယောက်ငှားပြီး ခုခံရလိမ့်မယ်"

"ဒါဖြင့် အခုဆရာဘာဆက်လုပ်မလဲ"

"ခုချက်ချင်းကတော့ ဆရာ့လက်ထောက်ရှေ့နေဂျက်ဆင် ဆီကို ဆရာပြောတဲ့အတိုင်း စကားဝှက်နဲ့ ကြေးနန်းတစ်စောင်ရိုက် လိုက်ပါ" ဟုဆိုကာ မေဆင်က ကြေးနန်းရိုက်ရန် စာကိုရွတ်ပြသည်။

"စာရင်းစစ်ချုပ်ရွှန်နီအကြောင်း အသေးစိတ်ကို ဒရိတ် စုံစမ်းထောက်လှမ်းရေးအေဂျင်စီက စုံစမ်းပါစေ၊ ရွှန်နီကို အကျပ် ကိုင်နိုင်မယ့် နောက်ကြောင်းတစ်ခုခုရအောင် ဖော်ထုတ်ခိုင်းပါ"

ဒယ်လာက မေဆင်ပြောသည်ကို လိုက်မှတ်ပြီးနောက် လက်ရေးတိုစာအုပ်ကို လက်ပွေ့အိတ်ထဲသို့ပြန်ထည့်ရင်း. . .

"ကုမ္ပဏီဥက္ကဋ္ဌနဲ့ဆရာတိုက်ရိုက်တွေ့လိုက်ရရင်ကောင်းမှာ ပဲနော်" ဟု ပြောလိုက်သည်။

မေဆင်က . . .

"ကုမ္ပဏီဥက္ကဋ္ဌနဲ့တွေ့တော့ကော သူက ရွှန်နီကို ထုံးစံ အတိုင်း ဆက်လုပ်ဖို့ပြောရင် ပြောမှာပဲကွယ့်၊ ငွေနှစ်သောင်းပြန်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပေးချင်တဲ့ကတိပေးပြီးတော့မှ ထုံးစံအတိုင်းလုပ်ဖို့ စိစဉ် ပါပဲ၊ ဒါထက် ဟိုကလေးမလေးရဲ့ အချစ်ဇာတ်လမ်းကရော ဘယ်လို အနေအထားမှာရှိသလဲ"

"ခုအတိုင်းကြည့်ရတာကတော့ သရေပွဲပဲရှိသေးတ ဆရာ၊ ဟန်းဂါးဖို့ဆိုတဲ့လူက ဆယ်လင်ဒါဒေးလ်နဲ့ ဘဲလ်နယူးဘ ကို အချိန်အညီအမျှပေးပြီးတွဲနေတာတွေ့ရတယ်၊ သေသေချာ တွက်ကြည့်ရင်တော့ ဆယ်လင်ဒါထက် ဘဲလ်နဲ့တွဲတဲ့အချိန် ပိုများတယ်"

"ဆယ်လင်ဒါဒေးလ်ကကော မင်းအပေါ်မှာဘယ် ဆက်ဆံသလဲဒယ်လာ"

ဒယ်လာက ပြုံး၍ပြန်ပြောသည်။

"ပထမတော့ ကျွန်မကို လုံးဝအဖက်မလုပ်ဘူးဆ ဒါပေမယ့် ကျွန်မဟာ ဘဲလ်ရဲ့အခန်းဖော်ဆိုတာသိသွားတဲ့အ ကစပြီး ကျွန်မအပေါ် သိပ်ကိုဖော်ရွေလာတယ်၊ ကျွန်မနဲ့တွေ့တို ဆယ်လင်ဒါက ဘဲလ်ကို သူဘယ်လောက်ခင်မင်တဲ့အကြော ဘဲလ်ဟာ အင်မတန်ချစ်စရာကောင်းတဲ့မိန်းကလေးဖြစ် အကြောင်းပြောတော့တာပဲ၊ ပြီးတော့ ဘဲလ်ဟာ ပိုလိုကစားတာ ရွှက်လှေစီးတာတို့ တစ်ခါမှမတွေ့ဘူးလို့ အဲဒါတွေဝါသနာပါလာ မပါ ဘူးလားလို့လည်း မေးပါတယ်"

"အင်း အဲဒါဟာ ဘဲလ်ရဲ့နောက်ကြောင်းတချို့ကိုသိချင် ဒယ်လာ့ဆီကအစ်ဖို့ကြိုးစားတာပဲဖြစ်မယ်" ဟု မေဆင်ကပြေ သည်။ ဒယ်လာက ခေါင်းညိတ်၍ထောက်ခံလိုက်သည်။





"ကောင်းပြီလေ၊ ခုနက ကြေးနန်းကို ဂျက်ဆင်ဆီသွားရိုက် လိုက်တော့၊ ရွှန်နီနဲ့ပတ်သက်ပြီး ပေါလ်ဒရိတ်က စုံစမ်းလိမ့်မယ်၊ ဒါပေမယ့် သိပ်ပြီးအကျပ်ကိုင်ဖို့တော့ လိုမယ်မထင်ပါဘူး၊ ကုမ္ပဏီ ဥက္ကဋ္ဌက ဆရာတို့လိုချင်တဲ့အတိုင်း ကတိပေးခိုင်းမယ်ထင်တာပဲ၊ သူတို့ဒေါ်လာနှစ်သောင်းလက်ထဲရပြီးမှ ရွှန်နီက တရားစွဲပြီး မိုးကို ထောင်ကျအောင်လုပ်ကြမှာပဲ" ဟု မေဆင်ကပြောလိုက်သည်။

ထိုနောက် မေဆင် သူ့အခန်းသို့ပြန်ပြီး စာအုပ်တစ်အုပ် ဖတ်၍အချိန်ဖြုန်းနေသည်။ ညနေစောင်းတွင် ဂျက်ဆင်ထံမှ အကြောင်း ပြန်သည့်ကြေးနန်းစာနှင့်အတူ ဒယ်လာရောက်လာသည်။

"ရွှန်နီက သူတို့ကုမ္ပဏီဟာ လူလိမ်တစ်ယောက်နဲ့အပေး အယူမလုပ်နိုင်ဘူးဟုပြောသည်။ ဤအမှုကို ဥက္ကဋ္ဌကိုယ်တိုင် ကိုင်နေသည်ဟုပြောသည်။ ရွှန်နီသည် ကုမ္ပဏီဥက္ကဋ္ဌနှင့်မယား ညီအစ်ကိုတော်၍ အရေးပါနေသူဖြစ်သည်။ ဥက္ကဋ္ဌမှာ ယခု ဟိုနို လူလူတွင် အပန်းဖြေနေသည်။ ဥက္ကဋ္ဌနာမည် ချားလ်စ်ဝှစ်မိုးဒေးလ ဖြစ်သည်။ ဟဝိုင်အီရှိုင်ရယ်ဟိုတယ်တွင် တည်းခိုနေသည်။ ဥက္ကဋ္ဌနှင့်ကျွန်တော်ဆက်သွယ်ရမလား၊ ပေါလ်ဒရိတ်ကတော့ ရွှန်နီ အကြောင်း စုံစမ်းနေဆဲ၊ ညွှန်ကြားချက်ပြန်ပေးပါ"

မေဆင်က ကြေးနန်းစာကိုဖတ်အပြီးတွင် ၎င်း၏အခန်း တွင်း စားပွဲပေါ်ရှိ တယ်လီဖုန်းကိုကောက်ကိုင်လိုက်ကာ. . .

"ချားလ်စ်ဝှစ်မိုးလ်ဒေးလ်ဆီကိုဆက်ပေးပါ" ဟု အော်ပရေ တာအား လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဒေးလ်ဟာ ပထမတန်းမှာ သီးသန့်ခန်းနဲ့ရှိ
တယ်" ဟု ဆက်ပြောလိုက်သည်။

ဖုန်းခွက်ကိုကိုင်၍ မေဆင်စောင့်နေစဉ် ဒယ်လာက. . .

"ဆရာ သင်္ဘောပေါ်မှာ ကားလ်မိုးပါလာတာ ဆယ်လင်
ဒေးလ်သိသွားပြီး ရွှန်နီဆီသတင်းပို့ထားပြီးဖြစ်နေမလားမသိဘူး
ဟု သတိပေးလိုက်သည်။ မေဆင်က ခေါင်းညိတ်ပြ၍ပြောသည်

"ဆရာကလည်း စာရင်းရှင်းလိုက်ချင်လို့ခေါ်တာပဲကွယ်
ဟလို. . . ခုပြောတာ မစ္စတာဒေးလ်လားခင်ဗျာ၊ ကျွန်တော်
မစ္စတာပယ်ရီ မေဆင်စကားပြောနေပါတယ်၊ ကျွန်တော်အလုပ်ကို
တစ်ခုနဲ့ ခင်ဗျားကိုတွေ့ချင်ပါတယ်၊ ခင်ဗျားအဆင်ပြေမယ်
အစောဆုံး တစ်ချိန်ချိန်ပေါ့၊ ဖြစ်နိုင်ရင်တော့ ခပ်မြန်မြန်တွေ့
ချင်ပါတယ်၊ ကောင်းပြီလေ၊ ညနေခြောက်နာရီ ခင်ဗျားရဲ့အခန်းမှာ
ဟုတ်ပါပြီ၊ ကျေးဇူးတင်ပါတယ် မစ္စတာဒေးလ်"

မေဆင်က တယ်လီဖုန်းပြန်ချလိုက်ကာ ဒယ်လာအား
သွားစေ့ပြုံးလျက် ကြည့်ပြီး . . .

"တိုက်ပွဲဆိုတာ ဘယ်မှာပဲဖြစ်ဖြစ် မရွှေ့ဆိုင်းရဘူးကွယ့်
ဒယ်လာ"ဟု ပြောလိုက်သည်။

"တကယ်လို့ မစ္စတာဒေးလ်က ကားလ်မိုး အကြောင်း
အားလုံးသိပြီး ဘဲလ်ဟာလည်းဘယ်သူဆိုတာ သိသွားပြီ
ရင်တောင် ကားလ်မိုးကို ဆရာဆက်ပြီး ကူညီဦးမှာလား"

"ကားလ်မိုးကို ကူညီဖို့ မဟုတ်ဘူးလေ၊ ဘဲလ်ဆိုတဲ့ ကလေး
အတွက်ကူညီမှာ"





"ဆရာတစ်ခုခု လုပ်ပေးနိုင်မယ်ထင်လို့လားဆရာ"

"မသိသေးဘူးကွယ့်၊ တစ်ခုတော့ သေချာတယ်၊ ပွင့်ပွင့်
လင်းလင်းဖြစ်သွားအောင်တော့ ဆရာလုပ်နိုင်မှာပဲ"

"ကျွန်မတော့ စိုးရိမ်နေတယ် ဆရာ၊ တကယ်လို့ ဘဲလ်ရဲ့
ဓာတ်ပုံတိုရသွားတဲ့လူဟာ ဆယ်လင်ဒါဒေးလ်ဆိုရင် ရွှန်နီဆီပို့
ပြီးဖြစ်မှာပဲ၊ ဒါဆို သူတို့အားလုံးသိ . . ."

"ရွှန်နီဆီ ဘာကြောင့်ပို့မယ်ထင်သလဲ"

"ဘာကြောင့်လဲဆိုတော့ ဂျက်ဆင်ရဲ့ ကြေးနန်းထဲမှာ ရွှန်နီ
ဟာ ဥက္ကဋ္ဌနဲ့ မယားညီအစ်ကိုတော်တယ်လို့ ဆိုထားတယ်မဟုတ်
လား ဒီတော့ကာ ဆယ်လင်ဒါဒေးလ်တ ရွှန်နီကို ယုံယုံကြည်ကြည်
အသုံးချမှာပဲ၊ ဒါကြောင့်လဲ ရွှန်နီက ပိုက်ဆံတွေပြန်ပေးမယ်ဆိုတာ
အောင် ကားလ်မိုးကို လျှော့လျှော့ပေါ့ပေါ့ မစဉ်းစားနိုင်ဘူးလို့
ပြောနေတာဖြစ်လိမ့်မယ်"

မေဆင်က သွားစေ့ပြုံးလျက် ပြန်ပြောသည်။

"ကောင်းပြီလေ၊ နာရီပိုင်းအတွင်းတစ်ခုခုတော့ ဆရာတို့
သိတော့မှာပဲ၊ ဂျက်ဆင်ဆီကြေးနန်းပြန်ရိုက်လိုက်၊ ဥက္ကဋ္ဌမစ္စတာ
ဒေးလ်ဟာ ဆရာတို့နဲ့အတူ သင်္ဘောပေါ်မှာ ရှိနေတယ်၊ ဆရာ
ကိုယ်တိုင်ပဲ ကိုင်သွားမယ်လို့၊ ပေါလ်ဒရိတ်က ရွှန်နီကိုစုံစမ်းတာ
ဆက်လုပ်ခိုင်းပါ၊ စိတ်ဝင်စားစရာတွေ့လာရင် ဆရာ့ဆီ ချက်ချင်း
အကြောင်းကြားခိုင်းပါ"

* * *



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဒေးလ်၏ အခန်းတွင်ဖြစ်သည်၊ အဖိုးတန် ဝတ်စုံကို သိုက်မြိုက်စွာဝတ်ဆင်ထားသော မစ္စတာဒေးလ်က "ပယ်ရိုမေဆင် ကျွန်တော့် သမီးကိုတော့ တွေ့ဖူးလိမ့်မယ်ထင်တယ်" ဟုပြောသည်၊

ဆယ်လင်ဒါဒေးလ်မှာ ညစာစား ပွဲထိုင်သွား အနက်ရောင် ဝတ်စုံကို ဝတ်ဆင်လျက်ထိုင်နေသည်၊ ညာဘက်လက်တွင် သန္တာနက်လက်ကောက်များ ဝတ်ဆင်ထားရာ နို့နှစ်ရောင်သူမ၏ အသားကို ပို၍ပေါ်လွင်စေလျက်ရှိသည်၊ သူမက မေဆင်အားနှုတ်ခမ်းကလေးများ တွန့်ရုံပြုံး၍ပြသည်။

မေဆင်က ခေါင်းညွတ် နှုတ်ဆက်လိုက်ပြီး "ကျွန်တော်တွေ့ဖူးပါတယ်ခင်ဗျား၊ ကောင်းသော ညနေပါ မစ္စဒေးလ်"ဟု ပြော၍ ကုလားထိုင်တစ်ခုတွင် ဝင်ထိုင်လိုက်သည်၊ မေဆင်မှာ ညစာစားပွဲသွားရန် ဝတ်စုံ မဝတ်ဆင်ရသေး၊ အိတ်နှစ်ဖက်တပ် အပေါ်အင်္ကျီဖြင့် နေရိုးနေစဉ်အတိုင်း ဝတ်ဆင်လာခဲ့ရာ ဒေးလ်သားအဖ၏ သိုက်မြိုက်ခမ်းနားသော ဝတ်စုံများနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည် မေဆင်လာရောက်ပုံမှာ မထီလေးစားသဘောမျိုးဖြစ်နေသည်။

မေဆင်က ကျယ်ဝန်းသော သီးသန့်ခန်းကြီး၏ အဆင်အပြင်များကို သာမန်မျှ တစ်ချက်ကြည့်ရှုလိုက်ပြီး သူ၏ခြေထောက်နှစ်ချောင်းကို ရှေ့သို့ ဆန့်ထုတ်ကာ ဖနောင့်ချင်းချိတ်လိုက်ပြီးပြောသည်။

"ခင်ဗျားက ကုန်ပစ္စည်း သန့်စင်ရေးကုမ္ပဏီ ဥက္ကဋ္ဌနော်"

ဒေးလ်က ခေါင်းညိတ်ပြသည်။





"ခင်ဗျားရဲ့ ကုမ္ပဏီမှာ စီဝိတ်ကားလ်မိုး ဆိုတဲ့ အမှုထမ်းတစ်ယောက်ရှိတယ်မဟုတ်လား" ဟုမေဆင်က ဆက်ပြောသည်၊ ဒေးလ်၏ မျက်နှာ ထူးထူးခြားခြား အပြောင်းအလဲရှိဟန်မပြဘဲ ပြန်ပြောသည်၊

"ကုမ္ပဏီက အမှုထမ်းတွေအားလုံးကိုတော့ ကျုပ်ဘယ်မှတ်မိမလဲ"

မေဆင်က ဒေးလ်အား ခပ်မှန်မှန်ပြန်ကြည့်ပြီး . . .

"ကျွန်တော်မေးတာက မှတ်မိသလားလို့ မေးတာမဟုတ်ပါဘူး ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်း စီဝိတ်ကားလ်မိုးဆိုတဲ့ နာမည်ကို ခင်ဗျားသတိထားမိစရာ အကြောင်းရှိလိမ့်မယ်လို့ ယူဆစရာတွေ ရှိနေပါတယ်"

ဒေးလ်ကမူ မထူးခြားဟန်ဖြင့် "ခင်ဗျားကျုပ်ကို တွေ့ချင်တာက ဘာကြောင်းလဲ"ဟု ပြန်မေးသည်။

မေဆင်က ဆယ်လ်လင်ဒါဒေးကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး . . .

"ခင်ဗျားတို့ ညစာစားပွဲကို သွားကြဖို့ ပြင်ဆင်ပြီးသားနဲ့တူတယ်၊ တကယ်လို့ ဒီကိစ္စကို အခုဆွေးနွေးဖို့ အချိန်မရင်လည်း ညစာစားပွဲပြီးမှ ကျွန်တော်ပြောပါ့မယ်"

မစ္စတာဒေးလ်က "ရပါတယ်၊ကျုပ်သမီးရှေ့မှာလည်းပြောစရာရှိတာအားလုံး ပြောနိုင်ပါတယ်၊ ခင်ဗျားဘာပြောချင်တာရှိလို့လဲ" ဟု ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဗျာ . . . ခင်ဗျားရဲ့ ကုမ္ပဏီမှာ ငွေအတော်ကလေး များများစားစား စာရင်းကွာမှုရှိနေတယ်၊ ဒေါ်လာ နှစ်သောင်း ငါးထောင်လောက် လျော့နေတာပဲ၊ အဲဒီလို စာရင်းကွာတာနဲ့ ခင်ဗျားရဲ့ အမှုထမ်းတစ်ယောက်ဖြစ်တဲ့ မစ္စတာမိုးပျောက်သွားတာနဲ့ တိုက်ဆိုင်နေတယ်ဆိုကြပါစို့" ဟု မေဆင်က စပြောသည်။

ဒေးလ်က "ဆက်ပြောပါ၊ ကျုပ်နားထောင်နေပါတယ်" ဟု ပြန်ပြောသည်။

"ဒီတော့ကာ ခင်ဗျားကုမ္ပဏီအနေနဲ့ စာရင်းကွာနေတဲ့ ငွေတွေထဲက ဒေါ်လာနှစ်သောင်းလောက် ပြန်ရဖို့အကြောင်းရှိနေ ပါတယ်"

"ခင်ဗျားက မိုးကို ကိုယ်စားပြုပြီး လာပြောနေတာလား" ဟု ဒေးလ်ကပြန်မေးသည်။

"မဟုတ်ပါဘူး"

"ဒါဖြင့် ခင်ဗျားက ဘယ်သူ့ကို ကိုယ်စားပြုတာလဲ"

"စိတ်ဝင်စားစရာ ပုဂ္ဂိုလ်တစ်ချို့လို့ပဲဆိုပါစို့လေ"

"အဲဒီလူတွေ ဘယ်သူတွေလဲဆိုတာ ကျုပ်ကို မပြောပြနိုင် ဘူးလား"

"ဘယ်သူတွေဆိုတာ သိရတော့ ဒီကိစ္စမှာ ခင်ဗျားအနေနဲ့ သဘောထားထူးခြားစရာရှိလို့ပါလား"

"ဖြစ်ကောင်း ဖြစ်နိုင်တယ်လေ"

"ဘယ်လိုထူးခြားနိုင်တယ်ဆိုတာ ကျွန်တော်သိခွင့်ရှိမလား"





ဒေးလ်က ခေတ္တမျှ တုံ့ဆိုင်းနေပြီးမှ ပြောသည်။

"လူလိမ်တစ်ယောက်နဲ့တော့ ကျုပ်က အပေးအယူ လုပ်လိမ့်မယ်မဟုတ်ဘူးဗျ၊ ဒါတွင်မကဘူး၊ လူလိမ်တစ်ယောက်ကို ကိုယ်စားပြုလာတဲ့ ဘယ်သူနဲ့မဆို အပေးအယူလုပ်ဖို့ စိတ်မကူးဘူး"

"ခင်ဗျား ကုမ္ပဏီအနေနဲ့ ဆုံးထားတဲ့ငွေထဲက ဒေါ်လာ နှစ်သောင်း ပြန်ရမှာကိုတော့ ကြိုဆိုလိမ့်မယ်ထင်တာပဲ"

"ဖြစ်နိုင်ပါတယ်လေ"

မေဆင်က စကားခေတ္တဖြတ်၍ ဆယ်လင်ဒါဘက်သို့ လှည့်ကာ "ကျုပ်ဆေးလိပ်သောက်နိုင်ပါသလား" ဟု မေးကာ အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူသည်။

ဆယ်လင်ဒါက "ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်မလည်း တစ်လိပ်လောက်သောက်ပါရစေ မစ္စတာမေဆင်"ဟု ပြန်ပြောသည်။

မေဆင်က သူမအား စီးကရက်မီးညှိပေးပြီး သူကိုယ်တိုင် လည်း တစ်လိပ်ညှိသောက်သည်၊ ထိုစဉ် မစ္စတာ ဒေးလ်က မေဆင်အား အကဲခတ်သကဲ့သို့ ကြည့်နေရာမှ "ဒီမှာ မစ္စတာ မေဆင်၊ ခင်ဗျားဘယ်သူ့ကို ကိုယ်စားပြုတယ်ဆိုတာ ကျုပ်ကို မပြောသေးဘူးနော်" ဟုပြောလိုက်သည်။

"ကျုပ်ဟာ မစ္စတာမိုးကို ကိုယ်စားပြုနေတာ မဟုတ်ကြောင်း ပြောပြီးပြီပဲ"

"မစ္စတာမိုးကို ကိုယ်စားပြုနေတာမဟုတ်ဘူးဆိုရင် ခင်ဗျား ပြောတဲ့ပိုက်ဆံတွေ ပြန်ရဖို့ဆိုတာ ဘယ်လိုနည်းနဲ့ ခင်ဗျားက အာမခံနိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံတွေ ပြန်ရပါစေလိမ့်မယ်လို့ ကျုပ်ကလည်း အာမခံနေတာ မဟုတ်ပါလား၊ ကျုပ်အနေနဲ့ မေးခွန်းတွေမေးနေတာပဲရှိတယ်"

"ရှင်းရှင်းပြောကြရအောင်ဗျာ၊ခင်ဗျားကဘာမေးချင်တာလဲ"

"ကုမ္ပဏီအနေနဲ့ ဆုံးထားတဲ့ ငွေတွေထဲက ခန့်မှန်းခြေ ဒေါ်လာနှစ်သောင်းလောက်ပြန်ရဖို့အတွက် လိုက်လျောချက် တချို့ လုပ်ပေးဖို့ ဆန္ဒရှိသလားဆိုတာ မေးချင်တာပဲ"

"ကျုပ်ကုမ္ပဏီအနေနဲ့ကတော့ ဆုံးသွားတဲ့ငွေ ပြန်ရချင်တာ ခမ္မတာပဲပေါ့၊ ဒီအတွက်လိုက်လျောချက်တွေ ပေးရမယ်ဆိုရင်လည်း ပေးရပေမှာပဲပေါ့"

"ဘယ်လိုလိုက်လျောနိုင်မလဲ"

"ခင်ဗျားက ဘယ်လိုဖြစ်စေချင်သလဲ"

"ပထမတစ်ချက်က မစ္စတာမိုးနဲ့ အပေးအယူလုပ်လို့ မပြီးသေးမချင်း မစ္စတာမိုးကို မဖမ်းပါဘူးလို့ သဘောတူရမယ်၊ အပြစ်ကိုဝန်ခံတဲ့အခါမှာလည်း မစ္စတာမိုးအနေနဲ့ သူကြိုက်ရာ နာမည်တစ်ခုခုနဲ့ ဝန်ခံခွင့်ပေးရမယ်၊ ပြစ်ဒဏ်ချတဲ့အခါမှာလည်း အဲဒီတခြား နာမည်နဲ့ပဲ ကျခံဖို့ ခင်ဗျားတို့ဘက်က သဘောတူထားရမယ်"

"ဒီမယ် မစ္စတာမေဆင်၊ ပိုက်ဆံတွေပြန်ရပါစေမယ်လို့ ခင်ဗျားရဲ့ အပြောတစ်ခုတည်းနဲ့ မစ္စတာမိုးကို ကျုပ်တို့က ထိထိရောက်ရောက် အရေးမယူဖို့ အာမခံရမလိုဖြစ်နေပြီပဲ"





မေဆင်က ခေါင်းယမ်းပြ၍ ဆက်ပြောသည်။

"ကျုပ်ဘက်က စကားတည်အောင် လုပ်ပေးမယ်လေ၊ ကျုပ်ရဲ့ ဘဏ်စာရင်းထဲမှာ ခန့်မှန်းခြေ ဒေါ်လာနှစ်သောင်းလောက် သွင်းထားမယ်၊ ကျုပ်လက်ထဲ အဲဒီငွေရပြီးတဲ့အခါကျမှ ခင်ဗျားဘက်က ကာလအပိုင်းအခြားတစ်ခုအတွင်း . . .၊ ဆိုကြပါစို့ နှစ်ပတ်အတွင်း မစ္စတာမိုးကို ဥပဒေကြောင်းနဲ့ အရေးမယူပါဘူးဆိုတဲ့ သဘောတူညီချက်ပေးဖို့ ပြောတာပါ"

"အင်း . . . ဒီအတိုင်းဆိုရင်တော့ အစီအစဉ် လုပ်နိုင်လိမ့်မယ်ထင်ပါတယ်"ဟု ဒေးလ်က ခပ်ဖြည်းဖြည်းပြန်ပြောသည်။

မေဆင်က . . .

"ကျုပ်သိထားသလောက်တော့ ခုအထိ မစ္စတာမိုးကိုဖမ်းဖို့ ဆီးဖို့မလုပ်ရသေးဘူး မဟုတ်လား" ဟုမေးသည်။

"အဲဒါတော့ ကျုပ်လည်း တိတိကျကျမပြောတတ်ဘူး" ဟု ရှေ့တာဒေးလ်က စဉ်းစဉ်းစားစားဖြင့် ပြန်ပြောသည်။

"ဒါပေမယ့် ကျုပ်ပြောတဲ့အတိုင်း ပိုက်ဆံပြန်ရဖို့အတွက် ခင်ဗျား ဘက်ကလိုက်လျောဖို့ ဆန္ဒရှိတယ်ဆိုတာတော့ အတိအကျ အာမခံတဲ့အကြောင်း ကျုပ်ကိုပြောနိုင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ခင်ဗျားရဲ့ မေတ္တာရပ်ခံချက်ကို လက်ခံဖို့ ကျုပ်တို့က ဆန္ဒရှိပါတယ်၊ မစ္စတာမိုးဆီက ကျန်နေသေးတဲ့ ပိုက်ဆံတွေ ပြန်ပေးမယ်ဆိုရင် သူ့အပေါ်မှာ လိုက်လျောချက်တစ်ချို့ ပေးဖို့ ကျုပ်တို့အနေနဲ့ အခွင့်အာဏာရှိသမျှ ဆောင်ရွက်ပေးသွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါထက် မစ္စတာမေဆင်၊ ဘာဖြစ်လို့ ခန့်မှန်းခြေဒေါ်လာနှစ်သောင်း ပြန်ရမယ်လို့ ပြောနေတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ မစ္စတာမိုးရဲ့ လက်ထဲမှာ ပိုက်ဆံ ဘယ်လောက်ကျန်သေးတယ်ဆိုတာ ကျုပ်မသိလို့ဘဲ"

ဤတွင် မစ္စတာဒေးလ်က မသက်ာဖြစ်လာဟန်ဖြင့် ပြောလိုက်သည်။

"ခုနက ခင်ဗျားကမ်းလှမ်းချက်မှာ ဒေါ်လာနှစ်သောင်း ပြန်ပေးမယ်လို့ ဆိုထားတယ်လေ"

"ကျုပ်ပြောခဲ့တာ ကမ်းလှမ်းချက်မှ မဟုတ်ဘဲ၊ ခင်ဗျားတို့ မေးခွန်းပဲ မေးခဲ့တာပဲ၊ ပြီးတော့ ခန့်မှန်းခြေဒေါ်လာနှစ်သောင်းလို့ ပြောခဲ့တာနော်"

"ကောင်းပြီလေ၊ ဒေါ်လာနှစ်သောင်းထက် ပိုရင် တစ်ထောင် လျော့ရင် တစ်ထောင်လို့ အကြမ်းဖျင်းလျာထားလိုက်မယ်ဗျာ ဘယ့်နှယ့်လဲ"

"ကျုပ်အနေနဲ့ကတော့ တိတိကျကျ ဘာမှသတ်မှတ်မထား နိုင်ဘူး၊ ခုလောလောဆယ်မှာတော့ မေးစရာရှိတာပဲ မေးနိုင်ဦးမယ် သတ်မှတ်ချက်ကတော့ နောက်တော့လာမှာပေါ့၊ အဲဒီအခါကျရင် ကျုပ်အနေနဲ့ ဘယ်လိုကမ်းလှမ်းရမယ်ဆိုတာ အတိအကျသိမှာပဲ"

"ကောင်းပါပြီလေ၊ ကျုပ်ရဲ့သဘောထားကိုတော့ ခင်ဗျား သိပြီမဟုတ်လား မစ္စတာမေဆင်"ဟု မစ္စတာဒေးလ်က ပြောလိုက် သည်။ ဤနေရာတွင် ဆယ်လင်ဒါဒေးလ်က ဝင်ပြောသည်။





"ဒါနဲ့ရှင် . . . မစ္စတာမေဆင်ဟာ ကျွန်မတို့နဲ့ အတူတူ ဒီသင်္ဘောပေါ်မှာ လေးရက်လုံးလုံးရှိနေရာက ဖေဖေ့ဆီခုမှ ဒီကိစ္စ သာဆွေးနွေးတာ အဆန်းပဲနော်"

မေဆင်က ဆယ်လင်ဒါအား လှမ်းကြည့်၍ ပြန်ပြောသည်။

"ခင်ဗျားရဲ့အဖေဟာ အဲဒီကုမ္ပဏီရဲ့ ဥက္ကဋ္ဌဆိုတာ ကျုပ်မှ သိခဲ့ဘဲ"

"ရှင့်အမှုသည်တွေဟာ ဒီသင်္ဘောပေါ်မှာပဲ ပါလာတယ်လို့ ကျွန်မတို့ ယူဆရမှာလား" ဟု ဆယ်လင်ဒါက ရိုးရိုးသားသား သိချင်ဟန်ဖြင့် မေးသည်။

မေဆင်က ပြုံး၍ပြန်ဖြေသည်။

"ခုအချိန်ထိတော့ ကျုပ်ဟာ မစ္စတာမိုးကို ကိုယ်စားပြု နေတာ မဟုတ်ကြောင်းကလွဲလို့ ကျုပ်အမှုသည်နဲ့ ပတ်သက်ပြီး ဘယ်မေးခွန်းကိုမဆို မဖြေသင့်သေးဘူးထင်တယ်"

"ဒါဖြင့် ရှင့်အမှုသည်ဟာ ဒီသင်္ဘောပေါ်မှာ မရှိဘူးပေါ့ ဟုတ်လား"

"အင်း . . . တကယ်က ခင်ဗျားဟာ ရှေ့နေလုပ်ဖို့တောင် ကောင်းနေပြီ" ဟု မေဆင်က ပြန်ပြောလိုက်သည်။

ဤတွင် မစ္စတာဒေးလ်က . . .

"ကျုပ်သမီးရဲ့မေးခွန်းကို ခင်ဗျားမဖြေသေးဘူး မစ္စတာ မေဆင်" ဟု ဝင်ပြောသည်။

မေဆင်က မစ္စတာဒေးလ်အား စူးစိုက်ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မဖြေဘူးလေ၊ ကျုပ်မပြောနိုင်သေးဘူးလို့ ဆိုထားပြီးပြီပဲ"

ထိုနောက် စက္ကန့်အတန်ကြာမျှ တိတ်ဆိတ်နေကြပြီး ခဏအကြာတွင် မစ္စတာဒေးလ်က မတ်တတ်ထရပ်လိုက်၍ . . .

"ကောင်းပြီ မစ္စတာမေဆင်၊ ကျုပ်သဘောထားကို ခင်ဗျားနားလည်ပြီမဟုတ်လား" ဟုပြောလိုက်သည်။

မေဆင်ကလည်းထရပ်လိုက်ပြီး မစ္စတာဒေးလ်ကို အပေါ်စီးကြည့်ကာ . . .

"ဟုတ်ပါပြီ၊ ကျုပ်တို့တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု မလွဲကြဖို့တော့လိုတယ် ခုအချိန်မှာတော့ ခင်ဗျားဘက်ကလည်း ကုမ္ပဏီကို ကိုယ်စားပြုပြီး ဘာကတိမှ မပေးပါနဲ့ဦး၊ တော့တောဆိုင်ဆိုင် ဖြစ်ကြတဲ့အခါကျမှ ကျုပ်ဘက်ကလည်း မျှမျှတတဆောင်ရွက်ပေးပါ့မယ်၊ ခင်ဗျားကုမ္ပဏီအနေနဲ့လည်း ကျုပ်အပေါ်မှာမျှမျှတတရှိစေချင်တယ်"

"ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ မစ္စတာမေဆင်" ဟု မစ္စတာဒေးလ်က အေးအေးစက်စက်လေသံဖြင့် မေးသည်။

"ကျုပ်ဆိုလိုတာက ဒီလိုပါ၊ ခင်ဗျားဘက်က လိုက်လျောတဲ့သဘောထားရှိပေမယ့် ခင်ဗျားရဲ့ စာရင်းစစ်ရွှန်နီဆိုတဲ့ လူကတော့ အဲဒီသဘောထားမျိုးရှိပုံမရဘူးဗျ၊ တကယ်လို့ ကျုပ်တို့သဘောတူညီချက်တစ်ခုရရင် အဲဒီသဘောတူညီချက်အရ အပေးအယူစည်းကမ်းချက်တွေကို ရွှန်နီက နားလည်မှု တလွဲဖြစ်မှာ ကျုပ်မလိုလားဘူး"

"မပူပါနဲ့လေ၊ ရွှန်နီက ကျုပ်မိန်းမ ညီမရဲ့ ယောကျ်ားပဲ ကျုပ်ပြောစကားနားထောင်ပါတယ်"





"ရွှန်နီအနေနဲ့ နားလည်မှုတလွဲဖြစ်မှာ မရှိစေရဘူးလို့ ကျုပ်အနေနဲ့ သေချာချင်ပါတယ်"

"အဲဒီလို မဖြစ်စေရဘူးဗျာ၊ ကျုပ်အာမခံတယ်" ဟု မစ္စတာဒေးလ်က ပြောလိုက်သည်။

မေဆင်က အခန်းတံခါးဖွင့်ရန် လက်ကိုင်ဖုကို ကိုင်လိုက်စဉ် ဆယ်လင်ဒါဒေးလ်က "ဖေဖေ၊ မစ္စတာ မေဆင်ဆီက တိတိကျကျကမ်းလှမ်းချက် ဘယ်တော့ရမယ်ဆိုတာ အချိန်အကန့်အသတ်လုပ်ထားရင် မကောင်းဘူးလား"

"အေး . . . ဟုတ်သားပဲ၊ ကျုပ်တို့ဘယ်တော့လောက်သိရမယ်ဆိုတာ အချိန်အကန့်အသတ်ထားကြရအောင် မစ္စတာမေဆင်" ဟု မစ္စတာဒေးလ်က ပြောသည်။

မေဆင်က ဆယ်လင်ဒါအားပြုံး၍ လှမ်းကြည့်ပြီး၊ "အဲဒါတော့ မဖြစ်နိုင်ပါဘူး၊ တိတိကျကျ ကမ်းလှမ်းချက် လုပ်နိုင်ဖို့အတွက် ကျုပ်အနေနဲ့ ကြိုးမဲ့ ကြေးနန်းရိုက်ပြီးမေးရ မြန်းရမှာတွေအများကြီးရှိပါသေးတယ်" ဟု ပြောလိုက်သည်။

"ဒါပေမယ့် ကျုပ်တို့ သဘော်ကမ်းမကပ်ခင် မဖြစ်နိုင်ဘူးလား"

"အင်း . . . သဘော်ကမ်းမကပ်ခင် ဖြစ်နိုင်မယ်လို့တော့ မျှော်လင့်ပါရဲ့" ဟု မေဆင်က ပြန်ပြောပြီး တံခါးဖွင့်၍ ထွက်လာခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝသို့ပြန်လာပြီး မေဆင်အဝတ်အစားလဲသည်၊ ထို့နောက် ညစာစားပွဲကျင်းပရာ ခန်းမကြီးထဲသို့ လျှောက်သွားသည်၊ မစ္စတ်မိုးအား ထောင့်ကျကျ စားပွဲတစ်ခုတွင် ထိုင်နေသည်ကိုတွေ့ရသည်၊ မေဆင်က အသံကိုမြှင့်၍ လှမ်းနှုတ်ဆက်သည်၊ ထို့နောက် မစ္စတ်မိုးအား ကြက်မြီးအရက်အတူသောက်ကြရန် ဖိတ်ခေါ်သည်၊ ၎င်းတို့အတူ ထိုင်မိကြပြီးနောက် မစ္စတ်မိုးက လေသံကို နှိမ့်၍ "ဘာထူးသလဲ" ဟုမေးသည်။

"မစ္စတာဒေးလ်ဟာ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဆိုတာ ကျွန်တော့် အတွင်းရေးမှူး ဒယ်လာက ခင်ဗျားကို ပြောပြပြီးပြီ မဟုတ်လား. . ."

"ဟုတ်ကဲ့ . . . ပြောပါတယ်၊ သူ့ဆီကို ရှင်သွားတွေ့နေတယ် ဆိုတာလည်း ပြောပါတယ်၊ ပြီးရင် . . . ရှင် ဒီကို လာမှာပဲဆိုပြီး ကျွန်မ လာစောင့်နေတာ"

"မစ္စတာဒေးလ်ကတော့ ငွေတွေပြန်ရချင်နေတယ်၊ သူ့ဘက် ကတော့ ဘာမဆိုကတိပေးမယ့်ပုံပဲ၊ ငွေတွေပြန်ရပြီးတော့မှ ဒီကိစ္စဟာ ကုမ္ပဏီဒါရိုက်တာအဖွဲ့နဲ့သာ ဆိုင်တယ်ဆိုပြီး လွှဲချချင်လွှဲချလိမ့်မယ်"

"အဲဒီလိုမဖြစ်အောင် ကျွန်မတို့ ဘယ်လိုကာကွယ်နိုင်မလဲ"

"ဒီလိုလုပ်ကြရအောင်၊ ပထမဆုံး ပိုက်ဆံတွေကို ကျွန်တော့် လက်ထဲထည့်ပေးထား ပြီးတော့မှ သူ့ဟို့ဘက်က နှစ်ဖက်သွား လုပ်ပြီး တပတ်မရိုက်နိုင်အောင် ကျွန်တော်စီစဉ်မယ်၊ ကျွန်တော် ဟာ ခင်ဗျားယောက်ျားကို ကိုယ်စားပြုနေတာ မဟုတ်တော့ လုပ်ရ ကိုင်ရတာ ပိုပြီးလွတ်လပ်တယ်"





"သူ့အဖေနဲ့ ရှင်နဲ့ စကားပြောကြတော့ ဆယ်လင်ဒါကော သလား"

"ဟုတ်တယ် . . . ဆယ်လင်ဒါရှိနေတယ်"

"ကျွန်မတော့ မကြိုက်ဘူးရှင်၊ အဲဒီမိန်းကလေးကို ကျွန်မ တော့ နည်းနည်းကလေးမှ သဘောမကျဘူး၊ သူဟာ ကျွန်မသမီး ယ်တို့ အသေအလဲ မုန်းနေတာရှင့်"

"ထားပါတော့လေ၊ အခုလောလောဆယ် ကျွန်တော်တို့ တ်တ လုပ်စရာရှိတာတွေ အမြန်ဆုံးလုပ်ဖို့လိုတယ်၊ ခင်ဗျား ာက်ျားဆီမှာ ငွေဘယ်လောက်များများ ကျန်သေးတယ်ဆိုတာ ဆေးပြီး ကျွန်တော့် လက်ထဲကို လွှဲပေးထားပါ၊ ဘာတွေ စီစဉ် းတယ်ဆိုတာ ခင်ဗျားယောက်ျားကို ပြောနိုင်တယ်၊ ဒါပေမယ့် ဗျားကို ကိုယ်စားပြုပြီး ဘယ်သူ့အကျိုးဆောင်ပေးနေတယ်ဆို တော့ သူ့ကိုမပြောပါနဲ့"

"ရှင့်ကို သူစကားမပြောစေချင်ဘူးလား"

"ဟင့်အင်း . . . သူနဲ့တော့ ဘာအဆက်အသွယ်မှ မလုပ် ဘူး၊ ခင်ဗျားနဲ့ပဲ ဆက်သွယ်သွားမယ်"

"ငွေတွေကို ရှင်ဘယ်လိုလက်ခံမလဲ"

"ခင်ဗျားယောက်ျားက ခင်ဗျားကို ပေးပြီးတော့မှ ခင်ဗျားက န်တော့်ကို တစ်ဆင့်ပေးပေါ့၊ အဲဒီ ပိုက်ဆံတွေဟာ စာရင်းလိမ် းတဲ့ ပိုက်ဆံတွေဆိုတာ ကျွန်တော် သိစရာမလိုဘူး၊ ကုန်ပစ္စည်း ်စင်ရေးကုမ္ပဏီကို အပေးအယူလုပ်ဖို့အတွက် ခင်ဗျားက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပေးတာလို့ပဲ သဘောထားရမယ်၊ ဒါကို ခင်ဗျ
နားလည်တယ်နော်"

"ကောင်းပါပြီရှင်၊ နေဦးမစ္စတာမေဆင်၊ ဟိုမှာ ဆယ်
ဒါဒေးလ် ကျွန်မတို့ကို အကဲခတ်ကြည့်နေတယ်"

မေဆင်က ဟန်မပျက် အားရပါးရရယ်လိုက်ပြီး သူ
အရက်ခွက်ကို မြှောက်လိုက်ကာ မစ္စက်မိုး၏ခွက်နှင့် တို့ထိလိုက်သ
ထို့နောက် အသံနှိမ့်၍ "အသာနေ၊ သိပ်ပြီး အလုပ်သဘောဆန်
အမူအရာမျိုး မပေါ်စေနဲ့၊ သာမန်နေရိုးနေစဉ် အတိုင်းသာနေ

မစ္စက်မိုးကလည်း သူမ၏ ဖန်ခွက်ကို မြှောက်၍ မေဆင်
ကြိုးစားပြီး ပြုံးပြသည်၊ မေဆင်က ဆက်ပြောသည်။

"ဒီကိစ္စကို ခင်ဗျားယောက်ျားနဲ့ ဆွေးနွေးပြီးပြီလား"

"ဟင့်အင်း . . . ဘာမှမပြောရသေးဘူး"

"ခင်ဗျားယောက်ျားက ဒေးလ်ဟာ ကုမ္ပဏီဥက္ကဋ္ဌဆို
သိသလား"

"ဟင့်အင်း . . . သိပုံမရဘူး၊ ကားလ်ဟာ မစ္စတာဒေးလ်
ရင်မဆိုင်မိအောင် ရှောင်ဖို့ကြိုးစားတာလည်း မတွေ့ရဘူး၊ ကုန်းပ
ပေါ်မှာ မစ္စတာဒေးလ်နဲ့ ဆယ်လင်ဒါတို့နဲ့ ခဏခဏ ရင်ဆိုင်တွေ့
တာပဲ၊ ကားလ်ဟာ ဟိုသူနာပြုဆရာမကိုတော့ အတော်ကဒေ
သတိထားပြီးရှောင်တယ်၊ တစ်ယောက်ယောက်ကိုတောင် ပိုက်
ပေးပြီး အဲဒီဆရာမကို စောင့်ကြည့်ခိုင်းထားလားမသိဘူး၊ ဆရာ
သူလူနာ ကုန်းပတ်ပေါ်ရောက်နေရင် ကားလ်တစ်နေရာရာ





သွားရှောင်နေပုံရတယ်၊ ဆရာမနဲ့ လူနာ ကုန်းပတ်ပေါ်မှာ မရှိ
တော့မှသာ ကားလ်ကိုပြန်တွေ့ရတတ်တယ်"

"ကုန်ပစ္စည်းသန့်စင်ရေးကုမ္ပဏီက လုပ်ငန်းအကြီးကြီးဆို
တော့ ဥက္ကဋ္ဌက သာမန်စာရင်းကိုင်တစ်ယောက်ကို မသိတာတော့
အဆန်းမဟုတ်ပါဘူး၊ ဒါပေမယ့် ကားလ်ကတော့ သူ့အလုပ်ရှင်ကို
အနည်းဆုံး ဓာတ်ပုံတော့ မြင်ဖူးရမှာပေါ့၊ ဥက္ကဋ္ဌရဲ့ နာမည်ကိုလည်း
ကောင်းကောင်းသိနေမှာပဲ မဟုတ်ဘူးလား"

"ကားလ်ကတော့ သိချင်လည်းသိမှာပေါ့၊ ဒါပေမယ့် ဥက္ကဋ္ဌ
မစ္စတာဒေးလ်က သူ့ကို နာမည်လောက်ကလွဲလို့ လူကိုမသိဘူးဆို
တာ သူ့ဘက်က သေချာတယ်နဲ့တူတယ်"

"စကားပြောတဲ့ အမူအရာသိပ်ပြီး အလုပ်သဘောမဆန်နဲ့
မစ္စက်မိုး၊ ဆယ်လင်ဒါက ခင်ဗျားကို အကဲခတ်နေတယ်၊ အခု
ခင်ဗျားရယ်လိုက်ပါ၊ ပြီးတော့ ခန်းမထဲဟိုကြည့်သည်ကြည့် ကြည့်
ပါ၊ ခပ်သွက်သွက်ကလေးနော်၊ ပြီးရင် ခင်ဗျားလက်ပတ်နာရီကို
ကြည့်လိုက်၊ ပြီးတော့ ကမန်းကတန်းထပြီး စားပွဲက ထွက်သွား
တော့၊ လောလောဆယ်မှာ ကျွန်တော်တို့ဘက်က အရေးတကြီး
သတိထားရမှာက ဒေးလ်တို့လိုချင်နေတဲ့ တရားခံဟာ သင်္ဘောပေါ်
မှာ ပါလာတယ်ဆိုတာ လုံးဝအသိမခံဖို့ပဲ၊ သိသွားရင်တော့ ဒေးလ်
က သင်္ဘောလုံခြုံရေး အဖွဲ့ကို ချက်ချင်းတိုင်ပြီး ဖမ်းခိုင်းမှာပဲ၊
ပြီးတော့မှ ကျွန်တော်က အပေးအယူလုပ်ဖို့ သွားစကားပြောရင်
ကောင်းကောင်း ဟားလွှတ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကားလ်ဟာ ပိုက်ဆံတွေကို ခါးပတ်အိတ်ထဲမှာ ထည့်ပြီး ကိုယ်နဲ့မကွာ မထားရင်ပိုကောင်းမယ်ထင်တယ်"

"အင်း . . . ကားလ်နဲ့ ပိုက်ဆံတွေနဲ့ အတူတူမရှိရင် ပိုကောင်းတာပေါ့"

ထိုနောက် မေဆင်ပြောသည့်အတိုင်း မစ္စက်မိုး သည် နာရီကို တစ်ချက်ကြည့်လိုက်ကာ ကုလားထိုင်မှ ကမန်းကတန်း ထလိုက်ပြီး "အို . . . ခုမှ သတိရတယ်၊ ကျွန်မသွားလိုက်ဦးမယ်" ဟု ပြောလိုက်သည်၊ မေဆင်ကလည်း ထိုင်ရာမှ ထပြီး ခေါင်းညွတ် နှုတ်ဆက်ရင်း လေသံနှိမ့်၍ "ရယ်ဦးလေ"ဟု သတိပေးလိုက်သည်။

မစ္စက်မိုးက အတော်ကြိုးစား၍ အသံထွက်အောင် ရယ်လိုက်ပြီး ခပ်သွက်သွက် လှည့်ထွက်သွားသည်၊ မေဆင်က စားပွဲတွင်ပြန်ထိုင်ပြီး အရက်ဖန်ခွက်ကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်လျက် နေရာမှ ဆယ်လင်ဒါဒေးလ်ရပ်နေသော တံခါးဝဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်၊ ဆယ်လင်ဒါဒေးလ်ကို မတွေ့ရတော့ချေ။

*  *  *



## အခန်း (၄)

တနင်္ဂနွေနေ့ မွန်းလွဲပိုင်းဖြစ်သည်၊ တောင်လေနှင့် အနောက်လေပြင်းထန်နေ၍ မိုးသည်းသည်းရွာချလျက်ရှိသည်၊ တတိယတန်း ကုန်းပတ် စင်္ကြံ လမ်း၌ လမ်းလျှောက်လာရာ ဘဲလ် နယူးဘာရီနှင့် ရင်ဆိုင်တွေ့သည်၊ ဘဲလ်ကလှမ်းနှုတ်ဆက်ပြီး "ကျွန်မဆရာကြီးကို ရှာနေတာ" ဟုပြောသည်။

"ကြာပြီလား"

"တစ်နေ့လုံးပဲ"

"ကျုပ်က အခန်းထဲမှာပဲ စာဖတ်နေတာ၊ ဘာဖြစ်လို့ အခန်းကို မလာတာလဲ"

ဘဲလ်က ရယ်လျက်ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက တမင်လာတွေ့တာမျိုးမဟုတ်ဘဲ ခုလို လမ်းမှာ ဆုံရင် တွေ့တာမျိုးဖြစ်ချင်တာ"

"ဒါနဲ့ ကျုပ်ကို ရှာနေတာလို့ ဘာလို့ပြောရတာလဲ"ဟု မေဆင်က ပြုံးပြီး စူးစမ်းလိုက်သည်။

ဘဲလ်က မျက်နှာကလေးရှုံ့လိုက်ပြီး . . .

"အဲဒါကတော့ ကျွန်မက ဘွင်းဘွင်းသမားမို့ပါ၊ ဟန်ဆောင် ပန်ဆောင်ဆက်ဆံရေးကို ကျွန်မမုန်းတယ်လေ၊ မိတ်ဆုံခန်းမ ထဲသွား ကြရအောင်၊ ဆရာကြီးကို ကျွန်မပြောစရာရှိတယ်"

မေဆင်က သူမ၏ လက်မောင်းကိုတွဲ၍ ထိန်းပေးကာ မိတ်ဆုံခန်းဆီသို့ လျှောက်လာခဲ့သည်။

"ဒီည သင်္ဘောကကပ်ပတိန်ရဲ့ နှုတ်ဆက်ညစာစားပွဲရှိနေခါ မှ ရာသီဥတုက ဆိုးနေတယ်နော်" ဟု မေဆင်ကပြောသည်။

ဘဲလ်က . . .

"ရာသီဥတုဆိုးနေတာ ပျော်စရာတောင်ကောင်းသေး တယ်၊ စိတ်လှုပ်ရှားစရာပေါ့၊ ခုနေကုန်းပတ်ပေါ် သွားကြည့်ရင် လေတွေအရမ်းတိုက်နေလို့ ရွက်တိုင်ကြီးတွေ ယိမ်းထိုးနေတာ အသံတွေတဝေါဝေါမြည်နေတာ ကြားနေရလိမ့်မယ်"

"ဘဲလ်က မကြောက်ဘူးလား"

"ဟင့်အင်း . . . ကျွန်မတော့ ဒီလိုအတွေ့အကြုံကို စိတ်ဝင်စားစရာလို့ပဲထင်တယ်၊ လေပြင်းတိုက်ပြီး ချောက်ချားစရာ ဖြစ်နေတဲ့ အသံမျိုးဟာ ကိုယ်တိုင် မကြုံရဘဲ သရုပ်ဖော်ပြောဖို့တောင် မလွယ်ဘူး ဆရာကြီးရဲ့"





"အေးကွယ် . . . တို့လည်း လေပြင်းတိုက်တဲ့ အသံကို ထောင်ရတာသဘောကျတယ်၊ မုန်တိုင်းထန်တာကိုလည်း ဘောကျတာပဲ"

ဘဲလ်က မျက်လုံးများပင် တောက်ပြောင်လာပြီး . . .

"ဆရာကြီးလည်း မုန်တိုင်းကျတာကို သဘောကျတာပါပဲ လား" ဟုပြောသည်။

မေဆင်းက "ကိုင်း . . . မုန်တိုင်းအကြောင်းပြောဖို့တော့ ကျုပ်ကို မင်းရှာနေတာ မဟုတ်ဘူးထင်ပါတယ်နော်" ဟု ပြောလိုက် သည်။

"ဟုတ်ကဲ့၊ ကျွန်မ မေမေ့အကြောင်း ပြောချင်လို့ပါ"

"ဘာအကြောင်းပါလိမ့်"

"ဩော် . . . ဖေဖေ့အကြောင်း မေမေက ဆရာကြီးကို ဘာတွေများ ပြောထားသလဲလို့ပါ"

"မင်းအမေက ကျုပ်ကို မင်းအဖေအကြောင်း ပြောခဲ့တယ် လို့ ဘာကြောင့် ထင်ရတာလဲ"

ထိုစဉ် သင်္ဘောမှာ အတော်ကလေး လူးသွား၍ ဘဲလ်က ခေတ္တမျှ ဆိုင်းငံ့နေပြီး မေဆင်အား ဆိုဖာကုလားထိုင် တစ်ခုပေါ်သို့ အသာတွန်း၍ ထိုင်ခိုင်းလိုက်သည်။

"အင်း . . . ကျွန်မတို့ တွေ့ဆုံခြင်းကတော့ ကျွန်မက ဆရာကြီးကို မေးခွန်းတွေမေးပြီး ဆရာကြီးကလည်း မေးခွန်းတွေ နဲ့ပဲ ပြန်ဖြေနေတာ ဖြစ်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအနေနဲ့ သိချင်တာတွေရှိရင် မင်းအမေကို မေး
သွားပဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မ မမေးပါဘူး"

"ဘာဖြစ်လို့ . . ."

"ဘာဖြစ်လို့လဲဆိုတော့ မေမေက . . . ခဏနေပါအုံး
ကျွန်မ ဆရာကြီးကို တဲ့တိုးဖြေတော့မလို့၊ အဲသလို မဖြေသင့်ဘူးလေ
ဒီတော့ ကျွန်မမေးခွန်းတစ်ခု စဉ်းစားမိတယ်၊ မေမေ့ကို ကျွန်
ဘာကြောင့် မေးသင့်သလဲ၊ အဲဒါဆရာကြီးဖြေပါဦး"

"မင်းအမေကို မေးဖို့ကလွဲလို့ တခြား ဘယ်သူ့ကို မေးစ
ရှိသေးလို့လဲ" ဟု မေဆင်က ပြန်မေးသည်။

"တခြား ဘယ်သူ့ကို မေးနိုင်သေးတယ်ဆိုတာ ဆရာကြ
သိလို့လား"

"ကျုပ်မသိဘူးလို့ ထင်စရာအကြောင်းရှိလို့လား"

ဤတွင် ဘဲလ်က ရယ်လိုက်ပြီး . . .

"မေးခွန်းကို မေးခွန်းနဲ့ချည်း တုံ့ပြန်နေတာပဲကိုး၊ ခုအထ
ကျွန်မတို့ ဘာမှ မပြောဖြစ်ကြသေးဘူး၊ ဒီအတိုင်း ဘယ်လောက်
ကြာကြာ ဆက်ပြောနေကြဦးမှာလဲ"

"တစ်ညနေလုံးပေါ့" ဟု မေဆင်က မပြုံးမရယ် ပြန်ပြော
သည်။

"ဒါဖြင့်လည်း ကောင်းပါပြီဆရာကြီးရယ်၊ ကျွန်မမေးချင်
တာ ရှင်းရှင်းမေးပါတော့မယ်၊ ဖေဖေ သူ့အလုပ်ကို စွန့်ခဲ့ပြီး သူ့ရုံး





လုံးဝ ပြန်မသွားတော့ဘူးဆိုတဲ့ အကြောင်း မေမေက ဆရာကြီးကို
ပြောခဲ့တယ်မဟုတ်လား"

"အဲသလို ပြောခဲ့တယ်လို့ မင်းဘာကြောင့် ယူဆရတာလဲ"

"ဒီလိုလေ . . . မေမေဟာ အင်မတန် စိတ်ကောင်းရှိ
ပါတယ်၊ ဒါပေမယ့် အတော်ကလေး ရိုးအ လွန်းတယ်၊ လူကြီးတွေ
အတော်များများဟာ ဒီလိုပါပဲလေ၊ ပြီးခဲ့တဲ့တစ်ရက်က သင်္ဘော
တန်းပတ်ပေါ်မှာ မေမေနဲ့ ဆရာကြီးနဲ့ စကားပြောနေကြတာ ကျွန်မ
တွေ့ရတယ်၊ ဒါပေမယ့် ကျွန်မလည်း ရောက်လာရော မေမေက
စကားကို ဖြတ်ပစ်လိုက်တယ်၊ အဲဒီတော့ မေမေနဲ့ ဆရာကြီးဟာ
ကျွန်မ မသိစေချင်တဲ့ အကြောင်းတစ်ခု ခုကို ဆွေးနွေးနေကြတယ်
ဆိုတာ ကျွန်မ ရိပ်မိတယ်၊ အဲဒါဟာလဲ ဖေဖေ့အကြောင်းနဲ့ ကျွန်မ
တို့ ရုတ်တရက် ချမ်းချမ်းသာသာ ဖြစ်လာတဲ့ အကြောင်းပဲလို့ ကျွန်မ
ထင်တယ်"

"နေစမ်းပါဦးကွယ်၊ အဲဒီလိုယူဆစရာ ဘာလို့ဖြစ်ရတာ
လဲ . . ."

ဘဲလ်က သက်ပြင်းတစ်ချက်ချပြီးပြောသည်။

"ဆရာကြီးကတော့ တကယ်ပဲ တစ်ညနေလုံး မေးခွန်းတွေ
ချည်း ပြန်မေးနေတော့မယ်ထင်တယ်၊ တကယ်က ကျွန်မ ဆရာကြီး
ကို မေးခွန်းထုတ်ဖို့ ကြိုးစားနေတာ၊ ခုတော့ ဆရာကြီးမေးခွန်းတွေကို
ပြန်ဖြေနေရတဲ့ ဘဝရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးလေ၊ ပထမဆုံးအနေနဲ့ ကျုပ်ဆီကို မင်းဘာကြောင့် လာတွေ့တာလဲဆိုတာ ကျုပ်သဘောမပေါက်ဘူး တစ်ခုခုပြောချင်လို့ပဲ မဟုတ်လား"

"ကျွန်မကို မေးခွန်းတွေ ဆက်မထုတ်ပါနဲ့တော့ ဆရာကြီး ရယ်၊ ကျွန်မမေးချင်တာကို မေးပါရစေတော့၊ ဆက်ပြောကြမယ့် အမေးအဖြေတွေကို ကျွန်မပဲ ပြောပြခုလျှို့ဝှက်လုပ်ဖို့ ကြိုးစား နေသလားလို့ မေးရင် ဆရာကြီးက မင်းမသိအောင် ထိမ်ချန်ထား ရမယ့်ကိစ္စရှိနေတယ်လို့ မင်းဘာလို့ထင်သလဲလို့ ပြန်မေးမယ်၊ အဲဒီ တော့ ကျွန်မက ဖေဖေ့အကြောင်း လျှို့ဝှက်ချက် တစ်ခု ခု ဖြစ်နေမလား လို့ပြောရင် ဆရာကြီးက မင်းအဖေအကြောင်းကို မင်းမသိအောင် ထိမ်ချန်ထားစရာဘာအကြောင်းရှိနိုင်သလဲလို့ပြန်မေးမယ်၊ ဒီတော့ ကျွန်မက ဖေဖေဟာ ပြီးခဲ့တဲ့နှစ်လလောက်က ထူးထူးဆန်းဆန်း လုပ်ခဲ့တာတစ်ခုရှိခဲ့တယ်လို့ပြန်ပြောမယ်၊ အဲဒီအခါ ဆရာကြီးက ဘာတွေထူးထူးဆန်းဆန်းလုပ်ခဲ့လို့လဲလို့မေးဦးမယ်၊ ဒီတော့ ကျွန်မက ဆရာကြီးကို မေမေက ပြောမပြဘူးလားလို့ပြန်မေးမယ် အဲဒီအခါ ဆရာကြီးက . . . အိုရှင် . . . ဒီလိုနဲ့ပဲ ကျွန်မသိချင်တဲ့ လိုရင်း မရောက်တော့ဘဲ အမေးအဖြေသံသရာရှည်နေကြတော့မှာပဲ ဒီတော့ ကျွန်မတောင်းပန်ချင်တာက ဆရာကြီးအနေနဲ့ မေမေ ပြောတာကိုချည်းပဲ မယုံတည်မစဉ်းစားဘဲ ဖေဖေ့ဘက်ကပြောတာ ကိုလည်း နားထောင်စေချင်ပါတယ်၊ ဖေဖေနဲ့ဆရာကြီးနဲ့တွေ့ပြီးစကား ပြောကြဖို့ ကျွန်မစီစဉ်ပေးပါ့မယ်၊ ဖေဖေဟာ ထူးထူးဆန်းဆန်း





လုပ်ခဲ့တာရှိပေမယ့် ရှက်စရာကောင်းတဲ့အလုပ်မျိုးလုပ်ခဲ့တာမဖြစ် နိုင်ပါဘူး၊ ဒါကြောင့် ဆရာကြီးတို့ တခြားအစီအစဉ်တွေမလုပ်ခင် ဖေဖေနဲ့ စကားပြောလိုက်ပါဦးလို့ကျွန်မတောင်းပန်တာပါ"

"မင်းရဲ့အဖေဟာ ကျုပ်အပေါ်မှာ မလိုမလားဖြစ်မနေဘူး လို့ မင်းထင်သလား" ဟု မေဆင်ကမေးသည်။

"လုံးဝ မဖြစ်ပါဘူးရှင်၊ သူဟာ ကျွန်မသိခဲ့ဖူးသမျှလူတွေ ထဲမှာ စိတ်သဘောထားအကြီးဆုံးလူတစ်ယောက်ပါ၊ ဖေဖေဟာ ဆရာကြီးနဲ့မေမေနဲ့တွေ့ပြီး စကားတွေပြောခဲ့ကြတာကိုသိတယ်၊ ပြီးတော့. . ."

မေဆင်က ကြားဖြတ်၍ပြောသည်။

"ပြီးတော့ မင်းအဖေက ကျုပ်ကို သိသိသာသာရှောင်နေ ခဲ့တယ်၊ မင်းအမေကလည်း ပြောဖူးတယ်၊ မစ္စတာမိုးဟာ ရှေ့နေတွေ အပေါ်မှာ အတော်ကလေး မလိုမလား သဘောထားမျိုးရှိတယ်တဲ့"

"အဲဒါဖေဖေ့အကြောင်းကို မေမေက တစ်မျိုးနားလည်ထား တာပါ၊ ဟုတ်ပါတယ်၊ ဖေဖေဟာ ရာဇဝတ်မှုလိုက်တဲ့ရှေ့နေတွေကို သဘောမကျခဲ့ဖူးတာအမှန်ပါပဲ၊ ဒါပေမယ့် အဲဒါဟာလည်း ဖေဖေ တရားစီရင်ရေးအဖွဲ့ဝင် ဂျူရီလူကြီးတစ်ယောက်အဖြစ် တာဝန် ယူခဲ့ရခင်တုန်းကပါ၊ အဲဒီတုန်းက ဖေဖေတို့အဖွဲ့ဟာ လူသတ်မှု တစ်ခုကို ကြားနာခဲ့ရပါတယ်၊ တရားခံအဖြစ် တရားစွဲခံရတဲ့လူဟာ တကယ့်ကို အပြစ်မရှိတဲ့လူဖြစ်နေတယ်၊ ဒါပေမယ့် တရားခံရှေ့နေ ဒန်ဒင်စီဆိုတဲ့ လူကသူ့အမှုသည်ကို ပြန်ပြီးချောက်ချခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဖေဖေ့ကိုတော့ သူတို့ တပတ်ရိုက်လို့မရဘူး၊ ဖေဖေက တရားခံကို လွတ်အောင်ကြိုးစားပေးခဲ့တယ်၊ ကျန်တဲ့ ဂျူရီလူကြီး ၁၁ ယောက်က ပထမတော့ ဖေဖေနဲ့ဆန့်ကျင်ပြီး တရားခံကို အပြစ်ချဖို့လုပ်ခဲ့ကြတယ်၊ နောက်ဆုံးတော့ အဲဒီဂျူရီလူကြီး ၁၁ ယောက်စလုံးကို တရားခံဟာ အပြစ်မရှိကြောင်း ယုံကြည်လက်ခံလာအောင် ဖေဖေ သိမ်းသွင်းနိုင်ခဲ့တယ်၊ ဒါဟာ ဖေဖေနဲ့ ပတ်သက်ပြီး သူ့သဘောထား ကို ဆရာကြီးအကဲခတ်နိုင်ပါလိမ့်မယ်၊ ဖေဖေက ဘယ်သူမဆို တစ်ကြိမ်တစ်ခါမှာ ရာဇဝတ်မှုနဲ့စွပ်စွဲခံရပြီး ပတ်ဝန်းကျင် အထောက်အထားတွေကလည်း သူ့အပေါ် အပြစ်ရှိတယ်လို့ထင်စရာတွေဖြစ်နေ တတ်တယ်၊ အဲဒီအခါမျိုးမှာ တရားခံရှေ့နေတွေဟာ ပိုပြီးပါးနပ် လိမ္မာဖို့လိုတယ်လို့ ပြောဖူးတယ်၊ ဗန်ဒင်စီလိုရှေ့နေမျိုးကို ဖေဖေက အရည်အချင်းမရှိတဲ့ရှေ့နေလို့ထင်ရုံသာမက လူလိမ်လူကောက် တစ်ယောက်လို့လည်း သတ်မှတ်တယ်၊ တစ်နေ့နေ့မှာ ဖေဖေကိုယ်တိုင် လည်း အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရဆိုသလို ရာဇဝတ်မှုနဲ့ အစွပ်အစွဲခံရကောင်းခံရနိုင်တယ်၊ အဲဒီအခါကျရင် ဖေဖေ့အတွက် အကျိုးဆောင်ဖို့ရှေ့နေကောင်းကောင်းပဲလိုချင်တယ်လို့ ပြောဖူးပါတယ်"

"အေးကွယ် မင်းပြောသွားတဲ့အတိုင်းဆိုရင် မင်းရဲ့ဖေဖေဟာ အတော်သဘောထားဖြောင့်မှန်တာပဲ"

"ဆရာကြီး သူနဲ့တွေ့ကြည့်ပါ၊ သူပြောတာကိုလည်း နားထောင်ကြည့်ပါဦး"





"ဒီမယ်ဘဲလ် မင်းကိုတော့ ပွင့်ပွင့်လင်းလင်းပဲပြောတော့မယ်၊ မင်းအဖေကိုတွေ့လည်းမတွေ့ချင်ဘူး၊ စကားလည်းမပြောချင်ဘူး"

"ဘာ့ကြောင့်လဲဆရာကြီးရယ်"

"ကျုပ်ရှင်းမပြနိုင်ဘူးကွယ်"

"ဒီမယ် ဆရာကြီး၊ ကျွန်မလည်း ကလေးလေးမဟုတ်တော့ပါဘူး၊ ကျွန်မတွေးလို့ရတာတွေရှိပါတယ်၊ ဖေဖေဟာ ကံစမ်းထီတစ်ခုပေါက်လို့ ပိုက်ဆံတော်တော်များများရလာခဲ့တယ်၊ တကယ်လို့ အဲဒါဟာ တရားမဝင်လုပ်ငန်းတစ်ခုဖြစ်နေတယ်ဆိုရင် ဖေဖေဟာ အဲဒီပိုက်ဆံတွေကိုပြန်ပေးမှာပဲ၊ ဒါပေမယ့်သဘော်ဆိပ်ကမ်းကပ်ပြီးတဲ့အထိတော့ ဆရာကြီးတို့ဘာမှမလုပ်ကြပါနဲ့ဦး၊ အဲဒါတစ်ခုတော့ ကျွန်မအထူးတောင်းပန်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတာ ဆရာကြီးသိမယ်ထင်ပါတယ်"

"ကျုပ်သိပါတယ်၊ ပြီးတော့ . . . တစ်ခုပြောချင်တာက မင်းရဲ့ အမေဟာ မင်းရဲ့အကျိုးကို အရူးလိုက်သည်းလိုက်လိုလားလို့ ကျုပ်နဲ့ ဆက်သွယ်ပြီး ကြိုးစားနေတယ်ဆိုတာ မင်းနားလည်ထားစေချင်တယ်"

ဘဲလ်၏ မျက်ဝန်းအစုံတွင် မျက်ရည်များရစ်ဝိုင်းလာပြီး

"ကျွန်မနားလည်ပါတယ်ရှင်၊ ကျွန်မဘဝကိုလည်း ကျွန်မမေ့ပါဘူး၊ တကယ်ကတော့ ရှိုင်းဟာ ကျွန်မနဲ့ အဆင့်အတန်းမတူပါဘူး၊ ရှိုင်းနဲ့စိတ်ကူးယဉ်ပြီး တွဲနေမိတာ တစ်နေ့မှာ ကျွန်မဝေဒနာခံစား ရမယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမယ့် မေမေဖြစ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ကားလ်ကဖြစ်ဖြစ် နှစ်ယောက်စလုံးကဖြစ်ဖြစ် ကျွန်မအတွက် အခွင့်အလမ်း ပေါ်လာအောင် ကြိုးစားကြမှာကို ကျွန်မစိုးရိမ်မိတယ်၊ သူတို့ တတ်လည်းမတတ်နိုင်ကြပါဘူး၊ ရှင်းနဲ့ကျွန်မဟာ တစ်ကမ္ဘာဆီပါ၊ ခုလို အပျော်စီးသင်္ဘောကြီးပေါ်မှာ ကြုံကြဆုံကြတုန်း တစ်ခဏမှာ ကျွန်မတို့ဟန်ဆောင်နေနိုင်ကြပေမယ့် ပြည်မကို ပြန်ရောက်ကြတဲ့အခါ ဘဝမှန်ပေါ်လာကြမှာပဲ၊ ဒီကြားထဲမှာ ကျွန်မ မျက်နှာမပျက် ရအောင်ဆိုပြီး မေမေက ကားလ်ကို ကွာရှင်းဖို့ စီစဉ်နေသေးသလား ကျွန်မသိချင်ပါတယ်ဆရာကြီး"

"မင်းမေမေနဲ့ကျုပ်နဲ့ ဆွေးနွေးကြတာ အဲဒီအကြောင်း မဟုတ်ပါဘူးကွယ်" ဟု မေဆင်က ကြင်နာစွာပြောလိုက်သည်။

ဘဲလ်က သူမ၏ကုလားထိုင်ကို နောက်သို့တွန်း၍ထလိုက်သည်။ ထိုစဉ် သင်္ဘောလူးသွားသဖြင့် သူမမှာ ဒယိမ်းဒယိုင်ဖြစ်သွားသည်။ မေဆင်က ခုန်လှမ်း၍ ဝှေ့တိုးလိုက်ပြီး သူမ၏လက်မောင်းကို ဆွဲကိုင်ထိန်းပေးလိုက်သည်။

ဘဲလ်ကပြောသည်။

"တစ်ဆိတ် ဆရာကြီးရယ်၊ ကျွန်မအတွက် ဘယ်လိုမှအကျိုးမရှိတဲ့စွန့်လွှတ်မှုတွေ မေမေ့ကိုမလုပ်ပါစေနဲ့၊ မေမေက အခြေအနေမှန်ကို ကျွန်မသိသလိုသိတာမဟုတ်ဘူး၊ နက်ဖြန်မနက် ဆိပ်ကမ်းကို သင်္ဘောကပ်ပြီးရင် ဇာတ်လမ်းက ပြီးသွားတော့မှာပါ"

"ရှင်းက မင်းကိုမခွာဘဲ ဆက်ပြီး အဆက်အသွယ်လုပ်နေဖို့ ကြိုးစားလိမ့်မယ်မထင်ဘူးလား"





"သူကကြိုးစားရင်တောင် ကျွန်မကခွင့်မပြုပါဘူး ဆရာကြီး၊ သူ့ဘဝထဲက ကျွန်မရှုန်းထွက်ပြီး လုံးဝဖြတ်ပစ်တော့မှာပါ၊ ဖေဖေက ထီပေါက်လို့ ပိုက်ဆံနည်းနည်းပါးပါးရခဲ့တာနဲ့ ခုလို ခေတ္တခဏအဆင့်အတန်းမြင့်မြင့် ခရီးသွားလာနိုင်ခဲ့တာပါ၊ ခုလိုသာ ကြုံရမယ်မှန်းသိရင် ကျွန်မတို့ဘာသာ ပင်လယ်ကမ်းခြေမြို့ကလေး တစ်မြို့မှာ ဈေးပေါပေါတည်းခိုခန်းတစ်ခုမှာ သွားပြီး အပန်းဖြေခဲ့ပါရဲ့၊ ဒီတော့ ဆရာကြီးရယ် ကျွန်မအတွက် အခွင့်အလမ်းရှိအောင်ဆိုပြီး မေမေဘာမှ မလုပ်ပါစေနဲ့တော့" ဟု ဆိုကာ ဘဲလ်က အပြင်ထွက်ရန် ဟန်ပြင်သည်။

မေဆင်က သူမနှင့်အတူ တံခါးဆီသို့ လျှောက်လာခဲ့ပြီး

"မင်းက တယ်ပြီးစိတ်ပျော့တာကိုး၊ သူ့ကို မင်းတကယ်လိုလားရင် ဘာလို့သူ့အတွက် တိုက်ပွဲမဝင်ရဲရမှာလဲ၊ သူကလည်း မင်းကို တကယ်ချစ်ရင် မင်းအဖေဟာ သာမန်စာရင်းကိုင် တစ်ယောက် မကလို့ဘာပဲဖြစ်နေနေ သူကဂရုစိုက်မှာမဟုတ်ပါဘူး"

"ဆရာကြီးသဘောမပေါက်သေးပါဘူး ရှင်းရှိုင်းက ကျွန်မကို တွေ့ခဲ့တာဟာ စာရင်းကိုင် တယောက်ရဲ့သမီးအဖြစ်နဲ့ မဟုတ်ဘူး၊ ရှင်းတို့လို ကောင်းကောင်း သုံးနိုင်ဖြုန်းနိုင်တဲ့ အတန်းအစားထဲက တစ်ယောက်အနေနဲ့ ဆုံခဲ့ကြ တာ၊ စတွေ့ကတည်းက ဘဝမှန်အတိုင်း တွေ့ခဲ့ကြရင်တော့ ဆရာကြီးပြောသလိုပဲပေါ့၊ ဘာမှပြဿနာ ပေါ်စရာမရှိဘူး၊ သူကျွန်မ ကိုတကယ်ချစ်ရင် သူ့မိဘတွေကို ကျွန်မရဲ့အဆင့်အတန်းမှန်ကို ပြောပြီး သူ့သဘောထားကို



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ဖြစ်တယ်၊ ခုတော့ကျွန်မရဲ့ ဟန်ဆောင်ထားတဲ့ ဘဝကို သိသွားရင် တမျိုးဖြစ်တော့မယ်၊ ဆယ်လင်ဒါဒေးလ် သိသွားယင်တော ဘယ်လိုဖြစ်ကုန်မလဲ၊ ပြီးတော့ ရှိုင်းကိုယ်နှိုက်က ဟန်ဆောင်တာတို့ ပကာသနတို့ကို လုံးဝ မကြိုက်ဘူး၊ သူ့ကို ကစားချင်တဲ့ မိန်းကလေးမျိုးကို သိပ်မုန်းတတ်တယ်"

ပြောရင်းဆိုရင်း စိတ်ထိခိုက်မှုကြောင့် သူမ၏အသံမှာ တိမ်ဝင်သွားသည်။

မေဆင်က . . .

"မင်းရဲ့သဘောထားအမှန်ကို ကျုပ်နားလည်ပါပြီကွယ်၊ ဘယ်လိုလုပ်သင့်တယ်ဆိုတာတော့ မင်းသဘောပဲ၊ အကောင်းဆုံးကတော့ မင်းရဲ့အမေနဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး ရှင်းပြ . . ."

ဘဲလ်က မျက်ရည်များပြည့်လျှမ်းနေသည့်ကြားမှ ရယ်လျက် မေဆင့်အားလှည့်ကြည့်ပြီး ဖြတ်ပြောသည်။

"မဟုတ်ဘူး ဆရာကြီး၊ မေမေ့ကို အကျိုးအကြောင်းတွေ ဆရာကြီးပဲပြောပြပါတော့၊ ဒီညဟာ ကျွန်မအဖို့ ပျော်ပျော်ရွှင်ရွှင်နေရတဲ့ နောက်ဆုံးညပါပဲ၊ စိတ်မချမ်းသာစရာ စကားတွေကို ကျွန်မကိုယ်စား ဆရာကြီးပဲ ပြောပေးပါတော့"

ပြောပြောဆိုဆို ဘဲလ်က သင်္ဘောစင်္ကြံလမ်းတစ်လျှောက် ခပ်သွက်သွက်ထွက်သွားသည်။ မေဆင်က သူမအား ကရုဏာသက်စွာကြည့်လျက် ကျန်ရစ်နေသည်။



## အခန်း (၅)

သင်္ဘောကက်ပတိန်၏ နှုတ်ဆက်ညစာစားပွဲမှာ ရာသီဥတုဆိုးနေသဖြင့် ခရီးသည်အစုံအညီ မတက်ရောက်နိုင်ဘဲ ခန်းမထဲ၌ ကုလားထိုင်လွတ်များစွာ ရှိနေသည်။ စားပွဲထိုးများမှာ လင်ပန်းများပေါ်မှ စားသောက်ဖွယ်ပန်းကန်များ လွတ်မကျအောင် တစ်လှမ်းချင်း သတိထား၍ သွားလာနေကြရသည်။ မေဆင်မှာ ဒယ်လာနှင့်အတူထိုင်၍စားသောက်နေရာမှ ကားလ်နယူးဘာရီဇနီးမောင်နှံနှင့်သမီးဘဲလ်တို့ ရှိုင်းဟန်းဂါးဖို့နှင့် တစ်စားပွဲတည်း ထိုင်နေကြသည်ကို လှမ်းမျှော်ကြည့်နေသည်။

"သူတို့ဆီက တိတိကျကျ အဖြေသိရဖို့ အချိန်ရောက်ပြီ ဟုတ်လား ဆရာ" ဟု ဒယ်လာက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒယ်လာ၊ ဒီည ၁၀ နာရီမထိုးခင် ပြတ်ပြ... သားသားဖြစ်ဖို့ မစ္စက်နယူးဘာရီကို ဆရာပြောထားတယ်၊ မစ္စ... နယူးဘာရီက ၉ နာရီခွဲလောက်မှာ သူ့အခန်းထဲလာဖို့ ဆရာ... မှာထားတယ်၊ အဲဒီမှာ ဆရာ့ကို ဟိုပိုက်ဆံတွေပေးမယ်၊ ပြီး... ဆရာက ကုမ္ပဏီဥက္ကဋ္ဌဒေးလ်ဆိုတဲ့ လူကြီးဆီသွားပြီး ကြိုတင် အ... အစဉ်တွေ လုပ်ရလိမ့်မယ်"

"မစ္စတာမိုးက အဲလေ . . . ကျွန်မ မစ္စတာနယူးဘာရီ... ခေါ်ဖို့ မေ့သွားတယ်၊ အဲ . . . မစ္စတာနယူးဘာရီ ကြည့်ရတ... ဘာမှလည်း ကွန္ဒြေမပျက်ဘူးနော်" ဟု ဒယ်လာက မှတ်ချက်ချသည်...

"အေးကွယ့် မစ္စတာနယူးဘာရီကြည့်ရတာ ပျော်ရွ... ရွှင်ရွှင်ပဲ၊ သူ့အတွက် ဟန်ကျနေတာက သူ့ကို ကောင်းကော... သိတဲ့ သူနာပြုဆရာမ အီဗလင်းဝှစ်တင်းက သူ့လူနာနဲ့ မခွာနိုင်... အခန်းအောင်းနေလို့ပဲ"

"ဆရာ ကျွန်မထင်တာတော့ မစ္စတာနယူးဘာရီဟာ အဲ... ဆရာမ အီဗလင်းဝှစ်တင်းနဲ့နားလည်မှုယူထားလားမသိဘူး" ... ဒယ်လာက ရှုတ်တရက်ပြောလိုက်သည်။

"ဘယ့်နှယ် ဒယ်လာက ဘာလို့ အဲသလိုထင်ရတာလဲ"

"မနေ့ကညနေက အဲဒီဆရာမရဲ့အခန်းထဲက မစ္စတာနယူ... ဘာရီထွက်လာတာ ကျွန်မတွေ့တယ်ဆရာ၊ သူ့ကြည့်ရတာ ပြုံး... ရယ်လို့"

"နယူးဘာရီဆိုတာသေချာရဲ့လားဒယ်လာ"

ဒယ်လာက ခေါင်းညိတ်ပြသည်။



"အင်း . . . အဲသလိုနားလည်မှုရထားပြီးလို့ အခု အတော်... ...လေး စိတ်လွတ်ကိုယ်လွတ်ဖြစ်နေတာထင်တယ်၊ သဘောတစ်စင်း ...ည်းပေါ်မှာ ကိုယ့်ကိုသိတဲ့ လူတစ်ယောက်ကို ဘယ်ကြာကြာ ...ှောင်နိုင်ပါ့မလဲ၊ မနက်ဖြန်ဆိုရင်ပဲ ဆိပ်ကမ်းမှာဆင်းတဲ့အခါ ...တောက်ဌာနတို့ဘာတို့ရောက်ရင် တစ်ယောက်နဲ့တစ်ယောက် ...ှောင်လို့ရတော့မှာမှ မဟုတ်ဘဲ"

"သူကလည်း အဲဒါကိုတွက်မိတယ်နဲ့ တူပါတယ်ဆရာ၊ ...ကြောင့်လည်း ဟိုဆရာမဆီသွားပြီး နှုတ်ပိတ်နေအောင် အကျေ... ...လည်ဆွေးနွေးခဲ့တယ်နဲ့တူတယ်"

"မစ္စတာနယူးဘာရီအဖို့ တစ်ခုပဲပြဿနာရှိနိုင်တယ်၊ အဲဒါ ...တော့ သူနာပြုဆရာမလေးက နှုတ်ပိတ်မနေနိုင်ဘဲ ခရီးသည် ...ချင်းချင်းထဲက သူနဲ့ရင်းနှီးတဲ့ တချို့တလေကို တိုးတိုးတိတ်တိတ် ...ပြောမိမှာပဲ စိုးရိမ်ရတယ်၊ တကယ်လို့ ဆယ်လင်ဒါဒေးလ်က ...ဘဲလ်ရဲ့အဖေအကြောင်းကို အီဗလင်းဝှစ်တင်းက သိထားတယ် ...ဆိုတာများ တစ်စွန်းတစ်စ ရိပ်မိသွားရင် ရေဆုံးမြေဆုံးရအောင် ဖော် ...ထုတ်တော့မှာပဲ"

"ဘဲလ်ဆိုတဲ့မိန်းကလေးကလည်း သနားစရာပဲနော်၊ ရှိုင်းနဲ့ ...သူနဲ့ အဆင့်အတန်းချင်းမတူဘူးဆိုတာသိလို့ အားငယ်နေရှာတယ်" ...ဟု ဒယ်လာကပြောသည်။

"ရှိုင်းက ဘဲလ်ကို သဘောထားမပြောင်းပဲ ဆက်ပြီးနိုးစပ် ...ခဲ့ကြိုးစားလိမ့်မယ် မထင်ဘူးလား" ဟု မေဆင်ကမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိုင်းအနေနဲ့ ဘဲလ်ကို အဆက်အသွယ်လုပ်ဖို့ အခွ
အရေးတောင်ရတော့မှာမဟုတ်ဘူးဆိုတာမသိရှာဘူး၊ ဘဲလ်
လာမယ့်အင်္ဂါနေ့မှာ ဆန်တာအင်နီတာမြင်းပြိုင်ကွင်းမှာ ရှိုင်း
ပြန်တွေ့ကြမယ်ဆိုပြီးချိန်းထားတယ်၊ မြင်းပြိုင်ကွင်းမှာ မိဘတွေ
ကိုယ်ပိုင်ပွဲကြည့်စင်ရှိတယ်လို့လည်း ဘဲလ်က ပြောထားတယ
ဒါပေမယ့် သဘောဆိပ်ကမ်းကပ်ပြီး လူချင်းခွဲပြီးတာနဲ့တစ်ပြိုင်နက
ဘဲလ်က ခြေရာဖျောက်တော့မှာ၊ ရှိုင်းအနေနဲ့ ဘယ်တော့မှ ဘဲ
ကို ပြန်တွေ့ရတော့မှာမဟုတ်ဘူး"

"မဟုတ်သေးပါဘူးကွယ်၊ ဒီကလေးမဟာ ဟိုသူငယ်
တကယ်ချစ်တယ်ဆိုရင် ဒီလိုလုပ်ဖို့တော့. . ."

"ကျွန်မတော့ ဘဲလ် ဘယ်လိုခံစားနေရတယ်ဆို
ကောင်းကောင်းကြီးနားလည်တယ်ဆရာ၊ ဘဲလ်ဟာ ရှိုင်းဟန်း
ကို ဂုဏ်ရည်တူချင်းအနေနဲ့ ဆက်ဆံခဲ့တယ်၊ ဒါကြောင့်လည်း ခ
နီးစပ်ခဲ့ကြတယ်၊ ဒါပေမယ့် တကယ်တမ်းမှာ ဘဲလ်ဟာ သူ
အတန်းအစားထဲကမဟုတ်မှန်း ရှိုင်းကသိသွားရင် ပတ်ဝန်းကျ
ကလည်း ပြောလာဆိုလာကြတော့မှာပဲ၊ တချိန်တည်းမှာ ဟို ဒေး
ဆိုတဲ့မိန်းကလေးနဲ့ကလည်း သူတင်ကိုယ်တင် ပြိုင်နေကြ
မဟုတ်လား၊ အဲဒီတော့ ဘဲလ်အဖို့ အရှက်တကွဲမဖြစ်
ရှောင်ထွက်သွားတာ အကောင်းဆုံးပဲလို့ ဆုံးဖြတ်
ဖြစ်လိမ့်မယ်ဆရာ"

"ဆရာတော့ အဲသလောက်လည်းဖြစ်လိမ့်မယ်မထင်ပါဘူ





"မထင်လို့မဖြစ်ဘူးဆရာ၊ ဟို ဒေးလ်ဆိုတဲ့ မိန်းကလေးအ
အတော့်ကိုလည်တာ၊ ဘဲလ်ရဲ့ ဘဝမှန်ကိုသိသွားရင် လူပုံကြားမှာ
ခေါင်းမဖော်ဝံ့အောင်ကိုလုပ်မှာ သေချာတယ်"

"အေးကွယ် . . . ဒီအတိုင်းဆိုရင်တော့ ဘဲလ်ဟာ သူ
ဘာလုပ်ဖို့ စီစဉ်ထားတယ်ဆိုတာ သူ့အမေကို တိတိကျကျထုတ်
ပြောသင့်တယ်လို့ ဆရာထင်တယ်"

"ဘာဖြစ်လို့လဲဆရာ"

"ဘာဖြစ်လို့လဲဆိုတော့ ရှိုင်းနဲ့အဆက်ဖြတ်ဖို့ ဘဲလ်က
ဆုံးဖြတ်ထားပြီဆိုရင် ဟိုကုမ္ပဏီက ငွေအလွဲသုံးတဲ့ကိစ္စကြောင့်
မစ္စတာနယူးဘာရီကို အရှက်တကွဲမဖြစ်ရအောင် အပေးအယူ
လုပ်ဖို့တို့ ဘာတို့ ဆရာကဝင်ပြီး အကျိုးဆောင်စရာမလိုတော့ဘူး
ထင်တယ်"

"အို မဟုတ်တာဆရာ၊ ဘယ့်နှယ်မလိုရမှာလဲ၊ မနက်ဖြန်
ဆိပ်ကမ်းမှာ ဆင်းကြတဲ့အခါ ရဲတွေစုံထောက်တွေက မစ္စတာနယူး
ဘာရီကို လက်ထိပ်ခတ်ပြီး ဖမ်းသွားတဲ့ အဖြစ်မျိုးရောက်မယ်ဆိုရင်
ဘဲလ်ရဲ့ဘဝမှာ မဖြေနိုင်လောက်တဲ့ ကြေကွဲစရာကြီးဖြစ်သွားတော့
အပေါ့၊ ပြီးတော့လည်း တကယ်လို့ မစ္စတာနယူးဘာရီငွေအလွဲသုံးခဲ့
တာ မှန်တယ်ဆိုရင်လည်း အဲဒီကုမ္ပဏီက ဆယ်လင်ဒါဒေးလ်ရဲ့အဖေ
ပိုင်တဲ့ကုမ္ပဏီဖြစ်နေတယ်၊ မဖြစ်ဘူးဆရာ၊ အဲဒီအခြေအနေမဖြစ်
အောင်ဆရာတားပေးမှ ဖြစ်မယ်ဆရာ၊ စဉ်းစားကြည့်လေ
ဘဲလ်က သူချစ်သူ ရှိုင်းကို ခွဲခွာသွားမယ့်သဘောက လျှို့ဝှက်
ဆန်းကြယ်စွာ ပျောက်သွားတဲ့အမျိုးသမီးကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ခွဲခွာချင်တာ၊ အရှက်တကွဲအကျိုးနည်းဖြစ်ပြီး သနားစ
မိန်းကလေးတစ်ယောက်အနေနဲ့သိစေချင်တာမဟုတ်ဘူး၊ ဒါတ
မကသေးဘူး၊ အဖြစ်မှန်တွေပေါ်ပြီး ဆယ်လင်ဒါဒေးလ်
အောင်နိုင်သူအဖြစ် ဝင့်ကြွားနေမှာကိုလလည်း ဘယ်အဖြစ်ခံနိုင်ပါ့မ

“ကောင်းပြီလေကွယ်၊ ကိုးနာရီခွဲကျရင် မစ္စက်နယူးဘာရီ
ဆရာသွားတွေ့မယ်၊ အဲဒီအချိန်ကျရင်တော့ ဆရာ့ကို တိတိကျ
အဖြေပေးမှာပဲ၊ ကိုင်း . . . ဆရာတော့ ကုန်းပတ်ပေါ်ထွက်
မိုးလေဝသအခြေအနေကြည့်လိုက်ဦးမယ်၊ ဒယ်လာ
ဘယ့်နှယ်လဲ မုန်တိုင်းရဲ့ အရှသာဘယ်လိုဆိုတာ မသိချင်ဘူးလ

“တော်ပါပြီ ဆရာ၊ ဆရာပဲသွားပါတော့၊ ကျွန်မတော့န
ဘာရီမိသားစုစားပွဲဘက်ကူးပြီး ခဏလောက် စကားပြောလိုက်
မယ်၊ ဆရာနဲ့စားသောက်ပြီးရင် သူတို့စားပွဲဘက်လာခဲ့မယ်
ဘဲလ်ကို ကျွန်မကတိပေးထားတယ်၊ အခု ရှစ်နာရီခွဲရှိပြီ၊ ကိုးန
လောက်ကျရင် ဆရာနဲ့ပြန်ဆုံမယ်၊ အဲဒီအချိန်မှာ တစ်ခုခုသော
ယင်း မစ္စက်နယူးဘာရီနဲ့ ဆရာသွားတွေ့ရမယ့် ကိုးနာရီခွဲအော
စောင့်ကြတာပေါ့”

မေဆင်က ခေါင်းညိတ်ပြလိုက်သည်၊ ထိုနောက် ဒယ်လ
မတ်တတ်ရပ်ရန် သူမ၏ကုလားထိုင်ကို နောက်သို့ မရွှေ့ပေးသ
ပြီးလျှင်ဒယ်လာ၏လက်မောင်းကို အသာဆုပ်ကိုင်၍ “သဘော
ကုန်းပတ် စကြံလမ်းက လေကာတွေရှိတဲ့ဘက်မှာ ဆရာရှိနေမ
ဟု ပြောလိုက်သည်။





ထိုနောက် မေဆင်သည် ခန်းမကြီးထဲမှ ထွက်လာခဲ့ပြီး
အခန်းသို့သွား၍ အပေါ်ဝတ်ကွတ်အကျႌ ထပ်ဝတ်သည်။
လာတစ်ခုကို လည်ပင်း၌ရစ်ပတ်လျက် ကုန်းပတ်ဆီသို့
ာ်လာခဲ့သည်၊ လေပြင်းတိုက်နေသောဘက်မှ တံခါးများကို
ပိတ်ထားသည်ကို တွေ့ရသည်၊ မိုးကာဖျင်များကာထားသည့်
းပတ်ဘက်တွင် မိုးစက်များ တပေါက်ပေါက် ကျဆင်းလျက်ရှိ
ည်။ မေဆင်ရောက်နေသောနေရာမှာ မိုးကာဖျင်များ ကွယ်လျက်
ဖြင့် အောက်ထပ်ကုန်းပတ်ဆီသို့ ဆင်းလာခဲ့သည်၊ အောက်ထပ်
းပတ်တွင်ရပ်လျက်ရေလှိုင်းများ ရိုက်ခတ်သံနှင့် လေတိုက်သံ
ကို နားထောင်ရင်း ပင်လယ်လေကို အားပါးတရ ရှူနေသည်။

ကိုးနာရီထိုးချိန်တွင် သင်္ဘောမှ အချက်ပေးခေါင်းလောင်း
ကြားရပြီး ဆိပ်ကမ်းဘက်ဆီသို့ လှိုင်းများကြားတွင် တလူးလူး
သိမ့်လိမ့်ဖြင့် ချဉ်းကပ်သွားလျက် ရှိသည်။ ထိုစဉ် မသဲမကွဲ
ာ်သံတစ်သံကို မေဆင်ကြားလိုက်ရသည်။ ဝုန်းကနဲမြည်သံတစ်ခု
ည်း တစ်ဆက်တည်း ကြားလိုက်ရသည်။ မေဆင်သည် နေရာ
င်ရပ်နေရာမှ နားစွင့်ထောင်နေသည်။ အော်သံမှာ ဆက်တိုက်
ာ်ပေါ်နေသည်၊ မေဆင်ရပ်နေသော ကုန်းပတ်၏အထက်
ဆင့်မှ ထွက်ပေါ်လာပုံရသည်၊ သင်္ဘောလူးခြင်း လျော့နည်းသွား
တွင် မေဆင်သည် ကုန်းပတ်လှေကားဆီသို့ ပြေးသွားပြီး အပေါ်
တက်သည်။ မိုးစက်မိုးပေါက်များက သူ၏မျက်စိကို အပြင်း
န် ရိုက်ခတ်လျက် ကွတ်အကျႌမှာလည်း စိုကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်တွင် ရှေ့ကိုဘာမျှမမြင်ရဘဲရှိသည်၊ သင်္ဘောမှာတစ်... ပြန်၍ အပြင်းအထန် လူးနေပြန်သည်။ ထိုအချိန်တွင် တစ်နေ... ရာမှ ခေါင်းလောင်းသံနှင့် ဝီစီမှုတ်သံငါးချက်ကြားရသည်။

မေဆင်အပေါ်သို့ရောက်၍ ကုန်းပတ်ဘက်ထွက်သ... တံခါးကို တွန်းဖွင့်လိုက်ချိန်တွင် သင်္ဘောအရာရှိတစ်ဦး... လှမ်းအော် သံကို ကြားရသည်။

"အထဲကိုပြန်ဝင်ပါ"

"ဘာဖြစ်လို့လဲဗျို့"ဟု မေဆင်က ပြန်မေးလိုက်သည်။

"လူတစ်ယောက် ရေထဲကျသွားလို့" ဟု ယူနီဖောင်း... အရာရှိက ပြန်အော်သည်။

မေဆင်သည် လှေကားထစ်ရှိရာသို့ ကမန်းကတန်းပြန်... ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။ ထို့နောက် သင်္ဘောလူးလိမ့်... သည့်ကြားမှ ကိုယ်ကို ဟန်ချက်ထိန်း၍ မစ္စက်နယူးဘာရီ၏အခ... သို့လျှောက်သွားသည်၊ အခန်းသို့အရောက်တွင် တံခါးကို တ... ဝုန်းထု၍ အသံပေးလိုက်သည်။ အထဲမှ ပြန်ဖြေသံမကြား... တံခါးလက်ကိုင်ဖုတို လှည့်ကြည့်သည်၊ တံခါးမှာ သော့ပိတ်... သည်။ မေဆင်ကလက်သီးဖြင့် ထပ်ထုသော်လည်း အတွင်းမှ တုံ့... သံမကြားရ၍ ရှူးဖိနပ်ဖြင့် တံခါးကို ကန်ကြည့်သည်။

ခဏအကြာတွင် အခန်းတွင်းမှ မစ္စက်နယူးဘာရီ၏အ... ကို ကြားရသည်။

"ဘယ်သူလဲ"





"မေဆင်ပါ"

"ခဏလေးနော် ကျွန်မဖွင့်ပေးပါ့မယ်"

မေဆင်က တံခါးလက်ကိုင်ဖုကို အတင်းလှည့်၍ "တံခါးကို ချက်ချင်းဖွင့်စမ်း" ဟု အမိန့်သံဖြင့် လှမ်းပြောလိုက်သည်။ ဤတွင်မှ မစ္စက်နယူးဘာရီက သော့ဖွင့်၍တံခါးကို ဖွင့်ပေးသည်။

"ဘယ့်နှယ် သိပ်အရေးတကြီးဖြစ်လာပါလား" ဟု သူမက ပြောသည်။ မစ္စက်နယူးဘာရီသည် အတွင်းခံအဝတ်အစားများသာ ဝတ်ဆင်ထားသည်ကို တွေ့ရသည်။

မေဆင်က တံခါးကိုပြန်ပိတ်ပြီး သော့ပါခတ်လိုက်သည်။ သူမက အဝတ်တစ်စုံကိုကမန်းကတန်း ခေါင်းမှ စွပ်ချလိုက်ပြီး "ဘာလုပ်တာလဲရှင့်" ဟု မေးသည်။

"ခင်ဗျားယောကျ်ား ဘယ်မှာလဲ" ဟု မေဆင်က ပြန်မေးသည်။ မစ္စက်နယူးဘာရီက ခေါင်းမှစွပ်ချလိုက်သော အင်္ကျီကို ဝန့်ရန့်ရန့်ဖြစ်အောင် ဆွဲချရင်း မေဆင်အား မျက်မှောင်ကြုတ်ကြည့်လျက် "လူတစ်ယောက်နဲ့တွေ့ဖို့ဆိုပြီး ထွက်သွားတာပဲ၊ ငါးမိနစ်လောက်အတွင်း ပြန်လာမယ်ပြောသွားတယ်၊ ရှင့်ကို ကျွန်မချိန်ထားတာ ကိုးနာရီခွဲမဟုတ်လား၊ အခုအစောကြီးရှိသေးတယ်" ဟု ပြောလိုက်သည်။

"ခင်ဗျားယောကျ်ားထွက်သွားတာ ဘယ်လောက်ကြာပြီ..."

"ငါးမိနစ်လောက်ပဲရှိသေးတယ်၊ ကျွန်မတို့ စားပွဲမှာထိုင်

www.burmeseclassic.com



နေတုန်း စားပွဲထိုးက ကျွန်မယောက်ျားကို စာတိုကလေးတစ်ခု လာ ပေးတယ်၊ ပြီးတော့ လူတစ်ယောက်နဲ့ သွားတွေ့စရာရှိတယ်ဆိုပြီး သူထွက်သွားတာပဲ"

"အဲဒီတော့ ခင်ဗျားက ဘာလုပ်သလဲ"

"ကျွန်မအခန်းကို ပြန်လာတာပဲလေ၊ ရောက်ရောက်ချင်း ညစာစားပွဲဝတ်စုံကို ချွတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ထမင်းစားပွဲ မှာ ဝိုင်အရက်နည်းနည်းဖိတ်ကျခဲ့လို့၊ ကားလ်နဲ့ ကျွန်မနဲ့ စာရင်းရှင်း ကြမယ်ဆိုပြီး စောင့်နေတုန်း ရှင်ရောက်လာတာပဲ၊ သူ အခုပဲ ပြန် လာမှာပါ၊ ဒါထက် သင်္ဘောက ဘာဖြစ်နေတာလဲ၊ တလူးလူးတလိမ့် လိမ့်နဲ့ဆိုတော့ ကျွန်မ မတ်တတ်တောင်အနိုင်နိုင်ရပ်ရတယ်၊ အထဲ ကြည့်စမ်းပါဦး၊ ရေပေါ်မှာ မီးရောင်တွေ တွေ့နေရပါလား၊ မီး မောင်းနဲ့ထိုးနေတာနဲ့တူတယ်" ဟု ပြောပြောဆိုဆို သူမ၏အခန်း မှန်ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်နေသည်။

မေဆင်က ခေါင်းညိတ်ပြပြီး "ခုလောလောဆယ်မှာ ... ခင်ဗျားယောက်ျားဘယ်ကိုသွားသလဲ၊ ဘာသွားလုပ်တာလဲဆိုတာ ကျုပ်သိချင်တယ်" ဟု မေးသည်။

"ဒီမယ် မစ္စတာမေဆင် ကျွန်မအိမ်ထောင်နှစ်ဆက်ရှိခဲ့ပါ... ဒါပေမယ့် ကျွန်မအဝတ်လဲနေတဲ့အချိန်မှာ ခုလို ကျွန်မအခန်းထဲ... ယောက်ျားတစ်ယောက်ဝင်ပြီး စကားလာပြောနေတာ မကြုံဖူးပါ... ကျွန်မရှင့်ကို ဝင်ခွင့်ပြုခဲ့တာ ရှင့်အသံက အင်မတန်ကို အရေး... နေတဲ့ပုံမျိုးဖြစ်နေလို့ တံခါးဖွင့်ပေးခဲ့တာပါ၊ ခုအတိုင်းဆိုရင်...





...ဘူးလူပြပြီး . . ."

မေဆင်က ဖြတ်ပြောသည်။

"ကျုပ်က သေနတ်သံလိုလို အသံတစ်ခုကြားလိုက်ရတယ်၊ သင်္ဘောအရာရှိတစ်ယောက်ကလည်း လူတစ်ယောက်ရေထဲကျသွား တယ်လို့ ပြောတယ်၊ အဲဒါ ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ဘူးထင်လို့လား"

မစ္စက်နယ်ဟူးဘာရီသည် မေဆင်အား မျက်လုံးဝိုင်းလျက် ...ကြောက်လန့်တကြား အမူအရာဖြင့် အတန်ကြာကြည့်နေပြီးမှ ...န်တင်ခုံစားပွဲအံဆွဲကို ဆွဲဖွင့်၍ အထဲသို့ ကြည့်ရှုနေသည်။

"ဘာကိုကြည့်တာလဲ" ဟု မေဆင်က မေးလိုက်သည်။

"ကားလ်ရဲ့ သေနတ်လေ . . . မရှိတော့ဘူးရှင့်"

"ကိုင်း . . . ကျုပ်တို့လိုရင်းကို ပြောကြရအောင်၊ ခင်ဗျားနဲ့ ခင်ဗျားယောက်ျားနဲ့ စာရင်းရှင်းကြမယ်လို့ စီစဉ်ထားတယ်နော်"

"ဟုတ်ပါတယ် . . ."

"ခင်ဗျား သူ့ကိုဘာကိစ္စစာရင်းရှင်းကြမယ်ဆိုတာ ပြော ...တ်သလား"

"ကျွန်မက ခုလို တအံ့တနွေးနွေးဖြစ်နေတာ သည်းမခံနိုင် တော့ဘူး၊ ဟိုပိုက်ဆံတွေ သူဘယ်ကရခဲ့တယ်ဆိုတာ အတိအကျ ...ချင်တယ်၊ ပြီးတော့ ကျန်တဲ့ပိုက်ဆံတွေအားလုံး ကျွန်မကို ပေး ...ဖို့ ပြောလိုက်ပါတယ်"

"ဒီတော့ သူကဘာပြောသလဲ"

"အဲဒီကိစ္စ နောက်မှပြောကြမယ်လို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူက တစ်ထိုင်တည်းမှာ ဘာမှ ပြောမသွားဘူးလား"

"ဟင့်အင်း . . . ကျွန်မတို့ ဒီကိစ္စပြောတော့ ညစာ စားပြ
ခါနီးဖြစ်နေပြီ၊ အဲဒီတုန်း စားပွဲထိုးသူငယ်တစ်ယောက်က စာတ
ကလေးတစ်ခု သူ့ဆီလာပေးတာပဲ၊ ကားလ်က လူတစ်ယောက်
တွေ့စရာရှိတယ်လို့ပြောတယ်၊ ဒါနဲ့ ကျွန်မတို့ စားသောက်ပြီးပြီးချင်
အခန်းကို ပြန်လာခဲ့ကြတယ်၊ ကျွန်မက သူလျှို့ဝှက်ထားတဲ့ကိစ္စတွေ
ပွင့်ပွင့်လင်းလင်း သိချင်တယ်၊ ပြီးတော့လည်း သမီးကလေးဘဲလ်ရဲ့
ကောင်းကျိုးအတွက် ဟိုပိုက်ဆံတွေကို ကျွန်မဆီပေးပါလို့ သူ့
ပြောတယ်၊ သူက ငါးမိနစ်လောက်အတွင်း ပြန်လာခဲ့မယ်၊ အဲဒီ
တော့မှ ဆက်ပြောကြတာပေါ့လို့ ပြောသွားတယ်၊ သူကြည့်ရတာ
အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ တစ်ယောက်ယောက်ကို သွား
တွေ့ပုံပဲ"

"ဒီအံဆွဲထဲမှာ သေနတ်ထားလို့လား"

"ဟုတ်ပါတယ်"

"သေနတ်ကို နောက်ဆုံးဘယ်အချိန် ခင်ဗျားတွေ့ခဲ့သလဲ"

"ဒီညနေကပဲ တွေ့သေးတယ်"

"သေနတ်က ကားလ်ရဲ့ဟာလား"

"ဟုတ်ပါတယ်. . ."

'သူမှာ သေနတ်ရှိတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်လလောက်ပဲ ရှိသေးတယ်၊ သူ့ဆီမှာ ပိုက်ဆံအတော်
များများရှိနေတော့ အကာအကွယ်အနေနဲ့ သေနတ်တစ်လက်
ယောက်ဆောင်ထားဖို့လိုတယ်ဆိုပြီး ဆောင်ထားတာပဲ"





"ခင်ဗျားယောကျ်ားဟာ လည်ကုပ်ရိုးကျိုးနေတဲ့ လူနာကို
စောင့်တဲ့ သူနာပြုဆရာမ အီဗလင်းဝှစ်တင်းနဲ့ အဆက်အသွယ်ရှိ
တယ်ဆိုတာ ကျုပ်သိလာရတယ်၊ သူဘယ်သူဆိုတာ အီဗလင်းက
ထုတ်ဖော်ဖို့ ခင်ဗျားယောကျ်ားက နားလည်မှုယူထားတယ်လို့
ကျုပ်ထင်တယ်၊ အမျိုးသမီးက သူ့ကို ဘယ်လိုပြောသလဲတော့ မသိ
ဘူး ဒါပေမယ့် ဒါဟာ ဘယ်လိုပဲဖြစ်ဖြစ် အီဗလင်းဆိုတဲ့ အမျိုးသမီး
ဘာ မသမာတဲ့ အစားထဲကဆိုရင်တော့ အကျပ်ကိုင်ပြီး ငွေညှစ်လို့
ရတဲ့အခြေအနေမျိုးပဲ၊ အခုခင်ဗျားယောကျ်ား သွားတွေ့တာဟာ
အဲဒီအီဗလင်းဆီသွားတာလို့ ခင်ဗျား မထင်ဘူးလား"

"အဲဒါတော့ ကျွန်မ မသိဘူး" ဟု ပြောပြောဆိုဆို မစ္စက်
ဒူးဘာရီက မေဆင်၏ လက်မောင်းကို ဆွဲကိုင်လျက် ဆက်ပြော
သည်။

"ဒီမှာ ရှင်ကျွန်မကို ပစ်မထားပါနဲ့နော်၊ ကျွန်မကို ကာကွယ်
ပေးပါမယ်လို့ ကတိပေးပါရှင်၊ တစ်ဆိတ်ကလေး မစ္စတာမေဆင်
သမီးလေး ဘဲလ်ရဲ့ အကျိုးအတွက် ကျွန်မဘက်က ရပ်ပေးပါနော်"

မေဆင်က ခေတ္တမျှ ဆိုင်းငံ့နေပြီးမှ ပြောသည်။

"ကောင်းပြီလေ. . . အခြေအနေကို ကျုပ်ကြည့်ပါဦး
မယ်၊ ခုလောလောဆယ် ခင်ဗျားယောကျ်ားပြန်မလာခင် မေးစရာရှိ
တာ ထပ်မေးပါရစေဦး၊ ခင်ဗျားယောကျ်ားကို ဘယ်လောက်အထိ
[illegible]ပြောထားပြီးပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သူ့ကို ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာဒေးလ်ဟာ… သင်္ဘောပေါ်မှာ ပါလာတဲ့အကြောင်းပြောပါတယ်၊ အဲဒါ သူ့အတွ… အဆန်းမဟုတ်သလိုပဲ၊ ကျွန်မက မစ္စတာဒေးလ်ဟာ ကားလ်အ… နဲ့ ပိုက်ဆံတွေပြန်ပေးရင် လျှော့လျှော့ပေါ့ပေါ့အရေးယူပေးဖို့ ဆ… ရှိတဲ့အကြောင်း သူ့ကို ပြောပါတယ်၊ သူက ကျွန်မကို ရှုံးနေပြီ… ပြောတယ်၊ မစ္စတာဒေးလ်ကို အပေးအယူလုပ်ဖို့ သွားစီစဉ်… ကျွန်မကို သတ်ပစ်မယ်လို့လည်း ပြောပါတယ် . . .၊

"သူက အဲဒီကုမ္ပဏီက ပိုက်ဆံတစ်ပြားမှ မယူခဲ့တာ အ… ပါလို့လဲပြောပါတယ်၊ ဒါနဲ့ ကျွန်မ ဆယ်လင်ဒါဒေးလ်ဟာ သ… ဘဲလ်ကို အပုပ်ချဖို့ အကွက်ချောင်းနေတဲ့အကြောင်း ပြောလို… တော့ ကားလ်ဟာ အကြီးအကျယ်ဒေါသပုန်ထသွားတော့တာပါ…

"ပြီးတော့ကော . . ."

"ဒါ . . . အကုန်ပါပဲ၊ ကျွန်မတို့ ဒီကိစ္စပြောချိန်ကလည်… အဲဒါလောက်ပဲ ရလိုက်ပါတယ်"

"အဲဒါ ဟိုစာတိုကလေး ရပြီးမှလား၊ မရခင်ကလား"

"ရပြီးမှပါ၊ ကျွန်မတို့ ညစာခံပွဲခန်းမထဲက ထွက်ခဲ့ကြ… အခန်းကို ပြန်လာကြတယ်၊ ကျွန်မ သူ့ကို တစ်မိနစ် နှစ်မိ… လောက်ပဲ စကားပြောချိန်ရလိုက်တယ်၊ ပြီးတော့ ဗီရိုဆီသွား… အဝတ်အစားလဲဖို့ ဝတ်စုံတစ်ခုထုတ်ယူတယ်၊ အဲဒီတုန်းက သူ… သွားပြီး တံခါးပြန်ပိတ်ခဲ့တဲ့အသံ ကြားတာပဲ"

"လူတစ်ယောက်နဲ့ သွားတွေ့မယ်လို့ သူက ပြောသွားတ… နော် ဟုတ်လား"





"ဟုတ်ကဲ့၊ ငါးမိနစ်လောက်ကြာရင် သူပြန်လာမယ်လို့ ပြောသွားပါတယ်"

"ကိုင်း . . . အခုကျုပ်တို့ ကုန်းပတ်ပေါ် သွားပြီး အပြင်မှာ ဘာတွေဖြစ်နေသလဲ ကြည့်ကြရအောင်၊ ခင်ဗျားယောကျ်ား သေနတ်ယူသွားတယ်ဆိုတာ သေချာရဲ့လား"

"မှန်တင်ခုံက စားပွဲအံဆွဲဖွင့်တဲ့ ပိတ်တဲ့အသံလိုလို ကြားလိုက်ရတာပဲ၊ အဲဒီအချိန်ကတော့ သူဘာလုပ်တယ်လို့ မစဉ်းစားမိဘူး၊ အမှတ်တမဲ့ပဲ၊ ဒါနဲ့ ရှင် . . . သင်္ဘောပေါ်က တစ်ယောက်ယောက် လိမ့်ကျသွားတယ်ဆိုရင် ရှာလို့ တွေ့ကြပါ့မလား"

"အင်း . . . အတော်တော့ မလွယ်တာဘဲ၊ လှိုင်းတွေ လေတွေက သိပ်ထန်နေတယ်၊ သင်္ဘောက တာဝန်ရှိတဲ့ လူတွေ အနေနဲ့ အတတ်နိုင်ဆုံး တွေ့အောင်ရှာဖို့ ကြိုးစားကြမှာပါပဲ၊ ဒါပေမယ့် သေနတ်သံတစ်ချက်ကလည်း ကြားထားတော့ ကျသွားတဲ့ လူဟာ အသက်ရှင်မနေနိုင်တော့ဘူးလို့ ထင်ကြရင်တော့ လိုက်ရှာရတဲ့လူတွေရဲ့ အသက်ကို အလဟဿ စွန့်စားခိုင်းမယ်တော့ မထင်ဘူး"

"ရေထဲကျသွားတဲ့လူဟာ မစ္စတာဒေးလ် ဖြစ်နိုင်တယ်လို့ ရှင်ထင်သလားဟင်၊ ဘုရား . . . ဘုရား . . . အဲဒါဆိုရင်တော့ ကားလ်လက်ချက် မဖြစ်ပါစေနဲ့"

"ထားပါလေ၊ ဘာမှ မသိရသေးဘဲနဲ့ အရမ်းမှန်းဆပြီး ပြောနေလို့ အပိုပါပဲ၊ ကုန်းပတ်ပေါ် သွားကြရအောင် ကားလ်ကို လိုက်ရှာကြည့်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘက်က ရှင်ရပ်တည်ပေးပါနော်၊ အားကိုးပါရစေရှင်"

"ကောင်းပါပြီလေ၊ ဘဲလ်ရဲ့ အကျိုးအတွက် ခင်ဗျားဘက်က ကျုပ် ရပ်တည်ပေးပါမယ်၊ ဒါပေမယ့် ခင်ဗျားယောကျ်ားကိုတော့ ကိုယ်စားပြုလိမ့်မယ် မဟုတ်ဘူးနော်"

မစ္စက်နယူးဘာရီက ခေါင်းညိတ်ပြ၍ . . .

"ဒါဖြင့် ကျွန်မတို့ သွားကြရအောင်" ဟုပြောသည်။

တံခါးဖွင့်၍ ထွက်ကြမည်ပြုစဉ် မစ္စက်နယူးဘာရီက ရုတ်တရက် သက်ပြင်းကြီး တစ်ချက်ရှိုက်လိုက်ရာ မေဆင်က . . .

"ဘာဖြစ်လို့လဲ" ဟု လှည့်မေးသည်။

"ကျွန်မ . . . ကျွန်မ တစ်ခုသွားစဉ်းစားမိလို့ပါ"

"ဘာလဲ၊ မြန်မြန်ပြောစမ်းပါ"

"ကားလ်ဟာ ကျွန်မတို့ သူ့ကိုစွ အပြတ်ရှင်းတော့မယ်ဆိုတာ သိသွားတယ်၊ သူရင်ဆိုင်ရမယ့် အကျပ်အတည်းကို မရှင်းနိုင်ဘူးဆိုတာလည်း သူသိတယ်၊ သမီးဘဲလ်ရဲ့ဘဝ သာယာရေးဟာ ဒီကိစ္စအပေါ်မှာ တည်တယ်ဆိုတာလည်း သူသိတယ်၊ ဒီတော့ မစ္စတာမေဆင် . . . သူ . . . သူ . . . ကုန်းပတ်ပေါ်ကနေပြီး . . ."

"သူ့ကိုယ်သူ သတ်သေသွားတယ်လို့ ထင်လို့လား" ဟု မေဆင်ကမေးလိုက်သည်။

မစ္စက်နယူးဘာရီက ခေါင်းညိတ်ပြသဖြင့် . . .

"ဘာလို့ အဲသလို စဉ်းစားမိတာလဲ" ဟု မေဆင်က ထပ်မေးသည်။





"အဲဒါတော့ ကျွန်မ မသိဘူး၊ ဒါပေမယ့် သူသေသွားရင် ဘဲလ်အတွက် ပြဿနာတွေ ရှင်းရှင်းလင်းလင်း ဖြစ်သွားမယ် မဟုတ်လား"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"သူသေသွားရင် ငွေအလွဲသုံးမှုအတွက် သူတို့ ဘာမှ လုပ်နိုင်ကြတော့ဘူး မဟုတ်လား၊ အဲဒါ ဘယ်လိုဖြစ်နိုင်သလဲ"

"ခင်ဗျား ပြောတဲ့အတိုင်း ဆိုရင်တော့ သေသွားတဲ့လူ တစ်ယောက်ကို သူတို့ ဖမ်းတာဆီးတာ မလုပ်နိုင်တော့ဘူးပေါ့"

"ကျွန်မကလည်း အဲဒီသဘောပြောတာပါပဲ"

"အဲ ဒါပေမယ့် တကယ်လို့ ကားလ်မှာ ပိုက်ဆံတွေကျန် ခဲ့တယ်ဆိုရင် အဲဒီပိုက်ဆံတွေ ပြန်ရအောင်တော့ သူတို့ ကြိုးစားကြမှာပဲ"

"ကုမ္ပဏီငွေနဲ့ မသက်ဆိုင်တာဆိုရင်ကော၊ ဥပမာ အသက် အာမခံငွေဆိုရင် သူတို့ တောင်းဆိုလို့ရနိုင်မလား"

"အသက်အာမခံက ဘယ်လောက်များသလဲ"

"ဒေါ်လာငါးသောင်းပါ"

"ခံစားခွင့်ကို ဘယ်သူ့နာမည်နဲ့ ထားခဲ့သလဲ"

"ကျွန်မနာမည်ပါ"

"ဘယ်တုန်းက စပြီးထားခဲ့တာလဲ"

"လွန်ခဲ့တဲ့ နှစ်လလောက်က . . ."

"ဒါဖြင့်ဆိုကြပါစို့ဗျာ၊ ခင်ဗျားယောကျ်ားဟာ ကုမ္ပဏီငွေတွေ



www.burmeseclassic.com

www.burmeseclassic.com

တကယ်ပဲ အလွဲသုံးခဲ့တယ်ဆိုရင် အဲဒီအသက်အာမခံငွေထဲ
ကုမ္ပဏီကို ခင်ဗျားပြန်လျော်ပေးနိုင်မလား"

"မပေးနိုင်ပါဘူး။ အတင်းအဓမ္မ မပေးမဖြစ်တဲ့ အခြေအ
မျိုးဆိုရင်တော့ ပေးရမှာပေါ့လေ"

"ကျုပ်ကလည်း ခင်ဗျားရဲ့ သဘောထားသိချင်လို့ မေးတာ
တကယ်ကတော့ အသက်အာမခံပေါ်လစီမှာ အာမခံထား
အချိန်ကစပြီး တစ်နှစ်အတွင်း ကိုယ့်ကိုယ်ကို သတ်သေသွာ
အာမခံငွေမပေးဘူးလို့ စည်းကမ်းချက် အပိုဒ်တစ်ပိုဒ်ကျိန်းသေ
တတ်တာပဲ"

မေဆင်၏ စကားအဆုံးတွင် မစ္စက်နယူးဘာရီ
ထိတ်လန့်တကြား ဖြစ်သွားဟန်ဖြင့် . . . . .

"အဲဒါ သေချာသလားရှင်" ဟု ပြန်မေးသည်။

"သေချာပါတယ်"

"ကိုင်း . . . မစ္စတာမေဆင် . . . ကုန်းပတ်ပေါ်သွာ
ရအောင်၊ ကျေးဇူးပြုပြီး ကျွန်မအနားမှာပဲနေပါနော်" ဟုဆို
အခန်းမှ ထွက်လာခဲ့ကြသည်။ စကြံလမ်းမှ လျှောက်လာ
အပေါ်ထပ်တက်သည့် လှေကားအနီးသို့ အရောက်တွင် စ
ထောင့်ချိုးမှ ဒယ်လာစထရီ အရေးတကြီး ထွက်လာသည်ကို
သည်။ သူမ၏ ပခုံးပေါ်တွင် ခြုံထားသော အပေါ်ရုံ အ
ရေများစိုလျက်ရှိသည်။

"ဆရာ့ကို ကျွန်မလိုက်ရှာနေတာနဲ့နေတာပဲ" ဟု ဒယ်လာ
ပြောသည်။





"ဆရာက အပေါ်ကုန်းပတ်မှာရှိနေတာပဲ၊ လူတစ်ယောက်
ရေထဲကျသွားတယ်ဆိုတာနဲ့ ဆရာလည်း . . . "

"ဟုတ်တယ် ဆရာ၊ ကြောက်စရာကောင်းလိုက်တာ၊
ကျွန်မလည်း ဆရာရှိမယ်ဆိုတဲ့နေရာမှာ လိုက်ရှာပေမယ့်
မတွေ့တော့ မစ္စက်နယူးဘာရီဆီ ဆရာသွားနေပြီလို့
တွက်ပြီးလိုက်လာခဲ့တာ"

"အေး . . . ဆရာလည်း ချက်ချင်းပဲ သွားတွေ့လိုက်တာ"

ဒယ်လာက မေဆင် သတိပြုမိအောင် မျက်ရိပ်ပြ၍ ပြော
လိုက်သည်။

"ကျွန်မ ဆရာနဲ့ ချက်ချင်းတွေ့စရာရှိတယ်" ဟု
ပြောသည်။

ထိုစဉ် သင်္ဘောအရာရှိတစ်ဦးက စကြံလမ်းတစ်လျှောက်
လိုက်၍ နှိုးဆော်သံကို ကြားရသည်။

"ခရီးသည်များခင်ဗျာ၊ ကိုယ့်အခန်းကိုယ် ပြန်ဝင်နေကြပါ၊
အခန်းထဲက ထွက်နိုင်ပြီလို့ မပြောမချင်း အထဲမှာပဲနေကြပါ၊
လူတစ်ယောက် ရေထဲကျသွားပါတယ်၊ ကျွန်တော်တို့
အတတ်နိုင်ဆုံး ဆောင်ရွက်စရာရှိတာ ဆောင်ရွက်နေပါတယ်၊
ခရီးသည်များ ကိုယ့် အခန်းမှာ ကိုယ်ရှိနေကြတုန်း သင်္ဘောအရာရှိ
တစ်ယောက်က တစ်ဦးချင်း လိုက်စစ်ဆေးပါလိမ့်မယ်၊ ဒီတော့မှ
ဘယ်သူပျောက် နေတယ်ဆိုတာ သိနိုင်ပါလိမ့်မယ်"

အဆိုပါ နှိုးဆော်သံကို နားထောင်ပြီးနောက် မေဆင်က
မစ္စက်နယူးဘာရီအား အသာတွဲကာ သူမ၏ အခန်းရှိရာသို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



လှည့်လာပြီး "ဘာပဲဖြစ်ဖြစ် အကောင်းဆုံးကတော့ အခန်းမှာပြ နေဖို့ပဲ" ဟု ပြောလိုက်သည်။

"ဒါပေမယ့် ကျွန်မကတော့ တအုံနွေးနွေးစောင့်မနေနိုင်ဘူး" ဟု သူမက ပြန်ပြောသည်။

မေဆင်က အသံကိုနှိမ့်၍ "သတိထားဦးလေ မစ္စက်နယူးဘာရီ၊ ဘဲလ်ဟာ လူလိမ်တစ်ယောက်ရဲ့သမီးအဖြစ်နဲ့ လူသိရှင်ကြား မဖြစ်စေချင်ဘူးမဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ အဲလိုတော့ အဖြစ်မခံနိုင်ဘူး"

"အဲသလိုဆိုရင် လူသတ်သမားတစ်ယောက်ရဲ့သမီးအနေနဲ့ကော"

"ကျွန်မနားမလည်ဘူး၊ ဘာကိုပြောတာလဲ"

"စဉ်းစားကြည့်လေ၊ ခင်ဗျားယောကျ်ားနဲ့ပတ်သက်ပြီး လူတွေအာရုံစိုက်လာစရာဖြစ်အောင် ခင်ဗျား ဘာမှမလုပ်ရဲဘူး မဟုတ်လား၊ ခုအချိန်မှာ အကောင်းဆုံးကတော့ တခြားခရီးသည်တွေလိုပဲ ဟန်မပျက်နေသွားဖို့ပဲ"

မစ္စက်နယူးဘာရီသည် ခေတ္တမျှ တွန့်ဆုတ်ဆုတ်ဖြစ်နေပြီးနောက် သူမ၏အခန်းဆီသို့ လှည့်ထွက်သွားသည်၊ ဤတွင် ဒယ်လာက မေဆင်အနီးသို့ တိုးကပ်လိုက်ပြီး ပြောသည်။

"ဆရာ ကုန်းပတ်ပေါ်မှာဖြစ်တဲ့ကိစ္စနဲ့ မစ္စက်နယူးဘာရီနဲ့ ပတ်သက်နေရင် ဆရာ သူ့အတွက် ဆက်ပြီးအကျိုးဆောင်ဦးမှာလား"





မေဆင်က ခေါင်းညိတ်ပြသည်။

"မစ္စက်နယူးဘာရီဟာ ဘယ်ကိစ္စနဲ့မှပတ်သက်မယ် မထင်ဘူး၊ ပြီးတော့ ဆရာကလည်း သူ့ယောကျ်ားကို ကိုယ်စားပြုနေ တာမှမဟုတ်တာ၊ ဘာပဲဖြစ်ဖြစ်လေ၊ အခြေအနေကိုတော့ ကြည့်ရဦးမှာပဲ"

မေဆင်တို့ တိုးတိုးပြောနေကြသံကြောင့် မစ္စက်နယူးဘာရီက နောက်သို့ ပြန်လှည့်၍ပြောသည်။

"ရှင်တို့ပြောနေကြတာ ကျွန်မသိခွင့်မရှိဘူးလား၊ ကျွန်မသိအောင် ဘာများထိမ်ချန်ထားကြသလဲ"

ဒယ်လာက အသာပြုံး၍ "မဟုတ်ပါဘူးရှင်၊ တခြားကိစ္စပါ" ဟု ပြန်ပြောလိုက်သည်။

မစ္စက်နယူးဘာရီ၏ အခန်းတံခါးဝသို့ အရောက်တွင် မေဆင်က တံခါးကို ဖွင့်ပေးပြီး အမျိုးသမီးနှစ်ဦး ဝင်ပြီးသည့်နောက် သူဝါလိုက်ဝင်မည်ပြုစဉ် အပြေးလာနေသော ခြေသံကို ကြားလိုက်သည်၊ လှည့်ကြည့်လိုက်ရာ ဘဲလ်နယူးဘာရီဖြစ်နေသည်ကို တွေ့သည်၊ သူမသည် ညစာစားပွဲ၌ ဝတ်ဆင်သည့်ဂါဝန်ရှည်ကြီးကို ဆတ်ဖြင့်ကိုင်မ၍ သဘောလူးနေချိန်တွင် ဒယိမ်းဒယိုင်ပြေးလာခြင်းဖြစ်သည်၊ အနီးသို့အရောက်တွင် သူမက အမောတကောလှမ်းမေးသည်။

"မစ္စတာမေဆင် မေမေရှိရဲ့လားဟင်"

မေဆင်က ခေါင်းညိတ်ပြပြီး ဘဲလ်ဝင်နိုင်ရန် တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားပေးသည်။ သူမဝင်လိုက်ပြီးနောက် မေဆင်က တံခါးကို ပြန်ပိတ်လိုက်သည်၊ "အမယ်လေး မေမေရယ်၊ လူတစ်ယောက် ရေထဲကျသွားတယ်တဲ့၊ ကျွန်မစိတ်ပူလိုက်ရတာ၊ ဖေဖေနဲ့မေမေ ကိုလည်း လိုက်ရှာရတာအနံ့ပဲ၊ မိုးတွေရေတွေကြားမှာ ဖေဖေ့ကို လိုက်ရှာခဲ့လို့ သမီးလည်း စိုရွဲကုန်တာပဲ" ဟု ဘဲလ်က မစ္စက်နယူးဘာရီအား လှမ်းပြောသည်။

"အို. . . သူအခုပဲရောက်လာမှာပါ" ဟု မစ္စက်နယူးဘာရီ က ပြန်ပြောသည်။

"ဖေဖေက ,အခုဘယ်မှာလဲ"

"လူတစ်ယောက်နဲ့တွေ့ဖို့အပေါ်ထပ်တက်သွားတာပဲ ဘားထဲမှာရှိလိမ့်မယ်ထင်တယ်"

"ဒါပေမယ့်မေမေ၊ လူတစ်ယောက်ရေထဲကျသွားတယ် ဖေဖေကလည်း အပေါ်ထပ်ကိုသွားတာဆိုတော့ သမီးဖြင့်အလန့် တကြားလိုက်ရှာလိုက်ရတာ၊ ကုန်းပတ်ပေါ်ကော၊ ပြီးတော့. . ."

မစ္စက်နယူးဘာရီက ဝင်ပြောသည်။

"အတွေးမခေါင်စမ်းပါနဲ့သမီးရယ်၊ သမီးဖေဖေဟာ ဒီလို ရာသီဥတုမျိုးမှာ ကုန်းပတ်ပေါ်ဘယ်တော့မှမထွက်ဘူးဆိုတာ သမီးလည်းသိသားပဲ၊ အခု ရေထဲကျသွားတယ်ဆိုတာ ဒုတိယတန်းက ဖြစ်ဖြစ် အရက်မူးနေတဲ့လူတစ်ယောက်ဖြစ်ဖြစ် တစ်ယောက် ယောက်ဖြစ်မှာပါ"





"ဒါဖြင့် ခုအချိန်ထိ ဖေဖေဘယ်ရောက်နေတာလဲ၊ ခရီး သည်တွေအားလုံး ကိုယ့်အခန်းကိုယ် ပြန်နေကြဖို့ လိုက်ပြောထား ပြီပဲ၊ ဖေဖေပြန်ရောက်နေဖို့ကောင်းပြီ"

"ကြည့်ရတာ လှေကားမှာ လူတွေပြည့်ညပ်နေတဲ့အထဲ အားလ်ပါမိနေပြီနဲ့တူတယ်၊ သမီးဖေဖေက တိုးဝှေ့ပြီးသွားတတ် တာတတ်တာမဟုတ်ဘူးလေ" ဟုဆိုကာ မစ္စက်နယူးဘာရီက ဆင်စွယ်စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ထုတ်ယူလိုက်သည်။

မေဆင်က မီးညှိပေးမည်ပြုရာ "နေပါစေ မစ္စတာမေဆင်၊ ကျွန်မမှာမီးခြစ်ရှိပါတယ်" ဟု ပြော၍ သူမ၏မီးခြစ်ကိုခြစ်ကာ စီးကရက်မီးညှိသည်၊ မီးခြစ်ဆံ ကိုင်ထားသောလက် အတန်ငယ် တုန်ယင်နေသည်ကိုတွေ့ရသည်။

ဘဲလ်က တံခါးဝနားပင်ရပ်နေရာမှ "ဖေဖေရယ် မြန်မြန် လာစမ်းပါတော့၊ အမယ်လေးဘုရားရေ. . ရှိုင်းကော ဘယ်ရောက် နေသလဲမသိဘူး" ဟု ညည်းတွားနေသည်။

"ရှိုင်းဟန်းဂါးဖို့က သူ့အခန်းထဲမှာရှိမှာပေါ့" ဟု မေဆင်က ပြောလိုက်သည်။

"ကျွန်မ ခုပဲပြန်လာခဲ့မယ်" ဟုဆိုကာ ဘဲလ်က တံခါးကို ဖွင့်၍ စင်္ကြံ လမ်းတစ်လျှောက်ပြေးထွက်သွားပြန်သည်၊ မေဆင်နှင့် ဒယ်လာက အခန်းနံရံရှိမှန်ပြတင်းပေါက်ဝိုင်းမှ အပြင်သို့လှမ်းကြည့် နေရာ မစ္စက်နယူးဘာရီပါ သူတို့နှင့်အတူ လာကြည့်သည်၊ အပြင် ဘွင် ရေပေါ်သို့ မီးမောင်းကြီးများအနှံ့အပြားထိုး၍ရှာဖွေနေသည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရသည်၊ ဘောကွင်းကြီးများမှာ လှိုင်းများအကြားတွ
မြုပ်လိုက်ပေါ်လိုက်ဖြစ်လျက်ရှိသည်၊ မစ္စက်နယူးဘာရီက မေဆ
၏ ပခုံးပေါ်တွင် လက်တင်၍ "ဒီလောက်ကြောက်စရာကောင်း
ပင်လယ်ကြီးထဲကို လူတစ်ယောက်ယောက်ကျသွားတာ ဘယ်
နေမလဲ၊ ကျွန်မတော့ မစဉ်းစားရဲအောင်ပါပဲရှင်" ဟုပြောရင်းဆိုရ
တစ်ချက်ရှိုက်လျက် လှည့်ထွက်သွားသည်။

မေဆင်က အပေါက်နားတွင်ဆက်ရပ်လျက် လှိုင်းထန်
သော ရေပြင်ကျယ်ကို ငေးမောကြည့်နေသည်၊ သူသည်
နှစ်ဖက်ခွဲလျက်ရပ်ကာ သဘော်လူးသည့်ဒဏ်ကို ထိန်းထားလျ
ရှိသည်၊ ထိုစဉ် ဒယ်လာက အခန်းပြင်သို့ ထွက်ကြည့်ပြီး ပြန်လှည
ပြောသည်။

"သဘော်ကက်ပတိန်နဲ့ အရာရှိတစ်ယောက်လာနေတယ
ဆရာ၊ ဟော . . . ဘဲလ်လည်းလာနေပြီ၊ ဘယ့်နှယ်လဲဟေ
ရှိုင်းဟန်းဂါးဖို့ကို တွေ့ခဲ့ရဲ့လား"

ဘဲလ်က အမောတကြီးခေါင်းညိတ်ပြပြီး . . .

"ဟုတ်ကဲ့ သူ့အခန်းထဲမှာတွေ့ခဲ့တယ်၊ ဒါထက် ဖေဖေ
ကောဟင် မေမေ"

"ခုပဲလာပါလိမ့်မယ်သမီးရယ်" ဟု မစ္စက်နယူးဘာရီက
ပြန်ပြောသည်။

ထိုစဉ် ကက်ပတိန်နှင့်သဘော်အရာရှိက ဒယ်လာစထရိကို
အသာဖယ်၍ အခန်းတွင်းသို့ဝင်လာကြသည်။





ကက်ပတိန်က "ဝမ်းနည်းပါတယ်ခင်ဗျာ၊ ကျွန်တော်
တာဝန်အရလာခဲ့ရတာပါ၊ ကျွန်တော်တို့ ခုလို ဘာလို့လျှောက်သွား
နေကြတယ်ဆိုတာ သိကြပါတယ်နော်" ဟုပြောသည်။

မစ္စက်နယူးဘာရီက "လူတစ်ယောက်ရေထဲကျသွားတယ်
သို့ ပြောသံကြားရတာပဲ" ဟု ပြန်ပြောသည်။

"ဟုတ်ပါတယ်၊ ခင်ဗျားရဲ့ခင်ပွန်းသည်ကို ဘယ်အချိန်
နောက်ဆုံးတွေ့လိုက်ရပါသလဲ မစ္စက်နယူးဘာရီ" ဟု ကက်ပတိန်
ကမေးသည်။

"ဘာဖြစ်လို့လဲရှင်၊ ညစာစားပြီးတော့ ထွက်သွားတာပဲ"

"ဘယ်က သွားသလဲ"

"အခန်းထဲကို ကျွန်မနဲ့အတူ သူလိုက်လာခဲ့ပြီး ချက်ချင်းပဲ
ပြန်ထွက်သွားတာပဲ၊ ဘာဖြစ်လို့လဲ ကက်ပတိန်၊ ကျွန်မကိုပြောစမ်း
ပါရှင်၊ ဟိုဒင်းဖြစ်တာ သူ . . ."

ကက်ပတိန်က မျက်နှာမကောင်းပဲ ပြန်ပြောသည်။

"အေးဗျာ . . . ပျောက်နေတာ ခင်ဗျားရဲ့ခင်ပွန်းပဲလို့
ဆင်ရတာပဲ၊ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားဘာများသိထားသေးသလဲ"

"ဘာ . . . ဘာပါလိမ့်ရှင်၊ ရှင် ဘာကိုဆိုလိုတာလဲ"

ကက်ပတိန်က သဘော်အရာရှိကို တစ်ချက်ကြည့်၍
"မစ္စက်ယူးဘာရီ . . . ခင်ဗျားယောကျ်ား ဒီအခန်းက ထွက်သွားပြီး
ကတည်းက နောက်ထပ်မတွေ့တော့ဘူးဆိုတာ ခင်ဗျားသေချာ
ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ . . . ဘာဖြစ်လို့လဲ"

"ညစာစားပွဲခန်းမထဲက ခင်ဗျားတို့ထွက်လာခဲ့ကြပြီး ခင်ဗျားအခန်းကို တိုက်ရိုက်လာခဲ့ကြသလား"

"ဟုတ်ကဲ့ ဒီကို တန်းလာခဲ့ကြတာပဲ"

"ခင်ဗျားယောကျ်ား ဘယ်ကိုသွားတယ်ဆိုတာ ခင်ဗျား သိသလား"

"ကျွန်မ . . . ကျွန်မထင်တာကတော့ အရက်ကောင်တာ ခန်းဆီကိုသွားပြီး လူတစ်ယောက်နဲ့ တွေ့တယ်ထင်တာပဲ၊ အတိအကျတော့ မသိပါဘူး"

"ခင်ဗျား သူနဲ့ လိုက်မသွားဘူးနော်"

"ဟုတ်ကဲ့ လိုက်မသွားပါဘူး"

"ကုန်းပတ်ပေါ်ကိုလည်း သူနဲ့ခင်ဗျားမသွားကြဘူးနော်"

"မသွားပါဘူးရှင်"

ကက်ပတိန်နှင့် သဘော်အရာရှိတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြန်သည်၊ ထို့နောက် ကက်ပတိန်က ဆက်မေးသည်။

"ခင်ဗျားတို့ ညစာစားပွဲခန်းမထဲက ထွက်သွားကြတော့ ည ၈ နာရီမိနစ် ၅၀ လောက်ရှိပြီနော်၊ ဟုတ်တယ်မဟုတ်လား"

"အဲဒီလောက်မကဘူးထင်တယ်၊ ၈ နာရီ ၅၅ မိနစ်လောက် ဖြစ်လိမ့်မယ်" ဟု မစ္စက်နယူးဘာရီက ပြန်ပြောသည်။

ဤနေရာတွင် ဒယ်လာက ဝင်ပြောသည်။





"ကျွန်မ ကူညီနိုင်လိမ့်မယ်ထင်ပါတယ်ကက်ပတိန်၊ မစ္စတာ မေဆင် ညစာစားပွဲခန်းမထဲက ထွက်သွားတာ ၈ နာရီ ၃၅ မိနစ်ပါ၊ အဲဒီအချိန်မှာ နယူးဘာရီမိသားစုရဲ့ စားပွဲကို ကျွန်မသွားပါတယ်၊ သူတို့ဆီမှာ ကျွန်မ ၁၅ မိနစ်လောက်ကြာပါတယ်၊ ကျွန်မတို့စားပွဲက ထကြတော့ ၈ နာရီ ၅၂ မိနစ်ရှိပါပြီ၊ ကျွန်မ အဲဒီအချိန်မှာ နာရီကို ကြည့်လိုက်မိလို့ မှတ်မိတာပါ"

"ခင်ဗျားက နာရီကို ဘာ့ကြောင့်ကြည့်သလဲ၊ အကြောင်း တစ်ခုခုရှိလို့လား" ဟု ကက်ပတိန်ကမေးသည်။

"ဟုတ်ကဲ့ . . . မစ္စတာမေဆင်က ကုန်းပတ်ပေါ်ကိုတက်သွား ပါတယ်၊ သူ့ဆီကို ကိုးနာရီမှာ ကျွန်မလိုက်သွားဖို့မှာထားပါတယ်၊ အဲဒါကြောင့် နာရီကို ကြည့်လိုက်တာပါ"

"ညစာခန်းမထဲက နယူးဘာရီမိသားစုနဲ့ ခင်ဗျား အတူတူ ထွက်ခဲ့တာလား"

"မဟုတ်ပါဘူးရှင် ကျွန်မ သူတို့နဲ့သွားစကားပြောနေတုန်း စားပွဲထိုးတစ်ယောက်က မစ္စတာနယူးဘာရီကို စာတိုကလေးတစ်ခု လာပေးပါတယ်၊ မစ္စတာနယူးဘာရီက အလုပ်ကိစ္စတစ်ခုနဲ့ လူတစ်ယောက်နဲ့ သွားတွေ့စရာရှိတယ်လို့ပြောပါတယ်၊ ဒါနဲ့လူစု ခွဲလိုက်ကြတာပဲ၊ ကျွန်မက ကျွန်မအခန်းဆီကို ပြန်လာခဲ့ပါတယ်"

"ခင်ဗျား အခန်းမှာ ဘာလုပ်သေးသလဲ"

ဒယ်လာက အံ့အားသင့်ဟန်ဖြင့် မျက်လွှာလှန်ကြည့်၍ "ဘာဖြစ်လို့ပါလိမ့်ရှင်၊ ကျွန်မမိုးကာအကျီဝတ်တယ်၊ ဦးထုပ်ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပြီးတော့ အပေါ်ထပ်တက်လာပြီး မစ္စတာမေဆင်ကိုတွေ့ဖို့ လိုက်ရှာတယ်"

"အဲဒီတော့ မစ္စတာမေဆင်က ကုန်းပတ်ပေါ်မှာလား"

"ဟုတ်ကဲ့ . . ."

ဤတွင် ကက်ပတိန်က မေဆင်ကို အကဲခတ်ဟန်ဖြင့် ခေတ္တမျှကြည့်နေပြီးနောက် မစ္စက်နယူးဘာရီဘက်သို့ လှည့်ပြောသည်။

"မစ္စက်နယူးဘာရီ၊ ခင်ဗျား အဝတ်အစားတွေလဲထားတယ် နော်၊ ဟုတ်တယ်မဟုတ်လား"

မစ္စက်နယူးဘာရီက စိတ်မရှည်တော့ဟန်ဖြင့် "ဒီမှာရှင် ကျွန်မကို တစ်ဆိတ်လောက်ပြောစမ်းပါ။ ရှင်တို့ဘာသိချင်လို့မေးနေကြတာပါလည်း၊ တကယ်လို့ ကျွန်မယောကျ်ားနဲ့ ပတ်သက်ပြီး ရှင်တို့ တစ်ခုခု သိထားရင်လည်း ကျေးဇူးပြုပြီး ရှင်းရှင်းပဲပြောပြစမ်းပါ"

ကက်ပတိန်က သူ့မေးခွန်းကိုပင် ထပ်မေးသည်။

"အဝတ်တွေ ဘာကြောင့် လဲထားသလဲဆိုတာ ကျုပ်သိချင်တယ် မစ္စက်နယူးဘာရီ"

"ရှင့်ရဲ့ ရိုင်းပျမှုအတွက် သက်ဆိုင်ရာကို ကျွန်မတိုင်ရလိမ့်မယ် ကက်ပတိန်"ဟု သူမက ခပ်မာမာပြန်ပြောသည်။

ကက်ပတိန်သည် ခေတ္တမျှ တုံ့ဆိုင်းသွားပြီးမှ ယတိပြတ်လေသံဖြင့် ပြောသည်။

"ခင်ဗျားရဲ့ ဗီရိုကို ရှာဖွေဖို့ ခွင့်ပြုစေချင်တယ် မစ္စက်နယူးဘာရီ"





"ဩော် . . . ဒီလိုလား၊ ကျွန်မလုံးဝခွင့်မပြုနိုင်ဘူးရှင် ရှင်တို့ ဘာလုပ်မလဲ"

"ဝမ်းနည်းပါတယ်ဗျာ၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဖြစ်တဲ့နည်းနဲ့ ရှာရလိမ့်မယ်"

ဤအချိန်အထိ လုံးဝ ဝင်မစွက်သေးသော မေဆင်က ဗီရိုအနီးသို့ တိုးသွားပြီး ကက်ပတိန်အား စူးစမ်းဟန်ဖြင့် လှမ်းကြည့်လျက်ပြောသည်။

"ခဏကလေး ကက်ပတိန်၊ ခင်ဗျား ဘာကိုရှာမယ်ဆိုတာ တိတိကျကျ ကျုပ်တို့ သိခွင့်ရှိတယ်လို့ ထင်ပါတယ်၊ တရားဥပဒေအရဆိုရင် ကြောင်းကျိုးမခိုင်လုံတဲ့ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ပစ္စည်းတွေ ရှာခွင့်မရှိပါဘူး"

ကက်ပတိန်က ခပ်ပြတ်ပြတ်ပြန်ပြောသည်။

"ဘာဥပဒေမှ ကျုပ်နားမလည်ဘူး၊ ဒါကျုပ်ရဲ့ သင်္ဘော၊ ကျုပ်ရဲ့ သင်္ဘောပေါ်မှာ ကျုပ်ပါးစပ်ကထွက်တာ ဥပဒေပဲ၊ ကျုပ်လုပ်တဲ့ ကိစ္စအတွက် ကျုပ်တာဝန်ခံမယ်၊ ဒီတော့ အဲဒီဗီရိုကို ရှာရလိမ့်မယ်၊ ကိုင်း . . . ရှေ့က ဖယ်ပေးပါ"

မေဆင်နှင့် ကက်ပတိန်တို့ အတန်ကြာမျှ မျက်လုံးချင်းဆိုင်ကြည့်နေကြသည်၊ ကက်ပတိန် အမူအရာမှာ ယတိပြတ်သန္နိဋ္ဌာန်ချထားပြီးဟန်ရှိသည်၊ မေဆင်မှာ အခြေအနေကို သုံးသပ်ဆင်ခြင်ခြင်း၌ ချက်ချင်းဆုံးဖြတ်လိုက်ပြီး ဘေးဖယ်ပေးလိုက်သည်။

"ဒီကိစ္စအတွက် ခင်ဗျားတာဝန်ခံရလိမ့်မယ် ကက်ပတိန်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် တာဝန်ယူတယ်ဗျာ"

ဤတွင် မစ္စက်နယူးဘာရီက ဗီရိုရှေ့သို့ အတင်းတိုးလာကာ

"ရှင်တို့ ရှာခွင့်မရှိဘူး၊ ဒါသက်သက်စော်ကားတာပဲ မစ္စတာမေဆင် ရှင်ဘာလို့ မတားတာလဲ" ဟု အကြောက်အကန် ပြောသည်။

"ကျုပ် မတားနိုင်ဘူး မစ္စက်နယူးဘာရီ၊ ကက်ပတိန်ဟာ ခင်ဗျားရဲ့ ဗီရိုကို ဖြစ်တဲ့နည်းနဲ့ ရှာတော့မှာပဲ" ဟု မေဆင်က မစ္စက်နယူးဘာရီ၏ အမူအရာကို အကဲခတ်လျက် ပြန်ပြော လိုက်လေသည်။

မစ္စက်နယူးဘာရီက ဗီရိုတံခါးတွင် ကျောကပ်၍ ရပ်နေပြီး လက်နှစ်ဖက်ကိုပါ ဆန့်ကားထားလျက် . . .

"ကဲ . . . ရှင်မထားနိုင်ရင် ကျွန်မတားမယ်" ဟု ပြောသည်။

မေဆင်က . . .

"ဗီရိုထဲမှာ ထူးခြားတဲ့ပစ္စည်းတစ်ခုခု ရှိနေရင် ရှာခွင့်မပြုပဲနေလို့ရမှာမဟုတ်ဘူး" ဟု သတိပေးလိုက်သည်။

"သူ ဘာရှာချင်တာလဲ၊ ကျွန်မ မသိဘူး၊ အို . . . ဘာပဲဖြစ်ဖြစ် ကျွန်မဂရုမစိုက်ဘူး၊ ဒီအချိန်မှာ ကက်ပတိန်ဟာ ရေထဲကျသွားတဲ့လူကို ကယ်ဆယ်ဖို့ ကြိုးစားနေရမှာ၊ ဘယ့်နှယ်ကျွန်မ ပစ္စည်းတွေလာရှာ ချင်နေရတာလဲ"

"ကဲ . . . ကြာတယ်ဗျာ၊ ဗီရိုထဲကို ကျုပ်ရှာတော့မယ် တံခါးက ဖယ်ပေးပါ မစ္စက်နယူးဘာရီ" ဟု ကက်ပတိန်က ရှေ့တိုး လာလျက် ပြောသည်။





မေဆင်က . . .

"ကက်ပတိန် ဗီရိုထဲမှာ ဘာတွေ့လိမ့်မယ်လို့ ခင်ဗျားမျှော်လင့်သလဲဆိုတာ ကျုပ်တို့ကို တစ်ဆိတ်လောက်မပြောနိုင်ဘူးလား" ဟု မေးသည်။

ကက်ပတိန်က ခေါင်းယမ်းပြလျက် . . .

"တစ်ခုခုပေါ့ဗျာ၊ တကယ်လို့ အထဲမှာ အဲဒါရှိနေတာကို တွေ့ရတဲ့အထိ မပြောနိုင်သေးဘူး"

"ကိုင်း . . . မစ္စက်နယူးဘာရီ ဖယ်ပေးလိုက်ပါ" ဟု မေဆင်က လှမ်းပြောလိုက်သည်။

မစ္စက်နယူးဘာရီက မကျေမနပ်ဖြင့် တံခါးမှ ဖယ်ပေးပြီး မေဆင်၏ ဘေးတွင်လာရပ်ကာ လက်မောင်းကိုကိုင်ထားသည်။ သူမ၏လက်များ တုန်ယင်နေသည်ကို မေဆင်က သတိပြုမိသည်။

"တားနေလို့လည်း ရမှာမဟုတ်ဘူး၊ မရရတဲ့နည်းနဲ့ အတင်းရှာ မှာပဲ၊ ခင်ဗျားက ဘာကြောင့် အရှာမခံချင်ရတာလဲ" ဟု မေဆင်က ခပ်တိုးတိုးမေးကြည့်သည်။

"ဘာမှ မဟုတ်ပါဘူး၊ ကျွန်မက ဒီလိုမျိုး စပ်စပ်စုစုလာလုပ်တာ သိပ်မုန်းတယ်၊ ဒါပါပဲ" ဟု သူမက မကျေမနပ်ပြန်ပြောသည်။

ထိုအချိန်တွင် ကက်ပတိန်က ဗီရိုတံခါးကို ဆွဲဖွင့်လိုက်ပြီး အတွင်းသို့ စေ့စေ့စပ်စပ်ကြည့်ရှုသည်။ ထိုနောက် ဒူးထောက်၍ ကြမ်းပေါ်သို့ ငုံ့ကြည့်နေသည်။ ခဏအကြာတွင် အနက်ရောင် ခွဲထိုင်သွား ဝတ်စုံနှင့် ဖိနပ်တစ်ရန်ကို လက်တစ်ဖက်တစ်ချက်စီတွင်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လျက် မတ်တတ်ရပ်လိုက်သည်။ ဝတ်စုံနှင့် ဖိနပ်များမှာ ရေများ စိုနေသည်ကို တွေ့ရသည်။

"ဒီဝတ်စုံနဲ့ ဒီဖိနပ်တွေဟာ ညစာစားပွဲတုန်းက ခင်ဗျားဝတ်ခဲ့တာတွေ ဟုတ်တယ်မဟုတ်လား မစ္စက်နယူးဘာရီ" ဟု ကက်ပတိန်ကမေးသည်။

သူမက ခဏမျှတုံ့ဆိုင်းနေပြီး

"ဟုတ်ပါတယ်" ဟု ပြန်ဖြေသည်။

"ကုန်းပတ်ပေါ် ခင်ဗျားလုံးဝမထွက်ဘူးဆိုပြီး ဒီပစ္စည်းတွေ ဘာကြောင့် ရေစိုနေရတာလဲ" ဟု ကက်ပတိန်က ဆက်မေးရာ မေဆင်က ရှေ့သို့တိုးသွားပြီးဝင်ပြောသည်။

"ကျုပ်ကိုခွင့်လွှတ်ပါကက်ပတိန်၊ ဒီနေရာမှာတော့ ကျုပ်ဝင်ရှုတော့မယ်၊ မစ္စက်နယူးဘာရီ ကုန်းပတ်ပေါ်ပဲသွားသွား၊ အခန်းထဲမှာပဲနေနေ ဘာများထူးလို့လဲ၊ သူဘာတွေလုပ်တယ်ဆိုတာကို ခုလိုလာစစ်ဆေးနေတာ ဘယ်လိုအကြောင်းလဲဆိုတာ မသိရဘူးလား"

"ဝမ်းနည်းပါတယ် မစ္စတာမေဆင်၊ ဒါပေမယ့် ခင်ဗျားမသိတဲ့အကြောင်းတွေရှိနေတယ်ဗျာ" ဟု ကက်ပတိန်က မစ္စက်နယူးဘာရီ၏မျက်နှာပေါ်မှ မျက်လုံးကိုမခွာဘဲ မေဆင်ကို ပြန်ပြောသည်။

"အဲဒီအကြောင်းတွေဟာ ဘာတွေလဲလို့ ကျုပ်သိခွင့်မရှိဘူးလား" ဟု မေဆင်က ထပ်မေးသည်။





"အေးဗျာ သိခွင့်မရှိဘူးလို့ပဲဆိုကြပါစို့၊ ကိုင်း မစ္စက်နယူးဘာရီ ခင်ဗျားရဲ့အဝတ်တွေ ဘာကြောင့်ရေစိုနေသလဲဆိုတာ ကျုပ်ကိုပြောပြနိုင်မလား" ဟု ကက်ပတိန်က မစ္စက်နယူးဘာရီကို ဆက်မေးသည်။

မေဆင်က. . .

"ကောင်းပြီ ကက်ပတိန်၊ ခင်ဗျားရဲ့နယ်ပယ်မှာတော့ ခင်ဗျားဟာ အာဏာပိုင်ဖြစ်မှာပဲ၊ ကျုပ်ကလည်း ကျုပ်နယ်ပယ်မှာတော့ ကိုယ့်နည်းနဲ့ကိုယ် အာဏာပိုင်ပဲ၊ ဒီသင်္ဘောရဲ့အရှင်သခင်အဖြစ်နဲ့ ဒီဝိရိုကို ခင်ဗျားက တာဝန်ခံပြီးရှာခဲ့ပြီးပြီ၊ အခု ကျုပ်ကလည်း မစ္စက်နယူးဘာရီရဲ့ရှေ့နေအဖြစ်နဲ့ ခင်ဗျားကိုပြောချင်တာက ခင်ဗျားရဲ့လုပ်ဆောင်ချက်တွေဟာ စည်းကျော်နေပြီဆိုတာပြောချင်တယ်၊ တကယ်လို့ မစ္စက်နယူးဘာရီကို ခင်ဗျားနဲ့ပူးပေါင်းကူညီစေချင်ရင် ခင်ဗျားဘာကိုရှာနေတယ်၊ ဘာကြောင့်ရှာနေရတယ်ဆိုတာ တိတိကျကျပြောဖို့လိုလိမ့်မယ်ထင်တယ်" ဟု ဝင်ပြောပြန်သည်။

ကက်ပတိန်က မစ္စက်နယူးဘာရီ၏မျက်နှာကိုပင် စူးစိုက်ကြည့်နေပြီး. .

"ကျုပ်မေးခွန်းမေးထားတယ်၊ ကျုပ်မေးတာကို ဖြေတာလိုချင်တယ်" ဟု ခပ်ပြတ်ပြတ်ပြောသည်။

မစ္စက်နယူးဘာရီက မတုန်မလှုပ်ရပ်နေရာမှ. . .

"ကျွန်မကလည်း ဖြေကိုမဖြေနိုင်ဘူးရှင်" ဟု ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကက်ပတိန်က သဘော်အရာရှိကိုခေါင်းညိတ်ပြ

"ကိုင်း မစ္စတာဘုခါနင်၊ ကျုပ်တို့ရှာကြဦးစို့" ဟု ပြောလို သည်။

"ခင်ဗျားတို့နောက်ထပ်ရှာကြဦးမလို့လား" ဟု မေဆင် မေးသည်။

"ဟုတ်တယ်" ဟု ကက်ပတိန်က တုံးတိတိပြန်ပြောသည်

မေဆင်က မစ္စက်နယူးဘာရီ၏လက်မောင်းကို ဆုပ် လိုက်ပြီး. . .

"စိတ်အေးအေးထားစမ်းပါ" ဟု သတိပေးလိုက်သည်

သူမ၏အသားမှာ အေးစက်နေသည်ကို မေဆင်ခံစား မိသည်။ ထိုအချိန်တွင် ဘဲလ်နယူးဘာရီက ဝင်ပြောသည်။

"ဒီမယ်ရှင့် ကျွန်မတော့ သည်းမခံနိုင်တော့ဘူး၊ အခုရှင် လုပ်နေတာတွေဟာ ကျွန်မနဲ့ကျွန်မရဲ့အမေကို စော်ကားနေတာ လို့ ကျွန်မထင်တယ်၊ အဲဒီအတွက် ရှင်းပြဖို့ ကျွန်မတောင်းဆိုတယ် ပြီးတော့လည်း ကျွန်မအဖေနဲ့ပတ်သက်ပြီး ရှင်တို့ ဘာသိထားသလ ဖေဖေပျောက်နေတယ်လို့ ရှင်တို့ ဘာကြောင့်ယူဆသလဲဆိုတာ ကျွန်မသိချင်တယ်"

ကက်ပတိန်က ဘဲလ်ဘက်သို့လှည့်၍

"ဝမ်းနည်းပါတယ်ကလေးမ၊ အခုဖြစ်တဲ့ကိစ္စက မတော် တဆဖြစ်တာမဟုတ်ဘူး၊ အဲဒါဆို မင်းနားလည်ပြီလား" ဟု ပြော လိုက်သည်။





"ရှင် . . . ရှင်ဆိုလိုတာက ဟို. . ." ဟု ဘဲလ်တ ပြောစဉ် မေဆင်က ကြားဖြတ်၍. . .

"လိုရင်းပြောကြရအောင် ကက်ပတိန်၊ မစ္စတာနယူးဘာရီ ဟာ ကိုယ့်ကိုယ်ကို သတ်သေသွားတာဖြစ်လိမ့်မလားလို့ ခင်ဗျားတို့ ယူဆထားသလား" ဟုမေးလိုက်သည်။

ကက်ပတိန်က မေဆင်အား မျက်လုံးချင်းဆုံကာ အလေး အနက်ကြည့်၍ပြန်ပြောသည်။

"ရှင်းရှင်းပြောရရင်တော့ ကားလ်နယူးဘာရီဟာ လူသတ် ခံရတယ်လို့ ယုံကြည်စရာအချက်အလက်တွေ ကျုပ်တို့ရထားတယ်"

ဤတွင် မစ္စက်နယူးဘာရီသည် လွတ်ကနဲ တစ်ချက်အော် လိုက်သည်၊ ဘဲလ်က သူမ၏အနီးသို့ ကမန်းကတန်းသွား၍ မှီတွဲ ထားသည်။

မေဆင်က "ဒီမယ်ကက်ပတိန်၊ ခုအချိန်မှာ ခုလိုဝရမ်းမပါဘဲ ရှာတာဖွေတာ လုပ်နေမယ့်အစား ရေထဲကျသွားတဲ့လူကို တွေ့အောင်ရှာဖို့ ကြိုးစားတာ ပိုမကောင်းပေဘူးလား" ဟု ပြော လိုက်သည်။

ကက်ပတိန်က. . .

"ကျုပ်မှာ အခွင့်အာဏာရှိသလောက် လုပ်စရာရှိတာ လုပ် ထားရမှာပဲ၊ ရေထဲကျသွားတဲ့လူကတော့ ဒီလောက်ဆိုးတဲ့ ရာသီဥတုအခြေအနေမှာ ပြန်ရဖို့အခွင့်အလမ်း တယ်မရှိလှဘူး၊ ကျုပ်မှာ အသက်ကယ်လှေတစ်စင်းနဲ့ ကယ်ဆယ်ရေးအဖွဲ့ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမယ့် သူတို့အသက်ကို အချည်းအနှီးစွန့်စားခိုင်းဖို့ က… မလိုလားဘူး၊ ဒါကြောင့် လှေနဲ့ထွက်ပြီး လိုက်ရှာမယ့်အစ… အသက်ကယ်ဘောကွင်းတွေ သင်္ဘောပတ်ပတ်လည် ပစ်ချပေး… စောင့်ကြည့်နေတယ်၊ ဒါပေမယ့် ရေထဲကျသွားပြီးတဲ့လူ ပြန်တွေ့… တော့ အပုံတစ်ထောင်ပုံ တစ်ပုံတောင် အခွင့်အလမ်းမရှိဘူး… ကျုပ်ထင်တယ်၊ အပြင်မှာ လုပ်စရာရှိတာတွေ ဆက်လုပ်ဖို့ သင်္ဘော… ပထမအရာရှိကို ကျုပ်ပြောထားခဲ့တယ်၊ ဒီမှာ ခုလို လာစစ်ဆေး… တဲ့ ကိစ္စကတော့ ကျုပ်ကိုယ်တိုင်လုပ်မှဖြစ်မယ့်ဟာဖြစ်နေတ… ဒီကလူတွေက ပူးပေါင်းကူညီကြရင် ပိုပြီးလွယ်လွယ်ကူကူဖြစ်… ခင်ဗျားတို့က မကူညီကြရင်လည်း ကျုပ်ကတော့ လုပ်စရာရှိ… ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဆက်လုပ်သွားရလိမ့်မယ်၊ ဒီတော့ တို့… ပြတင်းပေါက်နားမှာ ခင်ဗျားတို့အားလုံးစုပြီးသွားရပ်နေကြပါ… အခန်းကို ကျုပ်ရှာရလိမ့်မယ်" ဟု ပြောဆိုပြီး မေဆင်တို့လူစုအ… အခန်းထောင့်သို့သွားခိုင်းသည်။

ထိုနောက် ကက်ပတိန်နှင့်သင်္ဘောအရာရှိသည် အခ… တွင်းရှိ ပစ္စည်းအားလုံးကို စနစ်တကျဂရုတစိုက်ရှာဖွေစစ်ဆေး… သည်၊ စားပွဲအံဆွဲများကိုဖွင့်၍ အထဲသို့ အသေအချာကြည့်ရှုသည်… အိတ်များကိုဖွင့်၍ ပစ္စည်းများကို ထုတ်ကြည့်သည်၊ ထိုစဉ် သင်္ဘော… အရာရှိက နှစ်ယောက်အိပ်ခုတင်ပေါ်ရှိ အိပ်ရာခင်းကို ဆွဲလှန်… ပြုရာ ကက်ပတိန်က "ခဏကလေး မစ္စတာဘူခါနင်" ဟုဆိုကာ… ကိုယ်တိုင် အိပ်ရာခင်းအောက်သို့ လက်လျှို၍ နှိုက်ကြည့်သည်…





…နောက် ပစ္စည်းတစ်ခုကို ဆွဲထုတ်ယူလိုက်ရာ ရှမ္မိုင်းမွေးခါးပတ် …ဆံအိတ်တစ်ခုဖြစ်နေသည်ကို တွေ့ရသည်။ ထိုပိုက်ဆံအိတ်မှာ …ည်း ရေများ စိုလျက်ရှိသည်။

"ဒါဘာလဲသိလား မစ္စက်နယူးဘာရီ" ဟု ကက်ပတိန်က …မေးသည်။

"အဲဒါ ပိုက်ဆံအိတ်ပေါ့ရှင့်"

"အထဲမှာ ဘာတွေရှိသလဲ ပြောနိုင်မလား"

"ဒါ ရှင့်အလုပ်မဟုတ်ဘူး"

"ဒီပိုက်ဆံအိတ် ဘာလို့ ရေတွေစိုနေသလဲ ခင်ဗျား …သိလား"

"သိတယ်၊ ဒါပေမယ့် ရှင့်ကို ကျွန်မ မပြောနိုင်ဘူး"

"ဒါဖြင့် ပိုက်ဆံအိတ်ထဲမှာ ဘာတွေရှိသလဲ ကျုပ်တို့ကြည့်ရ …မယ်၊ ပိုက်ဆံတွေ ရှိနေတယ်ဆိုရင်တော့ ဝိုင်းကူညီပြီး ရေတွက် …ပါနော်" ဟု ကက်ပတိန်က ပြောသည်။

မစ္စက်နယူးဘာရီက ဘာမှ ပြန်မပြောဘဲ မတုန်မလှုပ်ရပ် …နေသည်။ ကက်ပတိန်က ပယ်ရီမေဆင်ကိုကြည့်၍ "ခင်ဗျားက …စ္စက်နယူးဘာရီရဲ့ရှေ့နေနော်၊ ဟုတ်တယ်မဟုတ်လား" ဟု …မေးသည်။

"ဟုတ်ပါတယ်"

"ခင်ဗျားကကော ဝိုင်းကူပြီးရေပေးမယ်မဟုတ်လား"

"ဒါ ခင်ဗျားတို့အလုပ်ပဲ ကက်ပတိန်" ဟု မေဆင်က …ပြတ်ပြတ်ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကက်ပတိန်က စာရင်းကိုင်အရာရှိကို ဦးခေါင်းညိတ်ပြ "ကောင်းပြီ . . . မစ္စတာဘူခါနင် ကျုပ်တို့ပဲရေကြတာပေါ့" ပြောလိုက်သည်။

ထိုနောက် ခါးပတ်ရှိအိတ်များကို တစ်ခုချင်းဖွင့် တစ်အိတ်ဆီမှထွက်လာသောပစ္စည်းများကို ကက်ပတိန် အိပ်ရာပေါ်တွင် တစ်ပုံစီပုံ၍ထားရှိသည်။ ထိုနောက် ငွေစက္ကူ ကို အကြီးအသေးခွဲ၍ထပ်ကာ ကက်ပတိန်နှင့်စာရင်းကိုင်အရာ တို့ ရေတွက်ကြည့်ကြပြီး ပေါင်းကြည့်လိုက်သည်။

ပြီးလျှင် ကက်ပတိန်က "ဒေါ်လာ တစ်သောင်းခုနှစ်ထော ငါးရာရှိတယ်" ဟု အသံကျယ်ကျယ်ဖြင့်ပြောလိုက်ပြီး "ဒီပိုက် တွေဟာ ခင်ဗျားပိုက်ဆံတွေလား မစ္စက်နယူးဘာရီ" ဟု လှမ်း သည်။

ဤတွင် မေဆင်ကဝင်၍ "ဒါတွေဟာ မစ္စက်နယူးဘာရီ ပိုင် သူ့ယောက်ျားပိုင်ပိုင် ဘာများထူးခြားမှာမို့လို့လဲ ကက်ပတိ ဟု မေးလိုက်သည်။

"ထူးခြားစရာရှိကောင်းရှိနိုင်တယ်လေ၊ ကျုပ်မေးခွန်း မစ္စက်နယူးဘာရီဖြေတာ ကြားချင်တယ်"

မစ္စက်နယူးဘာရီက "အဲဒါ. . ." ဟု တစ်စုံတစ်ခုပြော မည်ပြုစဉ် မေဆင်က "မစ္စက်နယူးဘာရီ ခင်ဗျားမဖြေချင် ဘယ်မေးခွန်းကိုမဆို မဖြေဘဲနေနိုင်တယ်" ဟု သတိပေးလို သည်။





"အဲဒါ ကျွန်မပိုက်ဆံတွေပါ" ဟု မစ္စက်နယူးဘာရီက ပြန် သည်။

ကက်ပတိန်က "ခင်ဗျား ဘယ်ကရတာလဲ" ဟု ထပ်မေး သည်။

"ဒါ ရှင်နဲ့မဆိုင်ပါဘူး" ဟု သူမကပြောလိုက်ရာ ပတိန်က ခါးပတ်ပိုက်ဆံအိတ်ကို လက်တွင်ကိုင်၍ မျက်မှောင် လျက် ကြည့်နေပြန်ပြီး "ဒီခါးပတ်က ဘာကြောင့်ရေစိုနေ " ဟု မေးလိုက်သည်။

သူမက ပြန်မဖြေဘဲ နေသည်။

"ဒီအိတ်ကို အိပ်ရာခင်းအောက်မှာထားတာ ဘယ်လောက် ပြီလဲ"

သူမက ဤမေးခွန်းကိုလည်း မဖြေဘဲနေသည်။

ကက်ပတိန်က အိပ်ရာခင်းကိုကိုင်၍ မြှောက်ပြပြီး "အိပ်ရာ တော့ မစိုဘူးနော်၊ ခင်ဗျားတွေ့တယ် မဟုတ်လား၊ ရေစိုနေ အိတ်နဲ့ ထိတဲ့နေရာကလေး တစ်ကွက်နှစ်ကွက်လောက်ပဲ စိုနေ တွေ့ရတယ်" ဟု ပြောသည်။

မစ္စက်နယူးဘာရီက ဆိတ်ဆိတ်ပင် နေလျက်ရှိသည်။

ကက်ပတိန်က အိပ်ရာခင်းကို ပြန်ချလိုက်ပြီး "ကိုင်း . . . နယူးဘာရီ၊ ကျုပ်တာဝန်အရ လုပ်စရာရှိတာကို လုပ်ရလိမ့် ဒီပိုက်ဆံတွေကို ကျုပ်ထိန်းသိမ်းထားမယ်၊ ပစ္စည်းထိန်းအရာရှိ ခင်ဗျားကို ပြေစာတစ်ခု ရေးပေးထားလိမ့်မယ်" ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်အရာရှိက သူ့အိတ်ထဲမှ စာအုပ်ငယ်တစ်
ထုတ်ယူလိုက်ပြီး ငွေများထိန်းသိမ်းထားရှိကြောင်း ပြေစာတစ်
ရေးကာ ၎င်း၏လက်မှတ်ထိုး၍ မစ္စက်နယူးဘာရီထံသို့ ကမ်း
သည်၊ သူမက ဆွဲယူလိုက်ပြီး ပြေစာစာရွက်ကို အပိုင်းပိုင်းဆုတ်
ကာ ကြမ်းပေါ်သို့ပစ်ချ၍ ခြေထောက်ဖြင့် နင်းခြေပစ်သည်။

“ရှင်. . . ရှင်တို့” ဟု သူမက ပြောမည်ပြုစဉ် မေဆင်
သူမ၏ ပါးစပ်ကို လက်ဝါးဖြင့် လှမ်းအုပ်လိုက်ပြီး “ဘာမှမပြော
ပါးစပ်ပိတ်ထားစမ်းပါ” ဟု သတိပေးလိုက်သည်။

ခေတ္တမျှ ထိုအတိုင်းရပ်နေကြပြီးမှ မစ္စက်နယူးဘာရီ
မေဆင်၏ လက်ကိုဖယ်ရန် ကြိုးစားသည်၊ မေဆင်က “ဘာ
မပြောနဲ့” ဟု ထပ်ပြောလိုက်သည်၊ သူမက ကြိုးစား၍ ထိန်းချုပ်
လိုက်သည်၊ ထိုအချိန်တွင် ကက်ပတိန်က စာရင်းထိန်းအ
မစ္စတာဘူခါနင်ကိုခေါ်၍ အခန်းတံခါးဝသို့ လျှောက်သွားကြသ

တံခါးဝတွင် ခေတ္တရပ်၍ ကက်ပတိန်က “မစ္စက်နယူးဘာ
ခင်ဗျားရဲ့ ခင်ပွန်းသည်ကို ရှာဖွေဖို့အတွက်ကတော့ ကျွန်တေ
အတတ်နိုင်ဆုံး ကြိုးစားသွားပါ့မယ်” ဟု ပြောကာ စကြံလမ်း
ထွက်ပြီး တံခါးကို ပြန်ပိတ်သည်၊ ခေတ္တမျှ တိတ်ဆိတ်နေကြပြီးနော
ဘဲလ်က သူမမိခင်၏လက်မောင်းကို ကိုင်လှုပ်၍ “မေမေ. . .
တွေက ဘာသဘောလဲဟင်၊ ဘာတွေဖြစ်နေတာလဲ”ဟု မေးသ

မစ္စက်နယူးဘာရီက ခေါင်းခါပြီး စကားမပြောနိုင်အော
ဖြစ်နေသည်၊ မေဆင်က သူမကို အိပ်ရာဆီသို့ အသာဆွဲခေါ်လာ





ဆိုင်ခိုင်းရာ သူမက ရုတ်တရက်ခေါင်းအုံးပေါ်သို့ မျက်နှာအပ်ချလိုက်ပြီး ရှိုက်ကြီးတငင်ငိုနေတော့သည်၊ ဘဲလ်က သူမ၏ဘေးတွင် ဒူးထောက်ထိုင်၍ မိခင်၏ဆံပင်များကို လက်ဖြင့်သပ်လျက်. . .

“မေမေ. . . မေမေ၊ ကျွန်မကို မပြောနိုင်ဘူးလား၊ ဘာတွေ ဖြစ်နေကြသလဲဆိုတာ ကျွန်မသိပါရစေ” ဟု အသနားခံ၍ ပြောဆိုနေသည်။

ထိုစဉ် မေဆင်က ဒယ်လာကို ခေါင်းညိတ်ပြပြီး အခန်းထဲမှ နှစ်ယောက်သား အသာထွက်လာကြသည်၊ စကြံလမ်းတွင် လျှောက်လာကြရာ သဘော်မှာပို၍ လူးနေသဖြင့် မေဆင်က ဒယ်လာကို တွဲ၍ထိန်းပေးပြီး လာခဲ့ကြရသည်။

“မစ္စက်နယူးဘာရီကို ဆရာကူညီတာ ဒယ်လာမလိုလားခဲ့ဘူးနော်၊ အဲဒါ ဘာဖြစ်လို့လဲ” ဟု မေဆင်က မေးသည်။

ဒယ်လာက ခဏမျှ ဆိုင်းနေပြီးမှ သူ့ဆရာကို မော့ကြည့်၍ ပြန်ပြောသည်။

“ဘာဖြစ်လို့လဲတော့ ကျွန်မ မပြောတတ်ဘူးဆရာ၊ ဒါပေမယ့် . . . ဒီအမျိုးသမီးကြီးနဲ့ ဆရာ လုံးဝမပတ်သက်တာ ကောင်းလိမ့်မယ်လို့ ကျွန်မထင်နေတယ်၊ ဘဲလ်ကို ကူညီတာတော့ ကောင်းပါတယ်ဆရာ၊ ကူလည်း ကူညီသင့်ပါတယ်၊ ဒါပေမယ့် သူ့အမေကတော့ တစ်မျိုးပဲလို့ ကျွန်မထင်တယ်”

မေဆင်က ရယ်၍ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒယ်လာရေ သင်္ဘောကက်ပတိန်ရဲ့ ဩဇာတွေ ဒယ်လာ့အပေါ် လွှမ်းမိုးသွားပြီနဲ့ တူတယ်၊ ရှင်းရှင်းပြောရရင်တော့ ကက်ပတိန်ဟာ ဘယ်လိုစိတ်ကူးနဲ့ အဖြေရှာနေတယ်ဆိုတာ ဆရာ နားမလည်ဘူး၊ တကယ်လို့ မစ္စက်နယူးဘာရီဟာ သူ့ယောကျ်ားကို ကုန်းပတ်ပေါ် ခေါ်သွားပြီး ရေထဲတွန်းချခဲ့တယ်လို့ ကက်ပတိန်က ထင်နေတယ်ဆိုရင်တော့ ဒါဟာ အတော်ယဉ်တဲ့ စိတ်ကူးပဲလို့ ဆိုရမှာပဲ"

ဒယ်လာက . . .

"အခု ကျွန်မတို့ ဘယ်သွားကြမှာလဲဆရာ၊ ဆရာ့အခန်းကို သွားကြရင် မကောင်းဘူးလား၊ ဟိုကျရင် ကျွန်မကို တစ်ခု ခုတိုက်ပြီး ဧည့်ခံပေါ့" ဟု ပြုံး၍ ပြောလိုက်သည်။

"အေးကွယ် ကောင်းသားပဲ၊ ဒါမှလည်း မစ္စက်နယူးဘာရီ အပေါ်မှာ ငါ့တပည့်ရဲ့ ဘက်လိုက်မှုတွေ ပျောက်သွားမှာ"

"အမှုသည် တစ်ယောက်အနေနဲ့ကတော့ မစ္စက်နယူးဘာရီကို ကျွန်မ အရေးထားပါတယ် ဆရာ၊ ဒါပေမယ့် သူဟာ ကျွန်မတို့ အမှုသည်သာ ဖြစ်မနေရင်တော့ ဝေးဝေးကရှောင်တာ အကောင်းဆုံးပဲလို့ ကျွန်မထင်တယ်"



## အခန်း (၆)

တနင်္လာနေ့ မနက်တွင် သင်္ဘောသည် ဆိပ်ကမ်းဆီသို့ ဖြည်းဖြည်း ချဉ်းကပ်လျက်ရှိသည်၊ ထိုအချိန်တွင် ဆိပ်ကမ်းမှ မော်တော်ငယ်ဖြင့် ရောက်လာကြသော မြို့နယ်ရဲမှူးရုံးမှ ရဲအရာရှိများသည် သင်္ဘောအရာရှိများနှင့် အခန်းတစ်ခုထဲ၌ အရေးတကြီး ဆွေးနွေးလျက်ရှိကြသည်၊ သင်္ဘောကုန်းပတ်ပေါ်တွင် ခရီးသည်များ ဆိုတစ်စု သည်တစ်စု ရပ်နေကြ၍ ညက ဖြစ်ပွားခဲ့သော အမှု အကြောင်းကို တီးတိုးပြောဆိုကာ ထင်ကြေးအမျိုးမျိုးပေးနေကြ သည်၊ ထိုစဉ် ပယ်ရီမေဆင်အား မှိုင်းဟန်းဂါးဖွဲ့က လိုက်ရှာ၍ လာတွေ့သည်။


www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာ မေဆင် . . . ဘာတွေ ဖြစ်နေတယ်ဆိုတာတော့ ကျွန်တော်မသိပါဘူး၊ ဒါပေမယ့် ကျွန်တော့် သဘောထားကိုတော့ ဆရာ့ကို သိထားစေချင်ပါတယ်" ဟု ရှိုင်းကပြောသည်။

"ခင်ဗျားရဲ့သဘောထားက ဘယ်လိုရှိလို့လဲ" ဟုမေဆင်က ပြန်မေးသည်။

"မစ္စက်နယူးဘာရီဟာ အင်မတန့်သဘောကောင်းတဲ့ အမျိုးသမီးကြီးတစ်ယောက်လို့ ကျွန်တော် နားလည်ထားပါတယ်၊ သူ့ယောကျာ်းကို သူသတ်တာ လုံးဝမဖြစ်နိုင်ဘူးလို့ ကျွန်တော် ယူဆပါတယ်၊ ပြီးတော့ ဘဲလ်ဟာလည်း တသန်းမှာ တစ်ယောက် ရှားရှားပါးပါး တွေ့ရခဲ့တဲ့ မိန်းကလေးတစ်ယောက်ပါ"

မေဆင်က ခေါင်းညိတ်ပြ၍ ဆက်နားထောင်နေသည်။

"ဒီတော့ ဆရာ့အနေနဲ့ ခုလို အဓိပ္ပာယ်မရှိတဲ့ စုံစမ်းစစ်ဆေးမှုကို ရပ်တန့်ကရပ်ဖို့ ကက်ပတိန်ကို ပြောမပေးနိုင်ဘူးလား"

မေဆင်က "မဖြစ်နိုင်ဘူး၊ လက်ရှိ အခြေအနေမှာ ဆိုရင် မစ္စတာနယူးဘာရီနဲ့ သူ့ဇနီးကို ည ၉ နာရီထိုးခါနီး ဆဲဆဲမှာ ကုန်းပတ်ပေါ်မှာ အတူတကွ တွေ့ရပါတယ်ဆိုတဲ့ သက်သေ တစ်ယောက်ရှိ နေတယ်လို့ ကျုပ်သိလာရတယ်၊ အာဏာပိုင်တွေ ကတော့ အဲဒီ သက်သေအကြောင်းကို ထိပ်တန်း လျှို့ဝှက်လုပ်ထား ကြတယ်၊ အထူးသဖြင့် အဲဒီသက်သေဟာ ဘယ်သူလဲဆိုတာ ကျုပ်သိစေချင်ပုံ မရဘူး"





"အဲဒီသက်သေဟာ ဘယ်သူလဲဆိုတာ သိရရင် ဆရာ့ အတွက် အထောက်အကူဖြစ်မလား၊ ကျွန်တော့်နည်း ကျွန်တော့် ဟန်နဲ့ သိထားတာရှိတယ်"

"ဘယ်သူဆိုတာ သိရရင်တော့ အင်မတန် အထောက် အကူဖြစ်တာပေါ့ဗျာ၊ ခုအထိကတော့ သက်သေဟာ အမျိုးသမီး တစ်ယောက်ဆိုတာပဲ သိရသေးတယ်"

"ဟုတ်တယ်ဆရာ၊ အမျိုးသမီးတစ်ယောက်ပဲ၊ နာမည်က အေလင်းဖဲလ်တဲ့" ဟု ဟန်းဂါးဖို့က ပြောလိုက်သည်။

"ဩော် . . . ဟိုမျက်မှန်နဲ့ ကျောင်းဆရာမ ဆိုတာလား"

"ဟုတ်တယ် ဆရာ၊ ဆန်တာဘာဗီတိုမြို့က ကျောင်းဆရာမ တစ်ယောက်ပဲ၊ အာရုံကြောရောဂါကြောင့် ဆိုလား ဘာဆိုလား ကျန်းမာရေးမကောင်းလို့ ခွင့်ခြောက်လယူပြီး အပန်းဖြေခရီး ထွက်ခဲ့တာတဲ့"

"ခင်ဗျားက ဘယ်လိုသိသလဲ"

"အဲဒီ အမျိုးသမီးနဲ့ တစ်ခန်းတည်းကျတဲ့ မိန်းကလေးတစ် ယောက်နဲ့ ကျွန်တော်စကားပြောလိုက်ရတယ်၊ အေလင်းဟာ တစ်ခါတလေ ကယောင်ချောက်ချားဖြစ်နေတတ်လို့ ဆရာဝန်က စိတ်ငြိမ်ဆေးပေးထားရတယ်။ သူ ဘာတွေ တွေ့မြင်တယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောဖို့ ဆရာဝန်က ပြောထားတယ်တဲ့၊ ဒါပေမယ့် အေလင်းဟာ အတော်ကလေး ချောက်ချောက်ချားချားဖြစ်လာပြီး ကုန်းပတ်ပေါ်က ပြန်အလာမှာ သူ့အခန်းဖော်ကို သူဘာတွေ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ပြောပြတယ်တဲ့၊ အဲဒါက ဆရာဝန်ရောက်မလာခင် ပြောပြခဲ့တာပဲ၊ ကျွန်တော်ကတော့ အဲဒီအမျိုးသမီးဟာ ခပ်ကြောင်ကြောင်လို့ ထင်တာပဲ”

ခင်ဗျားပြောတာ မျက်လုံးပြူးကြောင်ကြောင် အသားရောင် ညိုညစ်ညစ်နဲ့ အသက် ၃၄၊ ၃၅ လောက်ရှိတဲ့ အမျိုးသမီးမဟုတ်လား” ဟု မေဆင်က မေးလိုက်သည်။

ဟန်းဂါးဖို့က “အမျိုးသမီးကတော့ သူ့အသက်ကို ၂၉ နှစ် လို့ပြောတာပဲ၊ ကြည့်ရတာတော့ ခပ်ဆန်းဆန်းပဲ၊ သူ့ကို ကုန်းပတ်ပေါ် တလည်လည် လျှောက်သွားနေတာပဲ တွေ့ရတယ်” ဟု ပြန်ပြောသည်။

“ဟုတ်တယ်၊ ကျုပ်လည်း သူ့ကို ခဏခဏတွေ့ဖူးတယ်၊ ခုံမြင့်မပါတဲ့ ဖိနပ်ပြားပြားရယ်၊ ဂါဝန်တိုတိုရယ် ဝတ်တတ်တယ်၊ ညစာ စားပြီးချိန်တိုင်း ကုန်းပတ်ပေါ်မှာ လျှောက်သွားနေတာ တွေ့ရတယ်”

“ဟုတ်တယ်ဆရာ၊ တစ်ယောက်တည်း လိုက်သွားနေတာပဲ သူ့ကို သတိထားမိတဲ့ လူတွေက တစ်ညတစ်ညကို နှစ်မိုင်လောက် တောင် လမ်းလျှောက်တတ်တယ်လို့ ဆိုကြတယ်”

“ထားပါတော့လေ၊ အဲဒီအမျိုးသမီးက မစ္စက်နယူးဘာရီ ကို ကုန်းပတ်ပေါ်မှာ တကယ်မြင်ခဲ့တာတဲ့လား”

“သူကတော့ သူ့မျက်စိနဲ့ တပ်အပ်မြင်ခဲ့တယ်လို့ ဆိုတာပဲ အသက်ကယ်လှေထားတဲ့ ကုန်းပတ်အောက်ခြေနားမှာ အနက်ရောင် မိုးကာအင်္ကျီဝတ်ပြီး ရပ်နေတုန်း တံခါးပွင့်လာပြီး နယူးဘာရီ





လင်မယားအတူတူ ထွက်လာကြတာ တွေ့ရတယ်တဲ့၊ သူ့ကိုမမြင်ဘဲ သူတို့နှစ်ယောက် ဖြတ်သွားကြတာ သုံးလေးပေလောက်ပဲ ကွာတာမို့ မစ္စတာနယူးဘာရီက သူ့ ဇနီးကိုပြောတဲ့ စကားလည်း ကြားလိုက်ရသတဲ့၊ မစ္စတာနယူးဘာရီက သူ့ကိစ္စကို သူ့ ဘာသာသူ ဖြေရှင်းမယ်၊ ဘာမှ ဝင်မရှုပ်ကြပါနဲ့လို့ပြောပြီး အသက်ကယ်လှေ ထားတဲ့ ကုန်းပတ်ပေါ်ကို တက်သွားကြသတဲ့၊ မစ္စက်နယူးဘာရီက အနောက်က လိုက်သွားတော့ မစ္စတာနယူးဘာရီက ခြေထောက် နဲ့ လှမ်းကန်ပြီး ပြန်သွားလို့ လှမ်းအော်တယ်၊ ဒါပေမယ့် မစ္စက်နယူးဘာရီက အနောက်က အတင်းတက်လိုက် သွားသတဲ့၊ ခဏအကြာမှာ အေလင်းဖဲလ်ဟာ အပေါ်ကုန်းပတ်ဆီက ရုန်းသံကန်သံတွေကြားလို့ လှေကားက အသာတက်ကြည့်သတဲ့၊ အဲဒီတုန်းမှာပဲ ပစ္စတို သေနတ်သံတစ်ချက်ကြားရတယ်လို့ အေလင်းက သူ့အခန်းအဖော် အမျိုးသမီးကို ပြန်ပြောတယ်၊ ကုန်းပတ်ပေါ် အေလင်းရောက်သွားတဲ့အခါ မစ္စက်နယူးဘာရီဟာ သူ့ယောကျ်ားကိုယ်ကြီးကို တရွတ်ဆွဲပြီး ကုန်းပတ်လက်ရန်းဘက်ကို သွားနေတာ တွေ့ရသတဲ့၊ အဲဒီအချိန်မှာပဲ သင်္ဘောဟာ အပြင်း အထန် လူးနေလို့ အေလင်းလည်းလှေကားကို အတင်း ဆုပ်ကိုင်ထား ရတယ်၊ ရှေ့ကိုလည်း ကြည့်လို့မရတော့ဘူးလို့ ဆိုတယ်၊ အဲဒီအချိန်မှာ သေနတ်သံတစ်ချက်ကြားရပြန်သတဲ့၊ ဒါနဲ့ပဲ အေလင်းဟာ ကြောက်လန့်တကြား အော်မိတယ်၊ ဆက်တိုက်အော်နေခဲ့တယ်တဲ့၊ သူ့ကိုယ်သူ ဟန်နိုင်တဲ့ အချိန်မှာ လှမ်းကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မစ္စက်နယူးဘာရီဟာ ကုန်းပတ်တစ်လျှောက် ပြေးသွားတာ တွေ့လိုက်ရတယ်၊ မစ္စတာနယူးဘာရီကတော့ မရှိတော့ဘူးတဲ့"

"အဲဒီတော့ အေလင်းက ဆက်အော်နေတုန်းပဲလား" မေဆင်က ဖြတ်မေးသည်။

"ဟုတ်ပါတယ်"

"အဲဒီအချိန်မှာ ကုန်းပတ်ရဲ့ အဲဒီဘက်နားမှာ မှောင် တတ်တာပဲ၊ အေလင်းတွေ့နိုင် . . . ."

ဟန်းဂါးဖို့က ဖြတ်ပြောသည်၊ "ဒါပေမယ့် အေလင်း ပြောတော့ သင်္ဘောဆေးရုံခန်းက မီးရောင်ထွက်နေတယ်၊ ဆေး ခန်းတံခါးလည်း ပွင့်နေတယ်၊ ဒါကြောင့် အဲဒီ မီးအလင်းရောင် ကုန်းပတ်ပေါ်မှာ ဖြစ်နေတာကို တွေ့ရတယ်လို့ ဆိုတာပဲ"

"ဆေးရုံခန်းက မီးရောင်ထွက်နေတယ်၊ ဟုတ်စ" မေဆင်က မျက်မှောင်ကြုတ်၍ ပြန်မေးသည်။

"အေလင်းကတော့ အဲသလိုပြောတာပဲ၊ ကျွန်တော်ကလည်း တစ်ဆင့်ကြား ပြန်ပြောတာပါ၊ အေလင်းဟာ သူ့အခန်းဖော် ဒီအကြောင်းတွေ ပြန်ပြောတော့ အတော်ကလေး ကယော ချောက်ချား ဖြစ်နေသတဲ့၊ ကျွန်တော့် တစ်ဦးချင်းထင်မြင်ချက်ပြော ရရင်တော့ အေလင်းမြင်တယ်လို့ ပြောတာတွေဟာ တစ်ခု ဟုတ်မယ်မထင်ဘူး၊ ဒါပေမယ့်ဘယ်လိုပဲဖြစ်ဖြစ် သူပြော သတင်းကို အခြေခံပြီး သင်္ဘောကက်ပတိန်က မစ္စက်နယူးဘာရီရဲ့ အခန်းကို ရှာဖွေတာတို့ မသင်္ကာဖြစ်တဲ့ သဘောမျိုးပြောတာ ဆိုတာတို့ အထိဆက်သွားတော့တာပဲ"





"ကက်ပတိန်က ဆေးရုံခန်းကိုကော ရှာကြည့်ခဲ့သေး သား"

"မရှာဘူးထင်တာပဲ၊ အတော်ကလေးကြာမှ ရှာတယ်လို့ ကြားတယ်"

မေဆင်က . . .

"ဒီမယ်ဟန်းဂါးဖို့ အေလင်း တွေ့တယ်မြင်တယ်ဆိုတဲ့ ကိစ္စ ာ အတော်အဓိပ္ပာယ်မရှိဘူးဆိုတာ လက်ခံတယ်မဟုတ်လား" ဟု လိုက်သည်။

"ဟုတ်ပါတယ်၊ အဓိပ္ပာယ်မရှိဘူးလို့ ကျွန်တော်လည်း င်တာ ပဲ၊ အေလင်းဟာ တကယ်ပဲ ရူးကြောင်ကြောင်ဖြစ်နေ ာပါ၊ သူ့ အခန်းဖော် အီဒါဂွန်ဆင်ဆိုတဲ့ မိန်းကလေးကလည်း အေလင်းကို နည်းနည်းကလေးမှ သဘောမကျပါဘူး၊ အီဒါက ျွန်တော်နဲ့ ခင်မင်နေတဲ့ ဘဲလ်ကိုပဲ သံယောဇဉ်ရှိတယ်၊ ဒါကြောင့် အီဒါကတော့ ဘဲလ်ကို အစွမ်းကုန်ကူညီမှာပါ၊ အေလင်းဟာ ဟုတ်က ဟုတ်က စကားတွေ အမျိုးမျိုးပြောတတ်တယ်ဆိုတဲ့ အကြောင်း အီဒါက သက်သေခံမှာပါပဲ"

"အီဒါဂွန်ဆင်ရဲ့ လိပ်စာကို ခင်ဗျားယူထားသေးသလား" ု မေဆင်ကမေးလိုက်ရာ ဟန်းဂါးဖို့က ခေါင်းညိတ်ပြပြီး အိတ်ထဲမှ ာရွက်ကလေးတစ်ခု ထုတ်ပေးသည်။

"ဒါ အီဒါက ကျွန်တော့်ဆီရေးပေးထားတာပဲ၊ ဘဲလ်တို့ သားအမိကို ဆရာက အကျိုးဆောင်ပေးနေမှန်း သိလို့ ဆိပ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com





ကပ်ပြီးရင် ဆရာ့ဆီလာတွေ့ပြီး ပြောပါဦးမယ်လို့ အဲဒါ ပြောတယ်"

မေဆင်က စာရွက်ကလေးကို လှမ်းယူလိုက်ပြီး . . .

"ခုလောလောဆယ်တော့ မစ္စက်နယူးဘာရီနဲ့ ကျုပ် သွား တွေ့လိုက်ဦးမယ်" ဟုပြောသည်။

"ကျွန်တော်လည်း သွားတွေ့ချင်ပါတယ်၊ ဒါပေမယ့် သူတို့ ကျွန်တော့်ကို တွေ့ခွင့်ပေးမှာ မဟုတ်ဘူး၊ ကျေးဇူးပြုပြီး ကျွန်တော် သဘောထား ဘယ်လိုရှိတဲ့အကြောင်း မစ္စက်နယူးဘာရီ ပြောပေးပါလား မစ္စတာမေဆင်" ဟု ဟန်းဂါးဖို့က ပန်ကြားသည်။

"စိတ်ချပါ၊ ကျုပ်ပြောလိုက်ပါ့မယ်" ဟု မေဆင်က ပြော ဟန်းဂါးဖို့၏ လက်မောင်းကို ဆုပ်ကိုင်၍ နှုတ်ဆက်ခဲ့သည်။

ထိုနောက် မစ္စက်နယူးဘာရီအခန်းဆီသို့ လာခဲ့ရာ အခန်း တံခါးရှေ့တွင် အစောင့်တစ်ယောက် ချထားသည်ကို တွေ့ရ သည်။

မေဆင်က . . .

"ကျုပ်အမှုသည်ကို တွေ့ချင်လို့လာခဲ့တာပါ" ဟု ပြောလိုက် ၍ အစောင့်က တံခါးဝမှ ဖယ်ပေးသည်။ မေဆင်က အခန်းတံခါး ကို ခေါက်လိုက်ရာ မစ္စက်နယူးဘာရီ၏ အသံဖြင့် . . .

"ဘယ်သူလဲ" ဟု အတွင်းမှ ပြန်မေးသည်။

"မေဆင်"ဟု ဖြေလိုက်၍ တံခါးကို ဖွင့်ပေးသည်။ သူမ၏ မျက်လုံးများမှာ တစ်ညလုံးအိပ်ပျက်ထားဟန် ပေါ်လွင်နေသည်။



ဆင်ဝင်သွားပြီး အခန်းတံခါးကို ပြန်ပိတ်လိုက်ချိန်တွင် မစ္စက် ယူးဘာရီသည် ကုလားထိုင်တစ်လုံးပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချ သည်။ သူမ၏ဘေးတွင် မေဆင်က ဝင်ထိုင်လိုက်ပြီး . . .

"နာရီဝက်လောက်အတွင်း ဆိပ်ကမ်းကို သင်္ဘောကပ် မယ်၊ ပြင်ဆင်ပြီးပြီလား" ဟု မေးလိုက်သည်။

"လုပ်စရာရှိတာတွေတော့ လုပ်ပြီးပါပြီ" ဟု သူမက ဖြေသည်။

"ရဲတွေကတော့ ခင်ဗျားကို စောင့်ပြီး ခေါ်သွားကြမှာပဲ၊ သင်းစာတ လူတွေကလည်း မေးခွန်းတွေ အမျိုးမျိုးမေးပြီး ပေး ကြလိမ့်မယ်"

"ဒါပေါ့လေ၊ တတ်နိုင်သမျှ သည်းခံရတော့မှာပေါ့"

"မေးတာမြန်းတာတွေကို ခင်ဗျားဖြေမယ်စိတ်ကူးသလား"

"ကျွန်မ ပြောသင့်သလား"

"မပြောနဲ့၊ ဘာမှမပြောတာ အကောင်းဆုံးပဲ"

"ကောင်းပါပြီရှင်၊ ဒါဆိုလဲ ကျွန်မဘာမှ မပြောတော့ပါဘူး"

မေဆင်က သူမအား စက္ကန့်အတန်ကြာမျှ အကဲခတ်ကြည့် ပြီးနောက် . . .

"ခင်ဗျား တစ်ခုခုကော ကြားချင်တာမရှိဘူးလား" ဟုမေး လိုက်သည်။

"သတင်းကောင်းလား သတင်းဆိုးလား"

"သတင်းကတော့ သတင်းဆိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ကြားချင်ပါတယ်"

"ဒီလိုဗျာ၊ ခရီးသည်ထဲက ကျောင်းဆရာမတစ်ယောက်
တဲ့ အေလင်းဖဲလ်ဆိုတဲ့ အမျိုးသမီးက ခင်ဗျားနဲ့ ခင်ဗျားယော
ကို ကုန်းပတ်ပေါ်မှာ အတူတူတွေ့ခဲ့ရတယ်လို့ ပြောတယ်၊ ခင်
တို့နှစ်ယောက်ကိစ္စတစ်ခုအတွက် ရန်ဖြစ်ကြတယ်၊ ခဏအကြာ
ပစ္စတိုသေနတ်သံ တစ်ချက်ကြားရတယ်၊ ပြီးတော့ ခင်ဗျာ
မစ္စတာနယူးဘာရီရဲ့ ကိုယ်ကို ကုန်းပတ်လက်ရန်းဘက်ဆီ ဆွဲ
တာ တွေ့ရတယ်၊ နောက်တစ်ခါ သေနတ်သံတစ်ချက် ထပ်
တယ်လို့ ပြောခဲ့တယ်"

"အို . . . မဟုတ်တာတွေ၊ လိမ်ပြီးပြောနေတာပဲ"

မစ္စက်နယူးဘာရီက အော်၍ပြောသည်။

မေဆင်က အသံမှန်မှန်ဖြင့် . . .

"ကျုပ်ကတော့ ခင်ဗျား ကျုပ်ကို ပြောခဲ့တဲ့ ဇာတ်လမ်း
ပြင်ပြီးပြောဖို့ လိုလိမ့်မယ်လို့ ထင်တယ်" ဟု ပြန်ပြောလိုက်လေသ

"အို . . . ဘာမှ ပြန်ပြင်ပြောစရာမလိုဘူး၊ အဲဒီအမျိုး
က ရူးကြောင်ကြောင်မဟုတ်လား၊ မဟုတ်တာတွေ လိုက်ပြော
တာပါ၊ ကျွန်မ အမှန်အတိုင်းပြောရရင် ကျွန်မရဲ့ ယောက်
ကုန်းပတ်ပေါ် အတူပါသွားတာတော့ မှန်ပါတယ်၊ ကျွန်မက
ပြောစရာရှိတာ ဆက်ပြောချင်တယ်၊ သူက ကျွန်မကို ရှောင်သွာ
ကြိုးစားခဲ့တယ်၊ ကျွန်မက ဟိုပိုက်ဆံတွေ ကျွန်မကို ပေးရင်
လေးဘဲလ် မျက်နှာမပျက်ရအောင် ကျွန်မ အဖတ်ဆည်ပေးနိုင်



သူ့ကို ပြောတယ်၊ သူက အခန်းကိုပြန်ပြီး သူ့ကို စောင့်ဖို့ပြန်ပြော
တယ်"

"ပိုက်ဆံ ခါးပတ်အိတ်က ခင်ဗျားဆီ ဘယ်လိုရောက်နေ
တာလဲ"

"ကျွန်မယောက်ျားက ပေးလိုက်တာလေ"

"ဘယ်အချိန်က ပေးလိုက်တာလဲ"

"ကုန်းပတ်ပေါ် သူ့နောက်လိုက်သွားတုန်းကပဲ၊ သူက
ဒီမှာ ပိုက်ဆံတွေ၊ ဒါပေမယ့် ငါပြန်လာတဲ့အထိ ဘာမှမလုပ်
ဒီပိုက်ဆံတွေဟာ သမီးလေးဘဲလ် စိတ်ကြိုက်သုံးဖို့ပဲ၊ ဒါဟာ
လေးရဲ့ ပစ္စည်းဆိုတာ သေသေချာချာ မှတ်ထားပါလို့ သူက
တယ်၊ စကားလုံးအတိအကျတော့ မမှတ်မိဘူး၊ အဲဒီသဘောပါ
ကျွန်မက အခန်းကို ကျွန်မနဲ့အတူ ပြန်လာဖို့ သူ့ကို ဆွဲခေါ်တယ်
ကျွန်မကို အတင်းပြန်တွန်းလွှတ်တယ်၊ ကျွန်မလည်း ဒေါသထွက်
အောက်ထပ်ကို ပြန်ပြေးဆင်းလာခဲ့တယ်၊ ကျွန်မအခန်းကို
သွားပြီး အဝတ်အစားတွေ လဲနေတုန်း ရှင်ရောက်လာတာပဲ"

"အသက်ကယ်လှေထားတဲ့ ကုန်းပတ်ကနေ အောက်ထပ်
ခင်ဗျားဘယ်လိုလာခဲ့သလဲ"

"အရှေ့ဘက်လှေကားက ပြေးဆင်းလာခဲ့တာပဲ"

"တစ်ယောက်ယောက်က မြင်သွားသေးသလား"

"မမြင်ပါဘူး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အခန်းဆီကို လာနေတုန်းမှာကော တစ်ယော
ယောက်နဲ့တွေ့သေးသလား"

"ဒါတော့ ကျွန်မ မမှတ်မိဘူး"

"ကုန်းပတ်ပေါ်ကို ခင်ဗျားလုံးဝမရောက်ခဲ့ပါဘူး
ကက်ပတိန်ကို ဘာကြောင့်ပြောလိုက်တာလဲ"

"ဘာ့ကြောင့်လဲဆိုတော့ ကားလ်ဟာ ရေထဲခုန်ချသွာ
တယ်လို့ ကျွန်မထင်နေမိတယ်၊ ကျွန်မ အမှုမပတ်ချင်တာနဲ့ အဲသ
ပြောလိုက်တာပဲ"

"ခင်ဗျားဆိုလိုတာက သူ့ဆီက ခင်ဗျားထွက်လာခဲ့တဲ့ အ
သူ အဲသလိုလုပ်သွားလိမ့်မယ်လို့ ထင်နေသလား"

"အို . . . ကြံကြံဖန်ဖန်ရှင်၊ အဲဒီအချိန်မှာ ကျွန်မ ဘယ်
မှ မစဉ်းစားမိသေးပါဘူး၊ ဒါပေမယ့် ကျွန်မ အခန်းထဲရောက်
ဝီစီမှုတ်သံ ငါးချက်ကြားရတဲ့အခါ တစ်ယောက်ယောက်ရေ
ကျသွားလို့ဆိုတာ သိလိုက်တယ်၊ အဲဒီတော့ ချက်ချင်းစိတ်
တွေးလိုက်မိတာက အင်မတန် စိတ်ညစ်စရာကိစ္စနဲ့ ကြုံခဲ့ရ
ကျွန်မယောက်ျား ရေထဲများ ခုန်ချသွားသလားလို့ ဆိုတာပဲ၊ ဒါနဲ့
ကျွန်မလည်း ရေစိုအဝတ်တွေ ကမန်းကတန်းလဲပြီး ပိုက်ဆံအိတ်
အိပ်ရာခင်းအောက် ဝှက်ထားလိုက်တာပဲ"

"ခင်ဗျားထွက်လာတော့ ခင်ဗျားယောက်ျား ဘယ်နေ
မှာလဲ . . ."

"အသက်ကယ်လှေ ထားတဲ့ ကုန်းပတ်ပေါ်မှာ"





"အဲဒီအထပ်မှာ ဆေးရုံခန်းရှိတာ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ . . . သိပါတယ်"

"အဲဒီအချိန်မှာ ဆေးရုံခန်းထဲက မီးရောင်ထွက်နေသလား"

"ဟင့်အင်း . . . မီးရောင်မရှိပါဘူး၊ မှောင်နေတာပဲ"

"အဲဒီနားမှာ တခြားတစ်ယောက်ယောက်ကော မတွေ့
လား . . ."

"ဟင့်အင်း . . . မတွေ့ပါဘူး"

"ဆေးရုံခန်းက အလင်းရောင်မရှိဘူးဆိုတာ ခင်ဗျားသေချာ
ယ်နော်"

"အို . . . သေချာပါတယ်ရှင်"

"ဒီမယ် ကျုပ်ကိုကြည့်စမ်းပါ၊ ခင်ဗျားကို ကျုပ်အကဲခတ်
ဘာရှိတယ်" ဟု မေဆင်က ပြောလိုက်ရာ မစ္စက်နယ်ဖ့ဘာရီ
လုံးကို လွှဲသွားပြီး "ပြောစရာရှိတာ ပြောပါ" ဟု ပြန်ပြောသည်။

"မဟုတ်ဘူးလေ၊ ကျုပ်ကို ကြည့်စမ်းပါ"ဟု မေဆင်က
ပြောမှ သူမက မကြည့်ချင်ကြည့်ချင်ဖြင့် မျက်လုံးချင်းဆိုင်၍
ည့်သည်။

မေဆင်က "အခု ကျုပ်ပြောမယ့် စကားတွေကို ခင်ဗျား
သေချာချာနားထောင်စေချင်တယ်" ဟု ပြောလိုက်သည်။
စိတ်မရှည်ဟန်ဖြင့် "သွယ်ဝိုက်မနေစမ်းပါနဲ့ရှင်၊ ပြောစရာ
သော ပြောစမ်းပါ" ဟု ပြန်ပြောသည်။

"ကက်ပတိန်ကို ခင်ဗျားက ကုန်းပတ်ပေါ် လုံးဝမသွားခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ပြောခဲ့တယ်၊ အခုတော့ အဲဒီဇာတ်လမ်းကို ပြင်ပြောရ
မယ်၊ ပထမက အမှန်အတိုင်းမပြောဘဲ နောက်မှ ပြင်ပြောရင် ပ
တုန်းက အမှန်အတိုင်းမပြောဘဲ ဘာလို့ လိမ်ပြောခဲ့သလဲဆို
ရှင်းဖို့ခက်သွားတတ်တယ်၊ ဒီကိစ္စမျိုးမှာ ရဲအဖွဲ့က အင်မတန်အ
ခေါင်တတ်ကြတယ်၊ ဒီတော့ကာ အားလုံးလိပ်ပတ်မလည်
နောက်ထပ်ထွက်ဆိုချက်ပြင်ပြီး ဘာမှမပြောပါနဲ့ဦး၊ ခုလော
ဆယ်တော့ ကျုပ်အနေနဲ့ အစအဆုံး အမှန်အတိုင်းသိထားမှ
မယ်၊ ကိုင်း . . . ဒီတော့ ဟိုပိုက်ဆံတွေကို ဘယ်မှာရခဲ့သ

"ကျွန်မယောကျ်ားက ပေးလိုက်တာပါ"

"ဘယ်အချိန်ကလဲ"

"ကုန်းပတ်ပေါ် ကျွန်မလိုက်သွားတဲ့အချိန်မှာပါ"

"ဘာဖြစ်လို့ သူက ပေးလိုက်သလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက သမီးလေးဘဲလ်ရဲ့အ
အတွက် အကာအကွယ်ပေးဖို့ အဲဒီပိုက်ဆံတွေ ရမှ ဖြစ်မယ်
သူ့ကိုပြောလို့ပါ"

"အဲဒီတော့ သူကိုယ်သူ သတ်သေသွားမယ့်သဘော
တွေ့ခဲ့ရသလား"

"လုံးဝမတွေ့ခဲ့ရပါဘူး"

"ခင်ပွန်းနဲ့အတူရှိနေတုန်း သူရေထဲခုန်မချဘူးမဟုတ်လ

"ကြံကြံဖန်ဖန်ရှင် လုံးဝမလုပ်ပါဘူး"

"ခင်ပွန်းမှာ သေနတ်ရှိသလား"





"ဟင့်အင်း . . . မရှိပါဘူးရှင်၊ ဟိုအမျိုးသမီးဟာ
သိမ်အညာ မ ပါ"

"ဒိမယ် . . . မစ္စက်နယ်ဘာရီ၊ ဆိုကြပါစို့ဗျာ၊
ရင်းဆန်ခတ် ဖြစ်ပြီး ခင်ပွန်းယောကျ်ားရေထဲကိုကျသွားရင်
ပွားဘာလုပ်မလဲ"

"အဲဒါ . . . ကျွန်မ မသိဘူး"

"ရေထဲကို လူကျသွားတဲ့အကြောင်း အချက်ပေးသတင်း
ယ်မဟုတ်လား"

"အင်း . . . ကျွန်မလုပ်မိပါလိမ့်မယ်"

"ညတုန်းက လူတစ်ယောက် ရေထဲကျသွားတဲ့အကြောင်း
တင်းပို့တာ ခင်ပွန်းပဲလို့ ကျုပ်ထင်တယ်၊ အဲဒါ ဘယ့်နှယ့်လဲ"

မစ္စက်နယ်ဘာရီက သူမ၏မျက်လုံးများကို လွှဲဖယ်၍
ဟုတ်ပါဘူးရှင်၊ ကျွန်မ မဟုတ်ပါဘူး" ဟု ပြန်ပြောသည်။

"အဲဒီအချိန်မှာ အေလင်းဖဲလ်ဆိုတဲ့အမျိုးသမီးဟာ
န်းပတ်ပေါ်မှာရှိနေတယ်၊ သူက ကြောက်အားလန့်အား
ဟစ်နေတယ်၊ ဒါပေမယ့် သူ့အော်သံကို အထဲက ဘယ်လိုမှ
ကြားနိုင်ဘူး၊ အဲဒီတုန်းမှာပဲ တယ်လီဖုန်းအော်ပရေတာဆီကို
ဆုံခန်းမကနေပြီး အမျိုးသမီးတစ်ယောက်က တယ်လီဖုန်းဆက်
ယ်၊ လူတစ်ယောက် ရေထဲကျသွားတဲ့အကြောင်း လှမ်းပြောပြီး
ဆက်မပြောဘဲ တယ်လီဖုန်းချသွားသတဲ့၊ ကိုင်း . . . အဲဒီအမျိုး
မီးတာ ခင်ပွန်းမဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးရှင် ဘယ်လိုမှ မဟုတ်ပါဘူး"

မေဆင်က စဉ်းစဉ်းစားစားဖြင့် သူမအား စိုက်ကြည့်နေပြီး

"ကျုပ်ကတော့ ခင်ဗျားပဲလို့ ထင်တယ်ဗျာ" ဟု ပြောလိုက်သည်။

"အဲသလို ရှင်ဘာလို့ထင်ရတာလဲ" ဟု သူမက မျက်လုံးကို ရှောင်လွှဲ၍ပြန်မေးသည်။

"ဘာဖြစ်လို့လဲဆိုတော့ ဒီသင်္ဘောပေါ်မှာ အဲသလိုဖုန်းဆက်ဖို့အကြောင်းနဲ့ ပေါ်ပေါ်လွင်လွင်ဝန်ခံမပြောနိုင်တဲ့အကြောင်း ရှိနေတဲ့ တစ်ဦးတည်းသော အမျိုးသမီးက ခင်ဗျားပဲဖြစ်နေလို့ပဲ"

"အို ဘယ်လိုပဲဖြစ်ဖြစ်ရှင်၊ ကျွန်မ သတင်းမပို့တာတော့ အမှန်ပဲ"

"ခုအတိုင်းဆိုရင်တော့ ခင်ဗျားအနေနဲ့ ကိုယ့်ကိုယ်ကို ကာကွယ်ပြီး ထွက်ဆိုစရာနှစ်ချက်ပဲရှိတယ်၊ တစ်ခုကတော့ ကုန်းပတ်ပေါ်မှာ ခင်ဗျားနဲ့ခင်ဗျားယောကျ်ား စကားများကြတယ် သူက ခင်ဗျားကို တွန်းထိုးလွှတ်လိုက်လို့ ခင်ဗျားအခန်းဆီကိုပြန်ဆင်းလာခဲ့တယ်၊ ခင်ဗျားထွက်လာပြီးတော့မှ တခြားတစ်ယောက်ယောက်က ဆေးရုံခန်းထဲက ထွက်လာပြီး သူ့ကိုပစ်သတ်လိုက်တယ်၊ အဲသလိုထွက်ဆိုလို့ရနိုင်စရာရှိတယ်၊ သို့သော်လည်း ကုန်းပတ်ပေါ်ကို ခင်ဗျားလုံးဝမရောက်ခဲ့ပါဘူးလို့ ကက်ပတိန်ကို လိမ်ပြီးပြောခဲ့တာရယ်၊ ပိုက်ဆံအိတ်ကို ဝှက်ထားခဲ့တာရယ်၊ အဲဒီနှစ်ချက်ကြောင့် ခုနက ထွက်ဆိုချက်ကို အသုံးချလို့မဖြစ်နိုင်တော့ဘူး





နောက်တစ်ခုကတော့ ခင်ဗျားယောကျ်ားဟာ ပိုက်ဆံအိတ်ကို ခင်ဗျားလက်ထဲပေးပြီးတော့မှ သူ့ကိုယ်သူပစ်သတ်ပြီး ရေထဲကို ခုန်ချသွားတယ်လို့ ထွက်ဆိုဖို့ပဲ၊ ဒါပေမယ့် အေလင်းဖဲလ်ရဲ့ထွက်ဆိုချက်ကို မချေဖျက်နိုင်ရင်တော့ အခုလို အကြောင်းပြလို့လည်း ဖြစ်နိုင်မှာ မဟုတ်ပြန်ဘူး"

"အဲဒီတော့ ဘာဖြစ်မလဲရှင်"

"အဲဒီတော့ ကျုပ်အနေနဲ့ အချက်နှစ်ချက်ကို သေသေချာချာသိထားဖို့လိုလိမ့်မယ်"

"ဘာနှစ်ချက်လဲရှင့်"

"တစ်ချက်ကတော့ အေလင်းဖဲလ်ရဲ့မျက်မြင်ဇာတ်လမ်းဆိုတာ ဟုတ်မဟုတ် သိချင်တယ်၊ နောက်တစ်ချက်က တယ်လီဖုန်းနဲ့ သတင်းပို့တာ ခင်ဗျားမဟုတ်ပါဘူးလို့ ဘာ့ကြောင့်လိမ်ပြောရတယ်ဆိုတာ သိချင်တယ်"

"ရှင် ကျွန်မကို ခုထက်ထိ မယုံသေးဘူးလား"

"အေးဗျာ . . . မယုံနိုင်အောင်ဖြစ်နေတယ်၊ ခင်ဗျားပြောတာတွေဟာ အမှန်တွေပြောနေတယ်လို့ကျုပ်မယုံမချင်း ခင်ဗျားအနေနဲ့ ပတ်သက်ဆိုင်ရာကို ဒီအတိုင်းပြောခွင့်မပေးနိုင်သေးဘူး၊ ဒီအမှုမှာ ခင်ဗျားရှောင်ထွက်နိုင်မယ်ထင်ပြီး တစ်ကြိမ်လိမ်ခဲ့ပြီးပြီ၊ နောက်တစ်ကြိမ်လည်း ခင်ဗျားကိုယ်လွတ်ရုန်းနိုင်အုံးမယ်ထင်ရင် လိမ်ပြောမှာပဲမဟုတ်လား။ ဒါပေမယ့် တစ်ခုသိထားဖို့က ခင်ဗျားဟာ ဟိုပိုက်ဆံတွေကို ဘာကြောင့်လိုချင်ရတယ်ဆိုတဲ့အကြောင်း ထုတ်



www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲနဲ့ ရဲအဖွဲ့ကို ခင်ဗျားရဲ့ဇာတ်လမ်း ဘာမှ ပြောနိုင်မှာမဟုတ် ဘူး၊ ခင်ဗျားယောက်ျားဟာ မစ္စတာနယူးဘာရီမဟုတ်ဘဲ တကယ်တ ကားလ်မိုးဆိုသူဖြစ်တဲ့ အကြောင်း၊ ဟိုပိုက်ဆံတွေဟာလည်း အလွဲသုံး ခဲ့တဲ့ ပိုက်ဆံတွေလို့ ယူဆရတဲ့အကြောင်း ထုတ်မပြောဘဲ ဘာမှ ဇာတ်ရည်လည်အောင် ပြောနိုင်မှာမဟုတ်ဘူး"

"ဒါဆို ကျွန်မတို့ ဖုံးကွယ်ထားချင်တဲ့ကိစ္စက ဘယ်နည်း မဆို ပေါ်ကုန်တော့မှာပေါ့၊ ဟုတ်လား" ဟု မစ္စက်နယူးဘာရီက စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်သည်။

"အင်းလေ၊ သူဟာ ကားလ်မိုးဖြစ်တဲ့အကြောင်းကတော့ ပေါ်လာတော့မှာပဲ၊ ခုအချိန်ကစပြီး နာရီပိုင်းလောက်တော့ ဖုံးထား နိုင်ဦးမှာပေါ့၊ အဲဒီအချိန်ပိုင်းကလေးအတွင်း ကျုပ်အနေနဲ့ တ ပစ္စည်းသန့်စင်ရေးကုမ္ပဏီနဲ့ အရေးတကြီးစီစဉ်စရာတွေ စီစဉ် တော့မှာပဲ၊ တကယ်က ကုမ္ပဏီငွေ အလွဲသုံးမှုနဲ့ပတ်သက်ပြီး ဘယ်သူ လက်ချက်ဆိုတာ အခုထက်ထိ တိတိကျကျစွပ်စွဲနိုင်တာ မရှိသေး ဘူး၊ ကုမ္ပဏီရဲ့စာရင်းစစ်ချုပ် ရွှန်နီဆိုတဲ့လူဟာ တကယ်တော့ ကုမ္ပဏီဥက္ကဋ္ဌရဲ့မယားညီအစ်ကိုဖြစ်နေလို့သာ အဲဒီ ရာထူး ရထားတာ၊ ကျုပ်ထင်တာကတော့ သူဟာ အရည်အချင်း သိပ် ဘူး၊ စာရင်းအင်းလည်း နိုင်နင်းမယ့်လူမဟုတ်ဘူး၊ ဒါကြောင့်လည်း စာရင်းကွာနေတဲ့ငွေတွေဟာ ဘယ်သူ့လက်ချက်ဆိုတာ သူမ နိုင်သေးတာပဲ၊ တကယ်လို့ ကားလ်မိုးသေသွားပြီဆိုတာ ရွှန် သိသွားရင်တော့ စာရင်းကွာနေတဲ့ငွေတွေဟာ ကားလ်





တ်ချက်ပဲလို့ အပ်ကျမပ်ကျ စွပ်စွဲလိမ့်မယ်၊ ဒါမှလည်း သူ့သိက္ခာ ဆည်နိုင်မှာကိုး၊ ဒါပေမယ့် ကုမ္ပဏီဟာ ကားလ်မိုး မသေသေး ခင်တော့ ဝရမ်းမထုတ်ဘဲနေခဲ့တာဟာ ဥပဒေကြောင်းအရ နိုင်လုံသေးလို့ ဆိုင်းငံ့နေခဲ့တာဆိုရင်တော့ သူသေတဲ့အကြောင်း သူတို့တစ်တွေမသိခင်မှာ ကျုပ်ဘက်က လက်ဦးအောင် လုပ်စရာ ရှိတာတွေ လုပ်ရလိမ့်မယ်"

"ရှင်ပြောသလိုလုပ်နိုင်ရင် ငွေလိမ်မှုကိစ္စ ပေါ်မလာနိုင် တော့ဘူးလား"

မေဆင်က ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင်တော့ သမီးလေးဘဲလ်အတွက် အဆင်ပြေသွား နိုင်တာပေါ့" ဟု မစ္စက်နယူးဘာရီကပြောသည်။

"ဟုတ်တယ်၊ တကယ်လို့ ကုမ္ပဏီရဲ့စာရင်းစစ်ဆေးတဲ့ နေရာမှာ အားနည်းချက်တွေရှိခဲ့တာကို ကျုပ် ဖော်ထုတ်နိုင်ရင် ရေထဲ သေသူဟာ ကားလ်မိုးဖြစ်ကြောင်း သူတို့ မသိသေးခင် အဲဒီ အားနည်းချက်ကို အပိုင်ကိုင်ပြီး အမြတ်ထုတ်ရမှာပဲ၊ ဒါပေမယ့် တလည်း ဆိပ်ကမ်းကို သင်္ဘောကပ်ပြီးတာနဲ့ ချက်ချင်းအရေးတကြီး သွားမှဖြစ်မှာ၊ ဒီတော့ကာ ခင်ဗျားကိုတော့ အဲဒီအချိန်ကစပြီး ည့်ကြည့်နိုင်မှာမဟုတ်သေးဘူး၊ ရဲအရာရှိတွေနဲ့ သတင်းစာသမား တွေကြားထဲမှာ ထားခဲ့ရမှာပဲ"

"ကောင်းပြီလေ၊ ကျွန်မ သဘောပေါက်ပါပြီ၊ ကျွန်မ အတွက် မပူပါနဲ့၊ သမီးလေး ဘဲလ်အတွက် မျက်နှာမပျက်ရအောင် လုပ်စရာရှိတာ ဆက်လုပ်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် မေဆင်က တံခါးဆီသို့ ထလာပြီး နောက်
မှာကြားသည်။

"မေးခွန်းတွေ ဝိုင်းမေးကြတဲ့အခါ ခင်ဗျား
နောက်ကြောင်းတွေ ဘာမှ မဖြေပါနဲ့၊ ကားလ်မိုးဆိုတဲ့လူနဲ့ ခင်
ယောကျ်ားနဲ့ ဆက်စပ်လို့ရနိုင်စရာသဲလွန်စမျိုး တစ်ခုမှ မပေး
စေနဲ့၊ ခင်ဗျားဘက်က အချိန်ကြာကြာဆွဲနိုင်လေ၊ ကျုပ်အနေနဲ့
ဖို့ကိုင်ဖို့ အချိန်ပိုရလေပဲ၊ အင်း ... ကျုပ်အဖို့တော့ အ
ကလေး အချိန်တိုတယ်ဗျို့" ဟု ပြောကာ မေဆင်က တံခါးကို
ထွက်လာခဲ့သည်။

ဒယ်လာ၏အခန်းသို့ မေဆင်ဆက်သွားရာ ဘဲလ်
ဘာရီကိုပါ အခန်းထဲ၌ တွေ့ရသည်။

"ဘယ်လိုလဲဟေ့ ကလေးမ... ဘာထူးသေးသလဲ"
မေဆင်က မေးလိုက်ရာ "ခုအချိန်ထိတော့ အိုကေပဲဆရာ
သူတို့ကတော့ ကျွန်မကို မေးခွန်းတွေ အမျိုးမျိုး လှည့်ပတ်မေး
တာပဲ" ဟု ဘဲလ်က ပြန်ပြောသည်။





"မင်းကကော ဘာတွေပြောလိုက်သလဲ"

"ကျွန်မက သူတို့ဟာ တရားသဖြင့် ဖြစ်စေချင်တဲ့လူတွေ မဟုတ်ဘူး၊ ဆွဲချတွေဖြစ်နေလို့ သူတို့မေးတာတွေ ဘာတစ်ခုမှ မဖြေနိုင်ဘူးလို့ ငြင်းလိုက်တယ်၊ ဒါတင်မကဘူး၊ ကျွန်မအမေကို ရာဇဝတ်မှုနဲ့စွပ်စွဲတဲ့လူကို မကောင်းဆိုးရွားသတ္တဝါလို့ပဲထင်တယ်လို့ ပြောလိုက်တယ်"

"အေးကွယ်၊ ခုအချိန်မှာတော့ ဘာမှမပြောသေးဘဲနေတာ အကောင်းဆုံးပဲ"

"တကယ်လို့ ကျွန်မက ကားလ်ရဲ့ အမည်အမှန်ကို ပြောလိုက်မိရင် ထိပေါက်တဲ့အကြောင်းတို့ဘာတို့ သူတို့သိသွားကြမှာလားဟင်"

"အေးကွယ် ... အဲဒါမျိုးတွေပေါ့၊ မင်းအမေဘက်က ခုခံချေပနိုင်ဖို့အတွက် ရသမျှအချိန်ကလေးအတွင်းမှာ ကားလ်နယ်ဘာရီ ဆိုတာ ကားလ်မိုးဖြစ်တဲ့အကြောင်း ဘယ်သူမှ သံသယမဖြစ်အောင် ထိန်းထားစေချင်တယ်"

ထိုအချိန်တွင် ဒယ်လာက ဝင်ပြောသည်။

"ဆယ်လင်ဒါဒေးလ်က ဘဲလ်ကိုတွေ့ဖို့ ကြိုးစားနေတယ် ဆရာ၊ ကြားရတဲ့သတင်းတွေအတွက် ဘဲလ်ကို အတော်ကရုဏာဖြစ်နေတယ်လို့ဆိုတာပဲ"

"အေး ... ဘဲလ်ကို ဆယ်လင်ဒါနဲ့ ဝေးဝေးရှောင်နေပါစေ၊ ခုအချိန်မှာ ဘဲလ်ဟာ အင်မတန်ဝမ်းနည်းနေလို့ ဘယ်သူနဲ့မှ မတွေ့ချင်ဘူးလို့ ပြောထားပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ဆရာကြီးရယ်၊ မေမေ့အခြေအနေကော ဘယ် လဲ၊ ကုန်းပတ်ပေါ်မှာ မေမေ့ကို ဖေဖေနဲ့အတူတွေ့ခဲ့တယ်ဆို သက်သေရှိနေတယ်ဆိုတာကကော ဘယ်လိုတဲ့လဲ"

"ဒါတွေ ဂရုစိုက်မနေပါနဲ့ကလေးမရယ်၊ ခုအချိန်မှာတော လူတွေက အမျိုးမျိုးပြောနေကြမှာပဲပေါ့" ဟု မေဆင်ကပြောတ ဒယ်လာဘက်သို့လှည့်၍. . .

"ဒယ်လာရေ . . . ကားလ်နယူးဘာရီကို ထမင်းစားခ မှာ စာတိုကလေးပေးခိုင်းတာ ဘယ်သူလဲလို့ ဆရာသိချင်တယ စားပွဲထိုးသူငယ်ကပြောတော့ အဲဒီစာတိုကလေးကို သင်္ဘောငွေကိုင် စာရေးကြီးဆီကရတယ်လို့ပြောတယ်၊ ငွေကိုင်စာရေးကြီးကလည် သူခေါင်းငုံ့ပြီး စာရင်းတွေလုပ်နေရာက ခေါင်းမော့လိုက်တော သူ့ရှေ့က ပြတင်းပေါက်ရဲ့မှန်ခုံကလေးပေါ်မှာ အဲဒီစာရွက်ကိုတွေ တယ်လို့ပြောတယ်၊ စာအိတ်ပေါ်မှာ ကျေးဇူးပြု၍ ကားလ်နယူ ဘာရီသို့ အမြန်ပို့ပေးပါလို့ရေးထားသတဲ့၊ ဒါနဲ့ပဲ ငွေကိုင်က စားပွဲထိုး သူငယ်ကို လှမ်းခေါ်ပြီးပို့ခိုင်းလိုက်တယ်လို့ဆိုတယ်"

ဘဲလ်က. . .

"အဲဒီစာမှာ ဘာရေးထားသလဲဆိုတာ ကျွန်မသိတယ်ထ တယ် ဆရာကြီး" ဟု ဝင်ပြောသည်။

"ဘာရေးထားသလဲ"

"စာရွက်ပိုင်းလေးတစ်ခုပေါ်မှာ စာလုံးသုံးလုံးပဲ ခဲတံနဲ့ရေ ထားတယ်၊ ကျွန်မ လှမ်းကြည့်လိုက်တော့ တွေ့ရတာက 'ပရွမ်းနိုင်





တမ်း အိုကေ' လို့ပဲ တွေ့ရတယ်၊ လက်မှတ်ထိုးတာ မတွေ့ ဘူး"

"ယောက်ျားတစ်ယောက်ရဲ့လက်ရေးလို့ထင်သလား"

"ဟင့်အင်း၊ ခဲတံနဲ့ အသော့ရေးထားတာပဲ၊ ကျွန်မအထင် တော့ မိန်းမလက်ရေးလို့ထင်တာပဲ၊ ဒါကြောင့်လည်း အဲဒီအချိန်က ကျွန်မ ဘာမှမပြောဘဲနေခဲ့တာ၊ ကားလ်ဟာ မိန်းမကိစ္စမရှုပ်တတ် ဘူးဆိုတာ တော့ သိပါတယ်၊ ဒါပေမယ့် မိန်းမလက်ရေးလို့ပြောလိုက်ရင် မေမေက အထင်လွဲပြီး ပြဿနာဖြစ်မှာစိုးလို့"

"အေး . . . အဲဒီအကြောင်းမျိုးကိုတော့ ရဲအရာရှိတွေကို ပြောနိုင်ပါတယ်၊ ဒါပေမယ့် မင်းရဲ့နောက်ကြောင်းနဲ့ပတ်သက်ပြီး အချိန်မှာ ဘာမှမပြောနဲ့ဦး၊ မင်းဘယ်မှာကျောင်းနေခဲ့တယ်၊ ဘယ်နေရာမှာ နေခဲ့ဖူးသလဲ စသဖြင့်ပေါ့ကွယ်၊ ပြီးတော့လည်း မင်းရဲ့ ဆံပင်ပုံစံကို ပြင်ထားလိုက်ပါ၊ အခုလက်ရှိပုံစံက ရုပ်ရှင် မင်းသမီး ဝင်နီနဲ့ သိပ်တူလွန်းနေတယ်၊ ဝင်နီနဲ့ ရုပ်ချင်းဆင်တာကို သံသယလွန်စ ကောက်ပြီး နောက်ကြောင်းလိုက်လို့ ရစရာဖြစ်နိုင်တယ်"

ဤတွင် ဒယ်လာက ဘီးတစ်ချောင်း ချက်ချင်းထယူပြီး

"လာ လာ ကိုယ်ပြင်ပေးမယ်" ဟုပြောကာ ဘဲလ်၏ဆံပင် ကို တိုင်လိုက်လေသည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ဒရိတ်စုံစမ်းထောက်လှမ်းရေးအေဂျင်စီ အကြီးအကဲ
ဒရိတ်သည် ဆိပ်ကမ်းမှ အသင့်စောင့်၍နေသည်။ မေဆ
ပေါလ်ဒရိတ်အား မျက်ရိပ်တစ်ချက်ပြလိုက်ပြီး အကောက်ဌာ
သူ၏အထုပ်အပိုးများကို အမြန်ဆုံး အစစ်ဆေးခံနေသည်။ သ
ထောက်အချို့က မေးခွန်းများလာမေးနေကြသည်ကို အလိုက်
ပြန်ပြော၍ စကားဖြတ်ပြီး ဒယ်လာကိုဆွဲခေါ်ကာ တက္ကစီတ
ဖြင့် ထွက်လာခဲ့သည်။ လမ်းဘေးတွင် မယောင်မလည်ဖြင့်ရ
သော ပေါလ်ဒရိတ်သည် တက္ကစီ ယာဉ်မောင်းက တံခါးဖြန်မပ
လျှင်မြန်သွက်လက်စွာ ဝင်ထိုင်၍လိုက်ပါလာခဲ့သည်။





"လေယာဉ်ပျံကွင်းကို အမြန်ဆုံးမောင်းဗျာ" ဟု မေဆင်က ယာဉ်မောင်းအား ပြောလိုက်သည်။

ဒရိတ်က "စင်းလုံးငှားလေယာဉ်ကလေးတစ်စင်း ကျွန်တော် စောင့်ခိုင်းထားခဲ့တယ် ပယ်ရီ၊ ခင်ဗျားတို့နှစ်ယောက် ခြောက်လတစ်ကြိမ်လောက် ခုလို အပန်းဖြေခရီးထွက်ကြရင် သိပ်ကောင်းမယ်ဗျာ၊ ကျွန်တော်တော့ နားအေးပါးအေးနဲ့ အင်မတန်ကို ဇိမ်ကျနေတာပဲ" ဟု ပြောလိုက်သည်။

ထို့နောက် ဒယ်လာအား ရယ်စရာမောစရာပြော၍ နောက်ပြောင်နေပြီးမှ "လူသတ်မှုကိစ္စက ဘယ်လိုလဲ ပယ်ရီ" ဟု မေးသည်။

"ကုန်ပစ္စည်းသန့်စင်ရေးကုမ္ပဏီအကြောင်း မင်းက အရင်ပြော၊ ပြီးမှ ကိုယ်ပြောပြမယ်"

ဒရိတ်က သူ၏အိတ်ထဲမှ မှတ်စုစာအုပ်တစ်ခု ထုတ်ယူလိုက်ပြီး . . .

"ကုမ္ပဏီမှာ ဒေါ်လာနှစ်သောင်းငါးထောင် စာရင်းကွာနေတယ်။ ကားလ်မိုး အလုပ်ကိုမလာတော့တဲ့နောက် တစ်ရက် နှစ်ရက်အကြာမှာ ကုမ္ပဏီရဲ့ စာရင်းစစ်ချုပ် ဒင်တန်ရွှန်နီက စာရင်းကွာနေတဲ့ အကြောင်း တွေ့ရှိခဲ့တယ်။ ရွှန်နီက ငွေတွေဘုံးသွားတာ မိုးပဲလို့ ခွပ်စွဲပြီး ကုမ္ပဏီအနေနဲ့ မိုးကို ချက်ချင်းဖမ်းဝရမ်းထုတ်ဖို့ တိုက်တွန်းခဲ့တယ်။ ဒါပေမယ့် ကုမ္ပဏီရဲ့ ဥပဒေအကျိုးဆောင်က အတော်စနစ်ကျတဲ့ ရှေးရိုးရှေ့နေတစ်ယောက်ဆိုတော့ ဥပဒေကြောင်းအရ



www.burmeseclassic.com

www.burmeseclassic.com



မခိုင်လုံသေးဘဲ အရမ်းမစွပ်စွဲဖို့ပြောပြီး ဆိုင်းငံ့ထားခဲ့တယ် မခိုင်လုံတာ ဘယ်အချက်တွေဆိုတာတော့ ကျွန်တော် မသိသေ ဘူး။ ခုအချိန်မှာတော့ အပြင်က စာရင်းကိုင်တွေငှားပြီး ကုမ္ပဏီ စာရင်းတွေကို အသေးစိတ်စစ်ဆေးတာပဲ။ ပြီးတော့ အလွ စုံထောက်အဖွဲ့တစ်ဖွဲ့ငှားပြီး မိုး ဘယ်ရောက်နေသလဲဆို ဖော်ထုတ်နိုင်ဖို့ စုံစမ်းခိုင်းထားတယ်။ ကျွန်တော်သိရသလော တော့ အဲဒီစုံထောက်တွေလည်း ခုထိ ဘာသဲလွန်စမှ မရသေးဘူ

ဒရိုက်က ခေတ္တနားပြီး ဆက်ပြောသည်။

"စာရင်းစစ်ချုပ် ရွှန်နီဆိုတဲ့ ငနဲကိုတော့ ကျွန်တေ ကိုယ်တိုင် မတွေ့ရသေးဘူး၊ ခင်ဗျားရဲ့လက်ထောက်ရှေ့ ဂျက်ဆင်က ရွှန်နီနဲ့သွားတွေ့ပြီး စကားပြောပြီးပြီ။ ဂျက်ဆင်ကတေ သူ့ကို အတော်ချဉ်လာတာပဲ။ ဟိတ်တစ်လုံး ဟန်တလုံးနဲ့ ဘာအရေ အချင်းမှမရှိဘဲ ကုမ္ပဏီဥက္ကဋ္ဌနဲ့ မယားညီအစ်ကိုဖြစ်နေတာကတေ တစ်ခုတည်းကြောင့် နေရာကောင်းကောင်းရနေတဲ့လူလို့ ဂျက်ဆ က ပြောတာပဲ"

"ဥက္ကဋ္ဌ ဒေးလ်ရဲ့မိန်းမက သေပြီမဟုတ်လား"

"ဟုတ်တယ် သေပြီ။ ဒါပေမယ့် ရွှန်နီရဲ့မိန်းမကတေ ကျန်းကျန်းမာမာရှိတုန်းပဲ။ မိန်းမက ရွှန်နီကို ကောင်းကောင်းနို တယ်။ ဒီငနဲက ရုံးမှာဗိုလ်ကျသလောက် အိမ်ရောက်ရင် မိန်းမရေ မှာ ဝပ်နေတာပဲတဲ့။ အဲဒီလိုငနဲမျိုးတွေ ခင်ဗျားသိတယ်မဟုတ်လား"

"အေးပါ သိပါတယ်။ အဲဒီတော့ အဲဒီငနဲရဲ့ အတွင်းရေ ကော ဘာရသေးသလဲ"





"ရွှေရောင်ဆံပင်နဲ့ မိန်းကလေးတစ်ယောက်ကို ကြံစည် တယ်ဆိုတာတော့ စုံစမ်းလို့ရတယ်။ ဒါ့အပြင်တော့ အကြောင်း ဘာမှ ထူးထူးခြားခြား မရသေးဘူး"

"အဲဒီမိန်းကလေးက ဘယ်သူတဲ့လဲ"

"မဂ္ဂီထရင်တန်ဆိုတဲ့ ကောင်မလေးတစ်ယောက်ပဲ။ ပိုင်ရို သာလမ်း၊ အဆောက်အအုံ အမှတ် ၃၆၁၈၊ အခန်းနံပါတ် ၁၄ မှာ နေတယ်။ အဲဒီကိစ္စက ခင်ဗျားလိုက်နေတဲ့အမှုနဲ့ ဘာဆိုင် လဲ"

"ဆိုင်တော့ မဆိုင်ဘူးပေါ့ကွာ။ ဒါပေမယ့် အဲဒီမိန်းကလေး ဘယ်လိုပုံစံမျိုးလဲဆိုတာတော့ ကိုယ်သိချင်တယ်"

"ကျွန်တော်ကလည်း ပြည့်ပြည့်စုံစုံဖြစ်အောင် လုပ်ထားပါ ယ်ဗျာ။ ကျွန်တော့်လူတစ်ယောက်ကို အဲဒီမိန်းကလေးရဲ့ဓာတ်ပုံ ရိုက်ခိုင်းထားတာ ကျွန်တော့်လက်ထဲရောက်နေပါပြီ" ဟု ဒရိုက် ပြော၍ ဓာတ်ပုံတစ်ပုံထုတ်ပြသည်။ မိန်းကလေး၏ပုံမှာ ပင်လယ် ခြေတွင် နေပူဆာလှုံနေစဉ် ရိုက်ထားသောပုံဖြစ်သည်။

"မိန်းကလေးက အတော်ဖြောင့်သားပဲ။ စိတ်ဝင်စားစရာ ပဲ" ဟု မေဆင်က ဓာတ်ပုံကိုကြည့်၍ အကဲဖြတ်ပြောသည်။

ဒယ်လာက မိန်းမချင်း မလိုတမာကြည့်သော အကြည့်မျိုး ဓာတ်ပုံကိုလှမ်းကြည့်ကာ . . .

"အမျိုးသမီးက ပိုက်ဆံတော့ အတော်ဖြုန်းမယ့်ပုံပဲ။ ပေမယ့် အဝတ်အစားကို ဆွဲဆောင်မှုရှိအောင် ဝတ်တတ်ပုံမရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒါထက် နာရီကိုလည်း သတိထားကြည့်ပါဦး ဆရာ” ဟု ပြောလိုက်သည်။

မေဆင်က လက်ပတ်နာရီကို ကြည့်ပြီး . . .

“ဘာထူးခြားတာတွေ့လည်း ပေါလ်” ဟု မေးသည်။

“ကျွန်တော်တော့ သတိမထားမိဘူး၊ ဘာဖြစ်လို့လဲ”

“အင်းလေ၊ ကိုယ်လဲ အတိအကျတော့ မသိသေးပါဘူး။ ခုလောလောဆယ်မှာတော့ စာရင်းစစ်ချုပ်ဆိုတဲ့ ရွှန်နီနဲ့ပတ်သက်ပြီး ကိုယ်တို့ဘက်က လက်ဦးအောင်လုပ်ဖို့လိုနေတယ်။ ကိုယ့်အမှုသည် တွေနဲ့ပတ်သက်ပြီး ကုမ္ပဏီဘက်က ပါးစပ်ပိတ်နေအောင် လုပ်ထား ရမယ်”

ဒရိတ်က . . .

“ကျွန်တော် ပြောနိုင်တာတစ်ခုက ကုန်ပစ္စည်းသန့်စင်ရေး ကုမ္ပဏီနဲ့ တစ်ခြားကုမ္ပဏီ အတော်များများဟာ ငွေပေးငွေယူကိစ္စ တွေ အသွားအပြန်ရှိနေတတ်ကြတယ်။ တစ်ဆင့်ခံကုမ္ပဏီတွေက ပင်မကုမ္ပဏီဆီက ငွေချေးတာ ငွေပြန်ဆပ်တာ အမြဲတမ်းရှိနေတာ ပဲ။ ပင်မကုမ္ပဏီကြီးတွေဟာ အဲသလို လက်ဝေခံကုမ္ပဏီခွဲတွေ ထောင်ထားပြီး ငွေကိုဖြန့်ထားတတ်ကြတယ်” ဟု ပြောသည်။

“မောင်ရင် ဆိုလိုတာက ဒီလိုနည်းနဲ့ သူတို့တစ်တွေဟာ ဝင်ငွေခွန်ကို ရှောင်တတ်ကြတယ်လို့ ဆိုချင်တာလား” ဟု မေဆင် က မေးသည်။

“သေချာတာပေါ့။ ကုန်ပစ္စည်းသန့်စင်ရေးကုမ္ပဏီ





ည်း အဲဒီသဘောမျိုး လုပ်နေတာပဲ။ သူတို့လုပ်ငန်းရဲ့ တ်ကွယ်မှာ ကျွမ်းကျင်တဲ့ ရှေ့နေတစ်ယောက်တော့ ရှိပုံ ယ်၊ ဥပဒေအရ အရေးယူမခံရအောင် ရှောင်နိုင်တိမ်းနိုင်ဖို့ တ်ကွယ်က အကြံ ပေးနေတယ်ထင်တယ်”

“ကိုယ်သဘောပေါက်ပြီ၊ ဒီအတိုင်းဆို ချားလ်ဝိုက်မိုးဒေးလ် ကိုယ့်အပေါ်မှာ နှစ်ဖက်သွားလုပ်ပြီးကစားဖို့ ကြိုးစားနေတာ ယ်၊ တွေ့ကြသေးတာပေါ့ကွာ။ ဝင်ငွေခွန်ဌာနကလူတွေနဲ့ ပြီး သူ့ကို ဆုံးမရဦးမှာပေါ့” ဟု မေဆင်က သွားစေ့ပြုံးလျက် သည်။

“ခင်ဗျား အဲသလိုလုပ်မယ်ဆိုရင် ကိုယ့်ဘက်က အများကြီး ဆင်ထားဖို့ လိုလိမ့်မယ်”

“ရွှန်နီဆိုတဲ့ငနဲကို ပစ်မှတ်ထားပြီး တစ်ခုခုလုပ်ရမှာပဲ”

“တစ်ခုခုဆိုတာ ဘာကို ပြောတာလဲဗျ”

“အသေးစိတ်တွေပြောနေဖို့ အခုအချိန်မရှိသေးဘူး ယ်။ ရွှန်နီကို ကိုယ်တို့ ဘောင်ခတ်နိုင်အောင် ကြိုးစားရမယ်ဆို ပဲ ပြောထားရဦးမယ်”

“တစ်ခုတော့ရှိတယ် ပယ်ရီ၊ ရွှန်နီဆိုတဲ့ငနဲဟာ ဩဇာကြီး လူကြီးလူကောင်းတစ်ယောက် ဖြစ်နေတယ်။ သူ့လိုလူမျိုး ပွေတယ်ဆိုတဲ့ ကိစ္စလောက်နဲ့တော့ ဘောင်ခတ်လို့ရနိုင်မှာ တ်ဘူး” ဟု ဒရိတ်က သတိပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မေဆင်က လက်ပတ်နာရီကိုကြည့်လိုက် တက္ကစီဒရိုင်ဘာအား လှမ်းပြောသည်။

"အချိန်နည်းနည်း ပိုမြင့်လို့ရနိုင်ရင် မြှင့်လိုက်စမ်းပါဦး"

ဒရိုက်က သူ့အတွေးနှင့်သူ ဆက်ပြောသည်။

"ခုအချိန်ဟာ ဆန်ဖရန်စစ္စကိုမြို့မှာ လူသတ်မှုစစ်ဆေး အတော်မလွယ်တဲ့အချိန်ပဲ ပယ်ရီ၊ ရှေ့နေ ဘော်လ်ဒွင်ဗင်ဒင် ဆိုရင် ထီးပွဲဖိနပ်ပုံ ဂျူရီအဖွဲ့နဲ့ တိုးခဲ့ရဖူးတယ်။ ဂျူရီအဖွဲ့ ခရိုင်အစိုးရရှေ့နေကြီးကို သံသယနဲ့ကြည့်ခဲ့တယ်။ အစိုးရရှေ့ ကြီးကလည်း ဂျူရီအဖွဲ့ကို လာဘ်ပေးမှုနဲ့ ဗင်ဒင်စီကို လက် လက်ကိုင် အမိဖမ်းဖို့ ကြိုးစားခဲ့တယ်။ အဲဒီကိစ္စဖြစ်ပြီးကတည်း အခုဆိုရင် တရားခံအပြစ်မရှိပါဘူးလို့ မဲပေးရဲတဲ့ ဂျူရီလူ အတော်နည်းသွားပြီ၊ အပြစ်မရှိပါဘူးလို့ မဲပေးခဲ့ရင် လာဘ်စား တယ်လို့ အထင်ခံရမှာစိုးလို့ပဲ။ ဒီလိုအခါမျိုးကို အခွင့်ကောင်းယူ ခရိုင်ရှေ့နေကြီးကလည်း သူ့ဆီက အရေးကြီးတဲ့အမှုတွေအား အမြန်ဆုံးရုံးတင်၊ အမြန်ဆုံး စီရင်ချက်ချအောင် လုပ်နေ တာပဲ"

"ဒီလိုအခြေအနေ ကြာကြာရှိနေမှာ မဟုတ်ပါဘူး တစ်ပတ်လောက်ကြာရင် ပျောက်သွားမှာပါ" ဟု မေဆင်က ပြေ သည်။

"ခုတော့ မပျောက်သေးဘူးဗျို့။ ရှေ့နေအသင်းကလည် ဗင်ဒင်စီအမှုနဲ့ ပတ်သက်ပြီး စုံစမ်းတာတွေလုပ်နေတယ်။ ရာဇ





လိုက် တဲ့ ရှေ့နေတွေအားလုံးကိုလဲ စီစစ်တာတွေ လုပ်နေတယ်။ ဗင်ဒင်စီ အမှု စီရင်ချက်ချတဲ့ ဂျူရီအဖွဲ့ဝင်လူကြီးတွေကိုပါ စုံစမ်း စစ်ဆေးတာတွေ လုပ်နေတယ်"

"အဲဒီအခြေအနေနဲ့ ကိုယ်နဲ့မဆိုင်ပါဘူးကွာ။ ကိုယ့်အနေနဲ့ အမှုသည်တစ်ယောက်ကို လွတ်သွားအောင် ပညာကိုပဲသုံးပြီး ကြိုးစားတယ်၊ ကိုယ့်အမှုသည်လွတ်သွားလို့ စီရင်ချက်ချတဲ့ဂျူရီအဖွဲ့ ကို စုံစမ်းစစ်ဆေးချင်သပဆိုရင် ကြိုက်သလို အစစ်ဆေးခံနိုင်တာပဲ"

"အင်းလေ . . . ဗင်ဒင်စီတို့လောက် သုံးစရာပညာမှမရှိဘဲ" ဟု ဒရိုက်က ပြောသည်။

မေဆင်က. . .

"ကိုယ့်အကြောင်းကိုကော ဘာများ ပြောနေကြသေးလဲ" ဟုမေးသည်။

"ခရိုင်ရှေ့နေကြီးကတော့ ဉာဏ်နီဉာဏ်နက်သုံးတဲ့ ရှေ့နေ တစ်ယောက်ရှိတဲ့အကြောင်းပြောဖူးတာပဲ၊ ကျွန်တော်ကတော့ ဘော်ပေါ်ကဆင်းဆင်းချင်း ခင်ဗျားကိုတောင် ဖမ်းချုပ်လိမ့်မယ် လို့ စိုးရိမ်နေခဲ့တာ" ဟု ပြောသည်။

မေဆင်က "အေးကွာ၊ တို့တစ်တွေလည်း ဒီကိစ္စမှာတော့ အတော် ကျပ်ကျပ်တည်းတည်းလုပ်ကြရဖို့ရှိနေတယ်၊ ဖြစ်ပုံက ဒီလို၊ ဘော်ပေါ်မှာ အသတ်ခံရတဲ့ နယူးဘာရီဆိုတာဟာ တကယ်က ဘားလ်မိုးဆိုတဲ့လူပဲ၊ သူ့မယားပါသမီးက သန်းကြွယ်သူဌေး တစ်ယောက်ရဲ့သားနဲ့ ချစ်ကျွမ်းဝင်နေတယ်၊ အဲဒီ ကလေးမ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အတော့်ကို ချောချောလှလှဖြစ်နေတယ်၊ ဒီနေ့ညနေ သတင်းစာတွေမှာ အဲဒီကလေးမရဲ့ဓာတ်ပုံ ပါလာတော့မှာပဲ၊ ဒီညဆိုရင်ပဲ ခရိုင် ရှေ့နေကြီးဟာ အဲဒီကလေးမရဲ့ပထွေးဟာ ကားလ်နယူးဘာရီ မဟုတ်ဘဲ ကားလ်မိုးဖြစ်တဲ့အကြောင်းသိသွားတော့မယ်၊ ဒီအကြောင်းကို ကုမ္ပဏီ စာရင်းစစ်ချုပ်ရွှန်နီဆိုတဲ့ ငနဲသိသွားတာနဲ့ တစ်ပြိုင်နက် ငွေကွာနေတဲ့ သူ့စာရင်းတွေကို သေသူအပေါ် ပုံကျအောင် ဖန်တီးတော့မှာပဲ။ ဒါတင်မကသေးဘူး။ ဝင်ငွေခွန် ရှောင်နိုင်အောင် လုပ်ကြံတဲ့စာရင်းတွေနဲ့ ကားလ်မိုးသေတဲ့ အပေါ်မှာ အမြတ်ထုတ်ကြလိမ့်ဦးမယ်။ ဒီတော့သူတို့တစ်တွေ အဲသလို မလုပ်နိုင်အောင် ကိုယ်က လက်ဦးဖို့ လိုတယ်" ဟု ရှင်းပြလိုက်သည်။



## အခန်း (၈)

ပေါလ်ဒရိတ်က တိုက်ခန်းတွဲ အဆောက်အအုံတစ်ခု ...တွင် ကားကိုရပ်လိုက်ပြီး "အမှတ် ၃၆၁၈၊ ပိုင်ရှိရိပ်သာလမ်း ...ာ ဒီနေရာပဲ" ဟု ပြောလိုက်သည်။

မေဆင်က "အမျိုးသမီးရဲ့နောက်ကြောင်းတွေကော ...ာသိထားသေးသလဲ ပေါလ်" ဟု မေးသည်။

" သိပ်များများတော့ မသိရသေးဘူး၊ အမျိုးသမီးက ...တ် ၂၅ နှစ်ကျော်ပြီ ၃၀ တစ်ဝိုက်လောက် ရှိနိုင်တယ်။ ...တ်အစား စမတ်ကျကျ ဝတ်တတ်တယ်။ အတော်လည်း ပေါပေါ ...များ ဝတ်နိုင်ဆင်နိုင်တယ်။ တစ်နေရာရာမှာ နောက်ကြောင်း ...ခုတော့ ရှိခဲ့ဖူးမှာပါ၊ ဒါပေမယ့် ခုထိတော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းလို့မရသေးဘူး၊ ဒီမြို့မှာတော့ မာကျော်ရီထရင်ထန် ဆိုင်
နာမည်နဲ့ နေနေတာပဲ"

"လက်ဝတ်လက်စား အခြေအနေကော ဘယ့်နှယ့်လဲ"

"အင်း. . . . အတော်ကလေးပေါ်များပုံရတယ်"

"စာရင်းစစ်ချုပ် ရွှန်နီ လက်ပတ်နာရီ လက်ဆောင်ပေး
တယ်ဆိုတဲ့ ကိစ္စ ကကော သေချာရဲ့လား"

"ကျွန်တော့်လူဆီက သတင်းကတော့ အဲဒီလက်ပတ်
နာရီကို အမျိုးသမီးပတ်တာ သိတင်းခြောက်ပတ်လောက်
ရှိသေးတယ်လို့ဆိုတာပဲ"

"အဲဒီနာရီ ဘယ်ကဝယ်တယ်ဆိုတာကော မောင်ရင်
စုံစမ်းလို့ မရဘူးလား"

"ဘယ်ရနိုင်ဦးမလဲ ပယ်ရီ၊ ခင်ဗျား ကျွန်တော့်
ဆန်ဖရန်စစ္စကို လေဆိပ်ကနေ တယ်လီဖုန်းဆက်တာ လွန်ခဲ့
သုံးနာရီလောက်ကမှ မဟုတ်လား၊ အလွတ်စုံထောက် တစ်ယော
အနေနဲ့ ရဲအဖွဲ့လောက်တော့ ဘယ်မြန်နိုင်ပါ့မလဲဗျာ"

ထိုနောက် မေဆင်နဲ့ ဒရိတ်တို့ ကားပေါ်မှ ဆင်းကြ
အဆောက်အအုံအောက်ထပ် ညှော်ခန်းအောက်တံခါးကို တွ
ဖွင့်၍ ဝင်သွားကြသည်။ မေဆင်က ညှော်ကြိုစားပွဲသို့ သွ
ရောက်ပြီး ထိုင်နေသောစာရေးကို ပြောသည်။ "မစ္စမာကျော်
ထရင်တန်ဆီ ဖုန်းဆက်ပေးပါ၊ မစ္စတာ ဒရိတ်က အရေးကြီး
ကိစ္စတစ်ခုနဲ့ ချက်ချင်းတွေ့ချင်ပါတယ်လို့ ပြောပေးပါ။"





စာရေးက တယ်လီဖုန်း ပလပ်ပေါက်တစ်ခုသို့ ထိုးလိုက်
ပြီး ဖုန်းခွက်ကို ကိုင်ကာလှမ်းပြောသည်၊ "မစ္စထရင်တန်လား၊
ခင်ဗျားကိုတွေ့ဖို့ ညှော်ခန်းမှာ လူနှစ်ယောက်ရောက်နေတယ်၊
တစ်ယောက်က မစ္စတာဒရိတ်တဲ့ . . .၊ ဘာပါလဲဗျာ . . . ခြော်
အလုပ်ကိစ္စတစ်ခုလို့ပြောတယ်၊ ခဏကိုင်ထားနော်" ဟုဆိုကာ
တယ်လီဖုန်းခွက်ကို ပါးစပ်မှလွှဲပြီး မေဆင်ကို လှမ်းမေးသည်။

"မစ္စထရင်တန်ကို တွေ့ချင်တဲ့ကိစ္စက ဘာလဲဆိုတာ တိတိ
ကျကျပြောပါတဲ့"

"လက်ဝတ်လက်စားကိစ္စလို့ ပြောလိုက်ပါ" ဟု မေဆင်က
ပြောသည်။

စာရေးက "ဒီထက်ပိုပြီး တိတိကျကျပြောဖို့လိုလိမ့်မယ်"
ဟု ပြန်ပြောသည်၊ ဤတွင် မေဆင်က ဖုန်းလိုင်းတစ်ဖက်ရှိ
နားထောင်နေသူ ကြားလောက်အောင် အသံကိုမြှင့်၍ "ပြောလိုက်
ဗျာ၊ ကျောက်မျက်ရတနာကိစ္စနဲ့ ကျုပ်တို့ သူ့ကိုတွေ့ချင်တယ်၊
အဲဒါကလည်း သီးသန့်ပုဂ္ဂိုလ်ရေးတွေ့မှ ဖြစ်မယ့်ကိစ္စပဲ၊ ဒါကို
အစ်တိုက်လုံးသိကုန်အောင် ပြောစေချင်တယ်ဆိုရင်လည်း သူ့
သဘောပဲ၊ အဲဒါကို ဒီကပဲ လှမ်းပြောရမလားဆိုတာ ပြန်မေးလိုက်
ပါ" ဟု ပြောလိုက်သည်။

မေဆင်၏ ပရိယာယ်ထိရောက်မှုမှာ မြန်ဆန်လှသည်၊
ဖုန်းခွက်တွင် တစ်ဖက်မှလှမ်းပြောသောစကားသံများ ထွက်ပေါ်
လာသည်၊ စာရေးက နားထောင်ကြည့်လိုက်ပြီး "ကောင်းပါပြီ



www.burmeseclassic.com

www.burmeseclassic.com



မစ္စထရင်တန်" ဟုဆိုကာ ဖုန်းခွက်ပြန်ချ၍ ပလပ်ကို နုတ်လို သည်။

ထိုနောက် "အပေါ်ထပ် တက်သွားပါ၊ ပဉ္စမထပ် အခ နံပါတ် (၁၄၊ဘီ) မှာရှိပါတယ်" ဟု ပြောလိုက်သည်။

မေဆင်နှင့် ဒရိတ်တို့ ဓာတ်လှေကားရှိရာသို့ သွားရော ကြပြီး ဓာတ်လှေကားမောင်းသည့် လူငယ်အား ပဉ္စမထပ်သို့ ပို့ ရန် မေဆင်ကပြောသည်၊ ၎င်းအထပ်သို့ အရောက်တွင် ဓာတ် ကားမှထွက်၍ စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့ပြီး အခန်းနံပါ (၁၄၊ဘီ) သို့အရောက်တွင် တံခါးခေါက်လိုက်သည်။ တံခ ချက်ချင်း ပွင့်လာပြီး မျက်လုံးပြာပြာ ရွှေရောင်ဆံပင် နှုတ်ခမ်းထူ သွယ်သွယ်လျလျ အမျိုးသမီးတစ်ဦးအား တွေ့လိုက်ရသည်။

"ရှင်တို့ကို ကျွန်မ မသိပါလား" ဟု မာဂျော်ရီထရင်တ က မလိုလားသောလေသံဖြင့် ပြောလိုက်သည်။

မေဆင်က ခေါင်းညိတ်ပြပြီး "ဟုတ်ပါတယ်၊ ခင်ဗျားသေ ပါဘူး"

"ဒါဖြင့် ရှင်တို့ ဘာလိုချင်လို့လဲ"

"ဒီစင်္ကြံလမ်းထဲကပဲ လှမ်းပြီး စကားပြောစေချင်သလာ ဟု မေဆင်က မေးသည်။

"ဟုတ်တယ်၊ ရှင်တို့ကို အထဲဝင်မခိုင်းချင်ဘူး၊ ကျွန်မ အဝတ်အစားလဲနေတုန်းရှိသေးတယ်၊ ပြီးတော့လည်း ရှင်တို့ ဘ





သူတွေဆိုတာရယ်၊ ဘာလိုချင်တယ်ဆိုတာရယ် ကျွန်မ ဘာမှ မသိဘူး"

၎င်းတွင် မေဆင်က အသံကိုမြှင့်၍ "ကောင်းပြီလေ၊ ဒီလို ဆိုလည်း ဒီကပဲ ပြောရတာပေါ့၊ ဟောဒါက မစ္စတာ ပေါလ်ဒရိတ်တဲ့၊ သူ့မိန်းမမှာ ပလက်တီနမ်နာရီတစ်လုံးရှိတယ်၊ အဲဒါ အခိုးခံခဲ့ရတယ်၊ အခု ခင်ဗျားဆီမှာ အဲဒီနာရီရောက်နေ တယ်လို့ ကျုပ်တို့ သိထား ရတယ်၊ အဲဒီကိစ္စ ကျုပ်တို့ စကားပြောချင် လို့ပဲ၊ ဒီကိစ္စကို ဟိုးလေး တကျော် တင်းတင်းမာမာ ဖြစ်လာစေချင် သလား"

အမျိုးသမီး၏ မျက်လုံးများ ရုတ်တရက် ပြူးသွားပြီး . . .။

"ရှင် . . . ဘာဖြစ်လို့ . . . ကျွန်မ. . . ကျွန်မ. . . တစ်ဆိတ် လောက် အထဲဝင်ကြပါဦး" ဟု ပျာပျာသလဲပြောသည်။

မာဂျော်ရီထရင်တန်က တံခါးကို ဖွင့်ပေးလိုက်ရာ မေဆင် နှင့် ဒရိတ်တို့ ဝင်သွားကြသည်။

"ရှင်တို့က စုံထောက်တွေလား" ဟု သူမက တံခါးကို ပြန်ပိတ်ရင်းမေးသည်။

မေဆင်က "ကျုပ်တို့ ဘယ်သူတွေဆိုတာက ကိစ္စမရှိပါဘူး၊ လက်ပတ်နာရီကို ကြည့်ရအောင်" ဟု ပြောလိုက်ရာ အမျိုးသမီးက ရုတ်တရက် မသက်မသာဖြစ်သွားဟန်ဖြင့် "ရှင်တို့ ဒါမျိုးလုပ်လို့ မရ ဘူး၊ ကျွန်မကို ပြောစမ်းပါ၊ ရှင်တို့ ဘာအကြံနဲ့ လာကြတာလဲ" ဟု ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က တယ်လီဖုန်းရှိရာသို့ ထသွားပြီး လှမ်းပြော
သည်။

"ကောင်းပြီလေ. . . ဒါဆိုရင်လည်း ရဲစခန်းကို ဖုန်းလှမ်း
ဆက်လေ၊ ကျုပ်တို့ကတော့ ဒီကိစ္စကို အချင်းချင်းပြေလည်အောင်
ရှင်းလို့ဖြစ်မယ်ထင်ခဲ့တာပဲ၊ ဒါပေမယ့် ခင်ဗျားဘက်က တရားဝင်
လုပ်ချင်သပဆိုရင် ကျုပ်တို့ဘက်ကလည်း တရားဝင်လုပ်ရမှာပေါ့"

"အိုရှင် . . . အဲဒီ လက်ပတ်နာရီဟာ ရှင်တို့ပြောသလို
ဖြစ်နေရင်လည်း ကျွန်မကို ဘာမှမလုပ်နိုင်ပါဘူး"

"ဒါကတော့ ခင်ဗျားပြောတာကိုး၊ ဒီလက်ပတ်နာရီဟာ
တစ်ယောက်ယောက်က ခင်ဗျားကို ပေးခဲ့တာဖြစ်တယ်၊ ခိုးရာပါ
ပစ္စည်းမှန်းမသိခဲ့ပါဘူးလို့ ပြောမယ်ဆိုပါစို့၊ ဒါပေမယ့် ခိုးရာပါ
ပစ္စည်းဖြစ်တဲ့အကြောင်း ခင်ဗျားအခုသိပြီ၊ အဲဒါ ခင်ဗျား ဘာ
ဆက်လုပ်မလဲ"

"ကျွန်မဆီက နာရီဟာ အခိုးခံရတဲ့နာရီဆိုတာ ရှင်တို့
သက်သေမပြနိုင်ပါဘူး" ဟု သူမက ခပ်တင်းတင်းပြန်ပြောသည်။

မေဆင်က "ဟိုဗျာ. . . ဘဲဥပုံ ပလက်တီနမ် လက်ပတ်
နာရီပဲ၊ စိန်ပွင့်ကလေးတွေ ရံထားတယ်၊ ထိပ်ရယ်. . . အောက်
ခြေရယ်. . . ဘေးတစ်ဖက်တစ်ချက်မှာ မြကလေး လေးလုံး
ထပ်ထားတယ်" ဟု ပြောလိုက်သည်။

"ဒါ. . . ဒါဆိုရင် တစ်ခုခုတော့ ဖြစ်ကုန်ပြီ၊ ကျွန်မ. . .
ကျွန်မမှာ အဲသလိုမျိုး လက်ပတ်နာရီတစ်လုံးရှိနေတော ဟုတ်ပါ





ဒါပေမယ့် ဒီနာရီဟာ ရှင်တို့နာရီပါလို့ ကျွန်မ ဘယ်လိုလုပ်
လဲ" ဟု မာဂျော်ရီထရင်တန်က ပြန်ပြောသည်။

ဒရိတ်က ဝင်၍ပြောသည်။

"သူပြောတာဟုတ်တယ် ပယ်ရီ ကျွန်တော်တို့က ပါးစပ်က
နဲ့တော့ နာရီကို သူက ထုတ်ပေးနိုင်မှာမဟုတ်ဘူး"

မေဆင်က မညှာမတာလေသံဖြင့် ပြန်ပြောသည်။

"ကောင်းပြီလေ၊ဒါဆိုရင်လည်း ရဲစခန်းကိုဖုန်းဆက်၊
တ်ထွင်းခိုးယူမှုဆိုင်ရာ ဌာနက ရဲအဖွဲ့ဝင်တစ်ယောက် ဒီကို
ပေးဖို့ ပြောပါ၊ သူတို့က မစ္စထရင်တန်ကို ရဲစခန်း ခေါ်သွား
မယ်၊ ခင်ဗျားမိန်းမက အခိုးခံရတဲ့ နာရီရဲ့အမှတ်အသားတွေ
ပြီး နာရီဝယ်လာခဲ့တဲ့ ကုမ္ပဏီက ပြေစာတို့ နံပါတ်တို့ ထုတ်ပြ
ပေါ့၊ အင်း. . . ခင်ဗျားမိန်းမကတော့ သူ့ဓာတ်ပုံ သတင်းစာထဲ
စေချင်ဘူးထင်တယ်"

"ဟုတ်တယ်ဗျာ၊ သတင်းစာထဲတော့ မပါ ချင်းဘူး၊
လုပ်ရင်ပိုမကောင်း . . ."

ထိုစဉ် . . . တယ်လီဖုန်းခွက်ဆီသို့ မေဆင်က လက်လှမ်း
သည်ကို မာဂျော်ရီထရင်တန်က ဝင်ဟန့်၍ "ခဏလောက်
ဦးရှင်၊ ကျွန်မကလည်း ကျွန်မရဲ့ဓာတ်ပုံ ဒီလိုကိစ္စမျိုးနဲ့
တင်းစာထဲ လုံးဝမပါချင်ဘူးရှင့်" ဟု ပြောသည်။

မေဆင်က တယ်လီဖုန်းပေါ်တွင် လက်တစ်ဖက်တင်၍
ဆိုင်းနေသည်၊ အမျိုးသမီးက "ကျွန်မကို ဒီနာရီပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com


လူက. . . " ဟုပြောရင်း တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့် "...ကလေးရှင်၊ ကျွန်မ တယ်လီဖုန်း ဆက်ပါရစေဦး၊ ကျွန်မ ဖုန်း... တိုင်ပင်ကြည့်ပြီးရင် ဒီကိစ္စ ပြေလည်အောင် လုပ်လို့ရနိုင်ပါ... ဟု ပြောသည်။

"ဘယ်သူ့ဆီ ဖုန်းဆက်မလို့လဲ" ဟု မေဆင်က မေး...

"ကျွန်မကို အဲဒီနာရီပေးတဲ့ လူဆီကိုပါ"

မေဆင်က တယ်လီဖုန်းကို ဘေးသို့တွန်းရွှေ့ပြီး "မဖြ... လေ၊ ဖုန်းမဆက်ပါနဲ့" ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့လဲရှင့် ကျွန်မ ဖုန်းဆက်ပြီးရင် ပြေလည်... မယ့် ဥစ္စာပဲ"

"ဘယ်ဖြစ်မလဲ၊ ခင်ဗျားကို ပေးတဲ့လူက နာရီခိုးလာ... ဖြစ်ချင်ဖြစ်နေမှာ၊ ဒီမယ် ခင်ဗျားကိုကြည့်ရတာ အမျိုးကော... သားသမီးတစ်ယောက်လို့ ထင်ပါတယ်၊ ဒါကြောင့်လည်း ကျ... ဘက်က ဖြစ်နိုင်တဲ့ အခွင့်အရေးအားလုံး ပေးထားတာပဲ၊ ဒါပေ... ခင်ဗျားကို နာရီပေးတဲ့လူဆီ ဖုန်းဆက်ပြီး သူ့ကိုလစ်ပြေး... အောင် လုပ်လို့တော့ မတော်ဘူးမှတ်တယ်၊ ကိုင်းပါလေ၊ ကျ... ရဲစခန်းကိုပဲ သွားကြပြီး ဟိုကျမှပဲ ကြည့်ရှင်းကြတာပေါ့"

မဟုတ်သေးပါဘူးရှင်၊ ဒါဟာ တစ်ခုခု အမှားအယွင်းရှိ... လို့ ဖြစ်မှာပါ၊ တကယ်လို့ ခိုးရာပါနာရီဖြစ်နေတယ်ဆိုရင်လ... သူခိုးက လက်ဝတ်ရတနာဆိုင်တစ်ဆိုင်ကို လာရောင်းခဲ့... ဖြစ်ပါလိမ့်မယ်၊ ကျွန်မကိုပေးတဲ့လူက နာရီကို ဆိုင်ကဝယ်ခဲ့တာ...



...ဒီလူက အင်မတန် ချမ်းသာတဲ့လူပါ ကုမ္ပဏီကြီးတစ်ခုက ...ရာရှိကြီး တစ်ယောက်လည်း ဖြစ်ပါတယ်"

"ဒါဆိုရင်လည်း ခင်ဗျား သူ့ဆီကို ဖုန်းဆက်လေ၊ ဒါပေမယ့် ဘာကိစ္စဆိုတာ ပြောလို့မဖြစ်ဘူး၊ အင်မတန်အရေးကြီးတဲ့ကိစ္စ တစ်ခုအတွက် ခုချက်ချင်း ဒီကိုလာခဲ့ဖို့ပဲ ပြောပါ၊ အဲဒါအပြင် ဘာမှ မပြောရဘူး၊ ဘယ့်နှယ့်လဲ ဖြစ်မလား"

မာဂျော်ရီထရင်တန်က ခေါင်းညိတ်ပြသည်၊ မေဆင်က တယ်လီဖုန်းဘေးမှ ခွာပေးလိုက်သည်၊ သူမက ဖုန်းခွက်ကို မ,၍ ခလုတ်များကို လှည့်သည်။

"မစ္စတာရွှန်နီနဲ့ ပြောပါရစေရှင်" ဟုဆိုကာ ခေတ္တမျှစောင့်ဆိုင်းနေပြီးမှ "ဟလို. . . တတ်စတာ၊ မက်ဂီပြောနေတယ်၊ တစ်ဆိတ် နားထောင်စမ်းပါ၊ ခုချက်ချင်း ကျွန်မဆီလာနိုင်မလား၊ သိပ်အရေးကြီးတဲ့ ကိစ္စရှိလို့ ဘာကိစ္စဆိုတာ ဖုန်းထဲက ပြောလို့ မဖြစ်ဘူး၊ မဟုတ်ဘူး. . . မဟုတ်ဘူး. . . အဲဒါ မဟုတ်ပါဘူး၊ ပြောလို့မဖြစ်ဘူး၊ သိပ်အရေးကြီးတယ်၊ လာသာ လာခဲ့ပါရှင်၊ ဘယ်လောက်ကြာမလဲ၊ ကောင်းပြီလေ၊ အမြန်ဆုံးသာ လာခဲ့ စမ်းပါ. . . . "

သူမက တယ်လီဖုန်းပြန်ချပြီး ပြောသည်။

"မိနစ်ပိုင်းလောက်အတွင်း လာခဲ့မယ်ပြောပါတယ်"

မေဆင်က ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်ပြီး စောင့်၍ နေသည်၊ ဒရိတ်က စားပွဲစွန်းတွင် တင်ပါးမှီ၍ ထိုင်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



မာဂျော်ရီထရင်တန်ကလည်း ကုလားထိုင်တစ်လုံးတွင် ခြေ
လက်ပစ် ထိုင်ချလိုက်သည်။ သူမမှာ အဝတ်အစားမလုံမလဲ
ဖြစ်နေသဖြင့် မေဆင်က. . .

"အဝတ်အစား လဲချင်ရင်လည်းလေ" ဟု ပြောလိုက်သည်

သူမက ခေါင်းယမ်းပြသည်၊

"ဒီအပြင်ခန်းမှာ ရှင်တို့ချည်းပဲလဲ ကျွန်မမထားခဲ့နိုင်ဘူး
အိပ်ခန်းထဲမှာ ကျွန်မအဝတ်လဲနေတုန်း ရှင်တို့ကို အထဲမှာလည်
ခေါ်မထားနိုင်ဘူး၊ ဒီတော့ ဒီလိုပဲ စောင့်နေကြတာ အကော
ဆုံးပဲ"

"တစ်ခုခု သောက်ကြရရင် မကောင်းဘူးလား"

ဒရိတ်က ဝင်ပြောသည်။

"ကျွန်မကတော့ ရှင်တို့ဟာ စုံထောက်တွေလို့ပဲထင်တယ်"
ဟု အမျိုးသမီးက စောကြောလိုက်သည်။

"အဲသလိုထင်လို့ တစ်ခုခုမတိုက်ချင်ဘူးဆိုတာတော့ မဟုတ်
သေးပါဘူး" ဟု မေဆင်က ဝင်ပြောသည်။

"ကောင်းပြီလေ၊ ဒါဖြင့်လည်း မီးဖိုခန်းထဲသွားကြမယ်
ရှင်တို့ ရေခဲတုံးတွေ ကော်ထုတ်ပေးဖို့ ကူညီကြပေါ့"

မေဆင်က ရယ်၍. . .

"လာဟေ့ ပေါလ်၊ ရေခဲကော်ထုတ်ဖို့က ယောကျ်ားနှ
ယောက်အားနဲ့မှ ဖြစ်မှာကွ၊ ဒီအခန်းထဲမှာ မင်းတယောက်တည်
ချန်ထားခဲ့မှာလည်း မဟုတ်ဘူး" ဟု ပြောလိုက်သည်။





ထို့နောက် သုံးယောက်သား မီးဖိုခန်းထဲသို့ ဝင်သွားကြပြီး
ဆင်က ရေခဲသေတ္တာကိုဖွင့်ကာ ရေခဲတုံးကလေးများ အစီအရီ
နေသော လင်ပန်းငယ်ကို ယူထုတ်လိုက်၍ လက်ဆေးကြွေဇလုံ
င် ရေပိုက်ခေါင်းကိုဖွင့်ကာ လင်ပန်းငယ်ကို ခံထားလိုက်သည်။
နောက် မေဆင်က. . .

"လက်ပတ်နာရီ ခင်ဗျားလက်ထဲရောက်တာ ဘယ်လောက်
ကြာပြီလဲ" ဟု အမှတ်မထင်မေးလိုက်သည်။

"မစ္စတာ ဒရိတ်ရဲ့ ဇနီးဆီက အခိုးခံရတယ် ဆိုတာကကော
ဘယ်လောက်ကြာပြီလဲ" ဟု သူမက ချက်ချင်းတုံ့ပြန်သည်။

"သုံးလလောက်ရှိပြီ"

"နာရီကိုကျွန်မရတုန်းက အသစ်ကြီးပဲ"

၎င်းတွင် ဒရိတ်က ဝင်ပြောသည်။

"ကျွန်တော်ကတော့ စကော့ချ်ဝီစကီ သောက်မယ်ဗျာ၊
နာရီ တိစ္စကို အမျိုးသမီးရဲ့မိတ်ဆွေ လာတဲ့အထိ ခဏမေ့ထားကြ
အောင်"

မေဆင်က ဖန်ခွက်ထဲသို့ ရေခဲတုံးများ သွန်ချပေးရာ
ဂျော်ရီထရင်တန်က ဝီစကီပုလင်းကို ဖွင့်၍ ဖန်ခွက်ထဲသို့
လောင်းထည့်ပေးသည်။

"ကျုပ်ခွက်ထဲ နည်းနည်းပဲထည့်ပါ" ဟု မေဆင်က ပြော
သည်၊ သို့ရာတွင် အမျိုးသမီးက ဝီစကီကို လက်နှစ်လုံးကျော်ကျော်
အထိ လောင်းချပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရိတ်က. . .

“ကောင်းတယ်ဗျာ၊ အားလုံး တညီတည်းသာထည့်ပါ”ဟု ပြော၍ သူမက ဖန်ခွက်သုံးလုံးတွင် တညီတည်းဖြစ်အောင်ချိန်ဆ ထည့်ပေးသည်။

ဒရိတ်က. . .

“ကိုင်း. . . ကျုပ်တို့ ဒီမှာပဲ သောက်ကြမလား၊ အပြင်ခန်း သွားသောက်ကြမလား” ဟု မေးသည်။

“အပြင် ထွက်ကြတာပေါ့” ဟု မာဂျော်ရီထရင်တန်က ပြော၍ အပြင်ခန်းသို့ ထွက်လာခဲ့ကြသည်။ ဒရိတ်က အခန်းကို လှည့်ပတ်ကြည့်ပြီး . . .

“အတော်ကောင်းတဲ့တိုက်ခန်းပဲဗျနော်” ဟု မှတ်ချက်ချသည်။

“မဆိုးပါဘူး၊ ကျွန်မတော့ သဘောကျပါတယ်”

“ဒီမှာနေတာ ကြာပြီလား”

“သုံးလရှိပြီ”

“လခတော့ အတော်ပေးရလိမ့်မယ်ထင်တယ်” ဟု ဒရိတ်က စူးစမ်းသည်။

“အိမ်ခန်းလခတွေအကြောင်း ရှင်စိတ်ဝင်စားရင် အဆောက်အအုံ အုပ်ချုပ်ရေးဌာနမှာ သွားမေးကြည့်ပေါ့”

သူမ၏စကားကြောင့် မေဆင်က ရယ်လိုက်ရာ သူမက မေဆင်ကို အကဲခတ်ဟန်ဖြင့် လှမ်းကြည့်သည်။ ထို့နောက် သူမက





န်းသည်။

“ရှင်နဲ့ ကျွန်မနဲ့ မိတ်ဆွေဖြစ်နိုင်ပါတယ်ရှင်၊ ဒါပေမယ့် စ်လို့ ကျွန်မကို ကြောက်အောင်လန့်အောင် ခြိမ်းခြောက်ခဲ့ကြ ”

“အဲဒီလက်ပတ်နာရီအကြောင်း ကျုပ်တို့ဖော်ထုတ်ချင်လို့ ”

“ဘာအကြောင်းလဲရှင့်”

ဤတွင် ဒရိတ်က အရေးတကြီး ဝင်ပြောသည်။

“ဖြည်းဖြည်း ပယ်ရီ၊ အမျိုးသမီးက ခင်ဗျားကို အချိုသတ် ဗျ၊ တကယ်တမ်းကကျွန်တော်ကလည်း သူ့ကိုခိုးရာပါပစ္စည်း ခံမှုနဲ့စွပ်စွဲချင်တာမဟုတ်ပါဘူး၊ ဒီပစ္စည်းဟာခိုးရာပါပစ္စည်းမှန်း တယ်ပဲ မသိဘူးထင်ပါတယ်၊ ဒါပေမယ့် ဒီအမှုထဲက သူ့ကို ထုတ်လို့လည်း မရဘူးဗျ”

အမျိုးသမီးကဒရိတ်အားလှမ်းကြည့်လိုက်ပြီး . . . .

“ရှင်တို့ ကျွန်မကို ညစ်လို့တော့မရဘူးနော်၊ မစ္စတာရွှန်နီ အရေးပါတဲ့ လူတစ်ယောက်ပဲ၊ ရှင်တို့ကလီကမာလုပ်ရင် ရောက်ပြီသာမှတ်” ဟု ပြောလိုက်သည်။

မေဆင်က သွားစေ့ပြုံးလျက် ဖန်ခွက်ထဲမှ ရေခဲတုံးကလေး ို လှုပ်ခါနေရာမှ. . .

“ဒုက္ခဆိုတာ ကျုပ်တို့အဖို့ အဆန်းမဟုတ်တော့ပါဘူးဗျာ၊ တ် ရွှန်နီက ဘာလုပ်သလဲ”



www.burmeseclassic.com

www.burmeseclassic.com



“သူက အရာရှိကြီးတစ်ယောက်ရှင့်”

“ဘယ်မှာလဲ”

“ကုမ္ပဏီကြီးတစ်ခုမှာ”

“ဘယ်လိုကုမ္ပဏီမျိုးလဲ”

သူမက အပြုံးချိုချိုဖြင့် ပြန်ကြည့်ရင်း. . .

“ဘာပဲဖြစ်ဖြစ်လေ၊ လက်ပတ်နာရီက အခိုးခံရတာမဟု လား၊ မစ္စတာရွှန်နီမခိုးဘူးဆိုတာလည်း ဟုတ်တယ်မဟုတ်လာ

“ကျုပ်မသိဘူးလေ၊ သူခိုးတာမဟုတ်ဘူးလား”

“ကျွန်မတော့ ဘယ်လိုမှမထင်ဘူးရှင်”

“ရွှန်နီတ အိမ်ထောင်နဲ့လား”

“အိမ်ထောင်မရှိဘူးရှင့်”

“ခင်ဗျား သူနဲ့စေ့စပ်ထားသလား”

“ကျွန်မတို့နာရီကိစ္စပြောနေကြတာမဟုတ်လား၊ စကား ဘယ်ရောက်သွားပါလိမ့်”

“ကျုပ်တို့က ရွှန်နီနဲ့ပတ်သက်ပြီး ရုပ်လုံးဖော်ကြည့်နေတာ တကယ်လို့ ဒီနာရီကို ရိုးရိုးသားသားသူဝယ်ခဲ့တယ်ဆိုရင် တစ်မျိုးပေါ့၊ တကယ်လို့ ခိုးရာပါပစ္စည်းမှန်းသိလျက်နဲ့ ဝယ်ထား ဆိုရင်တော့ တစ်မျိုးဖြစ်ပြန်ရော၊ ဒီလက်ပတ်နာရီဆိုရင် ဒေါ် ထောင့်ငါးရာတောင်တန်တယ်၊ ဒါပေမယ့် ဒါကို သူက တစ်ရာ ရာလောက်နဲ့ ဝယ်ခဲ့တာဆိုရင် ခိုးရာပါပစ္စည်းဆိုတာ သိလျ အချောင်ဝယ်ခဲ့တယ်ဆိုတာ ထင်ရှားနေပြီပေါ့”





“အိုမဟုတ်တာ၊ မစ္စတာရွှန်နီဟာ အင်မတန်သုံးနိုင်ဖြုန်းနိုင် လူပဲ၊ တစ်ရာနှစ်ရာလောက်နဲ့တော့ ဘယ်တော့မှမဝယ်ဘူး”

“ကောင်းပြီလေ၊ ဒီအကြောင်းကို သူရောက်လာတဲ့အခါ ပြောကြတာပေါ့” ဟု မေဆင်က ပြောလိုက်ပြီး စက္ကန့်အတော်ကြာမျှ ငြိမ်သက်နေကြသည်။ ပြီးမှ မာဂျော်ရီထရင်တန်က. . .

“ရှင့်အကြောင်း ကျွန်မကို ပြောပြပါလား” ဟု စကားပြန်စ သည်။

“ကျုပ်အကြောင်း ဘာပြောရမှာလဲ” ဟု မေဆင်က ပြန်မေး သည်။

“ရှင်က ရှေ့နေမဟုတ်လား”

“ဟုတ်ပါတယ်”

“ရှင် ကျွန်မကိုဘာဖြစ်လို့ ခြိမ်းခြောက်ချင်ရတာလဲ”

“ဖြည်းဖြည်း ပယ်ရီ” ဟု ဒရိတ်က သတိပေးသည်။

အမျိုးသမီးက မေဆင်၏အနီးသို့ကပ်သွားအောင် သူမ၏ ကုလားထိုင်ကို အနည်းငယ်ရွှေ့လိုက်သည်။ မလုံမလဲဝတ်စုံမှာ ပိုးသားခြေအိတ်များတစ်လျှောက် လျှောကျနေသည်။

“တစ်ခုခုတော့ တစ်ခုခုပဲရှင်၊ ကျွန်မကို ပွင့်ပွင့်လင်းလင်းပြော ရင်ကောင်းပါတယ်” သူမက မေဆင်တိုကြည့်၍ ပြောသည်။

ဒရိတ်ကဝင်၍ “ကျုပ်လိုချင်တာတော့ လက်ပတ်နာရီပဲဗျာ” ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မထင်တာတော့ ဒါဟာ လုပ်ဇာတ်တစ်ခုပဲလို့ ထင်တယ်၊ ရှင့် မိန်းမမှာ ဘယ်တုန်းကမှ လက်ပတ်နာရီရှိဖူးမယ်မထင်ဘူး" ဟု သူမက ဒရိတ်ကို လှမ်းပက်သည်။

ထိုစဉ် အပြင်ခန်းတံခါးသော့ဖွင့်သံ ကြားလိုက်ရသည်။ မာဂျော်ရီထရင်တန်သည် မျက်မှောင်ကြုတ်၍အသံကို နားထောင်ကြည့်ပြီး ထိုင်ရာမှထမည်ပြုလိုက်ပြီး ပြန်ထိုင်ချလိုက်သည်။ သူမ မအီမသာဖြစ်နေမှုကို ဒရိတ်က ပြုံးကျဲကျဲဖြင့်လှမ်းကြည့်လိုက်၍ သူမက မျက်စောင်းထိုးပြီး ပြန်ကြည့်ကာ သူမ၏ဝတ်စုံကို လုံလုံလဲလဲဖြစ်အောင် ပြန်၍သိမ်းလိုက်သည်။ ထိုအခိုက် တံခါးပွင့်လာပြီး အသက် ၅၀ နီးပါးရှိ လူတစ်ယောက်ဝင်ရောက်လာသည်။ နှုတ်ခမ်းမွေးနှင့် မျက်လုံးနက်နက်၊ နားသယ်စပ်တွင် ဆံပင်ဖြူစ ဖြစ်နေသူ ဖြစ်သည်။ သူစိမ်းနှစ်ယောက်ကို မြင်၍ ထိုသူက ခြေလှမ်းတုံ့သွားသည်။

မေဆင်က "ဝင်ခဲ့ပါရွှန်နီ၊ တံခါးကို ပြန်ပိတ်ခဲ့ပါ"ဟု ဖိတ်ခေါ်လိုက်သည်၊ ရွှန်နီကတံခါးကို ခြေဖြင့်နောက်ပြန်ကန်ပိတ်လိုက်ပြီး မာဂျော်ရီထရင်တန်ကို လှမ်းကြည့်၍ "ဘာသဘောလဲ၊ ဒီလူနှစ်ယောက်ရှိနေတာမင်းဘာကြောင့်မပြောတာလဲ၊ သူတို့ကဘယ်သူတွေလဲ၊ ဘာကိစ္စ. . . ."

ဒရိတ်က ဝင်ပြောသည်။

"ဖြည်းဖြည်းပေါ့လေ၊ ကျုပ်တို့ ဒီကိုလာတဲ့ အကြောင်းက ခင်ဗျားအတွက် ဟိုးလေးတကျော် အရှုက်မကွဲအောင် ကယ်ဖို့လာကြတာပါ"





ရွှန်နီ၏မျက်နှာ ရုတ်တရက် စိုးရိမ်ကြောင့်ကြဟန် ဖြစ်သွားပြီ "ဘာလဲဗျ၊ ဟိုးလေးတကျော်မဖြစ်အောင်ဆိုတာ" ဟု မေးလိုက်သည်။

ဒရိတ်က "ရှင်းရှင်းလေးပါ၊ ဒီကအမျိုးသမီးကို ခင်ဗျားပေးခဲ့တဲ့ လက်ပတ်နာရီဟာ ကျွန်တော့်မိန်းမဆီက ခိုးသွားတဲ့ နာရီတစ်ခု ကျုပ်တို့သိချင်တာက အဲဒီ ခိုးရာပါပစ္စည်းနဲ့ ခင်ဗျားဘယ်လိုပတ်သက်တယ်ဆိုတာပဲ"

"မင်း ရူးနေသလား" ဟု ရွှန်နီက ပြန်မေးသည်။

"ရူးလား၊ မရူးလားဆိုတာ ခင်ဗျား ကြည့်တတ်ပါလိမ့်မယ်" ဟု ဒရိတ်က ပြန်ပြောသည်။

ရွှန်နီက မာဂျော်ရီထရင်တန်ဘက်သို့လှည့်၍ "ဒါ. . . ဒီခင်လာတစ်ပတ်ရိုက်နေတာပဲ၊ ဒီငနဲတွေဟာ အကြောင်းတစ်ခုခုနဲ့ မင်းကို လာအစ်နေကြတာ၊ ငွေညှစ်သမားတွေထင်တယ်၊ မင်း ရဲခန်းကို ဖုန်းဆက်လိုက်ရင် ကောင်းမယ်"

မေဆင်က ခပ်တည်တည်ဝင်ပြောသည်၊ ကျုပ်နဲ့ တစ်သဘောတည်းပါပဲဗျာ၊ ရဲကိုခေါ်တာ အကောင်းဆုံးပါပဲ"

မာဂျော်ရီထရင်တန်က ရွှန်နီအား သတိပေးသောအကြည့်ဖြင့်လှမ်းကြည့်ပြီး ပြောသည်။

"ရဲစခန်းကိုဖုန်းဆက်ပြီး ဒီကိစ္စကိုရှင်းဖို့ သူတို့ ဒီရောက်ကတည်းကပြောနေကြတာရှင့်၊ ကျွန်မက သတင်းစာတွေထဲပါပြီး ဟိုးလေးတကျော် ဖြစ်ကုန်မှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင်မှ ရွှန်နီက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး. . .

"မဟုတ်သေးဘူးဗျာ၊ တစ်ခုခုတော့ အမှားအယွင်းရှိနေပြီထင်တယ်၊ အဲဒီနာရီကို ကျုပ်ကိုယ်တိုင်ဝယ်ခဲ့တာဗျ"

မေဆောင်က . . .

"ဘယ်အပေါင်ဆိုင်ကဝယ်ခဲ့တယ်ဆိုတာခင်ဗျားပြောနိုင်..."

"အပေါင်ဆိုင် မဟုတ်ဘူးဗျ၊ ခင်ဗျားက ကျုပ်ကို ဘယ်လိုလူစားမျိုး အောက်မေ့လို့လဲ၊ ဂုဏ်သရေရှိ ကျောက်မျက်ရတနာဆိုင်ကြီးတစ်ခုက ဝယ်ခဲ့တာဗျ"

မေဆောင်က ခပ်ပြုံးပြုံးဖြင့် ပြန်ပြောသည်၊ "ခင်ဗျား ဘယ်လိုခံစားရမယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ ခင်ဗျားဟာ ခင်ဗျားရဲ့မိန်းကလေးမိတ်ဆွေရှေ့မှာ အထင်ကြီးစေချင်တယ်မဟုတ်လား ဒါပေမယ့် ဒီလိုပြောရုံနဲ့ဘယ်လိုလုပ် ခိုင်လုံမလဲဗျ"

မာဂျော်ရီထရင်တန်က "ပြောလိုက်စမ်းပါ ကတ်စတာ သူ့ကို အမှန်အတိုင်းသာ ပြောလိုက်စမ်းပါ၊ အရင်က ဒီလိုဟာမျိုး ကျွန်မကြုံဖူးတယ်၊ လူတစ်ယောက်က အပေါင်ဆိုင်က ရှေ့... ချောင်ချောင်နဲ့ ပစ္စည်းဝယ်လာပြီး ပထမတန်းစားပစ္စည်း ကျောက်မျက်ရတနာဆိုင် ကြီးတစ်ဆိုင်က ဘူးခွံအလွတ်ထဲထည့်လာပြီး. . ."

ဤတွင် ရွှန်နီက ဒေါသတကြီးဖြင့် "ကျုပ်ဒါမျိုး ဘယ်တော့မှလုပ်တဲ့ကောင်စားမျိုးမဟုတ်ဘူးဗျ၊ အဲ့ဒီနာရီကို ကွန့်ဇ်နဲ့ကတ်တာကုမ္ပဏီက ဝယ်ခဲ့တာဗျ၊ ဒေါ်လာ ၁၃၅၀ ပေးခဲ့ရတယ်မှတ်ထား. . ."





မေဆောင်က ယုံတမ်းစကားတစ်ခုကို ကြားလိုက်ရဟန်ဖြင့် အစ်ချက်သမ်းပြလိုက်သည်၊ မာဂျော်ရီထရင်တန်က စိတ်မရှည်ဟန်ဖြင့် "ဒီမယ် ကတ်စတာ၊ ရှင်ဟာ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ရှင်အသိဆုံးပဲ၊ ခုမှ မျက်နှာမပျက်ချင်လို့ လိုက်ပြောနေတာမျိုး မဖြစ်ပါစေနဲ့၊ ကျွန်မ ရုံးရောက်ဂါတ်ရောက်လည်း မဖြစ်ချင်ဘူး၊ ဒီနာရီကိစ္စနဲ့ပတ်သက်ပြီး သတင်းစာထဲမှာကျွန်မဓာတ်ပုံတွေပါလာမှာလည်း နည်းနည်းမှ အဖြစ်မခံနိုင်ဘူး"

"ဩော်. . . မင်းက ငါ့ဓာတ်ပုံတော့ သတင်းစာထဲပါမှာပါတ သဘောကျမယ်ထင်နေလို့လား" ဟု ရွှန်နီက အော်ပြောသည်၊ ဤတွင် မေဆောင်က ဝင်၍ဖျန်ဖြေသည့်ဟန်ဖြင့် "တော်ပြီလေ ဒီကိစ္စက ရဲအဖွဲ့နဲ့ရှင်းတာအကောင်းဆုံးပါပဲ၊ ကျုပ်အနေနဲ့ ခင်ဗျားကို ရဲနဲ့မဖြေရှင်းခင် ကြားထဲမှာ အခွင့်အရေးပေးတဲ့အနေနဲ့ ခုလို တွေ့ရတာပဲ၊ ခုတော့ ခင်ဗျားက တွေလည်ကြောင်ပတ်တွေ ပြောနေပြန်တယ်ဆိုတော့ ကျွန်တော်တို့ဘက်က တာဝန်ကျေပြီထင်တယ်ဗျာ"

"ခဏနေပါဦးဗျာ၊ ဒီနာရီဟာ ဒီက မိတ်ဆွေမိန်းမရဲ့ နာရီလို့ ခင်ဗျားတို့ ဘယ်လိုလုပ်သိသလဲ၊ သူတို့က ပုံပန်းနဲ့ အမှတ်အသားပြောပြနိုင်လို့လား မက်ဂီ"ဟု ရွှန်နီက မေးသည်။

မာဂျော်ရီထရင်တန်က "ဟုတ်တယ်၊ သူတို့ပြောပြနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လက်ပတ်နာရီကျောဘက်က နံပါတ်နဲ့ အမျိုးအစား ကိုကော ပြောနိုင်လို့လား" ဟု ရွှန်နီက ထပ်မေးရာ အမျိုးသမီး ခေါင်းခါပြသည်၊ ဤတွင် ရွှန်နီဒေါသတကြီး ဖြစ်သွားပြန် "မင်းတို့ လူရှုပ်တွေပဲ၊ မင်းတို့ ဘာသဘောနဲ့ လာရှုပ်နေကြတာ ဒီနာရီကို ကွန့်ဇ်နဲ့ ကတ်တာကုမ္ပဏီက ငါဝယ်ခဲ့တယ်လို့ ပြော ပြီးပြီ၊ မင်းတို့က မက်ဂီလက်ထဲမှာပတ်ထားတာ တစ်နေရာ တွေ့ဖူးပြီး၊ လာလိမ့်နေကြတာ မဟုတ်လား"

မေဆင်က ငြီးငွေ့လာဟန်ဖြင့် "ဒါဖြင့်လည်း ကောင်း လေ၊ ကျုပ်တို့ ရဲစခန်းကိုပဲ သွားကြရအောင်" ဟု ပြောလိုက်သည်

ရွှန်နီက "ဘယ်ရဲစခန်းမှလည်းမသွားဘူး၊ မင်းတို့နှစ်ယော လဲ ဒီနေရာက မြန်မြန်ထွက်သွားစမ်း၊ မြန်မြန်သွားစမ်းကွာ" ပြောလိုက်သည်။

"မသွားရင်ကော ဘာလုပ်မလဲ" ဟု မေဆင်က ပြန် လိုက်သည်၊ ရွှန်နီသည် တစ်စုံတစ်ခုကိုစဉ်းစားပြီး ငိုင်နေသည် ထိုစဉ် ဒရိတ်ကဝင်၍ "ကျုပ်တို့လုပ်နိုင်တာတစ်ခုတော့ရှိတ ကွန့်ဇ်နဲ့ကတ်တာဆိုင်ကို နာရီပါယူပြီးသွားကြမယ်၊ ဘယ်လို ဖြစ်ဖြစ် နာရီခိုးသွားတဲ့လူဟာအကြံအဖန်လုပ်ပြီး ကွန့်ဇ်နဲ့ကတ်တာ ဆိုင် ကြီးပေါ်ရောက်အောင် ခိုးရာပါပစ္စည်းကို အစွဲထုတ်ခဲ့တာလည် ဖြစ်နိုင် တာပဲ ဆိုင်ကြီးတွေဆိုတာကလဲ တစ်ခါတလေ ဈေးချောင်ချော ရရင်ဝယ်ပြီး တင်တတ်ကြတာပဲ" ဟု ဖျန်ဖြေ သည့်ဟန်ဖြင့်ပြော သည်။





"ကျုပ်ကတော့ အဲဒီလိုလုပ်စရာလည်းမလိုဘူး ထင်တာပဲ၊ ခင်ဗျားတို့နှစ်ယောက်ဟာ ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ အမင်ဝင်ရှုပ်နေကြတာပဲလို့ ကျုပ်ထင်တယ်" ဟု ရွှန်နီကပြော သည်။

"ကျုပ်ကလည်း ဒီအကြံကို ခင်ဗျားလက်ခံလိမ့်မယ်လို့ ထင်ပါဘူး" ဟု မေဆင်က ဝင်ပြောသည်။

"ဒါဖြင့် ရှင်အပေါင်ဆိုင်က ရခဲ့တာလား" ဟု မာဂျော်ရီက ရွှန်နီကို ကြည့်၍မေးသည်၊ ရွှန်နီက ဘာမှမပြောတော့ဘဲ သူ၏ ဦးထုပ်ကို ကောက်ယူလိုက်ကာ၊ "ကိုင်း. . . မက်ဂီ အဝတ်အစား လဲပေတော့" ဟု ပြောလိုက်သည်။

"ရှင်. . . သူတို့နှစ်ယောက်ကို စောင့်ကြည့်နေနော်"

"စိတ်ချ. . . ကိုယ်စောင့်ကြည့်နေမယ်"

ထို့နောက် အမျိုးသမီးက သူမ၏အိပ်ခန်းတွင်းသို့ ဝင်သွား သည်။

ရွှန်နီက သူ၏နာရီကို တကြည့်ကြည့်ဖြင့် "ကျုပ်က သိပ် အလုပ်များတယ်ဗျာ၊ ရုံးကို ငါးနာရီမထိုးခင် ပြန်ရောက်မှဖြစ်မယ်" ဟု ပြောသည်။

မေဆင်က "ကျုပ်လည်းအလုပ်များတာပဲ၊ ဒီက မစ္စတာဒရိတ် လည်း အလုပ်များတာပဲဗျ" ဟု ပြောလိုက်သည်။

မိနစ်အတန်ကြာပြီးနောက် မာဂျော်ရီထရင်တန်သည် အပြာနုရောင်ဝတ်စုံကိုဝတ်ဆင်လျက် အိပ်ခန်းတံခါးဖွင့်၍ ထွက် လာပြီး၊ "ကိုင်း. . . ကျွန်မတို့သွားကြရအောင်" ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီကားတစ်စင်းဖြင့် ထွက်လာခဲ့ကြရာ မာဂျော်ရီထရင်တန်က စကားစမြည်ပြောလာသော်လည်း ရွှန်နီကမူ မလိုမလား ဟန်ဖြင့် ငြိမ်သက်၍လိုက်ပါလာသည်။ ကျောက်မျက်ရတနာဆိုင် ရှေ့သို့ရောက်၍ ကားထိုးရပ်လိုက်ချိန်တွင် မာဂျော်ရီထရင်တန်က "ကိုင်း . . ဆရာကြီး၊ ကိစ္စက ရှင်တို့ကိစ္စပဲ၊ ဒီတော့ တက္ကစီခ ရှင် ပေးလိုက်ပေတော့" ဟု မေဆင်ကို လှမ်းပြော၏။

မေဆင်က သွားစေ့ဖြီးလျက် ကားဒရိုင်ဘာအား ကား ထုတ်ပေးလိုက်သည်၊ ကျောက်မျက်ရတနာဆိုင် အဆောက်အ အတွင်းသို့ ၎င်းတို့ဝင်သွားကြရာ ပိုင်ရှင်ဖြစ်သူ အာသာပီကတ် အား ၎င်း၏ရုံးခန်းအတွင်း၌ တွေ့ရှိရသည်၊ ဆိုင်ရှင်က ရွှန်နီအား တရင်းတနှီးနှုတ်ဆက်စကားပြောပြီး မာဂျော်ရီထရင်တန် အလှအပကို ချီးမွမ်းသည့်အကြည့်မျိုးဖြင့် လှမ်းကြည့်သည် ဒရိတ်နှင့် ပယ်ရီ မေဆင်ကိုလည်း မလွတ်စေဘဲ ခေါင်းညိတ်ပြ နှုတ်ဆက်သည်။

မေဆင်က "မစ္စတာရွှန်နီဟာ မိတ်ဆွေကြီးရဲ့ဆိုင်က လက်ပတ်နာရီတစ်လုံးဝယ်ခဲ့ မဝယ်ခဲ့သိချင်လို့ လာခဲ့တာပါ ခင်ဗျာ" ဟု စတင်ပြောဆိုလိုက်သည်။

ဆိုင်ရှင်ကတ်တာသည် ချင့်ချင့်ချိန်ချိန် လေသံမျိုးဖြင့် "မစ္စတာရွှန်နီကတော့ ကျွန်တော်တို့ဆိုင်ကပစ္စည်းတွေ အမျိုးမျိုး ဝယ်ခဲ့တာပါပဲ၊ ဘယ်လိုများ. . . " ဟု ပြန်ပြောသည်။

"မစ္စတာ ကတ်တာကို လက်ပတ်နာရီပြလိုက်ပါ မက်ဂီ" ဟု ရွှန်နီက ပြောလိုက်သည်၊ သူမက အိတ်ထဲမှလက်ပတ်နာရီ





ယူပြရာ ကတ်တာက အသေအချာကြည့်ကာ ရွှန်နီအား ကြည့်ပြီး မေးသည်။

"မေးခွန်းကို ကျွန်တော်ဖြေစေချင်ပါသလားခင်ဗျာ"

ရွှန်နီက ခေါင်းညိတ်ပြလိုက်သည်၊ ထို့ကြောင့် ကတ်တာက "တာရွှန်နီဟာ အဲဒီလက်ပတ်နာရီကို ကျွန်တော့်တို့ဆိုင်က ဝယ် ားခဲ့ပါတယ်၊ ခန့်မှန်းခြေလွန်ခဲ့တဲ့ ရက်သတ္တခြောက်ပတ် ာက်က ဝယ်သွားခဲ့တာပါ"

"အဲဒီ နာရီအတွက် ကျွန်တော် ဘယ်လောက်ပေးခဲ့သလဲ" ဟု ရွှန်နီက မေးသည်။

"ဈေးနှုန်းအတိအကျပြောဖို့ကတော့ အရောင်းစာရင်းစာအုပ် ကြည့်မှ ဖြစ်ပါလိမ့်မယ်ခင်ဗျာ၊ အရောင်းအဝယ်တွေကများ ော့ အသေးစိတ်မမှတ်နိုင်ပါဘူး နာရီကိုမှတ်မိတယ်၊ အရောင်း ယ်ဖြစ်ခဲ့တယ်ဆိုတာကို မှတ်မိတယ်၊ ဈေးနှုန်းကတော့ ဒေါ်လာ ၂၀၀ နဲ့ ၁၃၀၀ အကြားရှိလိမ့်မယ်ထင်ပါတယ်" ဟု ကတ်တာက သည်။

ရွှန်နီက "ဒီလူနှစ်ယောက်က အဲဒီနာရီဟာ ခိုးရာပါပစ္စည်း အတင်းလာပြောနေတယ်ဗျ၊ အဲဒီကိစ္စခင်ဗျား ဘယ်လိုသဘော သလဲ'

ဤတွင် ကတ်တာ မျက်လုံးအစုံသည် အေးစက်တင်းမာ ားပြီး မေဆင်နှင့် ဒရိတ်တို့ကို ခပ်မာမာလှမ်းကြည့်ကာ ယ်လီဖုန်းကို ချက်ချင်းကောက်ကိုင်၍ လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော် ဘယ်လိုသဘောရသလဲဆိုတာ အခုပြ လေ၊ ရဲစခန်းကို ဆက်ပေးစမ်းပါ”

ရွှန်နီက ကတ်တာ၏လက်ကို ကမန်းကတန်းဆွဲ ပြီး.. ဒီကိစ္စနဲ့ပတ်သက်ပြီး လူသိရှင်ကြားဖြစ်မှာ ကျွ မလိုလားဘူး” ဟု ပြောသည်။

ကတ်တာက အရေးမထားဟန်ဖြင့် “ကိစ္စမရှိပါဘူး ဒီလိုလူစားမျိုးတွေအကြောင်း ကျွန်တော် နားလည်ပါတယ်၊ ဒီ ရုပ်ပုံ ကိုလည်း တနေရာရာမှာ ကျွန်တော်တွေ့ဖူးတယ်၊ အလိုရှိနေတဲ့ စာရင်းထဲမှာလားမသိဘူး၊ ဟလို... ကတ် ကွန့်ဇ်ကျောက် မျက်ရတနာ ကုမ္ပဏီကကတ်တာ စကားပြော ပါတယ်၊ ကျွန်တော့်ဆီမှာ စုံစမ်းစစ်ဆေးဖို့ လူနှစ်ယောက်ရောက် ပါတယ်၊ ဝိုင်ယာလက် ကားတစ်စီး ချက်ချင်းလွှတ်ပေးနိုင်မ ကျေးဇူးတင်ပါတယ်၊ ဟုတ်ကဲ့၊ လူလိမ်တွေလို့ထင်ရတာ ခင်ဗျားတို့စစ်ဆေးကြည့်ရင် ပေါ်လာမှာပါ” ဟု ပြောဆို တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ထိုနောက် မေဆင်ကို လှမ်းကြည့်ပြီး “ကိုင်း... ခင် တို့နှစ်ယောက် ထိုင်နေကြစမ်း၊ ကျုပ်ဆိုင်ထဲက ထွက်သွားဖို့ မကြိုးစားနဲ့၊ အကြောင်းကြောင်းလုပ်ရင်တော့ ကျုပ်ငှားထား အလွတ်စုံထောက်က ခင်ဗျားတို့ကို အချုပ်ထဲပို့လိုက်လိမ့်မယ်” ပြောသည်၊ မေဆင်က ကုလားထိုင်တစ်လုံးတွင် အေးအေးဆေး ဝင်ထိုင် လိုက်ပြီး ဒရိတ်ကို လှမ်းပြောသည်။



“ပေါလ်ရေ.. ထိုင်စောင့်နေတာပဲ ကောင်းပါတယ်ကွာ”

“ဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာ့အတွက် အနှောင့်အယှက်ဖြစ် တာ ဝမ်းနည်းပါတယ်ခင်ဗျာ” ဟု ကတ်တာက ရွှန်နီကို တောင်းပန် အားပြောသည်၊ တစ်ဆက်တည်းမှာပင် မာကျော်ရီထရင်တန်အား မွမ်းသောအကြည့်ဖြင့် လှမ်းကြည့်သည်။

ရွှန်နီက “ဒီကိစ္စနဲ့ပတ်သက်ပြီး ဟိုးလေးတကျော်တော့ ဖြစ်ပါဘူးနော်” ဟု ပြောပြန်သည်။

ကတ်တာက “ဒါ ကျွန်တော့်တာဝန် ထားလိုက်စမ်းပါ၊ အဖွဲ့ကို ကျွန်တော်တို့မီးသေပါတယ်၊ သတင်းစာထဲပါမယ်ဆိုရင်လည်း နှစ်ယောက်ဟာ နာမည်ကြီး ကျောက်မျက်ရတနာကုမ္ပဏီ ည်ကို အလွဲသုံးစားလုပ်ပြီး လိမ်လည်ဖို့ကြိုးစားတဲ့ အကြောင်း တာ လောက်ပဲ ပါလာမှာပါ”

ပြောပြောဆိုဆို ကတ်တာက မှန်ပြတင်းမှ အပြင်သို့ မ်းကြည့်ပြီး...

“ဟော... ဝိုင်ယာလက်ကားနဲ့ ရဲတွေတောင်လာနေပြီ”

အကြာတွင် လှေကားမှ ခြေသံများကြားရပြီး တံခါးပွင့်လာကာ နီဖောင်းဝတ်ရဲအရာရှိနှစ်ယောက် ဝင်ရောက်လာသည်၊ ရဲနှစ်ဦး ကတ်တာ၏စားပွဲရှေ့သို့ တန်းသွားပြီး “ဘယ်လိုဖြစ်တာလဲ”ဟု ပြောသည်။

ကတ်တာက မေဆင်နှင့် ဒရိတ်ကို မေးငေါ့ပြပြီး “အဲဒီ နှစ်ယောက်ပဲ” ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိနှစ်ယောက် မေဆင်တို့ထံ လျှောက်လာ… တစ်ယောက်က ရုတ်တရက်ခြေလှမ်းတုံ့သွားပြီး “နေစမ်းပါ… ဒါ. . . ပယ်ရီ မေဆင်ပါလား” ဟု အံ့ဩတကြီး ပြောလိုက်သ…

မေဆင်က ခေါင်းညိတ်ပြ၍ “မင်္ဂလာပါ မိတ်ဆွေများ… နှုတ်ဆက်လိုက်သည်။

ရဲအရာရှိက ကတ်တာဘက်သို့ ချာကနဲလှည့်၍ “ပ… မေဆင်ဆိုတာ မကြားဖူးဘူးလား၊ နာမည်ကျော် ရှေ့နေကြီးလေ… ဟု ပြောသည်။

ကတ်တာက မျက်နှာထားတင်းတင်းဖြင့် “သူဘာပဲဖြစ်… ကျုပ်ဂရုမစိုက်ပါဘူး၊ သူဟာ ကျုပ်ရဲ့ဖောက်သည်တစ်ယော… လှည့်စားဖို့ကြိုးစားခဲ့တယ်ဆိုတာပဲ ကျုပ်သိတယ်” ဟု ပြန်ပြောသ…

ရဲအရာရှိက “ဒါဖြင့်. . . ခင်ဗျားက တရားစွဲမှာလား” … မေးသည်။

“ဒါပေါ့၊ သူက မစ္စတာရှန်နီ ကျုပ်ရဲ့ဆိုင်က ဝယ်သွား… နာရီတစ်လုံးကို ခိုးရာပါပစ္စည်းပါလို့ စွပ်စွဲခဲ့တယ်လေ”

“ခင်ဗျားက တကယ်ပဲ အရေးယူစေချင်တယ်ဆိုရင်… ကျုပ်အဖို့က အလွယ်ကလေးပါ မစ္စတာကတ်တာ၊ ခင်ဗျား… အတိုင်း လုပ်ပေးရုံပါပဲ၊ ဒါပေမယ့် မစ္စတာ မေဆင်ဟာ ခင်… မှတ်မိမလားမသိဘူး၊ မကြာသေးခင်က ခွေးအူသံနဲ့ပတ်သက်… လူသတ်မှုတစ်ခုမှာ တရားခံအမျိုးသမီးကို လွတ်အောင် လျှောက်… ခဲ့တဲ့ ရှေ့နေကြီးနော်”





ဤတွင်မှ ကတ်တာက မေဆင်ကိုလှမ်းကြည့်၍ “ဒီမယ် …ဘာမေဆင်၊ ခင်ဗျားတို့ ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ …ပြရင် ကောင်းလိမ့်မယ် ထင်တယ်” ဟု မေးသည်။

မေဆင်က “ဒါကတော့ တခြားမဟုတ်ပါဘူး၊ လက်ပတ် …တစ်လုံးနဲ့ ပတ်သက်ပြီးအတည်ပြုချက်တစ်ခု လိုချင်လို့ပါပဲ၊ …နာရီနဲ့ပတ်သက်ပြီး တိတိကျကျသိချင်တာတစ်ခုရှိလို့ပါ”

“အခု အဲဒီနာရီနဲ့ပတ်သက်ပြီး ကျုပ်တို့ဘက်က အထောက် …အထားပြပြီးပြီပဲ” ဟု ကတ်တာက ပြန်ပြောသည်။

“ခင်ဗျားပြောတဲ့ အထောက်အထားက နာရီနဲ့ပတ်သက် …ခင်ဗျား မှတ်မိသမျှ ပုံပန်းသဏ္ဌာန်လောက်ကို ပြောပြသွားတာ …ဒီနာရီရောင်းခဲ့တဲ့ စာရင်းနဲ့ ဈေးနှုန်းကို ခင်ဗျားပြောနိုင်ရင် …ကောင်းမယ်ထင်တယ်” ဟု မေဆင်က ပြောလိုက်သည်။

ကတ်တာကခေတ္တမျှတုံ့ဆိုင်းနေပြီးမှလူခေါ်ခလုတ်တစ်ခုကို …လိုက်သည်။ ချက်ချင်းလိုလိုပင် အမျိုးသမီးငယ်တစ်ဦး ဘေး …ခန်းမှတံခါးဖွင့်၍ ဝင်လာသည်။ တံခါးအဖွင့်လိုက်တွင် လက်နှိပ် …စက်ရိုက်သံများနှင့် ဂဏန်းပေါင်းစက်များ လှုပ်ရှားသံတို့ကို ကြား …ရသည်။ ကတ်တာက “ကတ်စတာရှန်နီဆီကို ပစ္စည်းရောင်းတဲ့ …စာရင်း ယူခဲ့စမ်းပါ” ဟု အမိန့်ပေးလိုက်သည်။ အမျိုးသမီးတ …ခေါင်းညိတ်၍ပြန်ထွက်သွားပြီး အတန်ကြာတွင် ကတ်ပြားတစ်ခု …ကိုင်၍ ပြန်ဝင်လာသည်။ ကတ်တာက ကတ်ပြားကို ယူကြည့်ကာ …ခန်လက်ပတ်နာရီ ကျောဘက်မှ နံပါတ်များကို မှန်ဘီလူးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ "ဟုတ်ပါတယ်၊ ကျုပ်တို့ဆိုင်က ရောင်းလိုက်တဲ့ နာရီပဲ"
ပြောသည်။

မေဆင်က 'အင်းလေ. . . ဒီလိုဆိုရင်လည်း တစ်နေ...
ရာမှာတော့ မှားနေပြီထင်တယ်"ဟု ပြောပြောဆိုဆို စားပွဲဆီ...
ကိုယ်ကို ညွတ်၍ ကြည့်လိုက်သည်။ သို့ရာတွင် နာရီကို ကော...
မယူဘဲ ကတ်ပြားကိုသာ ကောက်ယူ၍ ခဏမျှကြည့်ရှုနေသည်...
ပြီးလျှင် မာဂျော်ရီထရင်တန်ဘက်သို့ကြည့်လိုက်ပြီး "မစ္စတာရွှ...
ဟာ လက်ထပ်ပြီးသားဆိုတာသိသလား မက်ဂီ" ဟု ရုတ်တရက်...
လိုက်သည်။ ရွှန်နီသည် ထိုင်ရာမှ ခုန်ထလိုက်ပြီး "ဟော့လူ...
ဘာတွေ ပြောနေတာလဲ"

မေဆင်က သူ့အား အေးစက်စက်ပြန်ကြည့်ကာ "ပြီးခဲ့...
နှစ်လအတွင်း ခင်ဗျားဟာ ကျောက်မျက်ရတနာ လက်ဝတ်လ...
စားတွေ လေးထောင့်ခြောက်ရာ ငါးဆယ်နှစ် ဒေါ်လာနဲ့ နှစ်ဆ...
ငါးဆင့်ဖိုးအထိ ဝယ်ခဲ့တယ်၊ ဒီလောက်တောင်ဝယ်နိုင်လော...
အောင် ပိုက်ဆံတွေ ဘယ်ကရသလဲဗျာ" ဟု ပြောလိုက်သည်။

ဆိုင်ရှင် ကတ်တာသည် ကုလားထိုင်ကို နောက်သို့တွန်း...
ကမန်းကတန်းထလိုက်ပြီး ရှေ့သို့ကုန်းကာ မေဆင်၏လက်ထဲ...
ကတ်ပြားကို အတင်းဆွဲလုသည်၊ မေဆင်က ကတ်ပြားကို ကတ်...
လက်လှမ်းမမီအောင် ဘေးသို့ဖယ်၍ ကိုင်ထားသည်၊ ကတ်...
က ရဲအရာရှိများအား လှမ်းအော်ပြောသည်။

"ဒီလူကို ဖမ်းလိုက်စမ်းပါ။ သူဘယ်သူပဲဖြစ်ဖြစ် ကျုပ်...
မစိုက်ဘူး"



...ရဲအရာရှိတစ်ဦးက ရှေ့သို့တိုးလာရာ မေဆင်က ထရပ်
...ပြီးညာဘက်လက်က ကတ်ပြားကိုကိုင်လျက် ဘယ်ဘက်လက်
...ရဲအရာရှိအား အသာတွန်းဖယ်၍. . .

"မလောပါနဲ့လေ၊ ဟိုမှာ ရွှန်နီဆိုတဲ့လူကိုကြည့်လိုက်စမ်းပါ
...ဟု ပြောလိုက်သည်။

ရွှန်နီမှာ ကုလားထိုင်တစ်လုံးတွင် အရုပ်ကြိုးပြတ်
...လျက်သားရှိနေသည်။ မျက်နှာတွင်လည်း ဇောချွေးများ
...လျက်ရှိသည်။ မေဆင်က ရွှန်နီကိုကြည့်၍ တစ်လုံးချင်း
...သည်။

"ဒီမယ်. . . ရွှန်နီ ခင်ဗျားဟာ ကုန်ပစ္စည်းသန့်စင်ရေး
...ကစာရင်းစစ်ချုပ်နော်၊ ခင်ဗျားရတဲ့လခက တစ်လကို
...သာ ၄၆၀၊ ပြီးခဲ့တဲ့ နှစ်လ၊ သုံးလလောက်က ခင်ဗျားရဲ့ လက်
...တ်မှာ အလုပ်လုပ်နေတဲ့ ကားလ်မိုးဆိုတဲ့ စာရင်းကိုင်တစ်
...တ် ထူးထူးဆန်းဆန်းပျောက်သွားခဲ့တယ်၊ အဲဒီအချိန်မှာ ပဲ
...ားဟာ ကုမ္ပဏီရဲ့ ငွေစာရင်းတွေ ကွာနေတဲ့အကြောင်း
...ကြားရေးမှုတွေကို ချက်ချင်းတင်ပြခဲ့ကယ်၊ စာရင်းကိုင်တစ်
...တ်ပျောက်သွားတဲ့အချိန်နဲ့ အချိန်ကိုက်ဖြစ်နေခဲ့တယ်၊ ဒါ. . .
...ါတော့လေ၊ ခင်ဗျားအနေနဲ့ တစ်လကို ၄၆၀ ရနေတဲ့ အခြေ
...တ ဒေါ်လာငါးထောင်ဖိုးလောက် ကျောက်မျက်ရတနာတွေ
...နိုင်ဖို့ ပိုက်ဆံတွေရအောင် ဘယ်လိုအခြေအနေဖြစ်လာသလဲ
...ာ ဒီက လူကြီးမင်းတွေကို ရှင်းပြနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှန်နီသည် စိတ်လျှော့လိုက်ဟန်ဖြင့် လက်မြှောက်ပြီး

"ကျုပ်ဘာမှ မပြောတတ်တော့ဘူးဗျာ" ဟု ပြန်ပြော သည်

မေဆင်က . . .

"ခုလို ငွေတွေ အလွဲသုံးခဲ့တာ ဘယ်လောက်ကြာခဲ့ပြီ

ဟု ထပ်ဆင့်မေးသည်။ ရွှန်နီက ဘာမှပြန်မပြောဘဲ ငိုင်နေ

ဆိုင်ရှင် အာသာကတ်တာသည် သူ၏ဆံလည်ကုလားထိုင်ကြီး

သို့ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ပြီး . . .

"ဘုရားရေ . . . ဖြစ်မှဖြစ်ရလေ" ဟု ညည်းတွားသည်

မေဆင်က . . .

"ဒီလိုလုပ်ခဲ့တာ ဘယ်လောက်ကြာပြီလဲ ရွှန်နီ" ဟု

မေးလိုက်သည်။

ရွှန်နီက . . .

"ကျွန်တော်တို့ ဒီလိုလုပ်ကြရအောင်ဗျာ၊ အခု ဒီကိစ္စ

ကျွန်တော်တို့ကလွဲလို့ ဘယ်သူမှသိဖို့မလိုပါဘူး၊ ကျွန်တော်

ကုမ္ပဏီဥက္ကဋ္ဌ ချားလ်စ်ဝုစ်မိုးဒေးလ်နဲ့ မယားညီအစ်ကို တော်

တယ်၊ ပျောက်နေတဲ့ ငွေတွေကိစ္စကလည်း လက်စတုံးနေပါပြီ"

ပြောသည်။

မေဆင်က . . .

"ဒါပေမယ့် ဒီကိစ္စအတွက် တစ်ယောက်ယောက်

ဓားစာခံဖြစ်ရတော့မှာပေါ့"

ရွှန်နီက မေဆင်အား သုန်သုန်မှုန်မှုန်ဖြင့် ပြန်ကြည့်ပြီး





"ထွက်ပြေးသွားတဲ့စာရင်းကိုင် ကားလ်မိုးအပေါ်မှာပဲ ပုံကျ

တော့မှာပေါ့" ဟု ပြောသည်။

"ကားလ်မိုးက သူ့အပေါ်ပုံချတာ ဘယ်ခံမလဲဗျ"

"သူက ဘာမှပြောတော့မှာ မဟုတ်ပါဘူး၊ သူသေပြီပဲ၊

လူလူက ဆန်ဖရန်စစ္စကိုလာတဲ့ မီးသင်္ဘောပေါ်မှာ မနေ့ညက

ကားလ်မိုး အသတ်ခံခဲ့ရပြီ"

"ခင်ဗျားက သေချာလှချေလား"

"သေချာပါတယ်၊ မစ္စတာဒေးလ်နဲ့ သူ့သမီးလည်း

သင်္ဘော ပေါ်မှာ အတူတူပါလာခဲ့တယ်၊ မစ္စတာဒေးလ်ရဲ့သမီး

ဆယ်လင်ဒါက ကားလ်မိုးရဲ့မယားပါသမီးပေါ်မှာ မသင်္ကာဖြစ်လာ

တယ်၊ ဒါကြောင့် ဘဲလ်နယူးဘာရီဆိုတဲ့ မိန်းကလေးတစ်ယောက်

အကြောင်း သိနိုင်သမျှ အားလုံးစုံစမ်းပေးဖို့ ဆယ်လင်ဒါက

ချ်ဆိကို ပိုင်ယာလက်နဲ့ လှမ်းခိုင်းတယ်၊ ဘဲလ်နယူးဘာရီဟာ

ာင် ပိုင်းကာလီဖိုးနီးယား တက္ကသိုလ်က ဘွဲ့ရခဲ့တယ်ဆိုတဲ့

တ်ပေါ်မှာမူတည်ပြီး စုံစမ်းကြည့်ခဲ့လို့ ဘဲလ်ရဲ့အမေဟာ

း်နယူးဘာရီ ဖြစ်တယ်ဆိုတာရယ်၊ ကားလ်မိုးနဲ့

တ်ထပ်ခဲ့တယ်ဆိုတာရယ် သိ လာရတယ်"

"ဒီတော့ ခင်ဗျားက ဆယ်လင်ဒါဆီ သတင်းပို့လိုက်တယ်

ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါနဲ့ ဒီနေ့မနက်ကျတော့ ဆယ်လင်ဒါက

ချ်ဆီ တယ်လီဖုန်းဆက်တယ်၊ မစ္စက်မိုးဟာ သူယောကျ်ားကို



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညကသတ်ပြီး ရေထဲတွန်းချခဲ့တယ်ဆိုတဲ့အကြောင်း သူက ပြောပြတယ်၊ ကိုင်း. . . ဒီလိုဆိုတော့ ခုနကကိစ္စတွေ လူသိရှင်ကြား မဖြစ်အောင် ကျွန်တော်တို့ နားလည်မှုယူလိုက်ကြဖို့ ဖြစ်နိုင်ပါတယ် ဗျာနော် မဟုတ်ဘူးလား"

မေဆင်က သွားစေ့ပြုံးလျက် ပြန်ပြောသည်။

"မဖြစ်နိုင်ဘူး ရွှန်နီ၊ မစ္စတာချားလ်ဝှစ်မိုးဒေးလ်နဲ့တွေ့တဲ့ အခါကျရင်သာ တစ်ခုပြောပြလိုက်စမ်းပါ၊ အချိန်တန်ရင် နွားပိန် ကန်တတ်တယ်ဆိုတဲ့အကြောင်း ပယ်ရီမေဆင်က ပြောလိုက်ပါ တယ်လို့၊ ကိုင်း . . . လာပေါ့လ်၊ ကိုယ်တို့သွားကြရအောင် လုပ်စရာတွေ အများကြီးရှိသေးတယ်"

* * * * *



အခန်း (၉)

ကွန့်ဇ်နှင့် ကတ်တာ ကျောက်မျက်ရတနာဆိုင်ရှေ့ ...ကြ လမ်းပေါ်အရောက်တွင် ပေါလ်ဒရိတ်က လက်ကိုင်ပဝါကို ...တ်၍ ချွေးပြန်နေသောနဖူးကို သုတ်လိုက်သည်။ ထို့နောက် ...ဆင်အား မသက်မသာမျက်နှာထားဖြင့်ကြည့်ပြီး ပြောသည်။

"ခင်ဗျား အတော်ရက်စက်တဲ့လူပဲ ပယ်ရီ၊ ကျွန်တော်ဖြင့် ...ကြံတတ်တော့လောက်အောင် ဖြစ်ခဲ့ရတာပဲ၊ ဒါထက် ခင်ဗျားက ...နီဆိုတဲ့ငနဲ ငွေတွေအလွဲသုံးခဲ့တယ်ဆိုတဲ့အကြောင်း ဘယ်လို ...သိသလဲ"

"ကိုယ်လည်း မသိပါဘူး၊ ရုတ်တရက်စိတ်ထဲပေါ်လာတာ ...အောက်ပြောလိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အငှားကားတစ်စီးဖြတ်သွား၍ မေဆင်က လက် တားလိုက်ပြီး နှစ်ယောက်သားတက်ထိုင်ကာ ထွက်လာခဲ့ကြသည်

"ခင်ဗျားပြောတဲ့အကွက်သာမဝင်ရင် ဘာတွေဖြစ်ကုန်မ ဆိုတာ မတွေးဝံ့လောက်အောင်ပဲဗျာ" ဟု ဒရိတ်က ပြောသည်

မေဆင်က ရယ်လျက်. . .

"အဲလိုဆိုတော့လဲ မောင်ရင့်ညစာကို အချုပ်ထဲမှာစား လိမ့်မယ်ပေါ့ကွာ"

"သတိထားပယ်ရီ၊ ခင်ဗျား ကံလိုက်နေသေးလို့နော်" ဟ ဒရိတ်က ပြောသည်။

မေဆင်၏ သီးသန့်ရုံးခန်းသို့ ၎င်းတို့ရောက်သောအခ ငါးနာရီထိုးရန် မိနစ်နှစ်ဆယ် အလိုဖြစ်သည်။ ဒယ်လာစထရီသည် တယ်လီဖုန်းခလုတ်ခုံတွင် ခေါင်းပေါ်၌ နားကြပ်ဖုံးတပ်ဆင်လျ ထိုင်နေသည်။ မေဆင်တို့ဝင်လာသောအခါ ဒယ်လာက ပလ တစ်ခုကိုထိုးနေရာမှ. . .

"ဘာထူးလဲဆရာ" ဟု လှမ်းမေးလိုက်သည်။

"ငွေအလွဲသုံးမှုကိစ္စကတော့ ပြတ်သွားပြီကွယ်"

"ရှန်နီကို ဆရာညှစ်ထုတ်လိုက်တယ်ပေါ့ ဟုတ်လားဆရာ"

"ညှစ်ထုတ်ရုံဘယ်ကမလဲ၊ ရှန်နီက ဝန်ခံတဲ့အထိ ဖြစ်သွ ပြီ၊ ကိုင်း. . . ဒယ်လာဘက်က ဘာထူးသေးသလဲ"

ဒယ်လာက မှတ်စုစာအုပ်ကိုကြည့်ပြီး တင်ပြသည်။

"ဘဲလ်နယူးဘာရီကို ဘာစွဲချက်မှမရှိဘဲ ဆန်ဖရန်စစ္စကိုမှ





ထားတယ်၊ မစ္စက်နယူးဘာရီကိုတော့ လူသတ်မှု မသင်္ကာအဖြစ် နှိန်းသိမ်းထားတယ်၊ သဘော်ကုန်းပတ်ပေါ်မှာ သုံးဆယ့်ရှစ်ဗို ခြောက်လုံးပြူးတစ်လက်ကို ရဲ့အဖွဲ့က တွေ့သွားတယ်၊ ကျည်ဆံ ခ်တောင့်ပစ်ပြီးသားတဲ့၊ မစ္စက်နယူးဘာရီဆိုတာ မစ္စက်မိုးဖြစ်တဲ့ အကြောင်းကိုလည်း သိသွားကြပြီ၊ ပြီးတော့. . . ဆန်ဖရန်စစ္စကို သတင်းစာတစ်စောင်က ကုမ္ပဏီငွေအလွဲသုံးစားမှုအကြောင်းကိုပါ ဆက်စပ်ပြီး သတင်းရေးခဲ့တယ်၊ ခုလောလောဆယ်တော့ ဘဲလ် ယူးဘာရီရဲ့ အဆက်ရှိုင်းဟန်းဂါးဖို့ဟာ ဆရာ့ကိုတွေ့ဖို့ အပြင် ည့်ခန်းမှာ စောင့်နေပါတယ်ဆရာ"

"ဟန်းဂါးဖို့က ဘာကိစ္စတဲ့လဲ"

"မသိသေးဘူးဆရာ၊ ကျွန်မလည်း ဆရာမြင်တဲ့အတိုင်း ယ်လီဖုန်းခုံမှာထိုင်ပြီး အလုပ်ရှုပ်နေတာ၊ ဆန်ဖရန်စစ္စကိုကို ျွန်မတို့လိုက်သွားဖို့ လေယာဉ်တစ်စင်းငှားတာရယ်၊ ဟိုမှာ ည်းခိုဖို့ ဟိုတယ်နေရာ လှမ်းစီစဉ်တာရယ်၊ အတော်ကလေး လုပ်များ နေတယ်ဆရာ"

"ဆန်ဖရန်စစ္စကိုမြို့က ခရိုင်အစိုးရရှေ့နေရုံးကို ဖုန်းလှမ်း တ်စမ်းကွယ်၊ ဒီအမှုကို ဘယ်သူကိုင်သလဲဆိုတာမေးပြီး ဆရာနဲ့ း‌ပြောဖို့စီစဉ်ပါ"

"ကျွန်မ စုံစမ်းပြီးပါပြီဆရာ၊ ဒေါ်နယ်ဆန်စကတ်ဒါက အမှုကိုကိုင်နေပါတယ်၊ ခဏကလေးဆရာ၊ ကျွန်မ သူ့ဆီ လှမ်းဆက် ယ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်လာက တယ်လီဖုန်းခွက်ကို ပါးစပ်သို့ရွှေ့လိုက်ပြ တယ်လီဖုန်းခုံရှိ ခလုတ်တစ်ခုကို ထိုးလိုက်ကာ နံပါတ်တစ်ခု လှည့်ခေါ်သည်။

မေဆင်က "ပေါလ်. . . ဒီမှာခဏစောင့်နေကွာ၊ ဟန်းဂ ဖို့နဲ့ ကိုယ်တွေ့လိုက်ဦးမယ်" ဟု ပြောသည်။

ဒရိတ်က "ကျွန်တော် အပြင်ထွက်ပေးဖို့လိုသလား" မေးရာ မေဆင်က "ကိစ္စမရှိပါဘူး၊ ကိုယ့်စာကြည့်ခန်းထဲမှာ သူ တွေ့မှာပါ" ဟု ပြော၍အပြင်သို့ထွက်ကာ 'ဟနးဂါးဖို့ဒီကိုဝင်ခဲ့ လှမ်းပြောသည်၊ ဟန်းဂါးဖို့သည် ထိုင်နေရာမှ ခုန်၍ထပြီး မေဆင် ကမန်းကတန်း လက်ဆွဲနှုတ်ဆက်သည်၊ မေဆင်က စာကြည့်ခ ထဲသို့ခေါ်သွားပြီး တံခါးပိတ်လိုက်သည်။

ဟန်းဂါးဖို့အား ထိုင်ခိုင်းပြီးနောက် မေဆင်က ကိုင်း. . ဆိုစမ်းပါဦး" ဟု မေးလိုက်ရာ ဟန်းဂါးဖို့က "ဘဲလ်နဲ့ပတ်သက်ပြ ဆရာနဲ့ပြောစရာရှိတွေ့လို့ပါ" ဟု ပြန်ပြောသည်။

"ဘာအကြောင်းပါလိမ့်"

"ကျွန်တော် ဒီကို လေယာဉ်ပျံနဲ့ လာခဲ့တာပါဆရာ၊ လွ တဲ့နာရီဝက်လောက်က ဆန်ဖရန့်စစ္စကို အဝေးပြောတယ်လီဖုန် ကျွန်တော် စကားလှမ်းပြောခဲ့တယ်၊ သတင်းစာတွေထဲမှာ ကား နယူးဘာရီနဲ့ပတ်သက်ပြီး ဖတ်လိုက်ရလို့ပါဆရာ၊ သူ လူချမ်းသာတစ်ယောက်ဟန်ဆောင်ပြီး ခရီးသွားခဲ့တယ်၊ ဒါပေမ စင်စစ်ကတော့ သူဟာ ကုန်ပစ္စည်းသန့်စင်ရေးကုမ္ပဏီမှာ တစ်လ





၁၈၅ ဒေါ်လာပဲရခဲ့တဲ့ အမှုထမ်း ကားလ်မိုးဆိုသူ ဖြစ်တဲ့အကြောင်း သိခဲ့ရပါတယ်"

"အဲဒီတော့ ဘာဖြစ်သလဲ"

"ပြီးတော့လည်း ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာဒေးလ်နဲ့ တွေ့ဆုံမေး မြန်းချက်ကို ဆန်ဖရန်စစ္စကို သတင်းစာတွေက ထည့်ထားတယ် ဆရာ၊ မစ္စတာဒေးလ်က ကားလ်မိုးဟာ ကုမ္ပဏီပိုင်ငွေ ဒေါ်လာ နှစ်သောင်းငါးထောင်ကို အလွဲသုံးခဲ့တဲ့အကြောင်း၊ တကယ်လို့ သူသာရှိနေသေးရင် ဆိပ်ကမ်းမှာပဲ စုံထောက်တွေက စောင့်ဖမ်းပြီး အချုပ်ထဲ ပို့လိုက်မှာဖြစ်တဲ့အကြောင်း၊ ကားလ်မိုးရဲ့ ခါးပတ်အိတ် ထဲကတွေ့တဲ့ ပိုက်ဆံတွေဟာ သူအလွဲသုံးသွားတဲ့ ကုမ္ပဏီပိုင် ငွေတွေဖြစ်တယ်လို့ ယုံကြည်တဲ့အကြောင်း မစ္စတာဒေးလ်က ပြော ခဲ့ပါတယ်"

မေဆင်က စီးကရက်တစ်လိပ်ကို မီးညှိသောက်ပြီး ဟန်းဂါး ဖို့ကို ဆက်ပြောခိုင်းသည်။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာ ဘာတွေသိထားတယ် ဆိုတာ ကျွန်တော်သိချင်ပါတယ်"

"ဘဲလ်နဲ့ ခင်ဗျား စကားပြောပြီးပြီလား"

"အဆက်အသွယ် မရဘူးဆရာ၊ ဘဲလ်ကို သူတို့က ဆန်ဖရန်စစ္စကိုမှာ ဆွဲထားတယ်"

မေဆင်က ဟန်းဂါးဖို့၏ စိုးရိမ်ကြောင့်ကြနေသော မျက်လုံး အစုံကို တည့်တည့်ကြည့်၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ကိုင်း . . . ကျုပ်ပြောမယ်၊ နယူးဘာရီဟာ ကားလ်ရဲ့ အစစ်ပဲ၊ သူဟာ ကုန်ပစ္စည်းသန္နိစင်ရေးကုမ္ပဏီမှာ အမှုထမ်းခဲ့တာ လည်း အမှန်ပဲ”

“ခရီးသွားပြီး သုံးစွဲခဲ့တဲ့ ငွေတွေကို သူဘယ်က ရခဲ့သလဲ အဲဒါကို ဆရာသိပါသလား”

“ကဲစမ်းထီပေါက်ခဲ့တာလို့ သူက ပြောသတဲ့”

“ကုမ္ပဏီက ငွေကွာနေတာ ဒေါ်လာ ၂၅၀၀၀ မပဟုတ်လား ဆရာ”

“ဟုတ်တယ်၊ အဲဒါလည်း မှန်တယ်လို့ ကျုပ်ထင်တယ်”

ဟန်းဂါးဖို့သည် စက္ကန့်အတော်ကြာမျှ ငြိမ်သက်နေသည်။ သူ၏မျက်လုံးများက စာအုပ်စင်များရှိ သားရေဖုံး ဥပဒေစာအုပ်ကြီး များကို ငေးကြည့်နေသည်၊ ထို့နောက် မေဆင်၏မျက်လုံးများကို ပြန်၍ဆိုင်ကြည့်ပြီး ပြောသည်။

“ဘဲလ်က ကျွန်တော့်ကို မှာထားတယ်ဆရာ၊ စန်တာအန် နီတာပြိုင်ကွင်းမှာ ကျွန်တော့်ကို လာတွေ့မယ်တဲ့၊ ကြည့်ရတာ ကျွန်တော့်ကို ဘာမှမသိဘူးဆိုပြီး ဆက်လိုမ့်ဦးမလို့နဲ့ တူတယ်”

မေဆင်က ဟန်းဂါးဖို့အား စဉ်းစဉ်းစားစား အမူအရာဖြင့် ကြည့်နေပြီး ပြောသည်။

“ဒီမယ် ဟန်းဂါးဖို့၊ ခင်ဗျား ကျုပ်ဆီလာတာဟာ ခင်ဗျား ကြားထားတဲ့ ဘဲလ်နယူးဘာရီနဲ့ပတ်သက်တဲ့ သတင်းတွေ မဟုတ် တဲ့အကြောင်း ကျုပ်ဆီက သိရလိမ့်မယ် မျှော်လင့်ပြီး လာခဲ့တာ မဟုတ်လား”

“မဟုတ်ပါဘူး”





“မဟုတ်ဘူး . . . ဟုတ်လား၊ ခင်ဗျားဟာ ဘဲလ်ဆိုတဲ့ ကလေးမကို စိတ်ဝင်စားခဲ့တယ်၊ ဒါပေမယ့် ဘယ်လောက်အတိုင်း အတာအထိဆိုတာ ခင်ဗျားမသိဘူး၊ ခင်ဗျားဟာ ဘဲလ်နဲ့ ဘဲလ်ရဲ့ အဘ ပတ်ဝန်းကျင်ကို ခွဲခြားပြီး ဆက်ဆံခဲ့တာမဟုတ်ဘူး၊ ဒီတော့ အခု ခင်ဗျား ကျုပ်ဆီလာခဲ့တာဟာလည်း ဘဲလ်နဲ့ ပတ်သက်ပြီး သေမချာ ဖြစ်နေလို့ မဟုတ်ဘဲ တကယ်တမ်းက ခင်ဗျားကိုယ် ခင်ဗျား မသေမချာဖြစ်နေလို့ လာခဲ့တာမဟုတ်လား”

မေဆင်၏စကားအဆုံးတွင် ဟန်းဂါးဖို့မျက်နှာ ရဲကနဲဖြစ် သွားပြီး ဒေါသတကြီးဖြင့် ပြန်ပြောမည်ပြုပြီးမှ မေဆင်၏ တည်ငြိမ် သောမျက်လုံးအစုံကို တွေ့လိုက်ရပြီးနောက် ငြိမ်သက်သွားသည်၊ အတန်ကြာအကြာတွင်မှ ဟန်းဂါးဖို့က ပြောသည်။

“ဆရာပြောတာ မှန်ပါတယ်၊ ကျွန်တော်ဟာ ကျွန်တော့် စိတ်ထဲ အမှန်တကယ် ဘယ်လိုခံစားနေရတယ်ဆိုတာ မသုံးသပ် ခဲ့ပါဘူး၊ အခု ဆရာနဲ့စကားပြောတော့မှ ကျွန်တော့်ကိုယ် ကျွန်တော် နားလည်ပါပြီ၊ ကျွန်တော့်ခံစားချက် ဘယ်လိုဆိုတာလည်း သိပါပြီ”

မေဆင်က ကရုဏာမျက်လုံးများဖြင့် ပြန်ကြည့်၍ ပြောပြ သည်။ “အခု ခင်ဗျားကို ဘဲလ်နဲ့ပတ်သက်တာ ပြောပြမယ်၊ ခင်ဗျား ပြောတပြောခဲ့သလို ဘဲလ်ဟာ ခင်ဗျားကို ဆက်လိုမ့်နေဖို့ လုံးဝမရည် ရွယ်ခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကို နောက်ထပ် လုံးဝ မတွေ့တော့ဖို့ ကလေးမက ဆုံးဖြတ်ထားပြီးပြီလေ”



www.burmeseclassic.com

www.burmeseclassic.com



ဟန်းဂါးဖို့၏မျက်နှာမှာ အံ့အားတသင့် ဖြစ်သွားသည်
မေဆင်က ဆက်ပြောသည်။

"ခင်ဗျား စဉ်းစားကြည့်ဗျာ၊ တကယ်လို့ ကားလ်မိုး
ဟိုငွေတွေကို တရားမဝင်နည်းလမ်းနဲ့ ရယူခဲ့တယ် ထားပါ
ဘဲလ်ဟာ အဲဒီကိစ္စတွေ လုံးဝမသိရှာတာ သေချာတယ်။ ကား
ကလည်း အဲဒီငွေတွေကို ကံစမ်းထီပေါက်လို့ရခဲ့တာလို့ပဲ သူ့မိသား
ကို ပြောထားခဲ့တယ်၊ ဘဲလ်ကလည်း အဲသလိုပဲ ယုံကြည်နေခဲ့တ
နောက်တစ်ချက် စဉ်းစားကြည့်ပြန်ရင် ကားလ်မိုးဟာ ဘဲလ်ရဲ့အ
နဲ့ အိမ်ထောင်မကျခင် သူ့ဘဝမှာ တစ်ယောက်တည်းသမား လူ
အဖြစ်နဲ့ ရသမျှလခလေးကို စုဆောင်းပြီး နေခဲ့တယ်၊ သူ
ဘဲလ်ရဲ့အဖေမဟုတ်ဘူး၊ ဘဲလ်ရဲ့ အဖေအရင်းက ကလေးမ
သုံးနှစ်သမီးအရွယ်မှာ မိသားစုကို ပစ်သွားခဲ့တယ်၊ အဖေအ
အကြောင်းကို အဲဒီအချိန်ကစပြီး သတင်းတောင်မကြားခဲ့ရ
ဘူး၊ မစ္စက်နယူးဘာရီမှာက ပိုက်ဆံလေးဘာလေး အနည်းအ
ချောင်လည်တော့ သားအမိနှစ် ယောက် ကွက်မြေမပျက် ဆက်
ကြတယ်၊ သမီးလေးဘဲလ်ကို တက္ကသိုလ်အထိပို့ပြီး ပညာသင်
နိုင်ခဲ့တယ်၊ ပြီးတော့မှ မစ္စက်နယူးဘာရီဟာ ကားမိုးကိုလက်
ခဲ့တယ်၊ သုံးနှစ်သမီး အရွယ် ကတည်းက အဖေရယ်လို့ ခေါ်
မရှိခဲ့တဲ့ ကလေးမလေးဟာ ကားလ်မိုးကို အဖေအရင်း တစ်ယော
လို သံယောဇဉ် ဖြစ်လာခဲ့တယ်၊ အဲသလိုနဲ့ ပျော်ပျော်ပါး
နေခဲ့ကြတုန်း ကားလ်မိုးက ထီပေါက်လို့ ပိုက်ဆံတွေရခဲ့တယ်ဆို





ပျော်ခရီးထွက်လာခဲ့ ကြတယ်၊ အဲဒီအချိန်မှာ ဘဲလ်ဟာ ခင်ဗျား
ခဲ့တာပဲ၊ ခင်ဗျားက ဘဲလ်ဟာ ခင်ဗျားတို့ အဆင့်အတန်းထဲက
လို့ လက်ခံပြီး ဆက်ဆံ ခဲ့တယ်၊ ဒါပေမယ့် ကလေးမလေးကတော့
ဘဝကို သူနားလည် ရှာပါတယ်၊ ဟဝိုင်အီကျွန်း အပျော်ခရီးကနေ
ညီမကို ပြန်ရောက် ရင် စိတ်ကူးယဉ်ဇာတ်လမ်းတွေနဲ့ နိဂုံး
ရတော့မယ်ဆိုတာ သဘောပေါက်ခဲ့ပါတယ်၊ ဒါကြောင့်လည်း
သော်ပေါ်က ဆင်းပြီး တာနဲ့တစ်ပြိုင်နက် ခင်ဗျားကိုနောက်ထပ်
မတွေ့တော့ဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဘဲလ်ဟာ အဖေအရင်းလို
သံယောဇဉ်ဖြစ်နေတဲ့ ကားလ်မိုးကို ငွေအလွဲသုံးခဲ့တဲ့ လူတစ်ယောက်
နေနဲ့ ဘယ်တုန်းကမှ မတွေးမိခဲ့ဘူး၊ တကယ်လို့ သူရလာခဲ့တဲ့
ငွေတွေဟာ မတရားတဲ့တစ်နည်းနည်းနဲ့ ရလာခဲ့တာလို့ စဉ်းစားမိ
င်တောင် တစ်ပြားတစ်ချပ်မှထိမယ့် မိန်းကလေးမျိုးမဟုတ်ဘူး"

မေဆင်က ရှည်လျားစွာရှင်းပြသည်ကို ဟန်းဂါးဖို့က စိတ်
စားစွာ နားထောင်နေရာမှ ကြားဖြတ်ပြောသည်။

"ကျွန်တော်ပဲ ဒီမိန်းကလေးကို အများကြီး တန်ဖိုးထား
တယ်ဆရာ"

မေဆင်က "ကားလ်မိုးဟာ ဟိုငွေတွေ ဘယ်ကရခဲ့တယ်လို့
ကျုပ်လည်း မသိဘူး၊ ကျုပ်သိတာက သူဟာ ဘဲလ်ရဲ့ အဖေမဟုတ်
ဘူး ပြီးတော့ ဘဲလ်ဟာ ကားလ်မိုး ထီပေါက်ခဲ့တယ်လို့ ယုံကြည်
နေခဲ့ တယ်ဆိုတာ ကျုပ်သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါထက်ဆရာ၊ အခုအမှုလိုက်ခ ဆရာ့ကို ဘယ်… ပေးမလဲ” ဟု ဟန်းဂါးဖို့က ကောက်ကာငင်ကာ မေးသည်။

“မစ္စက်မိုးက ပေးမှာပေါ့၊ ဒါပေမယ့် အမှုလိုက်ခနဲ့ပတ်သ… ပြီး ကျုပ်တစ်ခါမှ မဆွေးနွေးရသေးဘူး”

“ဒါဖြင့်. . . ဒီလိုလုပ်ပါဆရာ၊ ဒီကိစ္စမှာ ကျွန်တော် … ပါရစေ”

“ဘာဖြစ်လို့လဲ”

“ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ဘဲလ်အပေါ်… ကျွန်တော်ထင်ခဲ့တာထက် အများကြီးပိုပြီး သံယောဇဉ်တွယ်… လို့ပါဆရာ”

“ကလေးမလေး ဒုက္ခရောက်နေလို့ ကူညီသင့်တယ်ထင်… လုပ်တာတော့ မဟုတ်ပါဘူးနော်” ဟု မေဆင်က စူးစမ်းသည်…

ဟန်းဂါးဖို့က တည်ငြိမ်စွာပြန်ကြည့်၍ “ကျွန်တော် ဘဲ… ကို လက်ထပ်မှာပါဆရာ” ဟု ပြောလိုက်သည်။

“ဩော် . . . နာမည်ကျော် သူဌေးကြီးတစ်ယောက်… သားက ရာဇဝတ်ကောင်တစ်ယောက်ရဲ့ သမီးကို လက်ထပ်တော့… မယ်ပေါ့ ဟုတ်စ”

“မယားပါ သမီးပါဆရာ” ဟု ဟန်းဂါးဖို့က ပြင်ပေးသည်…

“ခင်ဗျားအဖေက ဘယ်လိုသဘောထားမလဲ”

“အမှန်ကို အမှန်အတိုင်း သဘောထားရမှာပေါ့ဆရာ” ဟု ဟန်းဂါးဖို့က ပြန်ပြောသည်။





“အမှုလိုက်ခကို ခင်ဗျားကပေးဖို့ဆိုတဲ့ကိစ္စကိုတော့ ဘဲလ် …မေးပြီးမှ စီစဉ်ရင် ကောင်းလိမ့်မယ်၊ ကလေးမက ဘယ်လို …ပြောတယ်ဆိုတာ သိပြီးရင် ဆက်လုပ်ကြတာပေါ့၊ အဲ. . . …ားစိတ်ဝင်စားမယ့်ကိစ္စတစ်ခု ပြောလိုက်ရဦးမယ်၊ ကားလ်မိုး …ကုမ္ပဏီက ငွေတစ်ပြားတစ်ချပ်မှ အလွဲသုံးစားမလုပ်ခဲ့ဘူးဗျ”

“ဘယ်လို. . . ဘယ်လို၊ ကားလ်မိုးဟာ ငွေအလွဲသုံးခဲ့တာ …တ်ဘူး. . . ဟုတ်လားဆရာ၊ ဆရာ အထောက်အထားပြနိုင် …ား”

အထောက်အထားမပြနိုင်တဲ့ ကိစ္စဆိုရင် ကျုပ်ဘယ်တော့ …တ်မပြောတတ်ဘူးဗျ၊ ပြီးတော့လည်း ခင်ဗျားတစ်ယောက်တည်း …ားဖို့ ပြောရဦးမယ်၊ အခု မစ္စက်မိုးအတွက် ကျုပ်ရဲ့အမှုလိုက်ခ …တစ်ဝက်ကို ခင်ဗျားရဲ့မိတ်ဆွေကြီး ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ …က ပေးရပါလိမ့်မယ်၊ တကယ်လို့ သူက ကားလ်မိုးကို ကုမ္ပဏီ …ငွေ အလွဲသုံးစားလုပ်ခဲ့တယ်ဆိုပြီး စွပ်စွပ်စွဲစွဲ ပြောခဲ့ရင်ပေါ့လေ”

“ဒါဖြင့် ကားလ်မိုးဟာ တကယ်ပဲ ထိပေါက်ခဲ့တာလား …ရာ”

“ဒါတော့ ကျုပ်မသိဘူး၊ ထိပေါက်တာမဟုတ်ဘူးလို့တော့ …တယ်”

“ဒီလိုဆို ငွေတွေကို သူဘယ်ကရသလဲဆရာ”

“အဲဒါကို သိရဖို့တော့ စုံစမ်းရလိမ့်ဦးမယ်၊ ကားလ်မိုးရဲ့ …င်အိပ်ရာဖုံးအောက်က ခါးပတ်အိတ်ထဲမှာ တွေ့ခဲ့ရတဲ့ငွေတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကားလ်မိုးရဲ့ငွေတွေ ဟုတ်မဟုတ် ကျုပ်တို့မသိရသေးဘူး၊ အ
ငွေတွေဟာ မစ္စက်မိုးရဲ့ ငွေတွေလည်း ဖြစ်နိုင်တယ်"

"အဲဒါတွေနဲ့ပတ်သက်ပြီး မစ္စက်မိုးက ဘာပြောသလဲဆ

"ဘာမှမပြောဘူးဗျ" ဟု မေဆင်က ပြန်ပြောလိုက်
ဟန်းဂါးဖို့က အတန်ကြာမျှ ငြိမ်သက်နေသည်။

မေဆင်က စကားပြန်စသည်။

"ခင်ဗျား တစ်ခုမမေ့ဖို့က လောလောဆယ်မှာ မစ္စက်မိုး
လူသတ်မှုနဲ့ စွပ်စွဲခံနေရတယ်ဆိုတာပဲ၊ ပတ်ဝန်းကျင် အထော
အထားတွေအရဆိုရင် ဒီအမျိုးသမီးကြီးရဲ့ အခြေအနေက အထေ
ဆိုးနေတယ်"

"ဘဲလ်ရဲ့အမေဟာ ဒါမျိုး ဘယ်တော့မှ မလုပ်ပါဘူးဆို
သေချာပါတယ်"

"အင်းပေါ့လေ. . . အစိုးရ ရှေ့နေဘက်ကတော့ တစ်
စဉ်းစားမှာပေါ့"

"ပြောရင်းဆိုရင်း ဆရာ့ကို ပြောစရာတွေ ကျွန်တေ
သတိရလာပြီဆရာ" ဟု ဟန်းဂါးဖို့က ပြောနေစဉ် ဒယ်လာစ
တံခါးဖွင့်၍ ဝင်လာသည်။ ဟန်းဂါးဖို့ကို တစ်ချက်ပြုံး၍ နှုတ်ဆ
လိုက်ကာ မေဆင်ကို လှမ်းပြောသည်။

"ဆန်ဖရန်စစ္စကိုက ဒုတိယ ခရိုင်အစိုးရရှေ့နေကြီး မစ္စ
စကော့တ်ဒါနဲ့ ဆက်သွယ်ရပါ
ပြီဆရာ၊ တယ်လီဖုန်းကိုင်ပြီး စောင့်နေပါ တယ်"





မေဆင်က စာကြည့်ခန်းစားပွဲပေါ်မှ တယ်လီဖုန်းကို
ကောက်ကိုင်၍ "ဒီဖုန်းကို လိုင်းဆက်ပေးလိုက်ပါ ဒယ်လာ" ဟု
ပြောလိုက်သည်။

ဒယ်လာက တံခါးပြန်ပိတ်၍ထွက်သွားစဉ် ဟန်းဂါးဖို့က
သင်္ဘောပေါ်မှာ ညစာစားနေတုန်း မစ္စတာ နယူးဘာရီ အဲလေ. .
ဘာမိုးဆီကို လာပေးတဲ့ စာတိုလေးပို့လိုက်တဲ့လူဟာ တခြား
တော့ဘူး၊ မစ္စအီဗလင်းဝှစ်တင်းဆိုတဲ့ သူနာပြုဆရာမပဲ၊ လည်
ကျိုးနေတဲ့လူနာကိုပြုစုပြီး ပါလာတဲ့ ဆရာမလေ" ဟု ကမန်း
တန်း ပြောလိုက်သည်။

ထိုစဉ် တယ်လီဖုန်းမှအသံကြား၍ မေဆင်က နားထောင်
ရာ တစ်ဖက်မှ ယောကျ်ားတစ်ဦး၏အသံဖြင့် . . .

"ဟုတ်ကဲ့. . . ဟလို. . . မစ္စတာ စကော့တ်ဒါ စကားပြော
ပါတယ်. . ."

"ဒီက ပယ်ရီမေဆင်ပြောနေပါတယ် မစ္စတာ စကော့တ်ဒါ၊
. . . နယူးဘာရီအမှုမှာ ပဏာမ စစ်ဆေးချက်တွေ ကျွန်တော်
ချင်ပါတယ်"

"ခင်ဗျား အချိန်မရွေး ရနိုင်ပါတယ် မစ္စတာမေဆင်၊
မယ့် တစ်ခုတော့ ခင်ဗျားကို အကြံပေးချင်တယ်ဗျာ၊ ဆန်ဖရန်
ကို သတင်းစာတွေမှာ မစ္စတာမိုးဟာ ကုန်ပစ္စည်းသန့်စင်ရေး
ဌာနက ဒေါ်လာ နှစ်သောင်းငါးထောင် အလွဲသုံးစားပြုပြီး ရှောင်
နေတဲ့လူတစ်ယောက်ဖြစ်တဲ့အကြောင်း သတင်းတွေပါခဲ့
သင်္ဘောကကပ်ပတိန်ရှာတွေ့ခဲ့တဲ့ ခါးပတ်အိတ်ထဲက ငွေတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာလည်း အဲဒီအလွဲသုံး ငွေတွေထဲက ဖြစ်လိမ့်မယ်လို့ ယူဆ နေ
တယ်၊ မိုးရဲ့ အလောင်းကို ရေထဲတွန်းမချခင် ပိုက်ဆံအိတ်
မစ္စက်မိုးက ယူထားလိုက်တာလို့လည်း တွက်နေကြတယ်၊ ဒါကြေ
မစ္စက်မိုးအနေနဲ့ အဲဒီငွေတွေကိုသုံးပြီး ရှေ့နေခတော့ ပေးလို့
ဘူးနော်"

"သြော်. . . ဒီလိုလား၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ကျုပ်ကတော
ဒါအတွက် ဘယ်လိုမှ အပြောင်းအလဲမရှိပါဘူး၊ ကျုပ်အနေ
ပဏာမကြားနာမှု အမြန်ဆုံးလုပ်စေချင်တာပဲရှိတယ်၊ ပြီးတော
ခင်ဗျားတို့ ဘဲလ်နယူးဘာရီကိုလည်း ထိန်းသိမ်းထားတယ်ဆို၊ သူ
တော့ ခင်ဗျားတို့လွှတ်ပေးလိုက်စေချင်တယ်"

"မဖြစ်နိုင်တာပဲဗျာ" ဟု စကတ်ဒါက ပြန်ပြောသည်။

"ကောင်းပြီလေ၊ ဒါဖြင့်လည်း ဆန်ဖရန့်စစ္စကိုကို ဒီည
ကျုပ်လာခဲ့မယ်၊ ဘဲလ်နယူးဘာရီကို စွပ်စွဲချက်တင်နိုင်ရင်တ
မတင်နိုင်ရင်တော့ လွှတ်ပေးဖို့ တောင်းဆိုရမှာပဲ" ဟု မေဆင်
ပြောကာ တယ်လီဖုန်းကို ပြန်ချလိုက်ပြီး ဟန်းဂါးဖို့ကို မော့ကြည့်
ပြောသည်။

"ကိုင်း. . . ခုနကစကားဆက်စမ်းပါဦး၊ မစ္စတာနယူးဘာ
ကို ထမင်းစားပွဲမှာ စာတိုကလေးအပို့ခိုင်းလိုက်တာ ဟို. .
သူနာပြုဆရာမ မစ္စဝှစ်တင်းပဲဆိုတာ ခင်ဗျား ဘယ်လိုသိသလဲ"

"အခန်းစောင့် လုလင်တစ်ယောက်က သဘော်စာရင်းကိ
ရဲ့ရှေ့က မှန်ခုံကလေးပေါ်မှာ မစ္စဝှစ်တင်း စာရွက်တစ်ရွက် လာ





ားတာကို တွေ့လိုက်တယ်တဲ့၊ အဲဒါ မစ္စတာ နယူးဘာရီ ဆီကို
ားပေးရတဲ့ စာရွက်ပဲလို့ သူက အသေအချာပြောတယ်"

မေဆင်က မျက်မှောင်ကြုတ်၍ စဉ်းစားနေပြီး ပြန်မေးသည်။

"မစ္စဝှစ်တင်းက အဝတ်အစားဘယ်လိုဝတ်ထားသလဲ၊
ခန်းစောင့်လုလင်က မစ္စဝှစ်တင်းရဲ့ အဝတ်အစားကို မှတ်မိ
တ်သလား"

"ဟင့်အင်း. . . အဲဒါတော့ သူမမှတ်မိဘူး၊ အမျိုးသမီးက
ခုံပေါ်မှာ စာအိတ်တစ်အိတ်လာချသွားတာကို သတိထားလိုက်
ာယ်၊ အခန်းစောင့်လုလင်ရဲ့နာမည်က ဖရန့်ဘီဗင်တဲ့၊ အဲဒီ
ကြောင်း အထက်အရာရှိတွေကို သူဘာမှ ပြောပြပုံမရဘူး၊ အခု
ာတာလည်း ကျွန်တော်က မေးတော့မြန်းတော့မှ သူကပြောပြတာ၊
န်တော် သိချင်တာပြောပြဖို့ ဒေါ်လာငါးဆယ် တောင်း
ားတယ်"

"ဒေါ်လာငါးဆယ် ခင်ဗျားကပေးလိုက်တယ်မဟုတ်လား"

ဟန်းဂါးဖို့က ခေါင်းညိတ်ပြ၍ "ဒါပေါ့ဆရာရယ်၊ ဘဲလ်နဲ့
န်တော်တွဲနေကြတာကို ကောင်လေးတွေက အားလုံးသိနေကြ
"

"ခင်ဗျား အခုပြောခဲ့တဲ့ အခန်းစောင့်လုလင်က သက်သေ
တော့ မလုပ်ချင်ဘူး မှတ်တယ်"

"ကျွန်တော်လည်းအဲသလိုထင်တာပဲ၊မစ္စဝှစ်တင်းအကြောင်း
ာပြပြီး ဒေါ်လာငါးဆယ်ယူပြီးတာနဲ့ သူလည်းလစ်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုပုံအတိုင်းကတော့ အဲဒီလူကို သက်သေအဖြစ် အသုံး
ဖို့ မလွယ်ဘူး၊ ဒီပြင်ကော ခင်ဗျားသိတာ ဘာရှိသေးသလဲ"

"ကျွန်တော် အရင်ပြောတဲ့ စိတ်ကောင်းကောင်းမမှန်ဘူး
ဆိုတဲ့ ဖဲလ်ဆိုတဲ့ အမျိုးသမီးက အခုတစ်မျိုး ပြောနေပြန်ပြီ၊ မစ္စ
နယူးဘာရီဟာ သူ့ယောက်ျားကို သေနတ်နဲ့ပစ်ပြီး ကုန်းပေ
လက်ရန်းပေါ်က တွန်းချလိုက်တာ သူကိုယ်တိုင် မျက်စိနှင့် တ
အပ်မြင်ပါတယ်လို့ ပြောနေပြန်ပြီ"

မေဆင်က စကားကိုဖြတ်၍ တယ်လီဖုန်းခွက်ကို ကော
ကိုင်ကာ တစ်ဖက်ခန်းရှိ ဒယ်လာစထရီနှင့်ဆက်ထားသော ခလု
ငယ်ကို နှိပ်လိုက်၍ လှမ်းပြောသည်။

"ဒယ်လာရေ. . . ပေါလ်ဒရိတ်ဆီကို ပြောလိုက်ပါ၊ ဟို
လူလူ မှာရှိတဲ့ သူ့ကိုယ်စားလှယ်တွေဆီ တယ်လီဖုန်းလှမ်းဆက်
အီဗလင်းဝုစ်တင်းအကြောင်း အတတ်နိုင်ဆုံး ပြည့်ပြည့်စုံစုံ စုံစ
ခိုင်းပါ၊ သိတယ်မဟုတ်လား၊ သင်္ဘောပေါ်မှာပါလာတဲ့ သူနာ
ဆရာမလေ၊ ပြီးတော့လည်း အေလင်းဖဲလ်ဆိုတဲ့ စိတ်မမှန်တဲ့ အမျိုး
သမီးရဲ့ အခန်းဖော် အိဒါဂျွန်ဆင်ဆီကိုလည်း ဒရိတ်ရဲ့တပည့်
တစ်ယောက် လွှတ်ခိုင်းပါ၊ အိဒါဆီက စာနဲ့ရေးပြီး ထွက်ဆိုချက်
တစ်ခုလည်း ရအောင်ယူခဲ့ပါစေ၊ ပြီးတော့လည်း အေလင်းဖဲလ်ရဲ့ ည
စားပွဲဝတ်စုံနဲ့ ဓာတ်ပုံတစ်ပုံရအောင် ယူခဲ့ဖို့လဲ ပေါလ်ကိုပြော

"ခဏကလေး ဆရာ"ဟု ဒယ်လာက ပြန်ပြော၍ မေဆင်က
တယ်လီဖုန်းကိုင်ပြီး စောင့်နေရာ ပေါလ်ဒရိတ်အားမေဆင်





ကြားချက်အား ဒယ်လာပြန်ပြောပြနေသည်ကို ဖုန်းထဲတွင်
နေရသည်၊ ပြီးမှ ဒယ်လာက ပြန်ပြောသည်။

ဒရိတ်က ပြောတယ်ဆရာ၊ ဟိုနိုလူလူကသတင်းကိုတော့
အမြန်ဆုံးရအောင် လုပ်ပေးနိုင်ပါတယ်တဲ့၊ ဒါပေမယ့် ညစာဝတ်
အေလင်းဖဲလ်ရဲ့ဓာတ်ပုံကိုတော့ သူဘယ်လိုရအောင်လုပ်ရမယ်
တာ မစဉ်းစားတတ်ဘူးလို့ ပြောတယ်၊ ခုဆိုရင် အေးလင်းဖဲလ်ကို
ရှုနေကြီးရဲ့ ညွှန်ကြားချက်နဲ့ စုံထောက်တွေက အပြည့် စောင့်
တော့မှာတဲ့"

"ပေါလ်ကို ဒီလိုလုပ်ခိုင်း ဒယ်လာ၊ နိုင်ငံရေးပိုင်းက ပုဂ္ဂိုလ်
ယောက်ယောက်ကို အဲဒီစုံထောက်တွေအတွက် ဧည့်ခံပွဲတစ်ခု
ခိုင်း၊ အဲဒီညစာစားပွဲကို အေလင်းဖဲလ်ပါ တက်လာမှာပဲ၊ အဲဒီ
မှာ ပေါလ်ဒရိတ်ရဲ့ဓာတ်ပုံသမား တစ်ယောက်က သတင်းစာ
ပုံသတင်းထောက်တစ်ယောက်လိုပုံဖမ်းပြီး ဓာတ်ပုံရိုက်ယူ
ပေါ့၊ ဒါလောက်ကလေးများ အခက်ကြီးလုပ်လို့ကွယ်၊
တိုင်းဆို ဒရိတ်ရဲ့ ထောက်လှမ်းရေး အေဂျင်စီကိုပါ ဆရာကိုယ်
ပြီး ဦးစီးရတော့မလားလို့ သူ့ကို မေးလိုက်စမ်းပါ"

ဒယ်လာက ရယ်မောပြီး ပြန်ပြောသည်။

"ပေါလ်က ဘေးကပြောနေတယ်ဆရာ၊ သူ့မိဘတွေက
ငါးမြှားပုဖြစ်အောင်မွေးခဲ့ရင် အကောင်းသားတဲ့"

မေဆင်က ဖုန်းပြန်ချလိုက်ပြီး ဟန်းဂါးဖို့အား လက်ဆွဲ
ဆက်ရန် လက်ကမ်းပေးရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အများကြီး ကျေးဇူးတင်တယ်ဗျာ၊ ဒီအမှုမှာ ငွေကြေ
ကိစ္စ လိုအပ်လာရင်တော့ ခင်ဗျားကို အကြောင်းကြားပါ့မယ်၊ ဒါ
မယ့် လိုမယ်တော့ မထင်ပါဘူး၊ ဒါနဲ့ ခင်ဗျားကော ဒီည ညစာစာ
ချိန်လောက် ဆန်ဖရန့်စစ္စကိုကို ကျုပ်တို့နဲ့ လိုက်ခဲ့မလား"

နေပါစေ. . . ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကိုယ်
လေယာဉ်နဲ့ပဲ သွားပါ့မယ်၊ ဟိုကျမှ တွေ့ကြတာပေါ့" ဟု ဟန်း
ဖို့က ပြန်ပြောသည်။

မေဆင်က သူ့အား တံခါးအထိ လိုက်ပို့ပြီးနောက် အ
ရုံးခန်းထဲသို့ ဝင်သွားသည်၊ အခန်းထဲရှိ သူ၏ရုံးအမှုထမ်းများ
တစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်ကာ မိနစ်အတန်ကြာမျှ စ
စမြည်ပြောနေသည်၊ ထို့နောက် သူ၏လက်ထောက်ရှေ့
ဂျက်ဆင်အားခေါ်၍ စာကြည့်ခန်းထဲသို့ ပြန်ဝင်လာခဲ့၏။

"ရွှန်နီဆိုတဲ့ ငနဲနဲ့ ဆရာထိပ်တိုက်တွေ့ရင်တော့ အ
မလွယ်ဘူးထင်တယ်၊ အများကြီးသတိထားရလိမ့်မယ်ဆရာ"
ဂျက်ဆင်က ပြောသည်။

မေဆင်က သွားစေ့ဖြီးလျက် "မောင်ရင်က သူ့ကို အ
ချဉ်နေတယ်ထင်တယ်၊ ဟုတ်လားဂျက်ဆင်"

"ဟုတ်တယ်ဆရာ၊ သူ့ကြည့်ရတာ အတော်ဘဝင်ကိုင်
ပါဝါပြချင်နေပုံရတယ်၊ ကျွန်တော် သူ့ကိုသွားတွေ့ပြီး အဆင်
အောင်အတတ်နိုင်ဆုံး အပေးအယူလုပ်ကြည့်ပါသေးတယ်၊ ဒါ
မယ့် သူ့ဘက်က ခပ်တင်းတင်းပယ်ချလိုက်တယ်"





မေဆင်က စားပွဲအံဆွဲကိုဖွင့်၍ ဝီစကီတစ်ပုလင်းနှင့်
ခွက်နှစ်ခွက် ထုတ်ယူရင်း ပြန်ပြောသည်။

"ဒီမယ် ဂျက်ဆင်၊ နောင်ဆို မြဲမြဲမှတ်ထား၊ [ကိုယ်က
တစ်ယောက်ကို ထိုးတော့မယ်ဆိုရင် ထိုးလိမ့်မယ်လို့ သူမျှော်လင့်
တဲ့နေရာကို ဘယ်တော့မှ မထိုးလေနဲ့၊] နောက်တစ်ချက်က
တိုက်ပွဲတစ်ခုကို စမိပြီဆိုတာနဲ့တစ်ပြိုင်နက် တစ်ဖက်သားက
ထောက်မတောင်းပန်မချင်း ဘယ်တော့မှ အလျှော့မပေးနဲ့တော့၊
တည်စလာပြီဆိုရင် ကိုယ်ကလည်းပြန်ညစ်ဖို့ လက်မနှေးလေနဲ့၊]
ထက် စကားမစပ် မာဂျော်ရီထရင်တန်ဆိုတဲ့ အမျိုးသမီးကို မောင်
ရင် မသိဘူးမှတ်တယ်"

"ဟုတ်တယ်ဆရာ . . . ကျွန်တော်မသိပါဘူး"

BURMESE CLASSIC .com

မေဆင်က ဖန်ခွက်များထဲသို့ ဝီစကီကို လောင်းထည့်ပေး
ရင်း ပြန်ပြောလိုက်သည်။

"မာဂျော်ရီထရင်တန်ကို မသိဘူးဆိုကတည်းက ရွှန်နီနဲ့
ဆက်ဆံတဲ့နေရာမှာ မင်းဘက်ကည့်သွားပြီ ဂျက်ဆင်"

*    *    *    *    *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အင်္ဂါနေ့ နံနက်ခင်းဖြစ်သည်၊ ရာသီဥတုမှာ အေးမြ
မိုးဖွဲဖွဲ ရွာသွန်းလျက်ရှိသည်။

ဆန်ဖရန်စစ္စကိုမြို့ ဟိုတယ်ကြီးတစ်ခုတွင် အခန်းငှား
ဖွင့်ထားသော ယာယီရုံးခန်းတွင် ပယ်ရီမေဆင်သည် ဘဲလ်န
ဘာရီအား ထိန်းသိမ်းထားခြင်းမှ လွှတ်ပေးရန် လျှောက်လွှာ
စောင်ကို နှုတ်တိုက်ချပေး၍ ပြီးစီးသွားချိန်၌ "ကိုင်း. . . ဒ
ဒယ်လာ၊ ဒီလျှောက်လွှာကို မိတ္တူတွေ ပွားလိုက်ပါ၊ သက်ဆိုင်ရ
တွေဆီကို ဖြန့်ပြီးပို့ပေးရမယ်" ဟု ပြောလိုက်သည်။

ထိုအချိန်တွင် တယ်လီဖုန်းမြည်လာ၍ ဒယ်လာက န
ထောင်ပြီး မေဆင်ကို လှမ်းပြောသည်။





"ဆရာ. . . မစ္စတာဒေးလ် ဟိုတယ်ညည့်ခန်းမှာ ရောက်နေပါတယ်တဲ့"

အပေါ်တက်ခဲ့ပါလို့ ပြောလိုက်ပါ" ဟု မေဆင်က ပြန်ပြောလိုက်သည်။

ပေါလ်ဒရိတ်သည် သူ၏ဆန်ဖရန့်စစ္စကိုရုံးခွဲသို့ အခြားတယ်လီဖုန်းတစ်လုံးက ဆက်သွယ်၍စကားပြောပြီးနောက် တစ်ဘက်ခန်းမှ အခန်းကူးတံခါးကိုဖွင့်၍ ဝင်ရောက်လာသည်။

"ဟျို့. . . ပယ်ရီ၊ သူနာပြုဆရာမ အီဗလင်းဝှစ်တင်းအကြောင်း အစီရင်ခံစာရပြီ၊ အမျိုးသမီးက သင်တန်းဆင်း သူနာပြုဆရာမတစ်ယောက်ပဲ၊ အိမ်ထောင်ကျပြီး ကွာရှင်းထားတယ်၊ အပျိုဘဝတုန်းက နာမည်ကိုပဲ ပြန်ပြီးခံထားတယ်၊ ယောကျ်ားတွေကိုလည်း အတော်မုန်းနေတယ်လို့ဆိုတယ်"

"သူ့ ကြည့်ရတာ ယောကျ်ားမုန်းတီးရေးသမားလို့ ကိုယ်က မထင်ခဲ့မိဘူး. . ."

"ကျွန်တော်ပြောတာ ယောကျ်ားမုန်းတီးရေးပြောတာ မဟုတ်ဘူး၊ လင်မုန်းတီးရေးသမားလို့ ပြောတာ"

"အဲဒီတော့ ဘာဖြစ်သလဲ"

"ဒီလိုလေ. . . မစ္စတာနယူးဘာရီခေါ် ကားလ်မိုးက အီဗလင်းဝှစ်တင်းကို အတော်သဘောကျပြီး လက်ထပ်ဖို့ တောင်းဆိုခဲ့တယ်၊ အမျိုးသမီးက ပယ်ချခဲ့ပြီး မိတ်ဆွေအဖြစ်ပဲ ဆက်ဆံခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နောက်ထပ် ယောကျ်ားယူရမှာ စိတ်ကုန်နေတယ်ဆို သဘောပေ့ါ"

"အဲဒီအကြောင်းတွေ မင်းဘယ်လို သိခဲ့သလဲ"

"ဆန်ဖရန်စစ္စကိုမှာ အီဗလင်းရဲ့အစ်မ မာရီယန်ဂုစ်တင်း ဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်၊ ကျွန်တော့် တပည့်တွေ မာရီယန်ကို ချဉ်းကပ်ပြီး စုံစမ်းခဲ့ကြတာပဲ"

"အီဗလင်းရဲ့အစ်မက ခုလို မေးလားမြန်းလားလုပ်တော့ မသင်္ကာ မဖြစ်ဘူးလား"

"ဖြစ်ပုံမရဘူး၊ မစ္စက်မိုးဟာ ခုအချိန်မှာ သူ့ယောကျ်ား သတ်မှုနဲ့ စွပ်စွဲခံနေရတယ်မဟုတ်လား၊ အဲဒီတော့ ကားလ်မိုး ဇာတ်လမ်းရှိခဲ့ဖူးတဲ့ သူ့ညီမနဲ့ပတ်သက်ပြီး သူကလည်း ပြောပြ နေတယ်၊ ဒီအကြောင်း အီဗလင်းသိရင် ဘာပြောလိမ့်မလဲ သူကိုယ်တိုင်က သိချင်စိတ်စောနေတယ်"

မေဆင်က ဒရိတ်ကို စိုက်ကြည့်လိုက်ပြီး. . .

"ဘာပြောတယ်ကွ ပေါလ်"

ဒရိတ်က မျက်ခုံးပင့်၍ ပြန်ကြည့်ပြီး. . .

"အဲဒီအကြောင်း အီဗလင်းကြားရင် ဘာပြောလိမ့်မလဲ မာရီယန်က သိချင်နေတယ်"

"ခဏနေဦးပေါလ်၊ ဒါ မဖြစ်နိုင်ဘူး၊ အီဗလင်းရဲ့ညီမ ဒီဆန်ဖရန့်စစ္စကိုမှာ ရှိနေတာမဟုတ်လား"





"အိုး . . . ဟုတ်ပြီ" ဟု ဒရိတ်က အံ့အားသင့်လျက် ပြော ပြီး သူ၏မှတ်စုစာအုပ်ကို ဖွင့်ကြည့်လျက် ဆက်ပြောသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ ပယ်ရီ၊ ကျွန်တော့်လူတွေ ပြီး စုံစမ်းခိုင်းရမလား၊ မာရီယန်ဂုစ်တင်းကို ထပ်သွားတွေ ပြီး . . ."

"နေဦးကွ၊ ကိုယ်ထပ်ပြီး စဉ်းစားချင်သေးတယ်၊ ဒီကိစ္စက ရေးကြီးလည်း ကြီးနိုင်တယ်၊ အရေးမကြီးတာလည်း ဖြစ်နိုင်တယ်၊ လဲတော့ ကိုယ်မသိသေးဘူး၊ တကယ်လို့ အရေးကြီးတဲ့ အချက် လက်တစ်ခုဆိုရင် တို့တစ်တွေ တခြားဘယ်သူ့ကိုမှ လွှဲလို့ မဖြစ် တို့ကိုယ်တိုင် လုပ်ရလိမ့်မယ်"

မေဆင်က ခေတ္တနားရှ် စဉ်းစားနေပြီးမှ ဆက်ပြောသည်။

"ကိုယ့်စိတ်ထဲ မရှင်းသေးတာ တစ်ချက်ရှိသေးတယ်၊ ယ်တို့သဘော်ာ ဟိုနိုလူလူက မထွက်ခင်ကလေးမှာ ကားလ်မိုးရဲ့ သတ္တာထဲက ဘဲလ်နယူးဘာရီရဲ့ ဓာတ်ပုံတစ်ပုံပျောက်သွားပြီး ရှင်မင်းသမီးဝင်နီရဲ့ ဓာတ်ပုံနဲ့ အစားထိုးခဲ့တာ တစ်ခုဖြစ် တယ်"

"ဘာသဘောလဲဗျ" ဟု ဒရိတ်က မေးသည်။

"ဓာတ်ပုံချင်းအစားထိုးခဲ့တဲ့ သဘောကတော့ ဘဲလ်နယူး ဘာရီရဲ့ ဓာတ်ပုံအခိုးခံရတာကို ချက်ချင်းမသိအောင် ရုပ်ချင်းဆင် တဲ့ ရုပ်ရှင်မင်းသမီးဓာတ်ပုံနဲ့ အစားထိုးခဲ့တဲ့ သဘောလို့ တွေးမိ တာပဲ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ခုလို မာတ်ပုံချင်းလဲသွားတဲ့ကိစ္စဟာ လူသတ်
တစ်နည်းနည်း ဆက်စပ်နေမယ်လို့ ခင်ဗျားထင်သလား ပယ်

"မသိသေးဘူး ပေါလ်၊ အခုထိကတော့ ရှိုင်းဟန်းဝါ
ပတ်သက်ပြီး ဘဲလ်အပေါ်မှာ မနာလိုဖြစ်နေတဲ့ ဆယ်လင်ဒါ
က ဘဲလ်ရဲ့မာတ်ပုံကိုခိုးပြီး နောက်ကြောင်းစုံစမ်းဖို့ ရွှန်နီဆီ
ကြောင်းစာပို့နဲ့ပို့ လိုက်တာဖြစ်လိမ့်မယ်လို့ ကိုယ်မှန်းဆထားတ
ဒါပေမယ့် သေချာတယ်လို့တော့ မဆိုနိုင်သေးဘူး၊ ရွှန်နီ
ဆယ်လင်ဒါဟာ ဘဲလ်နယူးဘာရီနဲ့ပတ်သက်ပြီး စုံစမ်းခဲ့တ
လို့တော့ ဝန်ခံတယ်၊ မာတ်ပုံအကြောင်း ဘာမှမပြောဘူး၊ ဘဲလ်
တောင်ပိုင်း ကာလီဖိုးနီးယားတက္ကသိုလ်က ဘွဲ့ရခဲ့တယ်ဆို
အကြောင်း ဆယ် လင်ဒါကို ပြောခဲ့ဖူးတာကို သဲလွန်စယူပြီး ရွှန်
ဘဲလ်ရဲ့ နောက်ကြောင်းကို စုံစမ်းခဲ့တာပဲ၊ ဒီတော့ကာ မောင်ရင်
တွေကို ဟိုနိုလူလူက ရှိုင်ရယ်ဟဝိုင်အီဟိုတယ်မှာ စုံစမ်းပြီး ဓာ
ပျောက်မှု နဲ့ ပတ်သက်လို့ နောက်ထပ်ဘာများသိနိုင်သလဲ ကြိုးစား
ပါဦး၊ ကားလ်မိုးရဲ့ အခန်းနားမှာ အဲဒီအချိန်က တစ်ယောက်ယော
ကို ဟိုတယ်အမှုထမ်းတွေက တွေ့ချင် တွေ့မိလိမ့်မယ်၊ တစ်
တယ်နော်၊ ကားလ်မိုးဟာ နယူးဘာရီဆိုတဲ့ နာမည်နဲ့ အဲဒီဟိုတ
မှာ တည်းခဲ့တယ်ဆိုတာ မောင်ရင့်လူတွေကို ပြောထားဦး"

ဒရိတ်က . . .

"ကောင်းပြီ ပယ်ရီ၊ ကျွန်တော် လှမ်းစီစဉ်လိုက်မယ်"
ပြောပြောဆိုဆို အခန်းကူးတံခါးမှ သူ၏အခန်းဘက်သို့ အပြ





န်ထွက်သွားသည်။ ထိုစဉ်မေဆင်၏ ဧည့်ခန်းတံခါးခေါက်သံ
ကြား၍ မေဆင်က. . .

"မစ္စတာဒေးလ် ဖြစ်လိမ့်မယ် ဒယ်လာ၊ ခေါ်သွင်းခဲ့ပါ"ဟု
ပြောလိုက်သည်။

ဒယ်လာက တံခါးသွားဖွင့်ပေးပြီး ချားလ်ဝှစ်မိုးဒေးလ်အား
ခေါ်သွင်းလာသည်။ ဒေးလ်က မေဆင်နှင့် ဒယ်လာကို ဖော်ဖော်
ရွေရွေနှုတ်ဆက်၍ ဝင်လာသည်။ မေဆင်က ထိုင်ခိုင်း၍ ဒေးလ်က
ဆိုဖာတစ်ခုတွင်ဝင်ထိုင်ရင်း အခန်းတွင်းရှိ လက်နှိပ်စက်များ၊ အသံ
ခမ်းစက်များနှင့် ဥပဒေစာအုပ်များကို လှည့်ပတ်ကြည့်ရှုနေသည်။

မေဆင်က. . .

"ဒါ ကျုပ်ရဲ့ စစ်မြေပြင် ဌာနချုပ်ပဲ" ဟု ပြောလိုက်သည်။

"ခင်ဗျားကို ချီးကျူးပါတယ် မစ္စတာ မေဆင်၊ ခင်ဗျားဟာ
အင်မတန် ခြေလှမ်းသွက်လှပါပေတယ်" ဟု ဒေးလ်က ခြောက်
တပ်ကပ်ရယ်လျက်ပြောသည်။

"ကျုပ်ကို မီအောင်လိုက်ဖို့ မကြိုးစားဘူးလား" ဟု မေဆင်
က မေးလိုက်သည်။

"ထားပါတော့ဗျာ၊ ကျုပ်တို့ လိုရင်းပြောကြရအောင်၊
ကားလ်မိုးဟာ ကုမ္ပဏီငွေတွေ အလွဲသုံးစားပြုခဲ့တယ်လို့ ယူဆစရာ
တွေ အများကြီးရှိတယ်ဆိုတာ ခင်ဗျားသဘောတူလိမ့်မယ်ထင်ပါ
တယ်" ဟု ဒေးလ်က ပြောသည်။

မေဆင်ကစီးကရက်တစ်လိပ်ကိုမီးညှိလိုက်ပြီးပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုထင်စရာ ဘာအကြောင်းမှ မရှိဘူးလို့ ကျုပ် ဆတယ်"

"ဒီလိုရှိတယ်လေဗျာ၊ ခင်ဗျားရဲ့အလုပ်ထဲက လူတစ်ယော ဟာ ရုတ်တရက်ပျောက်သွားတယ်၊ ပြီးတော့လည်း အလုပ်ဌာန ငွေနှစ်သောင်းငါးထောင်စာရင်းကွာနေတယ်၊ အဲသလိုဆို အဲဒီလူကိုပဲ စွပ်စွဲစရာ ဖြစ်နေမှာပဲပေါ့"

"ဒါက အင်မတန်မခိုင်လုံတဲ့ ပတ်ဝန်းကျင် အထော အထားပါ၊ အဲဒီလူနဲ့ သက်ဆိုင်တဲ့ ငွေစာရင်းတွေကို စစ်ဆေးပြ ပြီးမှ စွပ်စွဲသင့်တယ်ထင်တယ်"

"တခြား အထောက်အထားတွေလည်း ရှိသေးတယ် ကျုပ်တို့နဲ့အတူတူ ပင်လယ်ခရီးမှာ ကားလ်မိုးဟာ အခြားနာ သုံးပြီး ခရီးထွက်ခဲ့တယ်မဟုတ်လား၊ ခင်ဗျားကိုယ်တိုင် ကျုပ်ဆီ လာပြီး ဒေါ်လာ ၂၀၀၀၀ ပြန်ပေးမယ်လို့ ကမ်းလှမ်းခဲ့သေးတ လေ"

"နေစမ်းပါဦး မစ္စတာဒေးလ်၊ ခင်ဗျားကို ဘာကမ်းလှ ချက်မှ ကျုပ်မလုပ်ခဲ့ပါလား၊ မေးခွန်းတွေပဲ ကျုပ်မေးခဲ့တာပဲ"

"ကျုပ်ဒီကိုလာတာ ခင်ဗျားနဲ့ ငြင်းဖို့မဟုတ်ဘူး၊ မစ္စက်မိုး ပတ်သက်ပြီး ကျုပ်အနေနဲ့ စိတ်အနှောင့်အယှက်ဖြစ်နေရတဲ့ လာပြောတာပါ၊ သူက ကျုပ်ကိုတရားစွဲမယ်ဆိုတာ ဟုတ်သလား" ဟု ဒေးလ်က မေးသည်။

"ဟုတ်ပါတယ်၊ တရားစွဲမှာ သေချာတယ်" ဟု မေဆင် ပြန်ပြောသည်။





"တကယ်က ကျုပ်အနေနဲ့ မစ္စက်မိုးကို ဘာတစ်ခုမှ မစွပ် ပါဘူး၊ သူ့ယောကျ်ား ကားလ်မိုးကိုပဲ စွပ်စွဲခဲ့တာပါ၊ အခု ားလ်မိုး ကလည်း သေပြီပဲ"

"ဒါပေမယ့် မစ္စက်မိုးဆီက တွေ့တဲ့ငွေတွေကို ခင်ဗျား ကီက အလွဲသုံးသွားတဲ့ငွေတွေပါလို့ ခင်ဗျား ပြောခဲ့တာပဲ၊ ခုဆို င် အဲဒီငွေ အလွဲသုံးမှုဟာ တကယ်တမ်းက ခင်ဗျားရဲ့ မယားညီ ခ်တို့ဆီမှာ တာဝန်ရှိနေပြီး ကားလ်မိုးမှာ အပြစ်မရှိကြောင်း ပေါ် ာပြီမဟုတ်လား"

"ဒီမယ်. . . မစ္စတာ မေဆင်၊ ရွှန်နီ ငွေအလွဲသုံးတယ် ဆိုတဲ့အကြောင်း လူသိရှင်ကြားမဖြစ်စေချင်ဘူးဗျာ၊ အဲသလို ဖြစ် ားရင် ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်တွေကြားမှာ ကျုပ်ရဲ့ဂုဏ်သိက္ခာ များကြီး ထိခိုက်သွားလိမ့်မယ်၊ ဒါကြောင့် ကျုပ်အနေနဲ့ စာရင်း ာနေတဲ့ ငွေတွေကို ပြန်ဖြည့်ဖို့ စီစဉ်ထားပြီးပါပြီ"

"ဒီသတင်းကြားရတာ ဝမ်းသာပါတယ်ဗျာ" ဟု မေဆင်က ပြောလိုက်သည်။

"မစ္စက်နယူးဘာရီက ကျုပ်ကိုတရားစွဲမယ်ဆိုတဲ့ ကိစ္စကို ည်း ပြေလည်အောင် ဖြေရှင်းချင်ပါတယ်၊ ဒီအမှုမှာ ခင်ဗျား အတွက် အမှုလိုက်ခတွေကိုလည်း ကျုပ်ကပဲ ရှင်းပေးပါ့မယ်"

မေဆင်က ပြုံး၍ ပြန်ပြောသည်။

"ကျုပ်ရဲ့ အမှုလိုက်ခက ကြေးတော့ ကြီးတယ်နော်"

"ကြေးကြီးမယ်ဆိုတာ ကျွန်တော် မျှော်လင့်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်များများ ခင်ဗျား ပေးနိုင်မလဲ"

"ဒေါ်လာ ငါးထောင် ဆိုပါစို့ဗျာ"

"ဒီကိစ္စကို ကျုပ်ရဲ့ အမှုသည်နဲ့ တိုင်ပင်ရလိမ့်မယ်"

"အဖြေ အမြန်ဆုံး ရချင်တယ်ဗျာ"

"တစ်ခု သေချာတာက ကျုပ်အမှုသည်ရဲ့ဆန္ဒက ဒေါ်လာ တစ်သောင်းအောက် တစ်ပြားမှ လျှော့လိမ့်မယ်မထင်ဘူး"

"ခင်ဗျားရဲ့ အမှုလိုက်ခလား" ဟု ဒေးလ်က မျက်ခုံးပင့်လျက် မေးလိုက်သည်။

"ဒေါ်လာ ငါးထောင်က ကျုပ်ရဲ့ အမှုလိုက်ခအတွက် ကျန်တဲ့ ဒေါ်လာငါးထောင်က ဒီအမှုအတွက် မစ္စက်မိုး တခြား ကုန်ကျစရိတ်တွေအတွက်"

ဒေးလ်က ချက်ချင်းထရပ်လိုက်ပြီး တံခါးဆီသို့ လျှောက်သွားရင်း မေဆင်ကို လှည့်၍ပြောသည်။

"တစ်သောင်းကတော့ များလွန်းပါတယ်ဗျာ"

"ဒါကတော့ ဒီလိုရှိပါတယ် မစ္စတာ ဒေးလ်၊ သင်္ဘောပေါ်မှာတုန်းက ခင်ဗျားကို ကျုပ်လာတွေ့တာ မှတ်မိသေးလား၊ အဲဒီတုန်းက မစ္စတာမိုးနဲ့ မစ္စက်မိုးကို သင်္ဘောပေါ်ကအဆင်း ဆီးပြီး ဖမ်းဖို့တောင် ခင်ဗျားကြံခဲ့သေးတာပဲ၊ အဲဒါတွေ ပြန်စဉ်းစားရင်. . . ခု ဒေါ်လာတစ်သောင်းတောင်းတာ မလွန်ဘူးထင်ပါတယ်၊ ခင်ဗျားဘက်က ကတိပျက်ခဲ့တာကိုလည်း ထည့်စဉ်းစားပါဦး"





ဒေးလ်ကခဏနား စဉ်းစားနေပြီးနောက် . . .

"ကောင်းပါပြီလေ၊ ကျုပ်သဘောတူပါတယ်၊ ခင်ဗျားဘက်ကလည်း ကတိတည်ပါစေ" ဟု ပြောပြောဆိုဆို စင်္ကြံလမ်းသို့ ထွက်၍ တံခါးကို ဆွဲပိတ်ခဲ့သည်။

ဒယ်လာကမေဆင်အား စူးစမ်းသောအကြည့်ဖြင့်ကြည့်၍

"ဘယ်လိုဖြစ်ကုန်တာလဲ ဆရာ၊ သင်္ဘောပေါ်မှာတုန်းက ဆိုတော့ ကားလ်မိုးက ပိုက်ဆံတွေ ဘာလို့ ပြန်ပေးမယ် လုပ်ခဲ့တာလဲ. . ."

"ကားလ်မိုးက မဟုတ်ပါဘူး၊ မစ္စက်မိုးက စီစဉ်ခဲ့တဲ့ ကိစ္စပါ"

"ထားပါတော့၊ ဆရာ၊ မစ္စက်မိုးကကော ဘာဖြစ်လို့ ပြန်ပေးချင်ရတာလဲ"

"ဘာလို့လဲဆိုတော့ အဲဒီငွေဟာ အလွဲသုံးခဲ့တဲ့ ငွေတွေလို့ ထင်ခဲ့လို့ပေါ့"

"မစ္စက်မိုးဟာ အဲသလို တကယ်ထင်ခဲ့တယ်လို့ ဆရာယုံသလား၊ ကျွန်မတော့ အဲဒီအမျိုးသမီးနဲ့ပတ်သက်ပြီး တစ်မျိုးတွေးမိတယ်"

"ဘာများလဲ ဒယ်လာ"

"မစ္စက်မိုးဟာ အတော်ကလေးဆွဲဆောင်မှုရှိတယ်ဆိုတာ ဆရာလည်း တွေ့သားပဲ၊ အသက်လေးဆယ်မရှိတရှိနဲ့ အသက်လေးဆယ်ကျော်ခါစ အမျိုးသမီးချောချောလှလှတွေဟာ အတော်သတိထားစရာကောင်းတတ်တယ်ဆရာ၊ ဒီအမျိုးသမီးဟာ ကားလ်မိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာကြောင့် လက်ထပ်သလဲဟင်၊ သူ့သမီးအတွက်နဲ့ သူကို
တိုင်အတွက် ကြွေရရ အိမ်ထောင်တစ်ခု တည်ထောင်ချင်လို့
ကားလ်မိုးဆီက ရနိုင်သမျှ အမြတ်ထုတ်ဖို့ ကြိုးစားခဲ့တာပဲဖြစ်မ

မေဆင်က စိတ်ရှည်စွာ နားထောင်နေပြီး ဒယ်လာအား ဆက်ပြောခိုင်းသည်။

"အခု ဆရာက ကားလ်မိုးဟာ ကုမ္ပဏီငွေတွေ အလွဲသုံး
တာမဟုတ်ဘူးလို့ ဖော်ထုတ်လိုက်ပြီမဟုတ်လား"

"အေးလေကွယ်၊ သူ အလွဲသုံးခဲ့တာမှ မဟုတ်
သူ့ငွေတွေ ဘယ်ကရခဲ့တယ်ဆိုတာတော့ ခုထက်
မသိရသေးဘူး"

"ကားလ်မိုးဟာ ငွေတွေရခဲ့တယ်လို့ ဆရာ ဘာကြော
ယူဆသလဲ"

"ဘာကြောင့်လဲဆိုတော့ ကားလ်မိုးဟာ လက်ထော
စာရင်းကိုင်တစ်ယောက်၊ သူလို လူတစ်ယောက်ဟာ ငွေလုံး
လောက်လောက်သုံးစရာမရှိဘဲနဲ့ အလုပ်က ချက်ချင်းထွက်ပြီး
လိုက်သွားနေမှာမဟုတ်ဘူး။ ပြီးတော့လည်း သူ့ရဲ့ခါးပတ်ပိုက်
အိတ်ထဲမှာ ဒေါ်လာ ၁၇၅၀၀ တွေ့ခဲ့ရတယ်လေ"

"ခဏနေပါအုံး ဆရာ၊ အဲဒီငွေတွေဟာ ကားလ်မိုး
ငွေတွေလို့ ဆရာ ဘယ်လိုလုပ်သိသလဲ"

"သင်္ဘော ကက်ပတိန်က ဆရာ့ရှေ့မှာပဲ အဲဒီငွေတွေ
ရေတွက်ခဲ့တာ၊ သူဟာ. . ."





မေဆင်က စကားကို ရုတ်တရက်ရပ်လိုက်ပြီး ဒယ်လာကို
ကြည့်၍. . .

"ဆက်ပြောပါဦး၊ မင်းက ဘယ်လိုတွေးမိနေလို့လဲ"

"ကျွန်မ ဘာမှ ပြောစရာမရှိပါဘူးဆရာ၊ ကျွန်မ ထောက်ပြ
ကြိုးစားနေတာက အခုထိ အမှုမှာ ဆရာရထားတဲ့ အချက်
လက်တွေအားလုံးဟာ မစ္စက်မိုးဆီက အချက်အလက်တွေချည်းပဲ
နေတယ်ဆိုတဲ့အကြောင်း သိစေချင်တာပါ၊ တစ်ဖက်က
လည်းတွေးကြည့်ရင် ပိုက်ဆံတွေ ရုတ်တရက်ရခဲ့တာဟာ
တ်မိုး မဖြစ်နိုင်ဘူးလား၊ သူ့ယောက်ျားကို အလုပ်က ထွက်ခိုင်းပြီး
လူလူကို ခရီးထွက်ဖို့ စီစဉ်တာ မစ္စက်မိုးကော မဖြစ်နိုင်ဘူး
. . ."

"နေစမ်းပါအုံးဒယ်လာ၊ ပိုက်ဆံခါးပတ်အိတ်ကျတော့
ယ်လိုလဲ"

"ဒါကတော့ ဆရာ၊ သူ့ယောက်ျားကို ဆိပ်ကမ်းရောက်တဲ့
ထိ အသက်ရှင်ခွင့် မပေးခဲ့ဘူးလေ၊ ကားလ်မိုးကို ကိုယ့်ကိုယ်
ယ်သတ်သေသလိုဖြစ်အောင် လုပ်ဖို့ကြံစည်ခဲ့တယ်၊ သတ်သေတဲ့
မှာ အသက်အာမခံလျော်ကြေးမရဘူးဆိုတာတောင် မစ္စက်မိုးက
သိခဲ့ဘူးလေ၊ ဆရာပြောမှ သူသိခဲ့တာပဲ၊ အဲဒီတော့ လက်လွန်
ပြီး ပိုက်ဆံခါးပတ်အိတ်ကိုလည်း သူ့ယောက်ျား မသေခင်ယူပြီး
ရာခင်းအောက်မှာ ထားခဲ့တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“အခု ဒယ်လာတွေးယူတဲ့ အတိုင်းဆိုရင် မစ္စက်မိုးဟာ သူ့ယောက်ျားကိုသတ်ဖို့ အချိန်အတော်ကြာကတည်းက စီစဉ်ခဲ့တာ ဖြစ်လိမ့်မယ်”

“ဒါပေါ့ဆရာ၊ ဒီလိုပဲ ဖြစ်ရမှာပဲ”

“အဲသလိုဆိုရင်တော့ မဖြစ်နိုင်ဘူးကွယ့်”

“ဘယ့်နှယ် မဖြစ်နိုင်ရမှာလဲဆရာ၊ မစ္စက်မိုးဟာ သူ့ယောက်ျားနဲ့အတူ ကုန်းပတ်ပေါ်မှာ ရှိခဲ့တယ်၊ အဝတ်အစား တွေ၊ ဖိနပ်တွေ၊ ပြီးတော့ ပိုက်ဆံခါးပတ်အိတ်ပါ ရေတွေစိုနေ တယ်၊ မျက်မြင်သက်သေ အေလင်းဖဲလ်ကလည်း သူကိုယ်တိုင် တွေ့ပါတယ်လို့ ဆိုထားတယ်၊ ဒီတော့ ဘာပဲပြောပြော အေလင်းဖဲလ် ရဲ့ ထွက်ဆိုချက်ကို ဆရာမဖျက်နိုင်ရင် မစ္စက်မိုးကို ဒီအမှု လွတ်အောင် လုပ်ပေးဖို့ မလွယ်ပါဘူးဆရာ”

“အေလင်းဖဲလ်ရဲ့ ထွက်ဆိုချက်ဆိုတာကလည်း သူ အခန်းဖော်ကို ပြောခဲ့တာနဲ့ အခု နောက်ထပ်ပြောခဲ့တာနဲ့ ကွဲပြားနေ တယ်၊ အဲဒီအပေါ်မှာ ဆရာကြည့်စခန်းသွားရမှာပဲ”

“အမျိုးသမီးက ပြန်လှန်မေးခွန်းထုတ်ဖို့တော့ အတော် မလွယ်မယ့် အစားထဲက ဖြစ်လိမ့်မယ်ထင်တယ် ဆရာ”

“ဘာဖြစ်လို့လဲ ကွယ့်”

“သူ့ကြည့်ရတာ ပြန်လှန်မေးခွန်းဖြေတာကို တရား ရှေ့နေနဲ့ ရန်ဖြစ်နေတဲ့သဘော ပြန်ပြောမယ့်ပုံမျိုးပဲ ဆရာ”





“မပူပါနဲ့ဒယ်လာ၊ အေလင်းဖဲလ်ရဲ့ညစာဝတ်စုံနဲ့ ဓာတ်ပုံ အောင် ပေါလ်ဒရိတ်ကို ဆရာကြီးစားခိုင်းထားတယ်မဟုတ်လား၊ ဒီဓာတ်ပုံရရင် ဆရာ အဆင်ပြေအောင် လုပ်သွားနိုင်ပါလိမ့်မယ်”

“အဲဒီဓာတ်ပုံရတော့ ဆရာဘယ်လိုလုပ်မှာလဲ”

“ဒါကတော့ လျှို့ဝှက်ချက်ပဲကွယ့်”

ထိုစဉ် တယ်လီဖုန်းမြည်လာ၍ ဒယ်လာက ကောက်နား ထောင်ပြီး “အောက်ထပ်မှာ အော်စကာ ရောက်နေတယ်ဆရာ၊ ဆရာ့ကို တွေ့ချင်လို့တဲ့”

“အော်စကာ. . . ဟုတ်လား၊ ဘယ်သူလဲကွယ့်”

“မမှတ်မိဘူးလားဆရာ၊ ကျွန်မတို့ ထမင်းစားပွဲမှာ စားပွဲ ထိုးတဲ့ လူလေ”

“ဩော်. . . ဟုတ်ပေသားပဲ၊ ဒယ်လာပဲ အရင်သွားတွေ့ လိုက်ပါ၊ ငွေကြေးလိုချင်ပုံရရင်လည်း ဒေါ်လာအစိတ်လောက်ပေးလိုက် တကယ်လို့ သတင်းထူးရှိတယ်ဆိုရင် ဆရာ့ဆီခေါ်ခဲ့ပါ. . .”

ဒယ်လာက အခန်းထဲမှ ချက်ချင်းထွက်သွားသည်၊ မေဆင် သည် ဘောင်းဘီအိတ်နှစ်ဖက်တွင် လက်နှိုက်ကာ ခေါင်းငိုက်စိုက် ချကာ စဉ်းစားခန်းဝင်ရင်း ခေါက်တုံ့ ခေါက်ပြန်လမ်းလျှောက် ၍ ကျန်နေရစ်သည်၊ အတန်ကြာလျှင် ပြတင်းပေါက်၌ရပ်၍ ပွဲဖွဲ့ရှာနေသော မြင်ပရှုခင်းကို လှမ်းမျှော်ကြည့်နေသည်၊ တံခါး ခေါက်သံကြားပြီး ဒယ်လာဝင်လာချိန်တွင်မှ ပြန်လှည့်ကြည့်သည်၊ ဒယ်လာနှင့်အတူ သင်္ဘောစားပွဲထိုး အော်စကာလည်း ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က နှုတ်ဆက်စကားပြော၍မေးမြန်းရာ အော်စကာက သင်္ဘောပေါ်တွင် နောက်တစ်နေ့ နံနက်တွေ့ရှိရပုံများကို ပြန်လည်ပြောပြသည်၊ သင်္ဘောကုန်းပတ်ပေါ်မှ သေနတ်တစ်လက်တွေ့ကြောင်း အော်စကာကပြောပြရာ မေဆင်က သေနတ်အမျိုးအစားကို မေးမြန်းသည်။

"သေနတ်ကတော့ ၃၈ ဗို့ သံမဏိအပြာရောင် ခြောက်လုံးပြူးပဲဆရာ၊ အတော်ကောင်းတဲ့ သေနတ်လို့ ထင်ရတာပဲ" ဟု အော်စကာက ပြောသည်။

"တခြားကော ဘာတွေ့ရသေးသလဲ" ဟု မေဆင်က မေးရာ အော်စကာက သူ၏အိတ်ထဲမှ စက္ကူထုပ်တစ်ခုကိုထုတ်ပေး၍ပြသည်၊ မေဆင်ကယူကြည့်ရာ အပြာရောင်ပိုးသားပိတ်စတစ်ခုကို တွေ့ရသည်၊ အော်စကာက "ကုန်းပတ်ပေါ်က တစ်နေရာမှာ ဒါကလေးကို ကျွန်တော်တွေ့လို့ ပထမအရာရှိကို ပြပါတယ်၊ သူက အဲရေးမကြီး ဘူးဆိုပြီး ဂရုမစိုက်တာနဲ့ ကျွန်တော် သိမ်းထားတာပါ" ဟု ပြော သည်။

မေဆင်က "အမျိုးသမီးဝတ်စုံတစ်ခုက စုတ်ပြဲကျန်ခဲ့တဲ့ အစနဲ့တူတယ်" ဟု ပြောသည်၊ အော်စကာက ခေါင်းညိတ်ပြသည်၊ မေဆင်က "ဒီဟာကို ဘယ်နေရာက ရတာလဲ" ဟု မေးသည်။

"ကုန်းပတ်လက်ရန်း အပြင်ဘက် အစွန်းနားက တွေ့တာပါ"

"လက်ရန်းအပြင်ဘက်က ဟုတ်လား"





"ဟုတ်ပါတယ် ဆရာ"

မေဆင်က အဝတ်စတွေ့ရှိသည့် နေရာအနေအထားကို အသေအချာ ထပ်မံမေးမြန်းပြီးနောက် အော်စကာအား လက်ဆွဲနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောသည်၊ ထို့နောက် အော်စကာပြန်ထွက်သွားရာ မေဆင်က တံခါးပိတ်ပြီးနောက် ဒယ်လာကို လှမ်းကြည့်၍ မေးသည်။

"ကိုင်း. . . . ဒီအဝတ်စနဲ့ ပတ်သက်ပြီး ဘယ်လိုထင်သလဲ ဒယ်လာ"

ဒယ်လာက ခေါင်းယမ်းပြပြီး "ကျွန်မလည်း မစဉ်းစားတတ်ဘူးဆရာ၊ ဒီအဝတ်စမျိုးကို မြင်တော့ မြင်ဖူးသလိုပဲ၊ ဒါပေမယ့် ဘယ်သူဝတ်ခဲ့တယ်ဆိုတာ ဝိုးတိုးဝါးတား ဖြစ်နေတယ်၊ သင်္ဘောပေါ်က ပထမတန်းမှာကလည်း ခရီးသည် ရာနဲ့ချီပြီး ပါခဲ့တာဆိုတော့ မမှတ်မိနိုင်အောင် ဖြစ်နေတယ်"

မေဆင်က သူ၏ လက်ဆွဲသေတ္တာငယ်ထဲမှ ကတ်ကြေးလေးတစ်လက်ကို ထုတ်ယူ၍ အော်စကာပေးခဲ့သော အဝတ်စကို သုံးခုဖြစ်အောင် ညှပ်နေသည်၊ ထိုအချိန်အတွင်း ပေါလ်ဒရိတ်ဝင်ရောက်လာပြီး "ဘယ်လိုလဲပယ်ရီ. . . အပ်ချုပ်သည်အလုပ်ပြောင်းလုပ်တော့မလို့လား" ဟု လှမ်းပြောသည်။

မေဆင်က. . .

"ပေါလ်ရေ. . . ဒီမှာတစ်ခု တွေ့ပြန်ပြီကွ၊ အမျိုးသမီးတစ်ယောက်ရဲ့ ဝတ်စုံက အဝတ်စပဲ၊ ဒီတော့ သင်္ဘောပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါလာတဲ့ ခရီးသည်တွေထဲက ဒီအဝတ်မျိုး ဘယ်သူဝတ်ခဲ့တယ် တာ မင်းတို့အဖွဲ့ကပဲ စုံစမ်းပေးစမ်းပါဦး"

ဒရိုက်က "အဲဒီကိစ္စထားပါဦး၊ ကျွန်တော့်မှာ သတင်း တစ်ပုံကြီးပါလာတယ် ပယ်ရီ"

"အကောင်းလား အဆိုးလား"

"အများစုကတော့ အကောင်းသတင်းတွေပဲ"

"ဆိုစမ်းပါအုံး"

"ခင်ဗျားရဲ့ အမှုသည်ကို ဆန့်ကျင်မယ့်ဘက်က နော ထပ် သက်သေတစ်ယောက် တိုးလာပြန်ပြီပယ်ရီ"

"ဘယ်သူတဲ့လဲ"

"ဘယ်သူဆိုတာတော့ မသိသေးဘူး၊ ခရိုင်အစိုးရ ရှေ့ ကြီးလည်း မသိသေးဘူး၊ ဒါပေမယ့် အဲဒီသက်သေကိုရနိုင်ဖို့ သူ အကြီးအကျယ် ကြိုးစားနေကြတယ်၊ သင်္ဘောပေါ်ကလူ ရေထဲ သွားတဲ့အကြောင်း အော်ပရေတာဆီကို တယ်လီဖုန်းနဲ့ လှမ်းပြော တာဟာ အေလင်းဖဲလ် မဟုတ်ဘူးတဲ့၊ အခြားအမျိုးသမီးတ ယောက်က မိတ်ဆုံခန်းမထဲက လှမ်းဆက်ခဲ့တာတဲ့၊ အဲဒီအမျိုးသ က လူတစ်ယောက် ရေထဲ တွန်းချခံရတယ်လို့ အော်ပရေတာဆီ တယ်လီဖုန်းနဲ့ လှမ်းပြောခဲ့တာတဲ့၊ တယ်လီဖုန်းအော်ပရေတာ အဲဒီအမျိုးသမီးရဲ့အသံကို မှတ်မိလိုက်တယ်၊ နောက်တစ်ခါ ထပ်ကြာ ရရင် မှတ်မိတယ်လို့ ဆိုတယ်၊ တယ်လီဖုန်း အော်ပရေတာ အမျိုးသမီးတစ်ယောက်ပဲ တရားလိုဘက်က နောက်ထပ်သက်သေ ဆိုတာ သူပဲဖြစ်လိမ့်မယ်"





မေဆင်က သွားစေ့ပြုံးလျက် ပြန်ပြောသည်။

"အဲသလို တယ်လီဖုန်းလှမ်းဆက်တာ မစ္စက်မိုးလို့ပဲ ကိုယ်ထင်တယ်၊ ဒါ တို့အချင်းချင်းပြောတာနော်. . . ပေါလ်"

"ဒါဆိုရင် မစ္စက်မိုးရဲ့အသံကို အော်ပရေတာအမျိုးသမီး က မှတ်မိမှာပဲ၊ လူတစ်ယောက် ရေထဲတွန်းချခံရတယ်လို့ စ္စက်မိုးက ပြောတဲ့အကြောင်း ကျမ်းကျိန်ပြီး ထွက်ဆိုမှာပဲ"

"အဲသလိုဆိုလဲ ဘယ်တတ်နိုင်မတုန်းကွာ"

"ဒါတင်မကသေးဘူး၊ သင်္ဘောကုန်းပတ်ပေါ်မှာ တွေ့ရတဲ့ သေနတ်ဟာ ကားလ်မိုးရဲ့ သေနတ်ဖြစ်တဲ့အကြောင်း သူတို့စုံစမ်း သွားပြီ၊ မစ္စက်မိုးရဲ့ လက်ဗွေရာတွေကိုလည်း သေနတ်ပြောင်း ပေါ်မှာ တွေ့ရသတဲ့"

"သေနတ်ပြောင်းပေါ်မှာ. . . ဟုတ်လား"

မေဆင်ကမေးသည်။

"ဟုတ်တယ်. . . ပြောင်းပေါ်မှာ"

"သေနတ်ဒင်ပေါ်မှာ တွေ့တာမဟုတ်ဘူးလား"

"မဟုတ်ဘူးတဲ့"

"တခြားကော ဘာသိရသေးလဲ"

"အီဗလင်းဝှစ်တင်းရဲ့ အစ်မနဲ့တွေ့ချင်ရင် သူ့တိုက်ခန်း ထဲမှာရှိနေတယ်၊ ခင်ဗျား သွားတွေ့ချင်ရင်သွားတွေ့နိုင်တယ်၊ . . . သူနာပြုဆရာမနဲ့ လည်ပင်းရိုးကျိုးနေတဲ့ လူကြီးကိုတော့ ကျွန်တော့်လူတွေ ခုထက်ထိ ရှာမတွေ့သေးဘူး၊ ဆိပ်ကမ်းကို



www.burmeseclassic.com

www.burmeseclassic.com



သဘော်ဆိုက်တဲ့အချိန်မှာ သူနာတင် ကားတစ်စီးနဲ့ ထွက်သွား တယ်လို့ပဲ သိရသေးတယ်၊ အဲဒီ သူနာတင်ကားကို နေ တစ်နာရီ နှစ်နာရီအတွင်း ကျွန်တော့်လူတွေ ရှာနိုင်ပါလိမ့် ခုလောလောဆယ်တော့ အီဗလင်းဝုစ်စာင်းရဲ့ အစ်မကို သွား မယ် မဟုတ်လား"

"အဲဒါပဲ ကောင်းမယ်ထင်တာပဲ" ဟု မေဆင်က ပြေ လိုက်သည်။

* * * * *



အခန်း (၁၁)

မာရီယန်ဝုစ်တင်းနေထိုင်သော စုပေါင်းတိုက်ခန်း အဆောက်အအုံသို့ မေဆင်နှင့် ပေါလ်ဒရိတ်တို့ ရောက်သွား ချိန်တွင် မိုးတစွတ်စွတ်ရွာနေဆဲ ရှိသည်။ တိုက်ခန်းနံပါတ်များ ရေးထားသည့်နံရံမှ မာရီယန်ဝုစ်တင်း၏ နာမည်အောက်ရှိ လူခေါ် ခလုတ်ကို မေဆင်က နှိပ်လိုက်ပြီး ခဏအကြာတွင် အတွင်းမှ ချုပ်စစ်ခေါင်းလေင်းမြည်သံ ထွက်ပေါ်လာကာ တံခါး အလို အလျောက် ပွင့်သွားသည်။ မေဆင်တို့ မြေညီထပ်သို့ ဝင်ရောက်ပြီး ဓာတ်လှေကားဖြင့် ၁၃ ထပ်သို့ တက်ခဲ့ကြသည်။

အခန်းနံပါတ် ၁၃၂၉ တွင် တံခါးခေါက်လိုက်ရာ အမျိုး သမီးတစ်ဦး တံခါးလာဖွင့်ပေးသည်။ သူမသည် အနက်နှင့်လိမ္မော်



www.burmeseclassic.com

www.burmeseclassic.com



ရောင်စပ် ညဝတ်အကျီရှည်ကို ဝတ်ဆင်ထားသည်။ နီညိုရော
ဆံပင်နှင့် နှာခေါင်းပြားပြား နှုတ်ခမ်းပါးပါးရှိသည်။

"ဘာကိစ္စရှိလို့လဲ" ဟု သူမကမေးရာ မေဆင်က "ခင်ဗျာ
နဲ့ စကားပြောစရာရှိလို့ပါ" ဟု ပြန်ပြောလိုက်သည်။

အမျိုးသမီးက မေဆင်တို့နှစ်ယောက်ကို ခေတ္တမျှ အ
ခတ်နေပြီးနောက် ကိုယ်ကိုအနည်းငယ် တိမ်းဖယ်ပေးပြီး "အ
ဝင်ပါ" ဟု ပြန်ပြောသည်။

နေသားတကျ ထိုင်မိပြီးနောက် မေဆင်က "ခင်ဗျားညီ
နဲ့ပတ်သက်ပြီး သိချင်တာရှိလို့ပါ"

"ရှင်တို့က သတင်းစာတိုက်ကလား"

"မဟုတ်ပါဘူး၊ ကျုပ်တို့သိချင်တာကလေးတွေရှိလ
လာမေးတာပါ။ ခင်ဗျားညီမနဲ့ ကားလ်မိုးနဲ့ဆက်ဆံရေးအကြောင်
သိပါရစေ"

"ဘာဆိုင်လို့လဲရှင်" ဟု မာရီယန်ဝှစ်တင်းက ခပ်တင်းတ
ပြန်ပြောသည်။

မေဆင်က ပြုံးရယ်လိုက်ပြီး "ဒီလိုပါ. . . ကျုပ်က ပယ်
မေဆင်ပါ။ မစ္စတ်မိုးရဲ့ ဥပဒေအကျိုးဆောင်ပါ၊ လိုအပ်တဲ့အချ
အလက်တွေ လိုက်စုဆောင်းနေတာဖြစ်ပါတယ်"

"ရှင်က ဘာသိချင်လို့လဲ"

"ခင်ဗျားညီမနဲ့ ကားလ်မိုးနဲ့သိကျွမ်းခဲ့ကြတာ ဘယ်လော
ကြာပြီလဲ"





"အတိအကျတော့ ဘယ်သိမလဲ၊ ကျွန်မထင်တာတော့
နှစ်ခြောက်နှစ်လောက် ရှိပြီထင်တယ်"

"ဘယ်လောက်ကြာအောင် သူတို့ ဆက်ဆံခဲ့ကြသလဲ"

"ကားလ်မိုး လက်မထပ်ခင် နှစ်လ သုံးလလောက် အထိပဲ"

"ကားလ်မိုး လက်ထပ်တဲ့အချိန်ထိ တွဲခဲ့ကြတာ မဟုတ်
လား"

"သေချာပါတယ်၊ လက်မထပ်ခင် နှစ်လသုံးလလောက်
အထိပဲ သူတို့တွဲခဲ့ကြတယ်"

"ကားလ်မိုး လက်ထပ်ခါနီးမှ ဘာကြောင့် သူတို့ အဆက်
ပြတ်သွားကြတယ်ဆိုတာ ခင်ဗျားသိသလား"

"သူတို့ အဆက်ပြတ်ခဲ့ကြတာကတော့ ငွေရေးကြေးရေး
ကြောင့်ပဲလို့ ကျွန်မထင်တယ်၊ ကားလ်မိုးက လုပ်ငန်းတစ်ခုလုပ်ဖို့
ညီမဆီက ဒေါ်လာတစ်ထောင်လောက် ယူခဲ့တယ်ဆိုလားပဲ၊
အမြတ်အနေနဲ့ နှစ်ဆပြန်ပေးမယ်လို့ ပြောခဲ့တယ်တဲ့၊ ပထမ
တော့ အတိုးကလေး ဘာလေး နည်းနည်းပါးပါးပေးခဲ့ပြီး၊ နောက်
တော့ အရင်းပါ ပြန်မရတော့ဘူး"

"ကားလ်မိုး လုပ်တယ်ဆိုတဲ့လုပ်ငန်းက ဘာတဲ့လဲ သိလား"

"ဒါတော့ ကျွန်မလည်း မပြောနိုင်ဘူး၊ ကားလ်မိုးဟာ အီဗ
ရဲ့ဆီက ယူတဲ့ငွေအပြင် သူကိုယ်ပိုင်စုငွေတွေ အားလုံးလည်း
လုပ်ငန်းမှာ ဆုံးခဲ့တယ်လို့ သိရတယ်၊ ဒါနဲ့ပဲ သူတို့နှစ်ယောက်
ခဲ့ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု ခင်ဗျားညီမ ဘယ်မှာလဲ သိသလား"

"ဟိုနိုလူလူမှာလေ. . . ဘာဖြစ်လို့လဲ" ဟု မာရီယ[န်]
ပြန်ပြောလိုက်ရာ ဒရိတ်က မေဆင်၏ မျက်နှာကို တစ်ချက်[…]
ကြည့်လိုက်သည်။ မေဆင်က ဟန်မပျက် အိတ်ထဲမှ စီးကရက်[…]
ထုတ်ယူ ရင်း. . .

"ဆေးလိပ်သောက်မယ်နော်၊ ရတယ်မဟုတ်လား" [...]
မေးလိုက်သည်။

"ရပါတယ်၊ ကျွန်မလည်း တစ်လိပ်သောက်ပါရစေ" [...]
ဆိုကာ သူမက တစ်လိပ်လှမ်းယူသည်။ ဒရိတ်ကလည်း တစ်[…]
လှမ်းယူသည်။ မေဆင်က. . .

"မီးခြစ်တစ်ဆံတည်းနဲ့ သုံးလိပ်ညှိမယ်နော်၊ ရတယ်မ[…]
လား" ဟု မေးလိုက်သည်။ သူမက လှိုက်လှိုက်လှဲလှဲရယ်လျက်. [...]

"အမယ်လေး. . . ရပါတယ်ရှင်၊ မီးခြစ်တစ်ဆံနဲ့ ခြေ[…]
လိပ်ညှိချင်လည်း ညှိနိုင်ပါတယ်" ဟု ပြန်ပြောသည်။

မေဆင်က မီးခြစ်ဆံတဆံ ခြစ်လိုက်ရာ သူမက ရှေ[…]
ကိုင်း၍ မီးညှိသည်။ ဒရိတ်က ကိုယ်ကို နောက်သို့ယို့၍. . .

"ခင်ဗျားစီးကရက်ပဲ ညှိလိုက်ပါ ပယ်ရီ၊ ကျွန်တော်[…]
ကိုယ့်ဘာသာကိုယ် မီးညှိပါ့မယ်" ဟု ပြောလိုက်သည်။

မေဆင်က မာရီယန်အား လှမ်းပြောသည်။

"သူကတော့ အမြဲတမ်း အယူသည်းတက်တယ်၊ ပြ[…]
လည်း မရပါဘူး၊ ဒါထက် ခင်ဗျားညီမ ဟိုနိုလူလူမှာ ဘယ်လော[…]
ကြာပြီလဲ"





"ဩော်. . . နှစ်ပတ်လောက်ရှိပါပြီ"

"စိတ်တော့မရှိပါနဲ့နော်၊ တစ်ဆိတ်လောက် မေးပါရစေ[…]
[…]လာလောဆယ် ခင်ဗျား ဘာအလုပ်များ လုပ်နေသလဲ"

"ကျွန်မလား၊ အခုတော့ အလုပ်မရှိသေးပါဘူး၊ အတွင်း[…]
[…]မှူး အလုပ်တစ်နေရာလောက် ရှာနေတုန်းပါပဲ၊ နှစ်နေရာ
[…]နေရာလောက်က လာကမ်းလှမ်းထားတာတော့ ရှိပါရဲ့၊
[…]ပေမယ့် ကျွန်မအကြိုက်နဲ့ မတွေ့သေးလို့"

"အချိန်အားနေတယ်ဆိုတော့ ခင်ဗျားညီမ ဟိုနိုလူလူကို
[…]ားတုန်းက သင်္ဘောဆိပ်ကို လိုက်ပို့ဖြစ်မှာပေါ့"

"ဟာ. . . လိုက်ပို့တာပေါ့၊ ညီမရဲ့ သူငယ်ချင်း လေးငါး
[…]ာက်လည်း အတူလိုက်ပို့ကြတယ်၊ သင်္ဘောမထွက်ခင် စ,ကြ
[…]ာက်ကြနဲ့ ပျော်စရာကြီး၊ ညီမလည်း သင်္ဘောပေါ်တနေ အမှတ်
[…]ရ စာထည့်လိုက်သေးတယ်"

ထိုအချိန်တွင် မေဆင်က ထိုင်ရာမှထပြီး. . .

"အေးဗျာ. . . ကျေးဇူးအများကြီး တင်ပါတယ်၊ ဒါထက်
[…]ခု ဟိုနိုလူလူမှာ ခင်ဗျားညီမ ဘယ်နေရာနေတယ်ဆိုတာ သိပါ
[…]လား"

"သိတာပေါ့၊ သူ့လိပ်စာ လိုချင်လို့လား၊ လမ်းနာမည်တော့
[…]မိတယ်၊ အလီဝါလမ်းတဲ့ နံပါတ်တော့ မမှတ်မိဘူး၊ အဲလေ. . .
[…]တလေး နေပါဦး၊ ညီမဆီက နောက်ဆုံးလာတဲ့ စာထဲမှာ
[…]ယ်ထင်တယ်" ဟု မာရီယန်က ပြောပြောဆိုဆို အတွင်းခန်း



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်သွားသည်။ ချက်ချင်းလိုပင် ဧည့်ခန်းသို့ ပြန်ထွက်လာသည်။ သူမ၏ လက်ထဲတွင် စာအိတ်အချို့ ကိုင်လာပြီး. . .

"နံပါတ် ၁၀၉၁ အလီဝါလမ်းတဲ့ ဆရာကြီး" ဟု လှမ်းပြောသည်။

"ဟိုနိုလူလူ မြို့ထဲမှာပဲနော်" ဟု မဆေင်က မေးသည်။

"ဟုတ်ကဲ့"

မဆေင်က စာအိတ်များကို လှမ်းကြည့်၍ ရယ်ပြီးပြောသည်။

"ခင်ဗျားက တံဆိပ်ခေါင်းစုတဲ့ ဝါသနာအိုး မဟုတ်ဘူးထင်ပါရဲ့"

"အို. . . ကျွန်မစုပါတယ်"

"ဪ. . . သဘော်တံဆိပ်နဲ့ တံဆိပ်ခေါင်းကို ခွာထားတာ မတွေ့လို့ပါ"

"ကျွန်မက တံဆိပ်ခေါင်းခွာပြီး မစုဘူး၊ စာအိတ်လိုက်စုတယ်၊ ဒါမှ စာတိုက်အမှတ်အသားတွေပါ အပြည့်အစုံရတယ်"

မဆေင်က အမှတ်တမဲ့ လက်လှမ်းလိုက်ရာ အမျိုးသမီးကလည်း စာအိတ်များကို အလိုအလျောက် ကမ်းပေးလိုက်သည်။ မဆေင်က တံဆိပ်ခေါင်းများကိုကြည့်၍ စာတိုက်အမှတ်အသားများကို မှတ်သားလိုက်သည်။

"ဒီစာကတမြန်နေ့ကပဲဟိုနိုလူလူကထည့်လိုက်တာပါလား"

မဆေင်က မေးလိုက်ရာ အမျိုးသမီးက. . .





"ဟုတ်ပါတယ်၊ အဲဒီစာကို မနေ့ကပဲ ကျွန်မရပါတယ်ဒါ ညီမဆီက နောက်ဆုံးစာပါ"

"လက်ရေးကတော့ စိတ်ဝင်စားစရာပဲ၊ စိတ်နေသဘောထားကို အကဲခတ်လို့ရတယ်" ဟု မဆေင်က ပြောသည်။

"လက်ရေးကြည့်ပြီး စိတ်နေသဘောထားကို အကဲခတ်တတ်သလား မစ္စတာမဆေင်၊ ကျွန်မ သိပ်စိတ်ဝင်စားတာပဲ"

"ဟုတ်တယ်၊ အဲဒါ ကျုပ်ရဲ့ ဝါသနာပဲ၊ ဒါပေမယ့် လက်ရေးညီးနည်းကလေး ကြည့်ပြီး ပြောရုံနဲ့တော့ သိပ်မမှန်နိုင်ဘူးပေါ့၊ တစ်မျက်နှာလောက် ကြည့်လိုက်ရင် အဲဒီလက်ရေးရှင်ရဲ့ စိတ်နေသဘောထားနဲ့ အကျင့်စာရိတ္တကိုပါ တိတိကျကျ ပြောနိုင်ပါတယ်၊ တယ်လို့ ခင်ဗျားညီမရဲ့ လက်ရေး တစ်မျက်နှာလောက်ကြည့်ရမယ်ဆိုရင် သူ့ပုံပန်းဘယ်လို၊ မကြာသေးခင်က သူဘယ်မှာရှိခဲ့တယ်၊ ဘာတွေလုပ်နေတယ် အများကြီးပေါ့လေ၊ ကျုပ်ပြော နိုင်ပါတယ် အလောင်းအစားနဲ့တောင် ပြောရဲသေးတယ်"

"တကယ်ပြောတာလား၊ အတော်အံ့ဩဖို့ကောင်းတာပဲ"

မဆေင်က သူ၏ပိုက်ဆံအိတ်ထဲမှ ဆယ်ဒေါ်လာတန်ငွေစက္ကူတစ်ရွက်ကို ထုတ်ယူလိုက်ပြီး. . .

"ကျုပ်ဆီက ဆယ်ဒေါ်လာနဲ့ ခင်ဗျားဆီက ဆယ်ပြားနဲ့လောင်းဖို့ အဆင်သင့်ပဲ"

မာရီယန်ဝှစ်တင်းက အားရပါးရရယ်လျက် သူမ၏လက်ကိုင်အိတ်ထဲမှ ဆယ်ပြားစေ့တစ်စေ့ ထုတ်ယူကာ မဆေင်၏ ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာ ငွေစက္ကူပေါ်တွင် တင်ထားလိုက်သည်။ ထိုနောက် စာအိတ်ထဲမှစာကို ထုတ်ယူ၍. . .

"ကိုင်း. . . ဒီမှာ အဲ့ဒီစာပဲ၊ အဲဒါကိုကြည့်ပြီး ဟောစ ပါဦးရှင်"

မေဆင်က စာရွက်ခေါက်ကို ဖြန့်လိုက်သည်။

မာရီယန်က. . .

"ဩော်. . . ခဏနေဦးရှင့်၊ စာကိုဖတ်ကြည့်လို့တော မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စာထဲမှာ သူ ဘာတွေလုပ်နေတ ဆိုတဲ့အကြောင်းတွေ ရေးထားတယ်၊ အဲဒါတွေဖတ်ကြည့်ပြ ပြန်ပြောလို့တော့ အပိုပဲ"

"ဒီလိုဆိုလဲ ရပါတယ်၊ လက်ရေးကိုပဲ ကြည့်ပြီးပြောမှာ ဒီလိုလုပ်မယ်လေ၊ ခင်ဗျားကို ကျုပ်ပြောပြနေတဲ့ အချိန်မှာ စာရွ ကို ဟောဒီက မစ္စတာဒရိတ်ကို ကိုင်ခိုင်းထားမယ်လေ၊ ကိုင်း. . ကျုပ် အခုစပြောမယ်၊ အခု လက်ရေးရှင် အီဗလင်းဝှစ်တင်း ခင်ဗျားထက် အရပ်ပိုမြင့်တယ်၊ ရွှေရောင်ဆံပင်ရှိတယ်၊ မျက်လုံး အပြာရောင်၊ တစ်ချက်တစ်ချက် စိမ်းသလိုလို ရှိတယ်၊ နှုတ်ခမ်း ပိုပြီးပါးတယ်၊ ပြီးတော့. . ."

မာရီယန်က ကြားဖြတ်၍ ပြောသည်။

"နေဦး မစ္စတာမေဆင်၊ လက်ရေးကို ထပ်ကြည့်ပြ ပြောရင် ပိုကောင်းမယ်၊ ခုအတိုင်းဆိုရင် ဆယ်ဒေါ်လာတော့ ဆုံးတော့မှာပဲ"





မေဆင်က မျက်မှောင်ကြုတ်၍ "ဘာဖြစ်လို့လဲ ကျုပ်ပြော တာတွေ မှန်တာသေချာပါတယ်" ဟု ပြောပြောဆိုဆို ဒရိတ်၏ ကျောကိုကျော်၍ စာရွက်ကို ခေတ္တမျှ လှမ်းကြည့်သည်၊ ထို့နောက် မာရီယန်ကိုကြည့်၍ ထပ်ပြောသည်။ "ဒီစာကိုရေးတဲ့ သူဟာ အရုပ် ည်ရှည် ပိန်ပိန်သွယ်သွယ် စိတ်လှုပ်ရှားလွယ်တဲ့ အမျိုးသမီး တစ်ယောက်ဖြစ်ရမယ်၊ ခင်ဗျားညီမဟာ ပျော်ပျော်ပါးပါး နေတတ်ပုံ ပေမယ့် အတွင်းစိတ်မှာတော့ သောကတွေရောက်နေတတ်တယ်၊ အခုလို ဟဝိုင်အီကျွန်းဘက်ကို ခရီးထွက်တဲ့အတွက် အတော် လေး သက်သာရာရလာခဲ့တယ်"

"ရှင်ပြောတာတွေ မမှန်သေးပါဘူး၊ အီဗလင်းရဲ့စရိုက်ကို ေါ်အောင် ပြောမှမပြောနိုင်တာ၊ ကိုင်း. . . ကျွန်မ မေးမယ်ရှင်၊ ခု သူဘာလုပ်နေသလဲ"

"ဩော်. . . ဒါလား၊ ခင်ဗျားညီမဟာ လူတစ်ယောက်ကို နာပြုအဖြစ် ပြုစုပေးနေတယ်"

"ဒါကတော့ အီဗလင်းဟာ သူနာပြုဆရာမတစ်ယောက်ဆို ာ ရှင် သိနေတာကိုး၊ လက်ရေးကိုကြည့်ပြီး ထူးခြားတာကို ပြောပြ မှပေါ့၊ ဟိုနိုလူလူမှာ သူ ဘာလုပ်နေခဲ့သလဲ၊ အဲဒါ ပြောစမ်းပါ"

"ဟိုနိုလူလူမှာ ခင်ဗျားညီမဟာ အထူးတာဝန်တစ်ခု ယူနေ တယ်၊ ဒဏ်ရာရနေတဲ့လူတစ်ယောက်၊ ယာဉ်တိုက်မှုနဲ့ ဒဏ်ရာရ ဲ့လူ ဖြစ်နိုင်တယ်၊ အဲဒီလူဟာ ကျောကုန်းနဲ့ လည်ပင်းတဝိုက်မှာ ဏ်ရာရထားတာမျိုး ဖြစ်နိုင်တယ်။ အဲဒီလူနာကို ခင်ဗျားညီမ



www.burmeseclassic.com

www.burmeseclassic.com



ပြုစုနေခဲ့ရတယ်၊ ကိုင်း. . . ဘယ့်နှယ့်လဲ၊ ကျုပ်ကတော့ အဖော်တမ်း ဝါသနာရှင်တစ်ယောက်အနေနဲ့ ဟောရတာနော်၊ သိပ်ပြီ ရှင်းရှင်းလင်းလင်းတော့ မမြင်နိုင်ဘူး"

"ဟုတ်တယ်. . . ရှင်ပြောတာ မရှင်းပါဘူး၊ တကယ်တ ပြောရရင် လုံးလုံးမမှန်ဘူး မစ္စတာမေဆင်"

"ဟာ. . . ဒီလိုဆို တလွဲကြီးပါပဲလား၊ အီဗလင်း ကျုပ်ပြောတဲ့လူနာမျိုးကို လုံးဝမပြုစုခဲ့ရဘူးလား"

"ဟင့်အင်း. . . ဟိုနိုလူလူမှာ အီဗလင်းဟာ ဘာအလုပ် မလုပ်ခဲ့ဘူး၊ အလုပ်နဲ့ခရီးသွားတာမှ မဟုတ်ဘဲ၊ အပျော်ခရီးသ သက် သွားတာ"

မေဆင်၏ အမှုအရာမှာ အတော်ပင် ဇဝေဇဝါဖြစ်သွ ဟန်ရှိသည်။

"ဆယ်ဒေါ်လာရဖို့လောက်နဲ့တော့ ခင်ဗျားကျုပ်ကို နော ပြောင်မနေကောင်းပါဘူးနော်"

"ကျွန်မ. . . နောက်နေတာ မဟုတ်ပါဘူး၊ တကယ်ပြေ တာပါ"

"ဒီလက်ရေးကကော၊ ခင်ဗျားညီမရဲ့ လက်ရေးအစစ် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ သူ့လက်ရေးအစစ်ပါပဲ"

"လက်ရေးအတုမဖြစ်နိုင်ဘူးလား"

"ဘာဖြစ်လို့လဲ မစ္စတာမေဆင်၊ ဘယ်သူက ဘာအကြော





ကျွန်မညီမရဲ့ လက်ရေးကို တုရေးရမှာလဲ၊ ကျွန်မညီမလက်ရေးကို ကျွန်မ ကောင်းကောင်းမှတ်မိပါတယ်"

"ဒီတိုက်ခန်းမှာ ခင်ဗျားနဲ့ ခင်ဗျားညီမ အတူတူနေကြတာ မဟုတ်လား"

"ဟုတ်ပါတယ်. . ."

"သူ ဘယ်တော့ ပြန်လာမယ်ထင်သလဲ"

"နှစ်ပတ်လောက်ကြာရင် ပြန်လာမယ်လို့ ပြောတာပဲ၊ သူပြန်လာမယ့်ရက်ကို ကျွန်မဆီ ကြေးနန်းရိုက်ပြီး အကြောင်းကြား ယ်တဲ့"

"အင်း. . . ခုတိုင်းဆို လောင်းကြေး ဆယ်ဒေါ်လာကို ခင်ဗျားရပါပြီ၊ ကျုပ်ကတော့. . . ထားပါတော့လေ" ဟု မေဆင်က ပြောလိုက်ရာ မာရီယန်သည် မျက်နှာ ရဲကနဲဖြစ်သွားပြီး. . .

"ကျွန်မ ရှင့်ကို တမင်လှဲပြောနေတာ မဟုတ်ပါဘူး၊ ရှင့်ပိုက်ဆံလည်း ပြန်ယူသွားပါ၊ ကျွန်မ မလိုချင်ပါဘူး" ဟု ပြန်ပြောသည်။

"အို. . . အို. . . မဟုတ်ပါဘူး၊ ကျုပ်အနေနဲ့ ဘာကြောင့် လောက်မှားသွားရတယ်ဆိုတာ နားမလည်နိုင်တာပဲ ရှိပါတယ်၊ ထက် ခင်ဗျားညီမရဲ့ ပုံပန်းက ဘယ်လိုများပါလိမ့်၊ သိရဘူးလား"

"ကျွန်မ ရှင့်ကို သူ့ဓာတ်ပုံပြပါမယ်၊ ရှင့်ဘာသာရှင်ပဲကြည့် တော့"



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က ပေါလ်ဒရိတ်ကို တစ်ချက်လှမ်းကြည့်၍ ပြန်ပြောသည်။

"ဟန်ပေးပြီး ရိုက်ထားတဲ့ပုံမျိုး မဟုတ်ဘူးနော်၊ နဂိုနေ မျိုး ကြည့်ရရင် ပိုကောင်းမယ်"

"ရပါစေ့မယ်၊ ခဏကလေးစောင့်ပါ" ဟု ပြော၍ မာရီယ က အိပ်ခန်းတွင်းသို့ ဝင်သွားသည်။

မေဆင်က လေသံဖြင့် "စာထဲမှာ ဘာတွေပါလဲ ပေါလ်" ဟု မေးသည်။

"ဟဝိုင်အီကျွန်းတွေ အကြောင်း၊ သူတွေ့ခဲ့တဲ့လူတွေ အကြောင်း၊ ကပွဲတွေအကြောင်း၊ စားပွဲ သောက်ပွဲတွေအကြောင်း အဲဒါတွေပဲ ရေးထားတယ်"

"ရင်းရင်းနှီးနှီးဆက်ဆံခဲ့တဲ့လူတွေအကြောင်း မပါဘူး လား"

"မပါဘူးဗျ၊ သူ ဒိုဘီပေးဖို့ မေ့နေတဲ့ ဝတ်စုံကို ဒိုဘီပေးခိုင်း တဲ့အကြောင်းတော့ ပါတယ်၊ ဩော် ပြီးတော့ သူ့ယောက်ျား အကြောင်း" ဟု ဒရိတ်က ခပ်တိုးတိုးပြန်ပြောနေစဉ် မာရီယ ဝှစ်တင်း ဓာတ်ပုံအယ်လ်ဘန်တစ်ခုကိုင်၍ ပြန်ဝင်လာသဖြင့် စကား ဖြတ်လိုက်သည်။

သူမက ဓာတ်ပုံစာအုပ်ကို စားပွဲပေါ်သို့ ချပေးလိုက်သည်။ မေဆင်နှင့် ဒရိတ်က မာရီယန် ဖွင့်ပြသော ဓာတ်ပုံများ ဘေးမှရပ်၍ ကြည့်ရှုကြသည်။





"ဟောဒါက အီဗလင်း. . .ဟောဒါက အီဗလင်းနဲ့ ...ာလ်မိုးတို့ အရင်က တွဲရိုက်ထားတဲ့ ဓာတ်ပုံ၊ ဟောဒီမှာ အီဗလင်းရေကူးဝတ်စုံတွေနဲ့ ရိုက်ထားတာ" ဟု မာရီယန်က ဓာတ်ပုံ ...ားကို ပြနေရာမှ ရယ်မောလျက် စာမျက်နှာတစ်ခုသို့ လှန်ပြပြီး ...ဟောဒီဓာတ်ပုံက ပိုကောင်းတယ်၊ ကျွန်မတို့ အပန်းဖြေခရီးတစ်ခု ...မှာ ဘောင်းဘီတိုကလေးတွေနဲ့ ရိုက်ထားတဲ့ဓာတ်ပုံ၊ ဒါက ...ီဗလင်းနဲ့ ယောကျ်ားလေး မိတ်ဆွေတစ်ယောက်ရဲ့ပုံ"

"ဩော်. . . ခဏနေအုံး၊ အီဗလင်း ပင်လယ်ခရီး ...ွက်တော့ ရိုက်ထားတဲ့ပုံရှိသေးတယ်" ဟု ပြောပြောဆိုဆို သူမက ...မျက်နှာများကို လှန်ပစ်လိုက်ပြီး တစ်နေရာတွင် ရှစ်လက်မ၊ ...ယ်လက်မပုံကြီး ချဲ့ထားသော ဓာတ်ပုံတစ်ပုံကို ပြသည်။

"ဟောဒီပုံက အတော်ကလေးကောင်းလို့ ကျွန်မ ပုံကြီးချဲ့ ...ားတယ်၊ သင်္ဘောလက်ရန်းမှာ အီဗလင်း ရပ်နေတုန်းရိုက်ထား ...ာ၊ အီဗလင်းလက်ထဲမှာ ရောင်စုံအစင်းတွေပါတဲ့ စက္ကူ ကိုင်ထား ...ယ်လေ"

မေဆင်က "တစ်ဆိတ်လောက်နော်" ဟု ဆိုကာ ဓာတ်ပုံကို ...လင်းရောင်တွင် ယူကြည့်ပြီး "ဓာတ်ပုံက အတော်ကောင်းတဲ့ ...တ်ရာပဲ၊ ခင်ဗျားဆီမှာ အင်မတန်ကောင်းတဲ့ ကင်မရာရှိမယ် ...င်တယ်"

"ဟုတ်ကဲ့. . . ဓာတ်ပုံဆိုင်ဖွင့်ထားတဲ့ ဦးလေးတစ်ယောက် ...ပေးထားတာ၊ မှန်ဘီလူးအားကလည်း တော်တော်ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကိုယ်တိုင်ကလည်း ဓာတ်ပုံရိုက်တာ အတော်ကျွ ကျင်တယ် ထင်ပါတယ်"

"ကျွန်မကတော့ ဓာတ်ပုံနဲ့ပတ်သက်ရင် အရူးအမူး ရောင်စုံဓာတ်ပုံရိုက်တာတွေ သိပ်သဘောကျတယ်"

"အေးဗျာ၊ ကျုပ်လည်း ရောင်စုံဓာတ်ပုံ အတော်များများ ရိုက်ထားတာတွေရှိတယ်၊ ဟိုနိုလူလူမှာ ရိုက်ခဲ့တဲ့ ပုံတွေနဲ့ သဘေ ပေါ်မှာ ရိုက်ခဲ့တဲ့ပုံတွေကို နောက်မှ ပြရဦးမယ်၊ ဪ.. စကားမစပ်၊ ခင်ဗျားညီမ နောက်နားမှာ ရပ်နေတဲ့ လူငယ်က က ဘယ်သူပါလိမ့်"

မာရီယန်က အယ်လ်ဘန်ကို ဆွဲယူကြည့်လိုက်ပြီး တစ် တစ်ခု ပြောမည့်ဟန်ပြင်ပြီးမှ မပြောတော့ဘဲ "သင်္ဘောပေါ်ပ တစ်ယောက်ယောက် ဖြစ်ပါလိမ့်မယ်" ဟု၍သာ ပြောသည်။

"သူ့ ကြည့်ရတာ ခင်ဗျားညီမကို အတော်ကလေး စိတ် စားပြီး ကြည့်နေတဲ့ပုံပဲ။ သူ့လက်ကလည်း အီဗလင်းရဲ့ ကျော ပေါ်တင်ထားတာနဲ့ တူတယ်"

"ဒီအကြောင်း ကျွန်မ မပြောချင်ဘူး မစ္စတာ မေဆ ဟု မာရီယန်က ပြန်ပြောသည်။

"ကောင်းပါပြီလေ၊ ခင်ဗျားညီမရဲ့ ကိုယ်ရေးကိုယ်တာ ကို သိချင်လို့ မဟုတ်ပါဘူး၊ ဒီပုံထဲက လူငယ်ဟာ အီဗလင် မိတ်ဆွေတစ်ယောက်များလားလို့ မေးကြည့်တာပါ" ဟု မေဆင် ပြောလိုက်သည်။





ဤတွင် မာရီယန်က "အဲဒါ တခြားမဟုတ်ဘူး၊ အီဗလင်းနဲ့ ယောကျ်ားပဲ" ဟု ရုတ်တရက် ပြန်ပြောလိုက်သည်။

မေဆင်က ဘာမှပြန်မပြောဘဲ ငြိမ်နေရာ မာရီယန်က က်ပြောသည်။

"အီဗလင်းဟာ တိတ်တိတ်ကလေး လက်ထပ်ပြီးမှ ဟိုနို ူလူကို ခရီးသွားခဲ့တာပဲ၊ ပျားရည်ဆမ်းခရီးထွက်တဲ့ သဘောပေါ့၊ ့ယောကျ်ား နာမည်က မော်ဂန်အိ(ပ်)(စ်)တဲ့၊ အီဗလင်းက သူတို့ က်ထပ်တာ ခုထက်ထိ လူသိရှင်ကြား မကြေညာသေးဘူး"

"သူ့ယောကျ်ားနဲ့ ခုထက်ထိ အတူတူပဲ ရှိနေသလား"

"ဟုတ်လိမ့်မယ် ထင်တယ်"

"လူပုံ ကြည့်ရတာတော့ လူကောင်း သူကောင်းကလေး ယောက် ထင်ရတာပဲ၊ အစုရှယ်ယာ အရောင်းအဝယ်သမား ယောက်ပုံမျိုးပဲ" ဟု မေဆင်က စကားတောက်ကြည့်သည်။

"မော်ဂန်ဟာ နည်းနည်းမှ ကောင်းတဲ့လူမဟုတ်ဘူး၊ ရုပ် လေး သနရုပ္ပနဲ့ အကျင့်က ကောင်းတာမဟုတ်ဘူး၊ သူ့ကို လင်းက လက်ထပ်မှာ မဟုတ်ဘူးလို့ပဲ ကျွန်မထင်နေခဲ့တာ"

"သူက ဘာလုပ်သလဲ"

"ကျွန်မလည်း မသိဘူး၊ သူ့ကြည့်ရတာ ပိုက်ဆံတော့ အတော် းနိုင်ပုံရတယ်၊ ရိုးရိုးသားသား လုပ်ကိုင်စားသောက်တဲ့ အစား တော့ ဟုတ်မယ်မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခုအတိုင်းဆို ခင်ဗျားညီမ ပြန်လာရင် ခင်ဗျားနဲ့အတူတူ မနေတော့ဘူးထင်တယ်"

"လပိုင်းလောက်တော့ ဒီမှာပဲ ဆက်နေဦးမှာပါ။ လက်ထပ်… တဲ့ အကြောင်း လူသိရှင်ကြား ကြေညာရသေးတာမှ မဟုတ်တာ… အီဗလင်းဟာ ဒီကိစ္စကို အတော်ကလေး လျှို့လျှို့ဝှက်ဝှက် လုပ်ထား… ပုံရတယ်၊ ကျွန်မတော့ဖြင့်လေ. . . သူ နောက်ထပ် အိမ်ထောင်… မပြုတော့ဘူး အောက်မေ့ခဲ့တာ၊ သူမှာ အိမ်ထောင်တစ်ခါပျက်ပြီးဖူး… တဲ့ အတွေ့အကြုံရှိခဲ့ပြီးပြီ၊ အဲဒါနဲ့ပဲ နောင်ကြဉ်သွားပြီ မှတ်တာ"

မာရီယန်ပြောပြသည်ကို နားထောင်ပြီးနောက် မေဆင်က… အီဗလင်း၏ ဓာတ်ပုံတစ်ပုံ ယူခွင့်ပေးရန် ခွင့်တောင်းသည်… မာရီယန် က လိုက်လျောစွာဖြင့် ကြိုက်ရာပုံရွေးယူခိုင်း၍ မေဆင်က… မော်တော်ကားထဲတွင် ကားတံခါးဘောင်ပေါ် လက်တင်လျက်… အီဗလင်းထိုင်နေသောပုံကို လိုချင်ကြောင်း ပြောလိုက်သည်။

"သြော်. . . အဲဒီပုံဆိုရင် သပ်သပ် အပိုကူးထားတာ… တယ်ထင်တယ်၊ ကျွန်မသွားရှာလိုက်ဦးမယ်" ဟု ပြော… မာရီယန်က အိပ်ခန်းတွင်းသို့ ဝင်သွားပြန်သည်။ ထိုအချိန်တွင်… ဒရိတ်က "အီဗလင်း လက်ထပ်လိုက်တဲ့ ငနဲကလူလိမ်လူရှုပ်ဗျ… ဓာတ်ပုံ မြင်တာနဲ့ ကျွန်တော်မှတ်မိတယ်၊ လော့စ်အိန်ဂျလိမြို့… လွန်ခဲ့တဲ့ နှစ်လသုံးလလောက်က လူသတ်မှုနဲ့ တရားစွဲခံရဖူးတာ… ဒါပေမယ့် အမှုမခိုင်လုံလို့ လွတ်သွားခဲ့တယ်" ဟု ခပ်တိုး… ပြောနေစဉ် မာရီယန် ဓာတ်ပုံတစ်ပုံကိုင်၍ ပြန်ဝင်လာသည်။





မေဆင်က ကျေးဇူးတင်ကြောင်း ပြော၍ ဓာတ်ပုံကို လှမ်းယူပြီး "လောင်းကြေးငွေ ဆယ်ဒေါ်လာကိုတော့ ခင်ဗျားယူလိုက်ပါ၊ ခင်ဗျား နိုင်ပါတယ်" ဟု ပြောလိုက်သည်။

"အိုး. . . မယူပါရစေနဲ့၊ မစ္စတာမေဆင်" ဟု သူမက ငြင်းဆန်ရာ မေဆင်က အတင်းတိုက်တွန်းတော့မှ မယူချင့်ယူချင်ဖြင့် လှမ်းယူလိုက်သည်။

"အီဗလင်း အကြောင်း ကျွန်မ ပြောပြတာတွေကိုတော့ သတင်းစာတွေကို မပြောလိုက်ပါနဲ့နော်" ဟု သူမက တောင်းပန်သည်။

မေဆင်က ကတိပေးပြီး ကျေးဇူးတင်ကြောင်း ပြော၍ နှုတ်ဆက်ကာ မာရီယန်၏ အခန်းမှ ထွက်လာခဲ့ကြသည်။

ဓာတ်လှေကားဆီသို့ လျှောက်လာကြစဉ် မေဆင်က ဒရိတ်ကို ခပ်တိုးတိုး ပြောပြသည်။

"ဒီဓာတ်ပုံထဲမှာ အီဗလင်း စီးထားတဲ့ကားနံပါတ်ပါတယ် ပေါ့လ်၊ ဒီပုံဟာ သိပ်မကြာသေးခင်က ရိုက်ထားတဲ့ ဓာတ်ပုံပဲ၊ မော်တော်ကားကလည်း နောက်ဆုံးပေါ် ပုံစံ၊ ဒီတော့ မောင်ရင့်ရဲ့ …ဖရန်စစ္စကို ရုံးခွဲက တပည့်တွေကို ဒီကားနံပါတ်နဲ့ အလိုက်ခိုင်း…တော့"

"သိပ်ကောင်းတဲ့ အကြံပဲ၊ ကျွန်တော့် တပည့်တွေလည်း …ခုလောက်ဆို အီဗလင်းနဲ့ ပတ်သက်ပြီး တစ်ခုခုတော့ သတင်းရ…လောက်ပါပြီ" ဟု ဒရိတ်က ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံမှ ထွက်လာကြပြီးနောက် တက္ကစီစီးလာကြစဉ် "အီဗလင်း လက်ထပ်တဲ့ ငနဲက သင်္ဘောပေါ်မှာ ပါမလာဘူးလား ပယ်ရီ" ဟု ဒရိတ်က မေးသည်။

"ဟင့်အင်း . . . ပါမလာဘူးကွ၊ ဒီငနဲကို ဟိုနိုလူလူမှာလည်း မတွေ့မိခဲ့ဘူး၊ ဟိုစာတွေကိုလည်း အီဗလင်းဟာ ကြိုတင်ရေးခဲ့ပြီး သူ့အစ်မဆီကို စာတိုက်က နောက်မှ ထည့်ခိုင်းခဲ့တာ ဖြစ်လိမ့်မယ်"

"အဲဒီလိုဆို ဘာအကြံနဲ့လုပ်တာ ဖြစ်မလည်း" ဟု ဒရိတ်က မေးသည်။

"ဒါတော့ ကိုယ်လည်းဘယ်သိမလဲ၊ ဖြစ်နိုင်တာကတော့ တစ်နေရာရာမှာ သူရှိနေတဲ့အကြောင်း အလီဘိုင်တစ်ခု တည်ဆောက်ဖို့ ကြိုးစားတာ ဖြစ်နိုင်တယ်"

"ဒါ ဖြစ်နိုင်တယ် ပယ်ရီ၊ အီဗလင်းဟာ ဟိုနိုလူလူမှာ ဘယ်နေ့ဘယ်ရက်က ရှိနေခဲ့တဲ့အကြောင်း သူ့အစ်မက ဒီစာတွေပြပြီး သက်သေထူနိုင်တယ်"

"ဒါပေမယ့် တစ်ခုရှိတာက အီဗလင်းဟာ သူ့နာမည်ရင်းနဲ့ပဲ ကိုယ်တို့ပြန်လာတဲ့ သင်္ဘောမှာ ပါလာတယ် မဟုတ်လား၊ ခရီးသည်စာရင်းမှာကြည့်ရင် အီဗလင်းဝှစ်တင်းနာမည်ကို တွေ့ရမှာပဲ"

"ဒါဆို အမျိုးသမီးဟာ အသွားအပြန် သင်္ဘောလက်မှတ် ယူထားခဲ့လို့ ဖြစ်နိုင်တယ်၊ ဒါထက် ပယ်ရီ . . . အီဗလင်း ပြုစုပြီး လာခဲ့တယ်ဆိုတဲ့ လည်ပင်းရိုးကျိုးနေတဲ့လူက ဘယ်သူလဲ"





"အေး . . . ဟုတ်ပြီ၊ နေဦးကွ၊ အဲဒီ လည်ပင်းရိုးကျိုးနေတဲ့ လူဟာ သူ့ယောက်ျား မော်ဂန်ဆိုတာ ဖြစ်နိုင်တယ်"

"အဲဒီလူက သင်္ဘောခရီးသည် စာရင်းမှာ ဘယ်နာမည်နဲ့ ပါလာသလဲ"

"ရော်ဂျာကတ်မင်း ဆိုတဲ့နာမည်နဲ့ ပါလာခဲ့တယ်၊ မောင်ရင်ပြောတဲ့ လူလိမ်လူရှုပ်ဆိုတဲ့ ငနဲရဲ့ပုံပန်းကို မှတ်မိသလောက် ကိုယ့်ကိုပြောပြစမ်းပါ"

"အဲဒီငနဲက ပိန်ပိန်ပါးပါး၊ သေးသေးသွယ်သွယ်၊ ကိုယ်အလေးချိန် ၁၃၅ ပေါင်ထက်မပိုဘူး၊ နာမည်ရင်းက ဂိမ်းဝှစ်တလီတဲ့၊ ဂိမ်းကလပ်ဆိုတဲ့ နာမည်တမျိုးလည်း သုံးခဲ့ဖူးတယ်၊ ရာဇဝတ်မှုနှစ်မှုသုံးမှုလောက်နဲ့ ထောင်ကျဖူးတယ်၊ တစ်ခါတော့ လော့စ်အိန်ဂျလိမြို့မှာ လူသတ်မှုတစ်ခုနဲ့ ရုံးတင်ခံခဲ့ရတယ်၊ ဂျူရီအဖွဲ့က အပြစ်မရှိဘူးလို့ ဆုံးဖြတ်တာနဲ့ လွတ်သွားခဲ့တယ်၊ လူပုံပန်းက မျက်လုံးအနက်ရောင်၊ နှုတ်ခမ်းပါးပါး၊ ပါးရိုးမြင့်မြင့်၊ ပြီးတော့ . . ."

ဒရိတ်၏ စကားမဆုံးမီ မေဆင်က ဖြတ်၍ပြောသည်။

"သင်္ဘောပေါ်မှာ အီဗလင်း ပြုစုလာခဲ့တဲ့လူဟာ အဲဒီလူပဲ ဖြစ်လိမ့်မယ်လို့ ထင်တယ်၊ သူ့မျက်နှာကို ပေါ်ပေါ်လွင်လွင်တော့ မတွေ့ခဲ့ရဘူး၊ လည်ပင်းစွပ်ကြီးလည်း တပ်ထား၊ နေကာမျက်မှန်ကြီးလည်း တပ်ထားလေတော့ ရုပ်ကောင်းကောင်းမပေါ်ဘူး၊ ဒါပေမယ့် ကိုယ် မှတ်မိတာက သူဟာ အရိုးအဆစ် သေးသေး၊ ပါးရိုးမြင့်မြင့်၊ နှုတ်ခမ်းပါးပါးနဲ့ပဲ၊ ဒီလူပဲဖြစ်နိုင်တယ်၊ ဟဝိုင်အီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတုန်း ထိခိုက်ဒဏ်ရာရခဲ့တာနဲ့ အီဗလင်းက ပြည်မမှာ ဆေးဖြန် ကုဖို့ ပြန်ခေါ်လာခဲ့တာ ဖြစ်လိမ့်မယ်"

"ခုအတိုင်းဆို ခင်ဗျား ဘာဆက်လုပ်ချင်သလဲ ပယ်ရီ"

"ကိုယ်တို့ တစ်ခုခုမလုပ်နိုင်ရင်တော့ မစ္စက်မိုးဟာ တမင် ကြံရွယ်ပြီး ကျူးလွန်တဲ့ ပထမဒီကရီလူသတ်မှုနဲ့ စွဲချက်တင်ခံရမှာပဲ၊ သူယောကျ်ားနဲ့အတူ ကုန်းပတ်ပေါ် သွားခဲ့တာကို လိမ်ပြောခဲ့တယ် ပြီးတော့ သူ့ဆီမှာ သူယောကျ်ားရဲ့ ငွေတွေတွေ့ခဲ့တယ်၊ သေသူမှာ လည်း ငွေအတော်များများ အသက်အာမခံရှိတယ်၊ သေနတ် နှစ်ချက်ပစ်ခဲ့တာလည်းရှိပြီး သေသူပိုင်ဆိုင်တဲ့ သေနတ်တစ်လက်ကို ကုန်းပတ်ပေါ်မှာ တွေ့ခဲ့တယ်၊ အဲဒီသေနတ်ပြောင်းပေါ်မှာ မစ္စက်မိုးရဲ့ လက်ရာတွေတွေ့တယ်၊ မျက်မြင်သက်သေတစ်ယောက် ကလည်း မစ္စက်မိုး နဲ့ သူ့ယောကျ်ားစကားများနေကြတာကို တွေ့ပါတယ်လို့ ကျမ်းကျိန် ထွက်ဆိုဦးမယ်၊ ဒီအတိုင်းဆို သူ့အတွက် အတော်မလွယ်ဘူး ဖြစ်နေပြီ၊ ဒါပေမယ့် ကိုယ်ကတော့ မစ္စက်မိုး ဟာ အပြစ်ကင်းစင်တယ်လို့ ယူဆတယ်၊ နို့မဟုတ်ရင် ဒီအမှုကို လိုက်ပေးမှာတောင် မဟုတ်တော့ဘူး၊ အခုတော့ ဂျူရီလူကြီးတွေကို မစ္စက်မိုး အပြစ်မရှိကြောင်း ယုံကြည်လက်ခံလာအောင် ကြိုးစား ကြည့်ရမှာပဲ၊ ပိုဆိုးနေတဲ့ အချက်တစ်ချက်က လူတစ်ယောက်ရေထဲ တွန်းချခံရတယ်ဆိုတဲ့ အကြောင်း အော်ပရေတာဆီကို မစ္စက်မိုးက တယ်လီဖုန်း လှမ်းဆက်ခဲ့တယ်ဆိုတဲ့ အချက်ပဲ၊ ဒီအတိုင်းဆိုရင် တော့ သူ့အတွက် လွတ်ဖို့လမ်း မရှိသလောက် ဖြစ်နေပြီ"





"မျက်မြင်သက်သေဆိုတာက ဘယ်လောက်နိုင်ထိုင်မယ် ထင်သလဲ" ဟုဒရိတ်က မေးသည်။

မေဆင်က. . .

"ဒါတော့ ကိုယ်လည်း မသိသေးဘူး၊ နက်ဖြန်ဆို ပဏာ မကြားနာမှု စတော့မှာပဲ၊ ခရိုင်အစိုးရရှေ့နေကြီးကို ပဏာမ အဆင့် မှာပဲ သူ့ဆီက သက်သေအထောက်အထား အားလုံးသွန်ထုတ်ပြီး ပြလာအောင် ကိုယ့်အနေနဲ့ ပညာသုံးပြီး ကြိုးစားရလိမ့်မယ်၊ အဲဒီအခြေ အနေ ဖြစ်လာပါမှလည်း သူ့ဘက်က သက်သေတွေကို ကျယ်ကျယ်ပြန့် ပြန့် မြင်နိုင်ပြီး ကိုယ့်အတွက် ပစ်ကွင်းရမှာ၊ ခုလောလောဆယ်တော့ မျက်မြင်သက်သေဆိုတဲ့ အေလင်းဖဲလ်ရဲ့ ဓာတ်ပုံကို ရဖို့အရေးကြီး တယ်"

"အဲဒီဓာတ်ပုံနဲ့ ဘာလုပ်စရာရှိလို့လဲ"

"ဒါကတော့ လျှို့ဝှက်ချက်ပေါ့ကွာ"

"ကောင်းပြီလေ၊ ကျွန်တော်တို့ ရုံးခန်းပြန်ရောက်တဲ့အခါ ဓာတ်ပုံရမရ ပြောနိုင်ပါလိမ့်မယ်၊ ကျွန်တော့် တပည့်တွေကိုတော့ အဲဒီကိစ္စ ခိုင်းထားပါပြီ"

ထိုအချိန်တွင် အငှားကားသည် ဒရိတ်၏ ဆန်ဖရန်စစ္စကို ရုံးခွဲရှေ့သို့ ရောက်လာ၍ နှစ်ယောက်သား ဆင်းခဲ့ကြသည်။ ရုံးခန်း အတွင်း မေဆင် ထိုင်စောင့်နေစဉ် ဒရိတ်က သူ၏တပည့်များထံမှ အစီရင်ခံစာများကို လက်ခံယူနေသည်။ ထို့နောက် မေဆင်ရှိရာသို့ လာ၍ အစီရင်ခံစာတစ်ခုကိုကြည့်ပြီး ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေပဲ ပယ်ရီ၊ အေလင်းဖဲလ်ဟာ ဒီည ဧည့်ခံပွဲတစ်ခု တက်လိမ့်မယ်၊ အဲဒီမှာ ညစာစားပွဲဝတ်စုံနဲ့ သူ့ဓာတ်ပုံကို ရနိုင် လိမ့်မယ်၊ အီဗလင်းဝှစ်တင်းကိုတော့ ကျွန်တော့်လူတွေ ခု ခြေရာခံလို့ မရသေးဘူး၊ သူနာ့တင်ကားငှားတဲ့ ကုမ္ပဏီအားလုံး တော့ မနေ့က သဘော်ဆိပ်ကို သူနာ့တင်ကားတစ်စီးမှ မသွားခဲ့ ဘူးလို့ ပြောကြတယ်"

"သူတို့ မသွားခဲ့ဘူးဆိုပေမယ့် သူနာ့တင်ကားတစ်စီး သဘော်ဆိပ်မှာ ကိုယ်ကိုယ်တိုင် မြင်ခဲ့တာပဲ" ဟု မေဆင် ပြောသည်။

"ဟုတ်တယ်လေ၊ ကျွန်တော်လည်း မြင်ခဲ့သားပဲ၊ ယာဉ်မော ရဲ့ ဘက်က တံခါးပေါက်အောက်နားမှာ သူနာ့တင်ယာဉ်ဆို စာတန်းကို ကျွန်တော်မြင်လိုက်တယ်၊ ပုဂ္ဂလိက သူနာ့တင်ကာ တစ်စီးလို့ပဲ ထင်လိုက်မိတယ်"

ထိုအချိန်တွင် တယ်လီဖုန်းမြည်လာ၍ ဒရိတ်က ကော နားထောင်ပြီး မေဆင်ကို လှမ်းပြောသည်။

"ဟုတ်ပြီဗျို့ . . . ပယ်ရီ၊ ကျွန်တော့်လူတွေ အဲဒီကား ခြေရာကောက်မိပြီ၊ အမှတ် ၃၆၁၈၊ စတော့တန်လမ်းမကြီးမှာနေ မော်ဂန်အိဗ်စ်နာမည်နဲ့ မှတ်ပုံတင်ထားသတဲ့၊ အဲဒီကို ကျွန်တော် လိုက်သွားကြမလား"

"အေး . . . လိုက်သွားတာပေါ့၊ ဒါပေမယ့် ဒယ်လာ ဖုန်းဆက်ပြီး ကိုယ်တို့ ဘယ်သွားမယ်ဆိုတာ ပြောထားဦးမှ





ပြီးတော့လည်း ခရိုင်ရုံးက ဘဲလ်နယူးဘာရီကို လွှတ်ပေးပြီ သိချင်သေးတယ်"

ဒရိတ်က တယ်လီဖုန်းလှမ်းပေး၍ မေဆင်က ၎င်းထို ာည်းခိုနေသော ဟိုတယ်သို့ လှမ်းဆက်သည်။

"ပယ်ရီမေဆင် ပြောနေပါတယ်၊ ကျေးဇူးပြုပြီး ကျုပ်ရဲ့ သီးသန့်ခန်းကို ဆက်သွယ်ပေးပါ"

ခဏအကြာတွင် အော်ပရေတာက ပြန်ပြောသည်။

"ဝမ်းနည်းပါတယ် မစ္စတာမေဆင်၊ ဆရာ့အခန်းက ာယ်လီဖုန်း ပြန်မထူးပါဘူး၊ ဘယ်သူမှ မရှိကြဘူး ထင်ပါတယ်"

"ရှိရမယ်လေ၊ ကျုပ်ရဲ့ အတွင်းရေးမှူး မစ္စဒယ်လာစထရိ ာပါ၊ ကျုပ်ဆီက ညွှန်ကြားချက်ယူဖို့ စောင့်ခိုင်းထားတာပဲ"

"မစ္စဒယ်လာစထရိဟာ ဆရာတို့ထွက်သွားပြီး သိပ်မကြာ င်မှာပဲ အပြင်ထွက်သွားတာ တွေ့ရပါတယ်၊ ကျွန်တော့်စားပွဲ ကပဲ ဖြတ်သွားတာပါ"

"ခင်ဗျား သေချာရဲ့လား"

"သေချာပါတယ် ဆရာ"

"မစ္စ ဒယ်လာစထရိ ဘယ်လိုဝတ်စားထားသလဲ"

"မိုးကာအင်္ကျီဝတ်ထားပြီး ဦးထုပ် ဆောင်းထားပါတယ် ရာ"

"လက်ဆွဲသေတ္တာတစ်ခုကော ဆွဲထားသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ဆရာ၊ လက်ပွေ့အိတ်ကလွဲလို့ လက် မှာ ဘာမှ မပါပါဘူး"

"ခုထိ ပြန်မလာသေးဘူးပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့ ဆရာ၊ ပြန်မလာသေးပါဘူး"

မေဆင်က မျက်မှောင်ကြုတ်လျက် စဉ်းစားနေပြီး "အင်းလေ . . . သူပြန်လာရင် ပြောလိုက်ပါ၊ တစ်နာရီလော အတွင်း ကျုပ်ပြန်လာခဲ့မယ်လို့ . . . " ဟုပြော၍ တယ်လီဖုန်း ပြန်ချလိုက်သည်။

ထို့နောက် မေဆင်နှင့် ပေါလ်ဒရိတ်တို့ စတော့ လမ်းမကြီး လိပ်စာဆီသို့ သွားရောက်ကြရာ နှစ်ထပ်နှင့် တစ် တိုက်ငယ်တစ်ခုကို တွေ့ရသည်။ မြေညီထပ်တွင် ဆိုင်ခန်း ရှိသည်။ အက်ဖ်ခရန်နီဗစ် အပ်ချုပ်ဆိုင်၊ ဒိုဘီဆိုင်နှင့် မာဘယ် ဖော့စ်ခေတ်ပုံဆိုင်တို့ဖြစ်သည်။ ဒုတိယထပ်မှာ လူရှိဟန်မတူ တတိယထပ်တွင်သာ လူငှားနေထိုင်ပုံရသည်။ မေဆင်နှင့် ဒရိတ် ဒရိတ်၏ တပည့်တစ်ဦး မောင်းပို့သောကားဖြင့် လာခဲ့ခြင်းဖြစ် ဒရိတ်၏ တပည့်အား ကားကို တလမ်းကျော်ခန့်တွင် ရပ်ထား ညွှန်ကြားခဲ့သည်။ ထို့နောက် အဆိုပါ တိုက်ငယ်ဆီသို့ နှစ်ယော သား လျှောက်လာခဲ့ကြသည်။ တိုက်ရှေ့နံရံတွင် တွေ့ရသေ စာတိုက်ပုံးကလေးများပေါ်မှ နာမည်များကို လိုက်ကြည့် တနေရာတွင် မော်ဂန်အိုဗ်စ်အမည်ကို တွေ့ရသည်။ မေဆင် နာမည်အောက်ရှိ လူခေါ် ခလုတ်ကို နှိပ်လိုက်သည်။ အပေါ်နှင့်



ခ်မှ ခေါင်းလောင်းမြည်သံသဲ့သဲ့ကို ကြားရသည်။ သို့ရာတွင် အတွင်းမှ တုံ့ပြန်ခြင်းမရှိ၍ မေဆင်က ခလုတ်ကို အတော်ကြာကြာ ပ်နှိပ်ထားသည်။ သို့ရာတွင် မထူးခြား၍ "ဘယ်သူမှ မရှိဘူး င်တယ်" ဟု ပြောလိုက်သည်။

ဒရိတ်က "အီဗလင်းဟာ ကားလ်မိုးကိုမှတ်မိပြီး သူ့ကို ညစ်ဖို့ ကြိုးစားခဲ့တယ်ဆိုရင် လူသတ်မှု ဖြစ်ပြီးတဲ့ အချိန်မှာ တို့ကို အလွယ်တကူ ခြေရာခံလို့ ရနိုင်မယ့် နေရာမှာ ကြာကြာ မှာ မဟုတ်ဘူးထင်တယ်" ဟု ထင်ကြေးပေးသည်။

"ဒီလိုဆိုလေ . . . အီဗလင်းကို တွေ့အောင်ရှာဖို့ ပိုအရေး ကြီးလေပဲ ပေါလ်၊ သူတို့ဘယ်မှာ ရှိတယ်ဆိုတာ ရှာကြရအောင် ကွာ"

"ဟိုင်နဲဆီမှာက မော်တော်ကား ရှိတယ်လေ၊ ဒါဆို သူတို့ ဘယ်လွယ်လေး လစ်ပြေးနိုင်မှာပေါ့"

"ငနဲက လည်ပင်းရိုးကျိုးနေတယ်လေ၊ ဒါကို မေ့ထားလို့ ဖြစ်ဘူး"

"ဒါဆို အမျိုးသမီးက မောင်းနိုင်တာပဲ"

မေဆင်က "ဒီမယ် ပေါလ်၊ ဒီအဆောက်အအုံမှာ ကား ခေါင် မရှိဘူး၊ သတိထားမိလား၊ ဒီတော့ ဒီအနီးအနား တစ်နေ ရာမှာ ကားထားတာပဲဖြစ်ရမယ်၊ လှည့်ပတ်ရှာကြည့်ကြရအောင်" ပြော၍ ကားစောင့်ခိုင်းထားသောနေရာသို့ ပြန်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် ကားဂိုဒေါင်တစ်ခုတွေ့၍ မေဆင်က ဂိုဒေါင်စောင့် ... တူသူကို ချဉ်းကပ်ပြီး မေးကြည့်သည်။

"မော်ဂန်အိဗ်စ်ရဲ့ကား ဒီမှာရှိသလား"

"မရှိဘူး" ဟု ပြန်ဖြေသည်။

အနီးအနားတွင် ထိုဂိုဒေါင်တစ်ခုသာရှိ၍ မေဆင် ... ကစ်စွပ်လိုစွပ်ပြား ထပ်မေးကြည့်သည်။

"သူ့ကားကို ထားတာတော့ ဒီမှာပဲ မဟုတ်လား"

ဂိုဒေါင်စောင့်က မေဆင်ကို အကဲခတ်ဟန်ဖြင့်ကြည့် ...

"ဟုတ်ပါတယ်၊ ဒီမှာပဲ ထားပါတယ်" ဟု ပြောသည်။

"သူ ဘယ်တော့ ပြန်လာမှာလဲ"

"ဒါတော့ ကျုပ်မသိဘူး"

"ဒီမယ် . . . အဲဒီကားနဲ့ပတ်သက်ပြီး ကျုပ်သိချင်တာ ... ပါ၊ ကားအခြေအနေက ဘယ့်နှယ့်လဲ ခင်ဗျား သိသလား"

"ခင်ဗျားက ဘာကိစ္စ သိချင်ရတာလဲ"

"ဩော် . . . ဒီလိုပါ၊ ကျုပ်က အဲဒီကား ဝယ်မလို့ ... ကားအရောင်းအဝယ် အေဂျင်စီတစ်ခုမှာ အိဗ်စ်က သူ့ကားကို ... ပြီး ကားအသစ်တစ်စီး လဲဖို့လာပြောထားတယ်၊ အဲဒီကလ ... ရတာနဲ့ ကျုပ်လိုက်လာခဲ့တာပါ၊ ဒါကြောင့် ကားအခြေအ ... ကောင်း မကောင်း ကြည့်ချင်လို့"

"ကားက အတော်ကလေးကောင်းပါတယ်၊ အိဗ်စ် ... ကားကို နာရီတစ်လုံးလို အချိန်မှန်မှန်သွားနေအောင် အင် ... ... စိုက်တာပဲ" ဟု ဂိုဒေါင်စောင့်က ပြန်ပြောသည်။

"ကားကို ကျုပ်ကြည့်ချင်တယ်ဗျာ၊ ဘယ်တော့လောက် ... ရင် ပြန်လာမယ်ထင်လဲ"

"ဒါတော့ ကျုပ်မသိဘူး၊ အိဗ်စ် ထွက်သွားတုန်းကတော့ ... ားပေါ်မှာ အထုပ်အပိုးတွေ တစ်ပုံကြီးပါသွားတာပဲ၊ ဘယ် ... ာက်ကြာမယ်ဆိုတာတော့ ပြောမသွားဘူး"

"သူ့မိန်းမကော ပါသွားသလား" ဟု မေဆင်က ... ခတ်တမဲ့ဟန်ဖြင့် မေးလိုက်သည်။

"အမျိုးသမီးတစ်ယောက်တော့ ပါသွားတာပဲ၊ သူ့မှာ မိန်းမ ... ယ်လို့တော့ ကျုပ်မသိပါလား"

"ဩော် . . . ကျုပ်က သူ့မှာမိန်းမရှိတယ်ထင်လို့ပါ၊ အခု ... ့တွေ့ချင်ရင် ဘယ်မှာ တွေ့နိုင်မယ်ထင်သလဲ"

"ဟင့်အင်း . . . ကျုပ်မသိဘူး"

"လော့စ်အိန်ဂျလိကို သွားတယ်လို့မထင်ဘူးလား"

"ဘယ်သွားတယ်ဆိုတာကို ကျုပ်မသိဘူး၊ သူကဒီလိုပဲ၊ ... လိုက် သွားလိုက်ပဲ၊ ကျုပ်တို့က မေးလည်းမမေးမိဘူး"

"ဒါဖြင့် သူဘယ်တုန်းက ထွက်သွားတာလဲ"

"မနေ့က ညနေသုံးနာရီလောက်ပဲ"

"ကောင်းပါပြီဗျာ၊ ကျေးဇူးပါပဲ၊ သုံးလေးရက်လောက်တော့ ... ကြည့်ဦးမယ်လေ၊ ဒါမှ ပြန်မလာရင်တော့ ကျုပ်လည်း တခြား ... ရှာရသေးတာပေါ့" ဟုပြော၍ မေဆင်တို့ ပြန်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲတွင် ထိုင်မိကြပြီးနောက် ဒရိုက်က "မော်ဂန်အိဗ် ဆိုတဲ့ငနဲက အတော် ဖျံကျပုံရတယ်၊ သူ့ကို မိဖို့တော့ မလွယ်ဘူး" ဟု ပြောသည်။

မေဆင်က "နေဦးပေါ့လေ၊ ကိုယ်တစ်ခုစဉ်းစားမိတယ် အီဗလင်းဟာ သင်္ဘောပေါ်မှာတုန်းက ကင်မရာတစ်လုံးနဲ့ ဓာတ် တွေရိုက်နေတာ သတိထားမိခဲ့တယ်၊ ဒီတော့ကာ သင်္ဘောဆိုက်ထ မနေ့က မနက်စောစောမဟုတ်လား၊ ဒါဆိုရင် သူရိုက်လာခဲ့တ ဖလင်တွေကို ခုနက အောက်ထပ်က ဓာတ်ပုံဆိုင်မှာဆေးခိုင်း ခိုင်းလိမ့်မယ် ထင်တယ်၊ ကဲပေါ့ကွာ၊ ဟုတ်သော်ရှိ မဟုတ်သော် ကိုယ်တော့အဲဒီဆိုင်ကို သွားပြီးကြိုးစားကြည့်ချင်သေးတယ်" ပြော၍ ထိုနေရာသို့ ကားကို ဆက်မောင်းခိုင်းသည်၊ ရောက်လျှ ဓာတ်ပုံဆိုင်ဆီသို့ မေဆင်ဆင်းသွားကာ တံခါးကို တွန်းဖွင့်၍ ဝ လိုက်သည်။

တံခါးဖွင့်လိုက်သည်နှင့် အတွင်းခန်းဆီမှ ခေါင်းလောင်း တစ်ချက် ကြားလိုက်ရပြီး ချက်ချင်းလိုလိုပင် အသက် ၅၀ နီး အမျိုးသမီးကြီးတစ်ဦး ခန်းဆီးကိုဖွင့်လျက် အပြင်ခန်းသို့ ထွက်လာ သည်၊ မေဆင်က. . .

"မစ္စက် မော်ဂန်အိ(ဗ်)စ်ရဲ့ဓာတ်ပုံတွေယူဖို့ ကျွန်တေ လာတာပါ၊ အီဗလင်းဝုစ်တင်းနာမည်နဲ့ အပ်ထားသလားမသိဘူး" ဟု ပြောလိုက်သည်။

"မစ္စက်အိ(ဗ်)စ်က လိပ်စာပေးသွားပြီး စာတိုက်ကပဲ လိုက်ဖို့မှာသွားတယ်" ဟု အမျိုးသမီးကြီးက ပြန်ပြောသည်။





မေဆင်က အရေးမကြီးဟန်ဖြင့် "ဟုတ်ပါတယ်၊ ပထမ ဘာ့ ကျွန်တော်လာဖြစ်မယ်မထင်လို့ အဲဒီလို မှာသွားတာပါ၊ သူက ကိုယ်တိုင်သွားယူရင် ပိုမြန်မယ်ဆိုပြီး ယူခိုင်းလိုက်ပါတယ်" ဟု ပြောလိုက်ရာ အမျိုးသမီးကြီးက ဘာမျှပြန်မပြောတော့ဘဲ အံဆွဲကို ၍ အဝါရောင်စာအိတ်နှစ်အိတ်ကို ရွေးထုတ်ပြီးကမ်းပေးသည်။

"ခြောက်ဒေါ်လာနဲ့ ခုနစ်ဆယ့်ငါးဆင့်ကျပါတယ်" ဟု က ပြောသည်။

မေဆင်က ဆယ်ဒေါ်လာတန်တစ်ရွက်ကို ထုတ်ယူ၍ တ်ပုံစာအိတ်များ၏ကျောဘက်ကိုတစ်ချက်လှမ်းကြည့်လိုက်သည်၊ အိတ်ပေါ်တွင် မစ္စက်အိ(ဗ်)စ်ဟူ၍ ခဲတံဖြင့် ရေးထားသော ည်မှလွဲ၍ လိပ်စာကို မတွေ့ရချေ။

"နေပါဦးဗျာ၊ သူကပြောတော့ ငါးဒေါ်လာထက် ပိုမကျ ဘူးလို့ ဆိုပါလား" ဟု မေဆင်က ပြောလိုက်ရာ အမျိုးသမီးကြီးက ဟုတ်ပါဘူးရှင်၊ ကျွန်မယူတဲ့ဈေးက မြို့ထဲကဆိုင်တွေနဲ့ယှဉ်ရင် ဈေးကြီးဈေးပေါပါတယ်၊ ခြောက်ဒေါ်လာနဲ့ ခုနစ်ဆယ့်ငါးဆင့် ဆော့ အနည်းဆုံး ယူထားတဲ့နှုန်းပါ" ဟု ပြန်ပြောသည်။

"တကယ်လို့ ဒီဓာတ်ပုံတွေကို စာတိုက်ကထည့်လိုက်ရင် ကြီးအတွက် ပိုက်ဆံဘယ်လိုရမလဲ" ဟု မေဆင်ကမေးသည်။

"ဒီစာအိတ်တွေကို သူပေးခဲ့တဲ့ လိပ်စာအတိုင်း လက်ခံသူ ချေစနစ်နဲ့ စာတိုက်က ပို့ဖို့ပဲ၊ ကျသင့်ငွေကိုလိပ်စာရှင်က ပေး မှ ပစ္စည်းကို သူရမှာပေါ့၊ ကျွန်မ အခုပဲ လိပ်စာရေးပြီး ပို့တော့



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ. . . သူက မှာလိုက်တုန်းက ငါးဒေါ်လာထက် ပိုမပေးရဘူးဆိုပြီး အခု ခြောက်ဒေါ်လာနဲ့ ခုနစ်ဆယ့်ငါးဆင့်ဖြ နေတယ်ဆိုတော့ ကျွန်တော်လည်း ကြားထဲက ပြောစရာမဖြ ချင်ဘူး၊ ဒီတော့ စာတိုက်ကပဲ ပို့ချင်ပို့လိုက်ပါလေ၊ ပို့ဆို မြန်မြ ကလေးတော့ လုပ်ပါနော်. . . မစ္စက်အိ(ဗ်)စ်က သူ့ဓာတ်ပုံတွေ အမြန်ဆုံးကြည့်ချင်နေတာ" ဟု မေဆင်က ပြောလိုက်၍ အမျိုးသမီး ကြီးက စာအိတ်များထဲမှ ဖလင်နဲ့ဓာတ်ပုံများကို ထုတ်ယူပြီး ဓာတ် ကူးစက္ကူ ထည့်သော အိတ်ကြီးတစ်ခုထဲသို့ ထည့်ပြီး ပြန်ပိတ်သည် ထိုနောက် စာအိတ်ကြီးကိုယူ၍ ဆိုင်နောက်ဘက်သို့သွားတ ရင်းမှတ်ထားသော လိပ်စာကို စာအိတ်ပေါ်တွင် ရေးနေသည် ထိုအချိန်တွင် မေဆင်က လှမ်းပြောသည်။

"ဒီမယ်. . . အစ်မကြီး၊ တစ်ဒေါ်လာနဲ့ခုနစ်ဆယ့်ငါးဆ ကွာတာကလေးနဲ့တော့ မထူးပါဘူးဗျာ၊ အစ်မကြီးပြောတဲ့အတိုင်း ကျွန်တော်ပေးပါ့မယ်၊ စာတိုက်ကဆိုရင် ကြာနေလိမ့်မယ်ထ တယ်"

"ဒါကတော့ ရှင့်သဘောပဲလေ" ဟု အမျိုးသမီးကြီးက ပြ ပြောသည်၊ မေဆင်က ဆယ်ဒေါ်လာတန်ငွေစက္ကူကို ကမ်းပေ လိုက်သည်။

"ဒါထက် မစ္စက်အိ(ဗ်)စ် ဘယ်တော့ပြန်လာမလဲ" ဟု ဆိုင်ရှင်အမျိုးသမီးကြီးက မေးသည်။





"တစ်ပတ်လောက်ကြာမယ်လို့ ပြောတာပဲ" ဟု မေဆင်က ပြန်ဖြေသည်။

"သူ့လူနာကော ဘယ့်နှယ့်နေလဲ"

"လည်ပင်းရိုးကျိုးနေတဲ့လူလား"ဟု မေဆင်ကပြန်မေး သည်။

"ဟုတ်တယ်လေ အဲဒီလူနာပေါ့"

"ဘယ့်နှယ့်နေလဲ ကျွန်တော်မသိဘူး၊ လူနာကို ကျွန်တော် တွေ့ခဲ့ဘူး" ဟု မေဆင်က ပြန်ပြောသည်။

"အဲဒီလူနာဖြစ်ပုံကလည်းရှင်. . . အတော်ကို ကသိကအောင့် ဖြစ်နေမှာပဲ၊ မစ္စက်အိ(ဗ်)စ်က ပြောတော့ အဲဒီလိုပဲ လည်ပင်းစွပ် ကြီးနဲ့ လနဲ့ချီပြီး နေရလိမ့်ဦးမယ်လို့ ဆိုတာပဲ၊ လူနာကို ဟိုနိုလူလူ ကနေ သင်္ဘောနဲ့ခေါ်ခဲ့ရတာတဲ့"

"သူ့နာတင်ကားနဲ့ တင်ခဲ့တာ မဟုတ်လား" ဟု မေဆင်က မေးသည်။

"ဟုတ်တယ်၊ သူ့နာတင်ကားပေါ်ကနေ ထမ်းစင်နဲ့သယ်ပြီး အပေါ်ထပ်ကို တင်ထားတာပဲ၊ လူနာကို အခုဘယ်သူပြုစုနေသလဲ သိဘူး၊ အပေါ်ထပ်ကို ဘယ်သူမှသွားလာတာလည်း မတွေ့ရဘူး"

"လူနာကို သူတို့နေရာရွှေ့သွားကြရောပေါ့"

"ကျွန်မတော့ သူ့နာတင်ကား တစ်စီးမှ နောက်ထပ်လာ တာလည်းမတွေ့ရဘူး"

"မစ္စက်အိ(ဗ်)စ်ရဲ့ ယောက်ျားကို အစ်မကြီးသိတာ ကြာပြီ လား"



www.burmeseclassic.com

www.burmeseclassic.com



"သူဒီတိုက်မှာနေကတည်းက သိခဲ့တာပဲ"

ထို့နောက် ဆိုင်ရှင်အမျိုးသမီးကြီးက မေဆင်အား ပိုက်ဆံ ပြန်အမ်း၍ ဓာတ်ပုံစာအိတ်ကို ပေးလိုက်သည်။ မေဆင်က ကျေးဇူး တင်စကားပြော၍ ပြန်ထွက်လာခဲ့သည်။ ကားတံခါးကိုဖွင့်၍ မေဆင် ဝင်ထိုင်လိုက်စဉ် ဒရိတ်က "ဘယ့်နှယ့်လဲ" ဟု လှမ်းမေ သည်။

"အဆင်ပြေခဲ့ပါတယ်။ အီဗလင်းက ဖလင်လိပ်အပ်ခဲ့ပြီ စာတိုက်ကပို့ပေးဖို့ လိပ်စာပေးခဲ့တာကိုး၊ ဒါနဲ့ လည်ပင်းရိုးကျိုးနေဲဟာ မော်ဂန်အီ(ဗ်)စ် မဟုတ်ဘူးကွ"

ဒရိတ်က မေဆင်၏ ပေါင်ပေါ်ရှိစက္ကူအိတ်ပေါ်မှ လိပ်စ ကို လှမ်းကြည့်သည်။ "ဒီလိပ်စာနေရာကို သိသလား" ဟု မေဆ ကမေးရာ ဒရိတ်က "သိတာပေါ့၊ ဆန်တာခရပ်စ်တောင်ကုန်းတေ ဘက်မှာပဲ" ဟု ပြန်ပြောသည်။

"ကားနဲ့မောင်းသွားရင် ဘယ်လောက်ကြာမလဲ"

"တစ်နာရီခွဲလောက် ကြာမယ်ထင်တယ်၊ မိုးရွာနေ တော့ နည်းနည်းပိုကြာနိုင်တယ်"

"ကောင်းပြီ၊ ဒါဖြင့် အဲဒီလိပ်စာဆီကို ဆက်သွားကြ ဒီဓာတ်ပုံတွေကိုတော့ စာတိုက်ကပဲ ထည့်လိုက်တော့မယ်"

"နေပါဦးပယ်ရီ၊ အီဗလင်းဟာ ကားလ်မိုးနဲ့ တစ်နည်းနည် အဆက်အစပ်ရှိတယ်ဆိုတာ ကျွန်တော်တို့ ဘယ်လိုလုပ်သိနိုင်မ"

"ဘယ်လိုဆိုတာတော့ မသိဘူး၊ ဒါပေမယ့် ကားလ်မိုး





ားစုကလွဲလို့ သဘော်ပေါ်မှာ သူ့ကိုမြင်ရုံနဲ့ သိနိုင်တာ အီဗလင်း ယောက်ပဲပါတယ်။ ကားလ်မိုးကလည်း အီဗလင်းကို မြင်ရုံနဲ့ နိုင် တယ်"

"ဆယ်လင်ဒါဒေးလ်ဆိုတဲ့ ကောင်မကလေးကကော"

"ဆယ်လင်ဒါက ဘဲလ်ရဲ့နောက်ကြောင်းကို စုံစမ်းတော့မှ ူဘာရီဆိုတာ ဘယ်သူလဲလို့ သိခဲ့ပုံရတယ်။ တကယ်တမ်းက ယ်လင်ဒါဟာ ကားလ်မိုးကို သိခဲ့တာမဟုတ်ဘူး၊ ဒါကြောင့် လည်း ဆယ်လင်ဒါကို သူ့အကြောင်းသိလိမ့်မယ်လို့ ထင်ခဲ့မှာ တ်ဘူး"

"ဆယ်လင်ဒါဟာ ဘဲလ်ရဲ့ဓာတ်ပုံကို ခိုးပြီးနောက်ကြောင်း း်ခဲ့တယ်လို့ ထင်သလားပယ်ရီ"

"အဲဒါ ဖြစ်နိုင်တယ်။ ဓာတ်ပုံချင်းလဲပြီး ဘဲလ်ရဲ့ဓာတ်ပုံကို ာစာရင်းစစ် ရွှန်နီဆိုတဲ့လူဆီ လေကြောင်းစာပို့နဲ့ ပို့ခဲ့လိမ့်မယ်၊ ာ အဲဒီဓာတ်ပုံနဲ့ ဘဲလ်ရဲ့နောက်ကြောင်းကို ဖော်ထုတ်ခဲ့တာ င်တယ်"

"ဒီအတိုင်းဆို ရွှန်နီပြောတာနဲ့ မတိုက်ဆိုင်ဘဲ ဖြစ်နေပါ " ဟု ဒရိတ်က မှတ်ချက်ချသည်။

"ကိုယ်လည်းအဲဒါ စဉ်းစားမိပါတယ်၊ တဲ့ . . . ဒီကိစ္စ ိုက် ပါအုံးကွာ၊ အခု ဒယ်လာဆီ တယ်လီဖုန်းဆက် ျင်သေးတယ်၊ ဒီသူနာပြုဆရာမ အီဗလင်းဆီက ကိုယ်တို့ ူသိနိုင်ဖို့ အကြောင်းရှိတယ်။ တကယ်လို့ ကားလ်မိုးကို



www.burmeseclassic.com

www.burmeseclassic.com



ကုန်းပတ်ပေါ်တက်လာအောင် ခေါ်တဲ့စာတိုကလေး ပေး
လူဟာ အီဗလင်းဖြစ်ခဲ့တာ မှန်ရင်တော့ ကိုယ်တို့လမ်းကြော
မှန်သွားပြီဆိုတာ သေချာတယ်။ ကြည့်ရတာတော့ ဒီအမျိုးသမီး
ခပ်ရှုပ်ရှုပ်လူတွေနဲ့ မကင်းရာ မကင်းကြောင်း ဖြစ်ခဲ့လိမ့်မေ
ဟဝိုင်အီကို သူ့ယောက်ျားနဲ့အတူတူ ခရီးထွက်ခဲ့ပြီး ယောက်ျား
အကြောင်းတစ်ခုခုနဲ့ လေယာဉ်ပျံနဲ့ ပြန်သွားတာဖြစ်နိုင်တယ်
အမျိုးသမီးက သင်္ဘောနဲ့ပြန်လာပြီး စရိတ်ကျေအောင် သူနာ
အလုပ်တစ်ခုကို လက်ခံခဲ့တာ ဖြစ်လိမ့် မယ်။ သင်္ဘောပေါ်
အီဗလင်းဟာ ကားလ်မိုးနဲ့ဆုံမိပြီး မှတ်မိသွားမယ်၊ ပြီးေ
ကားလ်မိုးဟာ နယူးဘာရီနာမည်ခံပြီး နေနေ တာကို သိသွား
အဲဒီအချိန်ဟာ အီဗလင်းအတွက် ငွေညှစ်မယ် ဆိုရင်ညှ
အကောင်းဆုံးအချိန်ပဲ။ ကားလ်မိုးမှာလည်း ခါးပတ်အိတ်နဲ့အ
ဒေါ်လာသောင်းရှစ်ထောင်ထက်မနည်း ပါလာတယ် မဟုတ်
ဟု မေဆင်က ပြောနေစဉ် ကားမောင်းလာသော ဒရိတ်၏
စုံထောက်က ကားကို ပလက်ဖောင်းဘေးတစ်နေရာ သို့ ထိုး
ပြီး. . . .

"မစ္စတာမေဆင်၊ တယ်လီဖုန်းဆက်မယ်ဆို၊ ဒီကဆ
လား" ဟု ပြောသည်။

မေဆင်က ကားထဲမှထွက်၍ လမ်းဘေးတယ်လီဖုန်း
ဂုင်း၏တည်းခိုရာ ဟိုတယ်သို့ ဖုန်းဆက်ကြည့်သည်။ ဒယ်လာ
ပြန်မရောက်သေးကြောင်း အော်ပရေတာက ပြန်ဖြေသ





ကြောင့် ကားဆီသို့ ပြန်လျှောက်လာပြီး "မဟုတ်သေးဘူးပေါ့၊
ယ်လာ အခုထိ ပြန်မလာသေးဘူးတဲ့" ဟု လှမ်းပြောသည်။

"ဆံပင်အလှပြင်ဆိုင်များ သွားနေသလားမသိဘူး" ဟု
ရိတ်ကပြောသည်။

"ဒယ်လာဟာ အဲဒီလို မိန်းကလေးမျိုး မဟုတ်ပါဘူးကွာ၊
အမှုကိစ္စအလုပ်တစ်ခုခုလုပ်ပြီဆိုရင် ကိုယ့်လိုပဲ နေ့မနား ညမနား
လုပ်တတ်တာပဲ၊ ခုအတိုင်းဆို ဒယ်လာဟာ ဒီအမှုနဲ့ ပတ်သက်ပြီး
တစ်ခုခုလုပ်နေတာ ဖြစ်လိမ့်မယ်"

"အေးဗျာ. . . သူနဲ့တွေ့တော့မှပဲ သိရမှာပေါ့၊ ခုလော
လောဆယ်တော့ ဆန်တာခရပ်စ်တောင်ကုန်းပေါ်က အီဗလင်းရဲ့
လိပ်စာရှိတဲ့နေရာကို ခရီးဆက်ကြဦးစို့"

"အဲဒီမှာ. . . မော်ဂန်အိဗ်စ် ဆိုတဲ့ ငနဲကိုပါ တွေ့မယ်ထင်
သလား"

"တွေ့လိမ့်မယ် ထင်တာပဲ" ဟု ဒရိတ်က ပြန်ပြောသည်။

ထို့နောက် ကားကိုဆက်မောင်းလာပြီး လမ်းတွင် မေးမြန်း
မေး၍ လိပ်စာပါ နေရာကို ရှာဖွေကြသည်၊ ရွှံ့ဗွက်များ ထူထပ်
သော လမ်းတစ်လျှောက် အတန်ကြာ မောင်းလာခဲ့ရပြီးနောက်
တစ်နေရာတွင် သစ်ပင်အုပ်များအောက်၌ ခပ်ကြမ်းကြမ်းဆောက်
ထားသော တောအိမ်ငယ်တစ်လုံးကို တွေ့ရသည်။

"လူရှိတာ သေချာတယ်၊ ခေါင်းတိုင်က မီးခိုးတွေတယ်"
ဟု အိမ်ခေါင်မိုးရှိ မီးခိုးခေါင်းတိုင်ကို လှမ်းကြည့်၍ ဒရိတ်ကပြော
သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကားရပ်၍ဆင်းကြပြီး မေဆင်က တံခါး
ခေါက်သည်၊ တံခါးလာဖွင့်သူမှာ အီဗလင်းဝုစ်တင်း ကိုယ်တိုင်
ပြီး မေဆင်ကိုမြင်လိုက်သည်နှင့် အကြီးအကျယ် အံ့အားသင့်
ဟန်ဖြင့် . . .

"အလို. . . ရှေ့နေ မစ္စတာ မေဆင်မဟုတ်လား၊ ဘာ
လုပ်တာလဲ" ဟု မေးသည်။

မေဆင်က ခေါင်းညိတ်ပြလျက်. . .

"အထဲဝင်ပါရစေ မစ္စဝုစ်တင်း၊ ခင်ဗျားနဲ့ စကားပြော
ရှိလို့ပါ" ဟု ပြောလိုက်သည်။

သူမက တံ့ဆိုင်းနေပြီးမှ ဘေးသို့ ဖယ်ပေးပြီး မေဆ
ကို ဝင်ခွင့်ပြုသည်။

"အခု ခင်ဗျားတစ်ယောက်တည်းလား" ဟု မေဆ
မေးသည်။

အီဗလင်းက ခေါင်းညိတ်ပြ၍ မေဆင်က "မစ္စတာ မော
အိုဝ်စ်နဲ့ ကျုပ်စကားပြောချင်တယ်" ဟု ပြောသည်။

"သူ ဒီမှာ မရှိပါဘူး"

"သူ ဘယ်တော့ ပြန်မလဲ"

"မသိဘူးရှင့်"

"သူဘယ်မှာလဲ ခင်ဗျားသိသလား"

"မသိဘူးရှင့်"





မေဆင်က ကုလားထိုင်တစ်လုံးတွင်ဝင်ထိုင်၍ "ခင်ဗျားကို
အားတော့နာပါတယ်၊ ဒါပေမယ့် ခင်ဗျားဆီက သိချင်တာကလေး
တွေ မေးချင်ပါတယ်" ဟု ပြောသည်။

"ကျွန်မ ဘာမှမသိဘူးရှင့်"

"ဒီလို လုပ်ကြရအောင်လေ၊ အစက ပြန်ကောက်ပြီး မေးပါ
ရစေ၊ ကားလ်မိုးကို ခင်ဗျားသိတယ်မဟုတ်လား"

"ဟုတ်ကဲ့. . . သိပါတယ်"

"သူနဲ့မတွေ့တာ ဘယ်လောက်ကြာပြီလဲ"

"သူ လက်ထပ်ပြီးကတည်းက မတွေ့တော့ဘူး၊ နှစ်ချို့ပြီး
ကြာပြီပေါ့"

"ဟိုနိုလူလူကအပြန် သင်္ဘောပေါ်မှာ သူ့ကိုခင်ဗျား တွေ့ခဲ့
တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ တွေ့ပါတယ်"

"ကျုပ် ရှင်းရှင်းပဲ ပြောတော့မယ်ဗျာ၊ ခင်ဗျားကို ကျုပ်
မေးနေတာက ခင်ဗျားဟာ ကျုပ်အတွက် အင်မတန်အရေးပါတဲ့
သက်သေတစ်ယောက် ဖြစ်လာနိုင်တယ်လို့ ယူဆလို့ပဲ၊ ကျုပ်အနေနဲ့
ခင်ဗျား လက်ထပ်တဲ့ကိစ္စ၊ ဟိုနိုလူလူကို ဗျားရည်ဆမ်းခရီးထွက်တဲ့
အကြောင်းတွေအားလုံး သိပြီးပြီ"

"ဗျားရည်ဆမ်းခရီး မဟုတ်ပါဘူးရှင်" ဟု သူမက ပြန်ပြော
လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျားတို့ ဘာအတွက် ခရီးထွက်ခဲ့ကြတာလဲ"

"ဒီလိုပါ၊ ဟိုနိုလူလူကို ကျွန်မယောကျ်ားနဲ့အတူ ခရီးထွက်ခဲ့တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဆန်ဖရန်စစ္စကို ပင်လယ်ကျေ က သင်္ဘောမထွက်ခင် မော်တော်တစ်စင်း သင်္ဘောဘေးကပ်လာပြီး ကျွန်မယောကျ်ားဟာ အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ ပြန်လိုက်သွားခဲ့တယ်၊ ကျွန်မတစ်ယောက်တည်း ဟိုနိုလူလူကို ဆက်သွားဖို့ သူက ပြောသွားတယ်၊ သူကိစ္စပြီးပြီးချင်း လေယာဉ်ပျံနဲ့ လိုက်လာခဲ့မယ် လို့ ပြောပါတယ်"

"လိုက်တော လာသလား" ဟု မေဆင်က မေးသည်။

"ဟင့်အင်း. . ."

"ခင်ဗျားပြန်လာတာ ခင်ဗျားရဲ့အစ်မဆီ အကြောင်းမကြားဘူးမဟုတ်လား"

"ဟုတ်ကဲ့၊ ကားတိုက်မှုဖြစ်ပြီး ဒဏ်ရာရလာတဲ့ မစ္စတာကတ်မင်းကို ပြုစုဖို့ ကျွန်မ အလုပ်တစ်ခု ရခဲ့တယ်၊ ဒါနဲ့ပဲ မစ္စတာကတ်မင်းရဲ့ သူနာပြုအဖြစ် ကျွန်မ ပြန်လာခဲ့တာပဲ"

"ခင်ဗျား ပြန်လာတဲ့အကြောင်း ဘယ်သူ့ကိုမှ အသိမပေးခဲ့ဘူး မဟုတ်လား၊ ခင်ဗျားရဲ့အစ်မကိုလည်း ဟိုနိုလူလူမှာ ခင်ဗျားရှိနေ တုန်းပဲလို့ ထင်အောင်ဖန်တီးခဲ့တယ်၊ ရက်စွဲ ကြိုတင်ပြီး ရေးထားတဲ့စာတွေကို ထည့်ခိုင်းခဲ့တယ် မဟုတ်လား"

"ရှင် ဒါတွေ ဘယ်လိုလုပ်သိသလဲ"





"ခင်ဗျားအစ်မနဲ့ ကျုပ်တို့ တွေ့ခဲ့ပြီးပြီ၊ ပြောရရင်တော့ ကျုပ်တို့ အတော်ကလေး ပြည့်ပြည့်စုံစုံ စုံစမ်းထားပြီးပါပြီ"

မေဆင်ကပြောလိုက်ရာ အီဗလင်းက တစ်စုံတစ်ခု ကို ပြောမည်ပြုပြီးမှ ဣန္ဒြေဆည်၍ နှုတ်ခမ်းကိုကိုက်ကာ ကြမ်းပြင်ကို ကြည့်နေသည်။

ခဏအကြာမှ . . .

"ကျွန်မပြောစရာရှိတာတွေ ပြောနိုင်အောင် ကျွန်မယောကျ်ား ပြန်လာတဲ့အထိ စောင့်ရရင် ပိုကောင်းမယ်ထင်တယ်" ဟု သူမက ပြောသည်။

"ဒီလိုဆို ခင်ဗျားယောကျ်ားက ပြန်လာချိန် နီးပြီလား"

"အို. . . အဲဒါက. . . ကျွန်မ. . ."

သူမက ဆက်မပြောတော့ဘဲ ဆိတ်ဆိတ်နေသည်။ မေဆင်နှင့် ဒရိတ်တို့အပြန်အလှန်ကြည့်လိုက်ကြပြီးမေဆင်က. . .

"ခင်ဗျားကို ဘာကြောင့် ကျုပ်လာမေးနေတယ်ဆိုတာ နားလည်လိမ့်မယ်ထင်ပါတယ် မစ္စက်အီဗ်စ်၊ ကျုပ်ဟာ မစ္စမိုးရဲ့ ရှေ့နေအဖြစ် ဆောင်ရွက်နေတာ ဖြစ်ပါတယ်" ဟု ပြောလိုက်လေသည်။

အီဗလင်း ခေါင်းညိတ်ပြ၍ စဉ်းစားနေပြီးမှ ရုတ်တရက် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်. . .

"ကောင်းပါပြီ မစ္စတာမေဆင်၊ ကျွန်မ မှန်တာပြောပါ့မယ်၊ ဒေါ်ဂန်နဲ့ လက်မထပ်ခင် အရင်က ကျွန်မ တစ်ကြိမ် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးပါတယ်၊ အိမ်ထောင်ရေးကံဆိုးတယ် ဆိုရမှာပါ၊ သိပ်မကြာ
မှာပဲ ကွာရှင်းခဲ့ကြရပါတယ်၊ ယောကျ်ားတချို့နဲ့ ကျွန်မသိကျွ
ပါသေးတယ်၊ အဲဒီအခါမှာ ယောကျ်ားတွေ ဖောက်ပြန်တာ
သိလာခဲ့ပါတယ်၊ ဒီလိုနဲ့ မော်ဂန်နဲ့လက်ထပ်ပြီး ဟိုနိုလူလူ
အပျော်ခရီး အတူထွက်လာတုန်း ခရီးအစမှာပဲ မော်ဂန်ဟာ အ
ကြီးတဲ့ ကိစ္စရှိလို့ဆိုပြီး ပြန်သွားခဲ့ပါတယ်၊ ကျွန်မတစ်ယောက်တ
ခရီးဆက်ခဲ့ရပြီး ဟိုနိုလူလူကိုရောက်တော့ မော်ဂန်လုပ်သွား
ကျွန်မ ပြန်စဉ်းစားကြည့်ပါတယ်၊ ဧကန္တ သူဟာ တခြားမိ
တစ်ယောက်နဲ့ရှုပ်ဖို့ နေရစ်ခဲ့တာပဲလို့ သံသယဖြစ်လာပြီး ပြည်
ပြန်ဖို့ စိတ်ကူးပေါက်လာပါတယ်၊ ဒါပေမယ့် ကျွန်မမှာ ငွေ
လုံလုံလောက်လောက်မပါခဲ့လို့ အခက်အခဲ ရှိနေခဲ့ပါတ
အဲဒီတုန်း ကားမှောက်ပြီး ဒဏ်ရာရထားတဲ့ မစ္စတာကတ်
ကလည်း ပြည်မပြန်ပြီး ဆေးကုဖို့ စီစဉ်နေတာနဲ့ ကြုံကြိုက်
တော့ သူ့ကို ပြုစုပြီး ပြန်လိုက်သွားဖို့ အခွင့်အရေး ရလာခဲ့ပါတ
ကျွန်မပြန် လာတာ ဘယ်သူမှ မသိစေချင်လို့၊ ဟိုနိုလူလူ
ကျွန်မရှိနေသေး တယ်လို့ ထင်အောင် ကြိုတင်ရက်စွဲတပ်စာ
ရေးပြီး ထည့်ခိုင်းခဲ့တာပါ၊ မော်ဂန်ဆီကို အဲဒီလို စာတွေရေးခဲ့
ကျွန်မအစ်မ မာရီယန်ဆီကိုလည်း ရေးခဲ့ပါတယ်၊ မာရီယ
မော်ဂန်တွေ့လို့ရှိရင် အချိတ်အဆက်မိအောင် လုပ်ခဲ့တာပါ"

"ဒါဖြင့် ခင်ဗျား ဒီကိုပြန်ရောက်တော့ ဘာလုပ်သလဲ"





"မော်ဂန်နေတဲ့တိုက်ခန်းကို ပထမဦးဆုံးသွားခဲ့ပါတယ်၊ ဘာကယ်လို့ တခြားမိန်းမတစ်ယောက်ယောက်နဲ့ တွဲနေတာဆိုရင်လည်း လက်ပူးလက်ကြပ်ဖမ်းရအောင်လို့ ပြီးတော့လဲ. . ."

ထိုစဉ် အပြင်လမ်းပေါ်မှ မော်တော်ကားတစ်စီး မောင်းသာသံကြား၍ သူမက စကားကို ရပ်လိုက်သည်။ ခဏအကြာတွင် ကားရပ်သံကြားရပြီးနောက် လူတစ်ယောက် လမ်းလျှောက်လာသံကို ကြားရသည်။ ထိုနောက် တံခါးကို တွန်းဖွင့်၍ ယောကျ်ားတစ်ယောက် ဝင်လာသည်။ အီဗလင်းအစ်မ မာရီယန်ထံတွင်တွေ့ခဲ့သော ဓာတ်ပုံထဲမှလူဖြစ်၍ မော်ဂန်အိုဝ်စ် ဖြစ်ကြောင်း မေဆင်က ချက်ချင်းသိလိုက်သည်။ ထိုသူက တံခါးဘောင်တွင်မှီလျက် လက်ကို ကွတ်အကျႌလက်ဝဲဘက်အောက်၌ ထည့်ထားကာ လှမ်းပြောသည်။

"ဒါက ဘာသဘောလဲ၊ ဘာလုပ်နေကြတာလဲ"

မေဆင်က. . .

"ဖြည်းဖြည်းပေါ့ အိုဝ်စ်၊ ကျုပ်က ရှေ့နေပယ်ရီမေဆင်ပါ'

တု လှမ်းပြောသည်။

မောရန်က အနေအထားမပြောင်းဘဲ . . .

"ကောင်းပြီး အဲဒီတော့ဘာဖြစ်သလဲ၊ ခင်ဗျားတို့ဘာလာလုပ်ကြတာလဲ" ဟုမေးသည်။

"ကျုပ်တို့ မေးစရာရှိတာလေးတွေ မေးနေတာပါ" ဟု မေဆင်ကပြန်ပြောသည်။ "ခင်ဗျားတို့ ဘာမေးမေးဘာအဖြေ



www.burmeseclassic.com

www.burmeseclassic.com



ရမှာမဟုတ်ဘူး" ဟု မော်ဂန်က ပြောပြောဆိုဆို ဒရိတ်၏တပ‌ေ စုံထောက်ဘက်သို့ လှမ်းကြည့်လျက်. . .

"ဒီမှာကိုယ့်လူ၊ ခင်ဗျား ညာဘက်လက် ငြိမ်ငြိမ်နေစမ်း တစ်ချက်ကလေးလှုပ်တာနဲ့ ဒုက္ခရောက်သွားမယ်" ဟု လှမ်းပြေ သည်။

ခေတ္တမျှတိတ်ဆိတ်ပြီး တင်းမာနေကြစဉ် ပယ်ရီမေဆ က သူ၏စီးကရက်ဗူးကိုဖွင့်ကာ စီးကရက်တစ်လိပ်ထုတ်ယူ ဘူးပေါ်တွင် စီးကရက်ဖင်ကိုဆောင့်ရင်း. . .

"အေးအေးဆေးဆေး စကားပြောကြရအောင် အိုဗ်စ်" ဟ ပြောလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားပြောစရာရှိတာ ပြောစမ်းပါ"

မေဆင်က စီးကရက်ကို မီးညှိလိုက်ပြီး အီဗလင်းက ဆေ လိပ်ပြာခွက်ကမ်းပေးသည်ကို ကျေးဇူးတင်ကြောင်းပြော၍ ကုလာ ထိုင်တွင်သက်သောင့်သက်သာကျောမှီထိုင်လျက်ဆက်ပြောသည်

"ကျုပ်က ရှေ့နေပါ အိုဗ်စ်၊ မစ္စက်မိုးရဲ့ ရှေ့နေပါ၊ ခုဆို ကျုပ်အမှုသည်ဟာ လူသတ်မှုနဲ့ တရားစွဲခံရဖို့ ရှိနေတယ်၊ အခ ဖြစ်ပွားတဲ့ သင်္ဘောပေါ်မှာ ခင်ဗျားဇနီးဟာ လည်ပင်းရိုးကျိုးနေ လူနာတစ်ယောက်ကို ပြုစုပြီး ပါလာခဲ့ပါတယ်၊ ခင်ဗျားဇနီးဟာ သေသူ မစ္စတာမိုးကို လက်မထပ်ခင်ကတည်းက သိကျွမ်းခဲ့တယ မိုးဟာ နယူးဘာရီဆိုတဲ့ နာမည်နဲ့ သင်္ဘောပေါ်မှာ ပါလာခဲ့တာ ဒီတော့ အခု ဖြစ်ပွားခဲ့တဲ့အမှုနဲ့ ပတ်သက်ပြီး ခင်ဗျားဇနီးအနေ





ကျုပ်ကို ကူညီနိုင်တာ ရှိလိမ့်မယ်လို့ တွက်ပြီး အခုလာတွေ့တာပါ"

"ကောင်းပြီ၊ ခင်ဗျားသူ့ကို မေးမြန်းပြီးပြီ မဟုတ်လား၊ သူက ဘာတွေပြောသလဲ"

"ကျုပ် ဒီကိုလိုက်မလာခင် အီဗလင်းကို လိုက်ရှာခဲ့တယ်၊ အဲဒီတော့ သူဟာ ခင်ဗျားနဲ့ လက်ထပ်ပြီး ဟိုနိုလူလူကို ပျားရည် ဆမ်းခရီး ထွက်သွားတယ်လို့ သိခဲ့ရတယ်၊ အခု မေးကြည့်တဲ့အခါ ခင်ဗျားက သင်္ဘောပေါ်က ဆင်းနေခဲ့ပြီး သူတယောက်တည်း သွား ခဲ့ရတယ်လို့ ပြောတယ်၊ ဟိုမှာ တယောက်တည်း အထီးကျန်ဖြစ်နေ တာနဲ့ ခင်ဗျားဆီကို ပြန်လာခဲ့တယ်၊ အပြန်ခရီးမှာ လူနာ တစ်ယောက်ပြုစုဖို့ အလုပ်ရတာနဲ့ လက်ခံခဲ့တယ်၊ အဲဒီ အကြောင်း တွေ ပြောပြခဲ့တာပဲ"

"တခြားကော ဘာတွေပြောလိုက်သေးလဲ အီဗလင်း" ဟု မော်ဂန်အိုဗ်စ်က သူ့ဇနီးကို မေးသည်။

"တခြား ဘာမှမပြောပါဘူး၊ ခုပြောခဲ့တာ အကုန်ပါပဲ" ဟု သူမကပြန်ဖြေသည်။ မော်ဂန်အိုဗ်စ်က တစ်မိနစ်ခန့်မျှ စဉ်းစား နေပြီးနောက် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်၍ စီးကရက်တစ်လိပ် မီးညှိကာ မေဆင်ကို အကဲခတ်ဟန်ဖြင့် လှမ်းကြည့်နေသည်။ ပြီးမှ ပြောသည်။

"ကောင်းပြီ မေဆင်၊ ခင်ဗျား ဘာလိုချင်သလဲ၊ ခင်ဗျား အတွက် အကူအညီပေးရင် ဘယ်လိုတုံ့ပြန်မလဲ၊ ငွေရေးကြေးရေး ဘယ်လိုရှိမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သက်သေထွက်ဆိုချက်ရဖို့ ကျုပ်ဘယ်တော့မှ ဝယ်မယူ တတ်ဘူး အိဗ်စ်" ဟု မေဆင်က ခပ်အေးအေး ပြန်ပြောသည်။

"သြော်. . . ဒီလိုလား၊ အဲဒီလိုဆိုရင် ကျုပ်တို့က ဘာမှ အကျိုးကျေးဇူးမရှိဘဲ ခင်ဗျားကို ကူညီရုံသက်သက်အတွက် တရားရုံး ကို လာခဲ့ရမှာလား၊ အလကားမဟုတ်တာတွေ လာပြောမနေစမ်း ပါနဲ့"

"မဟုတ်သေးဘူးလေ၊ ဒါက မှန်ကန်ရာမှန်ကန်ကြောင်း ဖြစ်ဖို့အတွက် ကူညီရမယ့်ကိစ္စပဲ၊ လူသတ်မှုတစ်ခုမှာ အစွပ်စွဲခံရသူ အနေနဲ့ ဘယ်လိုခံစားရမလဲဆိုတာ ခင်ဗျား အသိဆုံးပါ၊ ခင်ဗျား ကိုယ်တိုင် လူသတ်မှုနဲ့ တရားစွဲခံရဖူးသားပဲ မဟုတ်လား"

"ဒီအကြောင်း ခင်ဗျားကို ဘယ်သူက ပြောသလဲ" ဟု မော်ဂန်အိဗ်စ်က ဒေါသတကြီးမေးသည်။

"ဒီလိုပေါ့လေ၊ တစ်ယောက်ယောက်ဆီက သိရတာပေါ့" ဟု မေဆင်က ပြန်ပြောသည်။

အိဗ်စ်သည် စက္ကန့်အတော်ကြာမျှ ဆိတ်ငြိမ်လျက် စီးကရက်ကိုသာ ဖွာရှိုက်နေသည်။ ပြီးမှ ပြောသည်။

"ကောင်းပြီ မစ္စတာမေဆင်၊ ခင်ဗျားလိုချင်တာ ကျုပ်စီစဉ် ပေးပါ့မယ်၊ တကယ်တမ်းက ကားလ်မိုးကို အီဗလင်းဟာ သင်္ဘော ပေါ်မှာတွေ့ပြီး မှတ်မိခဲ့တယ်၊ အဲဒီတော့ မိုးက အီဗလင်းကို တနင်္ဂနွေနေ့မှာ ကုန်းပတ်ပေါ်ကစောင့်နေပြီး သူ့အခြေအနေကို ပြောပြခဲ့တယ်၊ သူမကျူးလွန်ခဲ့တဲ့ ကုမ္ပဏီငွေအလွဲသုံးမှုအတွက်





ကို အမှုဆင်ခံနေရတဲ့အကြောင်း ပြောပြတယ်၊ ဒါကြောင့် အရှက် ကွဲမဖြစ်ရမယ့်လမ်းကို သူရွေးတော့မယ်လို့ အီဗလင်းကို ပြောတယ်"

"မိုးက သူဘာလုပ်မယ်ဆိုတာကို ပြောပြသလား"

"တိတိကျကျတော့ မပြောပြဘူးပေါ့၊ ဒါပေမယ့် သူ့ကိုယ်သူ သတ်သေမယ့်သဘော ပြောပြခဲ့တာပဲ၊ ဒါပေမယ့် မစ္စက်မိုးဟာ အကြောင်းကို မသိဘူး၊ ဒါကြောင့်လည်း ကုန်းပတ်ပေါ်လိုက်လာပြီး ယောကျ်ားကို ရှင်းပစ်ခဲ့တာပေါ့"

"မစ္စက်မိုးလက်ချက်ဆိုတာ ခင်ဗျားဘယ်လိုသိသလဲ"

"နှစ်နှင့်နှစ်ပေါင်းရင် လေးဖြစ်တာပေါ့၊ ပြီးတော့လဲ အေလင်းဖဲလ်ဆိုတဲ့ အမျိုးသမီးက ဖြစ်ရပ်တစ်ခုလုံးကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့တယ်ဆိုတာလဲ မမေ့နဲ့လေ"

"အေလင်းဖဲလ် အကုန်လုံးမြင်ခဲ့တယ်လို့ပြောတာ မဖြစ်နိုင် ဘူး ဘာပဲဖြစ်ဖြစ်လေ၊ ခင်ဗျားဇနီးရဲ့ထွက်ဆိုချက်ဟာ ကျုပ်အမှု သည်အတွက် အခြေအနေတစ်မျိုးဖြစ်နိုင်တယ်၊ ဒီတော့ အီဗလင်း သက်သေထွက်ချက်ကို ကျုပ်လိုချင်တယ်၊ ရမယ်မဟုတ်လား"

"ရပါတယ်လေ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ကျုပ်မိန်းမ သက်သေထွက်ချက်ကြောင့် ဆေးအတွက်ပိုလေးဆိုတာလို ဖြစ် သွားနိုင်တယ်နော်၊ သတိပေးလိုက်ပါရဲ့"

"ဘယ်လိုထွက်ချက်မျိုးမို့လဲ" ဟု မေဆင်ကမေးရာ မော်ဂန်အိဗ်စ်က အီဗလင်းအား တစ်ချက်လှမ်းကြည့်ပြီး "သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



တို့ပြောလိုက်ရင် ကောင်းမလား" ဟု မေးသည်။ အီဗလင်း ခေါင်းခါပြပြီး "သူမသိတာဘဲ ပိုကောင်းပါတယ်" ဟု ပြန်ပြောသည် အိဗ်စ်က "ကောင်းပြီလေ ပြောမနေတော့ပါဘူး" ဟု ပြောလို သည်။

မေဆင်က အီဗလင်းကို လှမ်းပြောသည်။ "ထားပါ ခင်ဗျားသိတာတွေကို သက်သေခံပေါ်ရောက်တော့ ပြောပြ ဒါပေမယ့် ကျုပ်အမှုသည် မစ္စက်မိုးဟာ ဘယ်လိုထွက်ချက်မျိုး ကြံ့ရကြံ့ရ အပြစ်မကျနိုင်ဘူးဆိုတာ ကျုပ်ကအာမခံတယ်"

"ဘယ့်လောက် အရေးကြီးတဲ့ ထွက်ချက်မျိုးလဲဆို ခင်ဗျားမှ မသိဘဲ" ဟု အိဗ်စ်က ပြောသည်။

"ဟုတ်တယ်လေ၊ ကျုပ်မသိပါဘူး"

မေဆင်က သွားစေ့ပြုံးလျက် ပြန်ပြောသည်။

"ဘယ့်နှယ့်လဲ ပြောလိုက်ရမလား" ဟု အိဗ်စ်က အီဗ ကို မေးပြန်သည်။ အမျိုးသမီးက ခေါင်းယမ်းပြပြန်သည်။ အိဗ်စ် "ကောင်းပြီလေ၊ ဒီအကြောင်း မပြောတော့ပါဘူး" ဟု ပြောလို သည်။

မေဆင်က "ကျုပ်မရှင်းတာကလေး တစ်ခုနှစ်ခုလော တော့ သိချင်တယ်၊ အခင်းဖြစ်ပွားတဲ့ညက ကားလ်မိုးကို ကုန်း ပေါ်လာဖို့ စာတိုကလေး ရေးပို့ပြီးခေါ်တာ ခင်ဗျားမဟုတ်လ" ဟု အီဗလင်းကို မေးလိုက်သည်။





သူမက "ကြံကြီးစည်ရာရှင်၊ သဘော်စာရင်းကိုင် စားပွဲရှေ့ ာ စာအိတ်တစ်အိတ်တော့ ကျွန်မထားခဲ့တယ်၊ အဲဒါကလဲ ကျွန်မ းသောက်ခဲ့တဲ့ ကျသင့်ငွေ ချက်လက်မှတ် ထည့်ပြီး ထားခဲ့တာပါ" ု ပြန်ပြောသည်။

"အင်းလေ. . . သဘော် အခန်းစောင့် တစ်ယောက်က ဒီစားပွဲမှာ စာအိတ်တစ်အိတ် ခင်ဗျားချခဲ့တာ တွေ့တယ်လို့ ြာတာပဲ၊ ဒါက အရေးမကြီးပါဘူး၊ ဒါထက်ခင်ဗျား ပြုစုခဲ့တဲ့ ူနာကော ဘယ့်နှယ့်နေလဲ၊ သူကော ဘာဖြစ်သွားသေးလဲ"

အီဗလင်းက မော်ဂန်အိဗ်စ်ကို တစ်ချက် အမြန်ကြည့်လိုက် ည်၊ ဤတွင် မော်ဂန်အိဗ်စ်က ဝင်ပြောသည်။

"သူက ဒီကိစ္စမှာ မဆိုင်ပါဘူး၊ အီဗလင်းနဲ့ပြောကြ ဆိုကြ ာတွေကိုလည်း လူနာက မကြားဘူး"

မေဆင်က "လူနာရဲ့နာမည်က ရော်ဂျာကတ်မင်းနော်၊ အခု ွတာကတ်မင်းဘယ်မှာလဲ" ဟု မေးသည်။ အိဗ်စ်က "မသိဘူး ာ၊ ဆန်ဖရန်စစ္စကို ရောက်လာပြီးမှတော့ သူ ဘယ်သွားသွား၊ ျုပ်တို့ ဂရုစိုက်စရာမလိုပါဘူး၊ သူ့မိတ်ဆွေတွေက လာခေါ်သွား ြတာပဲ"

ထိုအချိန်တွင် မေဆင်က သူ၏ အိတ်ထဲမှ တရားရုံးဆင့် ို့ စာရွက်ကို ထုတ်ယူလိုက်ပြီး. . .

"ကောင်းပါပြီ၊ ဒီမယ်. . . အီဗလင်း၊ မနက်ဖြန် တရားရုံး ာ ထွက်ဆိုချက် လာပေးဖို့ ခင်ဗျားကို ဆင့်ဆိုစာပေးခဲ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နာမည်နဲ့ ရေးပေးခဲ့ရမလဲ၊ အီဗလင်းဝုစ်တင်းလား၊ အီဗလင်း အိုဗ်စ်လား"

"အီဗလင်းဝုစ်တင်းလို့ပဲ ရေးပါလေ၊ ကျုပ်တို့ လက်ထပ်ထားတာက အတည့်အလင်း ကြေညာရသေးတာမှ မဟုတ်တာ ပြီးတော့လည်း ကျုပ်နာမည်ပါနေယင် မီးခိုးကြွက်လျှောက် ရှည်နေဦးမယ်၊ ကျုပ်မှာကလည်း ရဲမှတ်တမ်းတွေ ရှိခဲ့ဖူးတယ်လေ" ဟု အိုဗ်စ်က ပြောသည်။

"အဲဒီအကြောင်းတွေ ကျုပ်သိပါတယ်" ဟု မေဆင်က ပြောပြီး သက်သေခေါ်သည့် တရားရုံးဆင့်ဆိုစာပုံစံကို ဖြည့်နေနေသည်၊ ထိုနောက် အမျိုးသမီးကို လှမ်းပြောသည်။

"ဒီမယ်. . . အီဗလင်းဝုစ်တင်း၊ မနက်ဖြန်မနက် ၁၀ နာရီမှာ တရားရုံးကို အရောက်လာခဲ့ပါ၊ ကာလီဖိုးနီးယား ပြည်နယ်နဲ့ အင်နာမိုးရဲ့ အမှုမှာ တရားခံပြ သက်သေအဖြစ် ထွက်ဆိုရလိမ့်မယ်"

အိုဗ်စ်က "ကိုင်း. . . ဒါပဲ မဟုတ်လား၊ ခင်ဗျားတို့အားလုံး ဒီနေရာက မြန်မြန်ပြန်ကြွကြပေတော့၊ ကျုပ် အခုဒီမှာ ပျားရည်ဆမ်း ခရီးထွက်နေတာဗျ" ဟု ပြောလိုက်လေသည်။

* * * *



အခန်း (၁၂)

တည်းခိုရာ ဟိုတယ် အောက်ထပ်သို့ ဝင်လာကြစဉ် ပယ်ရီ မေဆင်က ပေါလ်ဒရိတ်ကို ပြောသည်။

"ဒီအိုဗ်စ်ဆိုတဲ့ ငနဲနဲ့ ဆက်ဆံရတာ ကိုယ်တော့ သိပ်ဘဝင်မကျဘူးကွ ပေါလ်"

ဒရိတ်က "အိုဗ်စ်ဟာ တကယ် လူလိမ်လူရှုပ် တစ်ယောက်ပါ ဒါပေမယ့် ခင်ဗျားကိုတော့ နည်းနည်းလန့်တယ်နဲ့ တူတယ်၊ ဒါပေမဲ့ ဂျူရီအဖွဲ့မှာ အီဗလင်း ထွက်ဆိုတဲ့အခါ ကားလ်မိုးက သူ့ကို ပြောခဲ့တာတွေ ထွက်ဆိုရင်တော့ ခင်ဗျားအတွက် အထောက်အကူဖြစ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က "ခုလောလောဆယ်တော့ အီဗလင်း ပြုစုလာတဲ့ လူနာရော်ဂျာကတ်မင်းကို တွေ့အောင် ရှာစေချင်တယ်ကွာ တတ်မင်း ဒဏ်ရာရခဲ့တဲ့ ကားမှောက်မှုကိုလည်း ဟဝိုင်အီကျွန်း မော်တော်ယာဉ် မတော်တဆ ဖြစ်မှုတွေအားလုံး ပြန်လိုက်ပြီး ရအောင် ရှာစေချင်တယ်၊ ပြီးတော့ သူ့မိတ်ဆွေတွေက ဘယ်သူတွေလဲ၊ သူ အခု ဘယ်မှာရှိသလဲ၊ အဲဒါတွေရအောင် လိုက်ပေးကွာ"

"ဟုတ်ပြီဗျာ၊ ကျွန်တော် ခုချက်ချင်းလုပ်ငန်းစတော့မယ်" ဟု ဒရိတ်က ပြောသည်၊ မေဆင်က ဟိုတယ်စာရေး၏ စားပွဲသို့ သွား၍ သော့တောင်းပြီး "ဒယ်လာစထရိ ပြန်ရောက်ပြီလား" ဟု မေးရာ၊ စာရေးက မရောက်သေးကြောင်း ပြန်ပြောသည်။

မေဆင်က ၎င်း၏ ယာယီရုံးခန်း ဖွင့်ထားသော ပဉ္စမထပ်ရှိ သီးသန့်ခန်းသို့ ဓာတ်လှေကားဖြင့် ချက်ချင်း တက်လာခဲ့၏ အခန်းတွင်လည်း ဒယ်လာထံမှ တစ်စုံတစ်ရာ အကြောင်းကြား ရေးထားခဲ့ခြင်း မတွေ့၍ မေဆင် စိတ်ပူသွားပြီး ဒရိတ်အား ဒယ်လာကို အမြန်ရှာခိုင်းသည်။

"မင်းတပည့်တွေကို တမြို့လုံး ဖြန့်ပြီး ရှာခိုင်းပေတော့ မော်တော်ကားတိုက်မှုတွေ အားလုံးကို စာရင်းယူခိုင်း၊ ဆေးရုံတိုင်းမှာ အရေးပေါ်လူနာစာရင်းတွေ မေး၊ အမြန်ဆုံး လုပ်ကြစမ်းပါကွာ" ဟု မေဆင်က ပြော၍ ဒရိတ်က ခေါင်းညိတ်ပြပြီး အခန်းကူးတံခါးမှတစ်ဆင့် ၎င်း၏အခန်းဘက်သို့ အပြေးဝင်ရောက်သွားကာ တယ်လီဖုန်း တစ်လုံးဖြင့် အလုပ်များနေတော့သည်။





ထိုစဉ် မေဆင်၏ တယ်လီဖုန်းခေါ်သံမြည်လာ၍ ကောက်ကိုင်နားထောင်လိုက်ရာ ဘဲလ်နယူးဘာရီ၏ အသံကို ကြားရ၏။

"မင်း ဘယ်က ပြောနေတာလဲဘဲလ်" ဟု မေဆင်က မေး၍ ဘဲလ်က "ကျွန်မ ဟိုတယ်ကပြောနေတာ၊ ဆရာကြီးဆီ ကျွန်မ တစ်ညနေလုံး ဖုန်းလှမ်းဆက်နေတာ ခုမှရတယ်" ဟု ပြန်ပြော၏။

"ဒါနဲ့. . . ဒယ်လာဆီက ဘာကြားသေးသလဲ ဘဲလ်"

"ဟင့်အင်း. . . ဆရာကြီး၊ ကျွန်မ ဆရာကြီးတို့ဆီကို နာရီဝက်ခြား တစ်ခါ ဖုန်းဆက်နေတာပဲ၊ ဘယ်သူမှ ဖုန်းမကိုင်ဘူး"

"အေး. . . ဒီလိုဆို ခုချက်ချင်း အငှားကားတစ်စီးငှားပြီး ဒီကို မြန်မြန်လာခဲ့၊ မင်းကို ပြောစရာတွေရှိတယ်" ဟု မေဆင်က ပြော၍ တယ်လီဖုန်း ပြန်ချပြီး၊ ၎င်း၏ သီးသန့်ရုံးခန်းနှင့် တပ်လျက်ရှိသည့် ဒယ်လာ၏ အိပ်ခန်းဆီသို့ လျှောက်သွားသည်၊ အနီးရောက်မှ ခြေလှမ်းပြန်ရုပ်ပြီး ဒရိတ်၏အခန်းသို့ လှည့်လာခဲ့သည်။ ဒရိတ်မှာ တယ်လီဖုန်းဖြင့် ညွှန်ကြားချက်များပေး၍ ပြီးခါစရှိသေးသည်။

"ဒီမယ်. . . ပယ်ရီ၊ ဒယ်လာ မတော်တဆ တစ်ခုခုဖြစ်တယ် ဆိုရင်တော့ နာရီဝက်အတွင်း သတင်းရစေမယ်ဗျာ"

"ဒယ်လာ တစ်ခုခုဖြစ်လို့များတော့ နာရီဝက်ကြာမှ သိရမယ် ဆိုတာ သိပ်ကြာတာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"သတင်းရရချင်း လှမ်းပြောဖို့ ခိုင်းထားပါတယ်ဗျာ၊ ဒီမြို့
ရှိတဲ့ ကျွန်တော့်ရုံးခွဲကလူတွေအပြင် သူတို့ကြိုက်သလောက် အ
လူတွေခေါ်ပြီး သုံးဖို့လည်း မှာထားပါတယ်" ဟု ဒရိတ်
ပြောတော့ မှ မေဆင်က ခေါင်းညိတ်ပြပြီး၊ "ဘဲလ်နယူးဘာရီ
လိမ့်မယ်ကွ" ဟု ပြန်ပြောသည်။

"ဩော် . . . ကောင်မလေးကို သူတို့လွှတ်လိုက်ပြီ
ဟုတ်လား"

"အေးကွာ၊ ကောင်မလေးဆီက ဟိုငွေ ဒေါ်လာ ၁၈ဝ
ကိစ္စ သိချင်လို့ သူတို့ဆွဲထားခဲ့ကြတာပဲ၊ ကိုယ် ဒီကို စောစော
တည်းက ပြန်လာခဲ့ဖို့ ကောင်းတယ်ကွာ၊ ကိုယ်တို့က လှည့်
ပြီး သဲလွန်စတွေနောက်ကို လိုက်နေတုန်း ဒယ်လာခမျာ ကြီး
ကျယ်ကျယ် ဒဏ်ရာရပြီး ဆေးရုံများ ရောက်နေသလား
ဘူး . . ."

"ဒယ်လာမှာ ပိုက်ဆံအိတ် ပါသွားမှာပေါ့၊ ဟုတ်
မဟုတ်လား"

"အေး . . . ပါမယ်ထင်တာပဲ"

"ဒါဆို . . . သူ တစ်ခုခုဖြစ်ရင် သူ့အိတ်ထဲက လိပ်စာ
ပြီး လှမ်းဆက်သွယ်မှာပေါ့၊ လော့စ်အိန်ဂျလိစ်ရုံးကိုများ လှမ်း
ကြောင်းကြားမလား မသိဘူး၊ အဲဒီကို လှမ်းဆက်ကြည့်ရအောင်
ဟု ဆိုကာ ပေါလ်ဒရိတ်က လော့စ်အိန်ဂျလိမြို့ရှိ ပယ်ရီမေဆင်
ရုံးသို့ ဖုန်းလှမ်းဆက်ပြီး မေးမြန်းသည်။ သို့ရာတွင် ဒယ်လာ





ပတ်သက်၍ တစ်စုံတစ်ရာ သတင်းမရကြောင်း လော့စ်အိန်ဂျလိရုံးမှ
အကြောင်းပြန်ကြားသည်။ ထိုအခါ ပေါလ်ဒရိတ်က ဖြစ်နိုင်ခြေများ
ကို စဉ်းစားနေပြီးနောက် သူ၏ ထင်မြင်ချက်ကို မေဆင်အား
တင်ပြလိုက်သည်။

"ဒယ်လာဟာ သူ ဘယ်သွားတယ်ဆိုတဲ့ အကြောင်း
ခင်ဗျားဆီ စာကလေးတောင် ရေးမထားခဲ့၊ တယ်လီဖုန်းလည်း
မဆက်ခဲ့ဘူးဆိုတော့ အတော်ကလေး သုတ်သီးသုတ်ပျာ
ထွက်သွား တာ ဖြစ်ရမယ်၊ နည်းနည်းကလေးမှ အချိန်မပေးနိုင်ဘဲ
တမန်းကတန်း ထွက်သွားတာမျိုး ဖြစ်ရမယ်"

"အေး . . . မင်းတွေးတာ မဆိုးဘူးကွာ၊ မင်း ဘယ်လို
စဉ်းစားမိသလဲ ပေါလ်"

"ဒီလိုဗျာ၊ ဒယ်လာဟာ ကျုပ်တို့နှစ်ယောက် အီဗလင်းရဲ့
အစ်မ မာရီယန်ဝုစ်တင်းဆီကို သွားတယ်ဆိုတာ သိတယ်၊
အင်မတန် အရေးကြီးတဲ့ကိစ္စမျိုးမဟုတ်ရင် ကျွန်တော်တို့ရှိနေတဲ့
မာရီယန်ရဲ့ တိုက်ခန်းကို ဒယ်လာ ဖုန်းလှမ်းဆက်မှာ မဟုတ်ဘူး၊
ဘာကြောင့်လဲဆိုတော့ မာရီယန်ဆီက ကျွန်တော်တို့ သတင်းနှိုက်
ခဲ့သွားတယ်ဆိုတာ ဒယ်လာသိထားလို့ပဲ"

"လိုရင်းကို ပြောစမ်းပါကွာ၊ အချီးတွေ နိဒါန်းတွေ လုပ်
နေစမ်းပါနဲ့"

"အေးဗျာ . . . ပြောပါ့မယ်၊ ကျွန်တော်တို့ မာရီယန်ဆီ မသွား
ခင်ကလေး ခင်ဗျားရဲ့ မိတ်ဆွေသဘော် စားပွဲထိုးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လာသွားပြီး အပြာရောင်ပိုးထည်စတစ်ခု ပေးသွားတာ မှတ်မိတ
မဟုတ်လား၊ အဲဒီအစကို ကျွန်တော်တို့ သုံးပိုင်းပိုင်းပြီး. . ."

မေဆင်က ခေါင်းညိတ်ပြ၍ သူ၏ အကျႌအိတ်ထဲမှ အပြ
ရောင် ပိုးထည်စတစ်ခုကို စမ်းယူလိုက်ပြီး. . .

"အင်း. . . ဟုတ်ပြီ၊ ဒီတော့ ဒယ်လာဟာ အဲဒီအပြာရော
ပိုးထည်စ ဘယ်သူဟာဆိုတာ ခြေရာကောက်မိသွားမယ်လို့ မင်း
ထင်လို့လား"

"ကျွန်တော်တော့ အဲသလိုထင်တာပဲ၊ ဒယ်လာဟာ သ
သံသယဖြစ်တဲ့အချက်ကို သေချာအောင် ထွက်စုံစမ်းတာ ဖြစ်နိုင်
တယ်၊ အဲဒီတုန်းမှာ တစ်ယောက်ယောက်က တစ်ခုခုလုပ်ထားတာ
ဖြစ်နိုင်တယ်"

"ဟာကွာ မဖြစ်နိုင်တာပဲ"

"မဖြစ်နိုင်ဘူး မထင်နဲ့လေ၊ အဲဒီပိတ်စဟာ သင်္ဘောလ
ရန်း အပြင်ဘက်မှာ တွေ့ခဲ့ရတာ မဟုတ်လား"

မေဆင်က ခေါင်းညိတ်ပြသည်။

"ပင်လယ်ပြင်မှာ လှိုင်းထန်နေတုန်း သင်္ဘောလက်ရ
အပြင်ထွက်ပြီး ဒီပိတ်စကို ဘယ်သူကမှ ချည်ထားမှာ မဟုတ်ဘူ

"မင်းက ဘာစဉ်းစားမိလို့လဲ"

"ကားလ်မိုးကို တစ်ယောက်ယောက်က လုပ်ကြံခဲ့တယ်
တာ ဖြစ်နိုင်တယ်လို့ စဉ်းစားမိတာပေါ့၊ မျက်မြင်သက်သေ
အေလင်းဖဲလ် ပြောတာတွေဟာ အမှန်တွေဖြစ်နိုင်တယ်၊ မိန်း





စ်ယောက်က ကားလ်မိုးကို သင်္ဘောလက်ရန်းဆီ တရွတ်တိုက်
ဆွဲသွားပြီး တွန်းချလိုက်တယ်ဆိုတာလေ၊ အဲဒီတုန်းမှာ ကားလ်မိုး
ဟာ ကြောက်အား လန့်အား လှမ်းဆွဲလိုက်လို့ အမျိုးသမီးရဲ့
ဝတ်စုံက စုတ်ပြဲပါသွားလိမ့်မယ်၊ ကားလ်မိုး လိမ့်အကျမှာ ပိတ်စ
ဟာ ကြိုးချည်ငုတ်နဲ့ ငြိကျန်နေခဲ့တာ ဖြစ်နိုင်တယ်"

"အဲဒါက မင်းစိတ်ကူးနဲ့ ပြောနေတာပဲ ပေါ့လ်"

"ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း အဲဒီအပြာရောင် ပိုးထည်
ပိတ်စ သင်္ဘောလက်ရန်း အပြင်ဘက်က ကြိုးချည်ငုတ်ပေါ်မှာ
ငြိနေခဲ့တာ ဘာကြောင့် ဖြစ်နိုင်တယ်ဆိုတဲ့ တခြားစိတ်ကူးကို
ကျွန်တော့်ကို ပြောပြစမ်းပါ" ဟု ဒရိတ်က ပြန်ပြော၍ မေဆင်က
မျက်လုံးကို ရှုံ့လျက် အတွေးနက်နက် စဉ်းစားနေပြီး ကြမ်းခင်း
တော်ဖောဆီသို့ ငေးကြည့်နေသည်။

ထိုစဉ် တယ်လီဖုန်းမြည်လာ၍ မေဆင် နားထောင်လိုက်
ရာ လော့စ်အိန်ဂျလိရုံးမှ သူ၏ လက်ထောက်ရှေ့နေ ဂျက်ဆင်၏
အသံကို ကြားရသည်။ ဂျက်ဆင်က ဒယ်လာစထရိနှင့် ပတ်သက်၍
၎င်းတို့ထံသို့ သတင်းတစ်စုံတစ်ရာ မရရှိကြောင်း ထပ်မံအစီရင်ခံခြင်း
ဖြစ်သည်။ မေဆင် ဖုန်းပြန်ချမည်ပြုစဉ် ဟိုတယ် တယ်လီဖုန်း
အော်ပရေတာက လော့စ်အိန်ဂျလိလိုင်းကို ဖြတ်၍ တစ်ဆက်တည်း
ဝင်ပြောသည်။

"မစ္စတာမေဆင်. . . မစ္စနယူးဘာရီဆိုတာ အောက်ထပ်
မှာ ရောက်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ကိုလှတ်လိုက်ပါ" ဟု မေဆင်က ပြန်ပြောလို သည်။ ဘဲလ်နယ်ဘာရီ ဝင်လာချိန်တွင် မေဆင်သည် အပြာရေ ပိုးထည်ပိတ်စပိုင်းကလေးကို လက်ထဲတွင် ဖြန့်လျက် ကြည့်နေ သည်။ မေဆင်က ဘဲလ်အား နှုတ်ဆက်ကြိုဆို၍. . .

"ဘယ့်နှယ့်လဲဘဲလ်၊ ထိန်းသိမ်းခံခဲ့ရတာ အတော်ဆေ ဆိုးခဲ့သလား" ဟု မေးသည်။

"သိပ်ဆိုးတာပဲ ဆရာကြီးရယ်၊ မေမေက ပိုသနားစ ကောင်းတယ်၊ ကျွန်မထက် ပိုဆိုးမှာပဲ"

"အင်းလေ. . . ကလေးမရဲ့ အမေကို ဆရာ ဒီညပဲသွာ တွေ့လိုက်ပါမယ်၊ နက်ဖြန်မနက် ပဏ္ဏာမကြားနာမှုလုပ် အစီအစဉ် ရှိတယ်၊ နက်ဖြန်ညဆို ဘဲလ်ရဲ့အမေ အပြင်ရောက် ပါပြီ" ဟု မေဆင်က ပြောလိုက်၍ ဘဲလ်၏ မျက်လုံးများ ပြူးတ သွားပြီး ဝမ်းသာအားရဖြင့် "သေချာရဲ့လား ဆရာကြီးရယ်" ဟု ပြန်မေး သည်။

မေဆင်က ခေါင်းညိတ်ပြပြီး. . .

"ဒီနေ့ တညနေလုံး သက်သေတယောက်နောက်က ဆရာတို့ လိုက်နေခဲ့တယ်၊ အဲဒီသက်သေက ဒီအမှုမှာ ပြေလည် သွားအောင် လုပ်ပေးနိုင်မယ့်လူပဲ၊ သူက ကားလ်မိုးဟာ ထော ချောက်ဆင်ခံရတဲ့အကြောင်း သိတယ်၊ ဒါကြောင့်လည်း အရှက်တ ဖြစ်ပြီး သမီးအတွက် မျက်နှာပျက်ရမယ့် အခြေအနေမျိုး မရော





ခင် သူကိုယ်သူ အဆုံးစီရင်ဖို့ ကားလ်မိုးက ဆုံးဖြတ်ခဲ့တဲ့အကြောင်း အဲဒီသက်သေက ထွက်ဆိုနိုင်တယ်"

"ဒီလိုဆို ဆရာကြီးရယ်၊ ဖေဖေဟာ သူကိုယ်သူ သတ်သေ သွားတယ်လို့ ဆိုလိုတာလား"

မေဆင်က ခေါင်းညိတ်ပြပြီး. . .

"အဲဒါ ဘဲလ်ကို သူ အင်မတန် တန်ဖိုးထားလို့ပဲကွယ်"

"ဒါပေမယ့် ဖေဖေ ဘာကြောင့် အဲသလို လုပ်သွားရတာလဲ"

"ဆရာထင်တာတော့ သူရခဲ့တဲ့ ငွေတွေဟာ မရိုးသားတဲ့ နည်းနဲ့ရခဲ့တာမို့လို့ ဖြစ်နိုင်တယ်"

ဘဲလ်က ခေါင်းကိုဖြည်းညင်းစွာခါယမ်းပြီး ပြန်ပြောသည်။

"ဒါမျိုး ဖေဖေ ဘယ်တော့မှ လုပ်ခဲ့မယ် မထင်ပါဘူး ဆရာ ကြီးရယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ ဖြစ်ရပ်တွေကတော့ အဲသလိုပဲ ညွှန်ပြ နေတာပဲ၊ ပြီးတော့လည်း ဆရာခုနကပြောတဲ့ သက်သေက ဒီအတိုင်းပဲ ကျမ်းကျိန်ထွက်ဆိုလိမ့်မယ်" ဟု မေဆင်က ပြောလိုက် သည်။

ထိုစဉ် မေဆင်၏ လက်ထဲတွင် ကိုင်ထားသော ပိုးထည်စ ကလေးကို ဘဲလ်က သတိထားလိုက်မိ၍ လှမ်းမေးသည်။

"ဆရာကြီးလက်ထဲ ကိုင်ထားတာ ဘာပိတ်စလဲ"

မေဆင်က သူမထံ ကမ်းပေးလိုက်ပြီး "ဒီပိတ်စမျိုး တွေ့ဖူး သလား" ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဲလ်က အသေအချာကြည့်၍. . .

"တစ်နေရာရာမှာ ကျွန်မ မြင်ဖူးသလိုလိုပဲ" ဟု ပြန်ပြော သည်။

"သဘော်ာပေါ်မှာတုန်းကတွေ့ခဲ့တာ ဖြစ်လိမ့်မယ် အထည်စနဲ့ ချုပ်ထားတဲ့ ဝတ်စုံမျိုးကို အမျိုးသမီးတစ်ယောက် ဝတ်ခဲ့တယ်၊ ညစာ စားပွဲဝတ်စုံ ဖြစ်နိုင်တယ်"

"အို. . . ကျွန်မသိပြီ ဆရာကြီး၊ ဘယ်သူဝတ်တဲ့ဟာဆို ကျွန်မ မှတ်မိပြီ"

"ဟုတ်လိုက်လေကွယ်၊ ဘယ်သူ ဝတ်ခဲ့တာလဲကွယ့်"

"ဟိုသူနာပြု ဆရာမဝတ်တာ တွေ့ဖူးတယ်"

မေဆင်က ပေါလ်ဒရိတ်ကို တစ်ချက်ကြည့်လိုက်ပြီး. . .

"အီဗလင်းဝှစ်တင်းလား" ဟု ဘဲလ်ကို မေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာကြီး၊ လည်ပင်းရှိုးကျိုးနေတဲ့ လူတစ်ယောက် ကို ပြုစုပြီး ပါလာတဲ့ သူနာပြုဆရာမလေ"

"သေချာရဲ့လားကွယ့်"

"လုံးဝ သေချာပါတယ် ဆရာကြီး" ဟု သူမက ပြန်ဖြေ သည် မေဆင်က ပေါလ်ဒရိတ်ကို လှမ်းပြောသည်။

"ပေါလ်ရေ. . . ဒီအတိုင်းဆိုရင် အဖြေတစ်ခုတော့ တို့ရပြီ ဒယ်လာဟာ ဒီပိတ်စသဲလွန်စနောက်ကို လိုက်ခဲ့တာဖြစ်မှာ အီဗလင်းဝှစ်တင်းဟာ ဟိုတောင်ကုန်းပေါ်က အိမ်မှာ မနေ့မွန်း ပိုင်းကစပြီး ရှိနေခဲ့တယ်၊ မော်ဂန်အိုင်ဗစ်ကတော့ တစ်ညလုံး





ဒြားမှာ ရောက်နေတယ်၊ အိုင်ဗစ်ဟာ မှတ်တမ်းဝင် လူဆိုး တစ်ယောက်ပဲ၊ ဒီတော့ကာ ဒယ်လာဟာ အီဗလင်းဝှစ်တင်းကို ထောက်စုံစမ်းနေတယ်ဆိုရင် အိုင်ဗစ်က တစ်ခုခုလုပ်. . ."

မေဆင်၏စကားမဆုံးမီ ဒရိတ်က တယ်လီဖုန်းဆီသို့ လှမ်းလိုက်ပြီး "ကျွန်တော်တို့ ဘာလုပ်ကြမလဲ မယ်ရီ" ဟု မေးသည်။

မေဆင်က . . .

"မင်းလူတွေကို လက်နက်ခဲယမ်းအပြည့်အစုံနဲ့ တပ်ဖြန့်ပြီး ခိုင်းပေတော့၊ တို့ကတော့ ဟိုတောင်ပေါ်အိမ်ကို ပြန်လိုက်ကြ ယ်ပေါလ်၊ ကိုင်း. . . လာ သွားကြရအောင်"

ဒရိတ်က ကပျာကယာ တယ်လီဖုန်းခွက်ကို ကောက်ကိုင် သူ၏ ရုံးခွဲသို့ လှမ်းဆက်သည်။ ဒရိတ် တယ်လီဖုန်း ဆက်နေစဉ် ယ်နယူးဘာရီက အကျိုးအကြောင်း မေးမြန်း၍ မေဆင်က ယ်လာစထရိ ပျောက်နေကြောင်း အပြာရောင် ပိုးထည်စပိုင်ရှင်ကို ခြရာခံ၍ လိုက်သွားရင်း ပျောက်နေခြင်း ဖြစ်ကြောင်း ရှင်းပြ သည်။

"ဒီလိုဆို ကျွန်မ တစ်ခုခုကူညီနိုင်မလား ဆရာကြီး" ဟု ဘဲလ်က မေးသည်။

မေဆင်က "အေးကွယ်. . . မင်း ဒီမှာ စောင့်နေပြီး ဆရာ တွင်းရေးမှုးနေရာမှာ ယာယီဝင်နေပေးပါ၊ ဆရာ့ဆီ ဝင်လာတဲ့ ကြောင်းကြားချက်တွေအားလုံး မှတ်သားထားပြီး ဆရာ့ဆီက



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလှမ်းဆက်တဲ့အခါ အပြည့်အစုံ အစီရင်ခံနိုင်အောင် ပြင်ဆင်ထားပါ။ ဒီမယ်ပေါလ်၊ မင်းရဲ့နံ့ကိုလည်း မှာထားလိုက်ပါ၊ အကြောင်းထူးရင် ဒီကို လှမ်းဆက်ပြီး အခြေအနေအားလုံး ဘဲလ်ကို ပြောပြပါလို့" ဟု ပြော၍ ၎င်း၏လက်ဆွဲသေတ္တာ ထားရာဆီသို့ လျှောက်သွားသည်၊ ထိုနောက် သေတ္တာထဲမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်ယူကာ ခါး၌ ထိုးထားလိုက်သည်။

ထို့နောက် ဖုန်းဆက်၍ မပြီးသေးသော ဒရိတ်အား အမြန်ဖြတ်ခိုင်းပြီး ထွက်လာခဲ့ကြသည်။

*　　　*　　　*　　　*



## အခန်း (၁၃)

အီဗလင်းတို့ စုံတွဲ နားခိုနေကြသော တောင်ပေါ်အိမ်ရှိရာသို့ မော်တော်ကားနှစ်စီး အရှေးတကြီး မောင်းလျက်ရှိနေ ... မေဆင်တို့နှင့်အတူ ပေါလ်ဒရိတ်၏ တပည့်စုံထောက်များ ... လိုက်ပါလာကြသည်၊ ဒရိတ်က "ဟိုရောက်ရင် ဘယ်လို စခန်း ... အလဲ ပယ်ရီ၊ ဖြစ်နိုင်ရင်တော့ အကြမ်းပတမ်းကိစ္စတွေ မဖြစ် ... အောင် ရှောင်တာကောင်းတယ်" ဟု ပြောသည်။

မေဆင်က "ဒယ်လာနဲ့ ပတ်သက်ပြီး မော်ဂန်အီဗိစ်ဆိုတဲ့ ... ဘာသိထားသလဲဆိုတာ ဖော်ထုတ်ရမှာပဲ၊ ခုအချိန်မှာတော့ ... အနေနဲ့ ဒယ်လာအတွက် သိပ် စိတ်ပူနေတယ်ကွာ" ဟု ... သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်စ်ကို ခင်ဗျား ထိပ်တိုက်တွေ့ရင်တော့ မှားလိမ့်မ
ထင်တယ်၊ ဒီလို ငနဲမျိုးနဲ့ အပေးအယူလုပ်ပြီး ဆက်ဆံရင်
လည်တတ်ပါတယ်၊ ဗင်ဒင်စီကတစ်ဆင့် အိပ်စ်ကို ကိုင်ရင် ရနိ
တယ်ဗျ"

"ဗင်ဒင်စီက ဘာမို့လို့လဲ"

"မော်ဂန်အိပ်စ်ကို လူသတ်မှုက လွတ်အောင် လိုက်ပေ
တဲ့ ရှေ့နေလေဗျာ၊ သူကတစ်ဆင့် သွားရင် ခင်ဗျားအတွ
အားလုံး ပြေလည်သွားနိုင်တယ်"

"ကြားလူနဲ့သွားရတာ မကောင်းပါဘူးကွာ၊ တိုက်ရို
လုပ်ရှားတာ ပိုအကြိုက်ဆုံးပဲ၊ လူတစ်ယောက်နဲ့ကိုယ် စကားပြော
ဆိုရင် အဲဒီလူမှန်တာပြောသလား မပြောဘူးလား ကိုယ်အ
ခတ်တတ်ပါတယ်၊ အခုလည်း အိပ်စ်ကို ဒယ်လာအကြောင်း မေး
အခါ သူ့မျက်လုံးကြည့်လိုက်ရင် သူ လိမ်ပြောသလား၊ လိမ်မပြော
ဘူးလား ကိုယ်သိနိုင်ပါတယ်"

"တကယ်လို့ သူက လိမ်ပြောပြီဆိုပါစို့ ခင်ဗျားဘာလုပ်မ
ပယ်ရီ"

"သူ့ကို ထောင်ထဲပို့လိုက်မှာပေါ့"

"ထောင်ထဲပို့မယ် ဟုတ်လား၊ ဘယ်လိုလုပ်မှာလဲ"

"လုပ်နိုင်တာပေါ့၊ တရားဥပဒေကြောင်းအရ ပုဂ္ဂလိ
နိုင်ငံသားတစ်ယောက်ဟာ ဥပဒေ ဖောက်ဖျက်ကျူးလွန်တဲ့ တ
လူတယောက်ကို ဖမ်းနိုင်ခွင့်ရှိတယ်၊ သူဖမ်းဆီးတဲ့လူဟာ ဥပဒေ





ဖောက်ဖျက် ကျူးလွန်ကြောင်း ယုံကြည်လောက်တဲ့ အထောက်
အထားတွေရှိရင် ဖမ်းဆီးပြီး ရဲလက်ကို အပ်နိုင်တယ်လေ"

"ခင်ဗျားမှာ အဲသလို ခိုင်လုံတဲ့ အထောက်အထားတွေရှိ
သို့လား ပယ်ရီ"

"ခိုင်လုံတဲ့ အထောက်အထားတွေရအောင် ကိုယ်လုပ်
င်ပါတယ်ကွာ" ဟု မေဆင်က ပြောလိုက်သည်။ ထို့နောက် နာရီ
က်ခန့်ကြာအောင် စကားမပြောဘဲ ငြိမ်သက်နေကြသည်။
ားမောင်းသူမှာ လမ်းကျွမ်းကျင်သူဖြစ်၍ အရှိန်ပြင်းစွာဖြင့်
ောင်းနှင်လျက် ရှိသည်။ အတန်ကြာလျှင် မေဆင်က ယာဉ်မောင်း
အား လှမ်းပြောသည်။

"ရှေ့နားရောက်ရင် လမ်းကွေ့အတိုင်း ကွေ့ဆင်းလိုက်၊
အရှိန်ကောင်းကောင်းရအောင် မြှင့်တင်ပြီး စက်သတ်လိုက်၊ ပြီးရင်
ယ်ဘက်အကွေ့ကို အရှိန်နဲ့ပဲ လှိမ့်သွား၊ အဲဒီမှာ တောင်ကုန်း
လေးတစ်ခု တွေ့လိမ့်မယ်၊ အပေါ်ကို မောင်းမတက်နဲ့၊ အောက်
ပဲ ရပ်ထား၊ တို့ဆင်းပြီး ခြေကျင်တက်သွားမယ်"

မေဆင်၏ ညွှန်ကြားချက်အတိုင်း မောင်းလာခဲ့ရာ တောင်
န်းခြေရင်းအရောက်တွင် ကားရပ်ပြီးနောက် မေဆင် ဆင်းလိုက်
ည်၊ ထို့နောက် နောက်ကားတွင် ပါလာသူများအား လှမ်းပြော
ည်။

"တို့ . . . ဒီလမ်းအတိုင်း တက်သွားကြမယ်၊ မင်းတို့က
ကို ဝိုင်းထား၊ မင်းတို့ဘက်ကစပြီး ပစ်တာခတ်တာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နဲ့၊ အထဲကို ငါဝင်သွားမယ်၊ အိမ်ထဲက ဘယ်သူမှ အထွက် မခံနဲ့"

"စိတ်ချပါ ဆရာကြီး" ဟု ဒရိတ်၏ တပည့်တစ်ယောက်က ပြန်ပြောသည်။

ထို့နောက် တောင်ကုန်းပေါ်သို့ တက်ခဲ့ကြပြီး မေဆင်၏ အစီအစဉ်အတိုင်း မှောင်ရိပ်ခို၍ အိမ်ကို ဝိုင်းထားလိုက်ကြသည်။

တိုက်အိမ်ငယ်ကလေးမှာ မှောင်ပြီး တိတ်ဆိတ်လျက်ရှိ နေ၏။ မေဆင်နှင့် ဒရိတ်တို့ အိမ်တံခါးဆီသို့သွား၍ တံခါးခေါက် ထုသည်၊ အတွင်းမှ ပြန်ဖြေသံမကြားရ၊ မေဆင်က တံခါးကို ခြေဖြင့် ကန်၍ လက်ကိုင်ဖုကို လှည့်ကြည့်သည်၊ သော့ခတ်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် မေဆင်က ပြတင်းပေါက်ဆီသို့ သွား၍ လက်နှိပ်မီးဖြင့် အတွင်းသို့ ထိုးကြည့်သည်။

"မလုပ်နဲ့လေ ပယ်ရီ၊ မီးရောင်ဆီကို လှမ်းပစ်လိုက်ရင် ဘယ်နှယ့် လုပ်မလဲ" ဟု ဒရိတ်က သတိပေးသည်။

မေဆင်က ဂရုမစိုက်ဘဲ ပြတင်းပေါက်မှန်ကို ခြေဖြင့်ကန်၍ ခွဲလိုက်သည်၊ ထို့နောက် လက်လျှိုမြ၍ တံခါးချက်ကိုဖွင့်ကာ ကျော်ဝင် သွားသည်။ ဒရိတ်မှာ ခေတ္တမျှတုံ့ဆိုင်းနေပြီးမှ နောက်က ဝင်လိုက် သွားသည်၊ မေဆင်က လက်နှိပ်မီးဖြင့်ထိုး၍ အိမ်တစ်ခုလုံး လိုက်ကြည့်သော်လည်း မည်သူမျှ မရှိတော့ကြောင်း တွေ့ရသည်။

"အေးပေါ့ကွာ၊ သူတို့ တစ်ပတ်ရိုက်သွားကြပြီပေါ့၊ သူ[illegible] သက်ာမကင်း အဖြစ်မခံရအောင် အီဗလင်းဝှစ်တင်း သတ်[illegible]ထွက်ချက်ပေးပါမယ်လို့ ဆိုပြီး တို့လည်းပြန်ရော၊ သူတို့လည်း ခစ်သွားကြတာနဲ့ တူတယ်" ဟု မေဆင်က ပြောသည်။





"ဒါဖြင့် ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

"အီဗ်စ်ကို တွေ့အောင်ရှာရမှာပေါ့"

"ဘယ်လိုရှာမလဲ"

"မသိသေးဘူး၊ ဒါပေမယ့် သူ့ကို တို့တွေ့မှာပါ"

"ဒီကနေ ကျွန်တော်တို့ ဘယ်ကိုသွားကြမလဲ"

"တို့ ဒီကိုလာတဲ့ လမ်းက ကုန်စုံဆိုင်တစ်ဆိုင်ကို ဝင်ကြမယ်၊ ဒီမှာ မေးကြည့်ရင် ဟိုစုံတွဲထွက်သွားတာ တွေ့မတွေ့ သိရမှာပဲ"

ထိုနောက် မေဆင်နှင့် ဒရိတ် အိမ်ထဲမှ ပြန်ထွက်ကြပြီး လာသောအဖွဲ့ဝင်များကို ပြန်စုရုံးကာ ကားများရပ်ထားရာဆီသို့ ပြန်လာခဲ့ကြသည်၊ အပြန်လမ်းတွင် ကုန်စုံဆိုင်သို့ဝင်၍ ဆိုင်ရှင်ကို အိပ်ရာမှနှိုးကာ မေးမြန်းကြည့်သည်။ အီဗ်စ်နှင့် အမျိုးသမီးငယ် တစ်ဦး ထွက်သွားသည်ကို တွေ့ရကြောင်း၊ ညနေက မေဆင်လာ သွားပြီး နာရီဝက်ခန့်အကြာတွင် ထွက်သွားကြခြင်း ဖြစ်ကြောင်း၊ ကားပေါ်တွင် အထုပ်အပိုးများ အပြည့်ပါသွားကြောင်း၊ ကုန်စုံဆိုင် ရှင်က ပြောပြသည်၊ ထိုဆိုင်မှ နေ၍ဒရိတ်က ဆန်ဖရန်စစ္စကိုရှိ [illegible]၏ ရုံးခွဲသို့ ဖုန်းလှမ်းဆက်ပြီး မိနစ်အတန်ကြာမျှ မေးမြန်းပြော သည်၊ ထို့နောက် မေဆင်ထံသို့လာ၍ "အခြေအနေမကောင်းဘူး ပယ်ရီ" ဟု ပြောသည်။

"ဒယ်လာအကြောင်း သတင်းရလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ဤတွင် မေဆင်က အရေးတကြီးဖြင့် မေးမြန်းရာ ဒရိုက်
"ဒယ်လာဟာ ဟိုပိုးထည်စနောက်ကို လိုက်နေတာလို့ ကျွန်တော်
တို့က ထင်ခဲ့တာ၊ တကယ်တော့ သူမှာလည်း သူ့အကြောင်းနဲ့
ရှိနိုင်. . ."

"နိဒါန်းတွေ ချီမနေစမ်းပါနဲ့ကွာ၊ မင်းဘာကြားသလဲ
ပြောစမ်းပါ"

"ဒီမယ် ပယ်ရီ၊ တစ်နေ့မှာ ဒယ်လာဟာ ခင်ဗျားကို စွန့်
ကောင်း စွန့်ခွာသွားလိမ့်မယ်လို့ ခင်ဗျား တွေးမိဖူးသလား. . .
အင်း. . . ခုတော့လည်း . . .။

မေဆင်၏မျက်နှာ မည်းကနဲဖြစ်သွားပြီး. . .

"ဟော့ကောင် ပေါလ်၊ မင်းဘာတွေ. . ."

"စိတ်မကောင်းမဖြစ်ပါနဲ့ ပယ်ရီ၊ နောက်ဆုံးတော့ ဒယ်
ဟာ သင်္ဘောပေါ်မှာ တစ်ယောက်ယောက်နဲ့ တွေ့ဆုံကြပြီး
မဟုတ်. . ."

မေဆင်က နောက်ဆုတ်သွားသော ဒရိုက်ဆီသို့ ရှေ့
သွားပြီး. . .

"ဟော့ ပေါလ်၊ ပြောစမ်းကွာ၊ မင်းသိတာ အားလုံးပြော
စမ်း. . ."

ဒရိုက်က. . . .

"ကျွန်တော့်လူတွေလည်း အတော်ကို အလုပ်များခဲ့ကြ





ပယ်ရီ၊ နောက်ဆုံးတော့ မွန်းမတည့်ခင်ကလေး လောက်မှာ
ဒယ်လာ ကားငှားသွားတဲ့ ဖငှားကား အေဂျင်စီတစ်ခုမှာ ခြေရာ
ကောက်မိတယ်၊ ဒယ်လာဟာ အာမခံကြေး ဒေါ်လာ ၅၀ပေးပြီး
တစ်ပတ်စာ ကားငှားခကိုလည်း ကြိုတင်ပေးသွားသတဲ့၊ ပြီးတော့
. . . ကိုယ်တိုင် မောင်းစနစ်နဲ့ ကားကို မောင်းသွားတယ်၊ နာမည်
ကိုတော့ ဒီ၊ အမ်၊ ခရင်းရှောလို့ လွှဲပေးသွားသတဲ့"

"မင်းရဲ့လူတွေ မဟုတ်တရုတ် သတင်းတွေ ရခဲ့တာဆိုရင်
တော့ မလွယ်ဘူးပေါလ်၊ ငါ့အနေနဲ့. . ."

"မဟုတ်တရုတ်သတင်း မဟုတ်ဘူး ပယ်ရီ၊ သူတို့က
ဒယ်လာရဲ့ ဓာတ်ပုံကိုင်းပြီး လိုက်စုံစမ်းခဲ့ကြတာ၊ ဒယ်လာကို
ကားငှားလိုက်တဲ့ လူကိုယ်တိုင်က သူပါပဲလို့ အသေအချာပြောလိုက်
တယ်တဲ့. . ."

"ဒယ်လာတစ်ယောက်တည်းလား"

"ဟုတ်တယ်. . . တစ်ယောက်တည်းတဲ့၊ ကိုင်း . . .
သာပါ ပယ်ရီ၊ ကျုပ်တို့ ဟိုတယ်ပြန်ပြီး အချိန်ကလေးရတုန်း
အိပ်လိုက်ကြရအောင်၊ နက်ဖြန်ဆို ခင်ဗျားအတွက် တရားရုံးကိစ္စ
တလည်း ရှိသေးတယ်မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် နက်ဖြန်ဆို
အားလုံး အကြောင်းစုံသိရပါလိမ့်မယ်"

မေဆင်က ဒရိုက်အား ခေတ္တမျှ ငေးကြည့်နေပြီးနောက်
ဆိုင်ထဲမှ လှည့်ထွက်လိုက်သည်။

"ဟုတ်တယ်၊ ပေါလ် သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

တရားရုံး ပြတင်းပေါက်များ၏ပြင်ပတွင် ဆန်ဖရန့်စစ္စ
မြို့ အဆောက်အအုံများသည် နေရောင်ခြည်ဖြာကျနေသ
အောက်ဝယ် တောက်ပစွာရှိနေကြသည်၊ နေရောင်ခြည်ကြော
တရားရုံးတွင်း မဟော်ဂနီနံရံများသည် ရောင်ပြန်ဟပ်လ
ခံ့ထည်စွာရှိနေသည်။ ရုံးအတွင်း ဧည့်ပရိသတ် လာရော
နားထောင်နိုင်သော ထိုင်ခုံများတွင် နေရာအပြည့် လူမရှိဘဲ တ
ကျဲတောက်မျှသာရှိသည်။ စိတ်လှုပ်ရှားစရာအမှုများကို
နားထောင်လိုကြသော ပြင်ပ ပရိသတ်မှာ ယောကျ်ားကို မယာ
သတ်မှုကဲ့သို့သော အမှုမျိုးကို တကူးတက လာရောက် နားထော
လိုကြဟန်မရှိချေ။





တရားရုံး စတင်ချိန်တွင် အိပ်ရေးပျက်၍ မျက်လုံးများနီနေသော ပယ်ရီမေဆင်က ထိုင်ရာမှထ၍ "တရားခံဘက်က ကျွန်တော်တို့ အဆင်သင့်ရှိပါပြီ" ဟု တရားသူကြီးအား တင်ပြလိုက်သည်။

တရားသူကြီး ရွှမ်လီက "ကာလီဖိုးနီးယားပြည်နယ် လူထုနဲ့ အင်နာမိုးခေါ် အန်းနယူးဘာရီရဲ့ အမှု ပဏာမ ကြားနာစစ်ဆေးခြင်း စတင်ကြောင်း ကြေညာပါတယ်၊ တရားလိုအကျိုးဆောင်ကြီးဘက်က ပထမသက်သေ တင်ပြနိုင်ပါပြီ" ဟု ပြောကြားလိုက်သည်။

တရားလို အစိုးရရှေ့နေကြီးဖြစ်သော ဒေါ်နယ်ဆန်စကတ်ဒါက ထိုင်ရာမှထ၍ "ရုံးတော်ရဲ့ခွင့်ပြုချက်အရ ကျွန်တော်တို့ရဲ့ ပထမသက်သေအဖြစ် ဖရန့်ရီမင်တန်ကို တင်ပြပါတယ်" ဟု ပြောလိုက်သည်။

တရားသူကြီး ရွှမ်လီသည် အစိုးရရှေ့နေကြီး၏ ထုံးတမ်းစဉ်လာအတိုင်း သက်သေတင်ပြသည့် လေသံကို ထောက်ချင့်၍ စိတ်ဝင်စားဖွယ် သက်သေမဟုတ်ကြောင်း စဉ်းစားမိသည့်ဟန်ဖြင့် ၎င်း၏ ကုလားထိုင်တွင် ကျောမှီ၍ ထိုင်ချလိုက်ရင်း တရားခံအား အကဲခတ်လျက် လှမ်းကြည့်လိုက်သည်။

အင်နာမိုးသည် မျက်နှာထားတည်တည်ဖြင့် ဖြစ်လာသမျှ အဆိုးဆုံးအခြေအနေကို ရင်ဆိုင်တော့မည့်ဟန်မျိုးဖြင့် ရှေ့နေကြီး ပယ်ရီမေဆင်၏နောက်ဘက်တွင် ထိုင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်သေ ရီမင်တန်က ၎င်းသည် လော့စ်အိန်ဂျလိ
ကုန်ပစ္စည်းသန့်စင်ရေးကုမ္ပဏီမှ မန်နေဂျာဖြစ်ကြောင်း၊ ကား
မိုးသည် ၎င်းတို့လုပ်ငန်းတွင် အမှုထမ်းတစ်ဦးဖြစ်ခဲ့ကြောင်း၊ လွန်
သော နှစ်လက ကားလ်မိုးသည် အလုပ်သို့မလာဘဲ ပျောက်နေ
ကြောင်း၊ ထိုအချိန်မှစ၍ သူ့အား မတွေ့ရတော့ကြောင်း ထွက်
သွားသည်။

ထို့နောက် တရားလိုအကျိုးဆောင် စကတ်ဒါက ကားလ်
၏ ဓာတ်ပုံကိုထုတ်ပြ၍ ထိုသူဟုတ်မဟုတ်မေးမြန်းရာ သက်သေ
ဟုတ်မှန်ကြောင်းဖြေသည်။ ပြီးလျှင် စကတ်ဒါက ပြန်လှန်မေးခွ
မေးနိုင်ကြောင်း ပယ်ရီမေဆင်အားပြောရာ မေဆင်က မေးစ
မရှိပါဟု ပြန်ဖြေလိုက်သည်။

ထို့နောက် တရားလိုဘက်မှ နောက်သက်သေအဖြစ် မ
ဒေလင်းဖဲလ်အား တင်သွင်းသည်။ ဒေလင်းဖဲလ်မှာ အသ
၃၀ ကျော် အရွယ်ခန့်ရှိပြီး စိတ်နှလုံးချောက်ချားနေမှုကို ကြိုးစား
ကန္ဒြေဆည်လျက် ကျမ်းကျိန်ကာ သက်သေခုံတွင် ဝင်ထိုင်လို
သည်။ စကတ်ဒါက အလုပ်အကိုင်ကို မေးမြန်းရာ ကျောင်းဆရာ
တစ်ဦးဖြစ်ကြောင်း သက်သေက ဖြေကြားသည်။

"ယခုလ ခြောက်ရက်နေ့ တနင်္ဂနွေနေ့ညက ခင်ဗျာ
ဘယ်မှာ ရှိပါသလဲ"

"ပိုနိုင်ယာသူက ဆန်ဖရန်စစ္စကိုမြို့ကိုလာတဲ့ သင်္ဘော
ဘာမ်ပင်းပေါ်မှာ ရှိခဲ့ပါတယ်"





"သင်္ဘောပေါ်မှာပါလာတဲ့ ခရီးသည်တွေထဲမှာ တရားခံ
က်အင်နာနယူးဘာရီ ပါလာခဲ့ပါသလား"

"ဟုတ်ကဲ့ရှင့်၊ ဒါပေမယ့် မစ္စက်မိုးအဖြစ်မဟုတ်ပါဘူး၊
စ္စက်နယူးဘာရီဆိုတဲ့နာမည်နဲ့ သိခဲ့ပါတယ်"

"သူနဲ့အတူ ဘယ်သူပါသေးလဲ"

"သူ့ရဲ့ခင်ပွန်း ကားလ်နယူးဘာရီနဲ့ သမီးဖြစ်သူ ဘဲလ်နယူး
ဘာရီတို့ ပါလာကြပါတယ်"

"ဘဲလ်နယူးဘာရီဆိုတာ ရုံးခန်းအလယ် လူသွားလမ်းရဲ့
ဘယ်ဘက်အခြမ်း ရှေ့ဆုံးခုံမှာ ထိုင်နေတဲ့ ဟိုမိန်းကလေး ဟုတ်ပါ
သလား"

"ဟုတ်ပါတယ်"

ထို့နောက် စကတ်ဒါက ကားလ်နယူးဘာရီ၏ ဓာတ်ပုံကို
ပြ၍ ထိုသူဟုတ်မဟုတ်မေးမြန်းရာ သက်သေက ဟုတ်မှန်ကြောင်း
ပြန်ဖြေသည်။ ပြီးလျှင် တရားလိုအကျိုးဆောင်က အခင်းဖြစ်ပွား
သော ညနေက ပင်လယ်တွင်း ရာသီဥတုအခြေအနေကို မေးမြန်း
သည်။ သက်သေက ရာသီဥတု အလွန်ဆိုးရွားခဲ့ကြောင်း၊ မုန်တိုင်း
တိုက်ခတ်ခဲ့ကြောင်း ပြန်ဖြေသည်။ ထို့နောက် စကတ်ဒါက "ရာသီ
ဥတု အခြေအနေနဲ့ပတ်သက်ပြီး အသေးစိတ်ကိုတော့ သင်္ဘော
ကပ္ပတိန်ကိုမေးတော့မှပဲ အသေးစိတ်ယူပါတော့မယ်" ဟု ရုံးတော်
သို့ တင်ပြသည်။ ပြီးမှ သက်သေဘက်သို့လှည့်၍ "ကိုင်း. . .
ဒါတော့ မစ္စဖဲလ်၊ ကားလ်မိုးခေါ် ကားလ်နယူးဘာရီကို ခင်ဗျား
ဘယ်အချိန်မှာ နောက်ဆုံး တွေ့မြင်လိုက်ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြောက်ရက်နေ့ညက နောက်ဆုံးတွေ့ခဲ့ရပါတယ်"

"အချိန်ကို ပြောနိုင်မလား"

"ကိုးနာရီထိုးခါနီးဆဲဆဲ လောက်မှာပါ"

"ခင်ဗျားက အဲဒီတော့ ဘယ်နေရာမှာ ရှိပါသလဲ"

"အသက်ကယ်လှေထားတဲ့ ကုန်းပတ်အောက် ကုန်းပတ်ပေါ်မှာပါ၊ အပေါ်တက်တဲ့လှေကားနားမှာ ရှိနေခဲ့ပါတ"

"မစ္စတာနယူးဘာရီကိုရော ဘယ်နေရာမှာ တွေ့ပါသ"

"မစ္စတာနယူးဘာရီနဲ့ သူ့ဇနီး . . ."

"သူ့ဇနီးဆိုတာ အခု ဒီမှာရှိနေတဲ့ တရားခံအမျိုးသမီး ဆိုလိုတာလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဆက်ပြောပါ"

"မစ္စတာနယူးဘာရီခေါ် မစ္စတာမိုးနဲ့ သူ့ဇနီးဟာ ကုန်း ပေါ်ကို ထွက်လာကြပါတယ်၊ အဲဒီနားမှာ ခဏရပ်ပြီး ဟိုကြ သည်ကြည့် ကြည့်ပါတယ်၊ ပြီးတော့ သူတို့ဟာ အပေါ်ကုန်း ဆီတက်တဲ့ လှေကားက လျှောက်သွားကြပါတယ်"

"သူတို့နှစ်ယောက်ဟာ ခင်ဗျားကိုဖြတ်ပြီး လျှောက် ကြတာလား"

"ဟုတ်ပါတယ်"

"ဘယ်လောက်နီးနီးက ဖြတ်သွားကြသလဲ"

"နှစ်ပေ သုံးပေထက် မပိုပါဘူး"





"ခင်ဗျားက ဘယ်လိုဝတ်ဆင်ထားသလဲ"

"ကျွန်မက မိုးကာအင်္ကျီအနက်ရောင်နဲ့ ဦးထုပ်ပျော့ အနက်ရောင် ဝတ်ထားပါတယ်၊ လှေကားအောက်နား အရိပ်ထဲမှာ ရပ်နေလို့ ကျွန်မကို သူတို့မမြင်နိုင်ပါဘူး"

"သူတို့ တစ်ခုခုပြောတာများ ကြားလိုက်ရသလား"

"ဟုတ်ကဲ့၊ အခုတရားခံဖြစ်နေတဲ့ မစ္စက်နယူးဘာရီက တစ်ခုခုပြောလိုက်လို့ မစ္စတာနယူးဘာရီက ဒေါသတကြီးပြန်ပြော တာကို ကြားလိုက်ရပါတယ်၊ ကျွန်မထင်တာတော့ မစ္စက်နယူးဘာရီ က သူ့ဆီက တစ်ခုခုလိုချင် . . ."

ဤတွင် တရားသူကြီး ရှမ်လီကဝင်ပြောသည်။

"ခင်ဗျားထင်တာကို ပြောစရာမလိုပါဘူး၊ ဘာပြောတာ ကြားရတယ်၊ ဘယ်သူက ပြောတယ်ဆိုတာကိုပဲ ထွက်ဆိုပါ"

"ဟုတ်ကဲ့၊ မစ္စတာ နယူးဘာရီခေါ် မစ္စတာမိုးက ဒီကိစ္စကို ဒီနည်းနဲ့ ငါရှင်းမယ်လို့ပြောပြီးပြီ မဟုတ်လား၊ ဒီကိစ္စမှာ မင်းဘာမှ ဝင်မရှုပ်ပါနဲ့လို့ ပြောလိုက်တာ ကျွန်မကြားရပါတယ်"

"အင်း . . . ပြီးတော့ ဘာဖြစ်သလဲ" ဟု စကတ်ဒါက ဆက်မေးသည်။

"မစ္စတာ နယူးဘာရီဟာ လှေကားကတက်သွားပါတယ်"

"သူ့ဝတ်ဆင်ထားပုံကဘယ်လိုလဲ"

"ညစာစားပွဲဝတ်စုံ ဝတ်ထားပါတယ်"

"အပေါ်ရုံကုတ်အင်္ကျီ ဒါမှမဟုတ် မိုးကာအင်္ကျီဝတ်ထား သလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . မဝတ်ထားပါဘူး"

"အဲဒီလှေကားကို မိုးရေတွေ ပက်မနေဘူးလား"

ဤတွင် မေဆင်က . . .

"တရားလို အကျိုးဆောင်ကြီးဟာ သက်သေကို ဒီလို တစ်လျှောက်လုံး နိမိတ်ပြမေးခွန်းတွေ မေးနေမယ်ဆိုရင် အကျိုးဆောင်ကြီး ကိုယ်တိုင်ပဲ ကျမ်းကျိန်ပြီး ထွက်ဆို ကောင်းမယ်လို့ ကျွန်တော်အကြံပေးပါရစေ" ဟု ပြောလိုက် သည်။

တရားသူကြီးက . . .

"တရားလိုအကျိုးဆောင်ကြီးအနေနဲ့ နိမိတ်ပြမေးခွန်း ကို တတ်နိုင်သမျှ ရှောင်စေချင်တယ်" ဟု သတိပေးလိုက် သည်

"ဒါဟာ ပဏာမကြားနာမှုအဆင့်ပဲ ဖြစ်ပါတယ်၊ ပြဿ မဟုတ်ပါဘူး" ဟု စကတ်ဒါက ခပ်တည်တည်ပြန်ပြောသည်။

ထိုနောက် တရားသူကြီးကဆက်မေးရန်ပြော၍ စကတ် ၏ မေးခွန်းကို သက်သေ အေလင်းဖဲလ်က ဖြေသည်။

"မိုးက ဝါးလုံးထိုးရွာနေပါတယ်၊ လှေကားမှာလည်း ရွှဲ နေပါတယ်၊ မစ္စတာမိုး လှေကားကတက်သွားတော့ သူ့ ကုတ်အင်္ကျီ ပခုံးတွေပေါ်ကို မိုးစက်တွေပက်နေတာ ကျွန်မမြင် ပါတယ်"

အဲဒီတော့ တရားခံကဘာလုပ်သလဲ"

"မစ္စက်မိုးဟာ နောက်ကပြေးလိုက်ပြီး လှေကားက တက်သွားပါတယ်၊ မစ္စတာမိုးက ပြန်လှည့်ပြီး အခန်းကိုပြန်သွားဖို့ ပြောပါတယ်"

"အဲဒီတော့ မစ္စက်မိုးက ဘာလုပ်သလဲ"

"မစ္စတာမိုးလှေကားထိပ်လွန်သွားတဲ့အထိ စောင့်ပြီးနောက် အပြေးလိုက်တက်သွားပါတယ်"

"မစ္စက်မိုးက ဘယ်လိုဝတ်ထားသလဲ"

"ညစာစားပွဲတက်တဲ့ ဝတ်စုံအနက်ဝတ်ထားပါတယ်"

"အပေါ်ကကော တစ်ခုခုခြုံထားသလား"

"ဟင့်အင်း၊ ကျောပြင်ဖော်ထားတဲ့ ဝတ်စုံကိုပဲ ဝတ်ထား တယ်၊ မိုးရေတွေ မစ္စက်မိုးရဲ့ကျောပြင်အသားပေါ်က စီးကျနေ တာကို ကျွန်မ တွေ့ရပါတယ်"

"ပြီးတော့ ဘာဖြစ်သေးသလဲ"

"သူတို့ အပေါ်ကုန်းပတ်ပေါ်ရောက်သွားကြပါတယ်၊ အဲဒီ နောက် ရုန်းသံကန်သံတွေ ကြားလိုက်ရပါတယ်"

"ရုန်းသံကန်သံတွေဆိုတာ သက်သေရဲ့ကောက်ချက်တွေ ဖြစ်ပါတယ်" ဟု မေဆင်က ဝင်ပြောသည်။ ထို့ကြောင့် တရား သူကြီးက ထိုထွက်ချက်ကို ပယ်ဖျက်စေ၍ စကတ်ဒါက . . .

"ခင်ဗျားဘာကြားသလဲ၊ ဖြေပါ" ဟု ထပ်မေးသည်။

"ကျွန်မ ခုနကပြောခဲ့သလိုပဲကြားပါတယ်၊ ကျွန်မကြားတာ တခြားဘယ်လိုနည်းနဲ့ ပြောရမလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့အပေါ်ကုန်းပတ်ဆီက ခြေသံတွေကြားတယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ကြားပါတယ်"

"ဘယ်လိုအသံမျိုးကြားရသလဲ"

"ခြေလှမ်းမှန်မှန်လျှောက်တဲ့ အသံမျိုးမဟုတ်ဘဲ ခပ်မြန်မြန် ဆောင့်နင်းတဲ့အသံတွေ၊ ဆွဲသွားတဲ့အသံတွေ၊ လူနှစ်ယောက်ရဲ့ လှုပ်ရှားမှုကြောင့်ဖြစ်တဲ့ အသံမျိုး . . ."

"ကောင်းပါပြီ၊ ဒါလောက်ဆိုရပါပြီ၊ ခင်ဗျားဘာကြားတယ် ဆိုတာ ရုံးတော်က နားလည်ပြီလို့ ယူဆပါတယ်၊ ကိုင်း . . . အဲဒီ တော့ ခင်ဗျားက ဘာလုပ်သလဲ၊ ဆက်ပြောပါ"

"အဲသလို အသံတွေကြားပြီး ခဏကြာတော့ အပေါ်မှာ ဘာတွေဖြစ်သလဲသွားကြည့်ဖို့ လှေကားက ကျွန်မတက်သွား တယ်၊ လှေကားတစ်ဝက်လောက်အရောက်မှာ သေနတ်သံတစ်ချက် ကြားလိုက်ရပါတယ်၊ လှေကားထိပ်ကို ရောက်တော့ ကျွန်မ . . ."

စကတ်ဒါက ဖြတ်ပြောသည်။

"ခဏနေပါဦး၊ အစီအစဉ်တကျသွားကြရအောင်၊ အပေါ် ကုန်းပတ်ကို ခင်ဗျားတက်သွားတယ်ဆိုတာ မစ္စတာမိုးနဲ့ မစ္စက်မိုး တက်သွားတဲ့ လှေကားကပဲ တက်သွားတာလား"

"ဟုတ်ပါတယ်ရှင်"

"အဲဒီတော့ အပေါ်ကုန်းပတ်မှာ မီးလင်းနေသလား"

"ဟင့်အင်း၊ မီးမရှိပါဘူး၊ ဒါပေမယ့် သင်္ဘောဆေးရုံဖွင့် ထားတဲ့အခန်းက မီးရောင်ရှိနေပါတယ်"





"အဲဒီဆေးရုံအခန်းကမီးရောင်ဆိုတာ အဝင်အထွက်တံခါး လား၊ ပြတင်းပေါက်ကလား"

"နှစ်ခုစလုံးက အလင်းရောင်ထွက်နေတာပါ၊ ပြတင်းပေါက် တစ်ခုက တံခါးပွင့်နေတယ်၊ လိုက်ကာမရှိပါဘူး၊ အဝင်အထွက် တံခါးလည်း ပွင့်နေပါတယ်"

"အဲဒီတံခါးနဲ့ ခင်ဗျားရှိတဲ့နေရာနဲ့ ဘယ်လောက်ဝေးသလဲ"

"ပေ ငါးဆယ်လောက်ရှိပါလိမ့်မယ်"

"ကောင်းပြီ၊ ခင်ဗျားဘာမြင်သလဲဆိုတာ ရုံးတော်ကို ဆက်ပြီးတင်ပြပါ"

"မစ္စက်မိုးဟာ သူယောက်ျားရဲ့ အလောင်းပေါ်မှာငုံ့ပြီး ငိုနေတာတွေ့ရပါတယ်၊ သူ့ယောက်ျားက ကုန်းပတ်ပေါ်မှာ လှုပ်မရှားစန့်စန့်ကြီး လဲနေပါတယ်"

"အဲဒီတော့ တရားခံက ဘာလုပ်သလဲ"

"မစ္စက်မိုးဟာ ကိုယ်ကိုကိုင်းပြီး အလောင်းကိုဆွဲ . . ."

"နေပါဦး၊ အလောင်းလို့ခင်ဗျားပြောနေတာဟာ ကုန်းပတ် ပေါ်မလှုပ်မရှက်လဲကျနေတဲ့ မစ္စတာမိုးကို ဆိုလိုတာလား"

"ဟုတ်ပါတယ်ရှင်"

"ဟုတ်ပြီ၊ မစ္စက်မိုးက ဘာလုပ်သလဲ"

"မစ္စတာမိုးရဲ့ ကိုယ်ကို ချိုင်းကြားနှစ်ဖက်ကနေ တစ်ဝက် လောက်ကြွလာအောင် မ,ပြီး ကုန်းပတ်လက်ရန်းဆီကို ဆွဲသွားပါ တယ်၊ အဲဒီတုန်း သင်္ဘောကညာဘက်ကို လူးလိမ့်ပြီးစောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



တော့ မစ္စက်မိုးဟာ သူ့ကိုယ်ကိုယ်ကို မဟန်နိုင်ဘဲ ရှိနေခဲ့ပါတယ် ဒါပေမယ့် သဘော်ာဘယ်ဘက်ကို ပြန်စောင်းသွားတော အတော်ကြီး မြန်မြန်ဆွဲသွားနိုင်ပါတယ်၊ လက်ရန်းကိုကပ်မိတဲ့အ မစ္စက်မိုးဟာ အလောင်းကိုမ,တင်ပြီး ခြောက်လုံးပြူးနဲ့ တစ်ချ ထပ်ပစ်ပါတယ်၊ ပြီးတော့မှ ပင်လယ်ထဲတွန်းချလိုက်တာပါပဲ"

"အင်း . . . အဲဒါပြီးတော့ မစ္စက်မိုး ဘာဆက်လုပ်သလ"

"မစ္စက်မိုးဟာ ကုန်းပတ်လမ်းအတိုင်း ရှေ့ကိုပြေးသွား ဆေးရုံခန်းအကွေ့မှာ ပျောက်သွားပါတယ်"

"အဲဒီတော့ ခင်ဗျားဘာလုပ်သလဲ"

"ကျွန်မလည်း ကြောက်အားလန့်အား အော်ဟစ်ပါတယ"

"အဲဒီတော့ ဘယ်အချိန်ရှိပြီလဲ"

"ပထမ သေနတ်သံ မကြားခင်ကလေးမှာ ကိုးနာရီထိုး ခါစ ဖြစ်ပါတယ်၊ သဘော်ာခေါင်းလောင်းက ကိုးနာရီမှာ နှစ်ချ ထိုးတာကို ကြားလိုက်ရပါတယ်"

"တရားခံဘက်က ပြန်လှန်မေးခွန်းမေးနိုင်ပါပြီ" ဟု တ လိုအကျိုးဆောင် စကတ်ဒါက ပြောလိုက်သည်။

မေဆင်က ထိုင်ရာမှ ဖြည်းညင်းစွာထ၍ မေးခွန်းစ မေးသည်။

"ဒီအမှုမှာ တရားခံဖြစ်နေတဲ့ မစ္စက်မိုးဟာ အဲဒီအချိန် ဘယ်လိုဝတ်ဆင်ထားသလဲ"





"ကျွန်မ ပြောခဲ့ပြီးပြီ၊ အနက်ရောင်ညစာစားပွဲဝတ်စုံ၊ ကျော ဗလာအင်္ကျီရှည်ရှည် ဝတ်ထားတယ်လို့"

"အဲဒါ သဘော်ာကက်ပတိန်ရဲ့ နှုတ်ဆက်ညစာစားပွဲ ကျင်းပ တဲ့ညနော်"

"ဟုတ်ပါတယ်"

"ခင်ဗျားကကော အဲဒီတုန်းက ဘယ်လိုဝတ်ထားသလဲ"

"ကျွန်မ ပြောပြီးခဲ့ပြီပဲ၊ မိုးကာအင်္ကျီ ဝတ်ထားတယ်၊ မှောင်ရိပ် ထဲမှာရပ်နေလို့ ကျွန်မကို မမြင်နိုင်ဘူးလို့ . . ."

"ခင်ဗျား မိုးကာအင်္ကျီအကြောင်း မေးနေတာမဟုတ်ဘူး၊ မိုးကာအင်္ကျီအောက်က[illegible]ဝတ်ထားတဲ့ အဝတ်အစားကိုပြောတာ"

"အဲဒါ ဘာဆိုင်လို့လဲရှင့်"

"ဆိုင်တာပေါ့၊ ကက်ပတိန်ရဲ့ ညစာစားပွဲကို တက်ခဲ့တုန်းက ခင်ဗျားလည်း ပွဲထိုင်သွားဝတ်စုံ ဝတ်ထားခဲ့တာ မဟုတ်လား"

"ဟုတ်ကဲ့"

"အပြာရောင်ဖျော့ဖျော့ ပိုးထည်ဝတ်စုံ မဟုတ်လား"

"ဟုတ်ပါတယ်"

"ကက်ပတိန်ရဲ့ ညစာစည်းခံပွဲအပြီးမှာ ကုန်းပတ်ပေါ် မသွားခင် ခင်ဗျားကအခန်းကို ပြန်ပြီး မိုးကာအင်္ကျီနဲ့ ဦးထုပ်ယူတယ် မဟုတ် လား၊ ဒီ့ပြင် ဘာပစ္စည်းယူသေးသလဲ"

"ဒီ့ပြင် ဘာမှမယူပါဘူး"

"ခင်ဗျား သေချာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်"

"ခင်ဗျား အခန်းထဲက မိုးကာအင်္ကျီနဲ့ ဦးထုပ်အပြင် တခြား ဘာပစ္စည်းမှ မယူဘူးနော်၊ ဟုတ်ရဲ့လား"

"ဒီမယ်ရှင့်၊ ရှင်ဘာတွေမေးနေတာလဲဆိုတာ ကျွန်မ နားမလည်ဘူး"

"ခင်ဗျားအခန်းပြန်ပြီး၊ တခြားပစ္စည်းတစ်ခုခု ယူသေးသလားလို့ မေးနေတာလေ"

"ဒါ ရှင်နဲ့ဘာမှ မဆိုင်ပါဘူး"

ဤတွင် တရားသူကြီး ရှမ်လီက သက်သေအား မျက်မှောင်ကြုတ်၍ ငုံ့ကြည့်လျက် ခပ်ထန်ထန်လှမ်းပြောသည်။

"သက်သေဟာ ဥပဒေအကျိုးဆောင်ရဲ့ မေးခွန်းတွေကို လေးလေးစားစား ပြန်ဖြေရလိမ့်မယ်၊ မေးခွန်းက ခင်ဗျားပြန်ပြီး တခြားပစ္စည်းတစ်ခုခု ယူသလားလို့မေးတာပဲ၊ ခင်ဗျားယူခဲ့သလား မယူခဲ့ဘူးလား ဖြေပါ"

"တခြားဘာမှမယူဘူး" ဟု အေလင်းဖဲလ်က ခပ်ပြတ်ပြတ် ပြန်ဖြေသည်။

မေဆင်က ဆက်မေးသည်။

"ခင်ဗျားခုနက ထွက်ဆိုသွားခဲ့တဲ့အထဲမှာ မစ္စတာမိုး နောက်ကို မစ္စက်မိုးက လှေကားအတိုင်းတက်သွားတော့ မစ္စတာမိုးက ပြန်သွားခိုင်းတယ်လို့ဆိုတယ်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"





"မစ္စတာမိုးက သူ့ဇနီးကို သူ့နောက်မလိုက်ခဲ့အောင် ပြောတဲ့အခါမှာ သူ့ရဲ့ညာဘက်ခြေထောက်နဲ့ ကန်ချမယ်လို့ ဟန်ပြင်တယ် မဟုတ်လား"

"ဟုတ် . . . . ဟုတ်ပါတယ်"

ဤတွင် နားထောင်နေသော ပရိသတ်ထဲမှ တစ်စုံတစ်ယောက်က ရယ်လိုက်၍ ဘီးလစ်စာရေးကြီးက ခုံကိုထုလျက် ကတိပေးလိုက်သည်။

မေဆင်က ဆက်ပြောသည်။

"မစ္စတာမိုးက မစ္စက်မိုးကို ခြေထောက်နဲ့ကန်လိုက်သေးတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကန်လိုက်တယ် ထင်ပါတယ်"

"ဒီအကြောင်းကို တရားလိုရှေ့နေကြီး မေးမြန်းတုန်းက ခင်ဗျား ဘာကြောင့် ထည့်မပြောခဲ့တာလဲ၊ ဒါဟာ ဘာကြောင့်လဲ ဆိုတော့ ခင်ဗျားဟာ တရားလိုဘက်က ဘက်လိုက်ပြီး ရုံးတော်အနေနဲ့ မစ္စက်မိုးဟာ ကိုယ့်ကိုယ်ကို ခုခံကာကွယ်တဲ့သဘောမျိုးလို့ မယူဆမိအောင် လွှဲပြောခဲ့တာပဲ၊ ဟုတ်တယ် မဟုတ်လား"

"မစ္စက်မိုးအပေါ်မှာ ကျွန်မအနေနဲ့ ဘာအာဃာတမှ မရှိဘူး၊ ခင်ပွန်းသည်ကို ပြန်သတ်ခဲ့တဲ့ ဇနီးမယားတစ်ယောက်အပေါ်မှာ မိန်းမချင်း ထားလေ့ထားထရှိတဲ့ သဘောထားလောက်ပဲ ရှိပါတယ်" ဟု အေလင်းဖဲလ်က ပမာမခန့်လေသံဖြင့် ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က အရေးမထားဟန်ဖြင့် ဆက်မေးသည်။

"အဲဒီညက မစ္စက်မိုးဟာ ကျော့ဇလာဝတ်စုံကို ဝတ်ထားတယ်ဆိုတော့ ကိုယ်ပေါ်မှာ အတော်ကလေး ကျပ်မနေဘူးလား"

"ဟုတ်ကဲ့၊ အတော်ကျပ်တဲ့ ဝတ်စုံမျိုးပါပဲ"

"ကိုယ်ခန္ဓာအောက်ပိုင်း တင်ပါးဘက်မှာလည်း ပိပိရိရိ တင်းတင်းကျပ်ကျပ် ဖြစ်နေသလား"

"ဟုတ်ပါတယ်၊ အတော်ကို ကိုယ်လုံးပေါ်တဲ့ ဝတ်စုံမျိုးပါ"

"မစ္စက်မိုးဟာ သူ့ယောက်ျားနောက်က လှေကားကို လိုက်တက်သွားတယ်၊ လှေကားရဲ့ တစ်ဖက်တချက်မှာ သံလက်ရန်းတွေ ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်"

"မစ္စက်မိုး လှေကားက လိုက်တက်သွားတော့ အဲဒီသံလက်ရန်းတွေကို လက်နှစ်ဖက်စလုံးစိနဲ့ အားပြုပြီး တက်သွားရမှာပေါ့ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . အဲ . . . လက်နှစ်ဖက်စလုံးနဲ့ မဟုတ်ပါဘူး၊ မစ္စက်မိုးဟာ လှေကားလက်ရန်းကို ညာဘက်လက်နဲ့ လှမ်းကိုင်ပြီး ဘယ်ဘက်လက်က သူ့ဂါဝန်ကို ဆွဲမထားပါတယ်" ဟု အေလင်းဖဲလ်က စကားအမှားမခံသည့်ဟန်ဖြင့် ပြန်ဖြေသည်။

"ဒီလိုဆိုရင် တစ်ခုမေးစမ်းပါရစေ၊ ကိုယ်ခန္ဓာမှာ အင်မတန်တင်းတင်းကျပ်ကျပ်ဖြစ်နေတဲ့ ညစာစားပွဲဝတ်စုံ ဝတ်ထားတဲ့ အမျိုးသမီးတစ်ယောက်ဟာ ညာလက်ကလှေကားရန်းလက်ကို ကိုင်ထားပြီး





ဘယ်ဘက်လက်က ဂါဝန်ကို မ ထားတယ်ဆိုရင် ၃၈ ဗိုးခြောက်လုံးပြူး သေနတ်ကို ဘယ်လိုကိုင်ထားနိုင်မလဲ"

အေလင်းဖဲလ်သည် ရုတ်တရက် အဖြေမပေးနိုင်ဘဲ ငြိမ်သက်နေသည်။ တရားရုံးအတွင်း နားထောင်နေကြသော ပရိသတ်များထံ မှ တီးတိုးသံများ ထွက်ပေါ်လာသည်။ ခဏကြာပြီးမှ အေလင်းဖဲလ် က ပြန်ဖြေသည်။

"သေနတ်ကို ဘယ်ဘက်လက်နဲ့ ကိုင်ထားပါတယ်"

"ဒါဖြင့် မစ္စက်မိုးဟာ ဘယ်ဘက်လက်နဲ့ ခြောက်လုံးပြူးကိုလည်း ကိုင်ထား၊ ဂါဝန်ကိုလည်း မ ထားတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့၊ သေနတ်ကို ဂါဝန်အောက်နားနဲ့ လိပ်ပြီး ကိုင်ထားတာပဲ"

"ဩော် . . . ဝတ်စုံပိတ်စက ဖောက်ထွင်းပြီး မြင်လောက်အောင်ပါးသလား"

"အဲသလို ထင်တာပဲ"

"ဒါဖြင့် သေနတ်ကို ဝတ်စုံပိတ်စရဲ့အတွင်းဘက်မှာ ခင်ဗျားမြင်ရတယ်ပေါ့"

"အဲ . . . အဲဒီလိုတော့ မဟုတ်ပါဘူး"

"ဒီအတိုင်းဆိုရင် ခင်ဗျားဟာ အပေါ်ကုန်းပတ်ကို မစ္စက်မိုးတက်သွားချိန်မှာ သေနတ်ကိုင်သွားတာ ခင်ဗျားမတွေ့ခဲ့ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ၊ ဒါပေမယ့် မစ္စက်မိုးမှာ သေနတ်
တယ်ဆိုတာတော့ ကျွန်မသိတယ်"

"ဒါက ခင်ဗျားထင်တာကို ပြောနေတာကိုး၊ ဟုတ်တယ်
မဟုတ်လား" ဟု မေဆင်ကပြုံး၍ ပြောလိုက်သည်။ အေလင်းဖဲလ်က
နှုတ်ခမ်းကို တင်းတင်းစေ့လျက် မေဆင်အား မကျေမနပ်ဖြင့်
ကြည့်နေသည်။

"လေ့ကားတစ်ဝက်ကို ခင်ဗျားရောက်တဲ့အချိန်မှာ
သေနတ်သံ တစ်ချက်ကြားလိုက်ရတယ်လို့ ခင်ဗျားပြောသွားတယ်
ပြီးတော့အပေါ်ကုန်းပတ် ပေါ်ရောက်တဲ့အချိန်မှာ မစ္စက်မိုးဟာ
မလှုပ်မရှားဖြစ်နေတဲ့ သူ့ ယောက်ကျားကိုယ်ပေါ်မှာ ငုံ့ပြီး
မတ်တတ်ရပ်နေတာ ခင်ဗျားတွေ့ရ တယ်လို့ ဆိုတယ်၊ ဟုတ်တယ်
မဟုတ်လား"

"ဟုတ်ပါတယ်၊ သူ့ယောက်ကျားဟာ အသက်မရှိတော့
ပုံမျိုးဖြစ်နေပါတယ်"

"အဲဒါ ခင်ဗျား သေချာလို့လား"

"ဟုတ်ကဲ့ သေချာပါတယ်"

"ဒီလိုဆိုရင် မစ္စတာမိုးဟာ အဲဒီအချိန်က သေနေပြီလို့
ခင်ဗျား ဆိုနိုင်တယ်ပေါ့"

"ကျွန်မ အဲသလို ထင်တာပဲ"

"ခင်ဗျားထင်တာကို ပြောတာလား၊ ခင်ဗျားသိတာကို
ပြောတာလား"





တရားလိုအကျိုးဆောင်က ထိုင်ရာမှ ခုန်ထ၍ "ရုံးမင်း
ခင်ဗျား၊ ကျွန်တော် ကန့်ကွက်ပါတယ်၊ ဒါဟာ ထုံးတမ်းစဉ်လာ
ပြန်လှန်မေးခွန်းထုတ်တာမျိုး မဟုတ်ပါဘူး၊ သက်သေအနေနဲ့ အတိ
အကျပြောနိုင်ဖို့မလွယ်. . ."

မေဆင်က ကြားဖြတ်၍. . .

"တရားလို အကျိုးဆောင်ရဲ့တင်ပြချက်ကို ကျွန်တော်
ငြင်းဆိုပါတယ်၊ ယခုသက်သေဟာ ခေတ်ပညာတတ်အမျိုးသမီး
တစ်ယောက်ဖြစ်ပြီး ပြန်လှန်မေးခွန်းဖြေဆိုရာမှာလည်း အတော်
ကျွမ်းကျင်မှုရှိပုံရပါတယ်၊ သက်သေ အေလင်းဖဲလ်က မစ္စက်မိုးဟာ
သူ့ယောက်ျားရဲ့ အသက်မဲ့ပုံသဏ္ဍာန်ပေါ်က ငုံ့ကြည့်ပြီး မတ်တတ်
ရပ်နေခဲ့ပါတယ်လို့ ပြောခဲ့ပါတယ်၊ အသက်မဲ့တယ်ဆိုတဲ့ အသုံး
အနှုန်းကို သုံးသွားတာဟာ ရုံးမင်းအနေနဲ့ မစ္စက်မိုးအပေါ်မှာ
ယုံမှား သံသယဖြစ်အောင် ပြောသွားတာ ဖြစ်ပါတယ်၊ ဒါကြောင့်
ကျွန်တော့် အနေနဲ့ အခုလို ထွက်ဆိုသွားတာကို သက်သေက
ပြန်ရုပ်သိမ်းအောင် ကြိုးစားနေတာ ဖြစ်ပါတယ်၊ အဲဒီအချိန်က
တွေ့ခဲ့ရတဲ့ မစ္စတာမိုးရဲ့ ပုံသဏ္ဍာန်ဟာ အသက်မဲ့ ပုံသဏ္ဍာန် ဟုတ်
မဟုတ် သူမသိပါဘူးလို့ သက်သေက ဝန်ခံလာအောင် ကျွန်တော်
မေးမြန်းနေခြင်းဖြစ်ပါတယ်"

"ကျွန်မ ဘယ်တော့မှ ဝန်မခံဘူး၊ ကျွန်မ တွေ့ခဲ့ရတဲ့
ပုံသဏ္ဍာန်ဟာ အသက်မဲ့ပုံသဏ္ဍာန်ပဲ" ဟု အေးလင်းဖဲလ်က
အပြတ်ထပ်ပြော၍ တရားလိုအကျိုးဆောင် စကာတ်ဒါသည် ဖြည်း
ညင်းစွာ ပြန်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လှေကားက ခင်ဗျားတက်လာပြီး အပေါ်ကုန်းပတ်ကို ရောက်တဲ့အချိန်မှာ မစ္စတာမိုးဟာ သေနေပြီလို့ ခင်ဗျားဆိုလို တာပေါ့ဟုတ်လား"

မေဆင်က ဆက်မေးသည်။

"ဟုတ်တယ်"

"ပြီးတော့ . . . တရားခံဟာ မစ္စတာမိုးကို ကုန်းပတ် လက်ရန်းမှာ မတင်ပြီး အလောင်းကို သေနတ်နဲ့ နောက်ထပ် တစ်ချက်ပစ်တယ်လို့ ခင်ဗျားထွက်ဆိုခဲ့တယ်၊ ဒီတော့တာ မစ္စက်မိုးဟာ သေပြီးသားလူတစ်ယောက်ကို သေနတ်နဲ့ထပ်ပစ် တယ်လို့ရှေ့တော်က နားလည်ရလိမ့်မယ်၊ ပြီးတော့လည်း အဲဒီအချိန်မှာ မစ္စတာမိုးဟာ သေပြီးဖြစ်နေပြီ၊ မစ္စက်မိုး နောက်ထပ်ပစ်တဲ့ ကျည် ဆန်ဟာ မစ္စတာမိုးကို သတ်မှုနဲ့မဆိုင်တော့ဘူး၊ ဒီလိုမဟုတ်လား"

သက်သေက တစ်စုံတစ်ရာပြန်ပြောမည် ဟန်ပြင်ပြီး ချုပ်ထိန်း လိုက်ပြီး. . .

"မစ္စက်မိုးဟာ သူ့ယောကျ်ားသေတာကို ပိုပြီးသေချာ အောင် ထပ်ပစ်တယ်လို့ ထင်တာပဲ" ဟု ခါးသီးသော လေသံဖြင့် ပြန်ပြောသည်။

"ခင်ဗျားပြောတဲ့အတိုင်းဆို သူ့ယောကျ်ားနဲ့ သုံးပေအကွာ အဝေးအတွင်းမှာရှိခဲ့တဲ့ မစ္စက်မိုးဟာ သူ့ယောကျ်ားသေမသေ တာကို သေချာပေါက်မသိခဲ့ဘဲ ပေ ၅၀၊ ၆၀ လောက်အကွာမှာ ရပ်နေခဲ့တဲ့ ခင်ဗျားကတော့ တစ်ချက်လှမ်းကြည့်လိုက်ရုံနဲ့ သူဟာ





သေနေပါပြီလို့ ကျမ်းကျိန် ထွက်ဆိုနိုင်ခဲ့တယ်၊ ဒီလို မဟုတ်လား" ဟု မေဆင်က ခပ်ပြုံးပြုံး မေးလိုက်သည်။

"သူသေနေတာပဲ၊ ဒါကြောင့် သေပြီလို့ ပြောတာပေါ့" ဟု အလင်းဖဲလ်က ပြန်ပြောသည်။

မေဆင်က ဆက်၍ ပြုံးနေပြီး. . .

"ထားပါတော့လေ၊ မစ္စက်မိုးဟာ သူ့ယောကျ်ားကို မပြီး သက်ရန်းဆီကို မသွားခင်ကလေးမှာ သင်္ဘောက ဘယ်ဘက်ကို စောင်းသွားတယ်နော်၊ အဲဒါ ဟုတ်သလား"

"ဟုတ်ပါတယ်"

"ဒါထက်. . . လှေကားကနေ အပေါ်ကုန်းပတ်ကို ခင်ဗျား ရောက်တော့ ခင်ဗျားရဲ့ခြေအိတ်တွေ စုတ်တာ ပြတာများ ဖြစ်ခဲ့ သေးသလား"

"ဟုတ်ကဲ့. . . ခြေအိတ်တစ်ဖက်တော့ စုတ်သွားပါတယ်"

"ခြေအိတ် ဘာကြောင့် ပြသွားသလဲ"

"ကျွန်မ တစ်ချက်လဲကျသွားလို့ ဒူးထောက်မိအလိုက်မှာ ခြေအိတ်စုတ်သွားတာပါ'

"ဪ. . . ဟုတ်လား၊ ခင်ဗျားလဲကျခဲ့သေးသလား၊ ဆိပ် ကမ်းဆီကို သင်္ဘောအလှည့်မှာ အတော်ကလေး လူးသွားတုန်း ကနဲ့တူတယ် ဟုတ်လား. . ."

"ဟုတ်ကဲ့. . . ရေထဲတောင် ကျတော့မလို ဖြစ်သွားပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရေထဲ မကျအောင် ခင်ဗျားကိုယ် ခင်ဗျား ဘယ်လိုထိ
သလဲ"

"ကုန်းပတ်ကို မြဲမြဲကိုင်ထားပြီး လက်ရန်းဘက်မ
အောင် ထိန်းခဲ့ရတာပေါ့"

"အဲဒီ မိနစ်ပိုင်းအတွင်းမှာတော့ ခင်ဗျား အတော်က
အလုပ်များသွားမှာပေါ့ ဟုတ်တလား"

"ဟုတ်ပါတယ်"

"အဲဒီအချိန်ဟာ ဆိပ်ကမ်းဘက်ကို သင်္ဘောလှည့်တဲ့အ
ပြီးတော့ မစ္စက်မိုးက သူ့ယောကျ်ားကို လက်ရန်းဆီ မ,တင်၊ သေ
နဲ့ပစ်၊ ရေထဲတွန်းချတဲ့အချိန် ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျား လဲကျသွားတော့ ဆိပ်ကမ်းဘက်ကို ချော်
ဘူးလား"

"တစ်ကြိမ်နှစ်ကြိမ်တော့ ချော်ပြီး ယိမ်းထိုးနေခဲ့ပါ

"ကုန်းပတ်ပေါ် လဲကျတော့ မျက်နှာနဲ့ အပ်မိသေး

"ဒူးနဲ့လက်နဲ့ လေးဖက်ထောက် အနေအထားနဲ့ လဲ
တာပါ"

"ခုအတိုင်းဆို အဲဒီအချိန်မှာ မစ္စက်မိုးဆီကို ခင်ဗျား
မနေဘူးဆိုတာ ထင်ရှားနေတာပဲ၊ ဒါပေမယ့် အဲဒီကိစ္စဖြစ်ပြီး
ခင်ဗျားနဲ့အခန်းဖော် မိန်းကလေးကို ကုန်းပတ်ပေါ်မှာ ခင်ဗျ
တွေ တွေ့မြင်ခဲ့တယ်ဆိုတဲ့အကြောင်း ပြောပြခဲ့တယ်၊ အဲဒီတု





မစ္စက်မိုးဟာ သူ့ယောကျ်ားကို ကုန်းပတ် လက်ရန်းဆီ ဆွဲသွားတာ
တွေ့တယ်လို့ပဲ ခင်ဗျားပြောခဲ့တယ်၊ အဲဒီအချိန်မှာပဲ ခင်ဗျား
ခြေချော်လဲသွားလို့ ဘာတွေဆက်ဖြစ်တယ်ဆိုတာ မမြင်ဘူး၊
ဒုတိယသေနတ်သံကြားလိုက်ရပြီး မစ္စက်မိုးတယောက်တည်း
ပြေးသွားတာ မြင်လိုက်တယ်လို့ပဲ အခန်းဖော်မိန်းကလေးကို
ခင်ဗျားပြောခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါပေမယ့် သေနတ်နဲ့ပစ်ပြီး ရေထဲတွန်း
ချတာ မစ္စက်မိုး လုပ်တာမဟုတ်ရင် ဘယ်သူရှိဦးမှာလဲ"

"ဒါဟာ. . . ရုံးတော်အနေနဲ့ ဆုံးဖြတ်ရမယ့် ကိစ္စပါ၊
အတိုင်းကတော့ ကုန်းပတ်လက်ရန်းမှာ ဘာဖြစ်ခဲ့တယ်ဆိုတာ
အကယ်တမ်း ခင်ဗျားမမြင်ခဲ့ဘူး မဟုတ်လား"

"ဟုတ်ကဲ့. . . ဟင့်အင်း. . .၊ ကျွန်မမြင်တယ်"

"ဒါပေမယ့် အခင်းဖြစ်ပြီးပြီးချင်း ပူပူနွေးနွေးအချိန်တုန်း
က ခင်ဗျားရဲ့ အခန်းဖော်မိန်းကလေးကို ခင်ဗျား မမြင်ခဲ့ဘူးလို့
ပြောခဲ့တယ်၊ အခုတစ်မျိုးပြောပြန်ပြီ၊ ဘယ်ဟာအမှန်လို့ လက်ခံ
ရမလဲ"

"ဟုတ်ကဲ့၊ ကျွန်မ မမြင်ခဲ့ပါဘူး၊ မစ္စက်မိုး သူ့ယောကျ်ား
ကို ဆွဲမပြီး ကုန်းပတ်ပေါ်က တွန်းချတာ ကျွန်မမျက်စိနဲ့ တပ်အပ်
တော့ မမြင်ခဲ့ဘူး၊ ဒါပေမယ့် သေနတ်သံကိုတော့ ကြားလိုက်ရတာ
သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com


"မစ္စက်မိုးက သူ့ယောက်ျားကို ပထမအကြိမ် သေနတ်
ပစ်တာကိုလည်း ခင်ဗျားမျက်စိနဲ့ မမြင်ဘူးနော် ဟုတ်လား"

"အဲဒါက. . ."

"လှေကားတစ်ဝက်လောက်ကို ခင်ဗျားအရောက်
ကြားလိုက်ရတယ်ဆိုတဲ့ ပထမ သေနတ်သံကို. . ."

"အင်း. . . ပစ်လိုက်တာကိုတော့ ကျွန်မ မမြင်ပါဘူး"

"ဒါဆို သေနတ်သံနှစ်ချက် ကြားလိုက်ရတဲ့အနက်
အချက်ကိုမှ မစ္စက်မိုး ပစ်တယ်လို့ ခင်ဗျားမသိဘူး၊ ဒီလိုမ
လား"

"ဟုတ်ကဲ့၊ ဒါကတော့ မိန်းမတစ်ယောက်ဟာ. . ."

"ခင်ဗျားတွေးတာ စဉ်းစားတာတွေ ပြောမနေပါနဲ့
ခင်ဗျား သိတာမြင်တာကို ပြောပါ"

"ဟုတ်ကဲ့၊ ကျွန်မ မသိပါဘူး"

"ကိုင်း. . . အခု အဲဒီအချိန်တုန်းက ခင်ဗျား ဝတ်ဆင်
ပုံကို ပြန်ပြီး တိုက်ဆိုင်ကြည့်ရအောင်" ဟု မေဆ
ပြောပြောဆိုဆို သူ၏လက်ဆွဲသေတ္တာတင်ထားသော စားပွဲ
လျှောက်သွား၍သေတ္တာကိုဖွင့်ကာ ဓာတ်ပုံတစ်ပုံကို ထုတ်ယူ
သည်။ ထို့နောက် အစိုးရရှေ့နေ စကတ်ဒါကြည့်ရှုရန် ပြ
ဓာတ်ပုံကို သက်သေထံသို့ ကမ်းပေးသည်။

"ညစာစားပွဲဝတ်စုံနဲ့ လူတစ်စုကို ရိုက်ထားတဲ့ ဓာတ်
ဒီပုံထဲမှာ လက်ဝဲဘက်က ဒုတိယလူဟာ ခင်ဗျားပဲမဟုတ်



ခင်းဖြစ်ပွားတဲ့ညက ခင်ဗျားဝတ်ဆင်ခဲ့တဲ့ ဝတ်စုံကိုပဲ ဝတ်ထား
ယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါ ကျွန်မပုံပဲ၊ ဘာဖြစ်လို့လဲ"

"အခင်းဖြစ်ပွားတဲ့ညက မိုးကာအင်္ကျီနဲ့ ဦးထုပ်ဆောင်း
းတာ အပြင် အတွင်းပိုင်းကတော့ ခင်ဗျားဝတ်ထားတာ
အတိုင်းပဲ မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ"

"ဪ. . . ဒါထက် မစ္စဖဲလ်၊ ခင်ဗျားမျက်မှန် ကျပ်ကို
န်ဆိတ်လောက် ပြစမ်းပါ" ဟု မေဆင်က ရုတ်တရက် ပြောလိုက်
သည်။

အေလင်းဖဲလ်က သူမတပ်ဆင်ထားသော မျက်မှန်ကို
တ်ဖြင့်ကိုင်လျက် "အို. . . ဘာလို့ပေးရမှာလဲ" ဟု ခပ်ဆတ်ဆတ်
ပြောသည်။

တရားသူကြီး ရွှမ်လီက. . .

"ဘာကို ရည်ရွယ်တာလဲ မစ္စတာမေဆင်" ဟု ဝင်၍မေး
သည်။

မေဆင်က "ရုံးမင်းခင်ဗျား၊ ယခု ကျွန်တော်ပြတဲ့ ဓာတ်ပုံ
ာအတိုင်း သက်သေဟာ သင်္ဘောကကပ္ပတိန်ရဲ့ ညစာစားပွဲ
တက်ခဲ့ပါတယ်လို့ သက်သေကပြောပါတယ်။ သူဟာ ညစာ
ခွဲ အပြီးမှာ အခန်းကို ပြန်ပြီး မိုးကာအင်္ကျီနဲ့ ဦးထုပ်ကိုပဲယူတယ်၊
ခြား ဘာပစ္စည်းကိုမှမယူဘဲ ကုန်းပတ်ကို ထွက်လာခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့လည်း ထွက်ဆိုခဲ့ပါတယ်။ မစ္စတာမိုးနဲ့ မစ္စက်မိုးကို ကုန်းပတ်ပေါ်မှာ သူတွေ့တဲ့အချိန်တုန်းက သူဝတ်ဆင်ထားတာ ဦးထုပ်နဲ့ မိုးကာ အင်္ကျီပါတာကလွဲရင် ဒီပုံထဲကအတိုင်းပါပဲလို့လည်း ထွက်ဆို ခဲ့တယ်၊ ရုံးမင်းအနေနဲ့ ဒီဓာတ်ပုံကို လေ့လာကြည့်ပါခင်ဗျာ"

မေဆင်က တရားသူကြီးထံ ဓာတ်ပုံကို လှမ်းပေးလိုက်သည်။ တရားသူကြီးက ခေတ္တမျှကြည့်ရှုပြီးနောက် ခေါင်းညိတ်ပြ၍ "ကောင်းပြီ၊ သက်သေရဲ့မျက်မှန်ကို မစ္စတာမေဆင် စစ်ဆေးကြည့်ခွင့် ပေးလိုက်ပါ" ဟု ပြောသည်။

အေလင်းဖဲလ်က ဒေါသတကြီးဖြင့် မျက်မှန်ကိုဖြုတ်၍ မေဆင်ကို ကမ်းပေးလိုက်သည်။

"အင်း. . . ဟုတ်ပြီ၊ ခုမှ ဓာတ်ပုံထဲကအတိုင်း ပုံစံတူဖြစ် သွားပြီ၊ ဓာတ်ပုံထဲမှာ မျက်မှန်မပါဘူး၊ ဒီတော့ ခင်ဗျားဟာ ညစာ စားပွဲတို့ ဘာတို့သွားတဲ့အခါ မျက်မှန်တပ်လေ့တပ်ထ မရှိဘူး မဟုတ်လား"

"ဟုတ်တယ်လေ၊ ပွဲနေပွဲထိုင်သွားတဲ့အခါ မျက်မှန်ကြီး တပ်ထားရင် အလှပျက်တယ်လို့ ကျွန်မထင်တယ်၊ ကျွန်မဆိုရင် မျက်မှန်မပါမှ. . ."

"ဟုတ်ပြီလေ၊ သင်္ဘောကက်ပတိန်ရဲ့ ညစာစားပွဲအပြီး ကုန်းပတ်ပေါ် ခင်ဗျားထွက်ကဲ့အချိန်မှာလည်း မျက်မှန်မပါဘူး မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မ. . ."





"အဲဒီအချိန်မှာ မိုးကလည်း ဝါးလုံးထိုးရွာနေတယ်၊ မျက်မှန် ထားရင် ရေငွေ့တွေပြန်ပြီး ဘာကိုမှ ခင်ဗျား သဲသဲကွဲကွဲ င်မှာမဟုတ်ဘူး"

"မဟုတ်ဘူး၊ အဲဒီအချိန်မှာ ကျွန်မ မျက်မှန်မှ တပ်မထား ဲ"

"ကျုပ်ကလည်း ခင်ဗျား မျက်မှန်တပ်မထားဘူးလို့ပဲ ထင်ပါ လေ၊ ဒါနဲ့ မစ္စဖဲလ်၊ အပေါ်ကုန်းပတ်ကို လှေကားက ခင်ဗျား သွားတဲ့အချိန်မှာ မစ္စက်မိုးဟာ ခင်ဗျားနဲ့ ဘယ်လောက်အကွာ နေသလဲ"

မေဆင်က အေလင်းဖဲလ်၏ မျက်မှန်ကို လက်ထဲတွင် ၍ကိုင်ထားပြီး မေးမြန်းသည်။

"ပေ ၅၀ ပေ ၆၀ လောက်အကွာမှာ ရှိပါတယ်"

ဤတွင် မေဆင်က သက်သေအခန်းမှ လှည့်ထွက်သွားပြီး၊ ရှေ့နေကြီး၏ ရှေ့နားလောက်ဆီတွင် မတ်တပ်ရပ်၍ ာတ် အကွာအဝေးလား" ဟု ပြန်မေးသည်။

အို. . . မဟုတ်တာ၊ ပေ ၅၀ ပေ ၆၀ အကွာပါလို့ ကျွန်မ ာပဲ၊ အခု ရှင်နဲ့ ကျွန်မ အကွာအဝေးက ပေ ၂၀ ထက်မှ ကျွန်မကို ဒီလို အငိုက်ဖမ်းလို့ မရဘူးရှင့်"

"ဒါဆို ကျုပ်အခုရပ်နေတဲ့ အကွာအဝေးဟာ မစ္စက်မိုးကို လှမ်းမြင်ရတဲ့ အကွာအဝေးရဲ့ သုံးပုံနှစ်ပုံလောက် ရှိမှာပေါ့၊ ယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အဲဒီအချိန်က ကုန်းပတ်ပေါ်မှာရှိတဲ့ အလင်းရောင်… အခု တရားရုံးခန်းထဲမှာရှိတဲ့ အလင်းရောင်လောက် ရှိသလား"

"ဘယ်ရှိမလဲ"

"ကောင်းပြီ၊ ဒါဖြင့် ကုန်းပတ်ပေါ်က အလင်းရောင်… ဘယ်လောက်ရှိမလဲ"

"အလင်းရောင် သိပ်မရှိဘူး၊ ဒါပေမယ့် ဆေးရုံခန်း… ထွက်နေတဲ့ မီးရောင်ကြောင့် ကုန်းပတ်ပေါ် ဖြစ်နေတာတွေ… ကောင်းကောင်း မြင်နိုင်တယ်"

"ဒါဖြင့် အဲဒီအချိန်က ကုန်းပတ်ပေါ်က အလင်းရောင်… ခု တရားရုံးခန်းထဲက အလင်းရောင်ရဲ့ သုံးပုံတစ်ပုံလောက် ရှိ… မလား"

"အင်း. . . အခုလောက်နီးနီး ရှိပါတယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျားဟာ တရားလို အ… ဆောင်ကြီး ပြခဲ့တဲ့ ဓာတ်ပုံထဲကလူကို ယခု တရားခံရဲ့ ခင်… မစ္စတာ နယူးဘာရီအမည်ခံ မစ္စတာမိုးဖြစ်ပါတယ်လို့ ထွက်… တယ်၊ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"

"ကိုင်း. . . အခု တခြားဓာတ်ပုံတစ်ပုံ ခင်ဗျားကို … မယ်၊ မစ္စတာ. . . အာ. . . သူ့နာမည် ဖြောင့်ဖြောင့်ကို မ… ပါဘူး၊ ပေါလ်ရေ၊ ဘယ်မှာလဲ အဲဒီဓာတ်ပုံ" ဟု မဆင်က …





ပေါလ်ဒရိတ်က ဓာတ်ပုံအိတ်တစ်ခုကို ကမ်းပေးလိုက်သည်။ အစိုးရရှေ့နေကြီး စကတ်ဒါ၏ရှေ့တွင် ရပ်နေဆဲဖြစ်သော မေဆင်က ဓာတ်ပုံလိပ်ကို ကိုင်ပြပြီး "ဒါ တကယ့်လူအရွယ် ဓာတ်ပုံပဲမစ္စဖဲလ်၊ ခင်ဗျားကြည့်ပြီး ဘယ်သ[illegible]ခဲ့ ပြောနိုင်မလား"ဟု မေးလိုက်သည်။ ထိုနောက် မေဆင်က ဓာတ်ပုံလိပ်ကိုဖြေ၍ ထောင်ပြသည်။ အေလင်းဖဲလ်က လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်၊

"သင်္ဘောပေါ်မှာ ရေထဲတွန်းချခံရတဲ့ လူဟာ ဒီလူပဲလား" ဟု မေဆင်က မေးလိုက်သည်။

"ဟုတ်ပါတယ်" ဟု သက်သေက ပြန်ဖြေသည်၊

"ဒါဖြင့် အခုအမှုမှာ တရားခံဖြစ်နေတဲ့ မစ္စက်မိုးနဲ့အတူ အပေါ်ကုန်းပတ်မှာ တွေ့ခဲ့ရတဲ့ အသက်မဲ့ ပုံသဏ္ဌာန်ဆိုတာ ဒီလူရဲ့ ပုံသဏ္ဌာန်ပဲပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

ထိုအချိန်တွင် တရားသူကြီး ရှမ်လီက ရုတ်တရက် မျက်မှောက်ကြုတ်လိုက်ပြီး သူ၏စားပွဲမှ ရှေ့သို့ကိုင်းလျက် ဓာတ်ပုံကို လှမ်းကြည့်သည်၊ ထိုနောက် မေဆင်ကိုတစ်လှည့် အစိုးရရှေ့နေကြီး စကတ်ဒါကို တစ်လှည့် ကြည့်ပြီး နှုတ်ခမ်းများ တွန့်ရုံတစ်ချက် ပြုံးလိုက်သည်၊ တရားသူကြီး၏ မျက်နှာအမူအရာကို သတိပြုမိ၍ သတ်မကောင်း ဖြစ်လာဟန်တူသော စကတ်ဒါက. . .

"ရုံးမင်းခင်ဗျား. . . သက်သေကို ဓာတ်ပုံတို့ ဘာတို့ပြပြီး အနှောင့်အယှက်ပေးခွင့် မထုတ်ခင် ထုံးတမ်းစဉ်လာအရ တစ်ဖက်ရှေ့နေကို



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးကြည့်ခွင့်ပြုဖို့ လိုပါတယ်၊ အခု ဒီဓာတ်ပုံကို ကျွန်တော် မစစ်ဆေးရသေးပါဘူး" ဟု တင်ပြသည်။

မေဆင်က အလွန်ယဉ်ကျေးသော အမူအရာဖြင့် လှည့်ပြောလိုက်သည်။

"တရားလို အကျိုးဆောင်ကြီးကို ကျွန်တော် အထူး တောင်းပန်ပါတယ်ခင်ဗျာ၊ ထုံးစံရှိတာကို ကျွန်တော်မေ့သွားလို့ ပါ ဒီလိုပါခင်ဗျာ၊ ယခု ကျွန်တော့်လက်ထဲမှာ ကိုင်ပြီး သက်သေ ပြနေတဲ့ လူအရွယ် ဓာတ်ပုံကြီးဟာ မစ္စတာဒေါ်နယ်ဆန်စကတ် ရဲ့ ဓာတ်ပုံဖြစ်ပါတယ်ခင်ဗျား" ဟု ပြောပြောဆိုဆို စကတ်ဒါနဲ့ တရားခွင်ပရိသတ် မြင်လောက်အောင် လှည့်၍ကိုင်ပြသည်။

ပရိသတ်များ ပွက်လောရိုက်သွား၍ ဘီးလစ်စာရေးကြီး စားပွဲကို သစ်သားတူဖြင့်ထုပြီး ငြိမ်သက်စေသော်လည်း တော် နှင့် ထိန်း၍မရချေ။ စကတ်ဒါက မျက်နှာတစ်ခုလုံး ရဲကနဲ ဖြစ်သွား ပြီး ဒေါသတကြီးဖြင့် ကန့်ကွက်အော်ဟစ်နေစဉ် တရားသူကြီး မပြုံးရယ်မိအောင် မနည်းထိန်းထားရပုံပေါ်သည်။ တရား ငြိမ်သက်စပြုလာသောအခါ စကတ်ဒါက...

"ရှင်မင်းခင်ဗျား... ကျွန်တော် ကန့်ကွက်ပါတယ်၊ ဒါ လျှော်ကန်ဖြောင့်မတ်တဲ့ ပြန်လှန်မေးခွန်းထုတ်နည်း မဟုတ်ပါ ရှေ့နေကျင့်ဝတ်နဲ့လည်း မညီပါဘူး၊ သက်သေအပေါ်မှာ မမှ အခွင့်အရေး ယူလိုက်တာ ဖြစ်ပါတယ်၊ တရားခံအကျိုးဆောင် က သူဟာ သေသူမစ္စတာမိုးရဲ့ လူအရွယ်ပုံ ဓာတ်ပုံကြီးကို ပြပါသော်





သက်သေကိုပြောပြီး ယုံထင်ကြောင်ထင် ဖြစ်အောင် လုပ်ခဲ့တာပါ" ဟု အသံကိုမြှင့်၍ ပြောဆိုသည်။

"တရားခံအကျိုးဆောင်အနေနဲ့ အဲဒီလို လုံးဝမပြောခဲ့ရပါလား" ဟု မေဆင်က တည်ငြိမ်စွာ ပြန်ပြောသည်။

တရားသူကြီး ရှမ်လီက...

"မစ္စတာမေဆင်ပြောတာ မှန်တယ်လို့ ကျုပ်ထင်တယ်၊ ခုနက သူပြောခဲ့တာ ဘာတဲ့...၊ မစ္စတာ... အာ... သူ့နာမည် ဖြောင့်ဖြောင့်ကို မခေါ်နိုင်ပါဘူး၊ အဲဒီလိုပြောခဲ့တယ်လို့ ကျုပ်မှတ်မိတယ်၊ ဒါဟာ သက်သေကို အမှားဖမ်းလိုက်တဲ့ သဘောမျိုးလို့ ပြောချင်ပြောနိုင်ပေမယ့် ဒီသက်သေဟာ ခေတ်ပညာ တတ်တစ်ယောက် ဖြစ်ပြီး ပြန်လှန်မေးခွန်း ဖြေတဲ့နေရာမှာ အင်မတန် သတိထားရှောင်တိမ်းနိုင်စွမ်းရှိသူဖြစ်တယ်လို့ တရားခံ အကျိုးဆောင်က ကြိုတင်ပြောထားခဲ့သေးတယ်လေ၊ ဒီတော့ ဒီဓာတ်ပုံကို ဘယ်သူဘယ်ဝါလို့ သက်သေက ပြောခဲ့တာဟာ သူ့အမြင်ကို သူပြောခဲ့တာပဲလို့ လက်ခံရလိမ့်မယ်" ဟု အဆုံးအဖြတ်ပေးသည်။

ထို့ကြောင့် မေဆင်က သက်သေကို ဆက်မေးသည်။

"ကိုင်း... မစ္စဖဲလ်၊ အခု ဒီပုံဟာ ဒုတိယ ခရိုင်ရှေ့နေကြီး မစ္စတာဒေါ်နယ်ဆန်စကတ်ဒါရဲ့ပုံ ဖြစ်နေပြီလေ၊ ဒီတော့ကာ ကုန်းပတ်ပေါ်မှာ အသက်မဲ့ ပုံသဏ္ဌာန်နဲ့ လဲကျနေတာ ရေထဲကို တွန်းချခံခဲ့ရတာ ခင်ဗျားမြင်တယ်ဆိုတဲ့ လူဟာ သူပါပဲလို့ ခင်ဗျား ပြောဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မမျက်မှန်ယူထားပြီး ဒီဓာတ်ပုံဟာ မစ္စတာမိုးရဲ့ ဓာတ်ပုံလို့ ကျွန်မ ထင်အောင် ရှင် လှည့်ဖြားခဲ့တာပဲ" ဟု သက်သေက ခါးခါးသီးသီးလေသံဖြင့် ပြန်ပြောသည်။

မေဆင်က ဓာတ်ပုံကို ကိုင်ပြထားလျက်ကပင် ပြန်ပြောလေသည်။

"ဒါပေမယ့် အခင်းဖြစ်ပွားတဲ့ ညကလည်း ခင်ဗျားမှာ မျက်မှန် တပ်မထားဘူးလေ"

အေလင်းဖဲလ်က ဘာမှပြန်မပြောဘဲ ငြိမ်နေ၍ မေဆင်က ဆက်မေးသည်။

"အခင်းဖြစ်ပွားတဲ့ ညက တရားခံနဲ့ လဲကျနေသူကို ခင်ဗျားမြင်ရတယ်ဆိုတဲ့ အကွာအဝေးရဲ့ သုံးပုံတစ်ပုံ၊ အဲဒီအချိန်မှာ ရှိနေးတယ်ဆိုတဲ့ ကုန်းပတ်ပေါ်က အလင်းရောင်ထက် သုံးဆပိုများတဲ့ ဒီအခန်းထဲမှာ တကယ့်လူအရွယ် ဓာတ်ပုံကို ကျုပ် ခင်ဗျားကို ပြခဲ့တာလေ၊ ဒါနဲ့တောင် ခင်ဗျားဟာ မစ္စတာစကတ်ဒါရဲ့ ပုံနဲ့ မစ္စတာမိုးရဲ့ပုံကို မခွဲခြားနိုင်ခဲ့ပါလား၊ အဲဒါဘာကြောင့်လဲ မစ္စဖဲလ်"

"ကျေးဇူးပြုပြီး ကျွန်မရဲ့ မျက်မှန်ကို ပြန်ပေးပါ မစ္စတာမေဆင်"

"ခုအတိုင်းကတော့ ခင်ဗျားဟာ မျက်မှန်မပါလို့ရှိရင် ခပ်လှမ်းလှမ်းက မျက်နှာတွေကို မခွဲခြားနိုင်ဘူး မဟုတ်လား"

"ကိုယ်နေကိုယ်ထားတွေကို ကျွန်မခွဲခြားနိုင်တယ်"

"ဘိတိကျကျပြောရရင် လူတွေရဲ့ ဝတ်ထားဆင်ထားပုံကို ကြည့်ပြီး ခင်ဗျားခွဲခြားတာမဟုတ်လား"





"ဟုတ်ကဲ့၊ အဲဒါလဲ ပါပါတယ်"

"ဒီတော့ကာ အောက်ထပ်ကုန်းပတ်ပေါ်မှာ မှောင်ရိပ်ခိုပြီး ခင်ဗျားရပ်နေတုန်း မစ္စတာမိုးနဲ့ မစ္စက်မိုး ခင်ဗျားဘေးနားကဖြတ်သွားတော့ သူတို့ဝတ်ထားဆင်ထားပုံကို ခင်ဗျားမှတ်မိလိုက်တယ်၊ အပေါ်ကုန်းပတ်ကို ခင်ဗျား ရောက်တဲ့အခါမှာတော့ သူတို့ရဲ့မျက်နှာတွေကို မှတ်မိလောက်တဲ့ အကွာအဝေးမှာ ခင်ဗျားမရှိခဲ့ဘူး၊ ကိုယ်နေကိုယ်ထားတွေကိုတော့ ခင်ဗျားမြင်နိုင်ခဲ့တယ်၊ ပွဲထိုင်သွားဝတ်စုံဝတ်ထားကြတဲ့ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်လို့ပဲ ခင်ဗျား သိနိုင်ခဲ့တယ် ဟုတ်တယ်မဟုတ်လား"

"ဒါပေမယ့် အဲဒီမိန်းမဟာ မစ္စက်မိုးဆိုတာတော့ ကျွန်မ သေသေချာချာ ပြောနိုင်တယ်ရှင့်၊ သူကလွဲလို့ တခြား ဘယ်သူမှ မဖြစ်နိုင်ဘူး"

"မစ္စက်မိုးက ပွဲထိုင်သွား ဝတ်စုံအနက် ဝတ်ထားတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ရှင့်ကို နှစ်ကြိမ်သုံးကြိမ်မက ပြောပြီးခဲ့ပြီပဲ"

"ဒါဖြင့် တခြားအရောင်မှိုင်းမှိုင်း ပွဲထိုင်သွားဝတ်စုံ. . . ဆိုကြပါစို့ အပြာရောင်ရင့်ရင့် ဝတ်စုံမျိုး ဝတ်ထားတဲ့ ဒီပြင် မိန်းမတစ်ယောက်ကိုလည်း အဲဒီနေရာမှာမြင်ရင် မစ္စက်မိုးလို့ပဲ ထင်စရာရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်က သူတို့နှစ်ယောက်ကလွဲလို့ တခြား ဘယ်သူမှ တုန်းပတ်ပေါ်တက်ခဲ့တာ မရှိဘူး"

"ကုန်းပတ်ပေါ်တက်နိုင်တဲ့ တခြားနေရာတွေ ရှိသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ တခြားလှေကားတွေတော့ ရှိပါတယ်"

"ဆေးရုံခန်းထဲက အဲဒီအချိန်မှာ မီးလင်းနေတယ်ဆိုတော့ အဲဒီမီးကို ဖွင့်တဲ့ တစ်ယောက်ယောက်တော့ ရှိခဲ့ရမယ် မဟုတ်လား"

"ဆေးရုံခန်းထဲက မီးကို ဘယ်သူဖွင့်တယ်ဆိုတာ ကျွန်မ မသိပဲ"

ဤတွင် တရားသူကြီး ရွှမ်လီက ဝင်ပြောသည်။

"ခဏကလေး မစ္စတာမေဆင်၊ ဒီမယ် မစ္စဖဲလ် အခု လူသတ်မှုတစ်ခုကို ကြားနာစစ်ဆေးနေတာ ဖြစ်တယ်၊ ခင်ဗျား ကျမ်းကျိန်ပြီး ထွက်ဆိုချက်ပေးနေတာဖြစ်တယ်၊ တရားခံရှေ့နေ စကားအနိုင်လုပြီး ပညာပြိုင်နေတဲ့ ပွဲမျိုး မဟုတ်ဘူး၊ အင်မတန် အရေးကြီးတဲ့ အမှုတစ်ခုကို ဖော်ထုတ်နေကြတာဖြစ်တယ်၊ ကြည့်ရတာတော့ မျက်မှန်တပ်မထားရင် ခင်ဗျားရဲ့ မြင်နိုင်အား ဟာ အတော်ကလေး လျော့နည်းပုံရတယ်၊ ဒီတော့ မစ္စတာ မေဆင်ရဲ့ မေးခွန်းကို ခင်ဗျား မှန်မှန်ကန်ကန် ဆက်ဖြေရမှာ တယ်။"

"ဘာမေးခွန်းလဲရှင့်"





"ကုန်းပတ်ပေါ်မှာ ခင်ဗျားတွေ့မြင်ခဲ့ရတယ်ဆိုတဲ့ ပုံသဏ္ဌာန် နှစ်ခုနဲ့ ပတ်သက်ပြီး မေးခဲ့တဲ့ မေးခွန်းလေ၊ အဲဒီ နှစ်ယောက်ဟာ ဘယ်သူဘယ်ဝါတွေ[illegible]တယ်ဆိုတာ ခင်ဗျားအတိအကျ မပြောနိုင်ဘူး မဟုတ်လား" ဟု တရားသူကြီးက ပြောသည်။

"ဒါကတော့ အောက်ကုန်းပတ်မှာ ကျွန်မရှိနေတုန်း သူတို့ နှစ်ယောက် ဖြတ်သွားကြတာ ကျွန်မ မြင်ခဲ့တာပဲ"

"အောက်ကုန်းပတ်မှာ မြင်တဲ့ကိစ္စကို ပြောနေတာမဟုတ်ဘူး၊ အပေါ်ကုန်းပတ်မှာ ဖြစ်ခဲ့တဲ့ အကြောင်းကို ပြောနေကြတာပဲ" ဟု တရားသူကြီးက ထပ်ပြောသည်။

"ဒါဖြင့်လည်း ကောင်းပါပြီလေ၊ အပေါ်ကုန်းပတ်မှာ မြင်ခဲ့တဲ့ ပုံသဏ္ဌာန်တွေကို ကျွန်မ ခွဲခြားမပြောနိုင်ဘူးပဲ ထားပါတော့" ဟု အေလင်းဖဲလ်က ခေတ္တမျှ စဉ်းစားနေပြီးမှ ဝန်ခံလိုက်သည်။

ဤတွင် မေဆင်က ဦးခေါင်း အနည်းငယ်ညွတ်၍ သူမ၏ မျက်မှန်ကို ပြန်ကမ်းပေးယင်း. . .

"ဒါဆိုလည်း ပြီးပါပြီခင်ဗျာ၊ အများကြီး ကျေးဇူးတင်ပါတယ် မစ္စဖဲလ်" ဟု ပြောလိုက်သည်။

အစိုးရရှေ့နေကြီး စကတ်ဒါသည် ခဏမျှ တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးမှ 'ဒါပဲလား၊ ပြီးပြီလား" ဟု မေဆင်ကို မေးလိုက်သည်၊ အေလင်းဖဲလ်သည် မျက်မှန်ကို ပြန်တပ်ပြီး မေဆင်ကို စူးစူးဝါးဝါး တစ်ချက်လှမ်းကြည့်လျက် မျက်နှာကိုပင့်ကာ သက်သေခုံမှ ဆင်း သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးက "နောက်ထပ် သက်သေတင်ပါမစ္စတာ စကတ်ဒါ" ဟု ပြောလိုက်သည်။ စကတ်ဒါက သင်္ဘောကက်ပတိန် ဂျိုးဟန်ဆင်ကို ခေါ်ယူလိုက်သည်။ တုတ်တုတ်ခိုင်ခိုင် ထွားထွား ကျိုင်းကျိုင်း ပုံသဏ္ဌာန်ရှိသော ကတ်ပတိန် ဟန်ဆင်သည် သက်သေခုံတွင် နေရာယူပြီးနောက် ပယ်ရိုမေဆင်အား မီးခိုးရောင် မျက်လုံးများဖြင့် ဣန္ဒြေရရလှမ်းကြည့်နေသည်၊ အချိန်ကုန် သက်သာစေရန်အတွက် မေဆင်ကပင် ကက်ပတိန်ဟန်ဆင်နှင့် ပတ်သက်၍ အတိုချုပ် တင်ပြသည်။ ၎င်းသည် အခင်းဖြစ်ပွားသော သင်္ဘောကို ဟိုနိုလူလူမှ ဆန်ဖရန်စစ္စကိုသို့ မာလိန်မှူးအဖြစ် ဦးစီးလာခဲ့သူ ဖြစ်ကြောင်း ၎င်းသည် ကားလ်မိုးခေါ် ကားလ် နယူးဘာရီအား သင်္ဘောအခန်းနံပါတ် ၃၂၁ တွင် လိုက်ပါလာ သည့် ခရီးသည်အဖြစ် သိရှိခဲ့သူဖြစ်ကြောင်း တင်ပြသည်။ ထို့နောက် တရားလို အကျိုးဆောင် စကတ်ဒါက အခင်းဖြစ်ပွား သော ခြောက်ရက်နေ့ည ကိုးနာရီ ပတ်ဝန်းကျင်တွင် ရှိနေခဲ့သော ရာသီဥတု အခြေအနေကို မေးမြန်း၍ ကက်ပတိန် ဟန်ဆင်က မိုးသည်းထန်စွာ ရွာသွန်းနေပြီး လေပြင်းများ တိုက်ခတ်နေ ကြောင်း ဖြေကြားသည်။

"အဲဒီညကိုးနာရီအချိန်မှာ သင်္ဘောဟာ ဘယ်နေရာ ရှိပါသလဲ" ဟု စကတ်ဒါက ဆက်မေးသည်။

"ဟာရယ်လွန် ကျွန်းစုနဲ့တစ်မိုင်ခွဲလောက်အတွင်းမှာ သင်္ဘောရောက်နေပါတယ်"





"ပင်လယ်ပြင် အခြေအနေကော ဘယ်လိုရှိနေပါသလဲ"

"လှိုင်းလေ အင်မတန် ထန်နေပါတယ်၊ ကျွန်တော့် သင်္ဘောဟာလည်း တလူးလူးတလိမ့်လိမ့် ဖြစ်နေပါတယ်"

"ခရီးသည်တွေအတွက် အန္တရာယ်မရှိအောင် ခင်ဗျား ကြိုတင်ကာကွယ်တဲ့ အစီအစဉ်တွေ လုပ်ခဲ့သေးသလား"

"ဟုတ်ကဲ့၊ ကျွန်တော်စီစဉ်ခဲ့ပါတယ်၊ လေတိုက်နေတဲ့ ဘက်အခြမ်းက တံခါးတွေအားလုံး သော့ခတ်ပြီး ပိတ်ထားခဲ့ပါ တယ်"

"ကိုးနာရီထိုးပြီးခါစလောက်မှာ ယခု တရားခံဖြစ်နေတဲ့ ...တ်မိုးရဲ့ အခန်းကို ခင်ဗျား သွားခဲ့ပါသလား"

"ဟုတ်ကဲ့. . ."

"အဲဒီမှာ ဘယ်သူတွေ ရှိနေသလဲ"

"မစ္စက်မိုးရယ်၊ မစ္စတာ ပယ်ရီမေဆင်၊ မစ္စဒယ်လာစထရိ ...ဘဲလ်နယူးဘာရီတို့ရယ်၊ သင်္ဘော ပစ္စည်းထိန်းအရာရှိရယ် နေကြပါတယ်"

"အဲဒီအချိန် အဲဒီနေရာမှာ တရားခံဟာ သူ့ယောက်ျားကို ...ယ်အချိန်နောက်ဆုံးတွေ့လိုက်ရသလဲဆိုတဲ့အကြောင်း ထွက်ဆို ...က် တစ်စုံတစ်ရာ ပေးခဲ့ပါလား"

"ဟုတ်ကဲ့၊ ပြောခဲ့ပါတယ်"

"ဘာတွေပြောခဲ့သလဲ"

ထိုအချိန်တွင် မေဆင်ကဝင်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ရှုံးမင်းခင်ဗျား၊ မေးခွန်းဟာ အမှုနဲ့ မသက်ဆိုင် မပ သက်ပါ၊ မည်မည်ရရလည်း မရှိပါ၊ ဒီမေးခွန်းအတွက် လျော်ကန် အခြေခံ တည်ဆောက်မှုလည်း မရှိခဲ့ပါ" ဟု တင်ပြသည်။

တရားသူကြီး ရွှမ်လီက မျက်မှန်ပေါ်မှ ကျော်၍ ပယ် မေဆင်အား လှမ်းကြည့်ပြီး "ကန့်ကွက်ချက်နဲ့ ပတ်သက်ပြီး က မရှင်းဘူး၊ အထူးသဖြင့် လျော်ကန်တဲ့ အခြေခံ တည်ဆောက် မရှိသေးဘူးဆိုတာ ဘာကိုဆိုလိုတာလဲ" ဟု ပြန်မေးသည်။

"ဒီလိုပါ ရှုံးမင်းခင်ဗျား၊ တရားခံတစ်ယောက်ကို ရာဇဝတ် နဲ့ ပတ်သက်ပြီး ထွက်ဆိုချက်တစ်ခုခု ယူတော့မယ်ဆိုရင် မယူခင် အဲဒီအမှုနဲ့ တရားခံ ဘယ်လိုပတ်သက်ကြောင်း အထောက်အထ ပြဖို့ လိုအပ်ပါတယ်၊ တနည်းဆိုရရင် ဒီအမှုမှာ တရားလိုအ ကားလ်နယ္ယူးဘာရီခေါ် ကားလ်မိုးဟာ တကယ်တမ်း သေဆုံးခဲ့ တာ ပထမဆုံး အထောက်အထားပြဖို့ လိုပါတယ်။ ဒုတိယအ နဲ့ သေသူဟာ တစ်စုံတစ်ဦးကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း တ လိုဘက်က အထောက်အထားပြဖို့ လိုပါတယ်။ အဲဒီနှစ်ချက်ဆော ရွက်ပြီးတော့မှ စွပ်စွဲခြင်းခံရတဲ့ တရားခံဟာ အမှုနဲ့ မည်သို့မ ပတ်သက်ကြောင်း ဖော်ထုတ်ပြဖို့ ဖြစ်ပါတယ်၊ ခုနက ဖော်ပြခဲ့ အဆင့်တွေ မဆောင်ရွက်ရသေးခင်မှာ တရားခံရဲ့ ဖြောင့်ချ သို့မဟုတ် ဝန်ခံချက်ဆိုတာတွေကို ဘယ်လိုမှ စစ်ဆေးရယူ မပြုနိုင်ပါဘူး၊ ယခုအမှုမှာဆိုရင် တရားလိုဘက်က အဆုံးသွ ပြနိုင်သေးတဲ့ အဆင့်က ဘာလဲဆိုရင် သက်သေတစ်ယော





သေနတ်သံတစ်ချက် ကြားရတယ်ဆိုတာရယ်၊ သူနဲ့ ပေ ၆၀ လောက် အကွာအဝေးမှာ ပုံသဏ္ဌာန်နှစ်ခု မြင်ခဲ့တယ်ဆိုတာရယ်၊ ဒါလောက် ကိုပဲ ပြနိုင်ပါသေးတယ်၊ သက်သေကလည်း အဲဒီ ပုံသဏ္ဌာန်တွေဟာ ဘယ်သူ ဘယ်ဝါတွေပါလို့ ခွဲခြားမပြောနိုင်ခဲ့ပါဘူး" ဟု ပယ်ရီ မေဆင်က ရှင်းလင်းတင်ပြသည်။

ဤတွင် စကတ်ဒါက တရားသူကြီး၏ ခွင့်ပြုချက်တောင်း ၍ ပြန်လည်တင်ပြသည်။

"ဒါတွေက ပညာပိုင်းသဘောတွေပါ ရှုံးမင်းခင်ဗျား၊ မစ္စက်မိုး ဟာ သူ့ယောကျ်ား ကားမိုးကို သေနတ်နဲ့ပစ်သတ်ခဲ့တယ်လို့ ဘယ်သူကမှ မထွက်ဆိုနိုင်သေးဘူးပဲ ဆိုပါစို့၊ ဒါပေမယ့် တစ်စုံ တစ်ယောက်သောသူဟာ ယောကျ်ားတစ်ယောက်ကို ကုန်းပတ် သက်ရန်းဆီ ဆွဲသွားခဲ့ပြီး ရေထဲ တွန်းချလိုက်တာကတော့ သေချာ နေပါပြီ၊ ဒီတော့ အဲဒီအခင်းဖြစ်ပွားတဲ့အချိန်မှာ ပင်လယ်ပြင်အခြေ အနေအရ ရေထဲကျသွားတဲ့လူတစ်ယောက်ဟာ ဆယ်မိနစ်ထက် ပြီး အသက်မရှင်နိုင်ဘူးဆိုတဲ့ အကြောင်း ကက်ပတိန်ဟန်ဆင်ကို မေးမြန်းပြီး ကျွန်တော်သက်သေထူသွားပါ့မယ်"

"နေပါဦးလေ၊ လူတစ်ယောက် ရေထဲတွန်းချခံရတယ်လို့ ဘယ်သူက ထွက်ဆိုခဲ့သေးလို့လဲ" ဟု မေဆင်က ဝင်မေးသည်။

"သက်သေ အေလင်းဖဲလ်က မြင်တယ်လို့. . ." ဟု ပြောနေစဉ် စကတ်ဒါက ရှုတ်တရက် စကားကို ဖြတ်လိုက်၍ မေဆင်က ပြုံးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးက "အင်း. . . ခုအတိုင်းဆို အခြေအ
အတော်ထူးထူးခြားခြား ဖြစ်နေပြီကော" ဟု ဝင်ပြောသည်။

"ဟုတ်ပါတယ်. . . ရုံးမင်း ခင်ဗျား" ဟု မေဆင်
ခပ်သွက်သွက်ပြော၍ နေရာတွင် ပြန်ထိုက်ချလိုက်သည်။

စကတ်ဒါက စိတ်ပျက်လက်ပျက်ဖြင့်. . .

"တခြားနည်းနဲ့ ကျွန်တော်ကြိုးစားပါဦးမယ်၊ ကက်ပတိ
ဟန်ဆင်ကို မေးခွန်းနည်းနည်းလောက် ထပ်မေးခွင့်ပြုပါ"
ပန်ကြား၍ တရားသူကြီးက ခွင့်ပြုလိုက်သည်။

"ခြောက်ရက်နေ့ည ကိုးနာရီ ထိုးပြီးခါစလောက်မှာ ခင်ဗ
သိရှိရသမျှ ခင်ဗျားရဲ့ သင်္ဘောပေါ်မှာ ဘာဖြစ်ခဲ့သလဲ"
စကတ်ဒါက ဆက်မေးသည်။

"တယ်လီဖုန်း အော်ပရေတာက သင်္ဘောပဲ့ထိန်းတဲ့နေ
ကို လူတစ်ယောက် ရေထဲကျသွားတဲ့အကြောင်း တယ်လီဖုန်းလ
ဆက်ပါတယ်၊ ရေထဲကျသွားတဲ့လူကိုရှာဖွေဖို့ ကျွန်တော့်အနေ
နည်းလမ်းရှိသမျှ ချက်ချင်းဆောင်ရွက်ခဲ့ပါတယ်။ ဖြစ်နိုင်ရင် ရေ
ဆင်းပြီး ဆယ်တင်မလို့ပါပဲ၊ ဒါပေမယ့် တစ်နာရီခွဲကျော်အော
ရေပြင်ပေါ်မှာ မီးမောင်းတွေထိုးပြီး ရှာဖွေခဲ့ပေမယ့်လည်း အ
အယောင်တောင် မတွေ့ခဲ့ပါဘူး၊ ရေထဲ ကျသွားတဲ့လူ မသေသေ
ရင် တွယ်တက်နိုင်အောင် အသက်ကယ်ဘောတွေလည်း ပစ်ချထ
ပေးခဲ့ပါတယ်၊ ဘယ်လိုမှ မတွေ့တဲ့အဆုံး ဆန်ဖရန်စစ္စကို
ဆက်မောင်းလာခဲ့ပါတယ်"





"သင်္ဘောပေါ်က ပျောက်ဆုံးသွားတဲ့လူဟာ ဘယ်သူလဲလို့
င်ဗျားစစ်ဆေးကြည့်ခဲ့သေးသလား"

ကက်ပတိန်ဟန်ဆင်က ခေါင်းကုတ်လျက် ပြန်ဖြေသည်။

"အင်း. . . ကျွန်တော်တို့ စစ်ဆေးခဲ့တယ်လို့လည်း ပြောနိုင်
ယ်၊ မစစ်ဆေးခဲ့ဘူးလို့လည်း ပြောနိုင်တယ်"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ဒီလိုပါ၊ ခရီးသည်တွေကို အခန်းစေ့လိုက်ပြီး စစ်ဆေးဖို့
ရီးသည်အားလုံး ကိုယ့်အခန်းမှာ ကိုယ်ပြန်နေကြဖို့ ကျွန်တော်
 ညွှန်ကြားခဲ့ပါတယ်၊ အဲဒီအချိန်မှာပဲ မစ္စအေလင်းဖဲလ်က
န်တော့်ဆီကိုလာပြီး ပြောပါတယ်"

"တစ်ယောက်ယောက်က ခင်ဗျားကို လာပြောတာ ထည့်
ပြောစရာမလိုဘူး ကက်ပတိန်၊ ခင်ဗျား ဘာလုပ်ခဲ့သလဲဆိုတာကို
ာ ပြောပြပါ" ဟု တရားသူကြီး ရွှမ်လီက ကြားဖြတ်၍ ဝင်ပြော၏။

"ကောင်းပါပြီ၊ ဒါနဲ့ ကျွန်တော်တို့အခန်းအားလုံးကို မစစ်
ဆေးရသေးခင် မစ္စတာနယူးဘာရီ အမည်ခံ မစ္စတာမိုးတို့ရဲ့
ခန်းကို စပြီးစစ်ဆေးပါတယ်၊ အဲဒီမှာ သူ့ကို ကျွန်တော်တို့
တွေ့ရပါဘူး၊ သူမိန်းမဆီက အထောက်အထားတွေ ကျွန်တော်
 မတွေ့ခဲ့. . ."

ကက်ပတိန် ဟန်ဆင်၏ စကားမဆုံးမီ တရားသူကြီးက
ကြားဖြတ်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"အထောက်အထားတွေ ဘာတွေဆိုတာ အခုပြောစ
မလိုပါဘူးလေ၊ အခု ကျုပ်တို့ကြားနာနေတာဟာ တရားခံနဲ့ ဒီအ
နဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ ဖော်ထုတ်ဖို့ ကြိုးစားနေတာ
ရှိတယ်"

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော်ကလည်း ကျွန်တေ
ဘာတွေလုပ်ခဲ့တယ်ဆိုတာကိုပဲ ပြောပြနေတာပါ"

"ဒီတော့. . . ခင်ဗျားအနေနဲ့ သင်္ဘောအခန်းအားလုံ
ခရီးသည်အားလုံးကို ခရီးသည်စာရင်းနဲ့ တိုက်ဆိုင်ပြီး မစစ်ဆေ
ခဲ့ဘူးမဟုတ်လား"

"ဟုတ်ကဲ့၊ အားလုံးကို မစစ်ဆေးဖြစ်ခဲ့တာတော့ အမှန်
ပဲ" ဟု ကက်ပတိန်ဟန်ဆင်က ဝန်ခံလိုက်သည်။ ထိုအချိန်
တရားလိုအကျိုးဆောင် စကတ်ဒါက စိုးရိမ်တကြီးဖြင့် ဝင်
သည်။

"ရုံးမင်းခင်ဗျား၊ ကျွန်တော့် မေးခွန်းတွေ အပြီးမသ
သေးပါဘူး၊ ကျွန်တော်တို့ တရားလိုဘက်က တွေ့ရှိထားတဲ့ အ
အလက်တွေဟာ တကယ်တမ်းကတော့ အင်မတန် ခိုင်မာပါ
ဥပဒေအကျိုးဆောင်တစ်ယောက်အနေနဲ့ ပညာပိုင်းဆိုင်
ကော်လုံးကတ်လုံး တွေသုံးပြီး အမှုကို လမ်းလွှဲဖို့ ကြိုးစားတာ
ကျွန်တော်တို့ အနေနဲ့ လက်မခံနိုင်. . ."

"ဒါတွေ ပြောနေစရာမလိုပါဘူးလေ၊ အကျိုးဆော
အနေနဲ့ အမှုနဲ့သက်ဆိုင်တာတွေပဲပြောတာကောင်းပါလိမ့်မယ်"
တရားသူကြီးက ဖြတ်ပြောလိုက်သည်။





"ရုံးတော်ကို ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်
တ်ထဲ ခံစားမိတာကို ပြောလိုက်တာပါ၊ အခုလောလောဆယ်မှာ
တော့ ရုံးတော်က ခွင့်ပြုမယ်ဆိုရင် ကြားနာမှုကို ဒီနေ့ညနေသုံးနာရီ
အထိ ခေတ္တရွှေ့ဆိုင်းပေးဖို့ ကျွန်တော် ပန်ကြားပါရစေ၊ အဲဒီ
အချိန်မှာ နောက်ထပ် သက်သေတစ်ယောက်ကို ကျွန်တော် တင်ပြ
င်မယ်လို့ မျှော်လင့်ပါတယ်" ဟု စကတ်ဒါက လျှောက်ထား၍
တရားသူကြီးက ခေါင်းညိတ်ပြပြီး. . .

"ကောင်းပြီလေ၊ တရားလိုအကျိုးဆောင်ကြီးရဲ့ မေတ္တာ
ပ်ခံချက်ဟာ ထုံးစံတော့ မဟုတ်ပေဘူး၊ သို့သော်လည်း ဖြစ်ပေါ်
နေတဲ့ အခြေအနေတွေက ထူးထူးခြားခြားဖြစ်နေတာဆိုတော့
တော်ကို ညနေ သုံးနာရီအထိ ရပ်နားပေးပါမယ်" ဟု ပြောလိုက်
သည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

တရားရုံးအတွင်း ပရိတ်သတ်များကြားမှ ပေါလ်ဒရိတ်တို့ထွေ လာပြီး မေဆင်၏ အနီးသို့အရောက်တွင် "ကျွန်တော်တို့ ဟိုတီး သိရပြီ ပယ်ရီ" ဟု ပြောလိုက်သည်။

"ဒယ်လာ့ ကိစ္စလား" ဟု မေဆင်က ပြန်မေးသည်။

ဒရိတ်က ခေါင်းပြန်ညိတ်ပြသည်။

ထိုအချိန်တွင် မေဆင်က မစ္စတ်မိုး ထိုင်နေသော ကုလားထိုင် ရှေ့တွင်ရပ်၍ ကိုယ်ကို ကိုင်းတာ ခပ်တိုးတိုးပြောသည်။

"တရားသူကြီး ရွှမ်းလီဟာ အင်မတန်မျှမျှတတရှိပါတယ် အခု အေလင်းဖဲလ်ရဲ့ ထွက်ဆိုချက်ကို မခိုင်လုံဘူးလို့ ယူဆအောင် ကျွန်တော်တို့ လုပ်နိုင်ခဲ့ပြီ မဟုတ်လား"





မစ္စက်မိုးက အထူးကျေးဇူးတင်ကြောင်း ဖော်ပြသည့်အနေ ဖြင့် မေဆင်၏လက်ကို ဆွဲ၍ ဖျစ်ညှစ် နှုတ်ဆက်သည်။

"အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့ အပြင်ထွက်လိုက်ဦး မယ်။ သုံးနာရီအရောက် ကျွန်တော်ပြန်လာခဲ့ပါ့မယ်"ဟု မေဆင်က ပြောကာ ဒရိတ်ကိုခေါ်၍ ထွက်လာခဲ့ကြသည်။

တရားရုံးခန်းအဝတွင် ဘဲလ်နယူးဘာရီစောင့်နေပြီး မေဆင်၏လက်ကို ပြေးဆွဲနှုတ်ဆက်၍ ကျေးဇူးတင်စကားဆိုပြန် သည်။ မေဆင်က ပြုံး၍ သူမ၏ကျောကို ပုတ်ကာ "မင်းမေမေကို အစောင့်တွေပြန်ခေါ်မသွားခင် ခဏလောက်သွားတွေ့လိုက်ပါ လား၊ ဆရာလည်းပြန်လာခဲ့မယ်" ဟုပြောလိုက်သည်။

တရားရုံးရှေ့တွင် ဒရိတ်က ကားတစ်စီးဖြင့် စောင့်နေရာ မေဆင်က . . .

"ကိုင်း . . . ပြောစမ်းတွာ၊ မင်းဘာသိခဲ့ရသလဲ ပေါလ်"ဟု သိလိုဇောဖြင့် မေးလိုက်သည်။

ဒရိတ်က . . .

"ကျွန်တော်မပြောချင်ဘူးဗျာ၊ ခင်ဗျားကိုယ်တိုင်တွေ့တာစဲ ကောင်းမယ်ထင်တယ်" ဟု ပြန်ပြောသည်။

"ဘာတွေ ဖြစ်နေလို့လဲကွဟင်"

"ကားပေါ်သာတက်ပါ ပယ်ရီ၊ သိပ်မကြာပါဘူး"

"ဒါကဘယ်သွားမှာလဲ"

"ဘတ်ကလေကို သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ သွားကြတာပေါ့" ဟု မေဆင်က ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။ မော်တော်ကားသည် ဈေးလမ်းတစ်လျှောက် အပြင်းမောင်းသွားပြီး လက်ဝဲဘက်သို့ ချိုးကာ ပင်လယ်အော် ဖြတ်ကူးတံတားကြီးဆီသို့ ဦးတည်သော လမ်းမကြီး အတိုင်း မောင်းဆင်းသွားသည်။

"ဒီမယ်ပေါလ်၊ အခု တို့သုံးယောက်တည်း သွားနေကြတာ အိုဗ်စ်ဆိုတဲ့ ငနဲနဲ့ ပတ်သက်တာဆိုရင် အင်အားနည်းမနေဘူး လား" ဟု မေဆင်က မေးသည်။

"အိုဗ်စ်နဲ့ မဆိုင်ပါဘူး၊ ဒယ်လာပျောက်နေတဲ့ကိစ္စမှာလည်း သူ့ပယောဂဘာမှမပါဘူး"

"မင်း ဘယ်လိုသိသလဲ"

"မိနစ်ပိုင်းအတွင်း ခင်ဗျားကို ပိုပြီး ပြည့်ပြည့်စုံစုံ ပြောပြ မယ်၊ ခုလောလောဆယ်တော့ အိုဗ်စ်နဲ့ ပတ်သတ်တာ ကျွန်တော် သိသမျှ ပြောပြမယ်၊ တကယ်တော့ အိုဗ်စ်ဆိုတဲ့ ငနဲဟာ အကြံ ကြံပြီး စီမံကိန်းချ လုပ်ခဲ့တာပဲဗျ၊ ဒါပေမယ့် ဒီလူသတ်မှုကြောင့် သူ့အကြံတွေ ပျက်ခဲ့ရတယ်"

ဒရိတ်က ခဏနားနေစဉ် မေဆင်က ဆက်ပြောခိုင်းသည်။

"ဒီလိုဗျာ၊ ဟိုနိုလူလူမှာ ရော်ဂျာကတ်မင်းဆိုတဲ့လူကို ကျွန်တော် တို့ စုံစမ်းကြည့်တဲ့အခါ သူဟာ တကယ်ပဲ မော်တော်ကားမှောက်ပြီး လည်ပင်းရိုးကျိုးတဲ့ ဒဏ်ရာရခဲ့တာ ဟုတ်မှန်ကြောင်း သိခဲ့ရတယ်၊ ဒါပေမယ့် အဲဒီလိုဖြစ်တာ သုံးလလောက်ရှိပြီ၊ ကတ်မင်းဟာ





ပြည်မက အတော်ကလေး ချမ်းသာတဲ့ လူတစ်ယောက်ပဲ၊ သူဟာ လည်ပင်းစွပ်ကိုရိယာတပ်ဆင်ပြီး ပြည်မကို ပြန်လာခဲ့တယ်"

"ဒါတွေက ငါသိပြီးသားပါ"

"ခင်ဗျားသိတာ မဟုတ်သေးဘူးဗျ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကတ်မင်းဟာ လွန်ခဲ့တဲ့ ရက်သတ္တ ခြောက်ပတ်လောက်ကတည်းက ပြန်ရောက်ခဲ့ပြီး ဖြစ်နေတယ်"

"ဘာပြောတယ်ကွ" ဟု မေဆင်က ဒရိတ်ကို စိုက်ကြည့်ပြီး မေးလိုက်သည်။

"ကတ်မင်းဟာ ပြည်မကို လွန်ခဲ့တဲ့ ခြောက်ပတ်လောက်က တည်းက ပြန်ရောက်နေခဲ့တယ်၊ သူပြန်လာတာကလည်း လေယာဉ်ပျံ နဲ့ ပြန်လာခဲ့တာတဲ့၊ ကျွန်တော့်လူတွေက မစ္စတာကတ်မင်းကို ဗုဂ္ဂလိက သီးသန့်ဆေးရုံတစ်ခုမှာ သွားတွေ့ခဲ့ကြပြီးပြီ၊ ဟိုနိုလူလူက ပြန်လာပြီးကတည်းက ဆေးရုံတက်နေခဲ့တာပဲတဲ့၊ သူနာပြုတွေ ဆရာဝန်တွေကလည်း အဲဒီအတိုင်းပြောကြတယ်"

"ဟာ ဒီအတိုင်းဆို အီဗလင်းဝှစ်တင်း မြူစုလာတယ်ဆိုတဲ့ လူဟာ ကတ်မင်းအစစ်မဟုတ်ဘူးပေါ့"

"ဒါပဲပေါ့ဗျာ"

"ဒါဖြင့် ဘယ်လိုအကြံအစည် ဖြစ်မယ်ထင်သလဲ"

"ကျွန်တော်တို့ စဉ်းစားလို့ ရတာကတော့ ကတ်မင်းဟာ ဒိုက်ဆံချမ်းသာတဲ့ လူတစ်ယောက်ဖြစ်တယ်၊ လည်ပင်းက ဒဏ်ရာ ကြောင့် ဘယ်ကိုမှလည်း မသွားနိုင်ဘူး၊ သီးသန့်ဆေးရုံ တစ်ခုမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးကုနေရတယ်၊ အဲဒီအကြောင်းကို မော်ဂန်အိုင်စ်နဲ့အီဗလင်တို့က သိထားခဲ့ကြတယ်၊ လူလိမ်လူရှုပ် တစ်ယောက်ဖြစ်တဲ့ အိုင်ဟာ ကတ်မင်းအတုဖန်တီးပြီး၊ အကြီးအကျယ် လိမ်လည်မှုတစ်လုပ်ဖို့ စီစဉ်ခဲ့တယ်၊ သူ့ အစီအစဉ်အတိုင်း အီဗလင်းက ဟိုနိုလူလူကိုသွား၊ သူတို့လူတစ်ယောက်ကို လည်ပင်းစွပ် ကိရိယာနဲ့ နေကာမျက်မှန်ဆင်ပေးပြီး မစ္စတာကတ်မင်းအနေနဲ့ ပြည်မကို ခေါ်လားတယ်၊ သင်္ဘောပေါ်မှာ သူတို့ နှစ်ယောက်ဟာ မစ္စတာကတ်မင်းသူ့ရဲ့ သူနာပြုဆရာမအဖြစ် အားလုံးကအသိအမှတ် ပြုလာအောင်သရုပ်ဆောင်ခဲ့ကြတယ်၊ ပြည်မကို ရောက်ရင် မစ္စတာကတ်မင်အဖြစ် ဟန်ဆောင်ထားတဲ့ သူတို့ရဲ့လူကို အသုံးချပြီး မစ္စတာကတ်မင်းအစစ်ရဲ့ မိတ်ဆွေတွေ၊ ဘဏ်လုပ်ငန်းရှင်တွေဆီကအကြီးအကျယ်လိမ်ဖို့ စီစဉ်ထားခဲ့တာပဲ၊ ဒါပေမယ့် ကံဆိုးချင်တော့အီဗလင်းရဲ့ အဆက်ဟောင်း တားလ်မိုးဟာ သင်္ဘောပေါ်မှာအီဗလင်းကို တွေ့တော့ သူ့ဘာသာသူ မလုံမလဲနဲ့ အီဗလင်းဆီလာပြီး သူ့အကြောင်းနှုတ်ပိတ်နေဖို့ တောင်းပန်ခဲ့တယ်၊ အဲဒီနောက်မကြာခင်တားလ်မိုး အသတ်ခံရပြီး ဟိုးလေးတကျော် သတင်းဖြစ်သွားတော့ အီဗလင်းတို့အနေနဲ့ သူတို့ရဲ့ မစ္စတာ ကတ်မင်းအကြီးကို ခဏလျှို့ထားဖို့ ဆုံးဖြတ်ခဲ့ကြတယ်၊ အချိန်နည်းနည်းစောင့်ပြီးတော့မှ သူတို့ရဲ့ အကြံကို ဆက်အကောင်အထည်ဖော်ဖို့ပဲ၊ အဲဒီအချိန်မှာပဲ ခင်ဗျားက တားလ်မိုးအကြောင်းကို သိသက်သေတစ်ယောက်အဖြစ်နဲ့ အီဗလင်းကို တွေ့အောင်ရှာတရားရုံးမှာ သက်သေလာထွက်ဆိုဖို့ ဆင့်စာပေးခဲ့တယ် မဟုတ်လား





အဲဒီမှာ သူတို့အဖို့ အကျပ်ရိုက်ကုန်တာပဲ”ဟု ပေါလ်ဒရိတ်က သူ၏ဆက်စပ်တွေးခေါ်ပုံကို အကျယ်တဝင့် ပြောပြသည်။

“သက်သေဆင့်ဆိုစာ ပေးခဲ့လျက်နဲ့ ဒီမနက် တရားရုံးကိုဘာကြောင့်မလာသလဲမသိဘူး၊ ရုံးတော်ကို မထိမဲ့မြင်ပြုမှုနဲ့ဒဏ်ရိုက်ခံရနိုင်တယ်” ဟု မေဆင်ကပြောသည်။

“ဒါကတော့ သူတို့ရဲ့ ဇာတ်ရှုပ်ပေါ်သွားမှာကို စိုးရိမ်တာကိုဗျ၊ တကယ်လို့ ရုံးတော်မှာ အီဗလင်းသက်သေလာထွက်ရင်အခင်းဖြစ်ပွားတဲ့ သင်္ဘောပေါ်မှာ သူဟာ မစ္စတာကတ်မင်းဆိုတဲ့ လည်ပင်းရိုးကျိုးနေတဲ့ လူနာတစ်ယောက်ကိုပြုစုပြီး လိုက်ပါလာခဲ့တဲ့အကြောင်း ပြောပြရတော့မယ်၊ ဒါဆိုရင် သတင်းစာတွေထဲပါလာပြီး မစ္စတာကတ်မင်းအစစ် လွန်ခဲ့တဲ့ ခြောက်ပတ်လောက်ကတည်းက ပုဂ္ဂလိကဆေးရုံမှာ ရောက်နေတဲ့အကြောင်းသိတဲ့ လူတွေကအငြင်းပွားလာကြတော့မယ်၊ ဒါကြောင့်လည်း တရားရုံးကိုပေါ်မလာတော့ပဲ လစ်သွားကြတာပေါ့”

“အေးကွာ၊ ကိုယ်လည်း ခုမှပဲ ပုံကြမ်းပေါ်လာတော့တယ်၊ ဘာပဲဖြစ်ဖြစ်လေ အီဗလင်းဝှစ်တင်းရဲ့ ထွက်ချက်ကိုတော့ ကိုယ်ရမှဖြစ်မယ်၊ ဒီအမှုကို ရှင်းပစ်နိုင်ဖို့က ဒီတစ်နည်းပဲရှိတယ်” ဟု မေဆင်က အတွေးနက်နက် စဉ်းစားနေပြီးနောက် ဖြည်းညင်းစွာပြောလိုက်သည်။

“ဒါထက် နေပါဦးဗျ၊ အေလင်းဖဲလ်နဲ့ မျက်မှန်ကိစ္စကိုဘယ်လိုလုပ်သိခဲ့တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ၊ သဘောၤပေါ်မှာတုန်းက ထမင်းစားခန်းထဲမှာ အဲဒီအမျိုးသမီးကို ဝတ်ကောင်းစားလှနဲ့တွေ့တိုင်း မျက်မှန်တပ် မထားတာ ကိုယ်သတိထားမိတယ်၊ အပြင်မှာ ကျန်တဲ့အချိန်တွေ တွေ့ရင် မျက်မှန်တပ်ထားတာချည်းပဲ၊ အဲဒီကတည်းက ဒီအမျိုး သမီးဟာ သူ့ကိုယ်သူ ပိုပြီးဆွဲဆောင်မှုရှိအောင် မျက်စိအမြင်ကို တောင် အနစ်နာခံတဲ့အစားထဲကပါလားလို့ တွေးမိခဲ့သေးတယ် ဒါကြောင့်လည်း ကုန်းပတ်ပေါ်မှာ သူမြင်ခဲ့တယ်ဆိုတာ သဲသဲကွဲကွဲ မဟုတ်ဘဲ ပုံသဏ္ဌာန်လောက်ပဲဆိုတဲ့ အကြောင်းပေါ်လွင်သွားအောင် အစိုးရရှေ့နေ စကတ်ဒါရဲ့ ဓာတ်ပုံတစ်ပုံကို ပုံကြီးချဲ့ပြီး အသုံးချ ရတာပဲ" ဟု မေဆင်က ပြန်ရှင်းပြသည်။

မကြာမီ မေဆင်တို့၏ မော်တော်ကားသည် ဘတ်ကလေ ဆင်ခြေဖုံးသို့ ဝင်လာခဲ့သည်။ ဒရိုက်၏ တပည့် ယာဉ်မောင်း မော်တော်ယာဉ်စခန်းတစ်ခုရှေ့တွင် ကားကိုရပ်လိုက်ရာ ကားအနီး သို့ လူတစ်ယောက်ချက်ချင်းရောက်လာသည်။ ဒရိုက်က . . .

"အိုကေပဲလားဟေ့" ဟုမေးလိုက်ရာ ထိုသူက. . .

"အိုကေပါပဲ" ဟု ပြန်ဖြေသည်။

ထိုနောက် ထိုသူ၏ လမ်းညွှန်ချက်အတိုင်း ကားကိုမောင်း ဝင်လာခဲ့ရာ ယာဉ်စခန်းအတွင်းရှိ တဲ ပုံစံတစ်ထပ်တိုက်ပုကလေး များ တန်းစီ၍ရှိသည့်အနက် ဒုတိယမြောက် တိုက်ပုကလေးရှေ့ တွင် ကားကိုရပ်လိုက်သည်။

ဒရိုက်က . . .





"ကိုင်း . . . ပယ်ရီ၊ ဒယ်လာ ဒီအိမ်ထဲမှာရှိတယ်" ဟု ပြောလိုက်၍ မေဆင်သည် ကားတံခါးဖွင့်ပြီး ခုန်ဆင်းသွားသည်။ ထိုနောက် တံခါးလက်ကိုင်ဖုကို လှည့်၍ ဆောင့်တွန်းဖွင့်လိုက်သည်။ ဒယ်လာသည် ကြိမ်လှုပ်ကုလားထိုင်တစ်ခုတွင် ထိုင်လျက် မဂ္ဂဇင်း တစ်အုပ်ကို ဖတ်နေရာမှ ထိတ်လန့်တကြား လှမ်းကြည့်လိုက်ရာ မေဆင်ကို တွေ့၍ . . .

"ဆရာ . . . ဆရာ. . ." ဟု လွတ်ကနဲ အော်လိုက်သည်။

မေဆင်သည် စကားတစ်ခွန်းမှ မပြောဘဲ သူ၏ ဖက်နှစ် ဘတ်ကို ဆန့်တန်းလျက် အခန်းတွင်းသို့ဝင်သွားရာ ဒယ်လာက မေဆင်အား ပြေးဖက်ပြီး . . .

"ဆရာ. . . ဆရာ. . . ဆရာ ဘာလို့ ဒီလိုလုပ်ရတာလဲ" ဟု မေးသည်။

"ဘာလုပ်တာကို ပြောတာလဲ" ဟု မေဆင်က ပြန်မေးသည်။

"ကျွန်မကို တွေ့အောင်ရှာတာကို ပြောတာလေ၊ အခုတော့ ဆရာ့ကို ကျွန်မ ပြောပြရတော့မယ်၊ ကျွန်မ မပြောချင်ဘူး ဆရာ"

"ဘာကိုမပြောချင်တာလဲ၊ ပြောစမ်းပါ"

"ဆရာ မတွေးမိဘူးလား"

မေဆင်က ခေါင်းယမ်းပြ၍ ဆို့နင့်သောလေသံဖြင့် . . .

"ဆရာ့ကို ဒီလိုတော့ မထားခဲ့ပါနဲ့ ဒယ်လာ၊ ဒယ်လာမရှိ လို့မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဆရာရယ်၊ ကျွန်မ ဒီလိုလုပ်မှဖြစ်မှာမို့ပါ၊ ဆရာ့ကို ပြန်ပြီးဆန့်ကျင်ရတဲ့အဖြစ်ကို အရောက်မခံနိုင်လို့ပါ၊ ဒီအမှုမှာ ကျွန်မ သက်သေအဖြစ် မထွက်ဆိုဘဲနေရင် ဥပဒေအရ ကျွန်မတို့ အတင်းအကျပ်ထွက်ဆိုခိုင်းလို့ မရဘူးဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမယ့် သတင်းစာတွေက ကျွန်မ ငြင်းပယ်တာကို ပုံကြီးချဲ့ပြီး ရေးကြလိမ့်မယ်"

"နေပါဦးကွယ့် ဒယ်လာရဲ့၊ ဥပဒေကြောင်းအရဆိုရင်လည်း မင်းအနေနဲ့ သက်သေထွက်ဆိုအောင် လုပ်နိုင်တာပဲ"

"ဘယ်ဟုတ်မလဲဆရာ၊ ရှေ့နေတစ်ယောက်ရဲ့ အတွင်းရေးမှူးဟာ ရှေ့နေတစ်ယောက်နဲ့ အလားတူအနေအထားမှာ ရှိနေတယ်လို့ ကျွန်မ နားလည်ထားတယ်၊ ရှေ့နေတစ်ယောက်ဟာ ကိုယ့်အမှုသည်ကို ဆန့်ကျင်ပြီး သက်သေအဖြစ် ထွက်ဆိုခွင့်မရှိဘူးလို့ ဆိုထားတယ်မဟုတ်လား"

"အဲဒါက အမှုသည်နဲ့ ရှေ့နေရဲ့ လျှို့ဝှက်ဆက်သွယ်ခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ဥပဒေက တားမြစ်ထားတာပဲ၊ ဆိုလိုတာက အမှုသည်က အမှုနဲ့ပတ်သက်ပြီး သူ့ရှေ့နေကို အမှန်အတိုင်း မချွင်းမချန် ထုတ်ပြောထားတာတွေရှိမယ်၊ အဲဒီအချက်တွေကို ရှေ့နေက အမှုသည်ကို ဆန့်ကျင်ပြီး သက်သေအဖြစ် ပြန်လည်ထွက်ဆိုတာမျိုးကို ဥပဒေက ခွင့်မပြုဘူး၊ အလားတူပဲ ရှေ့နေရဲ့ အတွင်းရေးမှူးအဖြစ် အမှုသည်နဲ့ ရှေ့နေ ဆွေးနွေးတိုင်ပင်ကြတာကို မှတ်သားခဲ့ရတဲ့လူက သက်သေအဖြစ် ပြန်လည်ထွက်ဆိုတာကိုလည်း





ဥပဒေ က ခွင့်မပြုဘူး၊ ဒါပေမယ့် ရှေ့နေတစ်ယောက်ရဲ့ အတွင်းရေးမှူးဟာ အမှုတစ်ခုရဲ့ အခင်းဖြစ်ပွားချိန်မှာ သူဘာတွေမြင်ခဲ့တွေ့ခဲ့တယ်ဆိုတာကို သက်သေအဖြစ် မထွက်ဆိုရဘူးလို့ ဥပဒေက တားမြစ်ထားပါဘူး၊ သက်သေခံအထောက်အထားတွေ ထိမ်ချန်ထားတာမျိုးကို ဆရာ ဘယ်လိုသဘောထားတယ်ဆိုတာ ဒယ်လာလည်း အသိသားပဲ၊ သက်သေခံအထောက်အထားကို ဖုံးကွယ်ပြီး အမှုကို နိုင်အောင်လုပ်ခဲ့မိရင် ဥပဒေအကျိုးဆောင် အလုပ်က ဆရာ ထွက်လိုက်တော့မှာပဲ၊ ကိုင်း . . . ဒယ်လာ ဘာတွေတွေ့ခဲ့မြင်ခဲ့ တယ်ဆိုတာ ဆရာ့ကို ပြောပြစမ်းပါ"

ဒယ်လာက မေဆင်၏ ကိုယ်ကိုမှီတွယ် ဖက်ထားလျက်က ပြန်ပြောသည်။

"ကျွန်မ သိပ်ဝမ်းနည်းပါတယ်ဆရာ၊ ကျွန်မကို သက်သေထွက်ဆိုအောင် သူတို့မလုပ်နိုင်ဘူးလို့ ကျွန်မ မတွေးခဲ့မိရင် ခုလိုလုပ်ခဲ့မှာ မဟုတ်ပါဘူး၊ ဥပဒေကို ကျွန်မ ရှောင်တိမ်းနေခဲ့တာ မဟုတ်ပါဘူ ဆရာ၊ တကယ်တမ်းက သတင်းစာဆရာတွေကို ရှောင်နေခဲ့တာပါ"

ဒရိတ်က ဝင်ပြောသည်။

"ကျုပ်တော့ ခင်ဗျားတို့ပြောတာတွေ ကြားရလေ ပို၍ရှုပ်လေ ဖြစ်တုန်ပြီ၊ ခင်ဗျားတို့ နှစ်ယောက်ဘာတွေ ပြောနေကြတယ်ဆိုတာ ကျွန်တော့်ကိုလည်း ပြောပြကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က ဒရိုက်ဘက်သို့ လှည့်၍ ရှင်းပြမည်ပြုစဉ် အိ
အပြင်ရှိ ဒရိုက်၏ တပည့်တစ်ယောက် တစ်စုံတစ်ဦးနှင့် စကားပြေ
သံကို ကြားလိုက်ရပြီး ချက်ချင်းလိုလိုပင် တံခါးပွင့်လာ၍ လူစိ
နှစ်ဦး အခန်းထဲသို့ ဝင်လာသည်။ မေဆင်က . . . "ဘာကိစ္စလဲ"
ဟု မေးမြန်းရာ ဝင်လာသူနှစ်ဦးအနက် တစ်ဦးက တံဆိပ်တစ်
ထုတ်ပြပြီး . . .

"ဖြည်းဖြည်းပေါ့ မစ္စတာမေဆင်၊ ကိစ္စကတော့ ဒီအရ
သမီးကို မစွက်မိုးအမှုမှာ အရေးကြီး သက်သေတစ်ယောက်အဖြ
ထိန်းသိမ်းထားဖို့ လာခေါ်တာပဲ" ဟု ပြောသည်။

တခြားတစ်ယောက်က ဒယ်လာ၏ လက်မောင်း
ဆွဲကိုင်၍ "လာ ညီမ . . . ညီမက တယ်ခြေရာဖျောက်ကော
တာပဲ" ဟု ပြောသည်။

မေဆင်က အကြောက်အကန် ငြင်းဆန်ပြီး တားမြစ်သ
ဒယ်လာကို အတင်းပြန်ဆွဲခေါ်ရန် မေဆင်က ရှေ့သို့တိုးသွ
ဒယ်လာက "မလုပ်ပါနဲ့ဆရာ၊ ပိုဆိုးကုန်ပါလိမ့်မယ်" ဟု တောင်
ဟန့်တားသည်၊ လူနှစ်ယောက်က ဒယ်လာကို တစ်ဖက်တစ်
ညှပ်၍ တံခါးဆီသို့ ခေါ်သွားစဉ် ဒရိုက်က "ဘာလုပ်ရမလဲပ
ဒယ်လာကို ကျွန်တော်တို့ ပ- ထုတ်ပေးရမလား" ဟု လှမ်းမေးသ

မေဆင်က ဖြည်းညင်းစွာ ခေါင်းယမ်းပြပြီး "နေပါစေ
ပေါလ်၊ ခေါ်သွားပါစေ" ဟုပြောလိုက်သည်၊ ထိုအချိန်တွင် အ
နှစ်ယောက်က ဒယ်လာကို ၎င်းတို့၏ ကားပေါ်တင်ပြီး အ
မောင်းထွက်သွားသည်။





မေဆင်သည် ဒယ်လာထိုင်သွားခဲ့သော ကုလားထိုင်ပေါ်သို့
မ်းနည်းပက်လက် ထိုင်ချလိုက်ပြီး ဒယ်လာ၏ အခန်းတွင်း
ကျန်ရစ်ခဲ့သော ပစ္စည်းကလေးများကို ငေးကြည့်နေသည်။

"ဒီအမှုမှာ ဒယ်လာ သိတာတွေရှိတယ်လို့ ခင်ဗျားထင်
သလားပယ်ရီ"ဟု ဒရိုက်ကမေးသည်။

မေဆင်က "ကိုယ်အစောကြီးကတည်းက တွေးမိဖို့ကောင်း
ပါတယ်၊ လက်စသတ်တော့ လူတစ်ယောက် ရေထဲကျသွားတဲ့
အကြောင်းမာလိန်မှူးရှိတဲ့ ပဲ့ထိန်းစင်ကို တယ်လီဖုန်းလှမ်းဆက်တာ
ဒယ်လာဖြစ်နေတာကိုး"ဟု ပြောလိုက်သည်။

"ဒါဆို . . . ကျွန်တော်တို့ ဘာလုပ်ကြမလဲ၊ ဒယ်လာက
တော့ ခင်ဗျားအမှုသည်ကို သိပ်ပြီး ဆိုးဆိုးရွားရွားဖြစ်အောင်
ွက်ဆိုမယ်တော့မထင်ပါဘူး"

"မဟုတ်ဘူးပေါလ်၊ ဒယ်လာ အမှန်အတိုင်း ထွက်ဆိုလိမ့်
ယ်၊ သူအမှန်အတိုင်းမြင်ခဲ့ တွေ့ခဲ့တာကို ပြောအောင်လည်း ကိုယ်က
ုပ်မှာပဲ၊ တကယ်လို့ ကိုယ့်အမှုသည်ဟာ လူသတ်မှုကို တကယ်ပဲ
ူးလွန် ခဲ့ရင် အမှန်အတိုင်းပေါ်လာပါစေ၊ ကိုယ့်အမှုသည်
မှုပေါ့အောင် လို့ ဒယ်လာကို မတရားသက်သေထွက်ခိုင်းဖို့တော့
ယ်တော့မှ မကြိုးစားဘူး"

ထို့နောက် မေဆင်သည် ထိုင်ရာမှထပြီး ဒယ်လာ၏
ာတ်သေတ္တာကို ယူ၍ အခန်းတွင်းရှိ ပစ္စည်းကလေးများကို
ဆောင်း ထည့်သွင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒါနဲ့ပေါလ်၊ ဒီစခန်းရုံးကို သွားမေးကြည့်ပါ၊ ဒယ်လာဒီမှာ တည်းခိုနေခဲ့တဲ့စရိုတ် ဘယ်လောက်ကျသလဲ၊ ကျသင့်တဲ့ ငွေစာရှင်းပေးခဲ့ပါ၊ ပြီးယင် တို့ပြန်ကြမယ်။



## အခန်း (၁၆)

ညနေသုံးနာရီ တရားရုံးပြန်စချိန်တွင် တရားရုံးခန်းအတွင်း ၌ ပရိတ်သတ်များ ပြည့်ကျပ်နေသည်၊ အမှု၏ ထူးခြားလာသော အခြေအနေများအကြောင်း တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားသိကုန်ကြပြီ ဖြစ်၍ ပရိသတ်အထူးစည်ကားလာခြင်းဖြစ် သည်၊ တရားသူကြီး ရမ်လီမှာ အကြောင်းရင်းကို မသိသေးသဖြင့် ညနေပိုင်းတွင်မှ ကြိတ်ကြိတ်တိုး စည်ကားလာသော ပရိသတ်ကို ငုံ့ကြည့်၍ အံ့ဩနေပုံရသည်။

ကြားနာမှု ပြန်လည်စတင်တော့ကြောင်း ကြေညာပြီးနောက် ရှေ့လိုက်ရှေ့နေကြီး စကတ်ဒါက ခေါင်းတစ်မော်မော်နှင့် ဝင့်ကြွားသော ဟန်ဖြင့်ထ၍ တင်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုဆိုရင် ကျွန်တော့်တို့အနေနဲ့ ဒီအမှုဟာ လူသတ်မှု အတာယ်ဖြစ်ခဲ့ကြောင်း အထောက်အထားပြရုံသာမက တရားခံဟာ အမှုနဲ့ တိုက်ရိုက်ပတ်သက်နေတယ်ဆိုတဲ့ အကြောင်းကိုပါ တင်ပြ သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ အရေးကြီးတဲ့ သက်သေတ ယောက်ကို မတင်ပြခင်ကြားဖြတ်အနေနဲ့ တခြားသက်သေတ ယောက်ကို တင်ပြသွားပါမယ်၊ အမှုနဲ့ ပတ်သက်ပြီး အခြေ အခင်းအကျင်းကို တည်ဆောက်သွားဖို့ ဖြစ်ပါတယ်"

"ဘာအတွက် အခြေခံလဲ"ဟု တရားသူကြီးက မေးသည်

"ဒီလိုပါ ရှုမင်းခင်ဗျား၊ ကျွန်တော် တင်ပြမယ်ဆိုတဲ့ အ ကြီး သက်သေဟာ တစ်ဖက်က တရားခံအကျိုးဆောင်ကြီး ပယ် မေဆင်ရဲ့ အတွင်းရေးမှူးမစ္စဒယ်လာစထရီဖြစ်ပါတယ်၊ သူ ခုအချိန်ထိ ဘာထွက်ဆိုချက်မှ မပေးဘဲ ငြင်းဆန်နေခဲ့ပါတ ဒါကြောင့်မို့ သူ့အနေနဲ့ ခေါင်းခံပြီး ဆက်မငြင်းနိုင်အောင် ပ သက်သေတစ်ယောက်ကို မေးမြန်းပြီး ဒယ်လာစထရီကို မေး မေးခွန်းတွေအတွက် အခြေခံ တည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်" စကက်ဒါက ရှင်းပြ၍ တရားသူကြီးက သက်သေကိုခေါ်ယူ ညွှန်ကြားလိုက်သည်။

စကတ်ဒါက မစ္စအယ်ဒယ်လီအဒမ်ဟု ခေါ်ယူလိုက် ပိန်ပိန်သွယ်သွယ် အမျိုးသမီးငယ် တစ်ဦးရှေ့သို့ထွက်လာ ကျမ်းကျိန်ပြီးနောက် သက်သေခုံတွင် နေရာယူသည်၊ စကတ်ဒ ထိုအမျိုးသမီးငယ်မှာ အခင်းဖြစ်ပွားသော သဘော်ဝေ တယ်လီဖုန်းအော်ပရေတာဖြစ်ပြီး ခြောက်ရက်နေ့ညက တာဝန်





နေခဲ့သူဖြစ်ကြောင်း တင်ပြသွားသည်၊ ထို့နောက် ခြောက်ရက်နေ့ည ကိုးနာရီခန့်က ထူးခြားချက် တစ်စုံတစ်ရာ ရှိမရှိ မေးမြန်းသည်။

"ဟုတ်ကဲ့ရှင့် သဘော်ရဲ့ မိတ်ဆုံခန်းမကြီးထဲက အမျိုးသမီး တစ်ယောက်က တယ်လီဖုန်း လှမ်းဆက်ပြီး ပြော . . . "ဟု သက်သေက ဖြေဆိုစဉ် မေဆင်က ထရပ်လိုက်ပြီး၊ "တယ်လီဖုန်း ထဲက ပြောတယ်ဆိုတာဟာ တစ်ဆင့်ကြားစကားဖြစ်လို့ ကျွန်တော် တို့ ကန့်ကွက်ပါတယ်" ဟု ကြားဖြတ်ပြောသည်။

"ကျွန်တော့် အနေနဲ့ တရားခံကို ထိခိုက်စေမယ့် တယ်လီ ဖုန်းစကားပြောဆိုပုံအကြောင်း မေးမြန်းနေခြင်း မဟုတ်ပါ၊ တယ်လီဖုန်းလှမ်းဆက်တာ ဘယ်သူဖြစ်တယ်ဆိုတဲ့ အကြောင်း ရုံးတော်ကို တင်ပြနိုင်ဖို့ မေးနေခြင်းသာဖြစ်ပါတယ်"ဟု စကတ် ဒါက ပြန်ရှင်းသည်၊ တရားသူကြီးက "ရုံးတော်အနေနဲ့ တယ်လီဖုန်း ထဲမှာ ဘာတွေပြောကြဆိုကြတယ်ဆိုတာကို ထွက်ဆိုဖို့တော့ ခွင့် မပြုဘူး" ဟု အဆုံးအဖြတ်ပေးသည်။

ထို့ကြောင့် စကတ်ဒါက တယ်လီဖုန်း လှမ်းဆက်သည့် အသံကို မှတ်မိသလားဟု သက်သေကို မေးရာ မှတ်မိကြောင်းပြန် ဖြေသည်၊ ဘယ်သူ့အသံလဲဟု ထပ်ဆင့်မေးရာ မေဆင်က ထိုမေးခွန်း ကို ကန့်ကွက်ကြောင်း တင်ပြသည်၊ တရားလိုအကျိုးဆောင်က ရှင်လည်းရှင်းလင်း၍ မေးခွန်းကို ရုံးတော်က ခွင့်ပြုရန် တင်ပြသော် လည်း တရားသူကြီးက အမှုနှင့် မသတ်ဆိုင်သော မေးခွန်းဖြစ်၍ ပယ်ချကြောင်း အဆုံးအဖြတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စကတ်ဒါက မျက်စိမျက်နှာပျက်ဖြင့် "ကောင်း ပြီ၊ မစ္စအဒမ်၊ သက်သေခုံက ဆင်းနိုင်ပါပြီ" ဟုပြောကာ စစ်မေး ခြင်းကို အဆုံးသတ်လိုက်သည်။

ထိုအချိန်တွင် မေဆင်က အောင်မြင်ပြတ်သားသော အသံ ဖြင့်ပြောဆိုသည်။ "တရားလိုဘက်က ဒယ်လာစထရိကို တယ်လီဖုန်း ဆက်ပြီး သတင်းပေးခဲ့သူလို့ ခုနက ပြောသွားပါတယ်၊ အဲသ ဆိုရင် ဒယ်လာစထရိကိုပဲ မေးဖို့ရှိပါတယ်၊ သူ့အနေနဲ့ အမှန်အတိုင်း ထွက်ဆို ပါလိမ့်မယ်"

"ခင်ဗျား အကြံပေးတာကို ကျုပ်မလိုပါဘူး" ဟု စကတ်ဒါ က ခပ်ပြတ်ပြတ် ပြန်ပြောသည်။

တရားသူကြီးရှမ်လီက "တော်လောက်ပြီ လူကြီးမင်း အကျိုးဆောင်ကြီးနှစ်ယောက်ခုလို မကျေမလည်ဖြစ်နေရင် ရုံးတော် အနေနဲ့ တင်းတင်းကြပ်ကြပ် အရေးယူဆောင်ရွက်သွားရလိမ့်မယ်" ဟု သတိပေးသည်။

ထို့ကြောင့် စကတ်ဒါက ခက်ထန်သောအသံဖြင့် "မ ဒယ်လာစထရိ" ဟု ဆင့်ခေါ်လိုက်သည်။ သက်သေများစောင့်ဆိုင်း ရာ အခန်းတံခါးပွင့်လာပြီး ရဲအရာရှိတစ်ဦး စောင့်ကြပ်လျ ဒယ်လာစထရိသည် တရားရုံးခန်းမအတွင်းသို့ဝင်ရောက်လာသည် သူမ၏မျက်နှာမှာ ခံစားချက်ကင်းမဲ့နေဟန် ဖြစ်သည်။ ကျမ်းကျ ဆိုနေစဉ် ပယ်ရီမေဆင်အား မျက်လုံးချင်းမဆိုင်မိအောင် ရှောင် ၍နေသည်။





"ခင်ဗျားနာမည်က ဒယ်လာစထရိ၊ ပယ်ရီမေဆင်ရဲ့ ကိုယ်ရေးအတွင်းရေးမှူးအဖြစ် အမှုထမ်းနေတယ်၊ ဟုတ်တယ် မဟုတ်လား" ဟု စကတ်ဒါက မေးသည်။

ဒယ်လာက "ဟုတ်ပါတယ်" ဟု ပြန်ဖြေသည်။

"ခင်ဗျားဟာ ပယ်ရီမေဆင်နဲ့အတူအရှေ့တိုင်းလေ့လာရေး ခရီး ထွက်ခဲ့တယ်၊ တရုတ်နဲ့ဂျပန်ပြည်က ရဲအဖွဲ့လုပ်ငန်းတွေကို သုတေသနပြုခဲ့တယ်၊ ပြီးတော့ မစ္စတာနဲ့ မစ္စက်မိုးတို့ပါရှိတဲ့ သင်္ဘောနဲ့ ဟိုနိုလူလူက ခင်ဗျားတို့ပြတ်လာခဲ့ကြတယ်၊ မစ္စတာမိုးနဲ့ မစ္စက်မိုးကို နယူးဘာရီ ဆိုတဲ့နာမည်နဲ့ ခင်ဗျားတို့ သိကျွမ်းခဲ့ကြ တယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

ထိုနောက် စကတ်ဒါက နယူးဘာရီအမည်ခံ မစ္စတာမိုး၏ ဓာတ်ပုံကိုပြသ၍ ဟုတ်မဟုတ်မေးမြန်းရာ ဒယ်လာက ဟုတ်မှန် ကြောင်း ပြန်ဖြေသည်။ ဆက်လက်၍ ဒကတ်ဒါက အခင်းဖြစ်ပွား သော ခြောက်ရက်နေ့ညက ကိုးနာရီခန့်က အခြေအနေကို မေး မြန်းရာ ဒယ်လာက လေညှင်းခံကုန်းပတ်ပေါ်တွင် ရောက်ရှိနေ ကြောင်း၊ ပယ်ရီမေဆင်နှင့် ထိုနေရာတွင် တွေ့ဆုံရန်ရှိသဖြင့် စောင့် နေခဲ့ခြင်းဖြစ်ကြောင်း၊ ပယ်ရီမေဆင်သည် မစ္စက်မိုးနှင့် ညကိုးနာရီ ခွဲတွင် သွားရောက်တွေ့ဆုံရန် ချိန်းဆိုထား၍ မိမိအား ကုန်းပတ် ပေါ်၌ ကြိုတင်စောင့်ဆိုင်းထားခြင်းဖြစ်ကြောင်း ဖြေဆိုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်မတိုင်ခင် ခင်ဗျားဟာ မစ္စတာနဲ့ မစ္စက်မိုး သို့မဟုတ် မစ္စတာနဲ့ မစ္စက်နယူးဘာရီတို့နဲ့ ခန်းမထဲမှာ တစ်စားပွဲတည်းအတူ ထိုင်ခဲ့တယ်၊ ဘဲလ်နယူးဘာရီနဲ့ ရှိုင်းဟန်းဂါးဖို့ ဆိုတဲ့ လူလည်း အတူရှိနေခဲ့တယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ကုန်းပတ်ပေါ် ခင်ဗျားရောက်တဲ့အချိန်ကို အတိအကျ ပြောနိုင်မလား"

"ဟုတ်ကဲ့။ ကိုးနာရီလောက်ပဲလို့ ပြောနိုင်ပါတယ်"

"ခင်ဗျားရောက်ခဲ့တဲ့ ကုန်းပတ်က ဘယ်အဆင့် ကုန်းပတ်လဲ"

"အသက်ကယ်လှေထားတဲ့ ကုန်းပတ်ရဲ့အောက်အဆင့်ပါ"

"အဲဒီမှာ တစ်ယောက်ယောက်ကို တွေ့မြင်ခဲ့သလား"

"အပေါ်ကုန်းပတ်ကိုတက်တဲ့ လှေကားမှာ အမျိုးသမီး တစ်ယောက်ရဲ့ ဂါဝန်နဲ့ ခြေထောက်အောက်ပိုင်းကို တွေ့ရပါတယ် အဲဒီအမျိုးသမီးက အပေါ်ကို တက်သွားပါတယ်"

"ခင်ဗျား အသံတစ်ခုခုကော ကြားခဲ့ရသလား"

"အပေါ်ကုန်းပတ်ဆီက လှုပ်ရှားသံတစ်ချက် ကြားခဲ့ရပါတယ်"

"တခြားကော ဘာအသံ ကြားရသေးသလဲ"

"ကျယ်လောင်တဲ့ အသံတသံ ကြားရပါတယ်"

"သေနတ်သံ မဟုတ်လား"





"ဟုတ်ကဲ့၊ သေနတ်သံလို့ပဲ ထင်ပါတယ်"

"ပြီးတော့ ဘာဖြစ်သလဲ"

"ခုနက အမျိုးသမီးတက်သွားတဲ့ လှေကားဆီ လျှောက်သွားတက်မလို့လုပ်တုန်း သင်္ဘောအကြီးအကျယ်လူးလိုက်လို့ ကုန်းပတ်ပေါ်မှာ ကျွန်မ ခြေချော်သွားပါတယ်၊ ကိုယ်ကို မနည်း ပြန်ဟန်ပြီး ကုန်းပတ်လက်ရန်းကို လက်နဲ့ဆွဲကိုင်ထားပါတယ်"

"အဲဒီတော့ ခင်ဗျား ဘာမြင်သလဲ"

"ကျွန်မရဲ့အပေါ်ကုန်းပတ်လက်ရန်းကိုကျော်ပြီး တစ်ခုခု တွဲလွဲကျနေတာကို တွေ့ရပါတယ်"

"အဲဒါဘာဆိုတာမြင်တယ်မဟုတ်လား"

"ကျွန်မကြည့်ရတာက အပေါ်ကို မော့ကြည့်ရတော့ ခြီးစက်မိုးပေါက်တွေက ကျွန်မမျက်လုံးဆီကို ပက်နေပါတယ်၊ ဒါကြောင့် သဲသဲကွဲကွဲမတွေ့ရပါဘူး"

"ဒါပေမယ့်တစ်ခုခုတော့ ခင်ဗျားမြင်မှာပေါ့၊ အဲဒါဘာလဲ"

"ဟုတ်ကဲ့၊ ယောကျ်ားတစ်ယောက်ပါ" ဟု ဒယ်လာက မေဆင်ကို လုံးဝမကြည့်ဘဲပြန်ဖြေလိုက်သည်။

"အဲဒီလူဟာ လက်ရန်းဆီက တွဲလောင်းကျနေတာလား" ဟု စကတ်ဒါက ဆက်မေးသည်။

"အဲဒါတော့ ကျွန်မ မမြင်ရပါဘူး"

"လက်ရန်းပေါ်ကတော့ ကျော်လွန်နေတယ်မဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အနားမှာကော၊ တခြား တစ်ယောက်ယောက်ကို တွေ့သလား"

"ဟုတ်ကဲ့၊ အမျိုးသမီးတစ်ယောက်ကို တွေ့ရပါတယ်"

"အဲဒီအမျိုးသမီးဟာ အခု တရားခံဖြစ်နေတဲ့ မစ္စက်မိုးဟုတ်သလား"

"ကျွန်မ မသိပါဘူး"

"ဘာကြောင့် ခင်ဗျားမသိသလဲ"

"ဘာကြောင့်လဲဆိုတော့ ကျောဘက်က မြင်ရတာမို့ပါ။ အမျိုးသမီးရဲ့ဝတ်စုံက အရောင်မှိုင်းမှိုင်းဆိုတာတော့ သိပါတယ်၊ ဒါပေမယ့် မိုးက အဲတော်ကလေးပက်နေတော့ သဲသဲကွဲကွဲမမြင်ရပါဘူး"

"အဲဒီအမျိုးသမီးက အနက်ရောင်ဝတ်စုံဝတ်ထားတယ် မဟုတ်လား"

"အရောင်မှိုင်းမှိုင်းဝတ်စုံဖြစ်ပါတယ်"

"အနက်ရောင်ကော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တယ်လို့ ပြောနိုင်ပါတယ်"

"ခင်ဗျားအနေနဲ့ အနက်ရောင်ဝတ်စုံလို့ မပြောနိုင်ဘူးလား"

"အနက်ရောင် သို့မဟုတ် အပြာရင့်အရောင်လို့ ပြောပါလိမ့်မယ်"

"အဲဒီအမျိုးသမီးရဲ့ဆီမှာ ထူးထူးခြားခြား ဘာမြင်သလဲ"

"ညာဘက်လက်မှာ လက်ကောက်နှစ်ကွင်း တွေ့ရပါတယ်"





"ဘယ်လို လက်ကောက်မျိုးတွေလဲ"

"လက်ကောက်နှစ်ကွင်းလို့ပဲ ပြောနိုင်ပါတယ်၊ ဘယ်လိုအမျိုးအစားဆိုတာတော့ မသဲကွဲပါဘူး"

"ခုနက ခင်ဗျားထွက်ဆိုခဲ့တဲ့အထဲမှာ မစ္စက်မိုးတို့နှင့် ထမင်းစားပွဲ တစ်စားပွဲတည်းထိုင်ခဲ့တယ်လို့ဆိုတယ်၊ အဲဒီတုန်းက မစ္စက်မိုးဟာ လက်ကောက်ဝတ်ထားတာတွေ့သလား"

"ဟုတ်ကဲ့ တွေ့ပါတယ်"

"ဘယ်နှစ်ကွင်းလဲ. . ."

"နှစ်ကွင်းပါ"

"အပေါ်ကုန်းပတ်မှာ အဲဒီအမျိုးသမီးကို လှမ်းမြင်ရတဲ့အချိန်မှာ အမျိုးသမီးရဲ့လက်ထဲမှာ ဘာကိုင်ထားသလဲ"

"ညာဘက်လက်မှာ ပစ္စည်းတစ်ခုခုကိုင်ထားတာတွေ့ရပါတယ်"

"ခြောက်လုံးပြူးကိုင်ထားတာ မဟုတ်လား"

"ဟုတ်တယ်လို့ထင်ပါတယ်"

"အဲဒီခြောက်လုံးပြူးနဲ့ ယောကျ်ားရဲ့ကိုယ်ထဲကို အမျိုးသမီးက ပစ်လိုက်တာ ခင်ဗျားမြင်တယ်မဟုတ်လား"

"ဟုတ်ကဲ့ . . ."

"ပြီးတော့ . . . ဘာဖြစ်လဲ"

"အဲဒီလူဟာ ပင်လယ်ထဲကို ထိုးကျသွားပါတယ်"

"ခင်ဗျား ရှေ့ကဖြတ်ပြီး အောက်ကိုကျသွားတာပေါ့ ဟုတ်လား . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အမျိုးသမီးက တွန်းချလိုက်တယ်လို့ ပြောနိုင်မလား"

"ဟုတ်ကဲ့. . . ဖြစ်နိုင်ပါတယ်"

"ကျသွားတဲ့လူရဲ့မျက်နှာကို ခင်ဗျားမြင်လိုက်သလား"

"မမြင်ရပါဘူး"

"ကျသွားတဲ့လူ ဘယ်လိုဝတ်ထားသလဲ မြင်လိုက်ရသလား"

"အရောင်မှိုင်းမှိုင်း ဝတ်စုံဆိုတာတော့ မြင်လိုက်ပါတယ်"

"ရှပ်အင်္ကျီက အဖြူမဟုတ်လား"

"ဟုတ်ပါတယ်"

"ခုပြောခဲ့တဲ့အတိုင်းဆိုရင်. . . အဲဒီအမျိုးသမီးက အဲဒီလူကို သေနတ်နဲ့ပစ်၊ ပြီးတော့. . . ရေထဲတွန်းချလိုက်တယ် ဒီလိုမဟုတ်လား. . ."

"အမျိုးသမီးက ရေထဲတွန်းချလိုက်တယ်လို့တော့ ကျွန်မ အသေအချာမပြောနိုင်ပါဘူး. . ."

"ထားပါတော့လေ၊ အဲဒီလူ ရေထဲကျသွားတာ မြင်လိုက်ရပြီးတော့ ခင်ဗျား ဘာလုပ်သလဲ"

"မိတ်ဆုံခန်းမထဲကို ပြေးဝင်သွားပြီး လူတစ်ယောက် ရေထဲကျသွားတဲ့အကြောင်း ပဲ့ထိန်းစင်ကို လှမ်းပြောဖို့ အော်ပရေတာဆီကို တယ်လီဖုန်းဆက်ပါတယ်"

"လူတစ်ယောက် ရေထဲတွန်းချခံရတယ်လို့ အော်ပရေတာကို ခင်ဗျားမပြောခဲ့ဘူးလား"





ဒယ်လာသည် ခေတ္တမျှ တုံ့ဆိုင်းနေပြီး နှုတ်ခမ်းများကို လျှာဖြင့်သပ်လျက်. . .

"ဟုတ်ကဲ့. . . အဲသလိုပြောခဲ့မိတယ်လို့ထင်ပါတယ်"

"ဒီတော့ ခင်ဗျားမြင်ခဲ့ရတဲ့အတိုင်းဆိုရင် အဲဒီလူဟာ ရေထဲ တွန်းချခံရတာဖြစ်မှာပေါ့ ဟုတ်လား"

"ဖြစ်နိုင်ပါတယ်"

"ရေထဲကျသွားတဲ့လူဟာ မစ္စတာမိုးလို့ ခင်ဗျားသိလိုက်သလား. . ."

"မသိပါဘူး"

"သူ့ကို သေနတ်နဲ့ပစ်ပြီး ရေထဲတွန်းချသူဟာ မစ္စက်မိုးလို့ကော ခင်ဗျားမှတ်မိသလား"

"ကျွန်မ မသိပါဘူး"

"ဒီလိုဆို. . . အဲဒီလူကို သေနတ်နဲ့ပစ်ပြီး ရေထဲတွန်းချလိုက်တဲ့ အမျိုးသမီးဟာ ခင်ဗျားမြင်လိုက်ရတဲ့ ပုံပန်းသဏ္ဌာန်အရ ဆိုရင် မစ္စက်မိုးမဟုတ်ဘူးလို့တော ခင်ဗျားပြောနိုင်မလား" ဟု စကတ်ဒါက ဒယ်လာအား လက်ညှိုးဖြင့်ထိုးလျက် အခိုင်အမာ မေးမြန်းရာ အတန်ကြာ ဆိတ်ငြိမ်နေပြီးမှ ဒယ်လာက "မပြောနိုင်ပါဘူး" ဟု ပြန်ဖြေသည်။ ဤတွင် စကတ်ဒါက အောင်မြင်ဝင့်ကြွားသော လေသံဖြင့် "ဒါပါပဲခင်ဗျား၊ ကျွန်တော်စစ်မေးလို့ပြီးပါပြီ" ဟု ကြေညာလိုက်သည်။

မေဆင်က ပြန်လှန်မေးခွန်းမေးရန် ချက်ချင်းထရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်လာ. . . မင်းဘာမြင်ခဲ့တယ်ဆိုတာ ဆရာ့ကို ပြောခဲ့ဖူး သလား. . ." ဟု မေဆင်က မေးလိုက်သည်။

"ဟင့်အင်း. . . မပြောခဲ့ဖူးပါဘူး၊ တခြားလည်း ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာ့ကြောင့်လဲဆိုတော့ ကျွန်မဟာ ဆရာ့ရဲ့အတွင်းရေးမှူး ဖြစ်နေတဲ့အတွက် သက်သေတစ်ယောက်အနေနဲ့ ကျွန်မကို ခေါ် နိုင်လိမ့်မယ် မဟုတ်ဘူးလို့ ထင်မိခဲ့လို့ပါ၊ ဒေလင်းဖဲလ်ရဲ့ ထွက်ချက် တွေဟာ ကျွန်မမြင်ခဲ့တာတွေနဲ့ အတူတူပဲဖြစ်မှာမို့ ကျွန်မအနေနဲ့ ဘာမှမပြောဘဲနေတာ အကောင်းဆုံးပဲလို့ စဉ်းစားမိခဲ့ပါတယ် သတင်းစာတွေက ကျွန်မမြင်ခဲ့တွေ့ခဲ့တဲ့အကြောင်းတို့ သိသွားပြီ ရင်လည်း ကျွန်မဟာ ဆရာ့ရဲ့ အတွင်းရေးမှူးဖြစ်တဲ့အတွက် ဒီကိစ္စကို ထိမ်ချန်ထားတယ်လို့ ချဲ့ကားပြီး ရေးကြမှာ စိုးရိမ်မိ ပါတယ်၊ ဒါကြောင့် ကျွန်မ ဘာမှမပြောဘဲ ငြိမ်နေခဲ့တာပါ"

ထိုနောက် ဒယ်လာက တရားသူကြီးဘက်သို့လှည့်၍. . .

"ကျွန်မ တကယ်ပဲ ရိုးရိုးသားသားတွေးမိခဲ့တာပါ . . . ရှုံးမင်းရှင့်၊ ကျွန်မဟာ ရှေ့နေတစ်ယောက်ရဲ့အတွင်းရေးမှူးဖြစ်နေ တဲ့အတွက် အဲဒီရှေ့နေရဲ့ အမှုသည်ကို ပြန်ပြီး ဆန့်ကျင်ထွက်ဆို ကျွန်မကို မိမိဆန္ဒမပါဘဲ သက်သေထွက်ဆိုဖို့ မခိုင်းနိုင်ဘူးလို့ ထင် မိခဲ့ပါတယ်"

"ဒါကတော့. . . ရှေ့နေနဲ့ အမှုသည် သီးသန့်ဆက်သွယ်ရေး ကိစ္စတွေကို ရှေ့နေရဲ့အတွင်းရေးမှူးက ဖော်ကောင်လုပ်ပြီး





ထွက်ဆိုခြင်းမပြုရလို့ တားမြစ်ထားတာပါ" ဟု တရားသူကြီးက ရှင်းပြသည်။

"ကျွန်မ အခုတော့ နားလည်ပါပြီ၊ အဲဒီ အချိန်ကတော့ အခုလို ရှင်းရှင်းလင်းလင်း မသိသေးလို့ ကျွန်မငြိမ်နေခဲ့မိတာပါ" ဟု ဒယ်လာက တင်ပြသည်။

ထိုအချိန်တွင် တရားရုံးခန်းအတွင်းသို့ လူတစ်ဦး အရေး တကြီးဝင်ရောက်လာကာ အစိုးရရှေ့နေကြီး စကတ်ဒါဆီသို့ ကပ်သွားပြီး နား နားကပ်၍ တီးတိုးပြောသည်၊ ထိုသူပြောသည်ကို နားထောင်ပြီးနောက် စကတ်ဒါက အောင် ပြုံး တစ်ချက်ပြုံး၍ ထရပ်လိုက်ပြီး တရားသူကြီးအား တင်ပြသည်။

"ရုံးတော်က ခွင့်ပြုမယ်ဆိုရင် ယခုအမှုဟာ လူသတ်မှု အမှန်တကယ်ဖြစ်ခဲ့ကြောင်း၊ ပိုပြီးခိုင်လုံတဲ့ အထောက်အထားရလာ ပါပြီလို့ တင်ပြပါရစေ၊ နက်ဖြန်မနက် ဆယ်နာရီမှာ သေသူရဲ့ အလောင်းကို ခွဲစိတ်စစ်ဆေးခဲ့တဲ့ ဆရာဝန်များရဲ့ ထွက်ဆိုချက်ကို ရုံးတော်သို့တင်ပြဖို့ တရားလိုဘက်က အသင့်ဖြစ်ပါလိမ့်မယ်၊ ရုံးတော်က ခွင့်ပြုမယ်ဆိုရင် ကားလ်မိုးရဲ့ အလောင်းကို တွေ့ရှိပြီး ဖြစ်တဲ့အကြောင်းနဲ့ ဆေးရုံရေခဲတိုက်ကို ရောက်နေပြီဖြစ်တဲ့ အကြောင်း ကျွန်တော်တင်ပြအပ်ပါတယ်"

တရားခွင်တစ်ခုလုံး စိတ်လှုပ်ရှားသောအသံများဖြင့် ဆူညံ သွားသည်၊ တရားသူကြီးက ပရိသတ်ကို ငြိမ်သက်ခိုင်းပြီးနောက် "ထူးခြားလာတဲ့အခြေအနေတွေအရ တရားရုံးကို နက်ဖြန်မနက်



www.burmeseclassic.com

www.burmeseclassic.com



၁၀ နာရီမှာ ပြန်လည်စတင်ဖို့ ရပ်နားလိုက်ပါတယ်" ဟု ကြေညာလိုက်သည်။

ပရိသတ်များ ပြန်ထွက်နေကြစဉ် ဒယ်လာသည် သက်သေခုံမှ ဆင်းလာခဲ့သည်၊ မေဆင်က စကတ်ဒါ၏ ဘေးမှဖြတ်၍ ရှေ့သို့ တိုးသွားသည်။ ခေတ်ပုံသတင်းထောက်များသည် မေဆင်၏ အနောက်မှ စုပြုံလိုက်လာကြသည်။

ဒယ်လာက "ဆရာရယ် ကျွန်မသိပ်ဝမ်းနည်းပါတယ်" ဟု ပြောလိုက်ရာ မေဆင်က သူမ၏ ပခုံးကို သိုင်းဖက်၍ ဆွဲယူလိုက်ရင်း "မြစ်မှ ဖြစ်ရလေ ငါ့တပည့်ရယ်" ဟု နှစ်သိမ့်လိုက်သည်။

ထိုအချိန်တွင် ခေတ်ပုံသတင်းထောက်တစ်ယောက်က "အဲဒီအတိုင်း ခဏကလေးငြိမ်ငြိမ်နေပေးစမ်းပါဗျို့" ဟု လှမ်းအော်လိုက်စဉ် လျှပ်တစ်ပြက်မီးများ တလက်လက်ပွင့်သွားကြသည်။



## အခန်း (၁၇)

ဟိုတယ်သီးသန့်ခန်း၌ မေဆင်၊ ဒယ်လာနှင့်ပေါလ်ဒရိတ်တို့ ညစာစားကြ၍အပြီးတွင် မေဆင်က "နောက်ထပ် ဒါမျိုးဘယ်တော့မှ မလုပ်ပါနဲ့တော့ဒယ်လာ၊ ဆရာတို့ စိတ်ပူလိုက်ရတာ မပြောနဲ့တော့" ဟု ပြောလိုက်သည်။

ဒရိတ်ကလည်း "အေးကွာ၊ ဒယ်လာရဲ့ဆရာ ယမ်းပုံမီးကျဖြစ်နေပုံကတော့ ပြောမပြောချင်တော့ဘူး၊ တို့မှာလည်း ခေါင်းနဲ့ကိုယ် အိုးစားမကွဲရုံတမည်ပဲ" ဟု ဝင်ပြောသည်။

"ကျွန်မ သိပ်ဝမ်းနည်းပါတယ်ဆရာ၊ ဒါပေမယ့် ကျွန်မ သိလျက်သားနဲ့ ထိမ်ချန်ထားတယ်ဆိုပြီး သတင်းစာတွေက ပုံကြီးချဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေးကြမှာကိုကြောက်လို့ ရှောင်နေမိခဲ့တာပါ" ဟု ပြောပြောဆိုဆို စားပွဲပေါ်ရှိ ညနေသတင်းစာတစ်စောင်ကို မေးငေါ့ပြသည်။

သတင်းစာမျက်နှာဖုံးတွင် "လူသတ်တရားခံမကို ဘယ်သူဘယ်ဝါမပြောနိုင်ပါဟု တရားခံရှေ့နေကြီး၏ အတွင်းရေးမှူးက ထွက်ဆိုခြင်း" ဟု ခေါင်းစဉ်ကြီးတပ်ထားသည်ကို တွေ့ရသည်။

"အဲဒါပဲကြည့်တော့ဆရာ၊ သူတို့ ဘယ်လိုရေးကြတယ်ဆိုတာ. . ."

"အေးပါကွယ်၊ ဒါပေမယ့် တအုံနွေးနွေးဖြစ်နေတာနဲ့စာရင် ခုလိုဟာက ပိုကောင်းပါသေးတယ်၊ ဒီအကြောင်းတွေကို ဆရာ့ကို ပြောပြဖို့တော့ သင့်တာပေါ့ဒယ်လာ၊ ဘာလို့ မပြောခဲ့တာလဲ"

"ကျွန်မပြောမလို့ပါပဲ ဆရာရယ်၊ ဖြစ်ဖြစ်ချင်းပဲ ဆရာ့ကို သင်္ဘောပေါ်မှာ အပြေးအလွှားလိုက်ရှာခဲ့ပါတယ်၊ ဒါပေမယ့် ဆရာ့ကို ကျွန်မတွေ့တော့ ဆရာက မစ္စက်နယူးဘာရီအခန်းကို ကျွန်မပါခေါ်ပြီး တန်းသွားတော့တာပဲ မဟုတ်လား၊ မှန်တဲ့အတိုင်းပြောရရင် အဲဒီအချိန်တုန်းက ကားလ်မိုးကို ရေထဲတွန်းချတာ သူမှန်းမပါပဲလို့ ကျွန်မဘယ်လိုမှ မပြောနိုင်ဘူး၊ အခုလည်းအဲသလိုတော့ အတိအကျ မပြောနိုင်ပါဘူး၊ ဒါကြောင့် ကျွန်မ ဘာမှမပြောဘဲနေခဲ့တာပါ၊ အဲဒီနောက်တော့ ခရိုင်အစိုးရရှေ့နေကြီးက လူတစ်ယောက်ရေထဲကျသွားတဲ့အကြောင်း တယ်လီဖုန်းလှမ်းဆက်တဲ့ အမျိုးသမီးကို သတင်းပေးဖို့ ကြိုးစားနေတယ်လို့ ပေါလ်က ဆရာ့ကိုပြောတာ ကျွန်မကြားခဲ့ပါတယ်၊ တယ်လီဖုန်းအော်ပရေတာကလည်း သတင်း





လှမ်းပေးတဲ့ အမျိုးသမီးအသံကို မှတ်မိတဲ့အကြောင်း ပြောထားတယ်ဆိုတာ သိခဲ့ရပါတယ်၊ အဲဒီအခါမှာ ကျွန်မ မလုံမလဲဖြစ်လာပါတယ် ဆရာ၊ ဒါကြောင့် ဒီအမှုပဏာမတရားခွင်ပြီးတဲ့အချိန်ထိ တစ်နေရာရာမှာ သွားရှောင်နေဖို့ ကျွန်မဆုံးဖြတ်ခဲ့ပါတယ်"

"ကိုင်း . . . အမှုအခြေအနေကကော ခုအတိုင်းဆို ဘယ့်နှယ့်လဲ၊ ကျဉ်းထဲကျပ်ထဲက ဖြစ်နေပြီထင်တယ်" ဟု ဒရိတ်က ကြားဖြတ်၍ ဝင်ပြောသည်။

"အေးပေါ့ကွာ၊ ဒါပေမယ့် အရင်ကလည်း ကျဉ်းထဲကျပ်ထဲ ဖြစ်ခဲ့ဖူးတာပဲ၊ မဆန်းပါဘူး၊ ဒါထက် အလောင်းခွဲစိတ်တဲ့ အစီရင်ခံစာ ဘယ်တော့လောက်ရနိုင်မလဲ ပေါလ်"

"သတင်းစာတွေကို ထုတ်ပြန်ပေးတဲ့အချိန်နဲ့ မရှေးမနှောင်း ရနိုင်ပါလိမ့်မယ်၊ သူတို့က. . ."

ထိုအချိန်တွင် တယ်လီဖုန်းခေါ်သံမြည်လာ၍ ဒရိတ်က စကားဖြတ်ပြီး "အဲဒီကိစ္စပဲနဲ့ တူတယ်" ဟု ပြောပြောဆိုဆို တယ်လီဖုန်းကို ကောက်ယူနားထောင်ပြီး "ဒရိတ်ပြောနေပါတယ်" ဟု ပြောကာ မေဆင်ထံလှမ်းကြည့်၍ ခေါင်းညိတ်ပြပြီး "ဟုတ်တယ် ချို၊ အဲဒီအကြောင်းပဲ" ဟု လှမ်းပြောသည်၊ အတန်ကြာမျှ နားထောင်နေပြီးနောက် ဒရိတ်က "ကောင်းပြီ၊ ကျေးဇူးပဲ၊ တျည်ဆန်ကိစ္စ သိရတဲ့အတွက် ပိုပြီးကျေးဇူးတင်တယ်" ဟု ပြောဆိုကာ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

"ဟုတ်တယ် ပယ်ရီ၊ အလောင်းက မိုးရဲ့အလောင်းပဲ၊ ကျည်ဆန်က ကျောဘက်က ပစ်ထည့်ထားတာတဲ့၊ ညာဘက်လက်



www.burmeseclassic.com

www.burmeseclassic.com

ဖြင့်အောက်နားက ကျည်ဆန်ဝင်သွားပြီး ဘယ်ဘက်တင်ပါးဆုံရှ
အထိ ဝင်သွားတယ်၊ ဒဏ်ရာကြောင့် ချက်ချင်းသေတာမဟုတ်ဘူ
တဲ့။ ရေထဲမှာ မိနစ်ပိုင်းလောက် ကူးနေခဲ့ပုံရတယ်တဲ့၊ ဘောင်းဘီရှ
ကိုချွတ်ပစ်ပြီး အတွင်းခံဘောင်းဘီကလေးနဲ့ အသက်ကယ်ဖေ
ကွင်းတစ်ခုခုဆီကိုရောက်အောင် ရေထဲမှာ ကြိုးစားပြီးကူးခဲ့သေ
ရသတဲ့၊ သူ့ကို တွေ့ရတာ အသက်ကယ်ဖောကွင်း တစ်ခုထဲမှာ
ဖောကွင်းထဲရောက်ပြီးမှ သေခဲ့ပုံရတယ်၊ သေတာကတော့
သေနတ်ဒဏ်ရာကြောင့်ပဲ၊ ရေနစ်သေတာ မဟုတ်ဘူးတဲ့"

ဒရိုက်က ခေတ္တနားပြီးမှ ဆက်ပြောသည်။

"မစ္စတာမိုးဟာ အတော်ကျွမ်းကျင်တဲ့ ရေကူးသမ
တစ်ယောက် ဖြစ်ပုံရတယ်၊ ကုတ်အင်္ကျီ၊ ရှပ်အင်္ကျီ၊ လည်စည်း
ဘောင်းဘီရှည်အားလုံးကို ချွတ်ပစ်နိုင်ခဲ့သေးတယ်၊ ရှူးဖိနပ်ေ
တော့ မချွတ်နိုင်ခဲ့ဘူး၊ ဖိနပ်ကြိုးတွေက အတော်ကလေး ခိုင်ခိုင်ချ
ထားတာကြောင့် ဖြစ်ပုံရတယ်တဲ့၊ သူဟာ အသက်ကယ်ဖောကွ
ထဲ ရောက်ပြီး ၁၅ မိနစ် မိနစ် ၂၀ လောက်ကြာမှ သေခဲ့ပုံရတယ်
လည်းပြောတယ်၊ ဒါနဲ့တောင် သင်္ဘောပေါ်က မီးမောင်းထိုး
ရှာတဲ့ လူတွေမတွေ့တာ အတော်ဆိုးတယ်"

မဆင်က "အဲဒီအချိန်က လှိုင်းတွေက ထန်နေပြီး
ကလည်း အတော်သည်းနေတယ်၊ အသေးစိတ်ရှာနိုင်ဖို့ေ
အတော် မလွယ်ဘူး" ဟု ထင်မြင်ချက်ပေးသည်။





"နေဦးပယ်ရီ၊ ထူးခြားတာ တစ်ခုရှိသေးတယ်၊ မစ္စတာမိုး
ဟာ ၃၈ ဗို့ ကျည်ဆန်နဲ့ အပစ်ခံခဲ့ရတာ မှန်တယ်၊ ဒါပေမယ့်
ကုန်းပတ်ပေါ်က သူတို့တွေ့တဲ့ ခြောက်လုံးပြူးကပစ်တဲ့ ကျည်ဆန်
တော့ မဟုတ်ဘူးတဲ့"

မဆင်သည် ဆတ်ခနဲဖြစ်သွားပြီး "အဲဒီသေနတ်က
ပစ်တာ မဟုတ်ဘူးတဲ့လား" ဟု ပြန်မေးလိုက်သည်။

"လက်နက်ခဲယမ်း ပါရဂူက အဲသလိုပြောတာပဲ"

"ပြီးတော့ မင်းအခုပြောတဲ့ အတိုင်းဆိုရင် မစ္စတာမိုးဟာ
တစ်ချက်တည်း အပစ်ခံခဲ့ရတာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ကျောဘက်က ဝင်သွားတဲ့ ကျည်ဆန်ဒဏ်ရာ
တစ်ချက်တည်းပဲတဲ့"

"နေအုံးကွ၊ သင်္ဘောပေါ်မှာ သေနတ်နှစ်ချက် ပစ်ခဲ့တယ်၊
အေလင်းဖဲလ်ကလည်း သေနတ်သံနှစ်ချက် ကြားခဲ့ရပါတယ်လို့
ထွက်ဆိုတယ်၊ ကုန်းပတ်ပေါ်က တွေ့တဲ့ သေနတ်ထဲမှာလည်း
ပစ်ပြီး သား ကျည်ဆန်ခွံနှစ်ခု တွေ့ခဲ့ရတယ်"

"ဒါပေမယ့် အဲဒီသေနတ်ထဲက ကျည်ဆန်တွေကြောင့်
ဘားလ်မိုး သေတာမဟုတ်ဘူး၊ တခြား သေနတ်တစ်လက်နဲ့ ပစ်တဲ့
ကျည်ဆန်တစ်တောင့်ကြောင့် သေခဲ့ရတာပဲ"

"အဲဒီလိုဆိုရင် သင်္ဘောပေါ်မှာ သေနတ်သံ သုံးချက်ကြား
ခဲ့ရမှာပေါ့" ဟု မဆင်ကပြောရာ ဒရိုက်က ခေါင်းညိတ်၍
ထောက်ခံသည်။ မဆင်သည် ရုတ်တရက်ထရပ်လိုက်ပြီး သူ၏



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကျပ် အင်္ကျီ ချိုင်းပေါက်နှစ်ဖက်၌ လက်မတစ်ဖက်တစ်ချက် ထိုးသွင်းလျက် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရင်း စဉ်းစားနေသည်။ မိနစ်အတန်ကြာမျှ စဉ်းစားခန်း ဝင်နေပြီးမှ မေဆင်က . . .

"ဒီကိစ္စအဖြေ ဘယ်လိုပေါ်နိုင်မယ်ဆိုတာ ကိုယ်သိပြီ ဒါပေမယ့် မော်ဂန်အိဗ်စ်နဲ့အီဗလင်းဝှစ်တင်းကို တရားရုံးရောက်လာအောင် မလုပ်နိုင်ရင် ဘယ်လိုမှ ရှင်းနိုင်မှာ မဟုတ်ဘူး" ဟု ပြောလိုက်သည်။

"အေးဗျာ . . . သူတို့ကို တွေ့ဖို့တော့ ဘယ်လိုမှ မတတ်နိုင်အောင်ဖြစ်နေတယ်၊ ကျွန်တော်လည်း ထောင့်စေ့အောင် အကုန်လိုက်ခိုင်းထားတာပဲ၊ ခုထက်ထိတော့ မျှော်လင့်ချက် မရှိသေးဘူး မော်ဂန်အိဗ်စ်က ရာဇဝင်လူဆိုးဆိုတော့ အရှောင်အတိမ်း အင်မတန်လျင်တယ်၊ ကျွန်တော်တို့လို အလွတ်စုံထောက်တွေလိုက်ရှာတော့ မိဖို့မလွယ်ဘူး၊ ရဲအဖွဲ့အင်အား သုံးပြီး မြေလှန်ရှာမှ ရနိုင်မယ့် အခြေအနေရှိတယ်" ဟု ဒရိတ်က ပြန်ပြောလိုက်သည်။

ထိုအချိန်ထိ ငြိမ်သက်နေသော ဒယ်လာက ဝင်၍အကြံပေးသည်။

"ဆရာ၊ ဒီလိုလုပ်ရင် မကောင်းဘူးလား၊ ခရိုင်အစိုးရရှေ့နေကြီးဆီသွားပြီး အဲဒီနှစ်ယောက်ကို ရဲအဖွဲ့နဲ့ရအောင် ရှာပေးဖို့ပြောရင် ဘယ့်နှယ့်နေမလဲ"

"အဲသလိုလုပ်ရင် ပိုဆိုးသွားမှာပေါ့၊ ဆရာဟာ ဆရာ့တရားခံ အပြစ်မရှိကြောင်း ပြဖို့ တခြား သက်သေတွေကို ဥပါယ်တံမျဉ်နဲ့ သူ့ကို လာရှာခိုင်းတယ်လို့ စကတ်ဒါက တွေးမှာပဲ"





"ကျွန်မကိုတွေ့အောင် ရှာတုန်းကတော့ သူတို့ အင်မတန်တော်တာပဲ ဆရာ" ဟု ဒယ်လာက ပြန်ပြောလိုက်ရာ မေဆင်က ခေါင်းညိတ်၍ ရုတ်တရက် တစ်စုံတစ်ခု စဉ်းစားမိသွားဟန်ဖြင့် မျက်လုံးများတောက်ပြောင်သွားသည်။

"ဟာ . . . ဒယ်လာ၊ မင်း အခုပြောလိုက်တာ ဆရာ့အတွက် အင်မတန်ကောင်းတဲ့ စိတ်ကူးတစ်ခု ရလိုက်တာပဲ" ဟု ပြောလိုက်သည်။

"ဘာလဲဆရာ၊ ဘာစိတ်ကူးလဲ"

"မော်ဂန်အိဗ်စ်နဲ့ အီဗလင်းဝှစ်တင်းကို ဆရာက အစိုးရရှေ့နေကြီး လက်လှမ်းမမီအောင် ခြေရာဖျောက်ထားတယ်လို့ စကတ်ဒါက ထင်မြင်လာအောင် လုပ်ရမှာပေါ့၊ အဲသလို သူစဉ်းစားတာနဲ့ တစ်ပြိုင်နက် မော်ဂန်နဲ့ အီဗလင်းကို စကတ်ဒါက မတွေ့တွေ့အောင် မြေလှန်ရှာခိုင်းတော့မှာ သေချာတယ်"

"အဲဒီနှစ်ယောက်ကို ခင်ဗျားက ခြေရာဖျောက်ထားတယ်လို့ စကတ်ဒါ ထင်လာအောင် ဘယ်လိုလုပ်မလဲ"ဟု ဒရိတ်က မေးသည်။

မေဆင်က သူ၏နာရီကို ကြည့်လိုက်ပြီး . . .

"မင်းဆီမှာ သော့ဝိဇ္ဇာတစ်စုံမပါဘူးလား ပေါလ်"ဟု မေးလိုက်သည်။

ဒရိတ်က . . .

"ဘုရားရေ . . . ဘာဆိုင်လို့လဲဗျာ၊ ခင်ဗျားဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

မေဆင်တ သွားစေ့ပြုံးလျက် . . .

"ဖောက်ထွင်းဝိဇ္ဇာတွေသုံးတဲ့ ကိရိယာ တန်ဆာပလာတွေ လိုချင်တယ် ပေါလ်၊ တို့တစ်တွေ အိမ်တစ်အိမ် ဖောက်ထွင်းဖို့ တယ်"

"ဘာတွေလုပ်ဦးမလို့လဲဗျ"

"မင်း မစဉ်းစားမိဘူးလားကွ၊ တို့တစ်တွေ အရေးကြီးဆုံး သဲလွန်စတစ်ခုကို တစ်ချိန်လုံး မျက်စိလျှမ်းနေကြတယ်လေ"

"ဘယ်ဟာလဲဗျ"

"ဟို ခါတ်ပုံဆိုင်က အမျိုးသမီးကြီးက အီဗလင်းဝှစ်တင် ဟာ ခါတ်ပုံဘောင်တစ်ခု ဝယ်သွားတဲ့ အကြောင်း ပြောခဲ့တာလေ ရှစ်လက်မ ဆယ်လက်မအရွယ် ဓာတ်ပုံကို ဘေးသားတွေဖြတ်ပြီး ထည့်ရတဲ့ ဘဲဥပုံ စားပွဲတင်ဓာတ်ပုံဘောင်တစ်ခု ဝယ်သွားတယ်လို့ ပြောလိုက်တယ် မဟုတ်လား"

ဒယ်လာတ မေဆင်၏ လက်မောင်းကို ဆွဲလိုက်ပြီး . . .

"ဆရာ ဒါဖြင့် အီဗလင်းဟာ . . ."

မေဆင်က ဒယ်လာ၏ စကားကိုဖြတ်၍ ဒရိတ်၏ လှမ်းပြောလိုက်သည်။

"ကိုင်း . . . ပေါလ်ရေ၊ အချိန်ရှိတုန်း လုပ်စရာရှိတာ လုပ်ကြရအောင်၊ တို့ တစ်နေရာကို ဖောက်ထွင်းပြီး ဝင်ကြရလိမ့် မယ်၊ ဒါပေမယ့် ဥပဒေကို ချိုးဖောက်တဲ့ ရည်ရွယ်ချက်နဲ့ မဟုတ်ဘဲ အမှုနဲ့ သက်ဆိုင်တဲ့ လက်ငွေ့ရာတစ်ချို့ ရအောင်ယူဖို့ပဲ"





ဒရိတ်က စဉ်းစဉ်းစားစားလုပ်ရန် မေဆင်အား သတိပေးသည်၊ သို့ရာတွင် မေဆင်က ဓွတ်တရွတ်ပင် ထွက်သွားသဖြင့် ဒရိတ်နှင့် ဒယ်လာတို့ လိုက်သွားကြရသည်၊ အငှားကားကုမ္ပဏီ တစ်ခုမှ ကိုယ်တိုင်မောင်းစနစ်ဖြင့် ငှားလာသော ကားတစ်စီးဖြင့် စတော့တန်လမ်းမကြီးသို့ လာခဲ့ကြပြီး မော်ဂန်အီဗ်စ်နေခဲ့သော တိုက်ခန်းရှိရာ အဆောက်အအုံအနီး လမ်းကြားတွင် မေဆင်နှင့် ဒရိတ်တို့ ကားပေါ်မှ ဆင်းကြသည်၊ ဒယ်လာက ကားစက်ကိုမရပ်ပဲ စောင့်နေသည်၊ ဒရိတ်က တဖျစ်တောက်တောက်ညည်းတွားနေစဉ် မှာပင် မေဆင်က နောက်ဖေးလှေကားမှ တက်သွား၍ သူ့ပါ နောက်ကလိုက်ပါသွားရသည်။

မော်ဂန်အီဗ်စ် အခန်းနောက်ဖေးတံခါးသို့ အရောက်တွင် မေဆင်က ဒရိတ်ထံမှ သော့ဝိဇ္ဇာကို သုံး၍ တံခါးသော့ကို ဖွင့်လိုက် သည်။ သော့ပွင့်သွား၍ တံခါးကို ဖြည်းညင်းစွာဖွင့်လိုက်စဉ် ဒရိတ်က . . .

"ဟို ငနဲရှိနေရင် ဘယ့်နှယ့်လုပ်မလဲပယ်ရီ" ဟု လေသံ ဖြင့်မေးသည်၊ မေဆင်က ဘာမှပြန်မပြောဘဲ ခေတ္တရပ်၍ စောင့်ကြည့် နေသည်၊ ထိုနောက် အိတ်ထဲမှ လက်နှိပ်မီးထုတ်၍ ဒရိတ်ကိုခေါ် ကာ အထဲသို့ ဝင်သွားသည်။ လက်နှိပ်မီးရောင်ဖြင့် ကြည့်ရှုရာ ခလုတ်ကို ရောက်ရှိနေသည်မှာ မီးဖိုခန်းဖြစ်ကြောင်း သိရသည်။

ထိုနောက် ထမင်းစားခန်း၊ ဧည့်ခန်းနှင့် အိပ်ခန်းတွင်းသို့ ဆက်ဝင်ခဲ့ကြသည်၊ အိပ်ခန်းတွင်း၌ ဘီးတပ်ကုလားထိုင်တစ်လုံးကို တွေ့၍ မေဆင်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . ကတ်မင်းရဲ့ ကုလားထိုင်ပဲ ပေါ့လ်၊ ဒီအခန်းထဲက အနေအထားတွေကြည့်ရတာ တစ်ယောက်ယောက် အထုပ်အပိုးအရေးတကြီး ပြင်ဆင်ပြီး ထွက်သွားတဲ့ပုံပဲ၊ အံဆွဲတွေပွင့်ပြီး အထဲမှာ ပစ္စည်းတွေမရှိတော့ဘူး၊ ဗီရိုထဲမှာလည်း ကုတ်အင်္ကျီချိတ်တဲ့ ချိတ်တွေလည်း တိုးလိုးတန်းလန်း ကျန်ခဲ့တယ်၊ ခုတင်ပေါ်က အိပ်ရာပေါ်မှာလည်း အဝတ်သေတ္တာအရာကျန်ခဲ့တာ တွေ့တယ် မဟုတ်လား"

ထို့နောက် မေဆင်က လက်နှိပ်မီးဖြင့် ဆက်လက်၍ လှည့်ပတ်ထိုးကြည့်ရာ ကြမ်းပြင်တွင် တစ်လက်မခွဲခန့် သစ်သားစတစ်ခုတွေ့ရ၍ ဒရိတ်ကိုပြပြီး ကောက်ယူကာ မီးရောင်ဖြင့် စစ်ဆေးကြည့်ရှုကြသည်။ သစ်သားစတွင် မှန်ကွဲစကလေးများပါညှပ်လျက်တွေ့ရှိရ၍ ကြမ်းပေါ်တွင် လက်နှိပ်မီးဖြင့် ထပ်မံထိုးကြည့်ပြီး ရှာဖွေရာ မှန်ကွဲစလေးများ ထပ်တွေ့ကြရပြန်သည်။

"ဘယ်လိုထင်သလဲပယ်ရီ၊ ဒီအခန်းထဲမှာ ရန်ပွဲတစ်ခုခုဖြစ်သွားပုံရတယ်၊ ဒါမှမဟုတ် . . ."

"အမှိုက်ပုံးထဲမှာ ရှာကြည့်ကြဦးစို့ ပေါ့လ်" ဟု မေဆင်က ပြော၍ မီးဖိုခန်း ဘက်သို့ ထွက်လာခဲ့သည်။ ထိုနောက် ထောင့်တစ်နေရာရှိ အမှိုက်ပုံးအဖုံးကို ဖွင့်၍ လက်နှိပ်မီးဖြင့် ထိုးကြည့်ရာ စည်သွတ်ဘူးခွံ အလွတ်များကို တွေ့ရသည်။ ထိုဘူးခွံများကို ယူထုတ်၍ အတွင်းဘက်၌ ရှာဖွေကြည့်သောအခါ မှန်ကွဲခပ်ရှည်ရှည်တစ်ခုကို တွေ့ရှိရသည်။ ခဏ အကြာတွင် သစ်သား





ဘောင်ကျိုးတစ်ခုကို တွေ့ပြီး မေဆင်က ဆွဲထုတ်ယူလိုက်သည်။ ဒရိတ်က "အဲဒါဓာတ်ပုံဘောင်ဖြစ်မှာပဲဗျ"ဟု ပြော၍ မေဆင်က ခေါင်းညိတ်ပြသည်။ ထိုနောက် ဘူးခွံများကို ထပ်ဖယ်၍ ရှာဖွေရာ တွန့်ကြေနေသော ဘဲဥပုံ ဓာတ်ပုံတစ်ခုကို တွေ့ရှိရသည်။ မေဆင်က လက်ဖြင့်ဖိသပ်၍ စန့်အောင်ပြုလုပ်ပြီး မီးရောင်တွင် ဖြန့်ကြည့်လိုက်သောအခါ ဘဲလ်နယူးဘာရီ၏ ပြုံးရယ်နေသောပုံကို တွေ့ကြရသည်။ ဓာတ်ပုံအောက်ခြေတွင် "ဖေဖေသို့၊ အချစ်များစွာဖြင့်၊ ဘဲလ်ထံမှ"ဟူသော စာတန်းကလေးကိုလည်း တွေ့ရသည်။

မေဆင်က ဓာတ်ပုံကို အမှိုက်ပုံးထဲသို့ ပြန်ထည့်လိုက်ပြီး ဒရိတ်၏ လက်မောင်းကိုဆွဲကာ ရှေ့ခန်းသို့ ပြန်ခေါ်ခဲ့သည်။

"ကိုင်း . . . တို့လိုချင်တာအားလုံး သိရပြီပေါ့လ်၊ လက်ဗွေရာနည်းနည်းပါးပါး ချန်ထားခဲ့ပြီး ပြန်ကြစို့" ဟု မေဆင်က ပြောလိုက်သည်။

"ဘာလက်ဗွေရာလဲဗျ"

"မောင်ရင့် လက်ဗွေရာပေါ့၊ ဒါမှ ခရိုင်အစိုးရရှေ့နေကြီးက ဒီအခန်းထဲ မောင်ရင်ဖောက်ထွင်းဝင်ခဲ့တယ်ဆိုတာ သိနိုင်မှာပေါ့၊ ဒီတော့ ဟိုစားပွဲပေါ်မှာ လက်ဗွေရာနည်းနည်းလောက် ထားခဲ့စမ်းဗျာ"

"နေပါဦးပယ်ရီ . . . ခင်ဗျားဘာတွေ . . ."

"ကိုယ်ပြောသလိုသာ လုပ်စမ်းပါ"ဟု မေဆင်ကပြောပြောဆိုဆို မှန်တင်ခုံရှိ မှန်ပေါ်တွင် သူ၏ လက်တစ်ဖက်ကို ထိကပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဤတွင်မှ ဒရိတ်သည် မရဲတရဲဖြင့် စားပွဲစွန်းကို ပူလောင်သည့် အရာဝတ္ထုတစ်ခုအား ထိသကဲ့သို့ လက်ဖြင့်ထိလိုက်သည်။ မေဆင်က ရယ်မောပြီး ဒရိတ်၏ကိုယ်ကို လှမ်း၍တွန်းဖိလျက် လက်နှိပ်မီးကို ပိတ်ပစ်လိုက်သည်။ ဒရိတ်မှာ အမှောင်ထဲတွင် စမ်းတဝါးဝါးဖြစ်သွားပြီး လဲကျမသွားစေရန် စားပွဲကို လက်ဖြင့် ဖမ်းဆွဲထားလိုက်ရသည်။ ထို့နောက် ကုလားထိုင်တစ်လုံးကိုလည်း လက်တစ်ဖက်ဖြင့် လှမ်းကိုင်လိုက်သည်။ ထိုသို့ ဖြစ်ပြီးမှ မေဆင်က လက်နှိပ်မီးကို ပြန်ဖွင့်ပြီး "ကိုင်း. . . လာပေါ်လ်၊ ခုမှပဲ မင်းတရားခံ ဖြစ်တော့တယ်၊ ပြန်ကြစို့" ဟု ပြောလိုက်သည်။

"ပယ်ရီ၊ ခင်ဗျားဘာရည်ရွယ်ချက်နဲ့ ဒါတွေလုပ်ခဲ့သလဲဆိုတာ တစ်ဆိတ်လောက် ကျွန်တော့်ကို ပြောပြစမ်းပါဗျာ"

"နက်ဖြန် တရားရုံးမှာ ခရိုင်အစိုးရရှေ့နေကြီးက ဖော်ထုတ်တဲ့အခါကျမှ နားထောင်ပေတော့၊ လာ . . . သွားကြမယ်"

ထို့နောက် နောက်ဖေးတံခါးမှ ပြန်ထွက်ကြပြီး တံခါးကို သော့ပြန်ပိတ်ခဲ့သည်။

အပြန်လမ်းတွင် ကုန်စုံဆိုင်တစ်ခု၏ရှေ့၌ ကားတိုးခေတ္တရပ်ပြီး မေဆင်က "ဒယ်လာရေ၊ စကတ်ဒါကို ပြောရမယ့် စကားတွေ မှတ်မိတယ်နော်"ဟု သတိပေးသည်။ ထို့နောက်ကုန်စုံဆိုင်ရှိ တယ်လီဖုန်းရုံသို့ မေဆင်၊ ဒရိတ်နှင့် ဒယ်လာတို့ ဝင်သွားကြသည်။ ဒယ်လာက ပိုက်ဆံထည့်၍ တယ်လီဖုန်းနံပါတ်တစ်ခုသို့ လှည့်ခေါ်သည်။ လိုင်းဆက်မိသည်နှင့် တစ်ပြိုင်နက် "ဟလို. . .





ဟလို. . . မစ္စတာစကတ်ဒါနဲ့ စကားပြောပါရစေ၊ ကျေးဇူးပြုပြီး ချက်ချင်းခေါ်ပေးပါ၊ အင်မတန် အရေးကြီးတဲ့ ကိစ္စရှိလို့ပါ၊ နက်ဖြန် စစ်ဆေးမယ့် အမှုအတွက် အရေးကြီးတဲ့ သတင်းပေးမလို့ လို့ သူ့ကို ပြောပါ" ဟု အမောတကော ပြောပုံမျိုးဖြင့် ပြောလိုက်သည်။ ထို့နောက် တယ်လီဖုန်းခွက်ကို နားတွင် ကပ်ထားလျက်က မေဆင်အား လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။ ခဏအကြာတွင် ဒယ်လာက စကားပြောခွက်ထဲသို့ ဆက်ပြောသည်။

"ဟလို. . . မစ္စတာ စကတ်ဒါလား၊ ကျွန်မ မစ္စက်မော်ဂန်အိဗ်စ်စကားပြောနေပါတယ်၊ ကျွန်မ ဖုန်းဆက်တယ်လို့ ဘယ်သူ့မှ မပြောပါနဲ့နော်၊ ကျွန်မယောက်ျားက တကယ်တော့ လူလိမ်လူရှုပ် တစ်ယောက်ရှင့်၊ သူ့နာမည်ကို ရာဇဝင်လူဆိုးစာရင်းမှာ ဂျိမ်းဝှစ် တလီးခေါ် ဂျိမ်းကလပ်ဆိုပြီး တွေ့ရပါလိမ့်မယ်၊ နေပါဦးရှင့်၊ တစ်ဆိတ်လောက် ကျွန်မပြောတာ ဆုံးအောင်နားထောင်စမ်းပါ၊ အခုပြောမယ့် ကိစ္စက ဆရာကြီး ရုံးတင်ထားတဲ့အမှုနဲ့ ပတ်သတ်တဲ့ ကိစ္စပါ၊ ကျွန်မယောက်ျားဟာ အခုဆိုရင် မော်ဂန်အိဗ်စ်ဆိုတဲ့ နာမည်ပြောင်းပြီးထားတယ်၊ ကျွန်မကိုလည်း ကွာရှင်းမလို့ ကြိုးစားနေတယ်၊ ဒါပေမယ့် တရားဝင် မကွာရှင်းရ သေးပါဘူး၊ ဒီကြားထဲ မော်ဂန်ဟာ အီဗလင်းဝှစ်တင်းဆိုတဲ့ သူနာပြု ဆရာမ တစ်ယောက်နဲ့ တိတ်တိတ်ပုန်း လက်ထပ်ခဲ့တယ်၊ စတော့တန်လမ်းမကြီး နံပါတ် ၃၆၁၈ မှာ တိုက်ခန်းတစ်ခု ငှားပြီး နေ နေကြတယ်၊ အီဗလင်းဝှစ်တင်းဟာ ကားလ်မိုး အသတ်ခံရတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘော်ပေါ်မှာ ရော်ဂျာကတ်မင်းဆိုတဲ့ လူနာတစ်ယောက်ကို ပြ ပြီး ပါလာခဲ့တယ်၊ အဲဒီလူနာက လည်ပင်းရိုးကျိုးနေတဲ့ လူတ ယောက်ရှင့်၊ သူဟာ လူသတ်မှုဖြစ်ပုံကို အစအဆုံးတွေ့မြင်ခဲ့တယ်

"ဟုတ်ကဲ့ရှင့်၊ ရော်ဂျာကတ်မင်းက တွေ့ခဲ့တာပါ၊ သူနာပြ ဆရာမ အီဗလင်းက ကတ်မင်းကို ဆေးတိုက်စရာရှိလို့ သဘော် ဆေးရုံခန်းကို ခေါ်လာခဲ့တယ်၊ ဘီးတပ် ကုလားထိုင်ပေါ်မှာ ထိုင်ပြ ကတ်မင်းက စောင့်နေတုန်း ကားလ်မိုး အသတ်ခံရတာပဲ၊ ဖြစ်ပုံ အားလုံးကို ကတ်မင်းမျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတယ်၊ ကတ်မင်းဟာ သူ့ကိုပြုစုဖို့ အီဗလင်းကို အခကြေးငွေပေးပြီး ငှားလာခဲ့တာ အီဗလင်းနဲ့ မော်ဂန်အိမ်စိစ်ညားနေကြတာ သူမသိဘူး၊အဲဒါ အီဗလင် က စတော့တန်လမ်းမကြီးက သူတို့ရဲ့ တိုက်ခန်းကို ကတ်မင်းကို ခေါ်လာခဲ့တယ်။ အဲဒီတိုက်ခန်းကို ကတ်မင်းအတွက် ကြိုတင် ငှားထားတာလို့ လိမ့်ထားတယ်၊ ပထမတော့ အီဗလင်းနဲ့ မော်ဂန်ဟာ ကတ်မင်း ဆီက တစ်နည်းနည်း ငွေညှစ်ဖို့ စီမံကိန်းချခဲ့တာ အခုတော့ ကတ်မင်းဟာ ကားလ်မိုး အသတ်ခံရမှုမှာ အရေးကြီးတဲ့ သက်သေ တစ်ယောက်ဖြစ်နေတယ်ဆိုတာ သူတို့ သိသွားကြတယ် ဒါကြောင့် ပယ်ရီမေဆင်ကို သူတို့က အဆက်အသွယ်လုပ်ပြီး ငွေညှ တယ်၊ ပယ်ရီမေဆင်က သူတို့နှစ်ယောက်ကို ဖေါ်လာငါးထော ပေးပြီး ရော်ဂျာကတ်မင်းကို ဒီနိုင်ငံကနေ အပြင်ထုတ်သွား အစီအစဉ် လုပ်ခဲ့တယ်၊ ကတ်မင်းကတော့ သူမြင်တာတွေ့တာ တရားရုံးမှာ ထွက်ဆိုချင်တယ်၊ ဒါပေမယ့် သူကိုယ်တိုင်





မလှုပ်နိုင်မရှားနိုင် ဆိုတော့ ဘာမှမတတ်နိုင်အောင်ဖြစ်နေတယ်၊ ဟုတ်ကဲ့၊ ဒါတွေ အားလုံး ကျွန်မသိတာပေါ့၊ ရှေ့နေပယ်ရီမေဆင်နဲ့ အလွတ်စုံထောက် ပေါလ်ဒရိတ်တို့ဟာ အီဗလင်းတို့ရဲ့ တိုက်ခန်းကို သွားခဲ့ကြပြီး ကတ်မင်းကို နေရာရွှေ့သွားကြတယ်၊ ကတ်မင်းက လည်းပင်းရိုး ကျိုးနေတော့၊ သူ့ဘာသာသူ ဘာတစ်ခုမှ မလုပ်နိုင် ပါဘူး၊ တကယ် လို့ ဆရာကြီးကိုင်နေတဲ့ အမှုမှာ မျက်မြင်သက်သေ လိုချင်ရင်တော့ မစ္စတာကတ်မင်းကို ရအောင်သာရှာပေတော့၊ အရေးကြီး သက်သေကို ထိမ်ချန်ထားဖို့ မစ္စတာမေဆင်က ပိုက်ဆံပေးခဲ့တာ ဟာ ဥပဒေနဲ့ မလွတ်ကင်းရာလည်းရောက်တော့ မစ္စတာမေဆင်ကိုပါ အရေးယူလို့ရမှာပဲ၊ ဒါပေမယ့် ဒီကိစ္စမှာ ကျွန်မနာမည်တော့ နည်းနည်းမှ လေသံမဟလိုက်ပါနဲ့၊ ကျွန်မကို သူတို့သတ်လိမ့်မယ်"

ပြောစရာရှိသည်များကို တစ်ဆက်တည်း ကရားရေသွန် ပြောဆိုပြီးနောက် ဒယ်လာက တယ်လီဖုန်းခွက်ကို ပြန်ချလိုက်သည်။ ထို့နောက် ပြန်ထွက်လာကြရင်း "ဘယ့်နှယ့်လဲဆရာ၊ ကျွန်မ ပြောတာ ဆိုတာ ဟန်ရဲ့လား"ဟု ဒယ်လာက မေးသည်။

မေဆင်က "သိပ်ကောင်း"ဟု ပြောလိုက်သည်။

ဒရိတ်က ဝမ်းနည်းပက်လက်အမူအရာဖြင့် ခေါင်းကို ခါယမ်းရင်း "ကျွန်တော်တော့ ကျောတောင် ချမ်းလာပြီဗျာ"ဟု ပြောလိုက်သည်။

ဒယ်လာက "နောက်အစီအစဉ်က ဘာလဲဆရာ"ဟု မေး ရာ၊ မေဆင်က အချိန်အတော်များများရှိသေး၍ အပျင်းပြေရှုပ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်ကြရန်ပြောသည်၊ ဒရိတ်ကမူ မေဆင်၏ လုပ်ပုံများကို မကျေမနပ်ညည်းတွားပြောဆို၍ လိုက်ပါလာသည်၊ ရုပ်ရှင်ရုံတစ်ရုံ ရှေ့တွင် ဒယ်လာက ကားကို ရပ်လိုက်ပြီး သုံးယောက်သား ဆင်းလာခဲ့ကြသည်၊ မေဆင်က လက်မှတ်များ သွားဝယ်လာခဲ့ရာ ဒရိတ်က "အင်းလေ. . . မထူးပါဘူးဗျာ၊ ရုပ်ရှင် ကြည့်နေရတာပဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိဦးမယ်"ဟု ပြောဆိုနေရာက ပြသနေသော ရုပ်ရှင်ကြော်ငြာပိုစတာကို လှမ်းကြည့်မိပြီးနောက် "ဟာ . . . ဟယ်ရီ၊ သွားပြန်ပြီဗျာ၊ ဒီရုပ်ရှင်က ကျွန်တော်ကြည့်ပြီးသားကြီးဗျ အင်မတန်ညံ့တယ်၊ ကျွန်တော်မကြိုက်ဘူး" ဟု စိတ်ပျက်လက်ပျက် ပြောလိုက်ပြန်သည်။

* * *

မေဆင်၊ ဒယ်လာနှင့် ဒရိတ်တို့ တည်းခိုရာ ဟိုတယ်သို့ ပြန်အရောက်တွင် မေဆင်က ဒယ်လာ၏ လက်မောင်းကိုဆွဲ၍ စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့သည်။

ထိုအချိန်တွင် ဒရိတ်၏အသံကိုကြားရ၍ လှည့်ကြည့်လိုက်စဉ် မိုးကာအင်္ကျီအနက်နှင့် အရပ်ရှည်ရှည်လူတစ်ယောက်က မေဆင်၏ပခုံးကို ဖမ်းဆွဲလိုက်သည်။

"ခင်ဗျား . . . ဘယ်ကလာခဲ့တာလဲ" ဟု ထိုသူက မေးသည်။

မေဆင်က ဟိုတယ်ဝင်ပေါက်ဆီသို့ ပြန်လှည့်လျှောက်လာခဲ့သည်။ ထိုသူက ပခုံးကိုမလွှတ်ဘဲ လိုက်ပါလာသည်။





"ဘယ်သူက သိချင်တာလဲ" ဟု မေဆင်က ပြန်မေးသည်။

"ခရိုင်အစိုးရရှေ့နေကြီးက သိချင်တာ"

"ပြောလိုက်ပါ။ ကျုပ် ရုပ်ရှင်ကြည့်ပြီး ပြန်လာတာလို့"

ထိုအချိန်တွင် တံခါးဝ၌ ပေါလ်ဒရိတ်ကိုလည်း ထွားထွားကျိုင်းကျိုင်း လူကြီးတစ်ယောက်က လက်မောင်းကိုကိုင်လျက် ရပ်နေသည်ကို တွေ့ရသည်။

"အင်စပိတ်တော် ဘော့ဖစ်ရှ်ပါ" ဟု ထိုသူက သူ့နာမည်ကို ပြောသည်။ မေဆင်က လက်ဆွဲနှုတ်ဆက်ပြီး ကျန်တစ်ယောက်၏ အမည်ကိုပါ မေးမြန်းရာ "ဘော့" ဖြစ်ကြောင်း ပြန်ပြောသည်။ မေဆင်က တရင်းတနှီး လက်ဆွဲနှုတ်ဆက်ပြန်သည်။ ထို့နောက် ခရိုင်အစိုးရရှေ့နေကြီးက တွေ့လိုသည့်အကြောင်းကိုပြော၍ ခေါ်သည့်အတွက် တွေ့ချင်သလဲဟု မေဆင်က စောကြောသည်။ လူပြန်ပေးမှုနှင့်ပတ်သက်၍ မေးမြန်းလိုသောကြောင့်ဖြစ်ကြောင်း ဘော့က ပြန်ဖြေသည်။ ထို့နောက် ရဲအရာရှိ ဘော့က အငှားကား တစ်စီးခေါ်၍ မေဆင်၊ ဒယ်လာနှင့် ဒရိတ်တို့ကိုတင်ပြီး ထွက်လာခဲ့ကြသည်။ အငှားကားသည် ရဲအရာရှိညွှန်ပြသည့်လမ်းအတိုင်း မောင်းလာခဲ့ရာ စတော့တန်လမ်းမကြီးသို့ ရောက်လာခဲ့သည်။ ထို့နောက် တစ်နေရာတွင် ရပ်တန့်လိုက်၍ မေဆင်က "ခရိုင်ရှေ့နေကြီးက ဒီမှာနေသလား" ဟု မေးလိုက်သည်။

ဘော့က "ဒီမှာ ဘယ်သူနေတယ်ဆိုတာ ခင်ဗျား သိလျက်သားနဲ့" ဟု ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှဆင်းခဲ့ကြပြီးနောက် ဘော့ကဦးဆောင်၍ လှေကားတစ်ခုအတိုင်း တက်လာခဲ့ကြသည်။ တိုက်ခန်းတံခါးတစ်ခုတွင် ဘော့က လူခေါ်ခေါင်းလောင်းကိုနှိပ်လိုက်ပြီး တံခါးကို တွန်းဖွင့်လိုက်သည်။ မေဆင်တို့သုံးယောက်စလုံးကို ခေါ်သွင်းသွားရာ. . . အထဲသို့အရောက်တွင် ပြတင်းပေါက်အနီး၌ရပ်နေသော ခရိုင် အစိုးရရှေ့နေကြီး စကတ်ဒါကိုတွေ့ရသည်။ စကတ်ဒါက သူတို့ဆီသို့လျှောက်လာပြီး "ကိုင်း . . . ဒီနေရာမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျုပ်ကို ပြောပြစမ်း" ဟု မေဆင်အား ပြောသည်။

"ဒီနေရာမှာ ဘာဖြစ်လို့လဲဗျာ။ တစ်ခုခု ဖြစ်ခဲ့လို့လား"

"ဖြစ်ခဲ့တာ ခင်ဗျားသိပါတယ်လေ"

"ဘယ်တုန်းကလဲ"

"ခင်ဗျားတို့ ဒီကိုလာသွားတုန်းကပေါ့"

"အဲဒါ ဘယ်တုန်းကလဲ"

"သိပ်မကြာသေးဘူးလို့ပဲ ဆိုကြပါစို့"

ဤတွင် မေဆင်က အခန်းတွင်းလှည့်ကြည့်ရာ ပစ္စည်းပစ္စယအားလုံးပေါ်တွင် ပေါင်ဒါမှုန့်များ ဖြူးထားသည်ကိုတွေ့၍ ဒရိတ်နှင့် ဒယ်လာကို လှမ်းပြောသည်။

"ဟော့ . . . မင်းတို့ ဘာတစ်ခုမှ မထိမိစေနဲ့နော်၊ ပေါင်ဒါ မင်းလက်တွေကို ဘောင်းဘီအိတ်ထဲ ထည့်ထား၊ သူတို့ ဒီနေရာမှာ လက်ဗွေပုံစံယူဖို့ လုပ်ထားတယ်ကွ၊ တို့တစ်တွေ ထောင်ချောက်ထဲ ဝင်မိနေဦးမယ်"





စကတ်ဒါမျက်နှာ ရဲကနဲဖြစ်သွားပြီး "ဒီမယ် မေဆင်၊ ဒါ ခင်ဗျားရဲ့ နယ်မြေလော့စ်အိန်ဂျလိမြို့ မဟုတ်ဘူးဗျ၊ ခင်ဗျား ဒါမျိုးလုပ်ပြီး ရှောင်ထွက်လို့ မရဘူးဆိုတာ မှတ်ထားပါ" ဟု လှမ်းပြောသည်။ မေဆင်က ပုခုံးများကိုသာ တွန့်ပြလိုက်သည်။

စကတ်ဒါက ဆက်ပြောသည်။

"ရော်ဂျာကတ်မင်းဆိုတဲ့ လူတစ်ယောက်ကို ဒီနေရာကနေ တခြားတစ်နေရာရာကို ခင်ဗျားတို့ခေါ်သွားပြီး ဝှက်ထားတယ် မဟုတ်လား၊ သူ့ကို ကျုပ်လိုချင်တယ်"

"ခင်ဗျား ဘာတွေ ပြောနေတာလဲ၊ ရူးနေသလား" ဟု မေဆင်က ပြန်ပြောသည်။

"ဒီနေရာကို ညနေက ခင်ဗျားရောက်ခဲ့တယ်။ မော်ဂန်အိုဝ်စ်ဆိုတဲ့ လူတစ်ယောက်နဲ့ ခင်ဗျားနဲ့ တိုင်ပင်ပြီး ရော်ဂျာကတ်မင်း သက်သေမခံနိုင်အောင် သူ့ကို ခင်ဗျားတို့ ဝှက်ထားခဲ့ကြတယ်"

"အိပ်ရာအောက်တွေ ဘာတွေကော ခင်ဗျားတို့ ရှာကြည့်ပြီးပြီလား" ဟု မေဆင်က ခပ်တည်တည်ပြန်မေးလိုက်ရာ စကတ်ဒါက "သူ့လက်ဗွေပုံစံတွေ ယူစမ်းဟေ့" ဟု သူ့လူများကို အမိန့်ပေးလိုက်သည်။

"ဒါ ခင်ဗျား စော်ကားတာပဲဗျ" ဟု မေဆင်က တန့်ကွက်သည်။ ရဲအရာရှိ ဘော့က မေဆင်၏ ညာလက်ကို လက်ပြန်လိမ်ပြီး ဘော့ဖစ်ရှ်ဆိုသူက မေဆင်၏လက်ချောင်းများကို မင်သုတ်၍ လက်ဗွေပုံစံများ ယူလိုက်သည်။ ပြီးလျှင် ဒရိတ်နှင့် ဒယ်လာတို့၏



www.burmeseclassic.com

www.burmeseclassic.com



လက်ဗွေပုံစံများကိုပါ ဘော့ဖစ်ရှိုက ဆက်ယူသည်။ ပြီးလျှင် စကေ
ဒါက "မစ္စတာကတ်မင်းကို ဘယ်တုန်းက ခင်ဗျား နောက်ဆုံး တွေ့
သလဲ၊ ကျုပ်တို့ သိချင်တယ်" ဟု မေးသည်။ မေဆင်က ဘာ
မပြောနိုင်ဟု ဒေါသတကြီး ပြန်ပြောသည်။ ထိုအခါ စကတ်ဒါ
ဒယ်လာကို အလားတူ မေးပြန်သည်။ သို့ရာတွင် မေဆင်
မဖြေရန် ညွှန်ကြားသဖြင့် ဒယ်လာက မဖြေဘဲနေသည်။ ထို့ကြော
စကတ်ဒါက ဒရိတ်ဘက်သို့လှည့်၍ မေးပြန်ရာ ဒရိတ်ကလည်
မဖြေဘဲနေသည်။ ဤတွင် စကတ်ဒါ ယမ်းပုံမီးကျဖြစ်သွား
မေဆင်အား တရားစွဲဆိုမည်ဟု ခြိမ်းခြောက်ပြောဆိုသည်။

မေဆင်က စီးကရက်တစ်လိပ် မီးညှိသောက်
မထီမဲ့မြင်ဟန်ဖြင့် . . .

"ဥပဒေအကျိုးဆောင် တစ်ယောက်အနေနဲ့ စဉ်းစားစမ်
စကတ်ဒါ၊ ခင်ဗျား ကျုပ်ကို တရားစွဲလို့ မရပါဘူးဗျ" ဟု ပြောလို
သည်။

"ခင်ဗျား ဘာ ဆိုလိုတာလဲ" ဟု စကတ်ဒါက ပြန်မေ
သည်။

"ဒီလိုရှိတယ်လေဗျာ။ ကျုပ်ဟာ လက်တွေ့အမှုလိုက်နေ
ရှေ့နေတစ်ယောက်ဖြစ်တယ်။ အစိုးရရှေ့နေတွေက ကျုပ်ကို မ
သက်ကြဘူးဗျ။ ဒါပေမယ့် လူထုပရိသတ်ကြားမှာတော့ ကျုပ်
သတင်းမွှေးနေတယ် မဟုတ်လား။ ဒီလိုအခြေအနေမှာ ရာဇ
လူဆိုးတစ်ယောက်ရဲ့ ထွက်ဆိုချက်နဲ့ ကျုပ်ကို တရားစွဲမယ်ဆို





ဘယ်ဂျူရီအဖွဲ့က ကျုပ်အပေါ် အပြစ်ရှိတယ်လို့ ဆုံးဖြတ်အောင်
ခင်ဗျား ဘယ်လိုကြိုးစားနိုင်မှာလဲ"

ထိုအခါ စကတ်ဒါသည် မေဆင်အား စဉ်းစဉ်းစားစားဖြင့်
မ်းကြည့်နေရာမှ "ဒါဆို ခင်ဗျားရဲ့ကြံရာပါက ရာဇဝင်လူဆိုး
စ်ယောက်လား" ဟု မေးမြန်းသည်။

"ဟာ . . . နေစမ်းပါဦး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး နားလည်
တွေ လွဲကုန်တော့မှာပဲ။ ကျုပ်ဟာ ကြံရာပါတစ်ယောက်နဲ့ တစ်ခုခု
ပ်ခဲ့တယ်လို့ မပြောခဲ့ရသေးပါလား။ ဥပဒေကြောင်းအရ ကျုပ်ကို
ပြစ်ကျအောင်လုပ်လို့ မရနိုင်ဘူးဆိုတာကိုပဲ ဥပမာအဖြစ်
ပြတာ" ဟု မေဆင်က ပြန်ဖြေသည်။ စကတ်ဒါသည် ခေတ္တမျှ
းစားနေပြီးနောက် "သူတို့ကို ပြန်လွှတ်လိုက်တော့ ငါ့လူတို့" ဟု
မိန့်ပေးလိုက်သည်။

ရဲအရာရှိဘော့ဖစ်ရှိုနှင့် ဘော့တို့က အင်တင်တင်ဖြင့်
င်ခြေပြန်ပေးနေကြသော်လည်း စကတ်ဒါက ငေါက်ငမ်း၍ သူ
သည့်အတိုင်းလုပ်ရန် ပြောဆိုလိုက်သည်။ သို့ဖြင့် မေဆင်က
ဆောင်၍ သုံးယောက်သား ပြန်ထွက်လာခဲ့ကြသည်။

ဟိုတယ်သို့ပြန်အရောက်တွင် သူဌေးကြီး ချားလ်ဝှစ်မိုးဒေးလ်
ောင့်နေသည်ကို တွေ့ရသည်။

"ရှေ့နေကြီးကို ကျွန်တော် ခဏလောက် တွေ့လို့ဖြစ်
လား" ဟု ဒေးလ်က မေးသည်။

"ကျွန်တော်ပြောထားတဲ့အတိုင်း ဒေါ်လာတစ်သောင်းပါ
တယ်ဆိုရင်တော့ ဖြစ်ပါတယ်" ဟု မေဆင်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ ပါပါတယ်။ ဒါပေမယ့် အခုတွေ့ချင်တဲ့ ကိစ္စက တခြားပါ" ဟု ဒေးလ်ကပြော၍ မေဆင်က သူ၏အခန်းသို့ ခေါ်လာခဲ့သည်။ အခန်းတွင်း၌ထိုင်မိကြပြီးနောက် ဒေးလ်က ဒယ်လာစထရိကို လှမ်းကြည့်၍ "မစ္စက်မိုးနဲ့ အပေးအယူလုပ်ရမယ့် ကိစ္စအပြင် ရှေ့နေကြီးနဲ့ ဆွေးနွေးချင်တဲ့ တခြားကိစ္စတစ်ခုရှိနေတယ်" ဟု မေဆင်ကို ပြောသည်။

မေဆင်က "ရပါတယ်၊ ပြောပါ။ ကျွန်တော့်အတွင်းရေးမှူး ရှေ့မှာလည်း လျှို့ဝှက်ချက်အားလုံး ပြောနိုင်ပါတယ်။ ဟို ငွေ ဒေါ်လာ တစ်သောင်းကိုတော့ ပထမပေးရလိမ့်မယ်"

"သဘောတူစာချုပ်ကော အသင့်ပဲလား" ဟု ဒေးလ်က မေး၍ မေဆင်က ခေါင်းညိတ်ပြပြီး မစ္စက်မိုး၏ လက်မှတ်ရေးထိုးထားသော လက်နှိပ်စက်ဖြင့် ရိုက်ထားသည့် သဘောတူစာချုပ်ကို ကမ်းပေးလိုက်သည်။ ဒေးလ်က ဖတ်ကြည့်ပြီးနောက် စာရွက်ကို ခေါက်၍ အိတ်ထဲထည့်သည်။ ပြီးမှ သူ၏ပိုက်ဆံအိတ်ကိုဖွင့်၍ ဒေါ်လာတစ်သောင်းတန် ငွေစက္ကူဆယ်ရွက်ကို ထုတ်ကာ မေဆင်ကို ပေးလိုက်သည်။

"ကိုင်း . . . ခင်ဗျားကိစ္စ ပြောနိုင်ပါပြီ" ဟု မေဆင်က စကားစလိုက်သည်။

"ယခုကိစ္စက ကျွန်တော့်သမီး ဆယ်လင်ဒါနဲ့ ပတ်သက်ပါတယ်"

"ဘယ်လိုပါလိမ့်"





"ကျွန်တော့် သမီးကို ဒီအမှုမှာ သက်သေတစ်ယောက်အနေနဲ့ ဆင့်ဆိုထားပါတယ်။ တကယ်က ဘာမှ အရေးကြီးတာ မဟုတ်ပါဘူး။ ဆယ်လင်ဒါဟာ အပေါ်ကုန်းပတ်က မစ္စက်နယူးအာရီ လှေကားအတိုင်း ပြေးဆင်းလာတာ မြင်လိုက်မိတယ်။ မစ္စက်နယူးဘာရီဟာ လက်ထဲမှာ ရှမ္မိုင်းပိုက်ဆံအိတ်တစ်ခုကိုင်ထားပြီး အဝတ်အစားတွေလည်း ရွှဲရွှဲစိုနေတယ်လို့ဆိုတယ်"

"ဒီတော့ ခင်ဗျား ကျွန်တော့်ကို လာတွေ့တာက ဘာအတွက်လဲ။ ဆယ်လင်ဒါကို သက်သေအဖြစ် ဆင့်ခေါ်တာက အစိုးရရှေ့နေကြီးဆိုရင် သူနဲ့ပဲ စကားသွားပြောရမှာပေါ့။ ကျွန်တော့်ဆီ ဘာကိစ္စလာခဲ့တာလဲ"

"ဒီလိုပါ ခင်ဗျာ။ ကျွန်တော့်သမီးက အတော်ကလေး စိတ်သွပ်ရှားတတ်ပါတယ်။ တရားရုံးကိုလည်း တစ်ခါမှ မရောက်ဖူးခဲ့ပါဘူး။ အေလင်းဖဲလ်ကို မစ္စတာမေဆင် ပြန်လှန်မေးခွန်းထုတ်ခဲ့ပုံတွေ သတင်းစာထဲမှာ ဖတ်ထားရတော့ ကျွန်တော်တို့အနေနဲ့ မစ္စတာမေဆင်နဲ့ အစီအစဉ်တချို့ လုပ်ထားရင် ကောင်းမယ်လို့ စဉ်းစားမိခဲ့ပါတယ်။ ဒါမှပဲ ဆယ်လင်ဒါအနေနဲ့ ဘေးကျပ်နံကျပ်ဖြစ်စရာ ပြန်လှန်မေးခွန်းတွေကို ရင်ဆိုင်နိုင်ပါလိမ့်မယ်"

"ခင်ဗျားက ဘယ်လို စဉ်းစားထားလို့လဲ"

"ကျွန်တော် စဉ်းစားထားတာကို ပြောပြရင် ကျွန်တော့်အပေါ် တလွဲတော့မထင်လိုက်ပါနဲ့။ ဒါပေမယ့် အခု ကျွန်တော်နားလည်ထားသလောက်ဆိုရင် ခုနက ကျွန်တော်ပေးတဲ့ ဒေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တစ်သောင်းအနက် ငါးထောင်ဟာ မစ္စက်မိုးကို နစ်နာကြေးအနေနဲ့ ပေးဖို့ဖြစ်ပြီး ငါးထောင်က မစ္စတာမေဆင်အတွက် အကျိုးဆောင်ခ ယူဖို့မဟုတ်လား။ ဒီတော့ကာ ရှေ့နေကြီးအနေနဲ့ အကျိုးဆောင်ခ အခုထက်ပိုရမယ်ဆိုရင် ဘယ့်နှယ့်နေမလဲ"

"ခင်ဗျားဆိုလိုတာက ကျုပ်ကို အမှုလိုက်ခ ထပ်တိုးပေးမယ့် သဘောပေါ့၊ ဟုတ်စ"

"ဟုတ်ပါတယ်"

မေဆင်၏နှုတ်ခမ်းများ ခံပြင်းဟန်ဖြင့် တွန့်သွားပြီး ပြန်ပြောသည်။

"ကျုပ် နားလည်ပြီ ဒေးလ်၊ ဘာပဲပြောပြော ဒီအမှုမှာ ခင်ဗျားသမီး သက်သေတစ်ယောက်ဖြစ်လာမှာ ကျုပ်က အင်မတန်ဝမ်းသာနေတယ်"

"ဘာဖြစ်လို့လဲ၊ တကယ်က ဆယ်လင်ဒါဟာ မစ္စက်မိုး ပိုက်ဆံအိတ်ကိုင်ပြီး ပြေးဆင်းလာတာ တွေ့ခဲ့တယ်ဆိုတော့ ဒီအတိုင်းသာ ထွက်ဆိုလိုက်ရင် အတော်ဆိုးသွားမယ်ထင်တယ်"

"ဟာ . . . ကိစ္စမရှိပါဘူး၊ ခင်ဗျားသမီး ဆယ်လင်ဒါ သက်သေခံပေါ်ရောက်တဲ့အခါ ကျုပ်အနေနဲ့ ပြန်လှန်မေးခွန်းထုတ်ရင်း နယူးဘာရီတို့အပေါ် ဆယ်လင်ဒါ ဘယ်လိုအာဃာတရှိခဲ့တယ်ဆိုတာ ပေါ်အောင်ပြနိုင်ခွင့်ရှိပါတယ်။ တကယ်တ ဆယ်လင်ဒါဟာ ဘဲလ်နယူးဘာရီဆိုတဲ့ ကလေးမကို တောင်ပိုင်းကာလီဖိုးနီးယားတက္ကသိုလ်က ဘွဲ့ရခဲ့တယ်ဆိုတာ သိတာနဲ့





တစ်ပြိုင်နက် ခင်ဗျားရဲ့ မယားညီအစ်ကို ရွန်နီဆီ ကြေးနန်းရိုက်ပြီး အကြောင်းကြားခဲ့တယ်၊ ဘဲလ်နယူးဘာရီရဲ့နောက်ကြောင်းကို ရွန်နီက စုံစမ်းပေးဖို့ ဆယ်လင်ဒါက ခိုင်းခဲ့တာပဲ။ ဒီလိုနဲ့ ရွန်နီဟာ ဘဲလ်ရဲ့ ပထွေး ကားလ်နယူးဘာရီဆိုတာ ကားလ်မိုးဖြစ်ကြောင်း အမြန်ဆုံးစုံစမ်းနိုင်ခဲ့တယ်။ ဆယ်လင်ဒါဟာ ဘဲလ်ကို အရှက်တကွဲ ဖြစ်အောင်လုပ်ဖို့ ရည်ရွယ်ခဲ့တာပဲ။ ခင်ဗျားတို့ရဲ့ ကုမ္ပဏီက ငွေလိမ်သွားတဲ့ စာရင်းကိုင် ကားလ်မိုးအဖြစ်နဲ့ မစ္စတာ နယူးဘာရီကို သဘောပေါက ဆင်းဆင်းချင်း ဆီးဖမ်းလိုက်ရင် ဘဲလ်နယူးဘာရီ အရှက်ကွဲမှာပဲလို့ ဆယ်လင်ဒါက တွက်ထားခဲ့တယ်။ အဲဒီလို ဖြစ်အောင်လည်း ဆယ်လင်ဒါဟာ အစီအစဉ်အားလုံး လုပ်ထားပြီးပြီ လို့ ယုံကြည်စရာအကြောင်းတွေ ကျုပ်မှာ ရှိတယ်။ ဒီတော့ကာ ပြန်လှန်စစ်မေးတဲ့အခါ သက်သေတစ်ယောက်အနေနဲ့ ဆယ်လင်ဒါ ဒေးလ်ဟာ တရားခံမိသားစုအပေါ်မှာ အာဃာတရှိခဲ့ကြောင်း ကျုပ်အနေနဲ့ ပြရလိမ့်မယ်"

"ဒီလောက်နဲ့တော့ ခင်ဗျားနဲ့ တရားခံ မစ္စက်မိုးအတွက် သိပ်ပြီး ထိရောက်မှာ မဟုတ် . . ."

"ဟုတ်တယ်။ မစ္စက်မိုးအတွက်တော့ ထူးခြားလှမယ် မဟုတ်ဘူး။ ဒါပေမယ့် ဘဲလ်အတွက်တော့ အများကြီး ထိရောက်မှု ရှိမှာပဲ။ ဆယ်လင်ဒါနဲ့ ဘဲလ်တို့နှစ်ယောက်စလုံးနဲ့ ခင်မင်ခဲ့တဲ့ မှိုင်းဟန်းဂါးဖို့ ဆိုတဲ့ လူငယ်က ဆယ်လင်ဒါအပေါ်မှာ ဘယ်လို မြင်သွားမလဲ။ ဘဲလ်ရဲ့ အင်မတန်ရင်းနှီးတဲ့ သူငယ်ချင်းအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ပြီး ဆယ်လင်ဒါဟာ နောက်ဆုံးတော့ ဘဲလ်ကို အရှုံးတကဲွဖြစ်အောင် တစ်ချိန်လုံး ဆင်ကြံ ကြံနေခဲ့တယ်လို့ ဟန်းဂါးဖို့က သိသွားရင် ခင်ဗျားသမီးအပေါ်မှာ ကောင်းကောင်း နားလည်သွားတော့မှာပဲ"

ဤတွင် မစ္စတာဒေးလ် မျက်နှာရဲကနဲ ဖြစ်သွားပြီး . . .

"အို . . . ဒါကတော့ တမင်ညစ်တာပဲ" ဟု ပြောလိုက်သည်။

"ဒီမယ် ဒေးလ်၊ အခု ကျုပ်ဟာ အမှုသည်အတွက် တိုက်ပွဲဝင်နေတဲ့အချိန်ပဲ။ ကျုပ် အမှုသည်ရဲ့ ဆန့်ကျင်ဘက်ကလူတွေကို အထိဆုံး အနာဆုံးဖြစ်အောင် ထိုးနှက်ရမှာပဲ။ ဒီတော့ ခင်ဗျားသမီးကို ပြန်လှန်စစ်မေးတဲ့အခါ ဘာတွေ မျှော်လင့်ထားရမယ်ဆိုတာ ပြောပြထားရင် ကောင်းလိမ့်မယ်"

"ဒီကိစ္စတွေ ထည့်မပြောရင် ကောင်းလိမ့်မယ်ထင်တယ်ဗျာ . . ."

မေဆင်က ထိုင်ရာမှ ထရပ်လိုက်ပြီး တံခါးဆီသို့ လျှောက်သွားကာ တံခါးကိုဖွင့်လိုက်ပြီး . . .

"တော်လောက်ပြီ မစ္စတာဒေးလ်၊ ခင်ဗျားစိတ်ထဲက ဘာကြံထားတယ်ဆိုတာ အခုဆိုရင် ကျုပ် ကောင်းကောင်းသိပြီ။ ဒီတော့ အချိန်တန်ရင် နွားပိန်ကန်လိမ့်မပေါ့ဗျာ"

ဒေးလ်က ဣန္ဒြေဆည်၍ တံခါးမှထွက်ခွာရင်း ပြန်လှည့်ပြောသည်။





"ခင်ဗျားလည်း မလွယ်ပါဘူး မေဆင်။ ကျုပ် အကြောင်းကိုလည်း ကောင်းကောင်းပြုရသေးတာပေါ့"

မေဆင်က တံခါးကိုဆောင့်ပိတ်၍ တုံ့ပြန်လိုက်သည်။ ထို့နောက် မေဆင်သည် ပေါလ်ဒရိတ်၏အခန်းသို့ကူးသော တံခါးကိုဖွင့်၍ ဒရိတ်ကို လှမ်းပြောသည်။

"ဒီမယ် ပေါလ်၊ မော်ဂန်အိဗ်စ်ဟာ လွန်ခဲ့တဲ့ နှစ်လလောက်က လော့စ်အိန်ဂျလိမြို့မှာ လူသတ်မှုက လွတ်ခဲ့တယ်။ ဗင်ဒင်စီဆိုတဲ့ ရှေ့နေက သူ့အတွက် အမှုလိုက်ပေးခဲ့တယ်လို့ မင်း ပြောဖူးတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဒီလိုကွ၊ ကားလ်မိုးဟာ လွန်ခဲ့တဲ့ နှစ်လလောက်က လော့စ်အိန်ဂျလိမှာ လူသတ်မှုတစ်ခုစစ်တော့ ဂျူရီလူကြီးအဖွဲ့မှာ အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ပါခဲ့ရတယ်။ အဲဒီအမှုမှာ ဗင်ဒင်စီက တရားခံ အကျိုးဆောင်အနေနဲ့ လိုက်ခဲ့တယ်။ ဒီတော့ လော့စ်အိန်ဂျလိက မောင်ရင့်ရုံးကို လှမ်းဆက်သွယ်ပြီး အဲဒီအမှုတွဲ မှတ်တမ်းတွေ ရှာကြည့်ခိုင်းပါ။ မော်ဂန်အိဗ်စ်ရဲ့အမှုကိုစစ်တဲ့ ဂျူရီအဖွဲ့နဲ့ ကားလ်မိုးအဖွဲ့ဝင်အဖြစ်ပါခဲ့တဲ့ ဂျူရီအဖွဲ့နဲ့ တစ်ဖွဲ့တည်းပဲလားလို့ . . ."

"ဟာ . . . ပယ်ရီ၊ အဲဒါ တစ်မှုတည်းဗျ။ မော်ဂန်အိဗ်စ် လွတ်တာ တကယ်က ကားလ်မိုးကြောင့်ပဲ။ ကားလ်မိုးဟာ ကျန်တဲ့ ဂျူရီအဖွဲ့ဝင်တွေကို စည်းရုံးပြီး မော်ဂန်အိဗ်စ် အပြစ်မရှိကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မေးခိုင်းပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့ လူတစ်ယောက်ဆီက မေးခိုင်းတယ်ဆိုတာပဲပြောပါစေ၊ အလွဲသုံးသွားတဲ့ စာရင်းကိုင် ကားလ်မိုးကို ကိုယ်စားပြုပြီးမေးတာမဟုတ်တဲ့ အကြောင်း ကုမ္ပဏီက တိတိကျကျနားလည်ပါစေ၊ လောလောဆယ် သဘောထားသိချင်လို့ မေးတယ်ဆိုတာကိုပဲ ပြောဖို့ ဂျက်ဆင်ကို အကြောင်းကြားပါ၊ အကြောင်းပြန်ချက် သိသိချင်း ဆရာ့ဆီ သတင်းပို့ဖို့ပြောပါ"

မစ္စက်နယူးဘာရိက ကျေးဇူးတင်သော အထိမ်းအမှတ်ဖြင့် မေဆင်၏လက်ကိုဆုပ်ကိုင်ထားပြီးပြောသည်။

"ကျွန်မလည်းသွားတော့မယ်၊ အခုအချိန်မှာရှင်နဲ့ခဏခဏ တွေ့နေတာ လူများများမမြင်တာပိုကောင်းတယ်၊ သမီးဘဲလ်ကလည်း ရှင်နဲ့ကျွန်မလုပ်ငန်းသဘောတိုင်ပင်နေတယ်လို့ သံသယမဖြစ်စေချင်ဘူး"

"တစ်ခုခုတိတိကျကျဖြစ်လာဖို့တော့နှစ်ရက်သုံးရက်လောက်ကြာဦးမှာပါ၊ ဒီကြားထဲတော့ စိတ်အေးအေးသာနေပါမစ္စက်နယူးဘာရီ" ဟု မေဆင်က ပြောလိုက်သည်။

ထို့နောက်မေဆင်လှည့်ထွက်ခဲ့ရာကုန်းပတ်တစ်နေရာတွင် ဟန်းဂါးဖို့နှင့်ဆယ်လင်ဒါဒေးလ်တို့ ပင်ပေါင်ကစားနေကြသည်ကို တွေ့လိုက်ရသည်။



အခန်း (၃)

သဘောသည် ဆန်ဖရန်စစ္စကိုမြို့သို့ တနင်္ဂနွေနေ့ညတွင် ရောက်ရှိမည်ဖြစ်သည်။ တနင်္လာနေ့နံနက်စောစောတွင် ဆိပ်ကမ်းသို့ကပ်ရန် အစီအစဉ်ရှိသည်၊ စနေနေ့တွင် ပယ်ရီမေဆင်သည် ၎င်း၏ရုံးရှိ လက်ထောက်ရှေ့နေ ဂျက်ဆင်ထံမှ ကြေးနန်းတစ်စောင်ကို လက်ခံရရှိသည်။

"ကုန်ပစ္စည်းသန့်စင်ရေးကုမ္ပဏီ လော့စ်အိန်ဂျလိ ရုံးတာဝန်ခံ စာရင်းစစ်ချုပ် စီဒင်ကန်ရွှန်နီက ဟိုနိုလူလူတွင် ယခု ရောက်ရှိနေသော ကုမ္ပဏီဥက္ကဋ္ဌထံ ကြေးနန်းရိုက် အကြောင်းကြားရန် သဘောတူသည်၊ ရွှန်နီ အနေအထားမှာ တင်းတင်း ပြတ်ပြတ် လုပ်မည့်ပုံရှိသည်"



www.burmeseclassic.com

www.burmeseclassic.com



စီရင်ချက်ချနိုင်အောင် ကြိုးစားခဲ့တာပဲ။ အဲဒီလိုဖြစ်အောင် လုပ်ခဲ့တာက အီဗလင်းဗျ။ အီဗလင်းဟာ မော်ဂန်ကို အရူးအမူး ဖြစ်နေတယ်၊ အဲဒီမတိုင်ခင်က ကားလ်မိုးနဲ့လည်း အတော်ကြာကြာ တွဲခဲ့ဖူး တော့ သူ့အဆက်ကိုစစ်တဲ့ ဂျူရီအဖွဲ့မှာ ကားလ်မိုး ပါနေမှန်းလည်း သိရော ချဉ်းကပ်ပြီး ဖိအားမျိုးစုံ သုံးတော့တာပဲပေါ့ဗျာ"

"မင်း သိပ်တော်တယ် ပေါလ်။ ဒါ အင်မတန်အရေးကြီးတဲ့ အချက်ပဲ။ ဒါပေမယ့် ငါပြောတဲ့အတိုင်း လော့စ်အိန်ဂျလိတ်စ် လှမ်းဆက်ပြီး အတိအကျသိရအောင် လုပ်ပါဦး။ ခုလောလောဆယ် ကိုယ်တော့ ဆေးရုံရေခဲတိုက်ကိုသွားပြီး ဟိုအလောင်းဟာ ကားလ်မိုးရဲ့ အလောင်းမဟုတ်ဘူးလို့ ကြေညာလိုက်ဦးမယ်"

"ဘာပြောတယ်ဗျ။ အလောင်းချင်းမှားနေပြီလို့ သွားပြော မလို့လား"

"မဟုတ်ပါဘူး။ သတင်းထောက်တွေနဲ့တွေ့ပြီး အခု ခွဲစိတ် စစ်ဆေးခဲ့တဲ့ အလောင်းဟာ ကားလ်မိုးရဲ့အလောင်း မဟုတ်ဘူးလို့ ကိုယ်က အခိုင်အမာ ငြင်းဆိုတဲ့အကြောင်း ပြောမလို့ကွာ" ဟု မေဆင်က ပြန်ပြောလိုက်သည်။

*　　*　　*



## အခန်း (၁၈)

နောက်တစ်နေ့ နံနက်တွင် တရားရုံးပြန်လည် ဖွင့်လှစ်ချိန်၌ အစိုးရ ရှေ့နေကြီး စကတ်ဒါက လည်ချောင်းကို ရှင်းလိုက်ပြီး စကားလုံးများကို ဂရုတစိုက် ချိန်ချိန်ဆဆ ရွေးချယ်လျက်ပြတ်သား သောလေသံဖြင့် စတင်ပြောဆိုသည်။

"ရုံးမင်းခင်ဗျား . . . ပြီးခဲ့တဲ့ နာရီအနည်းငယ် အတွင်းမှာ ကျွန်တော်တို့ ထပ်မံသိလာရတဲ့ အချက်တစ်ချက်ရှိနေပါတယ်။ အဲဒါကတော့ တရားခံဟာ သေသူကို သေနတ်နဲ့ ပထမတစ်ချက် ပစ်လိုက်တဲ့အချိန်မှာ တရားခံနဲ့ ပေအနည်းငယ်မျှ အကွာအဝေးမှာ တခြားမျက်မြင် သက်သေတစ်ယောက် ရှိနေခဲ့တယ်ဆိုတဲ့ အကြောင်းပါပဲ၊ အဲဒီမျက်မြင်သက်သေကို ရုံးတော်ရှေ့တင်ပြနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကျွန်တော်ကြိုးစားနေဆဲပါပဲ၊ အတိအကျ ကတိမပေး သေးပေမယ့် နောက်ထပ် လေးဆယ့်ရှစ်နာရီအတွင်း အဲ သက်သေကို ရုံးတော်ရှေ့အရောက် တင်ပြနိုင်မယ်လို့ ကျွန်ေ မျှော်လင့်ထားပါတယ်၊ ဒါကြောင့် ယခုအမှု ကြားနာစစ်ဆေး ကို နှစ်ရက်ဆက်ပြီး ဆောင်ရွက်သွားဖို့ ကျွန်တော် မေတ္တာရ ပါတယ်"

ဤတွင် တရားသူကြီး ရွှမ်လီက ပယ်ရီမေဆင်ဘက် လှမ်းကြည့်လိုက်သည်။

မေဆင်က ထရပ်လိုက်ပြီး တရားခွင် တစ်ခုလုံးလွှမ်း အောင် အသံကိုမြှင့်လျက် "ရုံးမင်းခင်ဗျား၊ တရားလို အကျိုးဆော ကြီးရဲ့ အဆိုကို ကျွန်တော် ဆန့်ကျင်ရုံမက ကန့်ကွက်ပါတ ခုနက တရားလိုအကျိုးဆောင်ကြီး တင်ပြသွားတဲ့ အထဲက မျက် သက်သေဆိုတဲ့အကြောင်းဟာ သတင်းစာတွေက ရေးကောင်းအော ဝါဒဖြန့်တဲ့ ထွင်လုံးသက်သက်မျှသာ ဖြစ်တယ်လို့ ကျွန်ေ သဘောပေါက်ပါတယ်၊ ဘာနဲ့တူသလဲဆိုတော့ ကားလ်မိုး အလောင်းကို တွေ့ပြီဆိုပြီး မနေ့တုန်းက သတင်းစာတွေ သတင်းထုတ်ပြန်ပေးခဲ့တဲ့ သဘောမျိုးပါပဲ"

စကတ်ဒါက မခံမရပ်နိုင်ဖြစ်ဟန်ဖြင့် . . .

"ရုံးမင်းခင်ဗျား၊ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ မျက် သက်သေကို ရှာမတွေ့နိုင်သေးတဲ့ တစ်ခုတည်းသော အကြော ကတော့ တရားခံအကျိုးဆောင်ကြီး ပယ်ရီမေဆင်က အဲဒီသက် ကို ဝှက်ထားလို့ပါပဲ"





ဤတွင် မေဆင်က . . .

"ရုံးမင်းခင်ဗျား၊ ဒါဟာ အမှုလိုက်နေတဲ့ ဥပဒေ အကျိုး ဆောင်တစ်ယောက်ကို သူရဲဘောအကြောင်ဆုံး စွပ်စွဲချက်ပဲ ဖြစ်ပါ တယ်၊ အစိုးရ ရှေ့နေကြီးဟာ . . ."

မေဆင်၏ စကားမဆုံးမီ တရားသူကြီးက ကြားဖြတ်၍ . .

"ခဏကလေး မစ္စတာမေဆင်၊ မစ္စတာ စကတ်ဒါကို ကျုပ် အနေနဲ့ မေးချင်တာရှိတယ်၊ အစိုးရရှေ့နေကြီးဟာ ကိုယ်ပြောခဲ့တဲ့ စကားရဲ့ လေးနက်တဲ့ အတိုင်းအတာကို သတိထားမိပါရဲ့လား"

"သိပါတယ် ရုံးမင်းခင်ဗျာ"

"ခင်ဗျား ပြောခဲ့တဲ့ စွပ်စွဲချက် မှန်ကန်ကြောင်း သက်သေ တာ ပြနိုင်သလား"

"ကျွန်တော့်ဘက်က အထောက်အထားပြဖို့ ပြင်ဆင်ထား ပါတယ်၊ ခုအချိန်မှာ မပြနိုင်သေးပေမယ့် ရက်ပိုင်းအတွင်းမှာ တရားခံ အကျိုးဆောင်ကို ပြစ်မှုဆိုင်ရာ ဥပဒေနဲ့ အရေးယူနိုင်တဲ့ အထိ ကျွန်တော် အထောက်အထား တင်ပြသွားပါမယ်"

"အဲဒီလို အထောက်အထားမျိုး တင်ပြစမ်းပါလို့လည်း ကျုပ်က တောင်းဆိုတယ်" ဟု မေဆင်က အော်ဟစ်၍ ပြောသည်။

တရားသူကြီးက "ကောင်းပြီ၊ ရုံးတော်အနေနဲ့ ဒီအမှုကို နောက်ထပ် လေးဆယ့်ရှစ်နာရီကြာအောင် ဆက်စစ်သွားဖို့ သဘောတူတယ်၊ ကိုင်း . . . တရားလိုအကျိုးဆောင်ကြီးက ဆောင်ရွက်စရာရှိတာ ဆက်လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေဘာယ်လ်ဖော့စ်ကို ခေါ်လိုက်ပါ" ဟု စကာတ်ဒါက ပြောလိုက်၍ ပယ်ရီမေဆင်အား ဓာတ်ပုံများပေးလိုက်သော ဓာတ်ပုံဆိုင်ရှင် အမျိုးသမီးကြီး ထွက်လာသည်။ ကျမ်းကျိန်ပြီးနောက် စကာတ်ဒါက မေးမြန်း၍အမျိုးသမီးကြီးက အမှတ် ၃၆၁၈၊ စတော့တန်လမ်းမကြီးတွင် ဆိုင်ငယ်ကလေးဖွင့်၍ နေထိုင်ကြောင်း၊ ယခုရှေ့တွင်ထိုင်နေသော ပယ်ရီမေဆင်အား တမြန်နေ့က တွေ့မြင်ခဲ့ဖူးကြောင်း၊ မစ္စက်မော်ဂန်အိုင်ဗ်စ်အတွက် ဆေးကုထားသော ဓာတ်ပုံများကိုပေးရန် မစ္စတာမေဆင်က လာတောင်းကြောင်း၊ မစ္စက်မော်ဂန်အိုင်ဗ်စ်၏ အိမ်နီးချင်းမိတ်ဆွေဖြစ်ပါသည်ဟု မေဆင်က ပြောကြောင်း ထွက်ဆိုသွားသည်။

"မော်ဂန်အိုင်ဗ်စ် ဆိုတာကဘယ်သူလဲ" ဟုစကာတ်ဒါ ကမေးရာ "ကျွန်မတို့တိုက်ရဲ့တတိယထပ်မှာနေတဲ့လူပါ" ဟု မေဘာယ်လ်ဖော့က ပြန်ဖြေသည်။

ထို့နောက် စကာတ်ဒါက ဓာတ်ပုံတစ်ပုံ ထုတ်ပြသည်။ ဓာတ်ပုံပါလူ၏ ရင်ဘတ်တွင် အကျဉ်းသားနံပါတ် ချိတ်ထားသည်ကို တွေ့ရသည်။ ဓာတ်ပုံအောက်ဘက်တွင် လက်ဗွေပုံစံများ ပါရှိသည်။ ဤတွင် မေဆင်က လူတစ်ယောက်၏ ရာဇဝတ်မှု ကျူးလွန်ခဲ့သည့် မှတ်တမ်းကို တိုက်ရိုက်ထုတ်ဖော်ပြသခြင်းအား ကန့်ကွက်ကြောင်း ဝင်ပြောသည်။ တရားသူကြီးက ကန့်ကွက်ချက် ကို ပယ်လိုက်၍ စကာတ်ဒါက ထိုဓာတ်ပုံပါလူကို သိ မသိ သက်သေ ကို ဆက်မေးသည်။ သက်သေက မစ္စတာမော်ဂန်အိုင်ဗ်စ် ဖြစ်ကြောင်းပြန်ဖြေသည်။





ဆက်လက်၍ စကာတ်ဒါက ရော်ဂျာကတ်မင်း ဆိုသူကို သိမသိ မေးမြန်းရာ သက်သေက...

"ကျွန်မသူကိုတွေ့လိုက်တယ်၊ မစ္စက်အိုင်ဗ်စ်နဲ့အတူ ဟိုနီလူလူက ပြန်လာတာပဲ၊ မစ္စက်အိုင်ဗ်စ်က သူနာပြုပြီးခေါ်ခဲ့တာ၊ မစ္စတာကတ်မင်းက လည်ပင်းရိုးကျိုးတဲ့ဒဏ်ရာရခဲ့တယ်"

"မစ္စတာကတ်မင်းကို သူနာတင်ကားတစ်စီး ပေါ်ကချပြီး မော်ဂန်အိုင်ဗ်စ်ငှားနေတဲ့ တိုက်ခန်းကို တင်သွားကြ တယ်မဟုတ်လား"

"ဟုတ်ပါတယ်" ဟုသက်သေကဖြေ၍စကာတ်ဒါက စစ်မေးခြင်းကို အဆုံးသတ်လိုက်သည်။

မေဆင်က မေးခွန်းမေးစရာမရှိဟု ပြောလိုက် သည်။

စကာတ်ဒါက နောက်ထပ်သက်သေအဖြစ် ၎င်း၏ လက်ထောက်တစ်ဦးဖြစ်သော လက်ဗွေဆိုင်ရာ ကျွမ်းကျင်သူ အရာရှိ ခရစ္စတိုဖာဘော့အား ခေါ်ယူသည်။ ဘော့က ကျမ်းကျိန်ပြီးနောက် စကာတ်ဒါ၏မေးခွန်းများကို ဖြေဆိုသွားသည်။ မော်ဂန်အိုင်ဗ်စ်၏ ဓာတ်ပုံကိုမှတ်မိကြောင်း ထိုသူမှာမှတ်တမ်းဝင် လူဆိုးတစ်ဦး ဖြစ်သော ဂျိမ်ဝှစ်တလီခေါ် ဂျိမ်းကလပ်ဖြစ်ကြောင်း၊ ဖောက်ထွင်းမှုဖြင့် ဆန်ကွင်တင်ထောင်တွင်နှစ်ကြိမ် ထောင်ကျဖူးသေးကြောင်း ထွက်ဆိုသွားပြီးလူသတ်မှုဖြင့် တရားစွဲခံရဖူးသေးကြောင်း ပြောဆိုစဉ်၊ မေဆင်ကဝင်၍ ကန့်ကွက်သည်၊ ပြစ်ဒဏ်ကျခံခြင်းမရှိဘဲ ဖမ်းဆီးခံရရုံဖြင့် လူတစ်ဦးတစ်ယောက်အား စွပ်စွဲခြင်း မပြုနိုင်ကြောင်းထောက်ပြ၍ တရားသူကြီးက ကန့်ကွက်ချက်ကို လက်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . . စကတ်ဒါက မော်ဂန်အိဗ်စ်၏ လက်ဗွေပုံစံများအကြောင်းဆက်၍ မေးသည်။ ဘော့က ၎င်းထံတွင်ပါလာသော မော်ဂန်အိဗ်စ်၏ လက်ဗွေပုံစံများကို ထုတ်ပေးသည်။ ထိုပုံစံများတို့ စကတ်ဒါက သက်သေအဖြစ် တင်ပြရာ မေဆင်က ကန့်ကွက်ရန်မရှိဟု ပြောလိုက်သည်။ ဆက်လက်၍ စကတ်ဒါ၏ မေးမြန်းချက်အရ ဘော့က ယမန်နေ့ညက မော်ဂန်အိဗ်စ်၏ တိုက်ခန်းတွင် လက်ဗွေပုံစံများယူခဲ့ကြောင်း ထွက်ဆိုကာ ပယ်ရီမေဆင်နှင့် ပေါလ်ဒရိတ်တို့၏ လက်ဗွေပုံစံများနှင့် ဘီးတပ်ကုလားထိုင်မှ တွေ့ရှိရသော လက်ဗွေပုံစံများကို ယူခဲ့သည့်အကြောင်း ပြောဆိုသွားသည်။ ထို့နောက် လက်ဗွေပုံစံများကို ရိုက်ယူထားသော ဓာတ်ပုံများကို သက်သေခံအဖြစ် ရုံးတော်သို့ စကတ်ဒါကတင်ပြသည်။

ဆက်လက်၍ ဘော့က ယမန်နေ့ညတွင် မော်ဂဒန်အိဗ်စ်၏ တိုက်ခန်း၌ ပယ်ရီမေဆင်နှင့်မစ္စတာစကတ်ဒါတို့ စကားပြောဆိုခဲ့ကြသည်ကို ကြားခဲ့ရကြောင်း ထွက်ဆိုကာ စကတ်ဒါက ပယ်ရီမေဆင်သည် မျက်မြင်သက်သေ မစ္စတာ ကတ်မင်းအား ပြန်ပေးဆွဲပြီး ဝှက်ထားသည်ဟု စွပ်စွဲခဲ့ပုံကို ပြောပြသွားသည်။ ထို့နောက် စကတ်ဒါက ပြန်လှန်မေးခွန်းထုတ်နိုင်ပြီဖြစ်ကြောင်းပြော၍ မေဆင်က ထိုင်ရာမှထပြီး စတင်မေးမြန်းသည်။

"မစ္စတာ ဘော့၊ လူဘယ်လောက်များများရဲ့ လက်ဗွေပုံစံတွေကို ခင်ဗျား ယူခဲ့ဖူးသလဲ"

"အတိအကျတော့မပြောနိုင်ဘူး၊ ထောင်ချီပြီးယူခဲ့ဖူးတယ်"





"ပထမဆုံး ခင်ဗျားလက်ဗွေယူခဲ့တဲ့လူဟာ ဘယ်သူလဲမှတ်မိလား"

"ဘယ်မှတ်မိပါ့မလဲ"

"ဘယ်တုန်းကဆိုတာကော မှတ်မိလား"

"လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကဖြစ်လိမ့်မယ်၊ မမှတ်မိတော့ဘူး"

"ခင်ဗျား နောက်ဆုံး လက်ဗွေပုံစံယူခဲ့တဲ့လူကိုကော မှတ်မိလား . . ."

"နောက်ဆုံးလူကိုတော့ မှတ်မိတာပေါ့၊ ကားလ်မိုးဆိုတဲ့လူရဲ့ လက်ဗွေပဲ၊ ဒီနေ့မနက် နှစ်နာရီကမှ ရေခဲတိုက်မှာ သွားယူခဲ့တာ၊ အဲဒီအလောင်းဟာ ကားလ်မိုးရဲ့အလောင်းမဟုတ်ပါဘူးလို့ သတင်းထောက်တွေကို ခင်ဗျားက ပြောလိုက် ပြီးပြီးချင်း အလောင်းရဲ့ လက်ဗွေကို ကျုပ်သွားယူခဲ့တယ်"

မေဆင်က စက္ကန့်အတန်ကြာမျှ တွေ့ဆိုင်းနေပြီးမှ ဆက်မေးသည်။

"ခင်ဗျား . . ခုပြောပုံအတိုင်းဆိုရင် အဲဒီလူဟာ ကားလ်မိုးဆိုတာ သေချာတဲ့သဘောပေါ့ ဟုတ်လား"

"သေချာတာပေါ့ဗျာ၊ လူဆိုတာ ဘယ်တော့မှ လက်ဗွေပုံစံပြောင်းသွားတာမှ မဟုတ်ဘဲ၊ သေပြီးရင်လည်း မပြောင်းဘူး"

"လူတစ်ယောက်ရဲ့ လက်ဗွေပုံစံနဲ့ တခြားတစ်ယောက်ရဲ့ လက်ဗွေပုံစံ ရောထွေးနိုင်တာ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝမရှိဘူး၊ ဒါလောက်ကတော့ အထက်တန်း ကျောင်းသားကလေးတောင် သိပါတယ်ဗျာ"

ထိုအချိန်တွင် .. တရားသူကြီးက အကျိုးဆောင်အ ဖြင့် စစ်မေးခြင်းကို မလိုအပ်ဘဲ ရှည်ကြာအောင် မပြုလုပ်ရန်နှ သက်သေကလည်း အကျိုးဆောင်၏ မေးခွန်းများကို လေးလေ စားစားဖြေဆိုရန် သတိပေးစကား ပြောကြားသည်။

ထို့နောက် .. မေဆင်က ဆက်မေးသည်။

"ခင်ဗျားအနေနဲ့ အလောင်းကရတဲ့ လက်ဗွေပုံစံတွေ ယှဉ်ကြည့်လို့ရအောင် ကားလ်မိုးရဲ့ မူလ လက်ဗွေပုံစံတွေရှိနေရ ပေါ့ .."

"ဟုတ်ကဲ့ .. ရှိပါတယ်၊ လွန်ခဲ့တဲ့ ၁၅ နှစ်လောက် ကားလ်မိုးဟာ ဘဏ်တိုက်တစ်ခုမှာ အလုပ်လုပ်ခဲ့ဖူးတယ်၊ အဲ တုန်းကဘဏ်တိုက်မှာ ရှိခဲ့တဲ့ သူ့ရဲ့လက်ဗွေပုံစံတွေနဲ့ အလောင်း ယူခဲ့တဲ့ လက်ဗွေပုံစံတွေကို ယှဉ်ကြည့်ခဲ့တာပဲ" ဟု သက်သေ ဘော့က ပြန်ဖြေလိုက်ရာ မေဆင်က "ဩော် .. ဟုတ်လား" ဟု သာ အသံပြုလိုက်သည်။ တရားသူကြီးက နောက်ထပ်ပြန် စစ်မေးစရာရှိသေးသလားဟု မေးရာ မေဆင်က ရှေ့သို့တိုးသွား လက်ဗွေပုံစံများကို ရိုက်ယူထားသည့် ဓာတ်ပုံများကို ကောက် ကြည့်ရှုနေသည်၊ခဏအကြာတွင် လက်ဗွေ ဓာတ်ပုံတစ်ခု ဘော့အားပြသ၍ မည်သူ့လက်ဗွေဖြစ်ကြောင်း မေးမြန်း၏။





ဘော့က မော်ဂန်အိုင်စ်၏ လက်ဗွေပုံစံဖြစ်ကြောင်း၊ ၎င်း၏ အခန်းတွင်းရှိ ပစ္စည်းပစ္စယများပေါ်မှ လက်ဗွေရာများကို ရယူခဲ့ ခြင်းဖြစ်ကြောင်း ပြန်ဖြေသည်။ ထို့နောက် မေဆင်က နောက်ထပ် လက်ဗွေပုံစံတစ်ခုကို ပြသ၍မေးမြန်းရာ သက်သေက ရော်ဂျာကတ် မင်းကို ပြုစုလာခဲ့သော သူနာပြုဆရာမ၏ လက်ဗွေ များဖြစ်သည် ဟု ယူဆကြောင်း ပြန်ဖြေသည်။

"ဒါဖြင့် .. ဒီလက်ဗွေပုံစံကကောဗျာ" ဟု မေဆင်က အခြားဓာတ်ပုံတစ်ခုကို ပြသ၍ မေးမြန်းသည်။

"အဲဒီလက်ဗွေပုံစံတွေက မော်ဂန်အိုင်စ်ရဲ့ အခန်းထဲက တွေ့တဲ့ဘီးတပ်ကုလားထိုင်က ရခဲ့တာပဲ၊ ရော်ဂျာကက်မင်းရဲ့ လက်ဗွေတွေပဲလို့ ယူဆတယ်" ဟု သက်သေကပြန်ဖြေသည်။

ဤတွင် မေဆင်က "နေဦးဗျ၊ ခင်ဗျားအခုထွက်ဆိုနေ တာ လက်ဗွေပုံစံတွေကို တကယ်တမ်းကြည့်ပြီး ပြောနေတာမှ မဟုတ်ဘဲ၊ ပုံစံတွေအောက်က ရေးထားတဲ့ နာမည်တွေကိုကြည့်ပြီး ပြောနေတာ မဟုတ်လား"ဟု ရုတ်တရက် မေးလိုက်သည်။

"ဒီလိုရှိတယ်လေ၊ လက်ဗွေပုံစံဓာတ်ပုံတွေမှာတော့ ဘယ်သူဘယ်ဝါဆိုတာ ရေးထားရတာပဲပေါ့၊ ဒါပေမယ့် ပုံစံတွေကို မှန်ဘီလူးနဲ့ကြည့်ပြီး ဘယ်သူ့လက်ဗွေပုံစံဆိုတာ ကျုပ်ခွဲခြားပြော နိုင်ပါတယ်" ဟု ဘော့က ပြန်ဖြေသည်။

"တကယ်လား၊ ဒီရုံးတော်ရှေ့မှာလည်း ခင်ဗျားခွဲခြားပြနိုင် သလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြနိုင်ပါတယ်" ဟု သက်သေကပြန်ပြော၍ မေဆင်က သူ၏ အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်ပြီး။ အလယ်တွင် ကွက်၍အပေါက်ဖြစ်အောင် ဖြဲလိုက်သည်။

ထို့နောက် လက်ဗွေပုံစံဓာတ်ပုံများအနက် ဓာတ်ပုံတစ်ပုံ ပေါ်သို့ စာရွက်ကို အုပ်လိုက်ရာ အောက်ခြေတွင်ရေးထားသော နာမည်ကို အုပ်မိသွားပြီးလက်ဗွေပုံစံသာ ပေါ်၍နေသည်။

"ကိုင်း . . ဒါဆို အောက်ခြေကရေးထားတာကို ခင်ဗျား မတွေ့ရတော့ဘူး" ဟု ပြောကာ မေဆင်က ထိုဓာတ်ပုံကို သက်သေထံ ကမ်းပေးလိုက်သည်။

ထို့နောက် အခြားစာရွက်တစ်ရွက်ယူ၍ အလားတူ အပေါက်ဖောက်ပြီး ကျန်ဓာတ်ပုံတစ်ပုံကို အုပ်လိုက်သည်။ ထို့အတူ ပင် တတိယဓာတ်ပုံကိုလည်း စက္ကူဖောက်၍အုပ်ထားလိုက်သည်။

"အဲဒီလက်ဗွေတွေကို ဒီအတိုင်းကြည့်ပြီး ခင်ဗျား ခွဲခြား ပြနိုင်မလား၊ ကြည့်ကြရအောင်" ဟု မေဆင်ကပြောလိုက်ရာ ဘောဇက "အချိန်တော့ နည်းနည်းယူရလိမ့်မယ်" ဟု ပြန်ပြောသည်။

"ခင်ဗျားကြိုက်သလောက် အချိန်ယူနိုင်တယ်"

ထို့နောက် ဘောဇက သူ၏အိတ်ထဲမှ မှန်ဘီလူးကိုထုတ်၍ လက်ဗွေပုံစံများကို အသေအချာအနီးကပ်ကြည့်ရှုပြီး . .

"အတိအကျပြောဖို့ကတော့ ကျုပ်ရဲ့မှတ်စုစာအုပ်ထဲ မှတ်ထားတဲ့ အချက်အလက်တွေနဲ့ တိုက်ဆိုင်ကြည့်ဖို့ လိုလိမ့်မယ် အခုကြည့်လို့ရတဲ့အတိုင်းကတော့ ဟောဒီလက်ဗွေပုံစံနှစ်ခုက အဘူ တူပဲ၊ ရော်ဂျာကတ်မင်းရဲ့ လက်ဗွေတွေပဲလို့ ကျုပ်ထင်တယ် သေတော့ မသေချာဘူး"

"ဒါဖြင့်လည်း သေချာအောင် ခင်ဗျားမှတ်စုစာအုပ်နဲ့ တိုက်ကြည့်လေဗျာ"

ထို့ကြောင့် သက်သေဘောဇက သူ၏မှတ်စုစာအုပ်ထုတ်ယူ၍ မှတ်သားထားသော အချက်အလက်များကို ကြည့်ရှုစစ်ဆေးသည်။ တစ်ဖန်စကေးတိုင်းပေတံဖြင့် တိုင်းထွာကြည့်သည်။ ပြီးလျှင် တရားသူကြီးထံ မော့ကြည့်၍ ခေါင်းညိတ်ပြကာ "ဟုတ်ပါတယ်၊ ဒီပုံစံနှစ်ခုဟာ ရော်ဂျာကတ်မင်းလို့ ကျွန်တော်ယူဆတဲ့ လူတစ်ယောက် တည်းရဲ့ လက်ဗွေတွေပါဘဲ၊ ကတ်မင်းရဲ့ ဘီးတပ်ကုလား ထိုင်ပေါ် ကယူခဲ့တဲ့ လက်ဗွေတွေပါပဲ" ဟု ပြောလိုက်သည်။

မေဆင်က ၎င်းပုံစံနှစ်ခု အတူတူဖြစ်ကြောင်း သက်မှတ်သည့်အနေဖြင့် ကြက်ခြေခတ်အမှတ်အသားများ မှတ်သားပေးရန် တောင်းဆိုရာ သက်သေက အတော်သည်းခံလိုက်လျှောရသည့် အမူအရာမျိုးဖြင့် မှတ်သားပေးသည်။

ထိုအခါ မေဆင်က ဓာတ်ပုံနှစ်ခုပေါ်တွင် ဖုံးထားသော စက္ကူများကိုဖယ်လိုက်ပြီး . .

"ကိုင်း . . . မစ္စတာဘောဇ၊ ခင်ဗျားဟာ လက်ဗွေပါရဂူ တစ်ယောက်နော်၊ လူနှစ်ယောက်ရဲ့ လက်ဗွေပုံစံတွေဟာ တစ်ယောက်နဲ့တစ်ယောက် ရောထွေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင် ဘူးဆိုတဲ့အကြောင်း အထက်တန်းကျောင်းသားကလေးတွေင်






www.burmeseclassic.com

www.burmeseclassic.com



သိတယ်လို့ ခင်ဗျားပြောခဲ့တယ်နော်၊ ဒါဖြင့် အခုကျူပ်ကို တစ်ဆိတ်လောက်ရှင်းပြစမ်းပါ။ ခုနကပဲ သေသူကားလ်မိုးရဲ့လက်ဗွေပုံစံပါလို့ ခင်ဗျားပြောခဲ့တဲ့ပုံစံနဲ့ ရော်ဂျာကတ်မင်းရဲ့လက်ဗွေပါလို့ ခင်ဗျားပြောခဲ့တဲ့ပုံစံကို အခုတော့ လူတစ်ယောက်တည်းရဲ့ လက်ဗွေပါလို့ ခင်ဗျား ဘာကြောင့် ပြောရပြန်တာလဲ"

ထိုအခါ ဘော့သည် ခာတ်ပုံနှစ်ပုံကို မယုံနိုင်သော မျက်စိများဖြင့် စူးစိုက်ကြည့်နေတော့သည်။ စက္ကူများဖယ်လိုက်ပြီးသည့် ခာတ်ပုံများတွင် ကားလ်မိုးနှင်ရော်ဂျာကတ်မင်းဟူသောနာမည်များ ၎င်းကိုယ်တိုင်ရေးမှတ်ထားသည်ကို တွေ့နေရသောကြောင့် ဖြစ်သည်။ အစိုးရရှေ့နေကြီး စကာတ်ဒါသည်လည်း ကမန်းကတန်းထ၍ သူ၏သက်သေအနီးသို့ သွားပြီး ကြည့်ရှုနေသည်။

တရားသူကြီးက မေဆင်အား ဇဝေဇဝါအမူအရာဖြင့် လှမ်းကြည့်၍ "မစ္စတာမေဆင်၊ သက်သေဟာ လက်ဗွေခာတ်ပုံနှစ်ခုကို ရှုပ်ထွေးနေတယ်လို့ ခင်ဗျားမေးချင်တာလား" ဟု မေးမြန်းသည်။

မေဆင်က သွားစေ့ပြုံးလျက် "မဟုတ်ပါဘူး ရုံးမင်းခင်ဗျား တကယ်ကတော့ ကျွန်တော့်မိတ်ဆွေပညာရှိ အစိုးရရှေ့နေကြီး အနေနဲ့ အင်မတန်အရေးကြီးပါတယ်ဆိုတဲ့ သက်သေ ရော်ဂျာကတ်မင်းကို ဖော်ထုတ်ပေးနိုင်ရင် ကျွန်တော့်အမှုသည် အင်နာမိုးအပေါ် စွဲဆိုထားတဲ့ ဒီအမှုဟာလည်း တစ်ခါတည်း ပျက်ပြယ်သွားမှာ ဖြစ်ပါတယ်။ နို့မဟုတ်ရင်ဖြင့် ယခုလ ၆ ရက်နေ့ညက ကျွန်တော့် အမှုသည်က သတ်ခဲ့ပါတယ်ဆိုတဲ့ လူတစ်ယောက်ရဲ့ လက်ဗွေပုံ





တွေဟာ ၇ ရက်နေ့ညနေမှာ ဆန်ဖရန်စစ္စကိုမြို့ကိုက်ခန်း တစ်ခုထဲကို ဘယ်လိုနည်းနဲ့ ရောက်နေတယ်ဆိုတာ တရားလိုအကျိုးဆောင်ကြီးက ရှင်းပြရပါလိမ့်မယ်"

"ရုံးမင်းခင်ဗျား၊ ခုကိစ္စဟာ တစ်နေရာရာမှာတော့ လှည့်ကွက်တွေရှိနေပါလိမ့်မယ်" ဟု စကာတ်ဒါကဝင်ပြောသည်။

မေဆင်ကပြုံးလျက် . .

"တရားလိုအကျိုးဆောင်ကြီးအနေနဲ့ ဘယ်နေရာမှာ လှည့်ကွက်တွေရှိနေတယ်ဆိုတာသိချင်သပဆိုရင်တော့ ကျုပ်က သဲလွန်စနှစ်ခု ပေးနိုင်ပါတယ်၊ တစ်ခုကတော့ ၆ ရက်နေ့ညမှာ ဒယ်လာစထရိကုန်းပတ်ပေါ် ထွက်လိုက်တဲ့ အခါ သူရောက်သွားတဲ့ နေရာဟာ အေလင်းဖဲလ်အပေါ်ကုန်းပတ်ဆီ ပြေးတက်မသွားခင် ရပ်နေခဲ့တဲ့ နေရာဖြစ်တယ်ဆိုတာပဲ၊ ဒုတိယ သဲလွန်စက သေသူ ကားလ်မိုးတို့ မိသားစု ဟိုနိုလူလူက သင်္ဘောပေါ် မအောင်းခင်ကလေးမှာ တစ်စုံတစ်ယောက်က ကားလ်မိုးရဲ့ သော့ခတ်ထားတဲ့ သေတ္တာတိုဖွင့်ပြီး ခာတ်ပုံချင်း လဲသွားခဲ့တယ်၊ မစ္စက်မိုးရဲ့ သမီး ဘဲလ်နဲ့ ရုပ်ချင်း အင်မတန်ဆင်တဲ့ ရုပ်ရှင်မင်းသမီး ဝင်နီရဲ့ ပုံကို အစားထိုးထားခဲ့ပြီး ဘဲလ်ရဲ့ ခာတ်ပုံကိုယူ သွားတာပဲ၊ ကိုင်း . . . ဒီသဲလွန်စနှစ်ခု သိရပြီဆိုရင် တရားလိုအကျိုးဆောင်ကြီး အနေနဲ့ ကျန်တာတွေကို ကိုယ်တိုင်ပဲဆက်ပြီး ရုပ်လုံးဖော်ကြည့်နိုင်ပါလိမ့်မယ်"

ဤတွင် စကာတ်ဒါသည် သက်သေဘော့နှင့် နှစ်ကိုယ်ချင်း ဆွေးနွေး တိုင်ပင်ပြီးနောက် "ကျွန်တော်တို့အနေနဲ့ အချက်အလက်



www.burmeseclassic.com

www.burmeseclassic.com



တွေတို ဆက်စပ်ကြည့်ဖို့ ရှိနေတဲ့အတွက် ရုံးတော်ကို ခေတ္တရပ်နား ပေးဖို့ မေတ္တာရပ်ခံပါတယ်"ဟု တင်ပြသည်။

မေဆင်က "ရုံးမင်းခင်ဗျား၊ အစိုးရရှေ့နေကြီးက ကျွန်တော် ဟာ သက်သေတွေကို ထိမ်ချန်ထားပါတယ်လို့ စွပ်စွဲခဲ့တာ ရှိနေပါ တယ်၊ ဒါပေမယ့် အခုဆိုရင် အစိုးရရှေ့နေကြီးကသာ သက်သေ တစ်ယောက်ကို ထိန်းသိမ်းထားတယ်လို့ ယူဆစရာ အကြောင်း ကျွန်တော့်မှာ ရှိနေပါတယ်၊ အဲဒီသက်သေဟာ ရော်ဂျာကတ်မင်း ကို သူနာပြုပြီး သဘော်ာပေါ်မှာ ပါလာခဲ့တဲ့ အီဗလင်းဝှစ်တင်းဖြစ် ပါတယ်၊ မစ္စဝှစ်တင်းကို တရားခံပြ သက်သေတစ်ယောက် အနေနဲ့ ရုံးတော်ကို လာရောက်ဖို့ ယခင်နေ့ကတည်းက ကျွန်တော် သမ္မန်စာ ပေးထားခဲ့ပါတယ်"

တရားသူကြီးက စကတ်ဒါကိုကြည့်၍ "အဲဒီသက်သေကို ထိန်းသိမ်းထားတယ်ဆိုတာ ဟုတ်သလား"ဟု မေးသည်။

စကတ်ဒါက အီဗလင်းဝှစ်တင်းကို လွန်ခဲ့သော တစ်နာရီ ခန့်ကမှ ရဲအဖွဲ့က ရှာဖွေတွေ့ရှိပြီး ခေါ်ယူစစ်ဆေးနေခြင်းဖြစ် ကြောင်း၊ မစ္စဝှစ်တင်းသည် ပယ်ရီမေဆင် ခေါ်ယူထားသော သက်သေဖြစ်သည်ဟု မိမိလုံးဝမသိကြောင်း ပြန်လည်တင်ပြသည်။ ထို့ကြောင့် တရားသူကြီးက ပယ်ရီမေဆင်၏ ဆန္ဒအတိုင်း ထိုသက်သေကို ခေါ်ပေးရန် ညွှန်ကြားရာ စကတ်ဒါက ဘီးလစ် စာရေးကြီးအား အီဗလင်းဝှစ်တင်းကို ခေါ်ခိုင်းလိုက်သည်၊ အီဗလင်း ရောက်မလာသေးမီ ကြားအချိန်၌ တရားသူကြီးက မေဆင်အား မေးသည်။





"မစ္စတာမေဆင် မနေ့က တွေ့တယ်ဆိုတဲ့ အလောင်းဟာ ကားလ်မိုးရဲ့ အလောင်းအစစ်မဟုတ်ဘူးလို့ ဖော်ထုတ်ပြဖို့ ကြိုးစား နေတာလား"

"မဟုတ်ပါဘူး ရုံးမင်းခင်ဗျား၊ အဲဒီအလောင်းဟာ ကားလ်မိုးရဲ့ အလောင်းမဟုတ်နိုင်ဘူးလို့ မနေ့ညက သတင်း ထောက်တွေကို ကျွန်တော် တမင်ပြောခဲ့တာပါ၊ ဒါကလည်း တရားလိုအကျိုးဆောင်ဘက်က ကားလ်မိုးရဲ့ လက်ဗွေပုံစံကို မယူ ယူအောင် ကျွန်တော် ဖန်တီးခဲ့တာပါ"

"ဒါဆို အဲဒါဟာ ကားလ်မိုးရဲ့ အလောင်းပဲဆိုရင် ဟိုအခန်း ထဲက ဘီးတပ်ကုလားထိုင်ပေါ်မှာ တွေ့ရတဲ့ လက်ရာတွေဟာလဲ ကားလ်မိုးရဲ့ လက်ရာတွေဖြစ်နေတာကို ခင်ဗျား ဘယ်လိုစဉ်းစားမိ သလဲ"

"အခုလာမယ့် သက်သေက ဒီကိစ္စကို ရှင်းပြနိုင်လိမ့်မယ် ထင်ပါတယ်၊ သက်သေက ရှင်းမပြနိုင်ရင်တော့ ကျွန်တော့်ပညာရှိ အစိုးရရှေ့နေကြီးက ရှင်းပြဖို့ တာဝန်လွှဲရမှာပဲ၊ တကယ်က ဒီအမှု ဟာ သူတင်တဲ့ အမှုပဲမဟုတ်လား"

ထိုအချိန်မှာပင် ဘီးလစ်စာရေးကြီးက အီဗလင်းဝှစ်တင်း ကို တရားရုံးခန်းအတွင်းသို့ ခေါ်ယူလာ၍ တရားသူကြီးက စကား ဖြတ်လိုက်သည်။ အီဗလင်းဝှစ်တင်းသည် ကျမ်းကျိန်ပြီးနောက် သက်သေခုံတွင် နေရာယူလိုက်သည်။ သူမ၏ မျက်နှာမှာ ပြင်းထန် စွာ စိတ်လှုပ်ရှားနေသော အမူအရာပေါ်လွင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေဆင်က စတင်မေးမြန်းသည်။

"မစ္စဝှစ်တင်း၊ မော်ဂန်အိဗ်စ်ဆိုတဲ့လူနဲ့ ခင်ဗျားပေါင်းဖော်နေထိုင်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"သူ့မှာ ရာဇဝတ်ပြစ်မှု ကျူးလွန်ခဲ့တဲ့ မှတ်တမ်းရှိတယ်ဆိုတာ ခင်ဗျားသိသလား"

"ဟုတ်ကဲ့ . . . သိပါတယ်"

"ခင်ဗျားဟာ ကားလ်မိုးဆိုသူကိုလည်း ယခင်က အချိန်အတော်ကြာကြာသိကျွမ်းခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကားလ်မိုးက သူ့ကို လက်ထပ်ဖို့ တစ်ကြိမ်က ခင်ဗျားကို ပြောခဲ့ဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"မော်ဂန်အိဗ်စ်ဟာ လော့စ်အိန်ဂျလိမြို့မှာ အဖမ်းခံခဲ့ရပြီး လူသတ်မှုနဲ့ ရုံးတင်တရားစွဲခံခဲ့ရတယ် မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် သူ လွတ်ခဲ့ပါတယ်"

"ဟုတ်ပါတယ်၊ အဲဒီအမှု စစ်ဆေးခဲ့တဲ့ ဂျူရီအဖွဲ့မှာ ကားလ်မိုးဟာ အဖွဲ့ဝင်လူကြီး တစ်ယောက်အဖြစ် ပါခဲ့တယ် မဟုတ်လား"

"ရှင် . . . ဪ . . . ဟုတ်ကဲ့၊ ပါခဲ့ပါတယ်"

"ဂျူရီအဖွဲ့မှာ ကားလ်မိုးပါနေတာ တွေ့ရတဲ့အခါ ခင်ဗျား





ဟာ ခင်ဗျားနဲ့မေတ္တာမျှနေကဲ့ မော်ဂန်အိဗ်စ်ကို ကယ်တင်ဖို့ အတွက် ကားလ်မိုးကို ချဉ်းကပ်ခဲ့တယ်၊ မော်ဂန်အိဗ်စ် အမှုက လွတ်အောင် တတ်နိုင်သမျှ လုပ်ပေးဖို့ ကားလ်မိုးကို ခင်ဗျားက တောင်းပန်ခဲ့တယ် ဟုတ်တယ် မဟုတ်လား"

အိဗလင်းက ပြန်မဖြေဘဲ တွံဆိုင်း၍ နေသည်။

မေဆင်က ဆက်မေးသည်။

"ဒါတင်မက ခင်ဗျားဟာ ကားလ်မိုးကို လာဘ်ထိုးခဲ့တယ်၊ ဒါတွေကို ငြင်းလို့မရပါဘူး၊ အားလုံး ပေါ်နေပြီးသားပါ၊ ခင်ဗျားအနေနဲ့ အမှန်အတိုင်းပြောတာ အကောင်းဆုံးပဲ"

"မဟုတ်ပါဘူး၊ ကျွန်မ မလုပ်ခဲ့ပါဘူး" ဟု သူမက ပြန်ဖြေသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ကားလ်မိုးဟာ ဂျူရီအဖွဲ့ဝင်တာဝန် ပြီးဆုံးခဲ့ပြီး မော်ဂန်အိဗ်စ် အမှုက လွတ်ပြီးတဲ့ အချိန်မှာ မစ္စတာမိုး လက်ထဲမှာ ဒေါ်လာနှစ်သောင်းငါးထောင် ရောက်နေခဲ့တယ် မဟုတ်လား၊ သူဟာ ဟဝိုင်အီကျွန်းစုဘက်ကို ခရီးထွက်ပြီး ဟိုနိုလူလူမှာ အပန်းဖြေခဲ့တယ်၊ ဒါပေမယ့် ကားလ်မိုးဟာ အတော်တလေးရိုးအတဲ့လူ ဖြစ်လေတော့ သူ့အနေနဲ့ ရုတ်တရက်ငွေတွေ အများကြီးရခဲ့တဲ့ အကြောင်းကို သိုသိုသိပ်သိပ် လုပ်ဖို့ မကြိုးစားခဲ့ဘူး၊ အလုပ်ကိုလည်း လုံးဝမသွားတော့ဘဲ နယူးဘာရီဆိုတဲ့ နာမည်ပြောင်းပြီး တစ်နေရာရာမှာ ဘဝသစ်ထူထောင်ဖို့ စီစဉ်ခဲ့တယ်"

မေဆင်က ခေတ္တနားပြီး ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် မော်ဂန်အိုင်စ်ဘက်က အမှုလိုက်ပေးခဲ့တဲ့ တရားခံရှေ့နေ မစ္စတာ ဗင်ဒင်စီဆိုရင် ဂျူရီလူကြီးကို လာဘ်ပေးမှုနဲ့ စုံစမ်းစစ်ဆေးတာ ခံနေရပြီ၊ အစိုးရရှေ့နေဘက်က အတော်ကလေး ဖိဖိစီးစီး စုံစမ်းအရေးယူနေပြီ၊ ဒီတော့ကာ ဗင်ဒင်စီအတွက်တော မော်ဂန်အိုင်စ်အတွက်ပါ ကားလ်မိုးဟာ သေရေးရှင်ရေး အရေးကြီးတဲ့ လူတစ်ယောက်ဖြစ်နေခဲ့တယ်၊ ကားလ်မိုးကို ရှာတွေ့သွားပြီး သက်သေတင်မယ်ဆိုရင် သူတို့ နှစ်ယောက်အဖို့ အကြီးအကျယ် ဒုက္ခရောက်ကြဖို့ပဲ ရှိတော့တယ်၊ ကားလ်မိုးဟာ ကားလ်နယူးဘာရီဆိုတဲ့ နာမည်ပြောင်းပြီး ဘဝသစ်ဖန်တီးနေပေမယ့်လည်း အင်မတန်ကျွမ်းကျင်တဲ့ စုံထောက်တွေနဲ့ လိုက်ပြီး ခြေရာခံမယ်ဆိုရင် တစ်နေ့နေ့ ရှာလို့တွေ့သွားမှာပဲလို့ မော်ဂန်အိုင်စ်တို့က နားလည်ထားတယ်၊ ဒါကြောင့် သူတို့က ဟိုနိုလူလူကို ခင်ဗျားသွားပြီး ကားလ်မိုးနဲ့ အစီအစဉ် လုပ်ဖို့ လွှတ်လိုက်ကြတယ်၊ ကားလ်မိုးပိုပြီး ပီပီရိရိ ပျောက်ဆုံးနေအောင် 'ဇာတ်မြှုပ်ပစ်ဖို့' စီစဉ်ခဲ့ကြတာပဲ၊ ဟိုနိုလူလူကို ခင်ဗျားသွားရတဲ့ အကြောင်း ယုတ္တိတန်အောင် မော်ဂန်အိုင်စ်နဲ့ ပျားရည်ဆမ်းခရီးသွားကြတာလို့ ခင်ဗျားရဲ့ အစ်မကို ပြောခဲ့တယ်၊ ခင်ဗျားနဲ့ လျှို့ဝှက်လက်ထပ်ထားတဲ့ မော်ဂန်အိုင်စ်ဟာ ပြည်မမှာ ရှေ့နေဗင်ဒင်စီနဲ့ တိုင်ပင်ပြီး လုပ်စရာတွေက ရှိနေသေးတယ်၊ ဒါကြောင့် ခင်ဗျားတို့ကို လိုက်ပို့တဲ့ လူတွေရှေ့မှာ နှစ်ယောက်အတူသွားတဲ့ သဘောနေပြပြီး သင်္ဘောပင်လယ်ဝမထွက်ခင်မှာ မော်ဂန်အိုင်စ်က မော်တော်တစ်စီးပေါ် ဆင်းပြီး





ပြန်လာခဲ့တယ်၊ ခင်ဗျားတစ်ယောက်တည်း ဟိုနိုလူလူကို သွားပြီး ကားလ်မိုး ကို အခြေအနေတွေ ရှင်းပြခဲ့တယ်၊ ပြီးတော့ ကားလ်မိုး လုံးဝ ပျောက်ကွယ်သွားဖို့ အစီအစဉ်တစ်ခု လုပ်ခဲ့ကြတယ်"

မေဆင်ခေတ္တနားပြီး ဆက်၍ပြောပြန်သည်။

"ဒီအစီအစဉ်ဟာ ရှေ့နေဗင်ဒင်စီရယ်၊မော်ဂန်အိုင်စ်ရယ်၊ တစ်စိတ်တစ်ပိုင်းအားဖြင့် ခင်ဗျားကိုယ်တိုင်ရယ် အင်မတန် ဂရုတစိုက်စဉ်းစားပြီး ရေးဆွဲခဲ့ကြတဲ့ အစီအစဉ်ပဲ၊ ခင်ဗျားတို့ဟာ ရော်ဂျာကတ်မင်းဆိုတဲ့ လူတစ်ယောက် မော်တော်ကားမှောက်ပြီး လည်ပင်းရိုးကျိုးခဲ့တာကို သိထားတယ်၊ ဒါကြောင့် ခင်ဗျားက ကားလ်နယူးဘာရီ နာမည်ခံ ကားလ်မိုး ပြည်မကို ပြန်မယ့် သင်္ဘောမှာ ရော်ဂျာကတ်မင်းနာမည်နဲ့ လက်မှတ်တစ်စောင် ဝယ်ခဲ့တယ်၊ ခင်ဗျားက လည်ပင်းရိုးကျိုးနေတဲ့ လူနာကတ်မင်းကို ပြုစုပြီး ပါလာတဲ့ သူနာပြုဆရာမ အဖြစ်လိုက်ပါခဲ့တယ်၊ ကတ်မင်းနေရာမှာ အကောင်အထည် ပြပြီး သရုပ်ဆောင်ဖို့ ကားလ်မိုးက ခင်ဗျားတို့ရဲ့ အခန်းကို မကြာမကြာ လျှို့ဝှက်ပြီး လာပေးခဲ့ရတယ်၊ ကားလ်မိုးကို လည်ပင်းစွပ်ကြီးနဲ့ မျက်မှန်အနက်ကြီး တပ်ပေးပြီး ဘီးတပ်ကုလားထိုင်ပေါ်တင်၊ စောင်ခြုံပေးပြီး သင်္ဘောကုန်းပတ်ပေါ် ခင်ဗျားက တွန်းထွက်ခဲ့ရတယ်၊ ခြောက်ရက်နေ့ညမှာ ခင်ဗျားတို့ဟာ ကားလ်နယူးဘာရီအမည်ခံ ကားလ်မိုး ကိုယ့်ကိုယ်ကို သေနတ်နဲ့ပစ်ပြီး ရေထဲကျသေသွားတဲ့ ဇာတ်လမ်း အကောင်အထည်ဖော်ဖို့အတွက် စီစဉ်ခဲ့ကြတယ်၊ ကားလ်မိုး ရေထဲကျသွားတာကို



www.burmeseclassic.com

www.burmeseclassic.com



မျက်မြင်သက်သေ ရှိဖို့ကလည်းလိုလေတော့ ခင်ဗျားတို့က အေလင်းဖဲလ်ကို ရွေးချယ်ခဲ့ကြတယ်၊ ဘာကြောင့်လဲ ဆိုတော့ အေလင်းဖဲလ်ဟာ ညစာစားပြီးတိုင်း ကုန်းပတ်ပေါ် လမ်းထွက်လျှောက်တဲ့ အကျင့်ရှိတာ ခင်ဗျားတို့က သိထားတယ်၊ အဲဒီညက မိုးကလည်းရွာ မုန်တိုင်းကလည်းတိုက်နေတော့ ခင်ဗျားတို့ရဲ့ အစီအစဉ် အကောင်အထည်ဖော်ဖို့ အတော်ပဲဖြစ်နေခဲ့တယ်၊ ဒါကြောင့် အစီအစဉ်အတိုင်း လုပ်ခဲ့ကြတာပဲ၊ အဲဒီအချိန်မှာ အပေါ်ကုန်းပတ်က သေနတ်သံကြားပြီး လူတစ်ယောက်ရေထဲကျသွားတာကို အောက်ကုန်းပတ်မှာ ရှိနေတဲ့ အေလင်းဖဲလ်က မြင်သွားဖို့ပဲ ခင်ဗျားတို့က မျှော်လင့်ခဲ့ကြတယ်၊ ဒါပေမယ့် အင်မတန်စပ်စုတက်တဲ့ အေလင်းဖဲလ်ဟာ အောက်ကုန်းပတ်မှာတင် မနေဘဲ အပေါ်ကို တက်ဖြစ်အောင် တက်လာခဲ့တယ်၊ အဲဒီအခါမှာ အခြေအနေအရ ကားလ်မိုးဟာ သူကိုယ်သူ သတ်သေသွားတာ မဟုတ်တော့ဘဲ မိန်းမတစ်ယောက်က သေနတ်နဲ့ပစ်ပြီး ရေထဲတွန်းချတဲ့ ဇာတ်လမ်းဖြစ်သွားပါလေရော၊ အဲဒီကိစ္စတွေပြီးသွားတဲ့အခါ ကားလ်မိုးဟာ ခင်ဗျားရဲ့ အခန်းကို သွားပြီး ရော်ဂျာကတ်မင်းအဖြစ် ဆက်ဟန်ဆောင်နေခဲ့တယ်၊ သင်္ဘောပေါ်က ဆင်းတဲ့အခါမှာလည်း ဘီးတပ် ကုလားထိုင်နဲ့ လူနာကတ်မင်းအဖြစ် ဆင်းခဲ့ပြီး ခင်ဗျားတို့က စတော့တန် လမ်းမကြီးက မော်ဂန်အိဗ်စ်ရဲ့ တိုက်ခန်းကို သူနာတင်ကားနဲ့ ခေါ်သွားခဲ့ကြတယ်၊ ကားလ်မိုး သူကိုယ်သူ သတ်သေသွားတယ်လို့ သတင်းဖြစ်အောင် ဖန်တီးခဲ့ကြတဲ့ ခင်ဗျားတို့ အစီအစဉ်မအောင်မြင်ဘဲ





အသတ်ခံခဲ့ရတယ်ဆိုတဲ့ ဇာတ်လမ်းဖြစ်သွားတာဟာ ခင်ဗျားတို့အတွက် ကံဆိုးမိုးမှောင်ကျတော့တာပဲ၊ လော့စ်ဗ် အိန်ဂျလိမြို့ကို ကျုပ်အမြန်ဆုံးသွားပြီး ကားလ်မိုးဟာ ကုန်ပစ္စည်း သန့်စင်ရေးကုမ္ပဏီက ငွေအလွဲသုံးခဲ့တာ မဟုတ်ကြောင်း အကြောင်း သက်သေထူနိုင်ခဲ့တယ်၊ အဲဒီအချိန်မှာ ရော်ဂျာကတ်မင်းကို ခြေရာခံဖို့ ကြိုးစားတာတွေရှိလာနိုင်တယ်လို့ မော်ဂန်အိဗ်စ်က တွက်ပြီး စတော့တန်တိုက်ခန်းကနေ ခင်ဗျားကို တောင်ပေါ်စခန်းမှာ သွားနေဖို့ စီစဉ်ခဲ့တယ်၊ ခင်ဗျားကို အဲဒီမှာ ပို့ထားပြီးတဲ့နောက် မော်ဂန်ဟာ စတော့တန် တိုက်ခန်းကို ပြန်လာပြီး ကားလ်မိုးကို တခြားလုံခြုံတဲ့ တစ်နေရာပို့ပေးမယ်လို့ ပြောတယ်၊ ကားလ်မိုးက ယုံယုံကြည်ကြည်နဲ့ လိုက်လာတဲ့အခါ ရွက်လှေတစ်စင်းပေါ်တင်ပြီး ပင်လယ်ဘက်ထွက်သာခဲ့တယ်၊ အရင်ညက သင်္ဘောပေါ်က ပစ်ချခဲ့တဲ့ အသက်ကယ်ဘောကွင်းတွေရှိတဲ့ နေရာကို ရောက်တဲ့အခါ မော်ဂန်က ကားလ်မိုးကို ပစ်သတ်၊ အဝတ်အစားတွေချွတ်၊ အလောင်းကို အသက်ကယ်ဘောကွင်းတစ်ခုထဲထည့်ပြီး ပင်လယ်ထဲမျှောထားခဲ့တယ်"

မေဆင်၏စကား ထိုနေရာအရောက်တွင် အီဗလင်းဝှစ်တင်းသည် သက်သေကုလားထိုင် လက်တန်းများကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ထားပြီး နှုတ်ခမ်းများကို လျှာဖြင့် သိမ်းလျက် တစ်စုံတစ်ရာ ပြန်မပြောဘဲငြိမ်၍ နေသည်။ မေဆင်က ဖြည်းဖြည်းမှန်မှန် ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ခင်ဗျား သတိရပါလိမ့်မယ်၊ ကားလ်မိုးရဲ့ အလောင်းတွေ့ပြီဆိုတာ သတင်းစာထဲပါလာတာ တွေ့ရတော့ ခင်ဗျားလည်း တွက်မိမှာပဲပေါ့၊ ဒီမယ် မစ္စဝှစ်တင်း၊ ခင်ဗျားမေတ္တာမျှနေတဲ့ လူတစ်ယောက်ကို အကာအကွယ်ပေးဖို့ အတွက် ဂျူရီလူကြီးကို လာဘ်ပေးခဲ့တာက တစ်ချက်၊ အဲဒါနဲ့ ဆက်စပ်ပြီး အခုဆိုရင် လူသတ်မှုတစ်ခုဖြစ်လာခဲ့ပြီ၊ ဒီတော့ ခင်ဗျားအနေနဲ့ အမှန်တွေကို ထုတ်ပြောဖို့ အချိန်တန်ပြီလို့ ကျုပ်ယူဆတယ်"

အီဗလင်းသည် ကုလားထိုင်မှ တစ်ဝက်ထလိုက်ပြီးနောက် သူ့ကိုယ်သူ မဟန်နိုင်ဘဲ ပြန်ထိုင်ချလိုက်သည်။ ထို့နောက် သူမခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြပြီးနောက် တရားသူကြီး ရှမ်လီအား မော်ကြည့်ကာ ပြောပြတော့သည်။

"အကျိုးဆောင်ကြီး ပြောသွားတာတွေ မှန်ပါတယ်ရှင်၊ လော့စ်အိန်ဂျယ်လိမြို့မှာ မော်ဂန်ကို လူသတ်မှုတစ်ခုနဲ့ ရုံးတင်ခံရတုန်းက သူ့မှာ အပြစ်လုံးဝ မရှိဘူးလို့ ကျွန်မယုံကြည်ခဲ့တယ်၊ ဒါကြောင့်လည်း မော်ဂန်လွတ်ဖို့အတွက် နည်းလမ်းမျိုးစုံ သုံးပြီး ကျွန်မ ကြိုးစားမိခဲ့ပါတယ်၊ မော်ဂန်ရဲ့ ရှေ့နေ မစ္စတာဗင်ဒင်စီက တကယ်လို့ မော်ဂန်သာအပြစ်ကျသွားရင် မော်ဂန်ရဲ့ လုပ်ငန်း မိတ်ဖက်တွေ ကိုပါ အစိုးရက ဆက်ပြီးအရေးယူနိုင်တယ်လို့ ပြောပါတယ်၊ အဲဒီလူတွေကလည်း မော်ဂန်လွတ်ဖို့အတွက် ငွေကြေးကိစ္စ အားလုံး တာဝန် ယူလိမ့်မယ်လို့ ပြောပါတယ်၊ ဒါကြောင့် ကျွန်မနဲ့





အတော်ကလေး အကျွမ်းဝင်ခဲ့တဲ့ ကားလ်မိုးကို မော်ဂန်မှာ အပြစ်လုံးဝမရှိတဲ့အကြောင်း ကျွန်မက သူယုံကြည်အောင် ပြောပြပြီး မော်ဂန်လွတ်အောင် ကူညီခိုင်းခဲ့ပါတယ်၊ ကားလ်မိုးကလည်း ဂျူရီတစ်ဖွဲ့လုံးက မော်ဂန်အပြစ်မရှိတဲ့ အကြောင်း လက်ခံလာအောင် နားသွင်းနိုင်ခဲ့ ပါတယ်၊ ဒါကြောင့် မော်ဂန်လွတ်သွားတဲ့အခါ ကားလ်မိုးကို မော်ဂန်ရဲ့ အဖွဲ့တွေဆီက ငွေနှစ်သောင်းငါးထောင် ယူပြီး ကျွန်မက ပေးလိုက်ပါတယ်"

မေဆင်က ဝင်၍မေးသည်။

"ဒါထက် ခုနစ်ရက်နေ့က ခါတ်ပုံဘောင်တစ်ခု ခင်ဗျား ဝယ်ခဲ့တယ် မဟုတ်လား မစ္စဝှစ်တင်း"

"ဟုတ်ကဲ့၊ ကားလ်မိုးအတွက် ဝယ်ပေးခဲ့တာပါ၊ တကယ်က ကားလ်မိုးဟာ သူ့မယားပါသမီးကလေးဘဲလ်ကို အင်မတန် သံယောဇဉ်ကြီးတဲ့လူပါ၊ မော်ဂန် လူသတ်မှုက လွတ်ခဲ့တဲ့ ကိစ္စ ပြန်ဖော်ပြီး သူ့ကို သက်သေတစ်ယောက်အနေနဲ့ မခေါ်နိုင်တော့အောင် သူ့ကိုယ်သူ သတ်သေသွားသလို လုပ်ခဲ့ပြီးရင် သူ့အနေနဲ့ လုံးဝ ခြေရာဖျောက်နေရတော့မယ်၊ ဘဲလ်ကိုလည်း နှစ်ပေါင်းများစွာ ပြန်မတွေ့နိုင်တော့ဘူးဆိုတာ သူသိတယ်။ ဒါကြောင့် ဘဲလ်ရဲ့ ဓာတ်ပုံကလေးကို တစ်ပါတည်း ယူသွားချင်တယ်၊ ဒါပေမယ့် သူ့ မိန်းမက မသင်္ကာဖြစ်မှာစိုးလို့ တိတ်တိတ် ယူခဲ့တယ်၊ သေတ္တာထဲက ဘဲလ်ရဲ့ဓာတ်ပုံကိုယူပြီး ရုပ်ရှင်မင်းသမီး ဝင်နီရဲ့ ဓာတ်ပုံနဲ့ အစားထိုးခဲ့တာ ကားလ်မိုးကိုယ်တိုင်ပါပဲ၊ ဒါပေမယ့် အဲသလို ဓာတ်ပုံချင်း



www.burmeseclassic.com

www.burmeseclassic.com



လဲပြီးလို့ မကြာခင်မှာပဲ မစ္စက်မိုးက သိသွားပြီး သူ့သမီးဓာတ်ပုံ ပျောက်ရတဲ့ အပေါ် သက်ဝမကင်းဖြစ်ခဲ့တယ်"

"ခြောက်ရက်နေ့ညက သင်္ဘောကက်ပတိန်ရဲ့ ညစာစားပွဲ အပြီးမှာ ကားလ်မိုးဆီကို စာတိုကလေး ပို့ခဲ့တာလည်း ခင်ဗျားပဲ မဟုတ်လား" ဟု မေဆင်က ဆက်မေးသည်။

"ဟုတ်ပါတယ်၊ အဲဒီညမှာ ကျွန်မတို့ရဲ့ အစီအစဉ်ကို အကောင်အထည်ဖော်ဖို့ ပြင်ဆင်ထားပြီးပါပြီ၊ ကားလ်မိုးသူ့ကိုယ်သူ သတ်သေသွားသလို သရုပ်ဖော်ဖို့ ရေထဲ ပစ်ချရမယ့် အရုပ် တစ်ခုကိုလည်း အသင့်လုပ်ထားပါတယ်၊ အဲဒီအရုပ်ကို ဆေးရုံခန်းထဲ မှာ ကျွန်မထားပါတယ်၊ ခြောက်ရက်နေ့ ညမှာ အေလင်းဖဲလ် ကုန်းပတ်ပေါ် ထွက်လာချိန်ကို ကျွန်မစောင့်နေခဲ့ပါတယ်။ သူထွက် လာတဲ့ အချိန်မှာပဲ ကားလ်ဆီကို စာတိုလေးပို့ပြီး ကျွန်မခေါ်လိုက် ပါတယ်၊ ကျွန်မတို့ အစီအစဉ်က ကုန်းပတ်ပေါ်က ကားလ်ထွက် လာပြီးရင် ဆေးရုံခန်းထဲက အရုပ်ကို ယူထုတ်မယ်၊ အေလင်းဖဲလ် သတိပြုမိအောင် သေနတ်သံပေးမယ်၊ ပြီးရင် အရုပ်ကြီးကို ရေထဲ တွန်းချပြီး ကားလ်မိုးရဲ့ သေနတ်ကို ကုန်းပတ်ပေါ်မှာ ချထားခဲ့မယ်၊ ကားလ်မိုးက ကျွန်မနဲ့အတူ အခန်းထဲကို လိုက်လာပြီး လည်ပင်းစွပ် ခေါင်းစွပ်စွပ်ပြီး ရော်ဂျာကတ်မင်းအနေနဲ့ ဆက်နေသွားမယ်၊ အဲဒါ ကျွန်မတို့ အစီအစဉ်ပါပဲ"

"ခင်ဗျားရဲ့ ဝတ်စုံက အဝတ်စ တစ်စဟာ ဘယ်လိုနည်းနဲ့ သင်္ဘောကြိုးချည်တဲ့ ငုတ်တစ်ခုမှာ ငြိနေခဲ့ရတာလဲ"ဟု မေဆင်က ဆက်မေးသည်။





"ဒါကတော့ ဒီလိုပါ။ ကုန်းပတ်ပေါ်ကနေ ကျွန်မအခန်းကို ပြန်ရောက်တဲ့အခါ ရေစိုနေတဲ့ ကျွန်မရဲ့အဝတ်အစားတွေကို လဲပြီး အမှိုက်ပစ်တဲ့ အပေါက်ကနေ အပြင်ကို လွှင့်ပစ်ခဲ့တယ်၊ အဲဒီအချိန် မှာ သင်္ဘောက လှူးနေပြီး လေလည်း အရမ်းတိုက်နေပါတယ်၊ ကျွန်မလွှင့်ပစ်ချိန်မှာ အဝတ်စတစ်ခု ငြိပြီး စုတ်ပြဲသွားပါတယ်၊ အဲဒီ အဝတ်ဟာ လေထဲလွင့်သွားပြီး ငုတ်တစ်ခုပေါ်မှာ သွားငြိနေတာ ဖြစ်ပါလိမ့်မယ်"

အီဗလင်းက ခေတ္တနားပြီးနောက် ဆက်ပြောသည်။

"အေလင်းဖဲလ်ဟာ သင်္ဘောကုန်းပတ်ပေါ်မှာ လူရုပ်အတု ကို ကျွန်မတရွတ်တိုက်ဆွဲသွားတုန်း မြင်သွားပါတယ်၊ ရှေ့နေကြီးရဲ့ အတွင်းရေးမှူး ဒယ်လာစထရိကလည်း အဲဒီအချိန်မှာ အောက်ကုန်း ပတ်ပေါ်က ကြည့်နေလေတော့ လူရုပ်အတုကို ကျွန်မတွန်းချလိုက် တာရယ်၊ ဒုတိယအကြိမ် သေနတ်နဲ့ပစ်တာရယ်ကို မြင်သွားပုံ ရပါတယ်၊ ကားလ်မိုးက အဲဒီအချိန်မှာ ဆေးရုံခန်းထဲဝင်နေပါတယ်၊ ဒယ်လာစထရိဟာ ချက်ချင်းပဲပြေးသွားပြီး လူတစ်ယောက်ရေထဲ ကျသွားတဲ့အကြောင်း သတင်းပို့တယ်လို့ ကျွန်မသိလိုက်ပါတယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ သူက အပေါ်ကို မော့ကြည့်နေရတာဆို တော့ ကျွန်မကို လူလုံးသဲကွဲမှာမဟုတ်ပါဘူး၊ ကျွန်မကတော့ ငုံ့ကြည့်ရတာမို့ ဒယ်လာစထရိမှန်း သိလိုက်ပါတယ်"

အီဗလင်းက သက်ပြင်းတစ်ချက်ချပြီးနောက် ဆက်ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အပေါ်မှာတော့ နားလည်စေချင်ပါတယ်ရှင် ကျွန်မဟာ အရင်အမှုတုန်းက မော်ဂန်မှာ တကယ်ပဲ အပြစ်မရှိဘူး လို့ ယုံကြည်ပြီး ကူညီခဲ့တာပါ။ ဒီနေ့မနက် သတင်းစာတွေထဲမှ ကားလ်မိုးရဲ့အလောင်း တွေ့ပြီဆိုတဲ့ သတင်းဖတ်လိုက်ရတော့ မော်ဂန်ဟာ ကျွန်မကို ဘာကြောင့် တောင်ပေါ်အိမ်ကလေးကို ပို့ထား ခဲ့တယ်ဆိုတာ တွေးမိပါတော့တယ်၊ မော်ဂန်ဟာ ကျွန်မကို အဲဒီမှ ထားခဲ့ပြီး စတော့တန်လမ်းက သူ့တိုက်ခန်းကိုပြန်၊ ကားလ်မိုးကို လှည့်ဖျားခေါ်သွားပြီး သတ်ပစ်ခဲ့တာပါပဲ၊ ကားလ်မိုးကို အပျောက် ရှင်းလိုက်တဲ့အတွက် သူ့အမှုဟောင်း ပြန်ပေါ်မှာကိုလည်း လုံး ပိတ်ပြီး ဖြစ်သွားမယ်၊ ကားလ်မိုးသတ်မှုအတွက်လည်း မစွက်ဖ အမှုပတ်မယ်၊ အဲသလို အပိုင်တွက်ပြီး သူလုပ်ခဲ့တာပါ၊ ဟုတ်တ မဟုတ်လားရှင် မစ္စတာမေဆာင်၊ ကျွန်မကိုပြောစမ်းပါ ဟုတ်တ မဟုတ်လား၊ ကားလ်မိုးကို မော်ဂန်ပဲသတ်လိုက်တာ မဟုတ်လာ

"ဟုတ်ပါတယ်ဗျာ၊ မော်ဂန် အင်မတန် အကွက်မိမိလု ပေမယ့် တစ်ကွက်တော့ဟာသွားတယ်၊ အဲဒါကတော့ ကားလ်မိုး အလောင်းမှာ ဘွတ်ဖိနပ်ကြီးကို မချွတ်ဘဲ ချန်ထားခဲ့မိတာ တကယ်က ကားလ်မိုးဟာ သဘော်ပေါ်က ကျသွားခဲ့တယ်ပဲထာ ဦး၊ အဲဒီအချိန်မှာ သူဟာ ညစာစားပွဲတက်တဲ့ ဝတ်စုံအပြ ဝတ်ထားတယ်၊ ဘွတ်ဖိနပ်ကြီး စီးထားခဲ့တာ လုံးဝမဖြစ်နိုင် အကောင်းစား ရှူးဖိနပ်ပဲ စီးထားရမယ်၊ ဒီတော့ကာ ကားလ်မိုး အလောင်းဟာ ဘွတ်ဖိနပ်ကြီး စီးထားတယ်လို့ သိသိချင်း





အနေနဲ့ မသင်္ကာတော့ဘူး၊ ဒါတင်မက အလောင်းထဲကတွေ့ရတဲ့ ကျည်ဆန်ဟာ သင်္ဘောကုန်းပတ်ပေါ်မှာ တွေ့ရတဲ့ ကားလ်မိုးရဲ့ သေနတ်က ပစ်ခဲ့တာမဟုတ်ဘဲ အခြားသေနတ်တစ်လက်နဲ့ ပစ်ခဲ့ တာလို့ သိရပြန်တော့ ကျုပ် မသင်္ကာတာ ပိုပြီးခိုင်လုံသွားတယ်၊ ဒါပေမယ့် ဒီအမှုမှာကျုပ်အနေနဲ့လည်း ကိုယ့်ကိုယ်ကို အပြစ်တင်စရာ တွေ ရှိနေခဲ့ပါတယ်၊ တကယ်ဆိုရင် အမှုစစချင်း သဲလွန်စဖြစ်တဲ့ ဘဲလ်နယူးဘာရီရဲ့ ခါတ်ပုံပျောက်ခဲ့ရတာနဲ့ ပတ်သတ်ပြီး ကျုပ်လည်း စိတ်ကူးချော်သွားတာ ရှိခဲ့တယ်၊ အမှန်က ပျောက်သွားတဲ့ ခါတ်ပုံ ထည့်ထားတဲ့ အဝတ်သေတ္တာရဲ့သော့ဟာ ကားလ်မိုးတစ်ယောက် တည်းဆီမှာပဲ ရှိတယ်၊ သော့အိမ်မှာလည်း တခြားပစ္စည်းတစ်ခုခုနဲ့ ဖွင့်ခဲ့ပုံရတဲ့ အထောက်အထားလုံးဝမရှိဘူး၊ အင်းလေ ဘာပဲဖြစ်ဖြစ် အတော်ကလေး ထူးထူးဆန်းဆန်း အလှည့်အပတ်တွေများခဲ့တဲ့ အတွက် ကျုပ်အနေနဲ့ ကားလ်မိုးရဲ့ အသက်ကိုမကယ်နိုင်ခဲ့တာ တော့ အင်မတန်ဝမ်းနည်းစရာပဲ"

မေဆင်က ပြောဆိုပြီးနောက် တရားသူကြီး ရှမ်းလီအား တစ်ဆက်တည်း ပန်ကြားလိုက်သည်။

"ရုံးတော်က ခွင့်ပြုမယ်ဆိုရင် တရားခွင်ကို ရပ်နားပေး ဖို့ အကြံပေးပါရစေ"

* * *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဟိုတယ်ရှိ မေဆင်၏ သီးသန့်ခန်းတွင် မေဆင်၊ ဒယ်လာစထရိ၊ ပေါလ်ဒရိတ်၊ မစ္စက်မိုး၊ ဘဲလ်နယူးဘာရီနှင့် ရှိုင်းဟန်းဂါးဖို့တို့ ဝိုင်းဖွဲ့ထိုင်၍ ရှန်ပိန်သောက်ရင်း အမှုအကြောင်း စားမြုံ့ပြန်နေကြစဉ် မေဆင်က ခေါင်းခါလိုက်ပြီးပြောသည်။

"ကျွန်တော့်အနေနဲ့ စောစောကတည်းက မစဉ်းစားမိခဲ့တာတွေအတွက် အတော်ရှက်စရာ ဖြစ်နေတော့မှာပဲ၊ မာရီယန်ဝှစ်တင်းက သူညီမဟာ ကားလ်မိုးကို လော့စ်အိန်ဂျလိမြို့မှာ တွေ့ခဲ့တယ်လို့ ကျွန်တော်တို့ကို ပြောတယ်၊ အီဗလင်းဝှစ်တင်းက ကားလ်မိုးကို သင်္ဘောပေါ်မှာ ပြန်တွေ့တဲ့ အချိန်မတိုင်ခင် နှစ်ချီပြီး မတွေ့ခဲ့ရဘူးလို့ပြောတယ်၊ တစ်ခါ သင်္ဘောကုန်းပတ်ပေါ်မှာ ဆုံကြတော့





ကားလ်မိုးက သူ့ကိုယ်သူ သတ်သေတော့မယ်လို့ ပြောတယ်လို့ အီဗလင်းက ပြောတယ်၊ ဒယ်လာစထရိက ကားလ်မိုးကို အီဗလင်းရဲ့ အခန်းထဲကထွက်လာတာ တွေ့တယ်လို့ ပြောခဲ့တယ်၊ မစ္စက်မိုးကိုယ်တိုင်ကလည်း အီဗလင်းဝှစ်တင်းနဲ့ သူ့လူနာရော်ဂျာကတ်မင်းတို့ ကုန်းပတ်ပေါ်ထွက်တဲ့ အချိန်တိုင်း သူ့ယောကျ်ား ပျောက်ပျောက်နေတယ်လို့ ကျွန်တော့်ကို ပြောတယ်၊ ဘဲလ်နယူးဘာရီကလည်း သူ ပထွေးဟာ လော့စ်အိန်ဂျလိမှာ ရွှေနေဗင်ဒင်စီလိုက်တဲ့ အမှုတစ်ခု ဂျူရီအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့ဖူးတယ်လို့ ကျွန်တော့်ကို ပြောတယ်၊ အဲဒီအမှုမှာ တရားခံလွတ်သွားအောင် ကျန်တဲ့ ဂျူရီအဖွဲ့ဝင်တွေကိုပါ မစ္စတာနယူးဘာရီခေါ် ကားလ်မိုးက သိမ်းသွင်းနိုင်ခဲ့တယ်လို့ လဲပြောဖူးတယ်၊ အဲဒီအမှုဖြစ်ခဲ့တာ နှစ်လသုံးလလောက်ကြာပြီ၊ အဲဒီအချိန်လောက်မှာပဲ ကားလ်မိုးရုတ်တရက် ငွေကြေးရွှင်လာခဲ့တယ်လို့လည်း ဘဲလ်က ပြောခဲ့တယ်၊ အဲဒါတွေထက်ပိုပြီး ထင်ရှားတဲ့ အချက်တစ်ခုက မောဂန်အိပ်စ်ဆိုတဲ့ငနဲက ဒီအမှုမှာ ကျွန်တော့် အမှုသည်အတွက် ဒုက္ခရောက်သွားစေနိုင်တဲ့ အံ့အားသင့်စရာ သက်သေတစ်ယောက်ရှိတယ်လို့ သတိပေးခဲ့တယ်လေ၊ ဒါနဲ့တောင် ဒယ်လာကို အရေးကြီးတဲ့ သက်သေတစ်ယောက်ဖြစ်နေကြောင်း သိရတဲ့အထိ ကျွန်တော့်အနေနဲ့ အခြေအနေကို မရိပ်မိသေးဘူး"

မေဆင်က ခေတ္တနားပြီးနောက် ဆက်ပြောသည်။

"ကားလ်မိုးဟာ တကယ်ကတော့ အီဗလင်းကို ယုံကြည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မော်ဂန်လွတ်အောင် ကူညီခဲ့တာပါပဲ၊ လော့စ်အိန်ဂျလိ လူသတ်မှုမှာ မော်ဝန် တကယ်အပြစ်မရှိပါဘူးလို့ အီဝလင်းကပြောတာကို သူယုံကြည်လို့ ကူညီခဲ့တာပဲ၊ အဲဒီအတွက် အတော်များတဲ့ ငွေကြေးကို ရလာတဲ့အခါ ကားလ်မိုးဟာ သူ့အင်မတန် သံယောဇဉ်ကြီးတဲ့ သမီးကလေး ဘဲလ်အတွက် အခွင့်ကောင်းပဲလို့ ယူဆပြီး လက်ခံခဲ့တယ်၊ ဘဲလ်ကို အင်မတန်ချစ်လို့ ကောင်းစားစေချင်လွန်းလို့ လုပ်ခဲ့တာပါပဲ"

"ဖေဖေ့ကို ကျွန်မကလည်း အင်မတန် ချစ်ပါတယ်ရှင်"

ဘဲလ်က မျက်လုံးအိမ်တွင် မျက်ရည်များပြည့်လျက်က ပြောလိုက်သည်၊ မစ္စက်မိုးက ဘဲလ်၏ မျက်လုံးများကို ရှောင်လွှဲလျက် . . .

"ကျွန်မကလည်း သူ့ကို ချစ်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မဟာ ကားလ်ရဲ့ စရိုက်ကို အမှန်အတိုင်း နားမလည်မိခဲ့ပါဘူး၊ ကုမ္ပဏီငွေတွေကို သူ အလွဲသုံးခဲ့တယ်လို့ ကျွန်မ အလွယ်တကူ ထင်ခဲ့မိပါတယ်၊ အဲသလိုဘာ့ကြောင့် ကျွန်မထင်မိခဲ့သလဲဆိုတော့ ရှင်းမပြတတ်ဘူး၊ ကားလ်မိုးဟာ ဘဲလ်ကို အင်မတန်ချစ်လေတော့ သမီးလေးအတွက် ကောင်းစားမယ်ထင်ရင် ဘာမဆို သူလုပ်မှာပဲလို့ ကျွန်မ တွေးမိတာပါပဲ"ဟု ပြောဆိုသည်။

မေဆင်က ထိုင်ရာမှ ထလိုက်ပြီး . . .

"ကိုင်း . . . စကားပြောလို့ကောင်းပေမယ့် ဒယ်လာနဲ့ ကျွန်တော်ကတော့ သွားကြရဦးမယ်၊ လွန်ခဲ့တဲ့ တစ်နာရီလောက်





ကပဲ ကျွန်တော့်ရဲ့ လော့စ်အိန်ဂျလိရုံးက တယ်လီဖုန်းဆက်ထားတယ်၊ အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ အမှုသည်တစ်ယောက်က ကျွန်တော့်ကို စောင့်နေပါလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်တို့ စင်းလုံးငှား လေယာဉ်ပျံနဲ့ အခုပဲပြန်ကြရမယ်၊ ဘယ့်နှယ့်လဲ ဒယ်လာ၊ အားလုံးအသင့်ဖြစ်ပြီလား။

ဒယ်လာက ခေါင်းညိတ်ပြသည်။

ဟန်ဂါးဖို့က . .

"တစ်ဆိတ်လောက်ခင်ဗျာ၊ ခဏကလေးပါ၊ ကျွန်တော် ကြေညာစရာတစ်ခုရှိပါတယ်၊ လောလောဆယ် ဝမ်းနည်းစရာ ကိစ္စတွေကလည်း ဖြစ်ထားတော့ အတော်ကလေး ကြာတဲ့အထိ လူသိရှင်ကြား ကြေညာနိုင်ဦးမှာ မဟုတ်ပေမယ့် . . ."

ဒယ်လာက သူမ၏ ဖန်ခွက်ကို မြှောက်လိုက်ပြီး . . .

"ကျန်တာကို ဆက်ပြောစရာမလိုတော့ပါဘူး ရှင်၊ ရှင်တို့နှစ်ယောက်အတွက် ကျွန်မတို့ ဝမ်းမြောက်ဝမ်းသာ ဆုမွန်ကောင်းတောင်းပါတယ်" ဟု ပြုံးရယ်လျက် ပြောလိုက်လေသတည်း

ပြီးပါပြီ။

အားလ်၊ စတင်လေ၊ ဂဒ္ဒနာ

မောင်ဝံသ
မြန်မာပြန်သူ
(၄-၈-၈၂)



www.burmeseclassic.com